www.burmeseclassic.com



www.burmeseclassic.com

03 NOV 2014

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

















လောကီပညာရသစုံမဂ္ဂဇင်း

F.1A. January, 2015.



www.burmeseclassic.com

www.burmeseclassic.com

# နတ္တက္ခရောင်ခြည်


နာယကကြီး
ဒေါက်တာ အောင်နိုင်
M.B.B.S (Ygn)
ဒ-ဘ-ဓ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ
ကိုကိုမောင်

စာတည်းချုပ်
ဦးကျော်မိုးသိန်း
တာဝန်ခံစာတည်း
မွေ့အေဝ
နယ်လှည့်အယ်ဒီတာ
အောင်ဇေ(LL.B)၊ ကိုစိုးဆန်း၊
သန်းထွန်း(ဘားအံ)
ပါဠိ အယ်ဒီတာ
* ဦးစံတင်
(စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)
* ဦးသန်းအောင်ရွှေ
[ဓမ္မာစရိယ (မဟာဝဏ္ဏိဒ်ဖြန်မာဂုဏ်ထူး) ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ (နိကာယဝိပုလ)]
ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar),H.G.P,R.L(Advocate)
ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်
မျက်နှာဖုံးပန်းချီ
မြတ်မင်းယာန်
ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ
ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း
အတွင်းဖလင်
ပါရမီ




ဂူသိမ်းတော်ကြီးကို
ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်မရဘဲ
ဘုရားမှ ချွေးသီးချွေးပေါက်များထွက်လာသည်ကို...

◄ စာ-၉၁


ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(၀၄၄၇၂)၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၀၉၊ ၂၉ လမ်း ရန်ကုန်မြို့၊
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးကျော်မင်းစိုး(၀၇၃၄၆) စိုးမေတ္တာပုံနှိပ်တိုက်
အမှတ် ၁၇/က ၅၆-လမ်း ၂-ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ဘယား ဖြန့်ချိရေး
မီးလုံးနှာစာပေ (တောင်ကြီး)
ဂင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ် ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း ရန်ကုန်မြို့၊
ဖုန်း- ၀၁ ၂၄၂၂၀၄


ကြော်ငြာဌာနမှူး – ကိုတင်မောင်ရွှေး
မင်္ဂလာ ဒီးပွားရေး ကြော်ငြာလုပ်ငန်း


၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ
အမှတ် ၃၄၂
အုပ်ရေ
၁၀၀၀
ဖုန်း-၀၁ ၂၄၂၂၀၄



F.1B.January, 2015.

www.burmeseclassic.com



ပိတုန်းမှုတီးကို
ပိတုန်းဆိုင်းဖုန်းဘုရားကြီးရှိရာ ရွှေကိုင်းဘုရားသို့
အငမ်းမရသွားကြမှ... ☛ စာ-၆၅

အာလူးကျောက်နှင်းရောဂါကင်း
အာလူးကျောက်ကျောက်တရားပေါက်
ဟုဆိုကြရာ... ☛ စာ-၁၃၀



## ဈေးအုံခြင်းရောင်ခြည်


ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်
ဗျူဟာအတိုင်းရင်းဆေးကုခန်း ဆရာဦးနီတွတ်
(တအ-၀၄၈၃၉)၏ အနာပဆုပ်ရောဂါ သိကောင်းစရာ
များနှင့်ကာကွယ်စောင့်ရှောက်နည်း
[မြောင်းမြ မောင်ယဉ်တင့်] ၂၀၁


## ပညာပေးရောင်ခြည်


တရုတ်ကြီးထုံးပညာ (၉၇) [ဟုဂျင်းဇီ] ၁၅၄
လူတိုင်းအတွက် တရုတ်ရိုးရာအိပ်မက်ရှင်းတမ်း(၈၇)
[ထက်မင်းကျော်စွာ] ၁၆၃
သတ်ေတာများ၏ ဘာသာစကား (၄၂) ၁၉၆


## လက္ခဏာရောင်ခြည်


လက္ခဏာပဟေဠိ အဖြေညီကြစို့
[ဆရာကြီး၊ ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၀၂
ပညာရေးနှင့် သက်ဆိုင်သော သင်္ကေတများ ၁၅၆
တစ်ချက်ကောင်းယောကွက် [ဦးသော်ခင်-ဟသ်ာတ] ၁၈၃
သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၁၈၅
လက္ခဏာကပြောသော ဘ၀ကံကြမ္မာအခြေအနေ ၂၂၈


## လမ်းညွှန်ရောင်ခြည်


စလေမြို့ အရှေ့ဖျားမှ ဆုတောင်းပြည့်
အာရောဂျမုနိ မြတ်စွာဘုရား (၁) [စံထွန်းသာ] ၉
သံလွင်မြစ်ကမ်း အရှေ့ခြမ်း သုဝဏ္ဏသျှမ်တောင်တန်းက
မဟာဗောဓိမြိုင်ဆရာတော်ကြီး တရားထူးရှာမှီးရာ နေရာ
မြတ်မဟာသို့ ပူဇော်မှုခရီး(၁) [အာကာသ-သာစည်] ၃၃
ထိပ်စွန်းခရီးစဉ်နှင့် မေဓါဖိုင်(၁) [အရပ်သံ ဆရာသိန်း] ၁၁၃
ခမောက်တောင် နောက်ဘက်အငူက
သာသနာ့လိုက်ဂူတောင်သို့ (၁) [စောသိင်းလ] ၁၂၉


## အထူးကမ္ဘာရောင်ခြည်


ရှုံလေးခုံ ကျောင်းတော်ရာ စေတီလေးဆူ
ပူဇော်မှုခရီးစဉ်(၂) [ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၄၉
ရွှေတောင်နယ်မှ ရဟန္တာ(၈၀)သိမ်များ
လေ့လာပူဇော်မှုခရီး(၂) ၆၇
သိဒ္ဓိဝင် ပိတုန်းအဆောင်လေးဖြစ်စေဖို့
ပိတုန်း၊ ဝပိုင်း မုနီ ဖူးကြစို့(၃) [ခင်ခင်ဝင်း-မောရဝတီ] ၆၈
ဗိသနိုးမယ်တော်စံမြန်းရာ
မဟာမြိုင်တောရသာစခန်းဆီသို့ [ကလေး ဝင်းသူ] ၈၁
ဗောဓိတထောင် သာသနာမြေနှင့် ဗောဓိတထောင်
ဆရာတော် ဦးနာရဒ၏ ဘဝပုံရိပ်များ(၇) [စံထွန်းသာ] ၉၇
ရသေ့ကြီးဦးခန္တီ ကျင့်စဉ်ပေါက်မြောက်ရာ ရမည်းသင်း
ရွှေမြင်တင်တောင် လေ့လာကြည်ညိုမှုခရီးစဉ်(၁)
[ခွန်စိုင်းသိမ်း] ၁၄၅




www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်တွေ့ရောင်ခြည်

သူ့အရပ် သူ့ဒေသနှင့် သူ့ဓလေ့ဆန်းများ
[ထီးချိုင့်နတ်အင်းကြီးဒေသ ဓလေ့ထုံးတမ်းစဉ်လာများ]
[နေအောင်လင်း–စလေ] ၂၃၅
ဝစီပိတ်ဆရာတော်ကြီးနှင့် လူသတ်သမားနိဂုံး
[ဦးစိန်–တိုးချောင်ကြီး] ၂၄၁
သတိနှင့် အတူ(၁) [မောင်အေးကြူ–စီးပွားရေး] ၃၀၁

## အစီအရင်ရောင်ခြည်

မဟာဘုတ်ချိန်ခွင်နှင့် လွယ်ကောင်းယတြာ
[သောကြာသားသမီးများအတွက်] [သန်းပညာ] ၁၀၃
အလုပ်ရစေ အဆင်ပြေ [ကောင်းသုခ] ၁၇၃
နှစ်ကိုးပ်ရှစ်ဆူ ဘုရားအလှူ ပူဇော်ယတြာပြုကြပါ
[အုံကြွယ်] ၂၀၉
လမ်းတောက်နေသူများအတွက် လမ်းဖြောင့်ပေးသော
ယတြာနည်း [ဗိုလ်မင်း–မင်းလှ] ၂၁၇
ပရိတ်ရေစင်နှင့် ပျားစွဲခြံတောင်ပို့
ပြောင်းရွှေ့စေသောနည်း [ကိုသက်ရှည်] ၂၄၈

## ကျင့်စဉ်ရောင်ခြည်

ကိုယ်ပိုင်ကားလေးစီးရအောင်
[မောင်အေးကြူ–စီးပွားရေး] ၇၈
ဖြိုဟ်စောင့်နတ်မင်းကြီးများထံ အကူအညီတောင်းခံနည်း
[အောင်နန္ဒစံ–ကျိုက်လတ်] ၁၅၀
မဟာဘုတ်ချိန်ခွင်နှင့် ယတြာကျင့်စဉ်ထူးများ
[ဝ,ကြွင်း မဟာဘုတ်ပိုင်ရှင်များအတွက်]
[ဦးခင်မောင်နိုင်] ၁၅၃
ပုတီးကျင့်စဉ်နှင့် ဗေဒင်ပညာ [တက္ကသိုလ် အပန်ငယ်] ၁၇၈
ငွေဝင်လာဘ်ရွှင် ကံဆယ်ဝမ္ဘီရကျင့်စဉ်
[ကဝိသိရောမဏိ] ၂၃၃

## အဂ္ဂိရတ်ရောင်ခြည်

ဂဠုန်နဂါး နိုင်ရာစားလော့
[ကြည်စိုး–မနောမယိဒ္ဓိ၊ ရောမြေ] ၁၆၁
အနိုင်တိုအတွင်း မီးထိုးခံပြဒါးဖမ်းနည်း
[အောင်ကိုမြင့်–တမ္ဗဝတီ] ၁၇၅
အဂ္ဂိရတ်ပညာနှင့် ကျွန်တော့်ဘဝအတွေ့အကြုံများ
[အောင်သန့်–ပုသိမ်ကြီး] ၁၈၈
ကွမ်းအစ်ထဲက ဆေးနစ်ပါး ပြဒါးမိအောင်ဖမ်း(၃)
[ရွှေတောင်၊ ခင်မောင်ကြည်] ၂၂၀



(၃) နှစ်တာ ကာလတိုင်အောင်
ဆွမ်းဘောဇဉ်ကို မသုံးဆောင်ဘဲ
သစ်ရွက်မျှသာ သုံးဆောင်၍ ... ← စာ–၂၅

သာစည်ရွှေယင်မျှော်သစိုင်းနှင့် သက်စပ်ကာ
ကြီးမားသော ယင်တောင်ကြီး
ကိုယ်တင်ပြရာအောင်ဖြစ်သည်... ← စာ–၁၄၉





www.burmeseclassic.com

www.burmeseclassic.com



ရောဝတီတိုင်းဒေသကြီး၏ တောင်ဘက်အစွန်
ဆုံးဖြစ်သော ထိပ်စွန်းခရိုးဧဦမှ
ပေတာအိုင် ဖြူစေတီကလပ်ဘုရားကို… စာ-၁၁၃

မိသနိုးမယ်တော်ပုံအား ထုလုပ်ပူဇော်ရန်
အစိဋ္ဌာန်ပြုရာမှ ကြည်ညိုမှန်၍
အထိုလိုပေါ်လာသော ပုံတော်ဖြစ်သည်… စာ-၈၄




## ✱ ဂါထာမန္တန်ရောင်ခြည် ✱

စီးပွားလာဘ်လာဘ တိုးပွားစေသောဂါထာ
[ငြိမ်းသော်တာ] ၃၈

ဖွံ့ဖြိုးတွေ့လှ လိုတရဂါထာတော်
[စောထွီးသျှင်-မြောက်ဦး] ၂၀၃

ဖုဋ္ဌသဂါထာ စွမ်းရည်ထူးတစ်မျိုး
[ဘုမ္မဝတီ ကိုကိုလေး] ၂၆၄

## ✱ ဆေးမှုညီးတိုရောင်ခြည် ✱

ကင်ပွန်းရွက်နှင့် ဗိုက်ပူဝေဒနာ
[ရောဂါမိကျော်-မအူပင်] ၁၅

ကိုး(၄)ကောင် ဆင်နွဲ့နင်း လေငန်းရောဂါကင်း
[မျိုးတင့်-ညောင်လေးပင်] ၁၃၉

## ◆ ဆေးဗေဒရောင်ခြည် ◆

ဒူလာမီးယပ် ထုံကျဉ်ကိုက်ခဲ လက်တွေ့ဆေးရည်
[မောင်အောင်ဝင်း-တိုင်းရင်းဆေး၊ မိတ္ထီလာ] ၁၄၂

လေမဖြတ်နိုင်အောင် ကြိုတင်ကာကွယ်နည်း
[မွေ့စရိယ ဦးသောင်းလှိုင်-အငြိမ်းစား စာပြင်မှူးချုပ်] ၂၃၂

သွားနာသော် မခက်လော [မောင်ဗဟိန်း-အင်းတော်] ၂၃၄

## ✱ ပရိုရပတ္တုရောင်ခြည် ✱

ရဲမွန်စခန်းမှ ဖြစ်ရပ်ဆန်း(၃) [ဝသုန်သက်လွင်] ၂၃၅

ဥစ္စာစောင့်ချစ်သူ [စောကိုကို] ၂၈၉

သုဝဏ္ဏဘူမိ၏ လျှို့ဝှက်ချက်များ(၁) [စရဏ ဦးအောင်] ၂၉၅

## ✤ မိတ်ဆွေမ်းအင်ရောင်ခြည် ✤

အိပ်မက်နှင့် ဆက်နွှယ်သော ကိုယ်ပွားခန္ဓာလား
[အောင်ဆန်းလင်း-ဘီအေ] ၂၈၅

## ✢ ထူးခြားသစ်ပင်ရောင်ခြည် ✢

ပိတောက်ပင်မှ ထူးထူးခြားခြားဂမ္ဘီရသစ်တံခါးလော
(သို့မဟုတ်)သစ်ကွင်းလော [စန္ဒာမိုး-တောင်ငူ] ၁၂၅

ပင်စည်နှင့် အရွက်(၉)ကွင်း ကွင်းထိုးနေသော
ကျောက်စိမ်းပန်းပင် [ဦးနီ-ကောလင်း] ၃၃၅

## ✂ ဗဟုသုတရောင်ခြည် ✂

ဟိန္ဒူတို့၏ မွန်မြတ်သော သရုပ်များ(၁) [မောင်တေဇ] ၁၄

www.burmeseclassic.com


✝ ထူးခြားထူးဆန်းရောင်ခြည် ✝

ဓားတစ်လက်နှင့်တူသော သစ်ကွင်း
[သာထက်ဇော်-မကွေး] ၁၇၇

ကျောက်လက်ဝါးနှင့် စေတနာဆရာ
[မျိုးတင့်-ညောင်လေးပင်] ၂၂၅

✳ လူလုံးရောင်ခြည် ✳

ဒီဘိုလာမိုင်းရုပ်စ်ကို ဘယ်လို တာတွယ်ကြမလဲ
[ဦးမင်းဇင်-ရွှေနဝင်း] ၁၅၈

မှင်တုထုံး [ဦးမင်းညို-မြဝတီ] ၁၆၅

✳ အမျိုးသမီးအထူးရောင်ခြည် ✳

ကွမ်းသီးအစို မဖန်မမူး အသားငါးလည်း
အမြိန်နူးစေသည် [နန်းမြူမြူဝင်း] ၁၅၉
မျှစ်ပြုတ်၏ လျှို့ဝှက်ချက် [စောသိင်းလ] ၂၆၄

○ သုတေသနရောင်ခြည် ○

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
[ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုခမ္မာစာရအား ဂါရဝပြုပူဇော်ခြင်း]
[သန်းပညာ] ၅၅

အာလူးကျောက်နှင်း ရောဂါကင်း အာလူး
ကျောက်လျှောက် တရားပေါက် [ကောင်းမြင့်မြတ်စိန်] ၁၆၉
စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြွလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၉၃

○ မြစ်ချင်းဖြိုးဆေးပင်ဆေးမြစ်ရောင်ခြည် ○

နွယ်မြက်သစ်ပင် ဆေးဖက်ဝင် အပင်များ၏
လက်တွေ့အသုံးပြုနည်း [ဦးမင်းဇင်-ရွှေနဝင်း] ၂၃၀

★ ပီမျှဟန်ရောင်ခြည် ★

ကျွဲနွား ဆီးရွှင်ဝမ်းမှန် ဝဖြိုးဆေး
[နတ်မောက် ကောင်းမွန်မြင့်] ၁၆၆

နွားမျက်စိ ဒဏ်တိမ်စွဲနေသလား [ကြည်မြိုင်] ၂၆၃

✉ ကြည်ညိုခြင်းရောင်ခြည် ✉

ထူးထူးခြားခြား ချွေးထွက်သည့်ဘုရား
[ညွှန့်ဝင်း-နတ်တလင်း] ၄၁

✳ အောင်မြေရောင်ခြည် ✳

စစ်ကိုင်းတစ်ခွင် သိမ်ဝင်စေတီများ၏
အောင်မြေနှင့် ရှိုးပူဇော် ဂါထာတော်များ(၂၃)
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၈၉






နံနက်ခင်းက ဘုရားဌာပနာရန် ပေးလှူခဲ့တဲ့
ရှေးဟောင်းကြေးဗုဒ္ဓရုပ်ပွားတော် (၃) ဆူမှာ
တစ်ဆူက ကျောင်းဘုရားခန်းသို့ ပြန်ရောက်နေတယ်...
◆ စာ-၁၇

မဟာဆောဓိမြို့ငံ ဆရာတော်ကြီးသိတင်းသုံးခဲ့ရာ
သုဝဏ္ဏသူ့မြေတောင်ထိပ်ပေါ်က
သံလျက်ကာရှိသော ကျောက်ချပ်ကြီးမှာ...
◆ စာ-၃၃







www.burmeseclassic.com

www.burmeseclassic.com



မောစိတာထောင် ဆရာတော်အိတ်ကျွင်းမှ ညာဘက်ကုတ် ရွှေဓာတ်လုံးလေးကို ထုတ်၍ နေနတ်သားဆရာတော်၏ ဝမ်းဗိုက်ပေါ်တင်ရာ... ➡ စာ-၉၇

သာမန်သုံးပေါက်အုန်း ရှားပါးသော လေးပေါက်အုန်းနှင့် နှစ်ပေါက်အုန်းတို့ကို ထူးခြားစွာ တွေ့ရသည် ➡ စာ-၉၈



အားအစ်ဖယ်ထုံ့သဂျွန် သစ်တွင်းဖြစ်မနုတြင်းအကြောင်း စစ္စရြီးတို့ရွာ၊ အာဓာတ်အာခဲ့မှန်သမျှကို ပြခွင်း မကြာခင်းနိုင်ခဲ့သည်မှာ... ➡ စာ-၁၇၇




## ✧ ထိုးစာအမျှောင်ခြည် ✧

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ထီအတွက်
ရွှေချယ်ပါ ဤဝကာန်း [ဆရာ ရဲထက်-သုတေသီ] ၁၆၇

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွက် ခတ်ကြီးငါးပါးစိုးမိုးမှုနှင့်
အောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၁၈၄

## ✣ မိုက်ပျိုးရေးရောင်ခြည် ✣

သီးပင်များ သန့်စွမ်းစေရန် တီကောင်အားဆေး သုံးစွဲပေး
[တင်ညိုအေး-နဂါးမြို့တော်] ၁၈၆

## ✱ အင်းစာရောင်ခြည် ✱

ရှင်သီဝလိ အစီအရင်
[ဝေဒသစ္စာ ဆရာဝရအောင်-ကလေးမြို့] ၁၄၀

မြွန်ပေါင်းအင်းနှင့် ဝေဒစွမ်းအင်
[အင်းပညာသုတေသီတစ်ဦး] ၁၈၁

## ✎ ဗုဒ္ဓိုလ်ကျူးရောင်ခြည် ✎

ထားဝယ်ဒေသတွင် ထူးခြားကျော်ကြားသော
ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တောင်ပွားဆရာတော်
ဘဒ္ဒန္တ တေဇိန္ဒ [မောင်မောင်စိုး-ထားဝယ်] ၂၅

ကျွန်မ ဖူးတွေ့ခဲ့ရသည့် ရွှေပေါ်ကျွန်းဆရာတော်
[ဒေါ်သုမနဝိစိတ္တ-B.Sc,H.G.P,Dip.Ed] ၄၄

မြင်းတပါ ရောကမ်းမှ မပုပ်သိုးသော ဆရာတော်(၂)
[ဇင်ညိုငယ်] ၇၃

ကျွဲခြံရွာသစ်တောင်ခြေမှ မဟာထေရ်အရှင်အာစာရ၏
ဘဝပုံရိပ်များ(၁) [ခရီးသည်သုတေသီတစ်ဦး] ၁၂၁

## ✣ ထူးခြားဆန်းကြယ်ရောင်ခြည် ✣

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့
နဝါးရုံဗိုလ်တောစာသင်တိုက် ကျောင်းဝင်းရှေ့မှ
အိပ်မက်အရ ဗုဒ္ဓရုပ်ပွားတော်များနှင့်
စေတီများ တူးဖော်တွေ့ရှိရသည့် ဖြစ်ရပ်ဆန်း
[မြမြဝင်း-တောင်ငူ] ၁၀

သတ်တော်ရှည်အဘွားနှင့် ထူးဆန်းသော
အင်ကြွင်းပင်ကြီးများ [တနိုင်ငံ] ၁၀၅

ထူးဆန်းသော မိုးကြိုးမီးလုံးကြီးနှင့် ဖြစ်ရပ်ဆန်းများ
[နေဝန်းနီ] ၂၉၃

www.burmeseclassic.com

## အထွေထွေရောင်ခြည်


တပင်တိုင်မြနန်းဆေးအသုံး သိသူများမှ
ဖော်ပြပေးစေချင် [ထွန်းအောင်-ပင်လောင်း] ၁၆၇
သတ်တန့်နာနှင့် ကြေးမုံကြီးသွား အသုံးသိသူများမှ
ဆက်လက်ဖော်ထုတ်ပေးကြပါ [ထွန်းရီ-သံပရာကွင်း] ၁၇၂
ရှင်မထီးနှင့် ရှင်အဇ္ဈဂေါဏတို့အတွက်
ရှင်းတမ်း သိသမျှတင်ပြပါရစေ [ရန်ကုန် စနေသား] ၂၁၅


## နေ့စဉ်သုံး ဘဝလမ်းညွှန်ရောင်ခြည်


၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း
ငွေကြေးလာဘ်လာဘ သွက်လက်စေဖို့
[ထက်မင်းကျော်စွာ] ၁၇၆
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၀၇
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဇီ] ၂၁၈


## မြန်မာ့ရိုးရာပညာရောင်ခြည်


သုံးထောက်ခြောက်ဘုမ္မိခေါ် ဗြိဟ်စားသက်ရောက်တို့၏
အညွှဲဆုံးနှစ်တွက်နည်း
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၁၉၈


## ကျန်းမာရေး ဆေးဝါးရောင်ခြည်


၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း
ကျန်းမာရေးအတွက် အကြံပေးချက်များ [ဟူဂျင်းဇီ] ၁၉၂


## ဝိဇ္ဇာဓရရောင်ခြည်


လူထူးဆန်းဗျာဓေးနှင့် ကြုံဖူးမှ ယုံခဲ့ကြသူများ( ၂ )
[မြောင်းမြ မြင့်လှိုင်] ၂၅၇
ထူးဆန်းသော ဒဂုန်ပ [အေးချမ်းအောင်-ရမည်းသင်း] ၂၈၁


## စာပေလောကရောင်ခြည်


သမုဒယနှောင်ကြိုး၏ အခြားတစ်ဖက် [K.ပံ] ၂၄၉
လတ်ဖွဲ့( ၂ ) [ရွှေစံကင်း] ၂၅၄
တောကေလာသ [အောင်ဘုန်းနိုင်-ရွှေမြေ] ၂၆၅
ကျွန်ုပ်နှင့် မှင်စာကလေးများ [ညီလေးငယ်-လယ်တော်] ၂၇၄
သူ့အရုပ်၊ သူ့ဒေသနှင့် သူ့ဓလေ့ဆန်းများ
[ညောင်ပင်ပေါ်နတ်စင်နှင့် ဓလေ့ဆန်းများ]
[ကသာ သင်းမွှေး] ၂၇၈


သူယောင်မယ်
တွေ
လိုလို
ဥစ္စာစောင့်
တွေ
လိုလို
ထူးဆန်းတဲ့
ပုံသဏ္ဌာန်ရှိတဲ့
အင်ကြင်းပင်
တွေကို...
စာ-၁၁၀



ရေထဲတွင်
ရှိသော
ကျောက်လက်ဝါး
၏
လက်ဝါးပြင်
ပေါ်တွင်
လူတို့၏
လက္ခဏာကဲ့သို့
အကြောမျှင်များ
ထွက်ပေါ်လာသည်...
စာ-၂၂၅



အောင်မြေ
ကုန်းတော်
ပေါ်မှ
ခြင်္သေ့၏
ရင်ဘတ်တွင်
လူ့ရုပ်မှာ
ထူးခြား
လှသည်...
စာ-၁၁





www.burmeseclassic.com

www.burmeseclassic.com

စလေမြို့ အရှေ့ဖျားမှ ဆုတောင်းပြည့်

စံလွင်သာ

# အာရောဂျမှုနှင့် ပြတ်ကွာသူများ (၁)

မဟာသေခဲလှ စေတီတော်ကြီးသည် ချောက်မြို့နယ်၊ ပခန်းငယ်ကျေးရွာ အရှေ့ဘက် မိုင်ဝက်ခန့်အကွာရှိ အောင်လယ်ရွာအနီး၌ ကိန်းဝပ်တော်မူပါသည်။

ချောက်မြို့မှ နှစ်မိုင်အကွာ **မိုလာသမ်းခွဲ**သို့ရောက်လျှင် တောင်ယွန်းယွန်း(၈)မိုင်ခန့် ခရီးဆက်ခြင်းဖြင့် **စလေမြို့**၊ ထိုမှ အရှေ့ဘက်(၈)မိုင်ကျော်တွင် **ပခန်းငယ်ရွာ၊ အောင်လယ်ရွာများ** စီတန်းရှိကြလေသည်။

ကျန်းဘော်ဆီသို့

မြိုင်မြို့မှ မိတ်ဆွေကြီး ဦးတင်မောင်လင်း မိတ်ဆက် သတင်းပေးခဲ့သဖြင့် ပခန်းငယ်ရွာ ရွှေသာမောင်းဆရာတော်၏ (၄၆)နှစ်ကြာ မပုပ်မပျက်သော ရုပ်ကလာပ်အား ဖူးမြော်ပြီးနောက် ချောက်သို့ပြန်ရန် ခေတ္တ နားနေကြကြသည်။


မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် နေ့အပူချိန် စံချိန်တင်ရသော(၄၂ ဒီဂရီမြင့်။) ချောက်နယ်အတွင်း (၁၈)မိုင်ခန့် နေပူလေပူခရီးကြောင့် ရေစိမ့်အိုးမှ ရေကို ခွက်ဆင့်၍ သောက်မိသည်။

လက်ရှိဆရာတော် ဦးသုဇာတက...

'ဒကာကြီးနှယ် ဦးထုပ်ကလေး၊ အဆောင်းကလေး ဆောင်လာရောပေါ့'

ဟု မိန့်တော်မူသည်။


'ဦးထုပ်ဆောင်းရင် ခေါင်းချွေးပြန်ပြီး အနေရခက်လို့ပါ ဘုရား'



◆ မဟာသေခဲလှစေတီတော်

'ရောက်တုန်းရောက်ခိုက် မဟာသေခဲလှဘုရား ဖူးသွားပါဦး။ ဒီနယ်မှာတော့ အကြီးဆုံး ဝါတော်အရင့်ဆုံးပဲ။ ပူဇနီယပွဲတော်ကျရင် ပွဲဈေးတန်းက တစ်လနီးပါးကြာတယ်။ အင်မတန်စည်ကားတာပဲ။ ဟိုရောက်သွားရင် ဒကာကြီး အပူတွေအားလုံး ပျောက်

www.burmeseclassic.com






◆ မနုသီဟရုပ်တစ်ရုပ်

လိုက်ပါအရုံစေတီတစ်ဆူ ◆

◆ အရှေ့ဘက်မုခ်ဦး



သွားလိမ့်မယ်။ ရှေ့နားလေးတင် သိပ်မဝေးဘူး။ လှမ်းမြင်နေရတယ်'

ဆရာတော်၏ တိုက်တွန်းမှုအရ ရွှေသာမောင်းကျောင်းမှ အထွက်တွင် လမ်းမကြီးအတိုင်း အနည်းငယ်မျှ ဆက်သွားရုံဖြင့် ကြည်နူးဖွယ် ရှုခင်းနှင့် စေတီကုန်းတော်ကို လှမ်းမြင်ရလေသည်။

စေတီကုန်းတော် တောင်ဘက်အခြေမှ ညောင်ညိုရိပ်မှာ တံလျှပ်များအကြား စိမ်းစိုစိုဖြင့် မြင်ရသူကို အထူးအေးမြစေသည်။ စုစုပေါင်း ညောင်ပင် (၉)ပင် စီတန်းပေါက်ရောက်နေကာ ထန်းပင်များက အနားသတ်ပေးထားသကဲ့သို့ ရှိ၏။

ညောင်ပင်ကြီးများမှာ နှစ်ပေါင်းရာချီ၍ သက်တမ်း ရှည်လျားကာ မုတ်ဆိတ်ခေါ် မြေထောက်မြစ်များ ထွက်နေသည်ကို တွေ့ရသည်။

## စေတီနောက်ခံသမိုင်း

ကုန်းတော်အနီး ရောက်သောအခါ ထင်းဖြတ်နေကြသော လူတစ်စုကို စုံစမ်းကာ မဟာသေခဲလှကျောင်းဆရာတော် ဦးသောမအား ဝင်ရောက်ဖူးမြော်ရာ စေတီနောက်ခံသမိုင်းကို မိန့်ကြားတော်မူသည်။

ရှေးအထက်ကျော်ကာရီက ပြည့်ရှင်မင်း၏ မိဖုရားစောမြရီဒေဝီသည် မိဘများထံ ခေတ္တ အလည်ကြွရောက်ရာ နေပြည်တော်၏ အရှေ့ဘက် လမ်းခုလတ်တွင် သန္ဓေသားနေ့စေ့၍ ဖွားမြင်လေရာ မိခင်ကော ကလေးပါ ကျန်းမာရန်ကင်း ရှိကြသဖြင့် အရှေ့အရပ်မှ သမ္မာဒေဝများ စောင့်ရှောက်ကြသည်ဟု ရည်ညွှန်းကာ သားတော်ကို **ပုဗ္ဗဒေဝကုမ္မာ**ဟု အမည်ပေး၏။


သို့သော် မလိုသူများက မိဖုရားသည် တိရစ္ဆာန်ကလေး မွေးသည်ဟု လုပ်ကြံကုန်းချောသဖြင့် ဘုရင် အရှက်တော်ရကာ ပေးသနားပြီးဖြစ်သော ရတနာစီလက်စွပ်နှင့်အတူ နန်းတော်မှ ထာဝရ ထွက်ခွာစေဟု အမိန့်တော် ချမှတ်သည်။

www.burmeseclassic.com



▲ ရင်ဘတ်တွင် လူရုပ်ပါသော ခြင်္သေ့

▼ ကျောက်စာတွင်ရှိ ဘာသာနှုတ်တည်ဆန်များ



သီလမြဲ၍ ဘာသာရေးကိုင်းရှိုင်းသော စောမြရီဒေဝီသည် ဘုရင် ချီးမြှင့်သည့် လက်စွပ်ကို ထုခွဲရောင်းချကာ သားအမိနှစ်ဦး ဘေးရန်ကင်းစွာ ခိုလှုံခွင့် ရခဲ့သည့် နေရာတွင် ဘုရားရှင်ကိုယ်စား စေတီတော်တစ်ဆူ တည်ဆောက်ပူဇော်ကာ **မဟာသေခဲလှစေတီတော်ဟု** ဘွဲ့မည် ဆက်ကပ်လေသည်။

စေတီတည်ရာတွင် ဦးစီးတာဝန်ယူသော မိဖုရား၏ မောင်တော် **ရဲသိခ်**သည် စေတီ ထီးတော်မတင်မီ ပန်းလျှ၍ အနိစ္စရောက်ခဲ့ရာ ကုန်းတော်တွင် ပင် ကျောက်ဖားဖြစ်၍ စေတီအားကုသိုလ်ပြု စောင့်ရှောက်သူ သီလရှိသူတို့အား စောင့်ရှောက်ပေးလျက် ရှိသည်ဟု ယုံကြည်ကြသည်။


ပုဗ္ဗဒေဝကုမ္မာသည် ပြည့်ရှင်မင်းဖြစ်လာသောအခါ မယ်တော်နှင့် ဦးရီးတော်တို့အား ရည်စူး၍ မူလသေခဲလှစေတီကုန်းတော်တွင် စေတီငယ်ကို ပြုပြင်မွမ်းမံကာ **အိုခဲလှစေတီ**ဟု ဘွဲ့တော် ဆက်ကပ်သည်။

**အောင်မြေကုန်းတော် အဖြစ် အထွတ်အမြတ်ထားကာ စစ်ချီစစ်ထွက် အရေးကြီးသည့် ကိစ္စများ၊ အတွက် အောင်မြေနင်းလျက် ကြွ ရောက်ပူဇော်တော်မူသည်။**

ကုန်းတော်၏ အနောက်ဘက် မလှမ်းမကမ်း **ကုန်းမြင့်ထက်(အိုခဲလှစေတီကုန်းတော်ထက် မြင့်သောတောင်ကုန်းဖြစ်သည်။)**တွင် စေတီကြီးတစ်ဆူ တည်ဆောက်ပူဇော်ကာ **မဟာသေးခဲလှစေတီ**ဟု ဘွဲ့မည်တွင်စေသည်။

ယင်း၏နောက်ဘက် ကုန်းထိပ်တွင် သိမ်နှင့်စေတီတစ်ဆူကိုလည်း တည်ဆောက်ကာ **နာခဲလှစေတီ**ဟု ဘွဲ့မည်ပေးလေသည်။

www.burmeseclassic.com



လက်ယာဘက်မှ ကျောက်ဖျား

ထို့နောက်တွင် ခေတ်အဆက်ဆက် မင်းများ ဆက်လက်ထိန်းသိမ်းမွမ်းမံခဲ့ကြကာ ကုန်းဘောင်ခေတ်နှောင်းတွင် စလေမြို့အုပ် ဦးကျော်ဇော ဇနီးမောင်နှံက ယခု မြင်တွေ့ရသော စေတီကို အသစ်မွမ်းမံ တည်ဆောက်ခဲ့ကြလေသည်။

စေတီရင်ပြင်တော် လေးဖက်ညီ အနားတစ်ဖက်လျှင် (၄၅)တောင်စီရှိ၍ စေတီဉာဏ်တော်အမြင့် (၄၅)တောင် ပူဇော်ထားကြောင်း သိရသည်။

## ကျိုက်ထီးရိုးအလွမ်းပြေ

သေခဲလှ ကျောင်းဆောင်ကြီးမှာ သွပ်မိုး ဇလီကာ ကျယ်ဝန်းစွာ တည်ဆောက်ထားသည်။ နိုင်ခံ့ကြီးမား ထည်ဝါလှသော **ကျောင်းကြီးရနိုင်** မဟုတ်သော်ငြား ကျယ်ပြန့်သော ကျောင်းနံ့ရံတစ်လျှောက်တွင် ဝါးခြမ်းပြားကလေးများဖြင့် ကြက်တူးရွေး ခြံခတ်ကာ အခန်းငယ်များ စီတန်းဖွဲ့ထားသည်ကို တွေ့ရသည်။

ရှေးယခင် တောင်တက်ကားလမ်း မပေါ်မီက ကျိုက်ထိုမြို့ ကျိုက်ထီးရိုး စေတီ ဘုရားဖူးခရီးကို အမှတ်ရစေသည်။

ထိုစဉ်က (၇)မိုင် ရှည်လျားသည့် တောင်တက်တောင်ဆင်း ခြေကျင်ခရီးဖြင့် တက်ရောက်ဖူးမြော်ကြရသည်ဖြစ်ရာ ရေမြောင်ကြီးစခန်းနှင့် ကုန်းတော်ရင်ပြင်တို့တွင် ဆိုင်ခန်းများ အစီအရီ မြင်တွေ့ရသည်။ ဆိုင်တစ်ဆိုင်သို့ စားသောက်ခြင်းဖြင့် အခမဲ့ တည်းခိုခွင့် ရကြသည်။

နွေနှင့် ဆောင်းရာသီတွင်သာ ပွဲတော် ဖွင့်လှစ်ကာ မိုးရာသီတွင် ပိတ်သိမ်းလေ့ရှိသည်။ ထိုစဉ်က အခမဲ့ တည်းခိုခန်းကလေးများသည် သေခဲလှ ကျောင်းတွင်း အခန်းကလေးများနှင့် ဆင်တူကြလေသည်။

နှစ်စဉ် နတ်တော်လဆန်း (၁၃, ၁၄, ၁၅)ရက်နေ့များတွင် ကျင်းပလေ့ရှိသော ဗုဒ္ဓပူဇနီယပွဲတော်ကာလတွင် တန်ဆောင်မုန်း လဆုတ်ရက်များကပင် ကြိုတင်ရောက်နှင့်နေသော ပွဲဈေးသည်များ၊ ပရိသတ်များ စည်ကားစွာ ရှိနေသကဲ့သို့ အာဂန္တုရဟန်းများလည်း ကြွရောက်ကြလေသည်။

၎င်း အခန်းကလေးများသည် အာဂန္တုရဟန်းများ သီတင်းသုံးရန် ဖွဲ့တည်ထားခြင်းဖြစ်ကြောင်း ဆရာတော်က မိန့်တော်မူသည်။

## အောင်မြေကုန်းတော်

ထို့နောက်တွင် ဆရာတော်ကိုယ်တိုင် ဆိုင်ကယ်တစ်စီးဖြင့် အရှေ့ဘက် မနီးမဝေးရှိ ကုန်းတော်သို့ ဦးဆောင်

www.burmeseclassic.com



◆ လက်ဝဲတက်မှ ကျောက်ဖား

ကြွရောက် ရှင်းပြတော်မူသည်။

ကုန်းတော်ထက်တွင် ရှစ်မျက်နှာ စေတီတစ်ဆူနှင့် အုတ်ဇရပ်တစ်ဆောင် ရှိသည်။ ဇရပ်အမိုး မြင်းမိုရ်အပိတ်တွင် ခွပ်ဒေါင်းနှစ်ကောင်၊ အလယ်၌ ဒိုင်း တစ်ခု ဒိုင်းတွင် ၁၃၃၅ ဟူသော သက္ကရာဇ်ကို ရေးထိုးထားသည်။

ဤကုန်းတော်ကား စောမြရိဒေဝီ၏ အောင်မြေကုန်းတော်ဖြစ်၍ မူလသေခဲ လှစေတီတော် ကိန်းဝပ်တော်မူရာ ဌာန ဖြစ်သည်။

တောလိုက်မုဆိုးတို့သည် ဤကုန်း တော်အနီးသို့ ရောက်ရှိပါက မိမိတို့ လိုက်နေသည့် သားကောင်များ ပျောက်ချင်းမလှ ပျောက်ကွယ်သွား သည်ကို ကြုံကြရသည် ဆို၏။

**ကျန်းမာရေး၊ စီးပွားရေးမှအစ လောကီမျက်နှာစာ အသီးသီးတွင် ဘေးရန်ကင်းကွာ ကြီးပွားချမ်းသာရေး အတွက် အောင်မြင်နိုင်၍ ဆုတောင်း နိုင်သည်။ အထူးသဖြင့် ကျန်းမာရေး နှင့် ပတ်သက်၍ အကျိုးထူးများစွာ ခံစားရကြောင်း ဆရာတော်က ပြောပြ သည်။**

၂၀၀၂ ခုနှစ်လောက်က ရန်ကုန်က ဒေါက်တာ ဒေါ်ကြည်မြင့်ဆိုတဲ့ ဒါယိကာမ ကြီး ဘုရားဖူးရောက်လာတယ်။ ကျန်းမာရေး အတွက် ဆုတောင်းပြည့်တယ်ကြားလို့ ရန်ကုန်ကနေ တကူးတက လာဖူးတယ်ဆိုပဲ။

သူမှာ သွေးတိုး ဆီးချို သွေးချို လေးဖက် နာ ဝေဒနာအစုံ ကန်ထရိုက် ယူထားသလို ပဲ။ သူကိုယ်တိုင် ဆရာဝန်ဆိုတော့ နည်းမျိုးစုံ နဲ့ ကုသပြီးပြီ။ အဆင်မပြေတာနဲ့ ဒီအောင်မြေ စေတီမှာလာပြီး ဆုပန်သွားတယ်။

ကုန်းတော်က ကျောက်ခဲလုံးကလေး(၉) လုံးကို ကောက်ယူပြီး အာရောဂျဆုလာဘ် ပြည့်စုံစေမယ်။ ဆေးအဖြစ် ပေးသနားဖို့ ဘုရားရှင်နဲ့ သမ္မာဒေဝတွေဆီမှာ ခွင့်ပန် တယ်။ အဲဒီခဲလုံးလေးတွေ ယူသွားပြီး ရေစိမ် ဆေးအမှတ်နဲ့ နေ့တိုင်း သောက်ပေးတယ်။

သုံးလလောက်ကြာတော့ တစ်ခေါက် ပြန် လာတယ်။ ရောဂါတွေ အတော်ကြီး ကောင်း သွားပြီတဲ့။ ကတိရှိတဲ့အတိုင်း စေတီသုံးဆူ ကို ရွှေသင်္ကန်းကပ်တာ ငါးသိန်းကျော်ကျပါ တယ်။

ကျုပ်ကိုလဲ ဆရာတော်ဘုရား ဘာ အလိုရှိသလဲလို့ မေးတယ်။ ဒီမှာက လမ်းပန်းဆက်သွယ်မှု ခက်ခဲတယ်။ စလေလောက် သွားချင်ရင် ပခန်းငယ် ကနေ မနက်(၅)နာရီထွက်တဲ့ ကား တစ်စီးတည်းရှိတယ်။ အချိန်မီအောင် ဒီကနေ လေးနာရီလောက် ထပြီး ခြေကျင်လျှောက်ရတယ်။

ဒါကြောင့် ဆိုင်ကယ်တစ်စီးလောက် ရှိရင် သွားလာရေး အဆင်ပြေနိုင်တယ် ပြောတာနဲ့ ချက်ချင်းပဲ ဆိုင်ကယ် တစ်စီး ဝယ်လှူသွားတယ်။(ယခု ဆရာ တော် အသုံးပြုနေသော ဆိုင်ကယ်ဖြစ် သည်။)

ရွှေလ ဆက်ဖတ်ပါရန်

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com

# ဟိန္ဒူတို့၏

## မွန်မြတ်သော သရုပ်များ

မောင်ဝေဇ

ကျွန်ုပ်တို့၏ ဘဝအတွေ့အကြုံ၊ လူမှုအတွေ့အကြုံ၊ သဘာဝတရားကြီးနှင့် သက်ဆိုင်သော အသိများ စသည်ကို အခြေခံ၍ ကျွန်ုပ်တို့ အလေးအမြတ်ထားသော သရုပ်သင်္ကေတများ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။


ယင်း သင်္ကေတသရုပ်များသည် လူတို့အပေါ် တိတ်ဆိတ်စွာပင် အကျိုးသက်ရောက်၏။

လက်ထပ်လက်စွပ် ဟူသော သရုပ်သင်္ကေတသည် အိမ်ထောင်ရေးဆိုင်ရာ မေတ္တာကို မြဲမြံစေ၏။ မော်တော်ယာဉ်များအတွက် **ယာဉ်စည်းကမ်းဆိုင်ရာ သရုပ်သင်္ကေတများသည်** ယာဉ်မောင်းများအား သတိကပ်စေ၏။

**အရိုးခေါင်းနှင့် လက်ဖျံရိုးနှစ်ချောင်းပါသော သရုပ်သင်္ကေတသည် ကျွန်ုပ်တို့အား အသက်အန္တရာယ်ရှိကြောင်း တိတ်ဆိတ်စွာပင် ပြောနေ၏။ ကြက်ခြေနီတံဆိပ်သည် များစွာသော အကူအညီတို့ ရရှိနိုင်ကြောင်းကို သိစေ၏။**

ယင်းတို့မှာ ခေတ်သစ်လူသားတို့ တီထွင်ဖန်တီးထားသော သရုပ်သင်္ကေတများ ဖြစ်ကြပြီး **ရှေးဟောင်းအစဉ်းသိ ပုဂ္ဂိုလ်ကြီးများ** တီထွင်ကြံဆခဲ့သော သရုပ်သင်္ကေတများသည်လည်း အများအပြားပင် ရှိလေရာ ဟိန္ဒူတို့၏ အလေးအမြတ်ထားကြသော သရုပ်သင်္ကေတတို့ကို စုဆောင်းရရှိသရွေ့ ဖော်ပြလိုက်ရပါကြောင်း။

ပုံ(၁) **ध्वज** (ဒွဇ = အလံ)



ဘုရားကျောင်းများထိပ်တွင် လွှင့်ထူထားသော လိမ္မော်ရောင် (သို့မဟုတ်) အနီရောင်အလံတံခွန်ပုံ ဖြစ်ပါသည်။ ဘုရားကျောင်းဝယ် ပွဲလမ်းသဘင်များ ကျင်းပနေဆဲကာလတွင် ထိုသို့သော အလံငယ်ကလေးကို လွှင့်ထူထားလေ့ရှိ၏။

ယင်းသည် အောင်မြင်မှု သရုပ်တစ်ခုပင်ဖြစ်ပါသည်။ နေမင်းကြီး၏ အရောင်ကို အလံ၏ အရောင်အဖြစ် ယူထားခြင်း ဖြစ်၏။

ပုံ(၂) **गणेश**

(ဂနေသျှ = မဟာပိန္နဲနတ်မင်း)



မဟာပိန္နဲနတ်မင်းသည် ပိတ်ပင်တားဆီးမှုများ၏ သခင်ဖြစ်ပြီး **ဓမ္မ၏ အကြီးအကဲဖြစ်၏။** သူသည် ပလ္လင်တော်ပေါ်တွင် ထိုင်နေ၏။

သူသည် ကျွန်ုပ်တို့အပေါ် ကျရောက်မည့် အပိတ်အပင် အတားအဆီးများအား ဖယ်ရှားပေးနိုင်ပြီး ကျွန်ုပ်တို့၏ ကံကြမ္မာအား လမ်းညွှန်ပေးနိုင်သည်ဟု ယူဆကြပါသည်။

မည်သည့်အရာကိုပင် ဆောင်ရွက်သည်ဖြစ်စေ သူ၏ ခွင့်ပြုချက်နှင့် ကောင်းချီးပေးမှု လိုသည်ဟုလည်း ယုံကြည်ကြ၏။


ပုံ(၃) **गोपुर** (ဂိုပူရ)



မျှော်စင်ကဲ့သို့ မြင့်မားသော **ကျောက်တံခါးဝကြီးဖြစ်ပြီး** အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ **ဟိန္ဒူဘုရားကျောင်းများကို** ထိုသို့သော ပုံသဏ္ဌာန်များ တည်ဆောက်ထားကြပါသည်။

ဘုံအဆင့်ဆင့် တည်ရှိနေခြင်း သရုပ်သင်္ကေတတစ်ခုဖြစ်၏။

ပုံ(၄) **प्रणव** ॐ (ပရနဝ ဥံ)



မန္တန်အားလုံး **အရင်းအမြစ်ဖြစ်ပြီး အသံမဲ့ အသံတစ်ခုဖြစ်ကာ** အရာရာ၏ ပင်မလည်းဖြစ်၏။

ယင်းသည် မဟာပိန္နဲနတ်မင်းနှင့် တွဲဖက်ဖြစ်သည်။ အသံ ၃ မျိုးကို တွဲဖက်ထားသော အသံလည်းဖြစ်ပြီး မြင့်မြတ်သော စာကြောင်းများ စာပိုဒ်များ၏ အစနှင့်အဆုံးတွင် ရေးသားလေ့ရှိကြ၏။

ပုံ(၅) **स्वस्तिक** (ဆွာစတိကာ=စကြာ)

ယင်းသည် **မင်္ဂလာရှိသော သရုပ်သင်္ကေတတစ်ခု** ဖြစ်ပါသည်။ **လက်ဝဲရစ်နှင့် လက်ယာရစ်** နှစ်မျိုးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အစောင့်အရှောက်များနှင့် သက်ဆိုင်သော နိမိတ်ကောင်းသည့် သရုပ်တစ်ခုလည်း ဖြစ်၏။

ပုံ(၆) **श्रीचक्र यन्त्र** (ရှရီ ချက္ကရ)



ယင်းသည် **ယန္တရတစ်ခုဖြစ်ပြီး** ကမ္မဋ္ဌာန်းဘာဝနာ ပွားများရာတွင် ရှုမှတ်သည့် သရုပ်တစ်ခုလည်း ဖြစ်၏။ ရုံဖန်ရုံခါတွင် ယင်းကို **သတ္တု (သို့မဟုတ်) ကျောက်ဖြင့် ရုပ်လုံးကြွ သဏ္ဍာန်** ထုလုပ်ထားလေ့ ရှိကြသည်။

ရှရီချက္ကရတွင် ရောယှက်နေကြသော တြိဂံ သုံးခုသည် သိဝသျှက္ကတိ၏ ဘုံဘဝအမျိုးမျိုးတွင် သိသာထင်ရှားစေခြင်းကို ကိုယ်စားပြု၏။

ပုံ(၇) **ज** (ဂဇ = ဆင်)



ဂဇသည် သားရဲတိရစ္ဆာန်များ၏ အရှင်သခင် **ဆင်သရုပ်ဖြစ်ပြီး တန်ခိုးအာဏာနှင့် စွမ်းအားတို့၏** သရုပ်ဖြစ်သည်။

ဟိန္ဒူ ဘုရားကျောင်းများတွင် ပွဲလမ်းသဘင် လှည့်လည်ကြရာ၌ ခမ်းနားအောင် ပြုလုပ်သည့် အနေဖြင့် ဆင်ကြီးများကို အစဉ်ပြင် ထည့်သွင်း လှည့်လည်စေကြသည်။

ဆင်သည် အင်အရာနတ်မင်း၏ စီးတော်သတ္တဝါလည်း ဖြစ်၏။

ရှေ့လဆက်ဖတ်ပါရန်

**မောင်တေဇ**

## ကင်ပွန်းရွက်နှင့် ဗိုက်ပူဝေဒနာ

စာရေးသူသည် ၂၀၁၃ ခုနှစ်၊ မတ်လထဲမှာ **ဒေးဒရဲမြို့နယ်အပိုင်ထဲက ကျုံသင်ကျေးရွာမှာ** နေထိုင်ကြသော ကိုသန်းလှတို့၊ မတင်တင်မြတို့၏အိမ်ကို ရောက်ရှိဖြစ်ပါသည်။

သူတို့မိသားစုကလည်း စာရေးသူတို့မိသားစုနှင့်ဆို မိသားစုတစ်စုတည်းကဲ့သို့ ခင်မင်ကြပါသည်။ သူတို့သည် လယ်ယာလုပ်ငန်းကို အေးဆေးစွာ လုပ်ကိုင်စားသောက်ကြပါသည်။

ထိုမိသားစုထဲတွင် အဖေ၊ အမေကလွဲပြီး အိမ်မှာရှိသည့် ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးနှစ်ယောက်တို့ကို ကျန်းမာရေးအရ သားသမီးများအဖြစ် စာရေးသူမှ ဝယ်ယူမွေးစားထားသော စာရေးသူ၏သားသမီးများ ဖြစ်ပါသည်။

ထို့ကြောင့်မို့လည်း ထိုသားသမီးများရှိရာကို မကြာခဏဆိုသလို ရောက်ဖြစ်ပါသည်။ ထိုကဲ့သို့ ရောက်နေသော တစ်ညနေစောင်းအချိန်၌ သားဖြစ်သူ မောင်အေးမင်းနိုင်မှ…

'အဖေ ကျွန်တော့်ဗိုက်က လေပွနေလား မသိဘူး။ အသက်ရှူလို့တောင် သိပ်မကောင်းဘူး။ ဗိုက်ကလဲ ဘုံးဘုံး ဘုံးဘုံး ဖြစ်နေတာပဲ'

စိတ်ပူတတ်သော အဖေရင်းဖြစ်သည့် ကိုသန်းလှက…

'ဒါဆိုမဖြစ်ဘူး။ မြို့တက်ပြီး ဆေးခန်းပြမှ ဖြစ်မယ်'

'နေပါဦး ကိုသန်းလှရယ်၊ ခဏကြည့်ပါရစေဦး၊ ကဲ…မှန်းစမ်း'


ဟုတ်ပါ၏။ သား ဗိုက်ပွနေတာ ညနေစောင်းတော့ ပိုဆိုးတာပေါ့။

ကဲ… စာရေးသူ ဖတ်ရှုလေ့လာထားသည့် စာကောင်းပေမွန်တွေထဲက နည်းကောင်းလေးတစ်ခုကို ထုတ်နုတ်ပြီး ရဲရဲကြီး အသုံးပြုရန် ဆုံးဖြတ်လိုက်ပါ၏။

အချိန်ကလည်း ညနေငါးနာရီခွဲ ကျော်နေပြီ။

'ကဲ… ကလေးတို့ခြံထဲမှာ ကင်ပွန်းချဉ်ပင် ရှိတယ်မဟုတ်လား။ အရွက်ကို အနုအငုံ ပေါင်းပြီး လက်တွင်းနှစ်ဆုပ်စာလောက် ရအောင်ခူးခဲ့ကြ'

ခူးလာသော ကင်ပွန်းချဉ်ရွက်များကို ရေစင်စင်ဆေးပြီး ကျောက်ပျဉ်တွင် ညက်အောင်ကြိတ်ပါသည်။



ကြိတ်ဖတ်များကို မီးဖြင့် အပူနွေး ဓာတ်ရအောင်လုပ်ပြီး ဝမ်းဗိုက်တပြင်လုံးကိုဖြန့်ပြီးအဝတ်စဖြင့် စည်းပတ်ထားပေးပြီး…

'ကဲ…သား မင်းအိပ်ရာထဲမှာ သွားအိပ်တော့ အိပ်ရာနိုးလာရင် ကောင်းသွားလိမ့်မယ်'

နံနက်မိုးလင်း၍ အိပ်ရာထတော့ မောင်အေးမင်းနိုင်မှာ ဗိုက်လည်း မပွတော့၊ အသက်ရှူလို့လည်း မကျပ်တော့ နဂိုမူလအတိုင်း ဖြစ်နေသည်ကို မိမိ ကိုယ်တိုင် အံ့သြစွာ တွေ့ရပါသည်။

ထို့ကြောင့် ဆေးရုံဆေးခန်းများနှင့် အလှမ်းဝေးနေပြီး ထိုကဲ့သို့ ဝမ်းဗိုက်ပွပြီး မရှူနိုင် မကယ်နိုင် ဖြစ်နေသော ဝေဒနာရှင်များနှင့် တိုက်ဆိုင်ခဲ့ပါလျှင် အရေးပေါ် ကုသကယ်မနိုင်ရန် ကရုဏာရှေ့ထား မေတ္တာပွားပြီး တင်ပြပေးလိုက်ပါ၏။

**ကျမ်းကိုး။** ။ (ဝန္ဒော သျှစ် ကျန္ဒေ ဒယ)

**သမ္မာသတ္တာ အဝေရာ ဟောန္တု။**

**ရောတိမ်ကျော်(ရွှေပင်)**



www.burmeseclassic.com

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ

အမှတ်တံဆိပ်

ထစဝတ (တနယ်ခင်း) ၀၂၀/၀၆၀၄




မှတ်ပုံတင် ၁၁၁၆ (ပိုင်) ၁၁၂၄၃၃ ထိုင်စင် ၁၁၃၃၈ (ထိုး)

"ကိုမင်းကျော်ပါလား .... မတွေ့တာကြာပြီ"
"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို .. စိတ်ထဲကတွေ့ချင်နေတာနဲ့
တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ ... ကံကောင်းတာပဲဗျို့"
"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"
"တခြားတော့မဟုတ်ပါဘူး .... ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့
... သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် ... ဆေးလမ်းညွှန်ပေးဖို့ပါ"
"ကိုမင်းကျော်သွေးတိုးက ... ဘယ်အဆင့်မှာရှိနေပြီလဲ"
"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် ... နိုင်ငံတကာဆေးတွေသောက်တာ ... တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ ..."
"မပေါ့နဲ့ကိုမင်းကျော် ... သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ ...
"ဒါဆို ... ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"
ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ... အခုလဲ ကျွန်တော့်မိတ်ဆွေ ... တိုင်းရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် ... ဆရာမဒေါ်ဝင်းဝင်းဇော် ...က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း ... သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် ... သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"
"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို ... ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ ... ကံကောင်းပြီးရင် ... ကံကောင်းတာပဲဗျို့"
"ဒါနဲ့တစ်ခုလောက်မေးမယ် ... ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး ... အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"
"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ ... အသိမိတ်ဆွေ တစ်ယောက်ကစား ချင်တာစား ... ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက ..."
"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်၊ ယုတ်၊ လွဲမှားပြုဖန်များရင် ... မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး ... ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ ... အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ ... ရောဂါမတိုးချင်သာနေမယ် ... သက်သာပျောက်ကင်းမှာ မဟုတ်ဘူး ... အပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...
"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"
"ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် ... အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ ... အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ၊ ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ ... ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် ... သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ ... နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် ... ထပ်ပြောလိုက်မယ် ... **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် .. အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ .....**"

| | |
|---|---|
| ပင်ရင်း **'ဝင်း'** ဆေးတိုက်<br>ဖုန်း — ၀၁ ၅၉၀၅၇၇ | ဖြန့်ချိရေး — အောင်သိဒ္ဓိဆေးဆိုင်<br>၃/၁၁၁/ဝေဇယန္တာအိမ်ယာ<br>၈/ တောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့<br>ဖုန်း – ၀၅ ၃၃၁၃၃၃၀၀၊ ၀၅ ၅၁၉၈၀၃၃၊ ၀၅ ၃၁၉၅၈၅၅ |

www.burmeseclassic.com

www.burmeseclassic.com

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့
နဂါးရုံဦးတောစာသင်တိုက် ကျောင်းဝင်းရှေ့မှ

# အိပ်မက်အရ ဗုဒ္ဓရုပ်ပွားတော်များ

နှင့် စေတီများ တူးဖော်တွေ့ရှိရသည့် ဖြစ်ရပ်ဆန်း

မြမြဝင်း
(တောင်ငူ)

တောင်ငူမြို့၊ (၆)ရပ်ကွက် နဂါးရုံဘုရားဝင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်းတွင် အိပ်မက်အရ ဗုဒ္ဓရုပ်ပွားတော်များ တူးယူဖူးတွေ့ရသည်ဆိုသော သတင်းကို ကြားသိရပြီး နောက်တစ်နေ့ (၂၃-၄-၂၀၁၃)နေ့ နံနက်၌ စာရေးသူ၏အစ်ကိုကြီး ဦးရဲဝင်းမှ စာရေးသူနေအိမ်သို့ ဆိုင်ကယ်ဖြင့် ရောက်လာပါသည်။


ဦးရဲဝင်းမှ ဤသတင်းကို ကြားသိထားသဖြင့် သွားရောက် သတင်းယူကြရန် ကင်မရာလည်း ပါလာကြောင်း ပြောပါသည်။

ဤသို့ဖြင့် မောင်နှမနှစ်ယောက် (၆)ရက်ကွက် နဂါးရုံဘုရားဝင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်းသို့ ဆိုင်ကယ်ဖြင့် သွားရောက်ကြပါသည်။ နဂါးရုံဘုရားအား ဖူးမြော်ကြည်ညိုကြပြီးနောက် ဗုဒ္ဓရုပ်ပွားတော်များ ဖူးတွေ့လိုကြောင်း နဂါးရုံဘုရားရှိ ဂေါပကလူကြီးထံ မေးမြန်းစုံစမ်းရာ ကျောင်းထိုင်ဆရာတော်ကြီး သီတင်းသုံးသည့် ကျောင်းပေါ်တွင် ကိန်းဝပ်စံပယ်ထားကြောင်း သိရပါသည်။

စာရေးသူတို့ ကျောင်းပေါ်သို့ ရောက်သောအခါ ဆရာတော်ကြီး မရှိသေးသဖြင့် အဒေါ်ကြီးတစ်ဦးမှ သူသိသမျှ ရှင်းပြနေစဉ် ဆရာတော်ကြီးသည် ကားဖြင့် ကျောင်းသို့ ပြန်လည်ကြွရောက်လာပါသည်။

စာရေးသူတို့ မောင်နှမသည် ဆရာတော်ကြီးအား ဝတ်ဖြည့် မိတ်ဆက်ခြင်း မိမိတို့သည် ဗုဒ္ဓရုပ်ပွားတော်များကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် မှတ်တမ်းတင် ကြည်ညိုပူဇော်လိုပါကြောင်း ခွင့်တောင်းရာ ဆရာတော်ကြီးမှ...

'ရေးပါဗျာ... ရေးပါ ဘုန်းဘုန်းက




◆ ကြေးဗုဒ္ဓရုပ်ပွားတော်အား ပုံကြီးချဲ့ထားခြင်း






www.burmeseclassic.com

www.burmeseclassic.com



(၁-၅-၂၀၁၃)နေ့တွင် တူးဖော်ရရှိသော ဓမ္မစေတီ



(၁-၅-၂၀၁၃)နေ့တွင် တူးဖော်ရရှိသော ဓမ္မစေတီ

ရှင်းပြပေးပါမယ်'

ဟု မိန့်ကြားသဖြင့် အောက်ပါအတိုင်း ဆီလျော်စွာ ရေးဖွဲ့ပါသည်။

## အိပ်မက်အရ တူးဖော်ခြင်း

နဂါးရုံ ဇီးတောစာသင်တိုက် ပဓာန နာယက ဆရာတော်ကြီး မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝ(မြို့နယ်သံဃနာယကဥက္ကဋ္ဌ)သည် သာသနာတော်နှစ် ၂၅၅၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း(၁၄)ရက် (၂၅-၃-၂၀၁၃) တနင်္လာနေ့ နံနက်(၃)နာရီခန့်အချိန်၌ အိပ်မက် မြင်မက်ပါသည်။

နတ်သမီးဝတ်စုံ ဝတ်ဆင်ထားပြီး ဦးခေါင်းမှ ဆံပင်ကို အုပ်ဆောင်းဆောင်းထားသော မိန်းမငယ်နှစ်ဦးသည် ဆရာတော်ကြီးထံ လာရောက်ကန်တော့ကြပြီး...

'တပည့်တော်မတို့မှာ သိုက်နန်းရှင် ညီအစ်မဖြစ်ပါတယ် ဘုရား။ တပည့်တော်မတို့အား ကယ်မတော်မူသောအားဖြင့် ကျောင်းရှေ့ပန်းခြံမှာ ဗုဒ္ဓရုပ်ပွားတော်များ တူးဖော်ယူပြီး ကုသိုလ်ကောင်းမှုပြု၍ ထိုကောင်းမှုအဖို့ဘာဂကို တပည့်တော်မတို့အား အမျှပေးဝေပေးပါဘုရား'

ဟု လျှောက်တင်ပြီး ပျောက်သွားပါသည်။

ထိုနေ့ ညနေ(၅)နာရီအချိန်တွင် ဆရာတော်ကြီးသည် ပန်းခြံအတွင်း နဂါးနိုင် ဂမုန်းပန်းအိုးအား ဖယ်ရှားပြီး အမွှေးနံ့သာတိုင်များ ထွန်းညှိ၍ ဆန်မန်းပေါက်ပေါက်များ ကြဲပက်ကာ နှုတ်တော်မှလည်း ရွတ်ဖတ်ရင်း တူးကြည့်ရာ စကျင်ကျောက်ခွက်အား အဖုံးနှင့်အတူ တွေ့ရ၍ ဖွင့်ကြည့်ရာ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော် (၁)ဆူကို စတင် ဖူးတွေ့ရရှိပါသည်။

ဆရာတော်ကြီးသည် ယင်းကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်အား ဘုရားခန်းရှိ အခြား ဗုဒ္ဓရုပ်ပွားတော်များနှင့်အတူ ထားရှိ၍ ၁၃၇၄ခုနှစ်၊ တပေါင်းလပြည့် (၂၆-၃-၂၀၁၃)နေ့က သံဃာတော်ကိုးပါးနှင့် အနေကဇာတင်ခြင်း၊ အမျှအတန်းပေးဝေခြင်းတို့ ပြုလုပ်ပါသည်။

## ကျောက်စာနှင့် ရွှေရုပ်ပွားတော်များ

တပေါင်းလပြည့်ကျော် (၁)ရက် (၂၇-၃-၂၀၁၃)ရက် နေ့လယ်(၁)နာရီတွင် ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတု

www.burmeseclassic.com



◆ ဗုဒ္ဓရုပ်ပွားတော်အား ပုံကြီးချဲ့ထားခြင်း

ဘော်(၁)ဆူ၊ ထိုနေ့ ညနေ(၅)နာရီတွင် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုဘော်(၁)ဆူ ထပ်မံရရှိပြီးနောက် ကျောက်စာကို ထိုကျင်းမှာပင် တွေ့သဖြင့် ဖတ်ကြည့်သည့်အခါ "**ကျောက်စာအောက်၌ သုံးတောင်ခန့်တူး ရွှေဘုရား(၉)ဆူရှိသည် စောနန်းရွှေ**"ဟု ရေးထားကြောင်း တွေ့ရသည်။

ထို့ကြောင့် ကျောက်စာအောက်တည့်တည့် တူးကြည့်သည့်အခါ မြေအိုးသေးသေးနှစ်လုံး ပေါ်လာသည်။ ထိုမြေအိုးသေးသေးတစ်လုံးစီတွင် ရွှေဗုဒ္ဓရုပ်ပွားတော်(၉)ဆူစီရှိသဖြင့် နှစ်အိုးပေါင်း(၁၈)ဆူ ဖြစ်ပါသည်။

ထိုရွှေရုပ်ပွားတော်များအား ရေသပ္ပါယ်ပြီး ယင်းအိုးထဲသို့ ပြန်လည်ထည့်ကြည့်သည့်အခါ တစ်အိုးလျှင် (၉)ဆူစီ ထည့်၍ မဆန့်တော့ကြောင်း တွေ့ရသည်ဟု ရဟန်းတော်တစ်ပါးမှ ရှင်းပြပါသည်။

ရွှေဗုဒ္ဓရုပ်ပွားတော်များမှာ ရပ်တော်မူ ရုပ်ပွားတော် (၃)ဆူ(ဉာဏ်တော်အမြင့် ၂-လက်မ)ခန့်၊ ထိုင်တော်မူရုပ်ပွားတော်များ၊ ကြာပလ္လင်ခံ ရုပ်ပွားတော်များ၊ နဂါးရုံရုပ်ပွားတော် (၁)ဆူ၊ မဟာမြတ်မုနိပုံတူ ရုပ်ပွားတော်များ စသည်ဖြင့် မုဒြာဟန်အသွယ်သွယ်ရှိကြပြီး ဉာဏ်တော်အမြင့်များမှာ (၁)လက်မခွဲခန့်စီရှိမည်ဟု ခန့်မှန်းရပါသည်။

ရွှေဗုဒ္ဓရုပ်ပွား (၁၈)ဆူကို မှန်ကျောင်းဆောင်ထဲတွင် ကျောက်စာနှင့်အတူ ရှေ့တန်း(၉)ဆူ၊ နောက်တန်း(၉)ဆူ ပူဇော်ထားရှိရာ အလယ်တွင်ရှိသော ကြေးဗုဒ္ဓရုပ်ပွားတော် (၁)ဆူတွင် ထူးခြားချက်ရှိကြောင်း ဆရာတော်ကြီးမှ အောက်ပါအတိုင်း အမိန့်ရှိပါသည်။

## အလယ်ရှိ ကြေးဗုဒ္ဓရုပ်ပွားတော်၏ ထူးခြားမှု

ကြေးဗုဒ္ဓရုပ်ပွားတော်မှာ ရွှေဗုဒ္ဓရုပ်ပွားတော်များ၏ အလယ်တွင် စံပယ်တော်မူနေပြီး ဇမ္ဗူပတိချွတ်ခန်း မကိုဋ်တော်အစုံဖြင့် စက္ကူမြွေကို ချလျက် သီတင်းသုံးနေဟန် ဖြစ်ပါသည်။ ဉာဏ်တော်အမြင့်မှာ (၁)လက်မခွဲခန့်ရှိပြီး ဘူမိဖဿမုဒြာဟန် ဖြစ်ပါသည်။

ဆရာတော်ကြီးသည် မြို့နယ် သံဃနာယက ဥက္ကဋ္ဌဖြစ်သဖြင့် ကေတုမတီ တောင်ငူမြို့နန်းတည်နှစ် (၅၀၁)နှစ် အထိမ်းအမှတ်အတွက် မြို့ဝန်းကျင်ရှိ ဘုရားစေတီပုထိုးများကို ပြုပြင်ပြီး ဌာပနာပိတ်ရာ၌ မိမိကျောင်း ဘုရား

www.burmeseclassic.com

ခန်း၌ရှိသော ရှေးဟောင်း ကြေးဗုဒ္ဓရုပ်ပွားတော် (၃)ဆူအား လွှတ်တော်ရုံးအနီးရှိ စေတီ၏ ဌာပနာတိုက်အတွင်း ပူဇော်ရန် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား ပေးအပ်ခဲ့သည်။


ဆရာတော်ကြီးသည် ကျောင်းသို့ပြန်လာပြီး ညနေဘုရားခန်းအတွင်း ဝေယျာဝစ္စများ ပြုလုပ်သောအခါ နံနက်ခင်းက ဘုရားဌာပနာရန် ပေးလှူခဲ့သည့် ရှေးဟောင်း ကြေးဗုဒ္ဓရုပ်ပွားတော် (၃)ဆူအနက် တစ်ဆူမှာ သူ့အလိုလို ကျောင်းဘုရားခန်းသို့ ပြန်လည် ကြွရောက်ကာ သီတင်းသုံးနေတော်မူနေခြင်းကိုအံ့သြစွာတွေ့ရှိရသည်။

ထို့အပြင် ကျောင်းဆောင်မရသေးမီ ယင်း ကြေးဗုဒ္ဓရုပ်ပွားတော်အား ရွှေရုပ်ပွားတော်(၁၈)ဆူ၊ ကျောင်းရှိ အခြားဗုဒ္ဓရုပ်ပွားတော်များနှင့်အတူ ဘုရားခန်း၌ပင်ထားရှိ စံပယ်တော်မူစေရာ တစ်နေ့သ၌ ယင်းကြေးဗုဒ္ဓရုပ်ပွားတော်မှာ ပျောက်နေပြန်သည်။

ထိုအခါ ဆရာတော်ကြီးမှ သိသိချင်း ကိုရင်နှင့် ဦးပဥ္စင်းများအား မေးမြန်းပြီး ဟိုရှာဒီရှာနှင့် ပျာယာခတ်နေကြစဉ် ထိုကြေးဗုဒ္ဓရုပ်ပွားတော်မှာ ဆွမ်းတော်တင်ထားသော ပန်းသီးပေါ်တွင် ကြွမြန်းခဲ့ကာ ကိန်းဝပ် စံပယ်တော်မူနေကြောင်း ထူးခြားစွာ တွေ့ရှိရသည်ဟုဆရာတော်ကြီးမှမိန့်ပါသည်။


## ဗုဒ္ဓရုပ်ပွားဆင်းတုများ ထပ်မံတွေ့ရှိရခြင်း

(၂၅-၃-၂၀၁၃)နေ့နှင့် (၂၇-၃-၂၀၁၃)နေ့များတွင် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်(၃)ဆူ၊ ရွှေဗုဒ္ဓရုပ်ပွားတော်(၁၈)ဆူ ရရှိခဲ့ပြီးနောက် (၂၉-၃-၂၀၁၃)နေ့တွင် အိပ်မက် ထပ်မံပေးသဖြင့် ထိုကျင်းမှာပင် ထပ်မံ တူးဖော်ကြည့်



▲ ကြေးရုပ်ပွားတော်တစ်ဆူနှင့် (၂၇-၃-၂၀၁၃)နေ့က တူးဖော်ရရှိသော ရုပ်ပွားတော်(၁၈)ဆူတို့နှင့် ကျောက်စာ

▼ ကျောက်စာ၊ ကြေးရုပ်ပွားတော်နှင့် (၂၉-၄-၂၀၁၃)နေ့ထိ တူးဖော်ရရှိသော ရွှေရုပ်ပွားတော်(၂၃)ဆူ



သည်။

ပထမ မြေအိုးထဲတွင် စိန်ဗုဒ္ဓရုပ်ပွားတော်(၃)ဆူနှင့် ဒုတိယမြေအိုးထဲတွင် မြရုပ်ပွားတော်(၂)ဆူ တွေ့ရှိရပြီး ယင်းရုပ်ပွားတော်တစ်ဆူစီ၏ ဉာဏ်တော်အမြင့်မှာ (၄)လက်မခန့်ရှိပြီး အလေးချိန် (၁၁)ကျပ်သားခန့် ရှိမည်ဟု ခန့်မှန်းကြပါသည်။ မုဒြာဟန်မှာ ဘူမိဖဿ မုဒြာဟန်ဖြစ်ပါသည်။

ထိုရုပ်ပွားတော်(၅)ဆူ၏ အောက်ခြေ ပလ္လင်တော်၌ ''ယိုးဒယား(ထိုင်း) စာတန်းဟု ယူဆသဖြင့် စာရေးသူအား...

'ယိုးဒယား(ထိုင်း)စာ ဖတ်တတ်လား၊ ဒီစာတန်းကို ဘာသာပြန်နိုင်ရင်တော့ ဘယ်ခေတ်က ရုပ်ပွားတော်တွေလဲဆိုတာ သမိုင်းအထောက်အထားတစ်ခုခုရနိုင်တယ်'

ဟု မိန့်ပါသည်။

(၁၈-၄-၂၀၁၃)နေ့တွင် ရဟန်းတပည့်များနှင့်အတူ ထပ်မံ တူးဖော်ကြည့်ပြန်ရာ မြေအိုးတစ်လုံးဖြင့် ကျောက်စိမ်းရုပ်ပွားတော်(၃)ဆူ ထပ်မံရရှိပါသည်။

မြေအိုးမှာ ဆွေးမြည့်နေ၍ အပိုင်းအစများဖြစ်သွားသဖြင့် သိမ်းဆည်း




www.burmeseclassic.com




(၂၅-၃-၂၀၁၃)မှ (၁၈-၄-၂၀၁၃)နေ့ အထိ တူးဖော်ရရှိသော ကျောက်စိမ်း မြ ဖိုး ရွှေ ရုပ်ပွားတော်များ



ဆုတောင်းပြည့် နဂါးရုံဘုရား



နဂါးရုံ ဝိပဿနာစာသင်တိုက်မုခ်ဦး

မထားနိုင်ကြောင်း သိရှိရပါသည်။ ကျောက်စိမ်း ရုပ်ပွားတော်များ၏ ဥဏှာတော်အမြင့်မှာ (၅)လက်မခန့် ရှိပြီး ဘူမိဖဿမုဒြာဟန် ဖြစ်ပါသည်။

(၂၈-၄-၂၀၁၁)နေ့တွင်ဆရာတော်ကြီးသည် ယခင် တူးပြီးသား နေရာ၌ပင် ဆန်မန်းပေါက်ပေါက်များ ကြဲကာ နှုတ်တော်မှလည်း ရွတ်ဖတ်ပြီး "သိုက်နန်းရှင်တွေ ငါ့ကိုပေးကြဦးဟ"ဟု တောင်း၍ ရဟန်းတပည့်အား ပေါက်ပြားဖြင့် ကော်စေရာ ရွှေဗုဒ္ဓရုပ်ပွားတော် (၅)ဆူနှင့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် (၁)ဆူ၊ စိန်ဗုဒ္ဓရုပ်ပွားတော်(၃)ဆူ ရရှိပါသည်။

ရွှေဗုဒ္ဓရုပ်ပွားတော်(၅)ဆူမှာ အလိုတော်ပြည့် ရုပ်ပွားတော်များဖြစ်ပြီး ဥဏှာတော်အမြင့်မှာ (၁)လက်မခန့် ရှိပါသည်။ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်များ၏ ဥဏှာတော်အမြင့်မှာ (၅) လက်မစီခန့်ရှိပြီး ဘူမိဖဿမုဒြာဟန် များ ဖြစ်ပါသည်။

(၁-၅-၂၀၁၁)နေ့၌ ဆရာတော်ကြီးမှ အထက်ပါအတိုင်း တောင်းသော အခါ ရွှေစေတီ(၁)ဆူ၊ ငွေစေတီ(၁)ဆူ တို့ ထပ်မံ တူးဖော်ရရှိပြန်ပါသည်။ ဥဏှာတော်အမြင့်မှာ (၅)လက်မခန့်စီ ရှိပြီး ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ ဆည်းလည်းတော်များ စသည်ဖြင့် စေတီအင်္ဂါရပ်နှင့် ပြည့်စုံကြောင်း ဖူးတွေ့ရပါသည်။

စိန်ဗုဒ္ဓရုပ်ပွားတော်များမှာ စုစုပေါင်း (၆)ဆူဖြစ်ပြီး (၁)ဆူမှာ ဇမ္ဗူပတိချွတ်ခန်း မကိုဋ်တော်အစုံ ပါရှိသည်။ တူးဖော်ရာ၌ ထိခိုက်မိသဖြင့် ဦးခေါင်းမှ မကိုဋ်တော် ကျိုးသွားသည်ဟု ဆရာတော်ကြီးမှ မိန့်ပါသည်။

စိန်ဗုဒ္ဓရုပ်ပွားတော် (၆)ဆူတို့၏ ဥဏှာတော်အမြင့်မှာ (၅)လက်မခန့်ရှိပြီး ရုပ်ပွားတော်များ၏ လက်ဝဲအတွင်း ဝယ် အလုံးကလေး ရှိနေသည်။


## ဆရာတော်ကြီး၏ ဆန္ဒ

စာရေးသူက ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com





▲ သိုက်စောဟီး ပေါ်တော်မူ ကျောက်စိမ်းဘုရား




နဂါးရုံဆရာတော်ကြီး မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပဏ္ဍိတ ▶

▼ ဗုဒ္ဓရုပ်ပွားတော်များ တူးယူရရှိစဉ်က မကွဲဘဲ ကျန်ရစ်သောအိုးများ



▼ ဆရာတော်ကြီး သီတင်းသုံးသည့် ကျောင်းတိုက်



အား...

'အရှင်ဘုရား ရှေးဟောင်းပေါ်တော်မူ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေဖြစ်တဲ့ ကျောက်စိမ်း(၇)ဆူ၊ စိန်(၆)ဆူ၊ မြ(၂)ဆူ၊ ရွှေ(၂၃)ဆူ၊ စေတီ(၂)ဆူတို့ တူးဖော်ရရှိထားပါပြီ။ ရှေ့ဆက်ပြီး လုပ်ဆောင်မှာလေးနဲ့ ဆရာတော်ကြီးရဲ့ ဆန္ဒကို အမိန့်ရှိပါဦးဘုရား'

ဟု လျှောက်တင်ရာ ဆရာတော်ကြီးမှ...

'ရွှေအိုး၊ ငွေအိုးတော့ မပေးသေးဘူး။ ဘုရားတွေချည်းပဲ ပေးတယ်။ ဒါပေမယ့် ဘုန်းဘုန်းက စိတ်ချမ်းသာတယ်'

'မှန်ပါ့ဘုရား'

'ရွှေရတနာ၊ ငွေရတနာပေးတာထက် ဘုရားရတနာ ပေးတာက ပိုပြီးမြတ်တယ်။ သာသနာတော် အဓွန့်ရှည်ရေးအတွက် အများပြည်သူတွေ ကြည်ညိုနိုင်ကြပြီး တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာမို့ ဘုန်းဘုန်းက ဝမ်းသာပီတိဖြစ်မိတယ်။ ဆရာဒကာ လိုက်ဆက်ညီတယ်ဆိုတာ ကြားဖူးလား



www.burmeseclassic.com


www.burmeseclassic.com



▲ ဆရာတော်ကြီးမှ ဗုဒ္ဓရုပ်ပွားတော်များအကြောင်း ရှင်းပြနေစဉ်



ဗုဒ္ဓရုပ်ပွားတော်များ တူးယူရရှိသော နေရာ ▶



▼ နဂါးရုံ စာသင်တိုက်ကျောင်းအပေါ်ထပ်ရှိ ဘုရားခန်း

'မှန်ပါ့ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်တွေကို ပြောတာပါလား ဘုရား'

'အေး အဲဒီ မမြင်အပ်တဲ့ ဒကာတွေကို ဘုန်းဘုန်းက နေ့စဉ် မေတ္တာပို့ အမျှအတန်းဝေတော့ ဒီပုဂ္ဂိုလ်တွေက ဘုန်းဘုန်းကို အားကိုးကြတာပေါ့ဗျာ'

'မှန်ပါ့ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၈)ရက် (၃-၅-၂၀၁၃) သောကြာနေ့မှာ ဘုန်းဘုန်းရဲ့ ဝိဇာတမွေးနေ့လို့ သိရပါတယ်ဘုရား'

'အေး ဘုန်းဘုန်းရဲ့ သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ ပြည့်တဲ့နေ့မှာ ဒီရုပ်ပွားတော်တွေကို အနေကဇာတင်မယ်။ လာခဲ့ကြဦး။ တရားနာ ရေစက်ချပြီး သိုက်နန်းရှင် ပုဂ္ဂိုလ်များနဲ့တကွ (၃၁)ဘုံမှာရှိတဲ့ သုခိတ၊ ဒုက္ခိတ ဝေနေယျအားလုံးကို အမျှပေးဝေကြရအောင်ပေါ့ဗျာ'

'မှန်ပါ့ လာနိုင်အောင် ကြိုးစားပါမယ် ဘုရား'

'ရှေးဟောင်းပစ္စည်းဆိုတာ ဒီလိုပဲ လက်ဆင့်ကမ်းပြီး ထိန်းသိမ်းကြရမှာဆိုတော့ အများပြည်သူလဲ ဖူးမြော်ကြည်ညိုနိုင်အောင် ဘုန်းဘုန်းကျောင်းတိုက်မှာပဲ ပူဇော်ထားရှိရမှာလေ'

ဟူ၍ မိန့်ပါသည်။

စာရေးသူတို့ မောင်နှမသည် ဆရာတော်ကြီးအား ဝတ်ဖြည့်နှုတ်ဆက် ပြန်ခွင့်တောင်း၍ လိုအပ်သည့် ဓာတ်ပုံများ ရိုက်ယူကာ ပြန်လာခဲ့ကြပါသည်။

စာရှုသူ ဓမ္မမိတ်ဆွေ သူတော်ကောင်းအပေါင်းနှင့် ရှေးဟောင်းသုတေသီများတို့အနေနှင့် ဆရာတော်ကြီး မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍဝ(မြို့နယ် သံဃနာယက ဥက္ကဋ္ဌ)၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် အိပ်မက်အရ တူးဖော်ရရှိသော ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုလိုပါက **တောင်ငူမြို့၊ (၆)ရပ်ကွက်၊ နဂါးရုံဘုရားလမ်းရှိ နဂါးရုံဖီးတောစာသင်တိုက် ကျောင်းပေါ် ဘုရားခန်း၌ ဖူးမြော်ကြည်ညို ပူဇော်နိုင်ပါကြောင်း** ဖိတ်ခေါ်အပ်ပါသည်။

ဤဖြစ်စဉ်အား စိတ်ဝင်စားသဖြင့် အသေးစိတ် သိရှိလိုပါက နဂါးရုံဖီးတော စာသင်တိုက် ဆရာတော်ကြီး၏ ဖုန်းနံပါတ် (၀၅၄-၂၃၄၇၁၊ ၀၅၄-၂၄၇၈၇၊ ၀၉-၅၃၅၀၇၉၀) တို့အား ဆက်သွယ်၍ မေးမြန်းလျှောက်တင်နိုင်ပါကြောင်း။

**[နဂါးရုံ ဖီးတောစာသင်တိုက် ဆရာတော်ကြီးအား ဤစာစုဖြင့် ပူဇော်ကန်တော့အပ်ပါသည်။]**

မြမြဝင်း(တောင်ငူ)

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင် ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)
လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်"

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ တဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"တဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ တိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) တုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ တိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com

ထားဝယ်ဒေသတွင် ထူးခြားကျော်ကြားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်

# တောင်ပွားဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ

မောင်မြမိုး
(ထားဝယ်)



◆ တောင်ပွားဆရာတော်ကြီး ဘဒ္ဒန္တတေဇိန္ဒ၏ ပုံတော်

(မင်းရပ်ချောင်းပရိယတ္တိသာသနာ့ရိပ်သာ)

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက် မင်္ဂလာနံနက်ခင်းတွင် မြို့ထားဝယ် အာကာမိုးတစ်ခွင် ငွေနှင်းမှုန်ဖြူဖွေး ဇာပဝါပါးလွှာဖြင့် လွှမ်းခြုံထားဘိ သကဲ့သို့ ရှိချေ၏။

သီတင်းဝါကျွတ်ကာလ ကထိန်ခင်း၊ ရဟန်းခံ၊ ရှင်ပြု အလှူမင်္ဂလာပွဲများသို့ ကားကြီးကားငယ်တို့ဖြင့် တစ်မျိုး၊ ဆိုင်ကယ်များဖြင့်တစ်ဖုံ ထားဝယ်မြို့ တစ်ခွင် လမ်းမကြီးများပေါ်တွင် ရှုပ်ယှက်ခတ်ကာ မျက်စိနောက်လောက်အောင် သွားလာနေကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

ထားဝယ်မြို့၊ ကရပ်ပြင်ရပ်နေ ဦးယူဝါ+ဒေါ်ဝါဝါမြင့် မိသားစုတို့၏ ကထိန်ခင်း၊ ရဟန်းခံရှင်ပြု မင်္ဂလာပွဲကျင်းပရာ တောင်ပွားကျောင်းကြီးသို့ စာရေးသူ ရောက်ရှိခဲ့သည်။

တောင်ပွားဆရာတော်ကြီး ဘဒ္ဒန္တတေဇိန္ဒ သီတင်းသုံးတရားဘာဝနာကျင့်ကြံ အားထုတ်တော်မူခဲ့သော ကျောင်းကန်၊ ဘုရား၊ စေတီတို့ကို ကြည်ညို ဖူးမြော်လေ့လာမှု ပြုခဲ့ရပေသည်။

**တောင်ပွား ဘုန်းတော်ကြီးကျောင်းသည် ထားဝယ်မြို့မှ (၃)မိုင်ခရီးခန့် ကွာဝေးပြီး ထားဝယ်မြို့နယ် ကျောက်ရပ်ကျေးရွာအုပ်စု ပေါက်တိုင်းရွာတွင် တည်ရှိသည်။**

တောင်ပွားကျောင်း၏ မြောက်ဘက် ပေါက်တိုင်းရွာအနီး အရှေ့ဘက်မှ အနောက်ဘက်သို့ ကွေ့ကောက် စီးဆင်းနေသော ပေါက်တိုင်းချောင်းကြီး ရှိသည်။ ထိုချောင်းကြီးကို အထင်ကရ အသိအမှတ်ပြုကာ ထိုချောင်းအနီးရှိ ရွာကိုလည်း ပေါက်တိုင်းရွာဟု ခေါ်ဆိုမှုပြုလာကြသည်မှာ ယနေ့တိုင်ပင် ဖြစ်ပါ၏။

တောင်ပွားကျောင်းကြီး တည်ရှိရာ





www.burmeseclassic.com

www.burmeseclassic.com



▲ တောင်ပွားကျောင်းဝင်းအတွင်း တည်ရှိသော ဘုရားသိမ်နှင့် သမုတ်သိမ်မြင်ကွင်း

နေရာသည် စပါးတောင်ကြီး၏ မြောက်ဘက် ဆင်ခြေလျှော တောင်ခြေ၌ တောင်ကုန်းကြီး တစ်ကုန်း သီးခြားရှိနေသည်။ ထိုတောင်ကုန်းကြီးပေါ်၌ ဘုန်းတော်ကြီးကျောင်း တည်ရှိခြင်းကြောင့် တောင်ပွားကျောင်းဟု ခေါ်ဆိုကြသည်ဟု ယူဆရသည်။

သားကောင်းသားမြတ်ကို မွေးရသော မိဘများသည် မျက်နှာပန်းလှ ဂုဏ်တက်ကြရသလို သူ၏နောက်ပါး ဆွေမျိုးများလည်း မျက်နှာပန်းလှ ဂုဏ်တက်ကြရပေသည်။

ရှင်သာရိပုတ္တရာ အလောင်း ဥပတိဿ၊ ရှင်မောဂ္ဂလာန်အလောင်း ကောလိတတို့ မွေးဖွားလာသောအခါ မိဘဆွေမျိုးများနှင့် သူတို့၏အမျိုးသားတို့ ဂုဏ်တက်ကြရ၏။ မျက်နှာပန်းလှကြရ၏။

သားကောင်းသားမြတ်တို့၏ လှုပ်ရှားမှု၊ စွမ်းဆောင်မှုတို့ကြောင့် ဗုဒ္ဓ၏ သာသနာတော်တစ်ရပ်လုံး ဂုဏ်မြင့်လာပေသည်။

မြန်မာနိုင်ငံတွင် ကိုယ်ဉာဏ်စွမ်းရည် သတ္တိ၊ နှလုံးရည်ရှိတော်မူသော လယ်တီဆရာတော်ကြီး၊ မန်လည်ဆရာတော်ကြီး၊ သင်္ဂဇာဆရာတော်ကြီး၊ ဗန်းမော်ဆရာတော်ကြီး၊ အရှင်ဇာနကာဘိဝံသ စသောဆရာတော်ကြီးများ ပေါ်ထွန်းခဲ့သောကြောင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများ မျက်နှာပန်းလှ ဂုဏ်တက်ကြရလေသည်။ ဆရာတော်ကြီးများ၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများကို စာပေရေးသား၍ ဖော်ပြကြရ၏။

ထို့အတူ ထားဝယ်ဒေသတွင်လည်း တောင်ပွားဆရာတော်ကြီး ဘဒ္ဒန္တ တေဇိန္ဒသည် လောကုတ္တရာနယ်၌ အားကိုးလောက်သော ပညာရှိကြီးတစ်ပါးအဖြစ် လည်းကောင်း၊ စွမ်းရည်သတ္တိ စုံရှုကာ ဉာဏ်အမြင်ရှိသော ပုဂ္ဂိုလ်ထူးကြီးတစ်ပါးအဖြစ် လည်းကောင်း ထင်ရှား ပေါ်ထွန်းခဲ့ဖူးပါသည်။

ထို့ကြောင့် ပြည်သူ၊ ရှင်၊ လူအများတို့ကလည်း မိမိတို့လူမျိုးနှင့် ဘာသာတို့မှာ လောကီလောကုတ္တရာအရာတို့တွင် ထက်မြက်သော စွမ်းရည်တို့စုံရှုကာ ဉာဏ်အမြင်ရှိသော ပုဂ္ဂိုလ်ထူးကြီးကို တွေ့လိုမြင်လို ဖူးမြော်လိုကြမည်။ ထိုပုဂ္ဂိုလ်၏အကြောင်းအရာ အတ္ထုပ္ပတ္တိများကိုလည်း သိလို လေ့လာလိုကြမည်မှာ ဓမ္မတာဟုပင် ဆိုရပေမည်။

ဘဒ္ဒန္တတေဇိန္ဒမထေရ် လောင်းလျာကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကရပ်ပြင်ရပ်၌ **ကောဇာသက္ကရာဇ် ၁၂၄၆ ခုနှစ်၊ ဝါခေါင်လဆန်း(၁၀)ရက်** စနေနေ့တွင်

www.burmeseclassic.com

ခမည်းတော်ဦးရွှေလူနှင့် မယ်တော် ဒေါ်သွန်းတို့မှ ဖွားမြင်တော်မူသည်။

ငယ်အမည်မှာ မောင်ဘိုးအုန်း ဖြစ်သည်။ မွေးချင်း(၇)ယောက်အနက် စတုတ္ထမြောက် သားရတနာဖြစ်သည်။

မောင်ဘိုးအုန်းသည် အသက်(၁၀) နှစ်အရွယ်မှစ၍ ကရပ်ပြင်ရပ် အစိုးရ မူလတန်းကျောင်းမှာ စတုတ္ထတန်း အထိ ပညာသင်ကြားခဲ့သည်။

ကောဇာသက္ကရာဇ် ၁၂၆၃ ခုနှစ်၊ အသက်(၁၇)နှစ်အရွယ်တွင် ပေါက်တိုင်းရွာ တောင်ပွားဆရာတော် အရှင်ဂုဏာလင်္ကာရာကဝိဇေကို ဥပဇ္ဈာယ် ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိတော်မူသည်။

ရှင်တေဇိန္ဒဟု ဘွဲ့အမည်ရှိ၏။ ရှင်ဝတ်ဖြင့် (၄)နှစ်နေပြီးနောက် ရှင် လူထွက်ကာ မိဘများကို ပြုစု လုပ်ကျွေး၏။

သို့နှင့် လူ့ဘောင်ကို ငြီးငွေ့သဖြင့် သဒ္ဒါပဗ္ဗဇိတ ရဟန်းပြုလို၍ မိဘများ ထံမှာ ခွင့်ပန်ကာ ၁၂၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၂)ရက်နေ့တွင် ကညုံရပ်၊ မြေတိုက်ကျောင်း ခဏ္ဍသိမ်တော်ကြီး၌ ဇလွန်းအရှေ့ကျောင်း ဆရာတော်ကြီး အရှင်ဝဏ္ဏဇေကို ဥပဇ္ဈာယ်ပြု၍ အရှင်တေဇိန္ဒဟူသော ဘွဲ့တော်ကို ခံယူတော်မူကာ ရဟန်းဘဝသို့ ရောက်ရှိတော်မူလေသည်။

ထို့နောက် ပေါက်တိုင်းရွာ တောင်ပွားကျောင်း၊ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက်၊ မန္တလေးမြို့ အနောက်ပြင် မေဃဝတီ တောင်သမန်ကျောင်းတိုက်တို့တွင် အခြေခံသဒ္ဒါ၊ သင်္ဂြိုဟ်မှစ၍ အထက်တန်းပါဠိတော် အဋ္ဌကထာ သင်ရိုးကုန်သည်အထိ ပိဋကတ်ကျမ်းစာတို့ကို သင်ယူတတ်မြောက်လာသည်။

ကောဇာသက္ကရာဇ် ၁၂၈၁ ခုနှစ်တွင် ဇေယျဝတီဆရာတော်ကြီး၏ ခွင့်ပြုချက်ဖြင့် မန္တလေးမြို့သို့ ကြွရောက်ပြီး အနောက်ပြင် မေဃဝတီတောင်သမန်ကျောင်းတိုက်တွင် ဆရာတော် ဦးသုမင်္ဂလထံမှာ (၁)နှစ်တာမျှ ပိဋကတ်စာပေများသင်ကြားပြီးနောက် ဇေယျဝတီကျောင်းတိုက်သို့ ပြန်ကြွလာခဲ့ပေသည်။

ကောဇာသက္ကရာဇ် ၁၂၈၂ ခုနှစ်တွင် တောင်ပွားဆရာတော်၏ စိတ်အကြံဖြစ်တော်မူသည်မှာ ငါသည် ကျမ်းဂန်သာတတ်၍ ဝိပဿနာအကျင့်မပါလျှင် တစ်မိုးကုန်လည်း ကုန်သည်သာ၊ တစ်ဆောင်းကုန်လည်း ကုန်သည်သာ၊ တစ်နွေကုန်လည်း ကုန်သည်သာ လိုရာမရောက် ခရီးမပေါက် ရှိချေတော့မည်။

ရဟန်းဘဝ၏ ရည်ရွယ်ချက်သည် **"သံသရာ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ"**အရ သံသရာဝဋ္ဋဒုက္ခမှ ကျွတ်လွတ်ရန်သာ ရည်ရွယ်ရင်း ရှိပေသည်။

မိမိ၏ဘဝမှ လွတ်မြောက်ရန် မဂ်ဖိုလ်ရရန်သာ ရဟန်းဝတ်ခဲ့သည်ကို နှလုံးသွင်းတော်မူ၍ **ဆရာတော် ဦးသီလထံ ကမ္မဋ္ဌာန်းကို သင်ယူပြီး** ဇေယျဝတီဆရာတော်ဦးသီလ တည်ထောင်ထားခဲ့သော ထားဝယ်မြို့မှ အနောက်ဘက်(၇)မိုင်ခန့် ဝေးကွာသော မင်းရပ်ကမ္မဋ္ဌာန်းချောင်သို့ တောရပ်ခိုလှုံရန် ကြွရောက်တော်မူခဲ့လေသည်။

တောင်ပွားဆရာတော်သည် မင်းရပ်ချောင်တွင် ဝိပဿနာတရားကို အားထုတ်ခြင်း၊ ယောဂီများအား တရားအလုပ်ပေးခြင်း၊ တရားဟောခြင်း၊ တရားစစ်ခြင်းတို့ဖြင့် မိမိ သူတစ်ပါး အကျိုးနှစ်ပါးကို ကျင့်ခဲ့ကြောင်း သိရသည်။

မင်းရပ်ချောင်တွင် တောင်ပွားဆရာတော် အရှင်တေဇိန္ဒ အရှင်ပညာဝံသ(ဦးပဥ္စင်းပို)တို့နှင့်အတူ သမထရော၊ ဝိပဿနာပါ ပူးတွဲလျက် အားထုတ်တော်မူကြသည်။

**(၃)နှစ်တာကာလတိုင်အောင် ဆွမ်းဘောဇဉ်ကို မသုံးဆောင်ဘဲ သစ်ရွက်မျှသာ သုံးဆောင်၍ တရားအားထုတ်သော ပုဂ္ဂိုလ်ထူးလည်းဖြစ်၏။**

တစ်ချိန်က တောင်ပွားဆရာတော် ဘဒ္ဒန္တတေဇိန္ဒနှင့် အရှင်ပညာဝံသတို့ နှစ်ပါးတို့သည် နွေဦးပေါက် ညပိုင်းတွင် တောင်ယာသမားတို့ စွန့်ပစ်ခဲ့သော ကောက်ရိုးပုံပေါ်၌ တရားအားထုတ်နေကြသည်။

ထိုအခါ တရားသဘောအရ တစ်ပါးသည် ကောင်းကင်ပေါ်၌ မျက်စိတစ်ဆုံး မြောက်တက်သွားပြီး ပြန်ကျအလာ နောက်တစ်ပါးလည်း ကောင်းကင်ပေါ်သို့ မျက်စိတစ်ဆုံး မြောက်တက်သွားပြီး ပြန်အကျနှင့် တစ်ညလုံးဖြစ်နေသည်ဟု ဆိုပါသည်။ ထို့ကြောင့် ဆရာတော်နှစ်ပါးအတူတူ တရားထူးရကြသော ပုဂ္ဂိုလ်ထူးများ ဖြစ်သည်ဟု ဆိုကြပေသည်။

ကောဇာသက္ကရာဇ် ၁၂၉၂ ခုနှစ်တွင် လောင်းလုံးမြို့၊ အောင်သပြေကျောင်းသို့ ကြွရောက် သီတင်းသုံးတော်မူသည်။

လောင်းလုံးမြို့၊ အောင်သပြေကျောင်းကို ကျောင်းသစ်ဟူ၍ ခေါ်သည်။ အောင်သပြေကျောင်းသစ်တွင် (၁၂)နှစ်ခန့် သီတင်းသုံးလျက် ရဟန်းသာမဏေ၊ ကျောင်းသားများကို နေ့ညမပြတ်၊ ပရိယတ္တိစာဝါများကို သင်ကြားပို့ချခြင်း၊ တရားစကားဟောကြားခြင်းဖြင့် သာသနာပြုတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်သည် ရဟန်း၊ ကိုရင်၊ ကျောင်းသားများကို ကြမ်းတမ်းသော စကားကိုမဆို၊ မေတ္တာဖြင့်သာ ဆိုဆုံးမ တတ်ပေသည်။ စာပေပို့ချပေးရာ၌ အတော်အတန် မကျန်းမာရုံဖြင့် စာဝါ ကို မရပ်ထားတတ်ပေ။

ဒေါသကြီးသော ကိုယ်တော်ကြီးနှင့် ဉာဏ်အလွန်လေးသော ကိုယ်တော် နှစ်ပါးကို စာဝါပို့ချရာတွင် ဆရာတော်၏ မွန်မြတ်လှသော သည်းခံစိတ်နှင့် သနားကရုဏာစိတ် ရှိခြင်းကြောင့် ချီးကျူးရလေသည်။

ဆရာတော်သည် မိမိ အရေးတွင် အစွယ်ကျိုးသောမြွေကဲ့သို့ သည်းခံ တော်မူသည်။ တောင်ပွားဆရာတော် သည် ဘုန်းတန်ခိုးကြီးမားတော်မူခြင်း၊ ပညာထက်မြက်ခြင်း၊ ဒါယကာ၊ ဒါယိကာမများ ကြည်ညိုလေးစားခြင်း တို့ကို မနာလိုဝန်တို မဇ္ဈေရ ပိုသော ဘုန်းကြီးတစ်ပါးက…

'တောင်ပွားဘုန်းကြီး စာတတ်တယ်ဟု ကျော်ကြားနေတာ ငါ စာမေးချင်တယ်။ သည်းခံနိုင်ပါ့မလား'

ဟု ဒါယကာတစ်ဦးကို လာရောက် လျှောက်ထားစေသည်။

တောင်ပွားဆရာတော်က…

'မသိ၍ မေးလျှင် ဖြေကြားပါမည်။ အနိုင်ရ လို၍ မေးလျှင် ယခုမမေးမီပင် အရှုံးပေး လိုက်သည်'

ဟု ပြန်လည် ဖြေကြားတော်မူ ကြောင်း သိရှိရသည်။

အခါတစ်ပါး၌ ဆရာတော်၏ မင်းရပ်အပြန်ခရီးတွင် ခြေကျင် လျှောက်သည်။ မင်းရပ်ချောင်နှင့် အောင်သပြေကျောင်းသည် (၁၀)မိုင် ခန့် ကွာဝေးသည်။ ဘတ်စ်ကားတစ်စီး လာ၍ ရပ်နိုင်းပြီး ကားပေါ်တက်ထိုင် ပြီးမှ ဆရာတော်က **"ငါ့မှာ ကားခ ပေးရန် ပိုက်ဆံမပါဘူး၊ ကျောင်းသို့ ရောက်မှ ဒါယကာကို ပြောပြီး ပေး ပါမည်"ဟု ပြောသည်ကို** ကားသမား က မနှစ်မြို့သည် မျက်နှာထားဖြင့် ကားခမပါလျှင် မစီးနဲ့ဟု ပြောသဖြင့် ဆရာတော်က…

'အေး…အေး… မင်းတို့က မစီးနဲ့ဆိုလဲ မစီး တော့ပါဘူး'

ဟု ပြောပြီး ပြုံးပြုံးကလေးနှင့်ပင် ကားပေါ်မှ ဆင်းခဲ့ရဖူးကြောင်းလည်း သိရှိရသည်။

ဆရာတော်သည် မြင်းလှည်း၊ နွား လှည်း၊ ဆိုက်ကားတို့ကို မစီး။ ကိုးမိုင်၊ ဆယ်မိုင်ခရီးကို ခြေကျင်လျှောက်သည် သာ များသည်။

ဆရာတော်သည် နဝကမ္မဝတ္ထုငွေ နှင့်ပတ်သက်၍ အလွန်သန့်ရှင်း စင်ကြယ်အောင် နေတော်မူသည်။ ဆရာတော်သည် အနာရောဂါရသော အခါ အလွန်တရာမှ မွေးမြူလွယ် သည်။ ညည်းညူခြင်းမရှိ၊ သည်းခံလေ့ ရှိသည်ဟု ဆိုသည်။

တစ်ခါက အကြီးအကျယ် မကျန်း မမာဖြစ်နေသည့်အခါ ရောဂါပြင်းထန် လွန်း၍ မခံနိုင်သည့်အတွက် စုတ်တစ် ချက် သပ်လိုက်မိသည်။ **"ဒီတစ်ခါ တော့ မခံနိုင်လွန်းလို့ စုတ်တစ်ချက် သပ်မိသွားတာပဲ"**ဟု ပြောဆိုဖူး ကြောင်း သိရသည်။

ဆရာတော်သည် တပေါင်းမင်္ဂလာ တရားတော်နှင့်ညီအောင် နေတတ် ကြောင်း၊ ကျောင်းမှာ ဖျာသင်ဖြူး၊ ခေါင်းအုံး၊ ကော်ဇော၊ စောင်စသည် ဖြင့် သေနာသနအသုံးအဆောင် အပြည့်အစုံရှိပါလျက် မသုံးဆောင်ပါ။ ဖျာပိုင်းကလေးတစ်ချပ်နှင့် သစ်သား ခေါင်းအုံးပေါ်မှာ သင်္ကန်းခပ်မွမွ တစ်ထည်ကို တင်ကာ အိပ်လေ့ရှိ ကြောင်း သိရသည်။

အိပ်ရာနံဘေးတွင် ပိဋကတ်ကျမ်း စာအုပ်များကိုထား၍ အမြဲစာကြည့် လေ့ ရှိသည်။ ဆရာတော်နေသည့် ကျောင်းပေါ်၌ စာအုပ်ဗီရိုနှစ်လုံးနှင့် အာဂန္တုများလာလျှင် အသုံးပြုရန် ဖျာ၊ ခေါင်းအုံး အနည်းငယ်သာ ထားရှိပေ သည်။

အစားအသောက်နှင့် ပတ်သက် သည့်ပစ္စည်း လုံးဝ မထားရှိတတ်



တောင်ပွားဆရာတော်ကြီး ဘဒ္ဒန္တတေဇိန္ဒ
သီတင်းသုံးနေထိုင်ခဲ့သော တောင်ပွားတိုက်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း လေ့လာ မှတ်သားရပါသည်။

သုမင်္ဂလ၊ ဒုမင်္ဂလ စသည်တို့မှ ရသည့် ပစ္စည်းများကို လုံးဝ မသိမ်းဆည်း မသိုမှီးတတ်ပေ။ ကြားကာလ၌ လက်ဖက်ရည်သောက်ခြင်း၊ ခဲဖွယ်ဘုဉ်းပေးခြင်းလည်း မရှိတတ်ပေ၊

ရဟန်းပြုခါစက ပါလာသည့် အရောင်အဆင်း မည်းနေပြီဖြစ်သော သပိတ်အိုကြီးဖြင့် နံနက်ဆွမ်းခံကြွလေ့ရှိကြောင်း၊ အစားအစာဆိုလည်း ရှိသည့် အစားအစာမျှဖြင့် ရောင့်ရဲလွယ်တော်မူသည်။ စပ်သည်၊ ခါးသည်၊ ငန်သည် စသည်ဖြင့် နှုတ်မှ လုံးဝ မထွက်ပေါ်လာတတ်ပါ။

တောင်ပွား ဆရာတော်ကြီးသည် သာသနာ့အရေးအခင်း၊ ဝိနိစ္ဆယအရာတို့တွင် မဇ္ဈိမဋ္ဌာန်ကျကျ ရဲရင့်စွာ ပြောဆို ဆုံးဖြတ်လေ့ရှိသည်။ ဘုရားဟော ပိဋကတ်တော်နှင့် တန်းမတ် ကိုက်ညီနေအောင် ဟောပြောတတ်လေသည်။

တရားဟောသည့် နေရာ၌လည်း မိဘက သားသမီးကို ဆုံးမသလို မေတ္တာကရုဏာ ကြီးမားစွာဖြင့် ဟောပြောတတ်ပေသည်။ မှားယွင်းနေသည့် နေသည့်နေရာမျိုးနှင့် တွေ့ကြုံလျှင် ဒါယကာကို အားမနာတမ်း ဟောပြောပြီး ဆုံးမလေ့ရှိသည်။

၁၃၀၂ ခုနှစ်၊ နွေရာသီအချိန်၌ လောင်းလုံးမြို့နယ်၊ ကမြောကင်းရွာ ရှင်ပြုပွဲတစ်ခုသို့ ဇေယျဝတီဆရာတော် ဦးသီလ၊ တောင်ပွားဆရာတော်နှင့် ကြေးနန်းတိုင် ဆရာတော်အစရှိသည့် ဘုန်းကြီးသုံးပါးအား ပင့်၍ ကြွရောက်တော်မူကြသည်။

ထိုနေ့ညနေတွင် အလှူရှင် ဒါယကာ၏ သားများကို ရှင်ပြုပေးသည်။ ညပိုင်း တရားပွဲများကို တောင်ပွားဆရာတော်က တရားဟောသည်။ ရှင်ပြုသည့် အိမ်သို့ရောက်သောအခါ ဆိုင်းတီးနေကြသည်မှာ ဆူညံနေပါတော့သည်။

ဆရာတော် တရားဟောပလ္လင်ပေါ်သို့ ရောက်လျှင်ပင် ဆိုင်းခဏ ရပ်လိုက်ပါတော့သည်။ သီလပေးပြီး တရားဟောသည်နှင့် တစ်ပြိုင်နက် နစ္စဂီတ သိက္ခာပုဒ်အကြောင်းကို ရဟန်းသာမဏေများနှင့် မလျော်သည့် အကြောင်းကို အပြစ်ပြကာ အကျယ်ဟောလေတော့သည်။ တရားပွဲအပြီး ဆိုင်းသံ နောက်ထပ် မပေါ်လာတော့ပေ။

တရားဟောသည့်နေရာ၌ လာဘ်ကို ငဲ့၍ ဒါယကာကို မြှောက်ပြောလေ့ မရှိ။ ကရားထဲ ရေသွန်သလို အထစ်အငေါ့မရှိ ဟောပြောတတ်ပေသည်။

ဆရာတော်သည် သာသနာ့ အန္တရာယ်နှင့် ကြုံတွေ့လာလျှင် နောက်မဆုတ်၊ ခေါင်းငုံ့မခံတတ်ပါ။ တစ်ခါက ရောင်စုံသူပုန်တို့သည် မင်းရပ်ချောင်မှာ တရားဟောမည်၊ လူစုပေးရမည်ဟု လာပြောသည်ကို ဆရာတော်က…

'ဒီနေရာ နိုင်ငံရေးတရားဟောသည့်နေရာ မဟုတ်၊ လူလဲ မစုပေးနိုင်ဘူး'

ဟု အပြတ်ပြောလိုက်လျှင် ဗိုလ်လုပ်သူက တောက်တခေါက်ခေါက်နှင့် ပြန်သွားသည်ဟုလည်း သိရှိရသည်။

ကောဇာသက္ကရာဇ် ၁၃၀၃ ခုနှစ်တွင် ထားဝယ်မြို့သို့ ဖက်ဆစ်ဂျပန် ဝင်ရောက်လာသည်။ ထိုအချိန်၌ ဇေယျဝတီ ဆရာတော်ကြီးဦးသီလသည် နောက်ပါ သံဃာတော်များနှင့်အတူ လောင်းလုံးမြို့ အောင်သပြေကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးခဲ့သည်။

ထိုအခါ ဇေယျဝတီဆရာတော်ကြီးအား အရှင်တေဇိန္ဒသည် အောင်သပြေကျောင်းကို ဂရုဘာဏ်၊ လဟုဘာဏ်နှင့် တကွ လှူဒါန်းလိုက်လေသည်။

အောင်သပြေကျောင်း၌ (၁၂)နှစ်ခန့် သီတင်းသုံးပြီးနောက် အရှင်တေဇိန္ဒသည် ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက်သို့ ခေတ္တရောက်ရှိ နေထိုင်သီတင်းသုံးတော်မူသည်။

အရှင်တေဇိန္ဒသည် ဇေယျဝတီကျောင်းတိုက်၌ နှစ်အတော်ကြာ သီတင်းသုံးတော်မူပြီးနောက် မင်းရပ်ချောင်သို့ နောက်ထပ်တစ်ဖန် ကြွရောက် အားထုတ်တော်မူလေသည်။

ထိုအခါ၌ မင်းရပ်ချောင်တွင် တရားအားထုတ်ဘက်ဖြစ်သူ မြိတ်ဘုန်းတော်ကြီးအရှင်နန္ဒိယလည်း ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

တောင်ပွား ဆရာတော်ကြီးသည် မင်းရပ်ချောင်တွင် သမဏဓမ္မကို အားထုတ်တော်မူနေစဉ်အခါ၌ **ဆွမ်းခံနိစ္စဘတ်ဝတ်ဖြင့် ကောသနိကဓုတင်၊ ပတ္တပိဏ်ဓုတင်၊ တိစီဝရိက်ဓုတင်တို့ကို ကျင့်ဆောင်လျက် နေ့ရောညပါ မနေမနား ကြိုးစားအားထုတ်တော်မူသည်။**

တောင်ပွား ဆရာတော်ကြီးသည် မင်းရပ်ချောင်တွင် (၁၄)နှစ်တာ သီတင်းသုံးနေထိုင်ခဲ့သည်။

ထို့နောက် ကောဇာသက္ကရာဇ် ၁၃၁၇ ခုနှစ်တွင် ဇေယျဝတီဆရာတော်ကြီးဦးသီလ မကျန်းမမာ ဇရာဒုဗ္ဗလ ဖြစ်လာသောကြောင့် ဂိလာနုပဋ္ဌာက အနေဖြင့် ဆရာတော်ကြီးအား စောင့်ရှောက်ပြုစုရန် မင်းရပ်ချောင်မှ ဇေယျဝတီကျောင်းတိုက်သို့ ကြွရောက်တော်မူပြန်လေသည်။

ကောဇာသက္ကရာဇ် ၁၃၁၇ ခုနှစ်၊ တပေါင်းလတွင် ဇေယျဝတီကျောင်းတိုက်၌ ကျင်းပသော ကူးတို့ဂိုဏ်း

www.burmeseclassic.com



တောင်ပွားဆရာတော်ကြီးဘဒ္ဒန္တတေဇိန္ဒ သီတင်းသုံးနေထိုင်ခဲ့သော ဇေယျဝတီကျောင်းတိုက်

သံဃာတော်များ အစည်းအဝေး၌ သီလ၊ သိက္ခာ၊ ပညာကြီးမားသော တောင်ပွားဆရာတော်ကြီးအား ဂဏနာယက ဆရာတော်အဖြစ် သမ္မုတိ ရောက် တင်မြှောက်တော်မူကြသည်။

ကောဇာသက္ကရာဇ် ၁၃၁၉ ခုနှစ်၊ ကဆုန်လဆုတ်(၁၄)ရက် ညနေ(၆) နာရီအချိန်တွင် ပထမဇေယျဝတီ ဆရာတော်ကြီးဦးသီလ ပျံလွန်တော်မူသည်။ ထို့နောက် တောင်ပွားဆရာတော်ကြီးအား ဇေယျဝတီပဋ္ဌိပတ္တိစာသင်တိုက်ကြီး၏ တိုက်အုပ် ဆရာတော်အဖြစ်လည်းကောင်း တင်မြှောက်ခြင်းခံရတော်မူကြောင်း လေ့လာ သိရှိရသည်။

တောင်ပွား ဆရာတော်ကြီးသည် ဇေယျဝတီကျောင်းတိုက်ကြီး၏ ပရိယတ်၊ ပဋိပတ် သာသနာနှစ်ရပ်တို့ကို စောင့်ရှောက်တော်မူလေသည်။

အရှင်တေဇိန္ဒ၏ ထူးခြားချက်မှာ ဆရာသမားများ၏ ဩဝါဒကို မဆန့်ကျင်စေဘဲ ကျောင်းတိုက်၏ စည်းကမ်းဥပဒေကို ရှိသေလိုက်နာကာ ဝိနည်းသိက္ခာပုဒ်ကို အထူးလေးစားလျက် နေထိုင်တတ်ခြင်းပင် ဖြစ်လေသည်။

တောင်ပွား ဆရာတော်ကြီးသည် မင်းရပ်ချောင်၌ ပထမအကြိမ် (၁၁)နှစ်၊ ဒုတိယအကြိမ်(၁၄)နှစ်၊ ပဋိပတ္တိတာဝန်ကို ထမ်းဆောင်ခဲ့ခြင်း၊ တတိယအကြိမ် ဇေယျဝတီပဋ္ဌိပတ္တိရိပ်သာ၌ (၁၁)နှစ် ပဋိပတ္တိသာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ခြင်း...

ဤသို့ ဇေယျဝတီပဋ္ဌိပတ္တိရိပ်သာနှင့် မင်းရပ်ချောင်နှစ်ဌာနတို့တွင် ပဋိပတ္တိသာသနာ့တာဝန် ထမ်းဆောင်ခဲ့သဖြင့် ဝိပဿနာအရာတွင် ပါရဂူမြောက်သော ပုဂ္ဂိုလ်ထူးကြီးတစ်ပါး ဖြစ်ခဲ့ပေသည်။

၁၃၂၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၅)ရက်နေ့တွင် ရန်ကုန်မြို့သို့ ခေတ္တရောက်ရှိနေသော ဦးအရိန္ဒမထံ ဆရာတော်ကြီး ပေးလိုက်သောစာမှာ **"ငါမရှိတဲ့နောက် ငါ့နေရာမှာ တရားပြဖို့ ဦးပဥ္စင်းလူစီတစ်ပါး ရှိသေးတယ်"**ဟုအမိန့်ရှိသည်ဟုသိရှိရသည်။

ဆရာတော် မိန့်ခဲ့သည့်အတိုင်းပင် ဦးပဥ္စင်းလူစီ(ဦးအရိန္ဒမ)သည် ဇေယျဝတီပဋ္ဌိပတ္တိရိပ်သာ၌ ဝိပဿနာတရားများကို ဟောပြောသော နည်းပြဆရာတော် ဖြစ်လာပါသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အထက်ပါ မိန့်ဆိုခဲ့သော အချက်သည် ထူးခြားချက်တစ်ခုဟု ဆိုရပေမည်။

တောင်ပွား ဆရာတော်ကြီးသည် ထားဝယ်ဒေသတွင် လောကုတ္တရာနယ်ပယ်၌ ပညာရှိကြီးတစ်ပါး ဖြစ်တော်မူခဲ့ပေသည်။ စွမ်းရည် စူးရှလှသော ဉာဏ်အမြင်ရှိသော ပုဂ္ဂိုလ်ထူးကြီးတစ်ပါးအဖြစ် ဆိုကြပေသည်။

ဆရာတော်ကြီးသည် **"ငါ ပျံလွန်တော်မူလျှင် လူကို မသိစေရ"**ဟူ၍ တစ်ခါက အမိန့်ရှိဖူးသည်။

၁၃၂၈ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၁၅)ရက်နေ့မှာပင် ညနေ(၄) နာရီအချိန်တွင် သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၅၅)ဝါမှာ တောင်ပွားဆရာတော်ကြီး ဘဒ္ဒန္တတေဇိန္ဒ ပျံလွန်တော်မူသည်။

**ဆရာတော်ကြီး၊ ပျံလွန်တော်မူသည်ကို တစ်ခါက အမိန့်ရှိသည့်အတိုင်းပင် တစ်ယောက်မျှ မသိလိုက်ကြပေ။**

လူသာ သေပါစေ၊ ဂုဏ်မသေစေရ အဆိုရှိသကဲ့သို့ ဆရာတော်ကြီး ဘဒ္ဒန္တတေဇိန္ဒ၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တည်းဟူသော ပန်းပွင့်တို့သည် ထားဝယ်ဒေသတွင် လန်းဆန်းနေဆဲ၊ မွှေးရနံ့ သင်းပျံ့ ကြိုင်လှိုင်နေဆဲပင် ရှိနေပါတော့သည်။

***သတ္တဝါဝေနေယျအပေါင်း၊ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။***

**မောင်မောင်စိုး(*ထားဝယ်*)**

ကိုးကားချက်

၁။ ထားဝယ်မြို့၊ ဇေယျဝတီကျောင်းတိုက် (စိန်ရတုသဘင် အထိမ်းအမှတ် စာစောင် ၁၉၈၃ ခုနှစ်၊ ဒီဇင်ဘာလ)

၂။ သာသနာ့တံခွန်၊ ထားဝယ်ထေရ်မွန်များ မောင်သန်းဆွေ(ထားဝယ်)

၃။ မင်းရပ်ချောင်၊ ပဋိပတ္တိသာသနာ့ရိပ်သာနှစ်(၈၀)ပြည့် အထိမ်းအမှတ်စာစောင်

၄။ ကိုယ်တိုင် သွားရောက်လေ့လာ၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခြင်း။

(၁-၁၁-၂၀၀၃)

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါမလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီး စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ။ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ။ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'


'ဪသည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အသွားလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျလေလဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'

www.burmeseclassic.com






'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နဲ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိအာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီမသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ်ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူနိုး အပုပ်နိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေတဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေးဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်းဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေမှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော်ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် ''စကြာမင်း မျက်စိကြည် အကြောပြေဆေး''ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

မင်ရင်း–မြန့်ခိုဒရေး
စကြာမင်း
တိုင်းရင်းဆေးတိုက်
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး
သဗ္ဗညုမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၁၂၅၄၀

www.burmeseclassic.com

www.burmeseclassic.com



◆ သုဝဏ္ဏသျှမ်တောင်ထိပ်ပေါ်က သံလုကာရှိသော ကျောက်ချပ်ကြီး

သံလွင်မြစ်ကမ်းအရှေ့ခြမ်း သုဝဏ္ဏသျှမ်တောင်တန်းက

# မဟာဗောဓိမြိုင်ဆရာတော်ကြီး တရားတွေရှာမှီးရာ

နေရာမြတ်မဟာသို့ ပူဇော်မှုခရီး (၁)

ဘဂကာသ (သာစည်)

သာစည်မြို့နယ်ထဲရှိတဲ့ ဖဝင်းကျေးရွာလေးက မဟာဗောဓိမြိုင်ဆရာတော်ကြီး ကနဦး စတောထွက်လာရာ ရွှေကျောင်းကုန်းတောင် သာသနာ ဂေါစရဂါမ်ရွာတွေမှာ ပါ,ပါတယ်။

ဒီရွာ နေ,နေတဲ့ စာရေးသူ မိတ်ဆွေကြီး ဦးဟံညွန့်က ရွှေကျောင်းကုန်းတောင် သာသနာဂေါပကအဖွဲ့ဝင်တစ်ယောက်ပါ။ ဒါနဲ့ မဟာဗောဓိမြိုင်ဆရာတော်ကြီးကိုများ သွားရောက်ဖူးကြရင် ပြောပါဦး ခေါ်ပါဦးဆိုပြီး မှာထားရပါတယ်။

ဒီလိုနဲ့ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့က မဟာမြိုင်တောကြီးဆီသွားပြီး ဆရာတော်ကြီးကို ဖူးမြော်စဉ်က တစ်ခေါက် ရောက်ခဲ့ပါသေးတယ်။ အားပါးတရကြီးကိုပဲ ဖူးမြော်ဦးခိုက်ခဲ့ရပါတယ်။ အခုလဲ ၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း(၉)ရက်နေ့ နေ့လယ်က မိတ်ဆွေကြီး ဦးဟံညွန့်ဆီက ဖုန်းဝင်လာပါတယ်။

'မဟာဗောဓိမြိုင် ဆရာတော်ကြီး သီတင်းသုံးခဲ့တဲ့ သုဝဏ္ဏသျှမ်တောင်ကို သန်ဘက်ခါ မနက်စောစော ဒီကနေ ကားထွက်မယ်။ ခင်ဗျားကို ရောက်ဖူးအောင် လိုက်စေချင်တယ်။ မနက်ဖြန်ည ကျုပ်အိမ်လာပြီး အိပ်ပေါ့ဗျ။

www.burmeseclassic.com



◆ မဟာဂေါဓိမြိုင်ဆရာတော်ကြီး
သီတင်းသုံးခဲ့သော ဘုန်းတော်ပြည့်မှ သန္တိသုခကျောင်း



မဟာဂေါဓိမြိုင်ကျောင်းအနီးမှ ပြိုပျက်နေပြီဖြစ်သော ဓီတင်းကုပ် ◆

ရွှေကျောင်းကုန်းတောင် ဆရာတော် ဦးပြဉ္ဉာသလဲ အဲဒီမှာ ဝါဆိုနေတယ်လေ။ ဆန်၊ ဆီ၊ ခဲဖွယ်ဘောဇဉ်လေးတွေ လှူရင်း ဆရာတော်ကြီး သာသနာပြုခဲ့တဲ့ နေရာတွေကိုလဲ ဦးခိုက်ပူဇော်ရင်းပေါ့ဗျာ'

တဲ့။ စာရေးသူလဲ ဆရာတော်ကြီးနဲ့ ပတ်သက်ရင် နှစ်ခါမပြောရပါဘူး။ ဝါခေါင်လဆန်း (၁၀)ရက်နေ့ညက ဖဝင်းရွာ ဦးဟံညွန့်အိမ်ကို ညအိပ်သွားပါတယ်။ နောက်တစ်နေ့ မနက်စောစော (၆)နာရီကျတော့ စတင်ပြီး ခရီးထွက်ခဲ့ပါတော့တယ်။

ကားက မြိုင်သာရွာ အုပ်ချုပ်ရေးမှူး ကိုဇော်ဝင်းတင်ရဲ့ ၃၄.၆၃၃၀ လိုက်ထရပ်လေးပါ။ သူလဲပဲ ရွှေကျောင်းကုန်းတောင်သာသနာ ဆရာတော့်ဒကာရင်း ဖြစ်ပါတယ်။ ဂေါစရဂါမ်ရွာတွေဖြစ်တဲ့ အုတ်တွင်း၊ ဖဝင်း၊ မြိုင်သာ၊ သာယာကုန်းက ဒကာတွေနဲ့ စာရေးသူပါဆို (၁၇)ယောက် ပါလာကြပါတယ်။

စာရေးသူတို့ ကားလေးက တောင်အထပ်ထပ် တောအရပ်ရပ်ကို ဖြတ်ကျော်ပြီး မြို့ရွာတွေကို ထားခဲ့ကာ တရိပ်ရိပ် ပြေးသွားနေပါတယ်။ ဓာတ်ဆီကားဖြစ်ပြီး ဓာတ်ဆီနဲ့ မခံနိုင်တဲ့ ကိုလှလွန်းနဲ့ ဒိပြင်တစ်ယောက်ကလဲ တဝေါ့ဝေါ့နဲ့ တစ်လမ်းလုံးလို အန်လိုက်ကြတာ မပြောပါနဲ့တော့။ အောင်ပန်းမြို့ကို မနက်(၁၁)နာရီ ဝင်လာပြီး ထမင်းစားကာ ခေတ္တနားနေကြပါတယ်။

မြို့ရွာတွေက တစ်ဆက်တည်းလို ချည်း ဖြစ်နေကုန်ပါပြီ။ တောင်ကြီးကို ရောက်တော့ စဝ်စံထွန်းဈေးနားက အုတ်တွင်းရွာ ဇာတိသားဖြစ်တဲ့ ကိုမောင်ဆန်းတိုက် ခဏဝင်ကြပါသေးတယ်။ ဆရာတော့်အတွက် လှူဖွယ်ပစ္စည်း ပါးလိုက်ဖို့နဲ့ ကိုယ့်အရပ်သားတွေကို ကိုမောင်ဆန်းတို့ မိသားစုက ကြိုကြိုက်တုန်း ညှော်ခံချင်တာရယ်ကြောင့်ပါ။

တောင်ကြီးဈေးကြီးနား ရောက်တော့လဲ သာယာကုန်း ကိုအောင်မြိုင်က ဆရာတော့်အတွက် စတီးဗီရိုတစ်လုံး ဆင်းဝယ်ပါတယ်။ သံသေတ္တာ၊ အသုံးအဆောင် ပစ္စည်းလေးတွေ ဝယ်ကြရင်းနဲ့ အတော်ကြာသွားပါတယ်။ တချို့လဲ လက်ဖက်ဘူးလေးတွေ ဝယ်လာကြပြီး ကားသွားရင်း အိပ်ချင်ပြေတသွက်သွက် စားလာကြပါတယ်။

တောင်ကြီးကနေ ထွက်လာပြီး မကြာမီ ဟိုပုန်းကို ရောက်လာပါတယ်။ ဟိုပုန်းမြို့အလွန် (၁၂)မိုင်အကွာမှာတော့ လက်ဝဲဘက်မှာ ထန်စမ်းသဘာဝလိုဏ်ဂူကို တွေ့ရပါတယ်။ အနယ်နယ် အရပ်ရပ်က လာကြတဲ့ ကားကြီးကားငယ်တွေနဲ့ စိုစိုပြည်ပြည် ရှိလှပါတယ်။

မိုင်းပွန်မြို့ အဝင်တံတားက တောင်တန်းများ နောက်ခံအလှနဲ့ ဆေးရေးပန်းချီကားတစ်ချပ်လို ရှိနေပါတယ်။ တောင်ကြီးမြို့ကနေ (၃၈)မိုင်ကွာဝေးပြီး သာယာလှပ တင့်မောလှတဲ့ မြို့လေး တစ်မြို့ပါ။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ အာဇာနည်ခေါင်းဆောင်ကြီး (၉)ဦးထဲမှာပါတဲ့ စော်ဘွားကြီး စဝ်စံထွန်းနေထိုင်ရာမြို့လဲ ဖြစ်နေပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



▲ သုဝဏ္ဏသျှမ်တောင်မှ ဆရာတော်ကြီး
သီတင်းသုံးတော်မူခဲ့သော မဟာဗောဓိမြိုင်ကျောင်း

ရှမ်းပြည်နယ် ဒေသထွက်ကုန်တွေက သနပ်ဖက်၊ လက်ဖက်၊ ရာဘာ၊ သစ်တော်သီး၊ ပန်းသီး၊ လိမ္မော်သီး၊ စတော်ဘယ်ရီ၊ ဂေါ်ရခါး၊ ခရမ်းချဉ်သီး၊ အာလူး၊ မြေပဲ အစရှိပြီး စိုက်ပျိုးကြပါတယ်။ သနပ်ဖက်ခြံတွေကိုတော့ လမ်းဘေးတစ်လျှောက် ကြိုးကြားကြိုးကြား တွေ့နေရပါတယ်။ အခုအချိန်ကျမှ ဖူးပွင့်ဝေဆာနေတဲ့ နှမ်းခင်းတွေကိုလဲ တစ်မျှော်တစ်ခေါ် မြင်နေရပါတယ်။

နမ့်စန်မြို့ကို ရောက်တော့ မိုးချုပ်နေပါပြီ။ တစ်မြို့လုံး လျှပ်စစ်မီးတွေ ထိန်ထိန်ညီးနေပါတယ်။ စာရေးသူနဲ့ ဦးဟံညွန့်၊ ကိုလှလွန်းတို့က ဝါတွင်း သုံးလပတ်လုံး ဥပုသ်ယူထားကြတာဖြစ်လို့ ကျန်သူတွေ ညစာ ထမင်းစားကြပါတယ်။ မိုးကလဲ ပြက်တိပြတ်တောင်းနဲ့ တစိမ့်စိမ့် ရွာနေပါလေရဲ့။

အမှန်တော့ နမ့်စန်မှာ ကားနားပြီး ညအိပ်ဖို့ပါပဲ။ သုဝဏ္ဏသျှမ်က ကိုကျော်လွင်လဲ ကွန်ဟိန်းကိုလာပြီး ကြိုနေတယ်လို့ ဖုန်းအဆက်အသွယ် ရပါတယ်။ နိုင်ငံရေး ရာသီဥတု ကောင်းတယ်။ ကွန်ဟိန်းကျမှ အိပ်ကြပါဆိုတာနဲ့ တောက်လျှောက် မောင်းလာရာ ကွန်ဟိန်းမြို့ကို ည(၉)နာရီထိုးပြီးချိန်မှာ ရောက်ပါတယ်။

ကွန်ဟိန်းမြို့အဝင်က ကိုကျော်လွင် ဓာတ်မီးတကိုင်ကိုင်နဲ့ စောင့်နေပြီး လက်ယာဘက်ခြံကျယ်ထဲကို ကားကွေ့ဝင်ကာ ရပ်နားသွားပါတယ်။ မဟာဗောဓိမြိုင် ဆရာတော်ကြီး ဒကာရင်းဖြစ်တဲ့ ဦးပေါလှိုင်၊ ဒေါ်ဒွေးဒွေးရီတို့ရဲ့မိသားစုခြံ ဖြစ်ပါတယ်။ တည်းခိုအိပ်စက်ဖို့နေရာ သန့်စင်ခန်းများစွာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ရှိပါတယ်။

ခြံဝိုင်းအဝင် ဖြတ်ကူးတံတားအောက်ကလဲ တဝေါဝေါ ရေစီးနေတဲ့ ချောင်းငယ်လေးရှိပြီး လျှပ်စစ်ထုတ်ထားလို့ မီးရောင် ထိန်ထိန်ပြောင်နေပါတယ်။ ခရီးကပန်း မိုးကလဲ မနားတမ်း ရွာနေတာမို့ ခေါင်းချလိုက်တာနဲ့ပဲ တစ်ခါတည်း အိပ်ပျော်သွားပါလေတယ်။

ဝါခေါင်လဆန်း(၁၂)ရက်နေ့ မနက်စောစောကို ဒီခြံမှာပဲ ဦးပေါလှိုင်ရဲ့ သားသမီးများက သဒ္ဓါတရားကောင်းကောင်းနဲ့ ညှော်ခံပါတယ်။ ကွဲကွာနေကြတဲ့ ဆွေမျိုးရင်းချာတွေ ခုမှ ရုတ်တရက် ပြန်တွေ့လိုက်ရသလိုမျိုး အူယားဖားယားနဲ့ ဝမ်းသာအယ်လဲ ရှိကြပါတယ်။

ဦးပေါလှိုင်+ဒေါ်ဒွေးဒွေးရီတို့ နေတဲ့ အိမ်က ကွန်ဟိန်းမြို့ထဲမှာပါ။ မြို့ထဲကို ရောက်တော့ အိမ်က လမ်းဘေး လက်ယာဘက်မှာတင်ဖြစ်လို့ အိမ်ရှေ့ကားရပ်ပြီး ဝင်ရောက်နှုတ်ဆက်ကြပါတယ်။

ဦးပေါလှိုင်က အိန္ဒိယနွယ်ဖွားလိုလိုတူပြီး ဇာတိက နေပြည်တော် ပျဉ်းမနား လယ်ဝေးဘက်ကပါတဲ့။ ဒေါ်ဒွေးဒွေးရီကတော့ ဖြူသန့်သန့်ရှိပြီး သာစည်မြို့နယ်၊ မရွှေးရွာကလို့ ပြောပါတယ်။

ဆရာတော်ကြီး ကနဦး တောထွက်လာရာဖြစ်တဲ့ သာစည်ရွှေကျောင်းကုန်းတောင်ကနေ ၁၃၅၃ ခုနှစ်၊ ကဆုန်လဆန်း(၆)ရက်နေ့က ကြွချီတော်မူသွားတာ ဒီကနေ့အထိတိုင်အောင်ပါပဲ။

ပျဉ်းမနား လက်လုပ်တောင်ကို ကြွသွားတော်မူရာ ရှမ်းပြည်နယ်အရှေ့ပိုင်း သုဝဏ္ဏသျှမ်တောင်ကို ၁၃၅၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁)ရက်နေ့မှာ ရောက်ရှိပြီး သီတင်းသုံးတော်မူပါတယ်။

သုဝဏ္ဏသျှမ်တောင်ကို ဆရာတော်ကြီး ကြွလာတော့ ကွန်ဟိန်းမှာ ညအိပ်ရပ်နားကြပါတယ်။ ဦးပေါလှိုင်တို့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ဝင်ရောက်တည်းခိုကာ ဆရာတော်ကြီးနဲ့ ဦးပေါလှိုင်တို့ မိသားစု ရှေးက ပဋ္ဌာန်းဆက် ရှိခဲ့လို့လားတော့မသိ။ ခင်မင်ကျွမ်းဝင်သွားကြပါတယ်။

ဆရာတော်ကြီး ကြွမလာခင်က အိပ်မက်ထဲမှာ တထေရာ[illegible]တူတဲ့ ဆရာတော်ကြီးကို ဖူးမြော်ရတယ်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



▲မဟာဗောဓိမြိုင်ဆရာတော်ကြီး တည်းခိုကျိန်းစက်သွားသော ကွန်ဟိန်းဦးပေါလ်နေအိမ်

အထူးကြည်ညိုနေကြတာပါ။ ဒေါ်ဌေးဌေးရီကဆို စာရေးသူကို အိမ်အပေါ်ထပ်ခေါ်သွားပြီး ဆရာတော်ကြီး သုံးညကျိန်းသွားတဲ့ နေရာကို လိုက်လံပြပါတယ်။

'ဆရာတော်ကြီး သီတင်းသုံး ကျိန်းစက်သွားတဲ့ နေရာဖြစ်လို့ အမြတ်တနိုးနဲ့ မူလအတိုင်းပဲ ထားတာပါ။ အိမ်ဆောက်တာတောင် ဒီအိမ်ကို မဖျက်ချင်တာနဲ့ အသစ်ထပ်ဆောက်လိုက်တာပါ'

လို့ ပြောပြီး အိမ်ချင်းကပ်လျက်က တိုက်သစ်ကြီးကို လက်ညှိုးထိုးပြပါသေးတယ်။

ဦးပေါလ်လှိုင်ကလဲ...

'ကျွန်တော်တို့က ဆရာတော်ကြီးကိုမှ ကိုးကွယ်တာ မဟုတ်ပါဘူး။ ဆရာတော်ကြီးတပည့် ဆရာတော် ဦးဩဘာသကိုလဲ ကိုးကွယ်တာပါ။

ဆရာတော်ကြီးနဲ့ ပတ်သက်တဲ့ ဧည့်သည်မှန်သမျှကို ဧည့်ခံနေရတာလဲ ဆရာတော်ကြီးကို လှူနေရတာပဲလို့ သဘောထားပါတယ်'

လို့ အားပါးတရ ပြောပါတယ်။

ကွန်ဟိန်းမြို့က ဦးပေါလ်လှိုင်တို့ မိသားစုကို နှုတ်ဆက်ပြီး မနက်(၈)နာရီထိုးပြီးမှာ ထွက်လာကြပါတယ်။ မြို့အထွက် တံတားပေါ်ဖြတ်ရင်း တောတောင် သဘာဝ ရှုခင်းအလှများကို တဝတပြဲကြီး ခံစားလိုက်ရပါတယ်။

မဟာဗောဓိမြိုင် ဆရာတော်ကြီးကို သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးဖြာနဲ့ ပြည့်စုံနေတာဖြစ်လို့ လူတိုင်းက သိရှိပြီး ပူဇော်နေကြတာပါ။

တကယ်ဆိုတော့ ဆရာတော်ကြီး **၁၃၄၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၄)ရက်နေ့မှာ ရန်ကုန် သဃ်န်းကျွန်း ဘောက်ထော် သာသနာ့ဗိမာန်ကျောင်းက တောထွက်ခရီး စလာခဲ့တာပါ။** သာစည်ရွှေကျောင်းကုန်းတောင်ကို ရောက်ရှိပြီး သီတင်းသုံးတော်မူရာကနေ ထင်ရှားလာတာ ဖြစ်ပါတယ်။

တောလုံးပတ်လည် လှည့်လည်ပြီး သီတင်းသုံးတော်မူတဲ့ ဆရာတော်ကြီးက သုဝဏ္ဏသျှမ်တောင်တော်ကို ရောက်တော့လဲ သာသနာ့ပန္နက် ထုန္နက်ခဲ့ပါသေးတယ်။ အထင်ရှားဆုံးကတော့ လားဟူ၊ လီရှော တိုင်းရင်းသားတွေကို ၁၃၄၅ ခုနှစ်၊ တပေါင်းလပြည့်နေ့မှာ ဗုဒ္ဓဘာသာ ခံယူစေခဲ့တာပါပဲ။

ရွာပေါင်း(၂၆)ရွာက လူပေါင်းနှစ်ထောင်ကျော်တို့ ဗုဒ္ဓဘာသာအဖြစ် ခံယူခဲ့ကြတာပါ။ ဗုဒ္ဓဘာသာဖြစ်ပြီးတဲ့ ရှမ်း,ပလောင် တိုင်းရင်းသားတွေ၊ ဗုဒ္ဓဘာသာကို အခုမှ ခံယူကြတဲ့ လားဟူ၊ လီရှော ဗုဒ္ဓဘာသာခံယူပွဲကြီးက စည်ကားသိုက်မြိုက်လှပါတယ်။

ဘုရားရှင်အလိုကျ ဝနဝါသီ တောရပ်မှီပြီး ကြွတော်မူလေ့ရှိတဲ့ ဆရာတော်ကြီးက သုဝဏ္ဏသျှမ်တောင်မှာလဲ သံယောဇဉ်တွယ်ငြိပြီး မနေပါဘူး။ ၁၃၅၉ ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်နေ့မှာတော့ သုဝဏ္ဏသျှမ်ကနေ ဇာတိဌာနေ နတ်တလူမြေဆီ ကြွသွားတော်မူပါလေတယ်။

စာရေးသူတို့ကားလေး ကာလိရွာကို ရောက်တော့ ခဏနားပါသေးတယ်။ ဆရာတော်ကြီး ဒကာရင်းဖြစ်တဲ့ ဦးရွှေအိမ်ကို ဆင်းပြီး နှုတ်ဆက်ကြပါတယ်။ ဦးရွှေလဲ သူကိုယ်တိုင် ကမ္မကထပြုပြီး သုဝဏ္ဏသျှမ်တောင်မှာ ကျောင်းတစ်လုံး ဆောက်လှူပါသေးတယ်။

ကာလိရွာလို့ ဆိုပေမယ့် တိုက်တာအဆောက်အအုံ စတိုးဆိုင်ကြီးတွေနဲ့ ခမ်းနားလှပါတယ်။ ဦးရွှေတို့ မိသားစုက တောင်ပေါ်မှာ ဟင်းလျာ ခက်ခဲမှာစိုးလို့နဲ့ တူပါတယ်။ ကြက်သားဟင်းလျာ အတော်များများ ဝယ်ပြီး ဂျပ်ဖာနဲ့ အပြည့်ထည့်ကာ လှူလိုက်ပါတယ်။

ကားလေးက သံလွင်မြစ်ဆီရောက်ဖို့ ကာလိရွာက ထွက်ကတည်းက အတန်ကြာကြာ ဆင်း,ဆင်းပြီးလာနေပါတယ်။ တာကော်-သံလွင် မြစ်ကူးတံတားကိုရောက်တော့ မှတ်ပုံတင်ပြပြီး အစစ်ဆေးခံကြရပါတယ်။ တော

www.burmeseclassic.com

တောင်တွေကြား ကျယ်ပြန့်နက်ရှိုင်းစွာ စီးနေတဲ့ သံလွင်မြစ်ကြီးကို ဟိုအဝေးဆီအထိ တံတားပေါ် ဖြတ်သန်းရင်း မြင်နေရပါတယ်။

စာရေးသူတို့လဲ (၇)မိုင်ဟွေဟင်ရွာကို ရောက်ရင် ကားနဲ့သွားတဲ့ ခရီးစဉ်က ပြီးပါပြီ။ တကော် သံလွင်မြစ်ကနေ (၇)မိုင်သာ ဝေးတော့လို့ (၇)မိုင်ခေါ်တဲ့ ဟွေဟင်ရွာလေးကို မနက်(၁၁)နာရီမှာ ရောက်ရှိရာ လက်ယာဘက်က ကွန်ကရစ်ဆိုင်းဘုတ်ကို ထင်းခနဲ မြင်လိုက်ရပါတယ်။


**"သုဝဏ္ဏသျှမ်တောင်တော်သို့"**

စာရေးသူတို့ ဥပုသ်သည် သုံးဦးကို ခင်သစ်စတိုးဆိုင်က ဥပုသ်မိဖို့အတွက် ရေးကြီးသုတ်ပြာ ခူးခပ်ပြီး ရှိထမင်း ရှိဟင်းနဲ့ကျွေးပါတယ်။ ကျန်သူများလဲ တစ်နေရာမှာ စီစဉ်ထားတာရှိလို့ ကိုကျော်လွင်နဲ့အတူ ထမင်းသွားစားကြပါတယ်။

(၇)မိုင်ဟွေဟင်ရွာလေးက တောတောင်များ ကာရံဝိုင်းနေပြီး သဘာဝအလှများနဲ့အပြိုင် ယှဉ်ပြိုင်နေသဖွယ် ရှိပါလေတယ်။

မိုးမရွာရင် ဘုန်းတော်ပြည့်အထိ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီတွေနဲ့ ကောက်လျှောက် တက်နိုင်ပါတယ်။ ခုတော့ မိုးက ပြတ်ကယ်ပြတ်ကယ် ရွာနေလို့ လမ်းချော်ပြီး ကားနဲ့ တက်လို့ မရတော့ပါဘူး။ ဒါနဲ့ပဲ နေ့လယ် (၁)နာရီထိုးပြီးချိန်မှာ တစ်နိုင်စီ ထမ်းပိုး သယ်ဆောင်လာကာ အလျှိုအလျှို တက်လာကြပါတော့တယ်။

မြေတောင်ဖြစ်ပြီး တောင်အတက်က မတ်စောက်နေလို့ ရွှံ့ဗွက်များနဲ့ ချော်ချွတ်လှပါတယ်။ မိုးသေးမိုးဖွဲ ရွာနေတဲ့ကြားက ကုတ်ကုတ်ကျစ်ကျစ် တက်လာရတာဖြစ်လို့ အသက်ရှူမှားလောက်အောင် မောဟိုက်ပြီး ချွေးပြိုက်ပြိုက် ထွက်နေပါတယ်။ အလွန်တရာ ခပ်ကြာကြာတော့ မတက်လိုက်ရပါဘူး။ တစ်နာရီခန့် ကြာမှာတော့ တောင်ကုန်းထိပ်ပေါ် ရောက်လာပါလေတယ်။



▲ ဘုန်းတော်ပြည့်မှ လားဟူတို့ ဗုဒ္ဓဘာသာခံယူရာ အထိမ်းအမှတ်ထီးတော်ကြီး

လမ်းသွားရင်းတောင် ခြင်ကလဲ ကိုက်လိုက်တာ မပြောပါနဲ့။ သစ်ကိုင်း တစ်ကိုင်းချိုးပြီး လက်တစ်ဖက်က မနားတမ်း ရိုက်ပုတ်နေရပါတယ်။ ဆင်ခြေလျှော ဆင်းလိုက်တာနဲ့ ချိုင့်ဝှမ်းခပ်ပြန့်ပြန့်မှာ သာသနိက အဆောက်အအုံအချို့ကို ဘွားခနဲ လှမ်းမြင်လိုက်ရပါတယ်။ **ဘုန်းတော်ပြည့်ကျောင်း**ကိုး။

**မြတ်မွန်ရတနာ** သစ်သားကျောင်းဆောင်ပေါ် နေရာယူပြီး ခြေပစ်လက်ပစ် နားဖြစ်ကြပါတယ်။ ဆရာတော် ဦးသြဘာသ သီတင်းသုံးတဲ့ **သန္တိသုခကျောင်း**က မဟာဗောဓိမြိုင် ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့ရာ ကျောင်းဖြစ်ပြီး အထက်ဘက် တောင်ပူစာထိပ်မှာ ရှိပါတယ်။

ဆရာတော်က ဆွမ်း၊ ကွမ်းချိန်နဲ့ ညနေ(၅)နာရီ ထိုးပြီးချိန်မျိုးမှ အောက်ကျောင်းများရှိရာကို ခေတ္တခဏကြွလာလေ့ ရှိပါတယ်။

အောက်ကျောင်း တွေကတော့ သာစည်၊ ရန်ကုန်၊ ဟိုပုန်းက ဒကာတွေ ဆောက်လုပ်လှူဒါန်းထားတဲ့ မြတ်မွန်ရတနာ သစ်သားကျောင်းနဲ့ လားဟူ၊ လီရှောတွေ ဆောက်လှူတဲ့ ဝါးနဲ့ချည်ပြီးတဲ့ ဝါးကျောင်းလေးတွေပါ။ လားဟူ၊ လီရှောတိုင်းရင်းသားတွေက ဗုဒ္ဓဘာသာ ခံယူပွဲကျင်းပတဲ့ အထိမ်းအမှတ် **ထီးတော်ကြီး**ကတော့ အဓိကရုပ် ဖြစ်ပါတယ်။

မြတ်မွန်ရတနာ ကျောင်းမှာ ရွှေကျောင်းကုန်းတောင်က ဆရာတော် ဦးသြဘာသနဲ့အတူ ပါလာပြီး ဝါဆိုတဲ့ ဦးပဥ္စင်းနန္ဒမိတ် သီတင်းသုံးပါတယ်။ ဦးပဥ္စင်းနဲ့အတူ ဆရာတော့် ဝေယျာဝစ္စ တည်ဆောက်ရေးကိစ္စတွေကို ဆောင်ရွက်နေကြတဲ့ ရန်ကုန်က ကိုသောင်းဒန်၊ ဖဝင်းရွာက အသက် ရှစ်ဆယ်ကျော်ပြီဖြစ်တဲ့ ဘိုးထွန်းခင်၊ ယင်းမရိုးရွာက ကိုကျော်လွင်တို့လဲ ရှိကြပါတယ်။

ရှေ့လ ဆက်ဖတ်ပါရန်

**အာကာသ(သာစည်)**

www.burmeseclassic.com

# စီးပွားလာဘ်လာဘ

## တိုးပွားစေသော ဂါထာ



စစ်ကိုင်းမှ မင်းကွန်းသို့သွားရာ စစ်ကိုင်းတောင်ရိုးလမ်း ရွှေစေတီကျောင်း တမာပင်ရင်းတွင် ကွမ်းယာဝယ်ယူစဉ် **နန်းဦးတိုက်သစ်မှ ဦးဩဘာသ**နှင့် ဆုံတွေ့ဖြစ်သည်။

'ဒကာတော် ကျောင်းကို မရောက်တာ ကြာပါပေါ့'

'တင်ပို့ဘုရား မြို့တွင်း တည်းခိုခန်းတွေက အဝင်အထွက်ကော ဆိုင်ကယ်ငှားရတာကော အဆင်ပြေတာမို့ပါဘုရား'

'အခု ဘယ်သွားမှာလဲ'

'မင်းကွန်း ခဏသွားပြီး အပြန်မှာ ရွှေမင်းဝံ ပေါ်တော်မူကုန်း ဝင်မယ်ဘုရား'

'အေးဗျာ ခုတလော ပရိသတ် အတော်စည်ကားတယ်လို့ ကြားရတယ်။ သိမ်ရံဘီလူးရုပ်တွေက စိတ်ဝင်စားစရာပဲ။ ကြုံတုန်း ဆုံတုန်း ဓမ္မလက်ဆောင် ပါးလိုက်ဦးမယ်။ လိုက်မှတ်ဗျာ'

ဦးပဥ္စင်းက စီးပွားလာဘ်လာဘ တိုးပွားစေသော ဂါထာကို ဒါနပြုတော်မူသည်။

**စီးပွားလာဘ်လာဘ တိုးပွားစေသောဂါထာ**

တွံပိ သေဋ္ဌော လောကသ္မိံ၊ တွံပိ လောကေ မဟိဒ္ဓိကော။
လောကာဟံ မင်္ဂလံ သေဋ္ဌံ လောကပါပံ ပဝါဟနံ။
ဇယံ တဿ မယှံ ဘန္တေ၊ ပုညကမ္မံ ကရောမဟံ။
ရတနံ ဒေထ ယာစာမိ၊ ဒုက္ခပတ္တံ ပမောစယံ။
ရာဇာပိ သဗ္ဗသတ္တေသု၊ ယဒိမိတ္တံ ဥပဋ္ဌယံ။
ဝေံသတိ မ မ သိဒ္ဓိ၊ ဘဝတုမံ သဗ္ဗ ပိယံ။

ခက်ခဲသော ပါဠိအသံထွက်

**သေဋ္ဌော** = သစ်ထော
**လောကသ္မိံ** = လောကသမိန်
**မဟိဒ္ဓိကော** = မဟိတ်ဒိကော

[illegible]

**မင်္ဂလံ** = မင်ဂလံ
**သေဋ္ဌံ** = သစ်ထံ
**တဿ** = တတ်သ
**မယှံ** = မယ်ရှုံ
**ဘန္တေ** = ဘန်တေ
**ပုညကမ္မံ** = ပုန်ညကမ်မံ
**ဒုက္ခပတ္တံ** = ဒုတ်ခပတ်တံ

**အနက်**

**ဘန္တေ**–အရှင်ဘုရား၊ **တွံပိ**–အရှင်ဘုရားသည်လည်း၊ **လောကသ္မိံ**–လောက၌၊ **သေဋ္ဌော**–အထူးသဖြင့် ချီးမွမ်းအပ်သူ မြတ်သောပုဂ္ဂိုလ် ဖြစ်တော်ပေ၏။ **လောကေ**–လောက၌၊ **တွံပိ**–အရှင်ဘုရားသည်လည်း၊ **မဟိဒ္ဓိကော**–တန်ခိုးကြီးသော ပုဂ္ဂိုလ်ဖြစ်တော်မူပါပေ၏။ **အဟံ**–အကျွန်ုပ်သည်၊ **လောကေ**–လောက၌၊ **လောကပါပံ**–လောက၌ မကောင်းမှုကို၊ **ပဝါဟနံ**–ဖယ်ရှားတတ်သော၊ **သေဋ္ဌံ**–မြတ်သော၊ **မင်္ဂလံ**–မင်္ဂလာပါတည်း။

**ဘန္တေ**–အရှင်ဘုရား၊ **အဟံ**–အကျွန်ုပ်သည်၊ **ပုညကမ္မံ**–ကောင်းမှုကို၊ **ကရောမိ**–ပြုပါ၏။ **တဿမယှံ**–ထိုအကျွန်ုပ်အား၊ **ဇယံ**–အောင်ခြင်းကို၊ **ဒေထ** – ပေးသနားတော်မူပါဘုရား။ **အဟံ**–အကျွန်ုပ်သည်၊ **ယာစာမိ**–တောင်းပန်ပါ၏။ **ဒုက္ခပတ္တံ**–ဆင်းရဲခြင်းသို့ ရောက်သည်ကို၊ **ပမောစယံ**–လွတ်စေနိုင်သော၊ **ရတနံ**–ရတနာကို၊ **ဒေထ**–ပေးသနားတော်မူပါဘုရား။

**ရာဇာပိ** – မင်းသည်လည်း၊ **သဗ္ဗသတ္တေသု**–အလုံးစုံသော သတ္တဝါတို့၌၊ **ဥပဋ္ဌယံ**–ကျေးဇူးပြုသော၊ **မိတ္တံ**–မိတ်ဆွေကို **ယဒိဒေ**–အကယ်၍ပေးငြားအံ့။ **ဝေံသတိ**–ဤသို့ဖြစ်သော်၊ **မမ**–အကျွန်ုပ်၏၊ **သိဒ္ဓိ**–ပြီးစီးခြင်းသည်၊ **ဘဝယျ**–ဖြစ်ရာ၏။ **မံ**–

www.burmeseclassic.com

အကျွန်ုပ်အား၊ **သဗ္ဗဗိယံ** – အလုံးစုံသောသူတို့၏ ချစ်ခင်ခြင်းသည်၊ အဝတု–ဖြစ်ပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ (မွှာစရိယ(မဟာဝဂ္ဂါဒိမြန်မာဘာသာ)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ဘုရားရှင် လက်ထက်တော်က သူကြွယ်တစ်ဦးသည် အတိတ်ကံအကြောင်းမလှသဖြင့် ပစ္စည်းဥစ္စာများ ဆုတ်လျော့ပျက်စီးကာ မိတ်ဆွေ သူကြွယ်ထံတွင် နွားကျောင်းခြင်းဖြင့် အသက်မွေးရသည်။

ညနေ နွားသိမ်း၍ အိမ်ပြန်လာသောအခါ အတို့အမြှုပ် ဟင်းရွက်ကန်စွန်းမှ မပါရကောင်းလား၊ ဟင်းခတ်စရာ ငါးကလေး၊ ဖားကလေး မရှာရကောင်းလား စသဖြင့် အစဉ်အမြဲ ဆူပူကြိမ်းမောင်းခြင်း ခံရလေ့ရှိသည်။

တစ်နေ့ နွားကျောင်းထွက်စဉ် မြတ်စွာဘုရား တရားဟောကြားနေသည်နှင့် ကြုံကြိုက်နေသဖြင့် ပရိသတ်အစွန်မှနေ၍ နာယူမိသည်။

ဘုရားရှင်က နွားကျောင်းသားသူကြွယ်ဟောင်း၏ အတိတ်အကြောင်းဆင်ခြင်သုံးသပ်ပြီးနောက် အထက်ပါဂါထာကို ချီးမြှင့်ပေးသနားတော်မူသည်။

နွားကျောင်းသားလည်း နွားကျောင်းရင်း ထိုဂါထာကို မပြတ် ရွတ်ဖတ်ပူဇော်သည်။ ညနေ နွားသိမ်း၍ အိမ်ပြန်လာသည်ကို မိတ်ဆွေသူကြွယ် မြင်သောအခါ ဤသို့ တွေးမိသည်။

'သူသည် အတိတ်ကံ အကြောင်းမလှသဖြင့် အခိုင်းအစေဘဝဖြင့် နေရ၏။ ယခင်က သူသည်လည်း ငါကဲ့သို့ပင် သူကြွယ်တစ်ဦးပေတကား'

ထိုသို့ တွေးမိကာ နွားကျောင်းသား သူကြွယ်ဟောင်းကို ရေချိုးသန့်စင်စေကာ စားကောင်းသောက်ဖွယ်များ ကျွေးမွေးသည်။ ပြီးသော် သမီးနှင့် လက်ဆက်ကာ စည်းစိမ်ထက်ဝက်ကို ခွဲဝေပေးသဖြင့် သူကြွယ်ဘဝသို့ ပြန်လည်ရောက်ရှိလေသည်။

ဟူ၍ နောက်ခံဖြစ်စဉ်ကိုလည်း မိန့်ကြားတော်မူပေသည်။

## ရွှေထုပ်ပိုက် ဘီလူးမင်းရှေ့၌ ပူဇော်ခြင်း

ထိုကဲ့သို့ အကျိုးထူး ပေးစွမ်းသော စီးပွားလာဘ်လာဘ တိုးပွားစေသည့် ဂါထာကို ရာဇာမင်း ဦးစီးဦးဆောင် ပုဂ္ဂိုလ်အား ရည်မှန်းတိုင်တည်၍ ရွတ်ဖတ်ရသည်။ စေတီပုထိုးတွင် ဖူးမြော် ပူဇော်လိုပါက **ရာဇမဏိစူဠာ (ခေါ်) ကောင်းမှုတော်စေတီ၊ လောကဥသျှောင်စေတီ(စစ်ကိုင်း)၊ ဓမ္မရာဇကစေတီ(ပုဂံ)၊ ဦးရာဇ်တော်ဓာတ်စေတီ(ရခိုင်)**ကဲ့သို့ စေတီတော်များတွင် လည်းကောင်း...

မြို့ရှင်ရွာရှင် ကွန်းများတွင် လည်းကောင်း၊ သိကြားမင်း၊ ခြသေ့မင်း၊ ဘီလူးမင်း စသည့် အကြီးအမှူး အထိမ်းအမှတ် ရုပ်တုပုံတော်များတွင် လည်းကောင်း ရာဇဓာတ်ယူ ပူဇော်ရသည်။

ရွှေမင်းဝံပေါ်တော်မူ ကုန်းတော်ရှိ ဆရာတော် အရှင်အနန္တဓဇ သမုတ်တော်မူသည့် ဘီလူးနှစ်ကောင်သိမ်တွင် အရံအဖြစ် ထားရှိသော ဘီလူးမင်း ရုပ်တုများအနက် အနောက်တောင်ထောင့် အရပ်ရှိ ဘီလူးမင်းရုပ်မှာ အခြားဘီလူးများနှင့်မတူ ထိုင်နေပုံ ထူးခြား၏။

အခြားဘီလူးအများစုမှာ ယာဒူးထောင် ဝဲဒူး ပုဆစ်တုပ်လျက် ရှိသော်လည်း ထိုဘီလူးမှာ ဝဲခြေပိုက်၍ (တင်ပျဉ်ခွေပုံစံ) ယာဒူးချထားသည့် အပြင် ဝဲလက်က ရွှေထုပ်ကို ပိုက်ထားသည်။

ထိုစဉ်(သိမ်သမုတ်စဉ်)ကာလ သိမ်တော်၏ အရှေ့တောင်ထောင့်အရပ်တွင် သာလွန်မင်း၏ အင်းဝ ရွှေနန်းတော် တည်ရှိ၏။ ထို့ကြောင့် ဤဘီလူးမင်းမှာ ရွှေငွေစီးပွားလာဘ်လာဘကို ပေးစွမ်းနိုင်သည်ဟု ယူဆကြသည်။

ထိုသို့သော အကြောင်းများကြောင့် အဆိုပါ ဘီလူးမင်းရုပ်တုအနီးတွင် စီးပွားလာဘ်လာဘ တိုးပွားစေသည့် ဂါထာကို တိုင်တည်ပူဇော်ပါရန် ဦးပဥ္စင်းက အကြံပေး လမ်းညွှန်ခဲ့ခြင်း ဖြစ်လေသည်။

ရာဇဓာတ်ရုပ်ဆောင် ရုပ်တု ရုပ်ပွားဘုရားစေတီများ မရှိပါက မင်းဝတ်ဘုရားဟု ခေါ်ကြသည့် မကိုဋ်ရစလွယ် မင်းဝတ်တန်ဆာ ဆင်မြန်းပူဇော်ထားသော မဟာမုနိကဲ့သို့ ရုပ်ပွားတော်အား အာရုံပြုကြည်ညိုကာ ဤဂါထာကို (၂၇)ကြိမ် **[နက္ခတ်(၂၇)လုံးကို ရည်ညွှန်းသည့်အပြင် ၂+၇=၉ သောမ နဝင်းကိန်း ဖြစ်သောကြောင့် ဖြစ်တည်ခြင်း။ ငြိမ်းအေးခြင်း အနက်ဆောင်သည်။)** ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ငွေကြေးလာဘ်လာဘဆိုင်ရာ အကျိုးထူးများ ပြည့်ဝနိုင်ကြသည်ဟု သိမှတ်ရလေသည်။

ငြိမ်းသော်တာ



www.burmeseclassic.com

www.burmeseclassic.com


မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ၄က်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အပြေကျော်လေဆေးလျက်ဆား



**ဦးစိန်ကောင်း၏**

**သမားအို** အမှတ်တံဆိပ် **၄က်ဖျားရောဂါသောက်ဆေး** ၀၇၁၁ Y၀၀၉၀၇၅

ဤဆေးသည် ၄က်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့်အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ၄က်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

**ဒေါ်စင်စင်ထွေး၏**

**သမားအို** အမှတ်တံဆိပ် **အစာအိမ်ရောဂါသောက်ဆေး** ၀၇၁၁ Y၀၀၉၀၇၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

**ဒေါ်နှင်းနှင်းကြည်၏**

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ၀၇၁၁ Y၀၀၉၀၇၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာအမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ကြေညီဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

**ဦးသန်းဇော်၏**

**သမားအို** အမှတ်တံဆိပ် **အပြေကျော်လေဆေးလျက်ဆား** ၀၇၁၁ Y၀၀၉၀၇၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနုံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (ဒါဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**ဒေါ်အေးအေးမူ၏**


**သမားအို** အမှတ်တံဆိပ် **ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး** ၀၅၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှုံးရှုံးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်မြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၂၉၀၆၃၀ အပြင်မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com



▲ ဆင်းတုတော်မြတ်ကြီးကို အနီးကပ် ဖူးတွေ့ရစဉ်

သွန်ဝင်း
(နတ်တလင်း)

ထူးထူးခြားခြား

# ချွေးထွက်သည့် ဘုရား

စာရေးသူသည် (၂၄.၈.၂၀၁၄)နေ့က ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ အုတ်တွင်းကုန်းကျေးရွာသို့ သွားဖြစ်ခဲ့သည်။ သွားရသည့် အကြောင်းမှာ အုတ်တွင်းကုန်းကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ တန်ခိုးကြီး ထူးခြားသော ဗုဒ္ဓဆင်းတုတော် တစ်ဆူအကြောင်း ရေးသားရန် ဖြစ်ပါသည်။

အုတ်တွင်းကုန်းရွာသည် နတ်တလင်းမြို့ အနောက်ဘက် (၂)မိုင်ခွဲခန့်အကွာ **နတ်တလင်း–တာပွန် ရွာစဉ်လမ်းပေါ်**တွင် တည်ရှိသည်။ **(အုတ်တွင်းကုန်းရွာကို မဖြတ်သော နတ်တလင်း–တာပွန် ကတ္တရာလမ်းက သီးသန့်တစ်လမ်း ဖြစ်ပါသည်။)**

ဘုရားကျောင်းကန် စေတီပုထိုးများနှင့် ဘာသာ သာသနာ စည်ပင်ထွန်းကားသော ရွာကြီးတစ်ရွာဖြစ်၏။

ဤရွာသည် စာရေးသူနှင့် စိမ်းသောရွာမဟုတ်။ အုတ်တွင်းကျေးရွာ မူလတန်းကျောင်းတွင် မူလတန်းပြ တာဝန်နှင့် (၁၂)နှစ်လုံးလုံး စာရေးသူ တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။

ထို့အပြင် အုတ်တွင်းကုန်းကျေးရွာ အရှေ့စုနှင့် အနောက်စုတို့တွင် စာရေးသူ၏ ဆွေမျိုးသားချင်းများအချို့ နေထိုင်လျက် ရှိသဖြင့် ဆွေအရပ်မျိုးအရပ်ဖြစ်သည်။

ယခု ဖော်ပြမည့် ဗုဒ္ဓဆင်းတုတော်ကြီးမှာ စာရေးသူ၏ ဘိုးဘေးဘီဘင် အုတ်တွင်းကုန်းရွာသား ဘုရားဒကာကြီး မိသားစုမှ လှူဒါန်းထားခဲ့ခြင်းဖြစ်သည်။

အုတ်တွင်းကုန်းရွာသို့ နေ့လယ်ပိုင်းတွင် ရောက်ရှိကာ ရွာဦးကျောင်းတိုက် ဆရာတော် ဦးပညာဗလထံ ဝင်ရောက်ဖူးမြော်ပြီး လာရင်းအကြောင်းကို လျှောက်တင်ရသည်။

www.burmeseclassic.com



◆ R.Cတိုင်အသစ်များနှင့် ပြုပြင်မွမ်းမံထားသော ဂန္ဓကုဋိတိုက်တွင် ကိန်းဝပ်စံပယ်နေသော ဗုဒ္ဓဆင်းတုတော်မြတ်ကြီး

◆ အုတ်တစ်ပိုင်း သံဆန်ခါတစ်ပိုင်း ပြုလုပ်၍ ပြုပြင်ထားသော ဂန္ဓကုဋိတိုက်မှ အပြင်ပုံမြင်ကွင်း



တပည့်တော်သည် ဤရွာတွင် စာသင်သွားသော ဆရာတစ်ဦးဖြစ်ကြောင်း၊ နတ်တလင်းမြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာတစ်ဦးဖြစ်ကြောင်းနှင့် အရှင်ဘုရား၏ ကျောင်းတိုက်ဝင်းအတွင်းမှ ဗုဒ္ဓဆင်းတုတော်ကြီးကို မှတ်တမ်းတင် ဆောင်းပါးရေးခွင့်ပြုစေလိုကြောင်း လျှောက်တင်လိုက်၏။

ဆရာတော်က ''ဒကာကြီး အခုလို စာရေးသားမှုကို ဝမ်းမြောက်စွာ ခွင့်ပြုပါမယ်''ဟု မိန့်တော်မူသည်။

စာရေးသူသည် ဗုဒ္ဓဆင်းတုတော်မြတ်ကြီးကို ဦးစွာ ဖူးမြော်ကြည်ညို၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်သည်။ ဗုဒ္ဓဆင်းတုတော်ကြီးကို မြန်မာသက္ကရာဇ် ၁၂၇၃ ခုနှစ်၊ တပို့တွဲလဆန်း(၁၂)ရက်တွင် ပင့်ဆောင်ပူဇော်ခဲ့ကြောင်း ဗုဒ္ဓဆင်းတုတော်မြတ်ကြီး ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်ရှိ ခေါင်းလောင်းစာအရ သိရသည်။

အုတ်တွင်းကုန်းရွာသား ဘုရားဒကာကြီး ဦးတက်ခါးနှင့် ဘုရားဒကာမကြီး ဒေါ်နှစ်တို့ လှူဒါန်းခဲ့သည့် ဤ ဗုဒ္ဓဆင်းတုတော်မြတ်ကြီးသည် ထူးခြားသပ္ပါယ်လှပါ၏။

ထိုစဉ်က ဘုရားဒကာကြီး၏ မိသားစုများနှင့် ရွာသူရွာသားများသည် ဆင်းတုတော်မြတ်ကြီးကို ပလ္လင်ပေါ်သို့ ပင့်ဆောင်၍ မရဘဲ ရှိခဲ့သည်။

ဆင်းတုတော်ကြီး၏ ဉာဏ်တော်နှင့် ကိုယ်လုံးတော် အနေအထားအရ ရွာသူရွာသားများ အင်အားနှင့် ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ရာ၌ မဖြစ်နိုင်စရာအကြောင်း မရှိပေ။

**သို့ဖြစ်ပါလျှက် ဆင်းတုတော် ကြီးကို ပလ္လင်တော်ပေါ်သို့ ပင့်ဆောင် မရဘဲ ဘုရားမှ ချွေးသီးချွေးပေါက်များ ထွက်လာသည်ကို ထူးခြားအံ့ဩဖွယ် တွေ့ကြရ၏၊**

ချွေးသီးချွေးပေါက်များမှ ရေများ စိမ့်ထွက်သည်နှင့် မတူဘဲ တကယ့် ချွေးသီးချွေးပေါက်အတိုင်း စို့ထွက်လာသည်ကို တွေ့ရခြင်းဖြစ်သည်။

ဆင်းတုတော်ကြီးမြတ်ကို ပလ္လင်ပေါ်သို့ ပင့်ဆောင်ရာ၌ မချော်လင့်ဘဲ အခက်အခဲ တွေ့နေရသဖြင့် ကြီးကဲသူများက ဘုရားဒကာကြီး ဦးတက်ခါး၏ မိသားစုများ အစုံအလင် ရောက်လာကြပြီလားဟု မေးမြန်းကြသည်။

**ဤ တွင် ဦးတက်ခါး၏ သမက်နှင့် သမီးဖြစ်သော ဦးတိုးသင်နှင့် ဒေါ်လွန်းဆယ်တို့ ကျန်နေသေးကြောင်း သိရ ၍ လူအခေါ်လွှတ်ကာ သူတို့ ရောက်လာသောအခါမှ အားလုံး တညီတညာတည်း မ,ချီပင့်ဆောင်ကြရာ ပလ္လင်ပေါ်သို့ အောင်မြင်စွာ ကြွမြန်းနိုင်ခဲ့သည်၊**
***(ဦးတက်ခါး၏ သမက်နှင့်သမီး လင်မယားမှာ ဖခင်နှင့် အတန်းတန်းနေကြသဖြင့် အစောပိုင်းက မလာခဲ့ခြင်းဖြစ်၏)***

F.CB. January, 2015.

www.burmeseclassic.com

ထို့ကြောင့် အချိန်မှစ၍ ဆင်းတုတော်မြတ်ကြီးကို **မိသားစု သွေးစည်းချစ်ကြည်ရေးဘုရားကြီး**ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။

ဆင်းတုတော်မြတ်ကြီး ပလ္လင်တော်ပေါ်တွင် ဆက်လက် သီတင်းသုံးနေစဉ်မှာပင် ချွေးသီးချွေးပေါက်များမှာ နေ့စဉ်ထွက်နေသဖြင့် ကိုရင်ကလေးများက သင်္ကန်းများဖြင့် သုတ်ပေးရသည်။

**ချွေးများ အလျှံထွက်သဖြင့် တစ်နေ့လျှင် သင်္ကန်းနှစ်ထည် သုံးထည် လဲ၍ သုတ်ပေးရသည်ဟု ဆိုပါသည်။**

ဤသို့ ထူးခြား၍ တန်ခိုးကြီးသော ဆင်းတုတော်မြတ်ကြီးကို သုံးနှစ်ဆက်တိုက် အနေကဇာတင်လျက် ဘုရားပွဲတော် သုံးနှစ် ကျင်းပပူဇော်ခဲ့ကြသည်။ ဘုရားပွဲတော်သုံးနှစ် ကျင်းပပြီးသည်နှင့် ဆင်းတုတော်ကြီးမှ ချွေးထွက်ရပ်သွားကြောင်း သိရသည်။

ဗုဒ္ဓဆင်းတုတော်ကြီးမှာ နှစ်ပေါင်း (၁၀၀)ကျော်လာပြီ ဖြစ်သော်လည်း ပျက်စီးယိုယွင်းမှု မရှိပါ။ ပလ္လင်တော် ပြုပြင်မွမ်းမံခဲ့သူမှာ ဦးတက်ခါး၏ မြစ်တော်စပ်သူ ဦးထွန်းကြိုင်နှင့် ဒေါ်ခင်မြတို့ ဇနီးမောင်နှံဖြစ်ပြီး ၁၃၆၂ ခုနှစ်တွင် ပြုပြင်ခဲ့ခြင်းဖြစ်၏။


ယခုအခါ ဦးထွန်းကြိုင်လည်း မရှိတော့ပေ။ ဆင်းတုတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိတိုက်မှာ ပျက်စီးယိုယွင်းလာသဖြင့် အုတ်တွင်းကုန်း ရွာသူရွာသားများက အလှူငွေထည့်ဝင်ခြင်း၊ သင်္ကြန်တွင်းကာလ လှည့်လည် အလှူခံခြင်းဖြင့် တိုင်များ ကွန်ကရစ်လောင်းခြင်း၊ အောက်ခံ သမံတလင်း ခင်းခြင်းများ ပြုလုပ်ခဲ့သည်။

အုတ်တွင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဌေးလွင်၏ ပြောပြချက်အရ ပြင်ဆင်လှူဒါန်းခြင်းအတွက် တန်ဖိုး



▲ နှစ်တစ်ရာကျော် ဗုဒ္ဓဆင်းတုတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်း တွေ့ရသည့် ကြေးသွန်းခေါင်းလောင်း

▼ ကျွန်ုပ်ခေါင်းလောင်းအသေးမှ ခေါင်းလောင်းစာများကို တွေ့မြင်ရစဉ်



ငွေ (၂၈)ကျပ်သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။

ယခင်က ဆင်းတုတော်မြတ်ကြီးနှင့် အတူ ကြေးသွန်းခေါင်းလောင်းကြီး နှစ်လုံးပါ လှူဒါန်းခဲ့ရာ ခေါင်းလောင်းအကြီးမှာ ခိုးယူခြင်း ခံရပြီး ယခုကျန်ရှိနေသော ခေါင်းလောင်းမှာ အသေးဖြစ်သည်။

ယခုအခါ အုတ်တွင်းကုန်း ရွာသူရွာသားများသည် နှစ်ပေါင်း ရာကျော်ပြီဖြစ်သော သာသနိက အဆောက်အအုံနှင့် အမွေအနှစ်များကို ကြိုးစားပြုပြင်ကာ တန်ဖိုးထား ထိန်းသိမ်းလျက် ရှိပါသည်။

ဂန္ဓကုဋိတိုက် ဆက်လက်ပြုပြင်ထိန်းသိမ်းရေးနှင့် ဆင်းတုတော်မြတ်ကြီး ရွှေသင်္ကန်း ကပ်လှူရေးအတွက် လှူဒါန်းနိုင်ကြောင်း သိရှိရပါသည်။


*အမျိုးဘာသာ သာသနာ ကမ္ဘာတည်သရွေ့ မြဲစေသော်။*

**ညွန့်ဝင်း(နတ်တလင်း)**

www.burmeseclassic.com

ကျွန်ုပ် ဖူးတွေ့ခဲ့ရသည့်

# ရွှေပေါ်ကျွန်းဆရာတော်



ဒေါ်သုမနစိတ္တာ
(B.Sc,H.G.P,Dip.Ed)

၁၉၈၄ ခုနှစ်က ဖြစ်ပါသည်။ စာရေးသူ မြစ်ကြီးနားမြို့ အ.ထ.က(၁) ၌ တာဝန်ထမ်းဆောင်နေပါသည်။ နွေကျောင်းပိတ်တွင် တက္ကသိုလ်ဝင်တန်း စာစစ်တာဝန်ဖြင့် ရန်ကုန်မြို့သို့ သွားရောက်ရပါသည်။ အထက်တန်းကျောင်း၊ ခန်းမကြီးတွင် ဆရာများ တည်းခိုရပါသည်။ နံဘေးကပ်ရက် ဆရာမတစ်ဦးမှာ မလှိုင်မြို့က ဖြစ်ပါသည်။ သူ့ခေါင်းရင်းတွင် မဟာမုနိ (မန္တလေး)ပုံတော်နှင့် သံဃာတော် တစ်ပါး၏ပုံတော် ကပ်ထား ကိုးကွယ်ပါသည်။

သံဃာတော်၏ ပုံတော်တွင် ထူးခြားမှု ရှိပါသည်။ ဓာတ်ပုံပင် ဖြစ်သော်လည်း ဖိတ်ဖိတ်တောက် လင်းလက်နေသော မျက်လုံးအစုံတော်ကို ဖူးတွေ့နိုင်ပါသည်။

ဆရာမက ရွှေပေါ်ကျွန်းဆရာတော် ဖြစ်ကြောင်း ပြောပြပါသည်။ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၊ ရွှေပေါ်ကျွန်း စေတော်ဝင်ကျောင်း၌ သာသနာပြုနေကြောင်း ပြောပြပါသည်။ စာရေးသူ ဖူးတွေ့လိုလှပါသည်။ အလှမ်းဝေးလွန်းပါသည်။ အခွင့်မသာနိုင်ပါ။ အချိန်မပေးနိုင်၍ ဖြစ်ပါသည်။

သကြန်အပြီး စာစစ်ပြီးချိန် မန္တလေးမြို့သို့ ပြန်လာခဲ့ပါသည်။ ရန်ကုန်–မန္တလေး အမြန်ရထားလက်မှတ်မှာ အထက်တန်းလက်မှတ် ဖြစ်ပါသည်။ မြစ်ကြီးနားမြို့ပြန်ရန် မန္တလေး–မြစ်ကြီးနားလက်မှတ် ပြန်လဲရပါသည်။

ထိုစဉ်က အထက်တန်းလက်မှတ် (၃)ရက် ကြိုတင်စနစ် ဖြစ်ပါသည်။ မန္တလေးမြို့၌ ကြားခံရက်(၁)ရက် စိတ်ကြိုက် ဘုရားဖူးနိုင်ပါသည်။ ပြန်မည့်ရက် နံနက်ပိုင်း ဘုရားဖူး၊ ဈေးဝယ်နိုင်ပါသည်။ ညနေ(၃း၀၀)နာရီမှာ အမြန်ရထားထွက်ပါသည်။

အမြန်ရထားလက်မှတ် လဲပြီး မန္တလေးဘူတာကြီးအနီး တရုတ်တန်းဈေးသို့ ဝင်ကြပါသည်။ သရက်သီး၊ စပျစ်သီး ဝယ်ရန် ဖြစ်ပါသည်။ ထိုးမုန့်ဆိုင်၌ ရွှေပေါ်ကျွန်းဆရာတော်၏ ပုံတော် ဖူးရပြန်ပါသည်။ မန္တလေးဈေးချိုတော်သို့ သွားကြပါ၏။

ဈေးချိုတော်ဆိုင်တိုင်း၌ ရွှေပေါ်ကျွန်းဆရာတော်ပုံတော် ကိုးကွယ်ထားကြပါ၏။ ဒေါ်တင်တင်အေး (မလှိုင်မြို့) အထည်ဆိုင်က ဆရာတော်ကို ဖူးတွေ့ရန် တိုက်တွန်းပါ၏။ စိတ်က အလွန်ညွတ်လှသော်လည်း တစ်ရက်တာ (အသွား၊ အပြန်)အတွင်း မဖြစ်နိုင်။ ပြန်ဖို့ရက်က သေချာနေပြီဖြစ်၏။

စာရေးသူက (၇၃)လမ်းပေါ်၌ တည်းခိုပါသည်။ ညနေ(၄း၀၀)နာရီခန့်တွင် ဒေါ်ခင်သန်းနွဲ့(မန္တလေး)က လာရောက် တွေ့ဆုံပါ၏။ ပြန်မည့်နေ့ လိုက်ပါပို့ဆောင်ရန်အတွက် ဖြစ်ပါသည်။

စာရေးသူက ဆရာတော်ကို ဖူးတွေ့လိုကြောင်း ပြောပြပါသည်။ သူက ချက်ချင်းပင် ရွှေပေါ်ကျွန်း စေတော်ဝင်ကျောင်း ဥက္ကဋ္ဌဦးသောင်းထံ လိုက်ပို့ပေးပါသည်။

မန္တလေးမြို့ ဆေးရုံကြီးအနီးတွင် ဥက္ကဋ္ဌကြီး၏ နေအိမ်ရှိပါသည်။ ဥက္ကဋ္ဌက တစ်ရက်တည်း အသွားအပြန် မဖြစ်နိုင်ကြောင်း၊ ဆရာတော်က တစ်နေ့လုံး ဂူအောင်း (ဆွမ်းစားချိန်၌သာ ဂူပြင်ထွက်ပါသည်။)ကြောင်း၊ ညနေခင်းမှ (ဓေယျသိဒ္ဓိ)မွှာရုံ၍ ဖူးတွေ့ခံကြောင်း ပြောပြပါသည်။

ဥက္ကဋ္ဌကတော်မှ အကြံပေးပါသည်။ အပင်ပန်းခံ၍ သွားပါ။ ည ဘုရားရှိခိုးပြီး ဆရာတော်အား ဖူးတွေ့လိုကြောင်း လျှောက်ထားပါဟု ပြောပြီး သွားရန် တိုက်တွန်းပါသည်။

သွားရန်ခရီးစဉ်ကို မေးမြန်းပါသည်။ ဥက္ကဋ္ဌကြီးက နတ်လမ်းညွှန်ပေးပါ

www.burmeseclassic.com

သည်။ သွားရန် ဆုံးဖြတ်လိုက်ပါသည်။ မန္တလေး–မြင်းခြံ)သွား (ဝင်း)ကားအဖွဲ့ ရုံးခန်းသို့ လက်မှတ်ရရန် ဖုန်းဆက် ကူညီ ပေးပါသည်။

ဒေါ်ခင်သန်းနွဲ့နှင့် စာရေးသူ (၈၄) လမ်း အိမ်ဆိုင်များမှ မုန့်ပုံး၊ ဟောလစ် လှူဖွယ်အစုံ ဝယ်ယူပါသည်။ မဟာ မြိုင် ပျားရည်စစ်စစ်ကိုတောင် ဝယ်ယူ နိုင်ခဲ့ပါသည်။ သကာန်း၊ ထီး၊ ဖိနပ်ကို တော့ ရွှေထီးသကာန်းမှ သွားဝယ်နိုင်ခဲ့ ပါသည်။

ည(၉း၀၀)နာရီလောက်မှ တည်းခို အိမ်ရောက်ပါသည်။ ည(၁၀း၀၀)နာရီ တွင် ဘုရားရှိခိုး၊ ရွှေပေါ်ကျွန်း ဆရာ တော်အား စိတ်ညွတ်၍ ဖူးတွေ့လို ကြောင်း လျှောက်ထားပါသည်။

နောက်တစ်နေ့ နံနက်(၄း၀၀)နာရီ ဒေါ်ခင်သန်းနွဲ့က ''ဝင်း''ကားဆိပ် ပို့ ပေးပါသည်။ **''ခက်လန်''**တွင် ဆင်း ရန်၊ ဘုရားဖူးကားကြုံစီးရန် မှာကြားပါ သည်။ နံနက်(၈း၀၀)နာရီခန့်''ခက်လန်'' သို့ ရောက်ပါသည်။ ရွှေပေါ်ကျွန်း သာဝကများ ဆိုင်ရှေ့တွင် ကားက ရပ်ပါသည်။ ထမင်းသုပ်ဆိုင်တွင် နားပါ သည်။ သက်သတ်လွတ် ထမင်းဆီဆမ်း (ရေနွေးကြမ်းဖြင့်တွဲဖက်၍)သာ ရောင်း ပါသည်။

ဆရာတော်အား သွားရောက် ဖူး မြော်မည့်သူများ သက်သတ်လွတ်သာ စားရသည်ဟု ပြောကြပါသည်။ မကြာ မီ ဆရာတော်ထံ၌ အမိဋ္ဌာန်ဝင်ကြမည့် ရွှေပေါ်ကျွန်းသာဝကများ (မိုးကုတ်မြို့) ၏ ကိုယ်ပိုင်ကားတစ်စီး ဆိုင်ရှေ့သို့ လာဆိုက်ပါသည်။

သူတို့ စားသောက်နေစဉ် စာရေးသူ က ကားကြုံလိုက်လိုကြောင်း မေတ္တာ ရပ်ခံပါသည်။ လိုလိုချင်ချင်ဖြင့် ဖိတ် ခေါ်ကြပါသည်။ ''ခက်လန်''မှ ''စေ တော်ဝင်ကျောင်း''အထိ လမ်း အလွန် ကြမ်းပါသည်။ မြေလမ်း ဖြစ်သဖြင့် ဖုန်တွေ တထောင်းထောင်း ထပါ သည်။ ''သုဂတော''ဂုဏ်တော် မနား တမ်းရွတ်ပါသည်။

**''စေတော်ဝင်ကျောင်း''** မုခ်ဦး တွင် ကားရပ်ပါသည်။ ထိုစဉ် ရသေ့ တစ်ပါးက အဝေးဆုံးက ခရီးသည် ပါ,ပါသလား၊ ပါလျှင် လိုက်ခဲ့ပါရန် ပြောပါသည်။ စာရေးသူကလည်း အဝေးဆုံးခရီးသည်ပါ ပြောပါသည်။ မိုးကုတ်အဖွဲ့ကိုလည်း တရင်းတနှီး နှုတ်ဆက်ပါသည်။ မိုးကုတ်သာဝက များကို ကျေးဇူးတင်ကြောင်း စာရေး သူက ပြောကြားပါသည်။

မိုးကုတ်အဖွဲ့ကတော့ အမြဲတည်းခို သော အဆောင်ထိ ခရီးဆက်သွားပါ သည်။ ရသေ့ကြီးက ဆွမ်းစားဆောင် သို့ ခေါ်သွားပါသည်။ ဆရာတော် ဆွမ်းဘုဉ်းပေးနေပါသည်တဲ့၊ ဆွမ်းစား ဆောင်တွင် လူများ ပြည့်ကြပ်နေပါ သည်။ စာရေးသူတို့ တံခါးပေါက်တွင် ရောက်သည်နှင့် လမ်းဖယ်ပေးကြပါ သည်။

ရသေ့ကြီးဦးကျော်ဒွန်းက စာရေးသူ ၏ လှူဖွယ်များကိုယူ၍ စားပွဲခုံရှည် ပေါ်တွင် ချပေးပါသည်။ လင်ပန်းကြီး (၂)ချပ် အပြည့်အမောက်ဖြစ်သွားပါ သည်။ ဝတ္ထုငွေစာအိတ်ကိုတော့ စာရေးသူအား ကိုင်ထားစေပါသည်။ ရသေ့ကြီး ချမှတ်ပေးသောနေရာတွင် ထိုင်၍ ဆရာတော်အား ဖူးမြော်ပါ သည်။

စားပွဲခုံရှည်ကြီးနှင့် ထိုင်ခုံရှည်ကို အသုံးပြုထားသော ဆွမ်းပွဲ၌ ထိုင်၍ ဘုဉ်းပေးနေခြင်း ဖြစ်ပါသည်။ ကြွေ ရည်သုတ်ဇလုံများဖြင့် ဆွမ်းစားပွဲပေါ် တွင် ပြင်ဆင်ထားပါသည်။

ဆရာတော် ဘုဉ်းပေးနေသော ကြွေရည်သုတ်ဇလုံကို ကြည့်မိပါသည်။ စာရေးသူ၏အမြင်တွင် ဆန်းနေပါ သည်။ ဆရာတော်က ကပ္ပိယကို တစ်စုံ တစ်ရာ မိန့်ပါသည်။

ကပ္ပိယကြီးမှ စာရေးသူအနီးသို့ လာပြီး ဆရာတော်အနီး (ဆရာတော် ထိုင်နေသော ခုံရှည်အနီး)သို့ လာခေါ် ပါသည်။

ဆရာတော်နှင့်အနီးသို့ ရောက်လာ ပါသည်။ ဝတ်ဖြည့်ပြီး ခေါင်းမော့လိုက် သောအခါ ဖိတ်ဖိတ်တောက်နေသော ဆရာတော်၏ မျက်လုံးတော်များနှင့် ရင်ဆိုင်လိုက်ရပါသည်။ ဆရာတော်မှ **''အဝေးခရီးသည် မဟုတ်လား''**ဟု မေးပါသည်။ ဟုတ်မှန်ကြောင်း လျှောက်တင်ရပါသည်။


ဆွမ်းစား လက်စသတ်ပါသည်။ အချိုပွဲများ စားပွဲပေါ်သို့ ရောက်လာပါ သည်။ ဆရာတော်က မုန့်စတင် ဘုဉ်း ပေးပါသည်။ တစ်ဝက်ကို စာရေးသူ အား စွန့်ပါသည်။ **''မုန့်ပေါက်''**ဟု မိန့်ပါသည်။ စာရေးသူအား စားရန် မိန့်၍ စားလိုက်ပါသည်။

ဆရာတော် လိမ္မော်သီးအစိတ်များ စတင် ဘုဉ်းပေးပါသည်။ လိမ္မော်စိတ် များ စာရေးသူအား စွန့်ပြန်ပါသည်။ **''လိမ္မော်–လာဘ်ဖွင့်''**ဟု မိန့်ပါ သည်။ စားရန် မိန့်ပါသည်။

ဆရာတော် လက်ဖက်ကို ဇွန်းဖြင့် ခပ်၍ ဘုဉ်းပေးပါသည်။ စာရေးသူထံ **''လက်ဖက်–လာဘ်ဖွင့်''**ဟု ဆိုကာ တစ်ဇွန်း (ကပ္ပိယမှ တစ်ဆင့်) စွန့်ပြန်ပါ သည်။ စာရေးသူက လက်ဖြင့်ယူကာ စားရပြန်ပါ၏။ လက်ဖက်သား သက်

www.burmeseclassic.com

www.burmeseclassic.com



သက်ပါ။ အကြော်ဆန်စသော အဆာလုံးဝ မပါပါ။

အချိုပွဲ ဘုဉ်းပေးပြီးသွားပါပြီ။ ကွမ်းအစ်ကြီး(ထုံး၊ ကွမ်းသီးများ ထည့်ထားသော)ဆက်ကပ်ကြပါသည်။ အရင်း၊ အဖျား ပယ်ထားသော ကွမ်းရွက်ကြီးကို ဆရာတော်ကိုယ်တိုင် ထုံးသုတ်ပြီး၊ ကွမ်းသီးစိတ်များ ထည့်ပါသည်။ (ကိုယ်တိုင်ယာသော ကွမ်း)ကို ဘုဉ်းပေးပါသည်။

နောက်တစ်ရွက်ကို ထုံးသုတ်၊ ကွမ်းသီးစိတ်ထည့်ပါသည်။ စာရေးသူကို စွန့်ပြန်ပါသည်။ စားရန် မိန့်သောအခါ (ကွမ်းတစ်ခါမှ မစားဘူးပါ။ ယနေ့အထိလည်း တစ်ခါမှ မစားတော့ပါ။) ဝါးစား(ကြိတ်ဝါး)ရပါသည်။ စပ်ရှားရှား ပူပူပြင်းပြင်းကြီးပါ။

သို့သော် ထွေးထုတ်၍မရပါ။ (အခွင့်မသာပါ။) မျိုချလိုက်ရပါသည်။ စာရေးသူ၏ လှူဖွယ်များကို ယူ၍ ညာဘက်သို့ပုံပါသည်။ အကုန်ပုံပါသည်။

ပြီးလျှင် ဦးကျော်ဇွန်း(ရသေ့ကြီး)အား လှမ်းခေါ်ပါသည်။ စာရွက်တစ်ရွက်နှင့်ခဲတံ စာရေးသူထံ ပေးရန် မိန့်ပါသည်။ ကပ္ပိယကြီးမှ စာရေးသူအား မေးလိုသော မေးခွန်း(၃)ခု မေးပါရန် ရှင်းပြပါသည်။

စာရေးသူမှ (၁)နိုင်ငံခြားကိစ္စ၊ (၂)စီးပွားရေးကိစ္စ၊ (၃)အပြောင်းအရွှေ့ကိစ္စ (၃)ခုကို ရေးပါသည်။ ကပ္ပိယမှ ဆရာတော်ထံ စာရွက်ကို ကပ်ပါသည်။ ဆရာတော် စာရွက်ကို မကြည့်ပါ။

သို့သော် မေးခွန်း(၃)ခုစလုံးကို အဖြေပေးခဲ့ပါသည်။ ပြီးလျှင် သိဒ္ဓိတင်လိုသော ပစ္စည်း၊ လင်ပန်း၌ တည့်ရပါသည်။ (ဆရာတော် ဆွမ်းစားနေသည်ကို ကြည့်ညိုနေကြသော လူများ၏ပစ္စည်းများလည်း အများအပြားပါ။) ဆရာတော် သိဒ္ဓိတင်ပေးပါသည်။

ဆရာတော်က ဂူသို့ ကြွမည်ဟု မိန့်ပါသည်။ (ဆရာတော်သည် တစ်နေ့လုံး ဂူအောင်း၍ ကျင့်ကြံပါသည်။ ဆွမ်းစားချိန်မှသာ ဂူမှ ထွက်လာခြင်းဖြစ်ပါသည်။) စာရေးသူထံ လှမ်းကြည့်၍ ဆုပေးပါသည်။

စာရေးသူက ဝတ်ဖြည့်ပါသည်။ ရသေ့ကြီးအားလည်း နေရာအနှံ့ပြသပေးရန်နှင့် ပြန်ရန် ကူညီပေးပါဟု မိန့်ပါသည်။ (ဆွမ်းစားဆောင်မှ ပရိသတ်များက အဓိဋ္ဌာန်ဝင်နေကြသူများပါ။) ရက်ရှည်နေ၍ အဓိဋ္ဌာန်ဝင်ကြသော ဆွမ်းစားဆောင်ပရိသတ်များကြားမှ ရသေ့ကြီးနှင့် စာရေးသူ ပြန်ထွက်ခဲ့ရပါသည်။

ရသေ့ကြီးမှ ဘုရားဖူးညှော်သည်များ စားသောက်ရသောအဆောင်ကို ဦးစွာခေါ်သွားပါသည်။ ရသေ့မကြီးတစ်ဦးထံ အပ်နှံပြီး ဆွမ်းစားစေပါသည်။ သက်သတ်လွတ် ဟင်းများသာပါ။ ဆွမ်းစားနေစဉ် ရသေ့ကြီးမှ ရသေ့မကြီးအား စာရေးသူ ကံကောင်းပုံကို ပြောနေသည်ကို စာရေးသူ ကြားရပါသည်။

ဆွမ်းမဘုဉ်းပေးမီ အဝေးမှလာသည့် ဧည့်သည်ကို မုခ်ဦးတွင် စောင့်ကြိုရန်၊ ဆွမ်းစားဆောင်ခေါ်ခဲ့ရန် မိန့်ပါသည်တဲ့။ အနီးကပ် ဖူးတွေ့ခွင့်ပေးကြောင်း၊ လှူဖွယ်ပစ္စည်းများ အကုန်လုံး အလှူခံကြောင်း ဆရာတော်ကြီးထံ ကပ်လှူသောပစ္စည်းများကို ဆရာတော်က ခွဲခြား၍ အလှူခံပါသည်တဲ့။

ဆရာတော်ကြီး၏ ယာဘက်သို့ချသော ပစ္စည်းများသည် စေတော်ဝင်ကျောင်းတော်အတွက် အလှူခံခြင်းဖြစ်ပြီး လက်ဝဲဘက်သို့ချသော ပစ္စည်းများမှာ သာဝကများအတွက် အသုံးပြုခြင်းဟု ဆိုပါသည်။

စာရေးသူလှူသော မုန့်ပုံး၊ ဟောလစ်ပုလင်းကို လက်ခံခြင်းသည် သက်သတ်လွတ်မဟုတ်ဘဲ လက်ခံခြင်းဖြစ်သဖြင့် စာရေးသူ ကံကောင်းသည်ဟု ဆိုရမည်သာ။

မုန့်ပေါက်၊ လိမ္မော်၊ လက်ဖက်၊ ကွမ်း စွန့်သည်ကိုလည်း ကံကောင်းကြောင်း ပြောပါသည်။ ကွမ်းကို ဆရာတော်က စွန့်ခြင်းမရှိပါကြောင်းလည်း ကြားသိရပါသည်။

**(သာဝကများက ကွမ်းစွန့်ခြင်းကို အလွန်မျှော်လင့် တောင့်တကြပါသည်တဲ့၊ တိုက်တိုက်ဆိုင်ဆိုင် ကွမ်းစွန့်ခံရခြင်းမှာ ကံကောင်းမှုပါတဲ့၊ ကွမ်းစွန့်ခြင်းခံရသူများ ကွမ်းကို ဝါးပြီး မျိုချရပါသည်တဲ့။)**

စာရေးသူအား အနှံ့လိုက်ပြပါသည်။ အလှူခံဌာနရှိ ခြေလေးချောင်းသား (ရာသက်ပန်) ကြက်ငါး(တစ်နှစ်) လှူခဲ့ပါသည်။ စာရေးသူက ငယ်စဉ်ကပင်

www.burmeseclassic.com

www.burmeseclassic.com

(ခြေလေးချောင်းသား မစားခဲ့ပါ။ မိဘများကလည်း မကျွေးခဲ့ပါ။) မှုံ့ယစ်ဆေး(ရာသက်ပန်)၊ လောင်းကစား(ရာသက်ပန်)လှူခဲ့ပါသည်။

စေတော်ဝင် ကျောင်းပေါ်သို့လည်း လိုက်ပြပါသည်။ ဗိသုကာ၊ သူရသတီ၊ ကာလီမယ်တော် စသောအဆောင်များသို့လည်း ပြသပေးပါသည်။ စိပ်ပုတီးနှင့် ကျင့်စဉ်စာရွက်များလည်း ပေးအပ်ခဲ့ပါသည်။ ခုနစ်နေ့သားသမီး ကံပွင့်ဂါထာများ ပါပါသည်။ (သောကြာသားသမီး ကံပွင့်ဂါထာ ယနေ့ထိ ပူဇော်ဆဲပါ။)

စာရေးသူက ရသေ့ကြီးနှင့် ရသေ့မအား ဝတ္ထုငွေ လှူပါသည်။ ရသေ့မက နောက်တစ်ခါ ပြန်လာရန် ဖိတ်ခေါ်ပါသည်။ ရသေ့ကြီးမှ အဝေးညွှန်သည်ကို နေရာအနှံ့ လိုက်ပြပါ။ နောက်ထပ် မလာတော့ဟု ဆရာတော်က မိန့်ကြောင်း ပြောပြပါသည်။

ညနေ (၃)နာရီကျော်သောအခါ ရသေ့ကြီးက မုခ်ဦးသို့ ပြန်ခေါ်လာပါသည်။ လူသူရှင်းနေပါ၏။ ရသေ့ကြီးက ပြန်ရလျှင်လည်း ကိစ္စမရှိပါ။ နံနက် မန္တလေးသို့ ဈေးဝယ်သွားမည့် ရွှေပေါ်ကျွန်းကား (တစ်ပတ်လျှင် တစ်ခါထွက်သောကား)နှင့်ပြန်ပါ၊ ညတွင် ဓမ္မာရုံ၌ ဆရာတော်ကို ပြန်ဖူးမြော်ပါဟု ဆိုပါသည်။

စာရေးသူကမူ ပြန်လိုလှပါပြီ။ စောင့်ကြည့်ရန်၊ မေတ္တာရပ်ခံပါသည်။ ထိုစဉ် နိုက် စာကလေးများကို တောင်းဖြင့်သည့်ပြီး ခေါင်းပေါ်၌ ရွက်လာသော အမျိုးသမီးတစ်ဦး ရောက်လာပါသည်။

စာရေးသူက ဇီဝိတဒါနလှူလိုကြောင်းပြောရာ တစ်ကောင်လျှင် နှစ်ဆယ်နှုန်းဖြင့် ရောင်းပေးပါသည်။ ထိုစဉ် အပြန်ကားတစ်စီး(ကိုယ်ပိုင်ကား) မုခ်ဦးသို့ ရောက်လာပါသည်။

ရသေ့ကြီးက ထိုကားကို တားပါသည်။ ကားပေါ်ပါ သာဝကများက ရသေ့ကြီးအား နှုတ်ဆက်ကြပါသည်။ သာဝကများကို စာရေးသူအား အပ်နှံပေးပါသည်။ (မန္တလေး)သာဝကများက လိုလိုချင်ချင် ဖိတ်ခေါ်ပါသည်။ (သူတို့အဖွဲ့ နံနက်ကပြန်ရန် စီစဉ်ထားကြပါသည်။ ယမန်နေ့ညက ဓမ္မာရုံတွင် ဆရာတော်အား ခွင့်ပန်ကြသောအခါ သာဝက(လူကြီး)အား တာဝန်တစ်ရပ် ပေးပါသည်။

ညနေ(၄)နာရီမှ အလုပ်ပြီး၍ ယခုမှ ပြန်ရကြောင်း၊ ကားပေါ်ပါ အမျိုးသားတစ်ယောက်က ပြောပါသည်။ အမျိုးသမီးများကလည်း စာရေးသူ ကံကောင်းကြောင်း၊ ညနေပိုင်း မည်သည့်ကားကြုံမှ မရှိတတ်ကြောင်း ပြော၍ ရယ်မောကြပါ၏။

စာရေးသူ တည်းခိုအိမ်သို့ ရောက်သောအခါ ည(၈း၀၀)ရှိပါပြီ။ အိမ်ရှင်မက စိတ်ပူနေကြောင်း ပြောကြားပါသည်။ အသွားအပြန် တစ်ရက်တည်းနှင့် ရွှေပေါ်ကျွန်းသွားသူ စာရေးသူအားလည်း လူထူးဆန်းဟု အမည်ပေးပါသည်။

ပြန်မည့်ရက် နံနက်စောစောတွင် ဒေါ်ခင်သန်းနွဲ့က မဟာမုနိ(ဘုရားကြီး)(မျက်နှာသစ်တော်ရေ အမီ) လိုက်ပို့ပါသည်။ ဈေးချိုသွားကြပါသည်။ လက်ဆောင်ဝယ်တာပါ။ ရွှေပေါ်ကျွန်း ဥက္ကဋ္ဌအိမ်သို့ ဝင်ကြပါသည်။

စာရေးသူအား တွေ့လျှင် ရွှေပေါ်ကျွန်း မသွားဖြစ်ဘူး မဟုတ်လားဟု မေးပါသည်။ အကြောင်းစုံသိသောအခါ ဥက္ကဋ္ဌကြီးနှင့် ဥက္ကဋ္ဌကတော်မှာ အံ့အားသင့်မဆုံး ဖြစ်ကြပါ၏။

ဆရာတော်ထံ၌ သာဝကဖြစ်နေသည်မှာ ကြာမြင့်လှပြီဖြစ်သော်လည်း ဆရာတော် ကွမ်းစွန့်ခြင်း မခံခဲ့ရပါဟု ဆိုပါသည်။ ကွမ်းစွန့်ခြင်းကို သာဝကများ အလွန်မျှော်လင့်ကြပါသည်တဲ့။

ရွှေပေါ်ကျွန်းဆရာတော်နှင့် စာရေးသူတို့ သံသရာတစ်ကွေ့၌ ရင်းနှီးကျွမ်းဝင်ခဲ့ကြပါလိမ့်မည်။ စာရေးသူမှ စိတ်ညွှတ်၍ လျှောက်ကြားခြင်း (စိတ်ဖုန်းဆက်ခြင်း) စာရေးသူစိတ်အတွင်း ဖြစ်ပျက်နေခြင်းတို့ကို ဆရာတော်က လက်တွေ့ အကောင်အထည် ဖော်ပေးခဲ့ပါသည်။ ယနေ့ထိ တသသ သတိရဆဲပါ။

စာရေးသူ(စာဖြင့်) မေးမြန်းသော ကိစ္စများကို နှုတ်ဖြင့် မြွက်ကြားခဲ့ခြင်းများကိုလည်း မှန်လွန်းလှသဖြင့် အံ့ဩနေရဆဲပါ။

ဆရာတော် သာသနာပြုခဲ့သော ရွှေပေါ်ကျွန်းသို့ သာဝကများက သွားနေကြဆဲပါ။ ဆရာတော်ကြီး မရှိတော့သည်မှာ နှစ်များစွာ ကြာခဲ့ပါပြီ။ စေတော်ဝင်ကျောင်း၌ ဆရာတော်ကြီး ရှိနေဆဲဟု စာရေးသူက ထင်နေဆဲပါ။

စာရေးသူ ကွမ်းမျှသောအခါက ဆရာတော်ပြုံးနေပုံ (မိုးကြိုးဖြင့် ကွပ်ထားသောသွားများ ပေါ်အောင် ပြုံးနေပုံ)ကို စိတ်ထဲက မျက်စိထဲက ပုံရိပ်ထင်နေဆဲပါ။ ဆရာတော်၏ သာဝကများ ကံကောင်းနေကြဆဲပါ။

***ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကံကောင်းကြပါစေ။***

ဒေါ်သုမနဝိစိတ္တ
(B.Sc,H.G.P,Dip.Ed)

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

စကြာမင်း

အမှတ်တံဆိပ်

အားတိုးဆေး မှီဝဲပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၇၁၁ YR ဝ၀၆၀၂၄)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

'ဟေ့ ကိုကြီးကောင်း အိမ်တွင်းပုန်းလုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရဲ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ'' ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒို့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့''

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

ဆရာမြင့်

စကြာမင်း တိုင်းရင်းဆေးတိုက်

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး၊
(စ)ရပ်ကွက်။ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၇၂၂၅၇၁

ကိုကြီးကောင်း

www.burmeseclassic.com



◆ ကုသ္တုရာရုံစေတီ အဝင်မုခ်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

ရုံလေးရုံ

# ကျောင်းတော်ရာ စေတီလေးဆူ

ပူဇော်မှုခရီးစဉ် (၂)

**ယခင်လမှ အဆက်**

စေတီရင်ပြင် အရှေ့တောင်ထောင့်တွင် ပုံတော်စေတီခေါ် နောင်တော်ကြီးစေတီနှင့် ရှစ်မျက်နှာ ကြိုဟ်ပြေနံပြေ စေတီတစ်ဆူတို့ ဖူးတွေ့ရသည်။ ရှေးလက်ရာများ ဖြစ်ကြလေသည်။

## စေတီသမိုင်း

စေတီရင်ပြင်အတွင်း လှည့်လည်ကြည့်ညိုပြီးနောက် အရှေ့ဘက်ရှိ ဓမ္မာရုံတွင်း ဝင်ရောက်သွားသောအခါ သာသနာ့အကျိုးဆောင် ဦးသောင်းငွေက လိုအပ်သမျှ ရှင်းလင်းပြောပြ ကူညီပေးသည်။

ဓမ္မာရုံအတွင်း၌ စေတီသမိုင်း သရုပ်ဖော် ပန်းချီကားများ ချိတ်ဆွဲထားသည်။ ကမ္ဘည်းစာသားအချို့ ပျက်ယွင်းနေသော်လည်း စေတီသမိုင်းကို ကောင်းစွာ မှန်းဆသိရှိနိုင်ပေသည်။

ဘဒ္ဒကမ္ဘာ၌ ဒုတိယအဆူမြောက် ပွင့်တော်မူသော ကောဏာဂမနမြတ်စွာဘုရားအလောင်းတော် နတ်သားသည် တုသိတာနတ်ပြည်၌ စံတော်မူစဉ် ဘုရားဖြစ်ချိန်တန်ပြီဖြစ်ကြောင်း နတ်ဗြဟ္မာတို့ တောင်းပန်ချက်အရ နတ်ပြည်မှ ဆင်းသက်ကာ "**သောဂဝတီ**" နေပြည်တော်၌ "**ယညဒတ္တ**" ပုဏ္ဏား၏ ဇနီး ဥတ္တရာပုဏ္ဏေးမ၏ ဝမ်းတွင် ပဋိသန္ဓေ တည်နေတော်မူ၏။

ဆယ်လစေ့သော် သုဘဝတီဥယျာဉ်တော်၌ ဖွားတော်မူကာ ကောဏာဂမနဟု မှည့်ခေါ်ကြ၏။ အရွယ်ရောက်သော် "**ရုစိဂတ္တာ**" ကြင်ရာတော်နှင့် လက်ဆက်ကာ သားတော် **သတ္တဝါဟ** ဖွားမြင်သောအခါ **ဆင်**ကို စီး၍ တောထွက်သည်။ ဒုက္ကရစရိယ (၆)လ ကျင့်ကြံပြီးနောက် ဗောဓိရေသဖန်းပင်ရင်း၌ **ကောဏာဂမနမြတ်စွာဘုရား** အဖြစ်သို့ ရောက်တော်မူသည်။

ကောဏာဂမန မြတ်စွာဘုရားသည် ဟတ္ထလုဂ်တိုင်း မိတ္ထီလာပြည်သို့ ဒေသစာရီ ကြွချီတော်မူသောအခါ မိတ္ထီလာ

www.burmeseclassic.com





▲ ပုံတော်စေတီ

◀ ကုဗ္ဗာ့ရောဂုံစေတီ

ပြည့်ရှင် **ပဗ္ဗတမင်း**သည် ဝမ်းမြောက်စွာ ကြိုဆိုကာ ကြီးစွာသော အလှူကို ပေး၏။

ထို့အပြင် မိတ္ထီလာပြည်တွင် ဝါကပ်ဆိုတော်မူပါရန် တောင်းပန်၍ **ပဗ္ဗတာရာမ**ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်း၏။ ပဗ္ဗတမင်းသည် ဝါတွင်းသုံးလပတ်လုံး ဘုရားရှင်အား ဆည်းကပ်လုပ်ကျွေးကာ - ကောဏာဂမနမြတ်စွာဘုရားက ပဗ္ဗတမင်းအား...

'ဤဘဒ္ဒကမ္ဘာ၌ ဂေါတမဟွဲ့မည်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့'

ဟု ဗျာဒိတ်တော် မြွက်ကြားလေသည်။

ပဗ္ဗတမင်းသည် မင်းစည်းစိမ်ကို စွန့်လွှတ်ကာ ဘုရားထံ ရဟန်းပြု၏။ ကောဏာဂမန(ကောဏာဂုံ) မြတ်စွာဘုရားသည် ပဗ္ဗတာရာမကျောင်းတော်တွင်ပင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဟတ္ထလုင်္ဂတိုင်း မိတ္ထီလာပြည်သည် သုနာပရန္တတိုင်း ကောသမ္ဗီပြည်ဟု အမည်တွင်ကာ **ပဗ္ဗတာရာမ**ကျောင်းနေရာတွင် **ယောသိတ**အမည်ရှိသော သူဌေးက **ယောသိတာရုံ**ကျောင်း ဆောက်လုပ်ကာ ဂေါတမမြတ်စွာဘုရားအား ပင့်လျှောက်သဖြင့် နဝမမြောက် ဝါကပ်ဆိုတော်မူခဲ့သည်။

ဂေါတမမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းက ယောသိတာရုံကျောင်းတော်နေရာ၌ ယောသိတာရုံစေတီ တည်ထားခဲ့သည်။ ထို့နောက် ပုဂံပြည့်ရှင် စောလူးမင်းက ထပ်မံပြုပြင်ခဲ့သည်။

ထို့နောက် မင်းအဆက်ဆက်တို့ မွမ်းမံထိန်းသိမ်းကြကာ ၁၂၅၅ ခုနှစ်တွင် ရှာခိုင်သူကြီး နေမျိုးသီရိသီဟသမန္တကျော်ခေါင်ဘွဲ့ရ ဦးကျွန်းနှင့်

www.burmeseclassic.com





▲ ရှစ်မျက်နှာစေတီ

ကုဋ္ဌရွာရှိ

◀ ဆုတောင်းပြည့်ရုပ်ပွားတော်ကြီး

ဒေါ်ဒန်းဦးတို့က ယခု မြင်တွေ့ရသော စေတီတော်အဖြစ် ပြန်လည်ပြုပြင် တည်ဆောက်ခဲ့သည်။

## ထူးခြားသည့် နေရာအချို့

ဃောသိတာရုံစေတီ၏ အရှေ့လှည့် အာရုံခံတန်ဆောင်း အဝင်မုခ် တစ်ဖက်တစ်ချက်စီတွင် ယပ်ကိုင် နတ်ရုပ်တစ်ရုပ်စီ သွန်းလုပ်ထားရာ လက်ယာဘက် နတ်ရုပ်သည် နဂါး ခေါင်းဆောင်းနှင့် လက်ဝဲဘက် နတ်ရုပ်မှာ ဂဠုန်ခေါင်းဆောင်းတို့ဖြင့် မြင်တွေ့ရသည်။

ရန်သူဖြစ်သော နဂါးနှင့် ဂဠုန်ကို ဤသို့ ယှဉ်တွဲထားခြင်းမှာ ဘုရားရှင်၏ မေတ္တာတော်အဟုန်ကြောင့် မာန်အငြိုးများ ပြေပျောက်သင့်မြတ်သွားခြင်းကို ရည်ညွှန်းသည်ဟု ယူဆဖွယ်ရှိလေသည်။

စေတီရင်ပြင် အနောက်မြောက်ထောင့်(ရာဟုထောင့်)တွင် ထီးတစ်လက် ဖြန့်ကြက်ထားကာ မဏ္ဍိုင်တွင် **အောင်မြေဟု ကမ္ပည်းထိုးထားသည်။** စေတီတော်တွင် ကုသိုလ်ပြုပြီးနောက် (၃၁)ဘုံသားတို့အား အမျှဝေ မေတ္တာပို့သပြီးနောက် ဤအောင်မြေတွင် လိုရာ ဆုတောင်းအဓိဋ္ဌာန်ပြုရသည်ဟု သိရသည်။


**စေတီတော်၏ အနောက်တောင်ထောင့်တွင်ကား သိမ်တော်ရှိသည်။** ရှေးခေတ်ရဟန္တာများ သမုတ်ခဲ့သော သိမ်ဖြစ်ကာ **ဤသိမ်တွင် ကျမ်းကိုင်မီးပြိုင်သစ္စာဆိုခြင်းများ ဒိဋ္ဌအကျိုးထူး ကြုံတွေ့ရသည်ဆို၏။**

သိမ်မှာ အကာမပါ အမိုးလည်ပေါ်နှစ်ထပ်တင်၍ ဆောက်လုပ်ထားသည်။ ရှေးသိမ်ပြိုပျက်သွားဖြင့် ၁၃၅၆ ခုနှစ်တွင် အသစ်တည်ဆောက်လှူဒါန်းသည်ဟု သိရသည်။

စေတီတော်နှင့် မနီးမဝေး မြောက်ဘက်မြေပြင်တွင် ထည်ဝါလှသော

www.burmeseclassic.com





◆ ရွှေသာလျောင်းရုပ်ပွားတော်



◆ ငြိမ်းချမ်းမြေစေတီ

'စေတီအောက်ခြေလိုဏ်ခွင်မှ ခြေတော်ရာ ◆

နှစ်ထပ်အုတ်ကျောင်းကြီးကို တွေ့ရသည်။ ထိုကျောင်းကြီး၏ အလှူရှင်နှင့် ပတ်သက်၍ ဦးသောင်းငွေက ဤသို့ ပြောပြသည်။

## နှစ်ဘာဝအာလှူရှင်ကျောင်းအာမ

လွန်ခဲ့သော ဆယ်နှစ်ခန့်က စေတီတော်မုခ်ဦးအနီးသို့ ကိုယ်ပိုင်ကားတစ်စီး ရောက်ရှိရပ်နားကာ ရည်မွန်သန့်ပြန့်သော အသက်(၃၀)ခန့် အမျိုးသမီးတစ်ဦး ဆင်းလာသည်။ မှော်ရုံတွင်း ရောက်လာသဖြင့် အလှူခံဌာနမှ ဦးသောင်းငွေက ခရီးဦးကြို နှုတ်ဆက်သည်။

'ဦးလေးက ဂေါပကလူကြီးလား'

'ဆိုပါတော့ဗျာ စေတီတော်ကို ထိန်းသိမ်း စောင့်ရှောက်နေတဲ့ သာသနာ့အကျိုးဆောင်ပါ'

အမျိုးသမီးက စေတီမြောက်ဘက်ရှိ



www.burmeseclassic.com

www.burmeseclassic.com





▲ အရှေ့မြောက်ထောင့်မှ စေတီတစ်ဆူ

◀ အာရုံခံတွင်းမှ တင်ပျဉ်ခွေ ရုပ်ပွားတော်

ယိုယွင်းစပြုနေသော ဘုန်းကြီးကျောင်းကို ညွှန်ပြလျက်...

'ဒီကျောင်းကြီးကို မွမ်းမံပြုပြင်သူရှိသလား ဦးလေး'

'ဒီကျောင်းအမက ဒေါ်မြကြည်တဲ့။ လှူထားတာ ကြာပါပြီ။ အခုအချိန်မှာ သူလဲ ကွယ်လွန်သွားတာ နှစ်ပေါင်း (၃၀)ကျော်ပါပြီ။ သားထောက် သမီးခံလဲ မရှိတော့ ဆက်ခံပြုပြင်သူ ဝေးနေတယ်ဗျာ'

'ဒီကျောင်းကို ကျွန်မ ပြန်ပြင်ချင်တယ်။ မူလကျောင်းအမကလဲ ကျွန်မ ပဲလေ'

'ဒါ...ဒါဖြင့် တူမကြီးက...'

'ဟုတ်ပါတယ် ဒေါ်မြကြည်အဖြစ်နဲ့ ကွယ်လွန်ပြီး အခု ရန်ကုန်မှာ ဒေါက်တာကြည်ကြည်ဝေ ဖြစ်နေတာပါ။ ကျွန်မ ငယ်ငယ်ကတည်းက အရင်ဘဝအကြောင်းတွေ မှတ်မိပါတယ်။ ဒါပေမယ့် အကြောင်းမသင့်လို့ မရောက်ဖြစ်တာပါ။ အခု ရွှေစက်တော် ကျောင်းတော်ရာဘုရားဖူးလာတုန်း ရုံလေးရုံစေတီတော်တွေအကြောင်း ကြားရလို့ ဖူးမြော်ရင်း ဒီရောက်တော့ အရင်ဘဝက အကြောင်းတွေ ပြန်သတိရမိတယ်။ ကျောင်းကြီးကလဲ ယိုယွင်းနေတော့ သဒ္ဒါစိတ် ပေါ်မိတာပါ'

သို့ဖြင့် ခိုင်ဦးရတနာတိုက်သစ်ရတနာမာန်အောင်ကျောင်း ရွာခိုင်တိုက်ကျောင်းတို့မှ ဆရာတော်များနှင့် လျှောက်ထားတိုင်ပင်ကာ ဤကျောင်းဆောင်သစ်ကို ထပ်မံ ဆောက်လုပ်မွမ်းမံခဲ့ကြောင်း သိရလေသည်။*(ပုဂ္ဂိုလ်ရေးအရ လူအမည်များကို ပြောင်းလဲထားပါသည်။ အလှူရှင်ကမ္ပည်း၌ အမည်မှန်များကို ဖတ်ရှုနိုင်ပါသည်။)*

ဤဖြစ်စဉ်နှင့် အလားတူအဖြစ်မျိုးကို မြင်းခြံမြို့နယ်၊ ဆင်းဂွတ်ရွာ၌ စံပယ်တော်မှူးသော ရွှေစည်းခုံစေတီသမိုင်း

www.burmeseclassic.com



◆ နံရံမြောက်ဘက်မှ ရုပ်ပွားတော်များ




◆ နံရံတောင်ဘက်မှ ရုပ်ပွားတော်ကြီး

◆ သိကြားရုပ်



◆ ရေအုတ်ကွင်းအချို့



၍ လှေ့လာခဲ့ရသည်။ ရွှေစည်းခုံစေတီ၏ မူလ အလှူရှင်မှာ ပုဂံကျွစွာမင်း လက်ထက် **တပသင်**သူဌေးကြီး၏ သမီး **မရွှေမိတ်**ဖြစ်သည်။

စေတီမပြီးမီ ကွယ်လွန်ခဲ့ရာ နှစ်ပေါင်း(၇၀၀)ခန့်ကြာမှ မင်းတုန်းမင်း၏ **အဆောင်ရမိဖုရားငယ် မိုးနဲ မိဖုရား သီရိနန္ဒမဟေသီ** ဖြစ်လာသည်။

ထိုအချိန်တွင်မှ ဘဝဟောင်းက မပြီးခဲ့သော စေတီကို ဆက်လက် တည်ဆောက် လှူဒါန်းနိုင်ခဲ့လေသည်။ *(သိမ်တော်ရှင် မြတ်စွာဘုရားနှင့် တစ်ရာပြည့်စာစောင် စာမျက်နှာ– ၁၂၁ ၁၂၂)*

ရွှေလ ဆက်ဖတ်ပါရန်

ဘုန်းကျော်စွာ
(မြိုင်ကျွဲသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်

နှင့် ကျေးဇူးရှင် ဆရာတော်ကြီးများ



◆ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလာစာရ

ဟင်္သာတမြို့

မိုးကောင်းကျောင်းတိုက်

ပဓာန နာယကဆရာတော်

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ သုမင်္ဂလာစာရအား

ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်သည် **၁၂၉၇ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၃)ရက် သောကြာနေ့၌** ဖွားမြင်ရာ ၂-ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

၂-ကြွင်း မဟာဘုတ်

**၂-ကြွင်းမဟာဘုတ်အရ ကြည့်ရင်...**

၁-နွေဂြိုဟ်သည် အထွန်းအိမ်၌ ရပ်တည်နေသဖြင့်...

- ✦ အကြီးအကဲဖြစ်ရခြင်း၊
- ✦ အများကို အုပ်ချုပ်ကွပ်ကဲ စီမံခန့်ခွဲရခြင်း၊
- ✦ ဘွဲ့ထူးဂုဏ်ထူး ရရှိခြင်း၊
- ✦ ကျောင်းကောင်း အဆောက်အအုံကောင်းများ ပိုင်ဆိုင်ရခြင်း၊
- ✦ ဂုဏ်သတင်း ကျော်ကြားခြင်း၊
- ✦ ဒီးကျူးခံရဖွယ် ဂုဏ်ဒြပ်များနှင့် ပြည့်စုံခြင်း၊
- ✦ ဦးဆောင်မှု ပေးစွမ်းနိုင်ခြင်း၊
- ✦ အောင်မြင်မှုသရဖူ ဆောင်းနိုင်ခြင်း...

စသည်တို့ပဲ ဖြစ်ပါတယ်။

သို့ရာတွင်...

**၁-နွေဂြိုဟ်သည် အထွန်းအိမ်၌ ရပ်တည်ပြီး ၃-ဂ်ါဂြိုဟ်သည် ပုတိအိမ်၌ ရပ်တည်နေသောကြောင့် ပက္ခမိပြီး** ဦးညို အပြင်ရန်ဓာတ် ကျနေသဖြင့်...

- ✦ လုပ်ငန်းခွင် ပြင်ပ ပဋိပက္ခများ ကြုံခြင်း၊
- ✦ ရန်များပြဿနာများဖြစ်ပေါ်ရခြင်း...

တော့ ကြုံတွေ့ရမှာလဲ ဖြစ်ပါတယ်။

**တစ်ဖန်...**

**စနေဂြိုဟ်သည် ရာဇအိမ်၌ ရပ်တည်နေသောကြောင့်...**

- ✦ ဘာသာရေး သာသနာရေးဆိုင်ရာ အကြီးအကဲ ဖြစ်ရခြင်း၊
- ✦ ဘာသာရေး သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခြင်း၊
- ✦ သြဇာတိက္ကမ ကြီးမားခြင်း၊
- ✦ ခြွေရံပရိသတ် တပည့်တပန်း ပေါများစေခြင်း၊
- ✦ သြဇာတိက္ကမ ကြီးမားသူများရဲ့ ကိုးကွယ်ဆည်းကပ်မှုကို ခံယူရရှိခြင်း၊
- ✦ မင်းစိုးရာဇာများရဲ့ ကြည်ညိုမှုကို ခံယူရခြင်း၊
- ✦ ဘာသာရေးဆိုင်ရာ အလှူကြီး ပေးရခြင်း
- ✦ ထိပေါက်တတ်ခြင်း၊
- ✦ ကံထူးခြင်း၊
- ✦ ရပ်ဝေး နိုင်ငံခြားခရီး သွားရခြင်း၊
- ✦ လူမျိုးခြားများနှင့် အကျိုးပေးခြင်း၊
- ✦ မှီခိုသူ များပြားစေခြင်း၊
- ✦ ပူပင်သောက ငြိမ်းအေးစေတတ်ခြင်း...

စသည်တို့ပဲ ဖြစ်ပါတယ်။

**သို့ရာတွင်...**

စနေဂြိုဟ်သည် ရာဇအိမ်၌ ရပ်တည်ပြီး ၄-ဟူးဂြိုဟ်သည် သိုက်အိမ်၌ ရပ်တည်နေသဖြင့် ပက္ခမိနေပါတယ်။ (၀-၄)သည် ဒန်းလှအတွင်းမိတ် ဖြစ်သောကြောင့် အတွင်းမိတ်တစ်ခါတစ်ရံ ပျက်ပြားပြီး အနီးနေတပည့်တပန်းများကြောင့် ပြဿနာကြီးငယ် ကြုံရခြင်း၊ ဖြေရှင်းရခြင်းများ ဖြစ်တတ်ပါတယ်။

**၂-ကြွင်း မဟာဘုတ်အရ အဓိပတိဖွား ဖြစ်သောကြောင့်...**

- ✦ စိတ်ကောင်း နှလုံးကောင်းရှိခြင်း၊
- ✦ ဘာသာရေး သာသနာရေး စိတ်ဝင်စားခြင်း၊
- ✦ ဘုန်းကံပါရမီ ကြီးမားခြင်း၊
- ✦ မမှန်သော အလုပ်ကို မလုပ်ဝံ့ခြင်း၊
- ✦ ပညာရှိများ သူတော်ကောင်းများနှင့် ဆုံတွေ့ရခြင်း၊
- ✦ စကားအပြောအဆို လိမ္မာပါးနပ်ခြင်း၊
- ✦ ပညာထူးချွန်ခြင်း၊
- ✦ အကင်းပါးခြင်း၊
- ✦ အသက်ရှည်ခြင်း၊
- ✦ ခြွေရံပရိသတ် ပေါများခြင်း...

စသည်တို့ပဲ ဖြစ်ပါတယ်။

***အောပါစေ၊ အောင်ပါစေ၊***

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာအောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**

လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ဝမ်း၊လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေ မကာ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါ

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၅၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁၃၈၈၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com

ရွှေတောင်နယ်မှ ထူးခြားဆန်းကြယ်

# ရဟန္တာ (၅၀) သိမ်များ

လေ့လာပူဇော်မှုခရီး (၂)

ဘုန်းကျော်စွာ
(မြင်တက္ကသိုလ်)





▲ ထောင့်ချိုးမုန်လိုက်မှ ရုပ်ပွားတော်

◀ မုန်လိုက်တန်းစုမှ ရုပ်ပွားတော်

**ယခင်လမှ အဆက်**

'ဆရာခင်မောင်ကြည်(ရွှေတောင်)က သန်းခေါင်သိမ်ဆိုတာ ရှိသေးသတဲ့။ အချိန်တန်ရင် ပေါ်လာမှာပါ။ ဖြစ်နိုင်တာက ပေါ်ပြီး သိမ်သုံးဆောင်နဲ့ စတုရန်းကျတဲ့ တစ်နေရာမှာ ရှိနေနိုင်တယ်'

ဟု မှတ်ချက်ပေးလေသည်။

## ၁။ ရွှေစက်မြှောင် တောရသိမ်သို့

မွန်းတည့်သိမ်ဟု ဆိုစမှတ်ပြုကြသော ရွှေစက်မြှောင်သိမ်သို့ ဦးတည်ကာ ဆိုင်ကယ်နှစ်စီးဖြင့် ခရီး စတင်ကြသည်။ မြို့ခံ စာရေးဆရာနှစ်ဦး ဆိုင်ကယ်တစ်စီးဖြင့် လမ်းပြဦးဆောင်သည်။

ရွှေတောင်မြို့ တည်ကုန်းရပ်ကွက်ရှိ ရွှေနတ်တောင်မုခ်ဦးမှ အနောက်တောင်ယွန်းယွန်း လမ်းကလေးအတိုင်း သွားရသည်။ လမ်းခုလတ်တွင် ဒွတ္တဘောင်မင်းကြီးကောင်းမှု နိဗ္ဗာန်ချော့ ခေါ် စေတီတော်ကြီးအား ဖူးမြော်ရသည်။

လေးမိုင်ခန့်ခရီးပေါက်သော် ရွှေနတ်တောင်စေတီမုခ်ဦးသို့ ရောက်သည်။ ထိုမှ ဆက်၍ လာခဲ့ရာ "**မယားမာန်ရွာအနီး** လမ်းခွဲနှစ်မြွာကို တွေ့ရသည်။ **လက်ယာဘက်လမ်းအတိုင်း** (၉)မိုင်ခန့်အကွာတွင် "**ကျီးသဲ**"ကျေးရွာရှိသည်။

လွန်ခဲ့သော နှစ်တစ်ရာကျော်ခန့်က မြန်မာ့သာသနာဝင်၌ ထင်ရှားတော်မူသော **အရှင်မုနိန္ဒာဘိဓဇ၏ မွေးဖွားရာ ဇာတိရွာဖြစ်သည်။**

ဆရာတော် လောင်းလျာသည် အသက်(၉)နှစ်သားအရွယ်တွင် သစ်နီတောကျောင်း ဆရာတော် ဦးပညာသာမိထံတွင် စတင် ပညာသင်ယူခဲ့ရာ အသက်(၂၀)အရွယ်တွင် ရွှေတောင်မြို့ ဂိုဏ်းအုပ်ဆရာတော်အား ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်ခဲ့သည်။

ရဟန်းနှစ်ဝါအရတွင် အမရပူရသို့ ကြွ၍ စာဝါသင်ယူကာ (၆)ဝါအရတွင် ရွှေတောင်မြို့နယ်၊ ကျီးသဲရွာလေးထပ်ကျောင်းတွင် စတင် သီတင်းသုံးသဖြင့် ကျီးသဲလေးထပ်ဆရာတော်ဟု တွင်သည်။

ပန်းတောင်း၊ မော်လမြိုင်၊ ဟင်္သာတ၊ အင်္ဂပူမြို့များတွင် ဒါယကာများ၏ ဆန္ဒအရ လှည့်လည် သီတင်းသုံးခဲ့သည်။

www.burmeseclassic.com

ဇိနတ္တပကာသနီအပါအဝင် ကျမ်းပေါင်း(၃၁)စောင် ပြုစုတော်မူခဲ့၍ သက်တော် (ရရ)ခုနှစ်၊ ၁၂၅၆ ခုနှစ်တွင် ကျီးသဲရွာမြောက်ဘက် (၁၀)မိုင်ခန့်အကွာ **"ဖြောက်ဆိပ်ရွာ"** တိုက်ကျောင်း၌ ပျံလွန်တော်မူကြောင်း သိရ၏။

***(ဆရာတော်ကြီး၏ ပညာဂုဏ်ကို လေးစား ကော်ရော်သောအားဖြင့် အကျဉ်းမျှ ဖော်ပြပါ၏။ အကျယ်ကို ဆိုင်ရာကျမ်းများတွင် ကြည့်ရှုနိုင်ကြပါသည်။)***

လမ်းခွဲတွင် လက်ဝဲဘက်လမ်းအတိုင်း (၆)မိုင်ခန့် ခရီးဆက်ခြင်းဖြင့် **"ဆင်သေရွာ"**သို့ရောက်၏။ ဆင်သေရွာမှ တစ်မိုင်ခန့်အကွာ ဆည်ကြီးကျေးရွာသို့ မရောက်မီ ကြားခုလတ်တွင် ရွှေစက်မြှောင်သာသနာမြေကို မြင်တွေ့ လေ့လာခွင့်ရလေသည်။

လမ်းမှာ ကျောက်ခင်းလမ်းဖြစ်ရာ မော်တော်ယာဉ်များပါ လာရောက်နိုင်သည်ကို တွေ့ရ၏။

## ရွှေစက်မြှောင် သာသနာမြေ

ရွှေစက်မြှောင် သာသနာမြေကား ဧက(၃၀)ခန့် ကျယ်ပြန့်ကြောင်း သိရသည်။ သာသနာမြေတွင်းသို့ ရောက်သော် တောရဆရာတော်အား စုံစမ်းရာ ကျောင်း၌ ရှိသည်ဟု သိရသဖြင့် သွားရောက်ဖူးမြော်သည်။


သာသနာမြေကြီး စတင် ထွက်ပေါ်လာစေရန် ဝါယမပြု ဦးဆောင်တော်မူသော ဆရာတော်ဖြစ်၍ အဖိတ်၊ ဥပုသ်နေ့များတွင်သာ ပရိသတ်ကို လက်ခံတွေ့ဆုံသည်။ ကြားကာလတွင်မူ တစ်ပါးကျောင်းအတွင်း ကေစာရီကျင့်ကြံ အားထုတ်ကြောင်းသိရသည်။

ဆရာခင်မောင်ကြည်က မိတ်ဆက်



▲ အနောက်ဘက်အဝေးဆီမှ အကောက်တောင်မြင်ကွင်း

▼ စတင်တွေ့ရှိရသော ဓာတ်ကျန်တော်ရာ



လျှောက်ထားသဖြင့် အကြောင်းစုံ သိရသောအခါ ဆရာတော်က လိုအပ်သမျှ မိန့်ကြားကူညီတော်မူသည်။

ဆရာတော်ဘွဲ့မည်မှာ **ဦးကောဏ္ဍည** ဖြစ်၍ **သက်တော်(၆၀)နှစ်** ရှိပြီဖြစ်သည်။ လူ့ဘဝတွင် ကျောင်းဆရာအဖြစ် အသက်မွေးခဲ့၍ အိမ်ထောင်မဲ့ လူပျိုကြီးဖြစ်သည်။ အသက်(၄၉)နှစ်တွင် လောကီကို ငြီးငွေ့ စွန့်လွှတ်ကာ သာမဏေဘဝဖြင့် ပြည်၊ သံတောင်ဒေသများ၌ သီတင်းသုံး အားထုတ်သည်။

အသက်(၅၀)ပြည့်တွင် ပခုက္ကူသို့ ကြွရောက်ကာ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ထို့နောက် ဇာတိမြေ ရွှေတောင်မြို့နယ် ညောင်စျေးရွာ တစ်ဖက်ကမ်း မြန်အောင်မြို့နယ်တွင်း တောင်စဉ်လျှောက်၍ ကျင့်ကြံ အားထုတ်သည်။ **(ထုံးဘို့ အကောက်တောင်ဒေသဝန်းကျင် ဖြစ်သည်။)**


(၅)ဝါကျော်သောအခါ မြန်အောင်မြို့ သစ္စာမဏ္ဍိုင်တောရမှ ဇာတိမြေ ညောင်စျေးရွာအနီး ဆင်သေရွာသို့ ကြွရောက်သည်။ ဆင်သေရွာအနီးရှိ သရက်သုံးပင်တောမှာ လူသူကင်းဝေးဆိတ်ငြိမ်၍ တောရအင်္ဂါနှင့် ညီညွတ်သဖြင့် ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ထံ ခွင့်တောင်းကာ တောရ

www.burmeseclassic.com



▲ အရှေ့အာရုံခံအတွင်းမှ ရုပ်ပွားတော်

▼ စေတီယောင်အတွင်းမှ ဂူကအပျက်



ဆောက်တည်ခဲ့သည်။

၁၃၅၁ ခုနှစ်၊ ဝါကျွတ်ချိန်တွင် စတင်ရောက်ရှိခဲ့သဖြင့် ယခု (၁၃၅၅ ခုနှစ်တွင်) (၄)နှစ်တာ ကြာမြင့်ပြီဖြစ်ကြောင်း သိရသည်။

## သာသနာမြေ ပေါ်ထွန်းလာခြင်း

ဆည်ကြီးကျေးရွာသား ကိုဆန်းဝင်း ဆင်သေရွာသား ဦးမောင်ငြိမ်းနှင့် အေသခံအချို့ထံ မေးမြန်းသိရှိရခြင်း ဖြစ်သည်။

'ဒီဆရာတော်က ညောင်ရေးဇာတိ ... ကျေးရွာ သံဃနာယကအဖွဲ့ဆီမှာ ခွင့်တောင်းပြီး တောရဆောက်တည်တော့ ကျွန်တော်တို့က လေးတိုင်စင်ဝါးကျောင်းကလေး ဆောက်ပေးကြပါတယ်။

သရက်သုံးပင်တောဆိုတာ နှစ်ရှည်သရက်ပင်ကြီးသုံးပင်ကို အမှီပြုပြီး ခေါ်တာပါ။ ကေ(၃၀)လောက်ကျယ်တယ်။ မြွေကင်း အဆိပ်ရှိ သတ္တဝါတွေများသလို အခြောက်အလှန့်လဲ ပေါတယ်။

နေ့ခင်းကြောင်တောင် အချိန်မှာတောင် ဒီတောထဲ ဟင်းရွက်ခူး၊ ဟင်းစားရှာဖို့ မလာရဲကြဘူး။ ဒါကြောင့် ကျောင်းဆောက်ပြီးတာနဲ့ ကိုယ့်အိမ်ကိုယ် ပြန်ကြတယ်။

ဦးပဥ္စင်းတစ်ပါးတည်း ကျန်ခဲ့တာပေါ့။ ည(၁၁)နာရီလောက်ကျတော့ ဦးပဥ္စင်းအတွက် စိုးရိမ်ကြတယ်။ အရင် ဂိုဏ်းဆရာတချို့ ဒုက္ခ အကြီးအကျယ် ရောက်ကြတာ အားလုံးအသိပဲလေ။

သန်မာဖျတ်လတ်တဲ့ လူငယ်လေး၊ ငါးဦး ဓာတ်မီးကိုယ်စီနဲ့ တဲကျောင်းကလေးအနား ရောက်တော့ ဦးပဥ္စင်းက "ဘယ်သူလဲ" လို့ တည်ငြိမ်တဲ့ အသံနဲ့ မေးပါတယ်။ စိုးရိမ်လို့ လာကြည့်တဲ့အကြောင်း လျှောက်ထားတော့ ဦးပဥ္စင်းက ပြုံးပါတယ်။

ဒီလိုနဲ့ မနက်ပိုင်းကျတော့ ဦးပဥ္စင်းက ဆည်ကြီးကုန်းတစ်လှည့်၊ ဆင်သေတစ်လှည့် ဆွမ်းခံကြွပါတယ်။ ပတ္တပိုဏ် ဘုဉ်းပေးတယ်။ သက်သတ်လွတ်ရယ်လို့တော့ မဟုတ်ပါဘူး။ ညဘက်ကျရင် ချုံတွေကြားက တချို့တဝက်ပေါ်နေတဲ့ ရုပ်ပွားတော်တွေကို ဖယောင်းတိုင်၊ အမွှေးတိုင် ပူဇော်တယ်။

ဒီဦးပဥ္စင်း စရဏ အားကောင်းလို့သာ ဒီလိုကြမ်းတဲ့ တောထဲ သီတင်းသုံးနိုင်တာပဲ။ သူတောင် ဆီမီးအမွှေးတိုင် ပူဇော်နိုင်ရင် တို့လူဒါယကာ ဥပါသကာတွေက ပို့သီတတ်ရမယ်ဆိုပြီး...

တစ်စွန်းတစ်စ ပေါ်နေတဲ့ ရုပ်ပွားတော်နောက်က ချုံနွယ်တွေကို ဝိုင်းဝန်းရှင်းလင်းပေးကြတယ်။ အရင်က မြွေပေါပေမယ့် ချုံရှင်းတဲ့အခါ မြွေမဆိုထားနဲ့ ကင်းမြီးကောက်တစ်ကောင်တစ်ကောင် မတွေ့ရပါဘူး။

အဲဒီအချိန်မှာ **တင်ပျဉ်ခွေရုပ်ပွားတော် လေးဆယ့်ခုနစ်ဆူ ဝန်းရံထားတဲ့ မဟာစမ္ဗုစေတီ**အုတ်ပုံကြီးကို တွေ့ရတာပါပဲ။ ရုပ်ပွားတော် အများစုက မူလလက်ရာအတိုင်း ရှိတယ်။ စေတီရင်ပြင် အရံတံတိုင်းအပြင်ဘက်

မှာ မှန်လိုဏ်ကိုယ်စီနဲ့ ပူဇော်ထားပါတယ်'

ဟူ၍ ပြောပြကြသည်။

## တစ်ပါးကျောင်းမှ

## ရွှေရုပ်ပွားတော်

ထို့နောက် ဆရာတော်က **ဆွမ်းစားဆောင်**(ဤကျောင်းဆောင်တွင် ဆွမ်းဘုဉ်းပေး၍ အဖိတ် ဥပုသ်နေ့များ၌ ပရိသတ် အပူးအမြော်ခံ တရားဩဝါဒ မြွက်ကြားပေးတော်မူ၏။) အနီးရှိ တစ်ပါးကျောင်းသို့ ခေါ်သွားသည်။

ကြားရက်များတွင် ဤကျောင်း၌သာ သီတင်းသုံး အားထုတ်ကာ ပရိသတ်နှင့် တွေ့ဆုံပြောဆိုလေ့ မရှိဟု သိရသည်။

ကျောင်းအတွင်း ခုတင်တစ်လုံးရှိ၍ ခေါင်းရင်းပိုင်း၊ နံရံအမြင့်တွင် အလင်းဝင်ပေါက်ရှိရာ ကျောက်ဖြူသားရုပ်ပွားတော်တစ်ဆူ ပူဇော်ထားသည်။


စေတီဟောင်း အုတ်ပုံအတွင်းမှ ရရှိသော ရွှေရုပ်ပွားတော်ဖြစ်ကာ လူအများ လေ့လာကြည်ညိုနိုင်ကြစေရန် ဤတစ်ဆူကို ချန်ထား၍ ကျန်ရုပ်ပွားတော်များကို ပြန်လည် ထည့်သွင်း ဌာပနာပြုခဲ့သည်ဟု သိရသည်။ ယင်း ရုပ်ပွားတော် အောက်ဘက်အနီးတွင် အုတ်ခွက်ဘုရား နှစ်ဆူကိုလည်း ဖူးတွေ့ရ၏။

ကျောင်းနံရံတွင် အောက်ပါ စာတမ်းကို ချိတ်ဆွဲထားသည်။

**ရွှေစက်မြောင်တောရဓမ္မဝိနယ**


၁။ နယ်သံဃာထေရ်ကြီးများ၏ ဩဝါဒ ခံယူလျက် ဓမ္မဝိနယနှင့်အညီ တောရသာသနာ ဆောက်တည်ပါ၏။

၂။ တောမှီရဟန်းတို့၏ အလေ့အတိုင်း ဆွမ်းခံ



▲ စေတီနှင့် အရှေ့ဘက်မုခ်တန်ဆောင်း


▼ ပေါ်ထော်မူစေတီ မူလပုံတော်





www.burmeseclassic.com






▲ (၁၄)လက်မ အလျားရှိ ရေအုတ်ချပ်

◀ ဆရာတော်နှင့် ရေအုတ်တစ်ချပ်

▼ တောစိုးသရက်ပင်ကြီးများ။



ခြင်းပြုပါသည်။

၃။ ဆိတ်ငြိမ်မှုကို အဟန့်အတား ဖြစ်စေမည့် အမှုကိစ္စများကို ရှောင်ကြဉ်ပါ။

၄။ ချမှတ်ထားသော နေရာ၌သာ သီတင်းသုံးပါ။ လိုအပ်ပါက ပြောင်းရွှေ့နေရာချထားမှုကို ကြည်ဖြူစွာ လက်ခံပါမည်။

၅။ နိဿဂ္ဂိပစ္စည်းများ ကိုင်ဆောင်သုံးစွဲခြင်း မပြုပါ။

၆။ ရွှေငွေ မကိုင်ဆောင်ပါ။ အလှူမခံပါ။

၇။ သာရေး နာရေး မလိုက်ပါ။

၈။ တစ်ပါးတစ်ကျောင်းနေစနစ် ကျင့်သုံးပါသည်။

၉။ အာဂန္တုရဟန်းများ ညဝါအခံ ဆရာတော်၏ ခွင့်ပြုချက် ရယူ၍ သုံးရက် ခွင့်ပြုပါမည်။

၁၀။ မိမိ သူတစ်ပါး မထိခိုက်စေဘဲ သာသနာ့မွေ့လျော်အားဖြင့် အများကောင်းကျိုးချမ်းသာ ဆောင်ရွက်ပါမည်။

၁၁။ ဥပုသ်နေ့များ၌ ယောဂီများ တရားအားထုတ်ခြင်းကို အချိန်ပိုင်း ခွင့်ပြုပါမည်။

(**မှတ်ချက်** ။ ။ သီလ မပေးပါ။)

## မဟာဓမ္မစေတီ

ထို့နောက်တွင် ဆရာတော် ဦးဆောင်၍ တောရမြေအတွင်း လှည့်လည် လေ့လာကြည့်ရှုကြသည်။ ဦးစွာ မဟာဓမ္မစေတီတော်အား ဖူးမြော်သည်။ စေတီတော် အရံတံတိုင်း အပြင်ပတ်လည်တွင် တင်ပျဉ်ခွေရုပ်ပွားတော်များကို မုခ်လိုဏ်များဖြင့် အစီအရီ ပူဇော်ထားသည်။

အင်းဝနှင့် ကုန်းဘောင်ခေတ် လက်ရာများ ဖြစ်နိုင်သည်ဟု သုတေသီများ ခန့်မှန်းကြကြောင်း ဆရာတော်က မိန့်ကြားသည်။

စေတီပတ်လည်တွင် (၄၆)ဆူနှင့် အရှေ့အာရုံခံ တန်ဆောင်းအတွင်း ရုပ်ပွားတော်ကြီးတစ်ဆူ စုစုပေါင်း (၄၇)ဆူ ဖူးတွေ့ရသည်။

အချို့မှာ မော်ဇာခင်ဘကုန်းတွင် တွေ့ရသော ပျူခေတ်ကြေးသွန်းရုပ်ပွားတော်၏ မျက်နှာတော်နှင့် ဆင်တူနေသဖြင့် ပျူခေတ်မှ အစပြုကာ ခေတ် အဆက်ဆက် မွမ်းမံပူဇော်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



◆ လျှောင်းတော်မူ ပလ္လင်

◆ လျှောင်းတော်မူ ထီးတော်မူစဉ်က



◆ နောင်တော်ကြီးစေတီအရာ



ယူဆဖွယ် ရှိနေလေသည်။

စေတီအရံတံတိုင်းတွင် ရုပ်ပွားတော်များ ပတ်လည်ထားရှိခြင်းသည် ရှားပါး၍ ဆန်းသစ်သော ပူဇော်မှုဖြစ်သည်။ ဤကဲ့သို့ သဘောချင်း ဆင်တူသော စေတီကို ပျော်ဘွယ်မြို့နယ်၊ ဝတီးမြို့ဟောင်းတွင် ဖူးတွေ့ခဲ့ရသည်။

ဝတီးရွာဦးကျောင်းအနီး ကိန်းဝပ်တော်မူကာ ရင်ပြင်တော် အရံတံတိုင်း ပတ်လည်တွင် လိုဏ်ပါစေတီငယ်များ အစီအရီ ပူဇော်ထားခြင်းဖြစ်ရာ ရုပ်ပွားတော်နှင့် စေတီတော်သာ ကွာခြားလေသည်။

စေတီတော်မှာ လေးထောင့်ပစ္စယံ သုံးဆင့်အထက် ခေါင်းလောင်းမှောက် စေတီ ပေါက်ထားကာ ခေါင်းလောင်းမှောက်မှာ စပါးပုတ်သဏ္ဌာန် ထောင့်ကျကျရှိသည်။ မူလ စေတီပုံစံအတိုင်း ပြန်လည် မွမ်းမံတည်ဆောက်ခြင်းဖြစ်သည်။

၁၃၅၁ ခုနှစ်မှ စတင်ကာ ရပ်နီး ရပ်ဝေး တပည့်ဒါယကာများ ကောင်း... ဖြင့် အသစ်တစ်ဖန် တည်ဆောက်ခဲ့... (၄)နှစ်အကြာ ၁၃၅၄ ခုနှစ်တွင် ထီးတော်တင်လှူ ပူဇော်နိုင်ခဲ့ကြောင်း သိရသည်။

## ကုန်းတော်သားအချို့

စေတီထီးတော်တင် ပူဇော်စဉ်က ထူးခြားသော အဖြစ်အပျက်တစ်ခု... ဂေါပကအဖွဲ့ နာယကတစ်ဦးဖြစ်... ဆင်သေရွာသား ဦးမောင်ငြိမ်း(၇၈)နှစ် က ဤသို့ပြောပြခဲ့သည်။

ရှေ့လ ဆက်ဖတ်ပါရန်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးညာဏ်ထွန်းရှိန်
(စက်မှု-၁)

'ဟော့... ကိုညာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'သြော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ ...ထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'...မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ...တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက် ... (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ...ကြတာပဲ'

'ဆေး မကုဘူးလား'

'...ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ...မယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက် ...နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက် ...တဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်း ...ကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် ...ဝင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ...လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် ...ကဲ့ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

...ဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ...ပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ...အတွက် အကျိုးမယုတ်နိုင်ပါဘူး'

'...ဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ ...'

'...... လာ သွားကြမယ်'

* * * * * *

...ဒီလိုလဲ မစိုးရိမ်ပါနဲ့ ကိုညာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ...ရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ...ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ ...တ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြော ...နှံ့ပြန့်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်း ...ဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ...တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို ... ကုသပေးနေရပါတယ်'

'...ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ...လဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင် ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံ ကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြု နေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–ဝ၆၁၂YR ၀၀၆ရဝ၈

ခံစားရဘတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်,လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့ပါ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
အမှတ်–စ/၆၆၆ သုမေ္ဘာလမ်းမကြီး
သန္တာမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်။

ဦးဉာဏ်ထွန်းရှိန် (ဇက်မှု–၁)

www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိဝင် ပိတုန်းအဆောင်လေးများ အကြောင်း ဆက်ရေးရန် အကြောင်းဖန် လာပြန်ပါသည်။ တစ်နေ့သော အခါ ကျွန်မသူငယ်ချင်း၏ သမီးဖြစ်သူ သွေးလှူဘဏ်မှ ဆရာမလေးကို ရွှေတိဂုံဘုရားရှိ ပိတုန်းပဒိုင်းမုနိ မြတ်စွာဘုရားကို ဖူးရန် ခေါ်သွားပါသည်။

ပိတုန်းပုတီးများနှင့် အဓိဋ္ဌာန်ဝင်နေကြသည်ကို တွေ့ရှိ မေးမြန်းစုံစမ်းကြည့်သောအခါ အဆောင်ပိတုန်းများ ရရှိနိုင်သည့်အခြေအနေကို သိရှိရပြီး ဆရာမလေးက သေချာမှတ်သားခဲ့ပါသည်။

ကျွန်မလည်း ကချင်ပြည်နယ်သို့ အလည်သွားရန် သုံးလကြာမည် ဖြစ်သည့်အတွက် အဆောင်ပိတုန်းလေးများကိုစွက်ကို ဆက်လက် ဆောင်ရွက်ထားပါသည်။

ကချင်ပြည်နယ်တွင် သုံးလနေထိုင်ပြီး အပြန်တွင် ရန်ကုန်သို့ တစ်ရက်ဝင်နားသောအခါ အဆောင်ပိတုန်းကလေးများရရှိရေးကို သေချာသိရှိရသေးသည်။

ဟင်းကောင်းကလေးများ စားရချင် အများကိုလည်း ဝေငှကျွေးချင်သောဆန္ဒကြောင့် စာဖတ်သူများအား ဝေငှလိုက်ရပါသည်။

ဆရာမလေးသည် သူရရှိထားသော ပိတုန်းပုတီးကို ထုတ်ပြပါသည်။ ရွှေတိဂုံဘုရားသို့ အခေါက်ခေါက် အခါခါသွားပြီးမှ ရရှိခဲ့ကြောင်း သိရပါသည်။

သူ့အစ်ကိုအတွက်တစ်ကုံး၊ သူ့အစ်မအတွက်တစ်ကုံး၊ သူ့အတွက် တစ်ကုံးဖြစ်သည်။ လိုချင်လျှင်တော့ အောင်နှစ်ခါမှ တစ်ခါရမည်ဟု သိရပါသည်။

အပေါင်းလပြည့် မတိုင်ခင်ကတည်း

သိဒ္ဓိဝင် ပိတုန်းအဆောင်လေးဖြစ်စေဖို့

# ပိတုန်းပဒိုင်းမုနိ

ဖူးကြစို့(၃)

ခင်ခင်ဝင်း
(မောရဝတီ)



ပိတုန်းပဒိုင်း မုနိဘုရားကြီး

က သွားရောက် စုံစမ်းထားရမည်ဟု သိရပါသည်။ ပိတုန်းပဒိုင်းမုနိဘုရားကြီးတွင် အချိန်အခါကို စာရွက်များဖြင့် အသိပေးထားတတ်သည်ဟု သိရပါသည်။

ပိတုန်းပုတီးတစ်ကုံး ရရှိသွားသူ



www.burmeseclassic.com

www.burmeseclassic.com

အား စာရွက်ကလေး(၂)ရွက် ပေးပါသည်။ ထိုစာရွက်လေးကို စာဖတ်သူဝါသနာရှင်များအတွက် မူရင်းအတိုင်း တင်ပြအပ်ပါသည်။

ပိတုန်းပဒိုင်းပုတီးအား စနစ်တကျ စီမံထားပုံဖြစ်သည်။ လောကီပညာရပ်များ၏ ထူးခြားဆန်းကြယ်မှုများကို ဗဟုသုတအဖြစ်လည်း လေ့လာနိုင်ပါသည်။

တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း မှတ်တမ်းမှတ်ရာများ ကျန်ရစ်ပါမှ နောင်မျိုးဆက်သစ်ဝါသနာရှင်များ အလွယ်တကူ လေ့လာနိုင်ရန် နှုတ်တစ်ရာ စာတစ်လုံးဖြင့် အသုံးပြုလွယ်ကူကြပေမည်။

မြန်မာ့ရိုးရာ လက်ဆင့်ကမ်းအမွေများ မပျောက်မပျက်စေလိုသော ကျွန်မ၏ စေတနာအရင်းခံဖြစ်ပါသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ဝါသနာရှင်များ၊ ပညာရှာသူများသည် သိမ်းဆည်း စုဆောင်းထားကြသည်ကို တွေ့ရှိရပါသဖြင့် ဝမ်းသာရပါသည်။

ရိုးရိုးပိတုန်းကောင် ကိုက်လျှင်လည်း အဆိပ်တက်တတ်ကြောင်း၊ ပြဒါးပြာသောက်လျှင် ပျောက်ကြောင်းကို ကျွန်မရေးသားပြီးဖြစ်သည်။ ထိုပြဒါးပြာနှင့်ပတ်သက်၍ နောက်ဆက်တွဲ သိရှိရသည်များကို ထပ်မံ ဖြည့်စွက်ရေးသားပါမည်။

အစီအရင်နှင့် ဖန်တီးထားသောပိတုန်းသည် ဒဏ်ရာမပေါ်ဘဲ တန်ခိုးဖြင့် ကိုက်တတ်ပါသည်။ မိမိသည် မကောင်းသောစိတ်ဖြင့် သူတစ်ပါးအား မကောင်းကြံစည်မိသည်ကို မှားမှန်းလည်း နောင်တရနေမည်။

ထိုအပြစ်ကို မိမိလည်း ခံစားရတော့မည်ကို ကြောက်နေပြီဆိုလျှင် ထိုအပြစ်များကို ထိုသူထံ သွားရောက်ဝန်ချတောင်းပန်၍ နောင် ထိုမကောင်းမှုမျိုး ဘယ်တော့မှ မပြုတော့ပါဘူးဟု သစ္စာပြုပြီး ပြဒါးပြာကို သောက်လိုက်လျှင် ပိတုန်းအစောင့်မှ တစ်ကြိမ်တစ်ခါ မလိမ်မာသမို့ ခွင့်လွှတ်ပေးသည်ဟု သိရပါသည်။

ထိုပြဒါးပြာကို ရရှိနိုင်သော နေရာအား ဆရာတော်တစ်ပါး ညွှန်ပြပေးသဖြင့် စာဖတ်သူများ သိရှိစေရန် နတ်လမ်းညွှန်၍ ကုသိုလ်ပြုအပ်ပါသည်။

လိပ်စာ

ဦးစံသိန်း(သီလအဓိက)
တိုက်(၆၁)၊ အခန်း(၁၃)
ဖဆပလရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ကျွန်မကိုယ်တိုင် မရောက်ဘူးပါ၊ မသိပါ။ စာဖတ်သူ ဝါသနာရှင်များ ကိုယ်တိုင် ရှာဖွေ လေ့လာစေချင်ပါသည်။

ဖားအောက်ရိပ်သာ၊ သန်လျင်မြို့ ဆရာတော်ဦးဥက္ကံ၊ အင်္ဂလိပ်ဘာသာ တရားပြဆရာတော်ထံ သွားရောက်မေးမြန်း လျှောက်ထားလျှင်လည်း သိနိုင်ပါသည်။

ဆက်လက်၍ **မဟာဝေဒဗ္ဗရတနာမန္တန်တော်** အပြည့်အစုံကို ဖော်ပြပေးပါ၏။

**နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။**

*[၃-ကြိမ်ဆို]*

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဣတိပိ သောဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါတိ။

နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ၊

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ၊

ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အ,ကာလိကော၊ ဧဟိ ပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံဝေဒိ တဗ္ဗော ဝိညူ ဟီတိ။

နတ္ထိ မေ သရဏံ အညံ၊ ဓမ္မောမေ သရဏံ ဝရံ။

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ၊

ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၃။ သံဃံ သရဏံ ဂစ္ဆာမိ။

သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလီ ကရဏီယော၊ အနုတ္တရံပုညက္ခေတ္တံ လောကဿာတိ။

နတ္ထိမေ သရဏံ အညံ၊ သံဃောမေ သရဏံ ဝရံ။

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ၊

ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ

၄။ သဗ္ဗာဒိဿိ ပဋ္ဌာနံ အဇ္ဇံ ကုဋ္ဌိ သုဒ္ဓေသီတ်

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ၊

ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၅။ န ဗိဝိ တဏ္ဍရာဃောပိ၊ ကာဝံ့ ပုဒ္ဓဿ ကောနစိ။

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ





www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလံ၊

ဟောတု မေ အာယုဝမုန်၊ ဟောတု မေ သုခဝမုန်။

၆။ န ဉာဏ္ဏန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကောနစိ။

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ၊

ဟောတု မေ အာယုဝမုန်၊ ဟောတု မေ သုခဝမုန်။

၇။ န ရသ္မိအန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကောနစိ။

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ၊

ဟောတု မေ အာယုဝမုန်၊ ဟောတု မေ သုခဝမုန်။

၈။ န ဘိက္ခုအန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကောနစိ။

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ၊

ဟောတု မေ အာယုဝမုန်၊ ဟောတု မေ သုခဝမုန်။

၉။ တိဋ္ဌေယျာနေက ဝဿမ္ပိ၊ သဟာပန္နော ဝိနာယကော၊

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ၊

ဟောတု မေ အာယုဝမုန်၊ ဟောတု မေ သုခဝမုန်။

၁၀။ သဒ္ဓမ္မဒေသနာကာလေ၊ ပိဋ္ဌိဘာဂါ ဒိန္နံ သိတာ၊

ပုဏ္ဏစန္ဒံ ဝ ဂဂနေ၊ မုခံ ပဿန္တိ သတ္တနော။

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ၊

ဟောတု မေ အာယုဝမုန်၊ ဟောတု မေ သုခဝမုန်။

၁၁။ ပုဒ္ဒေါ အ,တေဋ္ဌကာယောပိ၊ နတ္ထိ လောဟိတ သုဒ္ဒန်။

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ၊



ပိတုန်းယိုင်း မုနိအာရုံ တန်ဆောင်းတွင်းမှ ဘုရားများ

ဟောတု မေ အာယုဝမုန်၊ ဟောတု မေ သုခဝမုန်။

၁၂။ သဗ္ဗေ မေ ဗုဒ္ဓသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗိ။

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ၊

ဟောတု မေ အာယုဝမုန်၊ ဟောတု မေ သုခဝမုန်။

၁၃။ သဗ္ဗေ မေ ဓမ္မသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗိ။

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ၊

ဟောတု မေ အာယုဝမုန်၊ ဟောတု မေ သုခဝမုန်။

၁၄။ သဗ္ဗေ မေ သံဃသေဋ္ဌမှိ၊ သံသယော နတ္ထိသဗ္ဗိ။

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ၊

ဟောတု မေ အာယုဝမုန်၊ ဟောတု မေ သုခဝမုန်။

၁၅။ နတ္ထိမေ သရဏံ အညံ၊ ဗုဒ္ဓေါမေ သရဏံ ဝရံ၊

ဧတံ သရဏံ ဥပေမိ၊ မယိကာဠိ န ဝိဇ္ဇတိ။

ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု သတ္တရတနာ။

၁၆။ နတ္ထိမေ သရဏံ အညံ၊ ဓမ္မောမေ သရဏံ ဝရံ၊

ဧတံ သရဏံ ဥပေမိ၊ မယိကာဠိ န ဝိဇ္ဇတိ။

ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု သတ္တရတနာ။

၁၇။ နတ္ထိမေ သရဏံ အညံ၊ သံဃောမေ သရဏံ ဝရံ၊

ဧတံ သရဏံ ဥပေမိ၊ မယိ ကာဠိန ဝိဇ္ဇတိ။

ဧတေန သစ္စဝဇ္ဇေန၊ ပဝဿန္တု သတ္တရတနာ။

၁၈။ ယထိန္ဒိတ နိပ္ဖန္ဒေန၊ အဓိပတိ မဟာမုနိ၊ တထာ ကာမသံ သိဒ္ဓေန၊ အဓိပစ္စံ ဒဒါတု မေ။ ။

## ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| ၁။ | **ဣတိ** | = အိတိ |
| | **နတ္ထိမေ** | = နတ်ထိမေ |
| | **အညံ** | = အင်ညံ |
| | **ဗုဒ္ဓေါ** | = ဗုတ်ဓော |
| | **ဧတေန** | = အေတေန |
| | **သစ္စဝဇ္ဇေန** | = သစ်စဝစ်ဇေန |
| | **မင်္ဂလံ** | = မင်ဂလံ |
| | **အာယုဝမုန်** | = အာယုဝတ်ဒန် |
| ၂။ | **သွက္ခာတော** | = သွက်ခါတော |
| | **ဓမ္မော** | = ဓမ်မော |
| | **သန္ဒိဋ္ဌိကော** | = သန်ဒိဋ်ထိကော |

www.burmeseclassic.com

**ပေဟိပသသိကော** =ပေဟိပတ်သိကော
**ဩပနေယျိကော**=အောပနေယျိ ကော
**ပစ္စတ္တံ** =ပစ်စတ်တံ
**ဝေဒိတဗ္ဗော** =ဝေဒိတပ်ဗော
**ဝိညူ ဟီတိ** =ဝိန်ညူဟီတိ
**နတ္ထိမေ** =နတ်ထိမေ
**သရဏံအညံ** =သရဏံအင်ညံ
**ဓမ္မောမေ** =ဓမ်မောမေ
၃။**သုပ္ပဋိပန္နော** =သုပ်ပတိပန်နော
**ဥဇုပ္ပဋိပန္နော** =အုဇုပ်ပတိ ပန်နော
**ဉာယပ္ပဋိပန္နော** =ညာယပ်ပတိ ပန်နော
**သာမီစိပ္ပဋိပန္နော**=သာမီစိပ်ပတိ ပန်နော
**ဒက္ခိဏေယျော** =ဒတ်ခိနေယျော
**အဉ္စလိကရဏီ**
**ယော** =အင်ဇလိ ကရဏီယော
**အနုတ္တရံ** =အနုတ်တရံ
**ပုညက္ခေတ္တံ** =ပုန်ညက်ခေတ်တံ
**လောကဿာတိ** =လောကတ် သာတိ
၄။**သမာဒိယဲ** =သမာဒိယိန်
**ပဉ္စသီလံ** =ပင်စသီလံ
**အဋ္ဌင်္ဂမ္ပိ** =အတ်ထင်ဂမ်ပိ
၅။**နဝိဝိတန္တရာ** =နဝိဝိတန်တရာ
**ဗုဒ္ဓဿ** =ဗုတ်ဓတ်သ
၆။**နဉာဏန္တရာ** =နညာနန်တရာ
၇။**နရသ္မိံအန္တရာ** =နရသမိ အန်တရာ
၈။**နဘိက္ခုအန္တရာ** =နဘိတ်ခ အန်တရာ
၉။**တိဋ္ဌေယျာ** =တိတ်ထေယျာ
**ဝဿမ္ပိ** =ဝတ်သမ်ပိ
**သမာပန္နော** =သမာပန်နော
၁၀။**သဒ္ဒမ္မ** =သတ်ဓမ်မ
**ပိဋ္ဌိဘာဂါ** =ပိတ်ထိဘာဂါ
**ဒိနိုသိတာ** =ဒိနိုတ်သိတာ
**ပုဏ္ဏစန္ဒ၀** =ပုန်နစန်ဒ၀
**မုခံပသန္တိ** =မုခံပတ်သန်တိ
**သတ္ထုနော** =သတ်ထုနော
၁၁။**ဗုဒ္ဓေါ** =ဗုတ်ဓော
**အဘေဇ္ဇ** =အဘစ်ဇ
၁၂။**သဒ္ဒါမေ** =သတ်ဓာမေ
**ဗုဒ္ဓသေဋ္ဌမှိ** =ဗုတ်ဓသေစ်ထမ်မှိ
**နတ္ထိသဗ္ဗဒါ** =နတ်ထိသပ်ဗဒါ
၁၃။**ဥပေမိ** =အုပေမိ
**မယိကင်္ခါ** =မယိကင်ခါ
**နဝိဇ္ဇတိ** =နဝိတ်ဇတိ
**ပဝသန္တု** =ပဝတ်သန်တု
**သတ္တရတနာ** =သတ်တရတနာ
၁၄။**ယထိစ္ဆိတ** =ယထိတ်ဆိတ
**နိပ္ပဒနေ** =နိပ်ဖာဒနေ
**သိဒ္ဓနေ** =သိတ်ဓနေ
**အဓိပစ္စံ** =အဓိပစ်စံ

နမောတဿအနက်

**အရဟတော**– ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓေါ** –မဖောက်မပြန် ကိုယ်တိုင်မှန်စွာ အလုံးစုံသော တရားတို့ကို သိတော်မူသော၊ **တဿဘဂဝတော**–ထိုမြတ်စွာဘုရားအား၊ **နမော**– ရှိခိုးပါ၏။

ဣတိပိသောဘဂဝါအနက်

၁။ **ဗုဒ္ဓံ** –မြတ်စွာဘုရားကို၊ **သရဏံ**– ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**–ဆည်းကပ်ပါ၏။

**သောဘဂဝါ**– ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**–လူနတ်ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း၊ **အရဟံ**–အရဟမည်တော်မူ၏။

**သောဘဂဝါ**– ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**–အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တိုင်မှန်စွာ သိတော်မူသော ဤအကြောင်းကြောင့်လည်း၊ **သမ္မာသမ္ဗုဒ္ဓေါ**– သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

**သောဘဂဝါ**– ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**– ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊ **ဝိဇ္ဇာစရဏသမ္ပန္နော**– ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

**သောဘဂဝါ**– ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**–ကောင်းသော စကားမြွက်ကြား မိန့်ဆိုတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ **သုဂတော**– သုဂတမည်တော်မူ၏။

**သောဘဂဝါ**– ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**–သတ္တသင်္ခါရ ဩကာသဟု လောကသုံးပါးကို ထင်ရှား သိတော်မူသော ဤအကြောင်းကြောင့်လည်း၊ **လောကဝိဒူ**– လောကဝိဒူ မည်တော်မူ၏။

**သောဘဂဝါ**– ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**–ဆုံးမသင့် ဆုံးမထိုက်သောသူတို့ကို ဆုံးမတော်မူရာ၌ အတုမရှိ ဆုံးမတော်မူနိုင်သော ဤအကြောင်းကြောင့်လည်း၊ **အနုတ္တရော ပုရိသဒမ္မသာရထိ**–အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူ၏။

**သောဘဂဝါ**– ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**–လူနတ်ဗြဟ္မာသတ္တဝါဟူသမျှတို့၏ ဆရာဖြစ်တော်မူပါသော ဤအကြောင်းကြောင့်လည်း၊ **သတ္ထာ ဒေဝမနုဿာနံ**– သတ္ထာဒေဝမနုဿာနံ မည် တော်မူ၏။

**သောဘဂဝါ**– ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**–သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်လည်း ဝေနေယျသတ္တဝါတို့ကိုလည်း သိစေတော်မူသော ဤအကြောင်းကြောင့် လည်း၊ **ဗုဒ္ဓေါ**၊ ဗုဒ္ဓမည်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com

**သောဘဂဝါ**– ထိုမြတ်စွာဘုရားသည်၊ **ဣတိပိ**–ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရီ၊ ကာမ၊ ပယတ္တ ဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ **ဘဂဝါ**–ဘဂဝါမည်တော်မူ၏။

**မေ**–အကျွန်ုပ်အား။ **အညံ**–ဘုရားမှ အခြားသော၊ **သရဏံ**– ကိုးကွယ်ရာသည်၊ **နတ္ထိ**– မရှိ၊ **ဗုဒ္ဓေါ**– မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်၏၊ **ဝရံ**–မြတ်လှစွာသော၊ **သရဏံ**–ကိုးကွယ်ရာပါတည်း။

[**ဧတေနသစ္စဝဇ္ဇေန**–ဤ မှန်သောစကားကို ဆိုရခြင်းကြောင့်၊ **မေ**–အကျွန်ုပ်အား၊ **ဇယမင်္ဂလံ**– အောင်ခြင်းမင်္ဂလာသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

**မေ**–အကျွန်ုပ်အား၊ **အာယုဝဍ္ဍနံ**–အသက်ရှည်ခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

**မေ**–အကျွန်ုပ်အား၊ **သုခဝဍ္ဍနံ**–ချမ်းသာ တိုးပွားများပြားခြင်းသည်၊ **ဟောတု**– ဖြစ်ပါစေသတည်း။]

၂။ **ဓမ္မံ**–တရားတော်မြတ်ကို၊ **သရဏံ**–ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**–ဆည်းကပ်ပါ၏။

**ဘဂဝတာ**– မြတ်စွာဘုရားသည်၊ **ဓမ္မော**–တရားတော်မြတ်ကို၊ **သွာက္ခာတော**– ကောင်းစွာ ဟောကြားတော်မူအပ်ပါပေ၏၊

**ဓမ္မော**– တရားတော်မြတ်သည်၊ **သန္ဒိဋ္ဌိကော**– ကိုယ်တိုင်ထိမိ သိမြင်အပ်သော တရားဖြစ်ပါပေ၏၊

**ဓမ္မော**– တရားတော်သည်၊ **အကာလိကော**– အခါမလင့် အကျိုးကို ပေးတတ်ပါပေ၏၊

**ဓမ္မော**– တရားတော်မြတ်သည်၊ **ဧဟိပဿိကော**–လာလှည့် ရှုလှည့်ဟု အစီအရင်ခံထိုက်ပါပေ၏၊

**ဓမ္မော**– တရားတော်မြတ်သည်၊ **ဩပနေယျိကော**– ကိုယ်၌ မပြတ်ကပ်၍ ဆောင်ထားထိုက်ပါ၏။

**ဓမ္မော**– တရားတော်မြတ်ကို၊ **ဝိညူဟိ**–ပညာရှိတို့သည်သာ၊ **ပစ္စတ္တံ**– အသီးသီး ကိုယ်စီကိုယ်င၊ **ဝေဒိတဗ္ဗော**– သိအပ်ခံစားအပ်ပါပေ၏၊

**မေ**–အကျွန်ုပ်အား၊ **အညံ**–တရားမှ အခြားသော၊ **သရဏံ**– ကိုးကွယ်ရာသည်၊ **နတ္ထိ**– မရှိ၊

**ဓမ္မော**– တရားတော်မြတ်သည်၊ **မေ**– အကျွန်ုပ်၏၊ **ဝရံ**– မြတ်လှစွာသော၊ **သရဏံ**–ကိုးကွယ်ရာတည်း။

[**ဧတေနသစ္စဝဇ္ဇေန စသော အနက်အဓိပ္ပာယ်များသည် အမှတ် (၁)၌ပါသော အနက်အဓိပ္ပာယ် အတိုင်း**]

၃။ **သံဃံ**– သံဃာတော်မြတ်ကို၊ **သရဏံ**–ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ** – ဆည်းကပ်ပါ၏။ **ဘဂဝတော**– မြတ်စွာဘုရားသည်၊ **သာဝက သံဃာ**–တပည့်သား သံဃာတော်သည်၊ **သုပ္ပဋိပန္နော**–ကောင်းမွန်စွာ ကျင့်တော်မူတတ်ပါပေ၏၊

**ဘဂဝတော**– မြတ်စွာဘုရား၏၊ **သာဝကသံဃော**– တပည့်သား သံဃာတော်သည်၊ **ဥဇုပ္ပဋိပန္နော**– ဖြောင့်မတ်စွာ ကျင့်တော်မူတတ်ပါပေ၏၊

**ဘဂဝတော**– မြတ်စွာဘုရား၏၊ **သာဝကသံဃော**– တပည့်သား သံဃာတော်သည်၊ **ဉာယပ္ပဋိပန္နော**– နိဗ္ဗာန်ရောက်ရန် လျော်ကန်သင့်မြတ်သောအကျင့်ကို ကျင့်တော်မူတတ်ပါပေ၏၊

**ဘဂဝတော**– မြတ်စွာဘုရား၏၊ **သာဝကသံဃော**– တပည့်သား သံဃာတော်သည်၊ **သာမီစိပ္ပဋိပန္နော** – အရိုအသေပြုခြင်းကို ခံထိုက်အောင် ကျင့်တော်မူတတ်ပါပေ၏၊

**ဘဂဝတော**– မြတ်စွာဘုရား၏၊ **သေ ယော သာဝက သံဃော**– ထို တပည့်သား သံဃာတော်သည်။

**အာဟုနေယျော**–အဝေးမှ ဆောင်လာသည့် ပစ္စည်းကိုလည်း ခံယူတော်မူထိုက်ပါပေ၏၊

**ပါဟုနေယျော**– ဧည့်သည်တို့အား ရည်မှတ်ထားသည့် ပစ္စည်းအထူးအထူးကိုလည်း ခံယူတော်မူထိုက်ပါပေ၏၊

**ဒက္ခိဏေယျော**– မြတ်သောအလှူကိုလည်း ခံယူတော်မူထိုက်ပါပေ၏၊

**အဉ္ဇလိကရဏီယော**–လက်အုပ်ချီမိုး ရှိခိုးခြင်းကိုလည်း ခံယူတော်မူထိုက်ပါပေ၏၊

**လောကဿ**– လူအပေါင်း၏၊ **အနုတ္တရံ**–အတုမရှိသော၊ **ပုညက္ခေတ္တံ**– ကုသိုလ်ကောင်းမှုတည်း ဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူပါပေ၏၊

**မေ**–အကျွန်ုပ်အား၊ **အညံ**–သံဃာမှ အခြားသော၊ **သရဏံ**– ကိုးကွယ်ရာသည်၊ **နတ္ထိ** – မရှိ၊ **သံဃော**–သံဃာတော်သည်၊ **မေ**– အကျွန်ုပ်၏၊ **ဝရံ**– မြတ်လှစွာသော၊ **သရဏံ**–ကိုးကွယ်ရာတည်း။

[**ဧတေနသစ္စဝဇ္ဇေန စသော အနက်အဓိပ္ပာယ်များသည် အမှတ် (၁)၌ပါသော အနက်အဓိပ္ပာယ် အတိုင်း**]

၄။ **ပဉ္စသီလံ**–ငါးပါးသော သီလကို (**အဟံ**–ကျွန်ုပ်သည်)၊ **သမာဒိယာမိ** –ဆောက်တည်ခဲ့ပါ၏၊ **သုဒေသိတံ** –ကောင်းစွာဟောကြားတော်မူအပ်

www.burmeseclassic.com

သော၊ **အဥ္စုဂ်မ္ဘိ**–ရှစ်ပါးသီလကို လည်း၊ **သမာဒိယီ**–ဆောက်တည် ခဲ့ပါ၏။

**[ဇာတေနသစ္စဝဇ္ဇေန စသော အနက်အဓိပ္ပာယ်များသည် အမှတ် (၁)၌ပါသော အနက်အဓိပ္ပာယ် အတိုင်း]**

၅။ **ဗုဒ္ဓသ**–မြတ်စွာဘုရား၏၊ **ဇီဝိ တန္တရာယောပိ**–အသက်အန္တရာယ် ကိုလည်း၊ **ကေနစိ**–တစ်စုံတစ် ယောက်သော သူသည်၊ **ကာတုံ**–ပြုခြင်းငှာ၊ **န**–မတတ်နိုင်။

**[ဇာတေနသစ္စဝဇ္ဇေန စသော အနက်အဓိပ္ပာယ်များသည် အမှတ် (၁)၌ပါသော အနက်အဓိပ္ပာယ် အတိုင်း]**

၆။ **ဗုဒ္ဓသ**– မြတ်စွာဘုရား၏၊ **ဉာဏ န္တရာယောပိ**– ဉာဏ်တော်၏ အန္တရာယ်ကိုလည်း၊ **ကေနစိ**– တစ်စုံတစ်ယောက်သော သူသည်၊ **ကာတုံ**–ပြုခြင်းငှာ၊ **န**–မတတ်နိုင်။

**[ဇာတေနသစ္စဝဇ္ဇေန စသော အနက်အဓိပ္ပာယ်များသည် အမှတ် (၁)၌ပါသော အနက်အဓိပ္ပာယ် အတိုင်း]**

၇။ **ဗုဒ္ဓသ**– မြတ်စွာဘုရား၏၊ **ရသ္မိ အန္တရာယောပိ**– ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်၏ အန္တရာယ်ကိုလည်း၊ **ကေနစိ**– တစ်စုံတစ်ယောက်သော သူသည်၊ **ကာတုံ**–ပြုခြင်းငှာ၊ **န**–မတတ်နိုင်။

**[ဇာတေနသစ္စဝဇ္ဇေန စသော အနက်အဓိပ္ပာယ်များသည် အမှတ် (၁)၌ပါသော အနက်အဓိပ္ပာယ် အတိုင်း]**

၈။ **ဗုဒ္ဓသ**– မြတ်စွာဘုရား၏၊ **ဘိက္ခ အန္တရာယောပိ**– ရရှိတော်မူမည့် ဆွမ်းတော်၏ အန္တရာယ်ကိုလည်း၊ **ကေနစိ**– တစ်စုံတစ်ယောက်သော သူသည်၊ **ကာတုံ** –ပြုခြင်းငှာ၊ **န**– မတတ်နိုင်။

**[ဇာတေနသစ္စဝဇ္ဇေန စသော အနက်အဓိပ္ပာယ်များသည် အမှတ် (၁)၌ပါသော အနက်အဓိပ္ပာယ် အတိုင်း]**

၉။ **သမာပန္နော**– သမာပတ်ဝင်စား တော်မူသော၊ **ဝိနာယကော**– မြတ်စွာဘုရားသည်၊ **အနေကဝဿ မ္ဘိ**–နှစ်ပေါင်းများစွာ ကာလပတ်လုံး လည်း၊ **တိဋ္ဌေယျ**–တည်တော်မူ နိုင်၏။

**[ဇာတေနသစ္စဝဇ္ဇေန စသော အနက်အဓိပ္ပာယ်များသည် အမှတ် (၁)၌ပါသော အနက်အဓိပ္ပာယ် အတိုင်း]**

၁၀။ **သဒ္ဓမ္မဒေသနာကာလေ**– မြတ်စွာဘုရား မြတ်တရားကို ဟော တော်မူသောအခါ၌၊ **ပိဋ္ဌိဘာဂါ ဒိနိသိတာ**–နောက်ကျောဘက် အရပ် စသည့်၌ တည်ကုန်သော တပည့်သားသံဃာ ဒါယကာ၊ ဒါယိကာမတို့သည်၊ **ဂဂနေ**– ညစ်ကြေးကင်းစင် ကောင်းကင် ပြင်၌၊ **ပုဏ္ဏစန္ဒံဝ**– အေးရောင် ခြည်ထွန်း လပြည့်ဝန်းကဲ့သို့ သော၊ **သတ္ထုနော**–မြတ်စွာ ဘုရား၏၊ **မုခံ** –မျက်နှာတော်ကို၊ **ပဿန္တိ**–ဝမ်းမြောက် ကြည်ရွှင် ဖူးမြင်ကြကုန်၏။

**[ဇာတေနသစ္စဝဇ္ဇေန စသော အနက်အဓိပ္ပာယ်များသည် အမှတ် (၁)၌ပါသော အနက်အဓိပ္ပာယ် အတိုင်း]**

၁၁။ **ဗုဒ္ဓေါ**– မြတ်စွာဘုရားသည်၊ **အဘေဇ္ဇကာယောပိ**– မပေါက် မပြဲ မခွဲမဖျက်အပ်သော ကိုယ် တော်ရှိသည်ဖြစ်၍၊ **လောဟိတ သူဒနံ**– ကိုယ်တော်မှ သွေးယို ထွက်ခြင်းသည်။ **နတ္ထိ** –တစ်စုံ တစ်မရှိပါပေ။

**[ဇာတေနသစ္စဝဇ္ဇေန စသော အနက်အဓိပ္ပာယ်များသည် အမှတ် (၁)၌ပါသော အနက်အဓိပ္ပာယ် အတိုင်း]**

၁၂။ **ဗုဒ္ဓသေဋ္ဌမှိ**– ဘုရားမြတ်စွာ ရတနာ၌၊ **မေ**–အကျွန်ုပ်၏ **သဒ္ဓါ**– မြဲမြံခိုင်ခံ့သော သဒ္ဓါ တရားရှိသည် ဖြစ်၍၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **သံသယော**– ဘုရားစင်စစ် ဖြစ်လေသလော မဖြစ်လားဟု ယုံမှားတွေးဆ သံသယသည်၊ **နတ္ထိ**– တစုံတစ် မရှိပါပေ။

**[ဇာတေနသစ္စဝဇ္ဇေန စသော အနက်အဓိပ္ပာယ်များသည် အမှတ် (၁)၌ပါသော အနက်အဓိပ္ပာယ် အတိုင်း]**

၁၃။ **ဓမ္မသေဋ္ဌမှိ**၊ တရားမြတ်စွာ ရတနာ၌၊ **မေ**–အကျွန်ုပ်၏ **သဒ္ဓါ**– မြဲမြံခိုင်ခံ့ တည်တံ့သော သဒ္ဓါတရား ရှိသည်ဖြစ်၍၊ **သဗ္ဗ ဒါ**– အခါခပ်သိမ်း၊ **သံသယော**– တရားစင်စစ် ဖြစ်လေသလော မဖြစ်လားဟု ယုံမှား တွေးဆ သံသယသည်၊ **နတ္ထိ**–တစုံတစ် မရှိပါပေ။

**[ဇာတေနသစ္စဝဇ္ဇေန စသော အနက်အဓိပ္ပာယ်များသည် အမှတ် (၁)၌ပါသော အနက်အဓိပ္ပာယ် အတိုင်း]**

၁၄။ **သံဃသေဋ္ဌမှိ**– သံဃာမြတ်စွာ ရတနာ၌၊ **မေ**–အကျွန်ုပ်၏ **သဒ္ဓါ**– မြဲမြံခိုင်ခံ့ တည်တံ့သော သဒ္ဓါတရား ရှိသည်ဖြစ်၍၊ **သဗ္ဗဒါ**–

www.burmeseclassic.com

www.burmeseclassic.com

အခါခပ်သိမ်း၊ **သံသယော**– တရားစင်စစ် ဖြစ်လေသလား မဖြစ်လားဟု ယုံမှားတွေးဆ သံသယသည်၊ **နတ္ထိ**– တစိုးတစိ မရှိပါပေ။

**[...တေနသစ္စဝဇ္ဇေန စသော ...နက်အဓိပ္ပာယ်များသည် အမှတ် ...ပါသော အနက်အဓိပ္ပာယ် ...ဆိုင်း]**

**မေ**–အကျွန်ုပ်အား၊ **အညံ**– ဘုရားမှ အခြားသော၊ **သရဏံ**– ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ၊ **ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ **မေ** –အကျွန်ုပ်၏၊ **ဝရံ**–မြတ်လှစွာသော၊ **သရဏံ**–ကိုးကွယ်ရာပါတည်း၊ **ဧတံ**–ထိုမြတ်စွာဘုရားကို၊ **သရဏံ**– ကိုးကွယ်ခြင်းသို့၊ **ဥပေမိ**–ကပ်ရောက်ပါ၏၊ **မယိ**–အကျွန်ုပ်၌၊ **ကင်္ခါ**–ယုံမှားခြင်းသည်၊ **နဝိဇ္ဇတိ**–မရှိ။

**...တေနသစ္စဝဇ္ဇေန**– ဤ မှန်သော ...ကားကို ဆိုရခြင်းကြောင့်၊ **သတ္တ ...တနာ**– ရတနာခုနစ်ပါးမိုးတို့သည်၊ **...သသန္တု**– ရွာသွန်းစေသတည်း။

**မေ**–အကျွန်ုပ်အား၊ **အညံ**– ဘုရားမှ အခြားသော၊ **သရဏံ**– ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ၊ **ဓမ္မော**– တရားတော်မြတ်သည်၊ **မေ**–အကျွန်ုပ်၏၊ **ဝရံ**–မြတ်လှစွာသော၊ **သရဏံ**–ကိုးကွယ်ရာပါတည်း၊ **ဧတံ**–ထို တရားတော်မြတ်ကို၊ **သရဏံ**–ကိုးကွယ်ခြင်းသို့၊ **ဥပေမိ**–ကပ်ရောက်ပါ၏၊ **မယိ**–အကျွန်ုပ်၌၊ **ကင်္ခါ**–ယုံမှားခြင်းသည်၊ **နဝိဇ္ဇတိ**–မရှိ၊ **ဧတေနသစ္စဝဇ္ဇေန**– ဤမှန်သော စကားကို ဆိုရခြင်းကြောင့်၊ **သတ္တရတနာ**– ရတနာခုနစ်ပါးမိုးတို့သည်၊ **ပဝဿန္တု**– ရွာသွန်းစေသတည်း။

၁၇။ **မေ**–အကျွန်ုပ်အား၊ **အညံ**– ဘုရားမှ အခြားသော၊ **သရဏံ**– ကိုးကွယ်ရာသည်၊ **နတ္ထိ**–မရှိ၊ **သံဃော**– တရားတော်မြတ်သည်၊ **မေ**–အကျွန်ုပ်၏၊ **ဝရံ**–မြတ်လှစွာသော၊ **သရဏံ**–ကိုးကွယ်ရာပါတည်း၊ **ဧတံ**–ထိုသံဃာတော်မြတ်ကို၊ **သရဏံ**–ကိုးကွယ်ခြင်းသို့၊ **ဥပေမိ**–ကပ်ရောက်ပါ၏၊ **မယိ**–အကျွန်ုပ်၌၊ **ကင်္ခါ**–ယုံမှားခြင်းသည်၊ **နဝိဇ္ဇတိ**–မရှိ၊ **ဧတေန သစ္စဝဇ္ဇေန**– ဤ မှန်သောစကားကို ဆိုရခြင်းကြောင့်၊ **သတ္တရတနာ**– ရတနာခုနစ်ပါးမိုးတို့သည်၊ **ပဝဿန္တု**– ရွာသွန်းစေသတည်း။

၁၈။ **မဟာမုနိ**– မြတ်စွာဘုရားသည်၊ **ယထိစ္ဆိတနိပ္ဖာဒနေ**– အလိုရှိတိုင်းသော အကျိုးကို ပြီးစေခြင်း၌၊ **အဓိပတိယထာ**–အစိုးရတော်မူသကဲ့သို့၊ **တထာ**–ထို့အတူ၊ **မေ**–အကျွန်ုပ်အား၊ **ကာမသံသိဒ္ဓနေ**–အလိုရှိသည့် အကျိုးကို ပြီးစေခြင်း၌၊ **အဓိပစ္စံ**–အစိုးရခြင်းကို၊ **ဒဒါတု**–ပေးတော်မူပါစေသတည်း။

*[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ (မွှာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ဤမန္တန်တော်ကို စွဲမြဲယုံကြည်စွာ နေ့စဉ်ရွတ်ဖတ်ခြင်း အဓိဋ္ဌာန်ပြု ရွတ်ဖတ်ခြင်း၊ ဓနသိဒ္ဓိနက္ခတ်ဝင်ချိန်၊ မွန်းတည့်ချိန်တို့တွင် ရွတ်ဖတ်ပူဇော်ခြင်းဖြင့် အကြံအစည်များ အောင်နိုင်စေခြင်း၊ အသက်ရှည်ရှည် နေထိုင်နိုင်ခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေခြင်း၊ စီးပွားဥစ္စာ တိုးတက်ပွားများစေနိုင်ခြင်း အကျိုးများကို ခံစားရမည်ဖြစ်ပါသည်။

ရတနာ(၇)ပါး ရွှေမိုးငွေမိုးကြီးတို့ပင် ရွာစေနိုင်ပါသည်။ ပြီးလျှင် သာသနာစောင့်နတ်မင်းကြီးများအား မေတ္တာပို့ အမျှပေးဝေပါ။

ရွတ်ဖတ်သူသည် ကိုယ်လက်သန့်စင် သန့်ရှင်းအဝတ် ဖြူစင်ဝတ်က ပိုကောင်းပါသည်။ လောကပါလနတ်မင်းကြီးများ အမျှဝေပါ။ နေ့စဉ် နဝင်းခေါက်ရေ ပူဇော်နိုင်ပါက ပိုကောင်းပါသည်။

နောက်ဆုံးအနေဖြင့် ပိတုန်းအဆောင်အစီအရင် ဂါထာလေး ထပ်မံရေး၍ နိဂုံးချုပ်အပ်ပါသည်။

ပိတုန်းအဆောင်အစီအရင် ဆုတောင်း

*(လက်ဝါးထဲထည့်ရွတ်)*

ဥုံ...မြပိတုန်းရောင် သိဒ္ဓိဆောင်၊ ရွှေရောင်အလား ကြံတိုင်းသွား၊ စေတိုင်းသွား၊ ပြုတိုင်းသွား၊ ပြောတိုင်းသွား၊ ငါ့အားတန်ခိုး ဆယ်ဆတိုး၊ ရွှေမိုးငွေမိုးရွာစေသော်။

ပိတုန်းနှိုးဂါထာ

*(လက်ဝါးထဲထည့်ရွတ်)*

ဥုံ...ပိတုန်းမည်းညို အဖိုအမ ဝဲယာ သောင်းသောင်းကျ ပြဆရာပြု ငါ့ရန်သူရှိက တိုက်ဟ။

မန်းမှုတ်လွှတ် (အတိုက်အခိုက်ရှိရာသို့)

*လောကီလောကုတ် နှစ်ဖြာအလုပ် အားထုတ်နိုင်ကြပါစေ။*

ခင်ခင်ဝင်း(*မော်ရဝတီ*)



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

✽ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ် တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရွှေး)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ တိုး(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်**"အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်"**ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့် ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၃ဝ၅ YR ၃ဝ၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂ဝဝ)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ ကျောက်ကပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျုံ့ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော **"သတ္တဂုဏ်"**နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူ ကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ ဝ၂၉၁၇) ဖုန်း-ဝ၉-၄၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**
အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉ဝ၆၃ဝ အပြင်မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် တည်ထားခဲ့သည့် ရှစ်မျက်နှာစေတီ

စင်ဦးငယ်

# မြင်းကပါ ရောက်မှ

## မပုပ်သိုးသော ဆရာတော် (၂)

### ယခင်လမှ အဆက်

အုတ်အင်္ဂတေဖြင့် ပြုလုပ်ထားကာ ဆရာတော် ရှိစဉ်က နတ်ရုပ်များ ရှိသော်လည်း ပျောက်ပျက်သွားပြီဖြစ်သည်။

### စိတ်ချက်မပီသည့် ပန်းချီကား


မကြာမီ မြင်းကပါရွာမှ အသက်(၆၀)ဝန်းကျင် အမျိုးသားသုံးဦး ရောက်ရှိလာသဖြင့် ဆရာတော်လေး၏ ကျောင်းအတွင်းဝင်ကာ ဝိုင်းဖွဲ့ပြောဆိုဖြစ်သည်။

ဆရာတော်သည် မြန်အောင်မြို့နယ်၊ စိန်စုကျေးရွာတွင် မွေးဖွားခဲ့သော်လည်း မွေးရက်စွဲနှင့် မိဘအမည်များကို မသိကြပါဟု ဆိုသည်။ အသက်(၁၅) နှစ်အရွယ်မှ စ၍ သက်သတ်လွတ် စားသုံးကာ ရေလုပ်သားဘဝ ငါးပုစွန်များ သတ်ဖြတ်ဖမ်းဆီးရသော တံငါအလုပ်ကို ငြီးငွေ့ကာ သာမဏေဝတ်ခဲ့သည်။

ရဟန်းဘဝ ရောက်သောအခါ ပုဂံညောင်ဦးဒေသတွင် တံငါအလုပ် ထွန်းကားမှုမရှိ(အဓိက အသက်မွေးလုပ်ငန်းမဟုတ်)ဟု ဆိုသဖြင့် ဤလေသာကျောင်းသို့ ကြွရောက်သီတင်းသုံးသည်။

တာဝန်ခံ ဆရာတော် ပျံလွန်တော်မူသောအခါ လေသာကျောင်းဆရာတော် ဖြစ်သည်။ ပန်းသည်မျိုး အတတ်

www.burmeseclassic.com



◆ ရှစ်မျက်နှာဆရာတော် ကုန်းတော်မြင်ကွင်း

ပညာအားလုံးကို ကျွမ်းကျင်၍ ကျောင်းသား၊ ကပ္ပိယတို့အား **ဒေါင်းရှေပညာ** (နှီး,ဝါး,ကြိမ်တို့ဖြင့် အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ခြင်း)ဖြင့် အသက်မွေးနိုင်သည်အထိ သင်ပြပေးသည်။

တူးရှင်း၊ ပုဆိန်၊ ပေါက်ပြား စသည့် အိမ်ဆောက် (ကျောင်းဆောက်လုပ်ရန်) ပစ္စည်းများကို ကိုယ်တိုင် သွန်းလုပ်၍ ကျောင်းကိုလည်း ကိုယ်တိုင် ပုံစံချ ရေးဆွဲကာ ဗိသုကာဆရာအဖြစ် ဦးစီး တည်ဆောက်ခဲ့သည်ဆို၏။

မဟုတ်မခံစိတ်နှင့် ပွင့်လင်းစွာ ပြောဆိုတတ်သော်လည်း ကျန်းမာရေးကိစ္စနှင့် ပတ်သက်၍ ညည့်နက်သန်းခေါင်ဖြစ်စေကာမူ မညည်းမညူ ကူညီပေးတတ်သည်။

ပျံလွန်တော်မူသည့် ၁၃၃၂ ခုနှစ်ကာလအထိ ရွာနီးဝန်းကျင်လူထု၏ ကျန်းမာရေးကိစ္စအတွက် အထူးအားကိုးအလေးထားရသော ဆရာတော်ဖြစ်သည်။

နှာစေး၊ ခေါင်းခဲ၊ အကြောတက်ခြင်းစသည့် သာမန်ဝေဒနာများအတွက် ဆရာတော်ထံမှ ဆေးတစ်ခွက်ထက်ပို၍ သောက်စရာမလိုဟု ဆိုကြသည်။

ဝေဒနာကြီးကျယ်ပါက ရွှေရောင်ဓာတ်လုံးကို ရေစိမ်၍ တိုက်ခြင်းဖြင့် သက်သာ ပျောက်ကင်းကြသည်။ **၁၂၇၀ ပြည့်လွန်နှစ်များတွင်** လေသာကျောင်းသို့ ရောက်ရှိကာ ၁၂၅၁ ခုနှစ်ဖွား ဖြစ်နိုင်သည်ဟု မှန်းဆကြသည်။

'ဆရာတော်ကြီး ပျံလွန်တော်မူတဲ့အချိန်မှာ ကျွန်တော်တို့က (၁၈)နှစ်သားအရွယ်ဆိုတော့ ရေရေရာရာ မသိလိုက်ကြပါဘူး။ အသက်ကြီးတဲ့သူတွေလဲ မှတ်ဉာဏ်အားနည်းပြီး မေ့လျော့ကုန်ကြပြီ'

အပင်အောက်တွင် အသီးရှားပါးနေသလို ဖြစ်နေလေပြီ။ ဆရာတော်၏ နောက်ခံဖြစ်စဉ်တော်မှာ စုတ်ချက် မပီပြင်သည့် ပန်းချီကားတစ်ချပ်ပမာ ဝေဝါးလှသည်။


'ဆန်တစ်ပြည် (၁၅)ပြားဖြစ်မှ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်ပါဆိုတာက ဘာအဓိပ္ပါယ်များလဲ'

'ဆရာတော်က ၁၃၃၂ ခုနှစ် ဝါခေါင်လဆန်း(၁)ရက်နေ့ နေ့လယ် (၃)နာရီ (၁၅)မိနစ်မှာ ပျံလွန်တော်မူ တယ်။ အငြိမ့်တွေနဲ့(ဘုန်းကြီးပျံ မလုပ်နဲ့၊ မီးမရှို့နဲ့၊ ဂူထဲထည့်ထားလိုက် ကြလို့ မိန့်မှာခဲ့တယ်။ ဂူဗိမာန်ကို ဆရာတော်ကိုယ်တိုင် ကြိုတင်ပြုလုပ် ခဲ့ပါတယ်။

အဲဒီအချိန်ကာလမှာ ဆန်တစ်ပြည် ပြား(၄၀)ဈေးရှိတယ်။ ပျံလွန်တော်မူပြီး အကုန် ဆောင်းအကူမှာ ဆန်ဈေး အဆမတန် မြင့်တက်သွားတယ်။ ဆ

www.burmeseclassic.com






◆ ဆရာတော် သုံးခဲ့သည့် ဇာဆို

◆ ရှစ်မျက်နှာစေတီ
အနောက်ဘက်အာရုံခံတန်ဆောင်း၊

◆ ဆရာတော် သီတင်းသုံးလေ့ရှိသည့် မှဉ်ထောင်ကျောင်း၊



တစ်ပြည် ငါးကျပ်၊ ခြောက်ကျပ် ဖြစ်သွားလို့ ဆန်ပြုတ်၊ ပဲပြုတ်နဲ့ စခန်းသွားကြရတယ်'

'ဟုတ်တယ်၊ ကျွန်တော်တို့ သထုံခရိုင်ဘက်မှာလဲ ဆန်တစ်ပြည် ငါးကျပ်ဈေးပေါက်ပြီး လူတွေ ဆန်ပြုတ်သောက်၊ ပဲထမင်းစားကြရတာ သတိရမိပါတယ်'

'ဆန်ဈေးတက်မှာကို ရည်ညွှန်းတာလဲ ဖြစ်နိုင်သလို လုံးဝ မီးမရှိပါနဲ့လို့ သတိပေးတယ်လို့လဲ ထင်မိပါတယ်။

စစ်ကိုင်း ဝါးချက်မင်းကျောင်းဆရာတော်က ငါသေရင် မီးမရှို့နဲ့လို့ မှာခဲ့တာကို လေ့သင်းမင်းကြီးရဲ့ သားအလတ်က အဝမှ မီးရှို့လိုက်တော့ ဆရာတော် သီတင်းသုံးတဲ့ကျောင်းရော၊ ရွာက စာသင်ခဲ့တဲ့ ကျောင်းတွေရော အားလုံး မီးလောင်သွားတာ ဖတ်ရ သိရတော့ ဆရာတော် မှာတဲ့အတိုင်း ထားခဲ့ကြပါတယ်'

## ဗိမာန်သို့

ကျောင်း၏မြောက်ဘက် မြေကွက်လပ်တွင် ရှစ်မျက်နှာစေတီတစ်ဆူကို သီးခြားအရံတံတိုင်းဖြင့် ဖူးတွေ့ရသည်။ အနောက်ဘက် အာရုံခံတန်ဆောင်း ပါရှိသည်။

တန်ဆောင်းမှာ အကာမပါ၊ အမိုးနှစ်ထပ် တင်၍ အထက်၌ ရှစ်မျက်နှာကွမ်းတောင်ပေါက်ထားသည်။ ဆရာတော်ကိုယ်တိုင် ပြုလုပ်ခဲ့သော တန်ဆောင်းဖြစ်၍ စေတီမှာလည်း ၁၃၂၀ ပြည့်နှစ်ခန့်တွင် ပြည်သူအများ ဘေးရန်ကင်းကွာ အေးချမ်းစေရန် ရည်ရွယ် တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စေတီဝင်း၏ မြောက်ဘက်တွင် ဆရာတော်၏ စံကျောင်းဗိမာန် ရှိသည်။ ဗိမာန်အလယ်တွင် အုတ်ပလ္လင်ခံကာ မှန်ခေါင်းကိုငုံ၍ အုတ်ဂူ ပြုလုပ်ထားသည်။ နံဘေးနှစ်ဖက်တွင် [illegible]တပ်ကာ ဖူးမြော်နိုင်အောင် [illegible]ထားသည်။

'ကျွန်တော်တို့က ([illegible] ၁၈ )နှစ် အရွယ်

www.burmeseclassic.com



● မုန့်ခေါင်းတွင်းမှ ရုပ်ကလာပ်တော်

ရှိသေးတယ်။ အရေးပါတဲ့ ကျောင်းအကား၊ ကပ္ပိယကြီးတွေကလဲ တောသူတောင်သား ဗိုဗို ရှိအကြတော့ ဆရာတော်မှာတဲ့အတိုင်း ဂူသွင်းပြီး ပစ်ထားကြတယ်။

တခြားမြို့ရွာတွေကို ရောက်လို့ မပုပ်သိုးတဲ့ ဆရာတော်တွေရဲ့ ရုပ်ကလာပ်တွေ ဖူးတွေ့ ရတော့ သူတို့တစ်တွေက အင်မတန် ကြည်ညိုလေးစားကြတာပဲ။ အဓိမလပ် ဖုန်၊ အမှိုက်၊ ပိုးမွှားတွေ မဝင်အောင်၊ မပျက်ဆီး နိုင်အောင် ဝီရိယစိုက်ပြီး သန့်ရှင်းရေးလုပ် ကြတယ်။ ထိန်းသိမ်းပူဇော်ကြတယ်။

ကျွန်တော်တို့ကတော့ ပုံလွန်တော်မူတာ (၄၃)နှစ် ကြာခဲ့ပြီ။ အင်္ဂတေငုံထားလို့ ဖွင့်မရ၊ သန့်ရှင်းရေးလဲ မလုပ်ရ၊ မုန့်ခေါင်း ဆိုပေမယ့် မုန့်အဆက်ကြားက ပိုးမွှားတွေ ဝင်ပြီး အစိတ်အပိုင်းအချို့ ပျက်စီးကုန်တာ မြင်ရတော့ စိတ်မကောင်း ဖြစ်ကြရတယ်။

ပုံလွန်တော်မူပြီး (၁၀)နှစ်အတွင်းမှာတော့ ခြေသည်းလက်သည်း နှုတ်ခမ်းမွေးတွေ၊ ဆံပင်တွေ ရှည်ထွက်လာတာ တွေ့ရတယ်။ အခုတော့ ပျက်စီးလောက်ပါပြီ'

မုန့်ခေါင်းမှာ (၄၃)နှစ်ကြာ၍ ချေးမှုန် များ ကပ်နေသော်လည်း နှုတ်ခမ်းမွေး များကို ထင်ရှားစွာ တွေ့ရသည်။ မှန်မှုန် နေသဖြင့် ပီပြင်သော ဓာတ်ပုံကိုကား မရခဲ့ပါ။ သက်န်းမှာလည်း ဆွေးရိ ပျက်စီးခြင်း မရှိသည်ကို မြင်ရလေ သည်။

ဆရာတော်၏ ဗိမာန်တွင် ဂါရဝပြု ကန်တော့ပြီးနောက် ရသမျှ ကောက် ကြောင်းတို့ကို စုစည်း၍ ညောင်ဦးသို့ ပြန်မည်ပြုစဉ် မိုးရွာလာသဖြင့် ကျောင်း တွင်းသို့ ဝင်ကာ မိုးခိုရသည်။

'ခင်ဗျားတို့ အောက်နယ်မှာက ဆယ့်နှစ်ရာသီ မိုးကောင်းပေမယ့် ဒီမှာ က မိုးခေါင်ရေရှားဒေသ။ မိုးနည်းနည်း စိုတာနဲ့ အပူရုပ်ပြီး အန္တရာယ်ကြုံရ တတ်လို့ ဂရုစိုက်ရတယ်'

ကျောင်းဝင်းအတွင်း တောင်ဘက်ရှိ ပျဉ်ထောင်ကျောင်းအောက်တွင် မိုးခို ရစဉ်...

'ဆရာတော်ကြီးက နှစ်ထပ်အုတ် ကျောင်းကြီး ဆောက်ထားပေမယ့် ဒီပျဉ်ထောင်ကျောင်းမှာပဲ သီတင်းသုံး တယ်။ ဒီဖားဗိုက ဆရာတော် အသုံး ပြုခဲ့တဲ့ ဖားဗိုပါ။ အခုလဲ ရေနွေးကျို တဲ့အခါ သုံးနေဆဲပါ'

ဟူ၍ ရှင်းပြကြသည်။

'ဓာတ်လုံးထိုးတာလား'

'ပန်းပဲလုပ်တာတော့ တွေ့ရတယ်။ ဓာတ်[illegible] ထိုးတာ မတွေ့ဖူးဘူး။ လုံတွေလဲ ရှိ[illegible] ကျွန်တော်တို့ လူမှန်းသိတဲ့ အချိန်မှာ ဆ[illegible] တော်က ဓာတ်လုံးကို[illegible]ပြီလို့ ယူဆ[illegible] တယ်။ ဓာတ်လုံး[illegible]ဆေးကုတာတော့ တွေ့[illegible]

www.burmeseclassic.com



ဆရာတော် ဦးမေဓာဝိ ရုပ်ကလာပ်တော် ပူဇော်ထားရာဗိမာန်

ရတယ်'

'အရွက်အမြစ် အသီးအခေါက်တွေနဲ့ ဆေးဖော်တာကော ကြုံဖူးသလား'

'မကြုံဖူးပါဘူး။ ဟိုတုန်းက ဆေးရာဝန်တွေကလဲ ကျေးလက်တောရွာ မရောက်သေးတော့ ဆရာတော့်ဆေးကိုပဲ အားကိုးကြတယ်။ ဆရာတော်ပေးတဲ့ ဆေးပမာဏက အင်မတန် နည်းတယ်။ ဆေးကောင်းတော့ သန်းခေါင်းတဲ့။

သန်းခေါင်း နှမ်းစေ့ခေါင်းလောက်ပဲ ရှိတာမို့ ရသာမတဆေး ဓာတ်ဆေးလို့ ထင်ရတာပဲ။ ဆေးက နည်းပေမယ့် သောက်ပြီးတာနဲ့ ဝေဒနာတွေ ယူပစ်လိုက်သလို ပျောက်သွားပါတယ်'

'ဆရာတော်ရဲ့ ဆေးပညာအမွေတွေ ရတဲ့သူ ရှိသေးလား'

'ဆရာတော် ခန္ဓာဝန်ချတော့ ရေနံချောင်းက ဦးဘတင်ဆိုတာ ဆရာတော်ရဲ့ တပည့်ရင်းတစ်ယောက်ပါပဲ။ သူက ဆေးစာအုပ်တွေရော၊ ဆေးတွေပါ အကုန်ယူသွားတယ်။ ဆရာတော့်ထက်ငယ်တယ်။

ဆရာတော်က သက်တော်(၈၀)မှာ ပျံလွန်တော်မူတော့ သူက (၇၀)လောက်ရှိမယ်။ အခု ရှိမယ်ဆိုရင်တောင် အသက်တစ်ရာ ကျော်လောက်ပြီပေါ့'

ယင်းနောက်တွင် မိုးစဲသွားသဖြင့် အငွေ့တလူလူ ထွက်နေသည့် မြေလမ်းအတိုင်း ပြန်လာခဲ့ကြသည်။

မြင်းကပါရွာ မြစ်ကမ်းနံဘေး လေသာကျောင်းမှ ဆရာတော် ဦးမေဓာဝိမှာ ယနေ့တိုင် ဖူးမြော်နိုင်သော ရုပ်ကလာပ်တော်မှလွဲ၍ ဘဝပုံရိပ်ကိုပေါ်လွင်အောင် မဖော်ထုတ်နိုင်ခဲ့ပါ။

စုတ်ချက်မပီ ဆေးမညီသည့် ပန်းချီပုံကြမ်းပမာ ရှိနေသဖြင့် **သိမီတတ်စွမ်းသူများက ကူညီဖြည့်ဆည်းပေးကြရန် မေတ္တာရပ်ခံ တင်ပြလိုက်ရပေသည်။**

**(တရားအလုပ်ကိုသာ အားစိုက်ရှုမှတ်တော်မူနေသည့် လက်ရှိလေသာကျောင်း ဆရာတော်လေးကို အနှောင့်အယှက် မဖြစ်စေလိုသဖြင့် ဘွဲ့တော်နှင့် ဓာတ်ပုံများချန်လှပ်ခဲ့ပါသည်။)**

ဖင်ညိုငယ်

www.burmeseclassic.com

# ကိုယ်ပိုင်ကားလေး စီးရအောင်

မောင်ဖြိုးကြူ
(စီးပွားရေး)

ဤလောကကြီးတွင် လူရယ်ဟု ဖြစ်လာသောအခါ စားဝတ်နေရေးသည် ပဓာန လိုအပ်ချက်တစ်ရပ်ပင် ဖြစ်ပါသည်။ စားဝတ်နေရေးအတွက်ပင် ရှုန်းကန်လှုပ်ရှားကြရသည်။

စားဝတ်နေရေး အဆင်ပြေသောအခါ သွားလာရာတွင် အဆင်ပြေစေရန် ကားတစ်စီးလောက်ရှိရင် ကောင်းမယ်ဟု စိတ်ကူးမိကြသည်မှာ မလွဲ။

အထူးသဖြင့် ကျွန်ုပ်တို့နေထိုင်ရာ ရန်ကုန်ရွှေမြို့တော်သားတို့၏ ဆန္ဒဖြစ်သည်။ ရန်ကုန်တွင် သွားလာရေးက မလွယ်ကူလှချေ။ လူတိုင်းအသိ။

အထူးသဖြင့် မင်္ဂလာဆောင်လိုကိစ္စ၊ ဘွဲ့ယူမည့်ကိစ္စများအတွက် မရှိမဖြစ်ဆိုရမလောက် အရေးကြီးသည်လေ။ သို့သော် ကိုယ်ပိုင်ကားဝယ်ဖို့ကား၊ အနားပင်မသီနိုင်။ သိန်း ၄၀၀,၅၀၀မှ ၃၀၀၀ကျော်အထိ ဈေးကောင်းလှသည်။ သိန်း (၅၀)ကျော် (၁၀၀)မျှနှင့် ကားစီးနိုင်သည်မှာ ဘာမှ မကြာလှသေး။ တစ်နှစ် နှစ်နှစ်မျှသာ ရှိပါသေးသည်။

ကိုယ်ပိုင်ကားလေး (Saloon)စီးနိုင်အောင် လုပ်ရမည့်အလုပ်ကား ခက်ခဲလှသည်တော့မဟုတ်။ မလုပ်ဖြစ်သည်ကသာ ခက်ခြင်းဖြစ်သည်။ ကိုယ်တွေ့အတွေ့အကြုံတစ်ခုကို တင်ပြချင်ပါသည်။

လွန်ခဲ့သော **နှစ်ပေါင်း(၂၀)ကျော်ခန့်က ဖြစ်သည်။** စာရေးသူတို့မိသားစုနေထိုင်ခဲ့ရာ ရန်ကုန်မြို့ဗိုလ်ဆွန်ပက်လမ်းမှ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ အချိန်အားရလျှင် ရသလို သွားရောက်ဖူးမြော်လေ့ ရှိပါသည်။

သွားဖြစ်သည့် အကြောင်းရင်းတစ်ရပ်မှာ စာရေးသူ၏ ယောက္ခမများက ရှမ်းတန်ဆောင်းရှိ ဘာသာရေးအသင်းခေါင်းဆောင်နှင့် ရင်းနှီးလေရာ ထိုတန်ဆောင်းတွင် လိုအပ်သမျှ လှူဒါန်းခဲ့သည်။ ရှင်အဖွဲ့ဂေါဏ တန်ဆောင်းတွင်လည်း မိသားစုအမည်များ ရေးထိုး၍ လှူဒါန်းခဲ့ဖူးပါသည်။

**[ရှမ်းတန်ဆောင်းမှာ စေတီတော်ကြီး၏ မြောက်ဘက်မုခ် (အာဇာနည်ကုန်းဘက်မှ)တက်လျှင် ရင်ပြင်တော်ပေါ် ရောက်ရောက်ချင်း ယာဘက်မှတန်ဆောင်းပင် ဖြစ်ပါသည်။]**

ဆိုခဲ့သည့်အတိုင်း စာရေးသူတို့မိသားစုမှာ စနေ၊ တနင်္ဂနွေ ညနေတိုင်းတွင် တစ်ရက်ရက်၌ ဘုရားသို့ ရောက်နေကျပင်ဖြစ်ခဲ့ပါသည်။

ရောက်သည့် အခါတိုင်းလည်း စေတီတော်ကြီးကိုသာမက နေလဘုရား၊ ရှင်စောပုဘုရား၊ ဓမ္မစေတီဘုရား၊ ရာဇမုနိဘုရားစသော အပြင်ရင်ပြင်တော်ပတ်လမ်းရှိ ဘုရားဆင်းတုများအပြင် တန်ဆောင်းများအတွင်းရှိ ဘုရားများသို့ ပါဝင်ရောက် ရှိခိုးပူဇော်လေ့ ရှိပါသည်။

ထိုစဉ်က စာရေးသူသည် ဝန်ကြီးများရုံးရှိ အစိုးရဌာနတစ်ခုတွင် အလုပ်လုပ်လျက်ရှိပါသည်။ စာရေးသူတို့ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး



တစ်ဦးက သူ၏မိဘများ လှူဒါန်းသော ဆင်းတုတော်တစ်ဆူရှိကြောင်း စကားစပ်မိ သိရှိရသဖြင့် ရွှေတိဂုံသို့ရောက်သောအခါ ရေကြည်တော်ဝတ်အသင်း ရှိရာတန်ဆောင်းသို့ သွားရောက်ဖြစ်ခဲ့ပါသည်။

**[ထိုတန်ဆောင်းမှာ အရှေ့မုခ်မှ တက်၍ ရင်ပြင်တော်ပေါ်ရောက်လျှင် လက်ယာဘက်မှ တန်ဆောင်းပင်ဖြစ်ပါသည်။**

**ထိုတန်ဆောင်းသို့ အမြဲတမ်းဝင်ရောက်ခဲ့ရခြင်း၏ အကြောင်းတစ်ရပ်မှာ မိမိတို့ဌာနမှ ဝန်ထမ်းတစ်ဦးက အငြိမ်းစား ယူသွားပြီးနောက် ထိုတန်ဆောင်းတွင် အမှုဆောင်ဖြစ်ကာအလှူခံတန်ဆောင်းထမ်းဆောင်နေသောကြောင့်လည်း ဖြစ်ပါသည်။]**

ရေကြည်တော် ဝတ်အသင်းရှိရာ

www.burmeseclassic.com

ခန်းဆောင်းတွင် ဆင်းတုစေတီအရွယ်အစားအမျိုးမျိုး၊ ပုံဟန်သဏ္ဍာန် အမျိုးမျိုးဖြင့် အများအပြား ရှိရပါသည်။ ပေါ်တော်မူစေတီတစ်ဆူလည်း ရှိပါသည်။

ထိုဆင်းတုတော်များအနက် အကြီးဆုံးဖြစ်သော ကျောက်ဆင်းတုကြီးမှာ ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး၏ မိဘများလှူဒါန်းခဲ့ခြင်းပင် ဖြစ်သည်။

''ပုဂ္ဂိုလ်ခင်မှ တရားမင်''ဟူသော စကားကဲ့သို့ပင် ရွှေတိဂုံစေတီတော်သို့ ရောက်သည့်အခါတိုင်း ထို ကျောက်ဆင်းတုတော်ကြီးကို ဝင်ရောက်ဖူးမြော်လှူဒါန်းဖြစ်ခဲ့ပါသည်။

တစ်ရက်တွင် အိမ်သူက သဒ္ဓါစိတ်ပေါက်လာသည်ထင့် ထို ကျောက်ဆင်းတုတော်ကြီး၏ အောက်ခြေဒူးတော်နှစ်ဖက်အပါအဝင် အောက်ပိုင်းကို ရွှေချချင်သည်ဟု အဆိုပြုလာပါသည်။

သို့ဖြစ်ရာ ရေကြည်တော်ဝတ်အသင်းအမှုဆောင်များနှင့် ညှိနှိုင်းစီစဉ်ခဲ့ပါသည်။ ရွှေချရန်အတွက် (၃)ရက်ခန့်အချိန်ယူ သွားရောက်ခဲ့ရပါသည်။ ရွှေအစစ်ချခြင်းဖြစ်ရာ ထိုစဉ် မှတ်မှတ်ရရ (၁၆၅၀၀)ကျပ် ကုန်ကျခဲ့ပါသည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ အသင်း၏ ဂေါပကလူကြီးတစ်ဦးနှင့် စကားလက်ဆုံကျဖြစ်ခဲ့ရာမှ ဤ **''ကိုယ်ပိုင်ကားလေးစီးရအောင်''** နည်းလမ်းကို ရရှိခဲ့ခြင်းပင် ဖြစ်ပါသည်။

'ဒီလိုဗျ ကျွန်တော့်မိသားစုက မရှိမရှားထဲကပါ။ စားဝတ်နေရေး အဆင်ပြေတယ် ဆိုရုံပါပဲ။ အပိုအလျှံ သိပ်မရှိပါဘူး။ တစ်နေ့တော့ ဒီရေကြည်တော်ဝတ်အသင်းမှာ အမှုဆောင်လိုတယ်လို့ မိတ်ဆွေတစ်ဦး အဆွယ်ကောင်းလို့ ဝင်လုပ်ဖြစ်ခဲ့ပါတယ်။ ဘယ် သိပ်လှူနိုင်မှာလဲဗျာ။ ဒါပေမယ့် အမှုဆောင်တာဝန်အရ ရွှေတိဂုံစေတီတော်ကြီးကိုတော့ ခဏခဏ နေ့တိုင်းနီးပါး ရောက်ရတော့တာပေါ့။ အိမ်ကနေ ဘတ်စ်ကားနဲ့လာရတာပေါ့။

ကြော် ကိုယ်ပိုင်ကားလေးရှိရင် ကောင်းမှာပဲလို့ မကြာခဏ တောင့်တမိခဲ့တာပေါ့။ ဒါနဲ့ အလှူလုပ်တိုင်း ကိုယ်ပိုင်ကား စီးရပါလို၏လို့ ဆုတောင်းမိပါတယ်။

ဒါမှလဲ သာသနာ့ဝန်ကို စိတ်ရောကိုယ်ပါ ထမ်းဆောင်နိုင်မှာပါ။ မဟုတ်ဘူးလားဗျာ။ သံဃာတော်တွေကတော့ ယာဉ်စီးချင်ရင် ယာဉ်လှူလို့ မိန့်တာပေါ့။ ဒါပေမယ့် သိတဲ့အတိုင်းပဲလေ ဆလွန်းတစ်စီးရဲ့တန်ဖိုးက နည်းတာမှ မဟုတ်တာ'

'ဒါနဲ့ စဉ်းစားရင်း စဉ်းစားရင်းနဲ့ အတွေးတစ်ခု ရလာတယ်ဗျ'

'စာရေးသူက ''လိုလျှင်ကြံဆ နည်းလမ်းရ'' ဆိုသလိုပေါ့နော်'

ဟု ထောက်ပေးလိုက်တော့ ထို ဂေါပကကြီးက ''ဟုတ်ပ''ဟု ပြုံးပြုံးကြီး ပြန်ဖြေပါသည်။ ပြီးမှ ချောင်းတစ်ချက်ဟန့်ကာ...

'ဒီလိုဗျ။ ကျွန်တော် ဘတ်စ်ကားစီးတိုင်း ကားအတူစီးတဲ့ ရဟန်းသံဃာတွေ၊ သီလရှင်တွေရဲ့ ကားခကို အမြဲ ပေးလှူတယ်။ ကျွန်တော့်အကြံအစည်အတိုင်း လိုက်လုပ်တာပေါ့။ ဒါလဲ ယာဉ်လှူတာပဲ မဟုတ်လားဗျာ တစ်နိုင်တစ်ပိုင်ပေါ့'

စာရေးသူက စဉ်းစားရင်းမှ ''ဟုတ်တာပေါ့ဗျာ''ဟု ထောက်ခံလိုက်သည့် သူက ဆက်ပြောသည်။

'ကျွန်တော် ခရီးဝေးသွားရင်လဲ **ဒီလိုပဲ လှူခွင့်ရတိုင်းလှူတယ်။ ခရီးသွားရင်း ဆွမ်းကပ်ချိန်ရောက်ရင် ဆွမ်းကပ်တယ်။ ဒီလိုနဲ့ နှစ် အတော်လေး ကြာလာတော့ဗျာ ဆလွန်းတစ်စီး လက်ထဲရောက်လာပါတယ်။** သူငယ်ချင်းက အရစ်ကျသာပေးပါဆိုပြီး ထိုးအပ်လာတာဗျ။ ဒါနဲ့ ကိုယ်ပိုင်ကားလေးစီးရရော။ ခုတော့ နှစ်စီးဖြစ်လာတယ်ဗျ။ ဒီအလှူဝတ်ကိုတော့ ဆက်လုပ်နေတုန်းပါပဲ'

တဲ့။

ထို ဂေါပကကြီး၏ ဝတ်စားပုံကို အကဲခတ်ကြည့်မိရာ တောက်တောက်ပြောင်ပြောင် မရှိလှ။ သူလိုငါလို ဝတ်စားထားရုံသာ။ ကိုယ်ပိုင်ကားရှိသည်ဟု ဘယ်လိုမှ ထင်စရာမရှိ။ သို့သော် ကားနှစ်စီးရှိသည်တဲ့ အံ့သြခဲ့ရပါရဲ့။

ကဲ စာရှုသူရေ ထိုဂေါပကကြီးက သူ့ကိုယ်ပိုင်ကားစီးနိုင်ခြင်း၏အကြောင်းရင်းကိုတော့ အထက်ပါအတိုင်းပင် ပြောသွားခဲ့ပါသည်။ အခြားသော သူကျင့်ဆောင်နေသည့် ဘာသာရေးဝတ်များလည်း ရှိပါလိမ့်မည်။

အနိမ့်ဆုံးအားဖြင့် ရွှေတိဂုံစေတီတော်ကြီးသို့ နေ့တိုင်းနီးပါး ရောက်ရှိနေသည့် ကုသိုလ်ကပင် မနည်းမနော ဟု စာရေးသူ ထင်မြင်မိပါသည်။

**ကိုယ်ပိုင်ကား စီးနိုင်ခြင်း၏ အဓိက အကြောင်းအရင်းကို သိရသော်လည်း စာရေးသူ ယခုတိုင် ကားမစီးနိုင်။ ဘတ်စ်ကားကို အားကိုးရဆဲ။ ကျင့်စဉ်ရှိသော်လဲ သူ့လိုမှ အာရုံထားပြီး မလုပ်နိုင်တာလေ။ စာရှုသူရော ကိုယ်ပိုင်ကား မလိုချင်ဘူးလားဗျာ ဘုရားရှင်ကတော့...**

"ဆန္ဒဝတော၊ ကိံနာမ၊ နသိဇ္ဈတိ"

လို့ ဟောသဗျ၊ **ဆန္ဒရှိရင် ဘာမဆိုဖြစ်ပါတယ်တဲ့။ ပြင်းပြတဲ့ဆန္ဒဖြစ်ဖို့တော့ လိုမှာပေါ့နော်။**

*ရွှင်လန်းချမ်းမြေ့ကြပါစေ။*

**မောင်အေးကြူ** *(စီးပွားရေး)*



www.burmeseclassic.com

www.burmeseclassic.com


注册 商標



ရိုဗိ– ကျားရတနာဆေးသည်
တရုတ်ပြည် ရှေးခေတ် ကေရာဇ်မင်း

နန်းတွင်းတွင် အသုံးပြုသော
ဆေးတော်မြတ်ဖြစ်သည်။







# 龍鳳寶

ရိုဗိ– အမျိုးသားအားဆေး
ကျားရတနာဆေး

**မြန်မာတိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။**

နဂါးဓာမဏိရတနာ (လုံဖုန့်ပေါင်)

(ယောကျ်ားသုံးအဆင့်မြင့်အားဆေး) မှတ်ပုံတင်အမှတ် TMR-009365 (1014)

ရိုဗိ– ကျားရတနာဆေး (မူလအမည်။ နဂါးကျားအားမာန်ဆေးလုံး)သည် တရုတ်ပြည် ရှေးခေတ်ကေရာဇ်မင်း၊ နန်းတွင်းတွင် အသုံးပြုသော ဆေးတော်မြတ်ဖြစ်သည်။ ၎င်းသည် ဘုရင်မှ မောင်းမမိဿံများ၊ ချောမောလှပသည့် မိဖုရားတို့နှင့် ကာမပျော်ပါးရာတွင် သီးသန့်အသုံးချရန် ဖြစ်သည်။

ဤလျှို့ဝှက်ဆေးနည်းသည် ယနေ့အထိ စဉ်ဆက်မပြတ် ဆက်ခံလာသည်မှာ အနှစ်(၄၀၀)ကျော်ရှိပြီ ဖြစ်ပြီး။ လူ့လောက၏ နတ်သိကြားဆေးဟု တင်စားခြင်းခံရပေသည်။ ဤဆေးကို ရေရှည်မှီဝဲသုံးစွဲပါက အသက်ရှည်၍ အစဉ်နုပျိုစေပါမည်။ မန်ချူးမင်းဆက် ကေရာဇ်ချန်လုံသည် ကာမစည်းစိမ်ပျော်စံ၍ အသက်(၈၉)နှစ်အထိ နေထိုင်နိုင်ခဲ့ခြင်းမှာ ရိုဗိ–ကျားရတနာဆေးကို ရေရှည်မှီဝဲသုံးစွဲခြင်းကြောင့် ဖြစ်သည်။

**အဓိကကုသမှု ။ ယောကျ်ား ကျောက်ကပ်အားချို့တဲ့၍ သုက်ရည်နည်းခြင်း၊ ပန်းညှိုး၍ မထိန်းနိုင်ဘဲ သုက်လွှတ်စောခြင်း။**

**အာနိသင် ။ ကာမရာဂစိတ် ပိုစေ၍ နုပျိုလာစေမည်။ ကျောက်ကပ်အားပေး၍ လူသန်စွမ်းကာ အသက်ရှည်စေသည်။**

**ဖြန့်ချိရေး– ဦးမြင့်ဆွေ၏သားများ–** မြန်မာဆေးမျိုးစုံဆိုင်၊ C-264(D)ရုံ မြေအောက်ထပ်၊ သိမ်ကြီးဈေး။ ဖုန်း–၂၅၄၂၂၅၊ ၇၀၉၈၉၈။ ❖ဆိုင်အမှတ်(၂၈) ဈေးကြီး။ မော်လမြိုင်မြို့။ ဖုန်း ၀၃၂–၂၃၁၁၄၊ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တန်း၊ ပြည်မြို့။ ဖုန်း–၂၁၂၆၂။ ❖မဥ္စူရီမြန်မာဆေးဆိုင်–(၂၉)လမ်းနှင့်(၈၄)လမ်းထောင့်၊ မန္တလေး။ ❖မြနန္ဒာဆေးဆိုင်–အမှတ်(၁၀)၊မင်းလမ်း၊ ဗိုင်းဂနိုင်းတောင်၊ ပဲခူးမြို့။ ဖုန်း–၂၂၁၀၆။ ❖မောင်မျိုးဆေးဆိုင်–၄/ကျောင်းလမ်း၊ မြောက်ဥက္ကလာ။ ❖ကန့်ကော်ရုံ၊ အမှတ်(၈၁/၈၂/၈၃)၊လားရှိုးမြို့မဈေး။ ဖုန်း–၀၈၂–၂၂၁၃၆။ ❖နေလကြယ်ဆေးတိုက်–(၆)လမ်း၊ တောင်ငူမြို့။ ဖုန်း–၀၅၄–၂၁၈၃၉။ ❖အခန်း(၈) အဝေးပြေးဂိတ်ဝင်း၊ ကင်မလင်းကျွန်း၊ ပုသိမ်မြို့။ ဖုန်း–၂၁၄၂၁။ ❖ကိုသိန်းရွှေ–အမှတ်(၁၈၇)၊ရွှေပြည်သာဈေး။ ပုသိမ်မြို့။ ❖ရွှေစွန့်ညီစတိုး–ဒေါ်ခင်စန်းရီ(၃၁/အေ)၊ ကုန်သည်လမ်း။ပုသိမ်မြို့။ ဖုန်း–၂၁၇၃၅။ ❖ရောစ်–အမှတ်(၅၂/၈)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့။ ❖ဇော်ထွန်းဦး–ည/၁၅၀ ဦးကြီးခမ်းလော်လမ်း၊ ဦးကြီးခမ်း၊ တောင်ကြီးမြို့။ ဖုန်း–၀၈၁–၂၃၀၂၅။ ❖မြတ်မွန်ဆေးဆိုင်၊ မြစ်ကြီးနား။ ဖုန်း–၀၇၄–၂၂၅၉၅။ ❖ဝါးခယ်မမြို့ အမှတ်၆၂/၆၃၊ ဈေးရုံ(၈)၊ဈေးရပ်ကွက်–ဦးကျော်လင်း။ ❖အမှတ်(၁၂၂)၊ရာဇာလမ်း၊ ပိန်းကန်ရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း–၂၄၄၃၀၄၊ ❖စကားဝါဆေးနှင့်ဆေးပစ္စည်းဆိုင်–အမှတ်(၇)၊ မြင်းခြံမြို့။ ဖုန်း–၀၆၆–၂၁၄၄၁။❖Topကုန်မာဆိုင်– လားရှိုးလမ်း(နာရီစင်အနီး) ပြင်ဦးလွင်မြို့။ ဖုန်း–၀၈၅–၂၁၂၅၆။ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တန်း၊ ပြည်မြို့။ ဖုန်း–၂၁၂၆၂၊ ၀၈၅–၂၁၂၅၆။ ❖ဦးစိန်သန်း+ဒေါ်နီနီဝင်း–ဆေးပဒေသာ၊ ရတနာမာရ်တောင်ရပ်၊ စိတ္တသုခဂေဟာ၊ ရတနာမာရ်တောင်ဘုရားအနီး။ မိတ္ထီလာမြို့–ဖုန်း၂၁၃၉၂။ ဦးအောင်မြင့်နှင့်သားသမီးများ(ဆေးပစ္စည်းဆိုင်)အမှတ် (မ/၁၂၂)၊ ဘုတာတောင်ဘက်လမ်း၊ အရှေ့ပြင်ရပ်၊ မိတ္ထီလာ–ဖုန်း–၂၂၀၄၂။ တက်နေဝန်းမြန်မာ့ဆေးလုပ်ငန်း–ဈေးအရှေ့ဘက်၊ နေပြည်တော်လမ်း၊ စစ်ကိုင်း။ဖုန်း–၀၇၂–၂၂၀၀။ ထွန်းသောင်စတိုး–ဖုန်း–၂၁၆၉၇။ ဆောင်းဟေမာန်ဆေးပစ္စည်း မြို့မ ၆၃၊ အင်းဝဘဏ်ရှေ့၊ မြစ်ကြီးနား။ ဖုန်း–၂၂၁၀၆။❖ပျဉ်းမနားမြို့ ပွဲကတော်ဆေးဆိုင်၊ အမှတ်(၁၁၁)၊ (၇)လမ်း၊ မင်္ဂလာရပ်ကွက်–ဦးထင်ဦး+ဒေါ်မြသန်း။ ❖ဦးကျော် ကွန်ပျူတာဆိုင်–ဗိုလ်ချုပ်လမ်း၊ ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့။ ဖုန်း–၂၂၂၇၊ ပဲခူးတိုင်း၊ သာယာဝတီမြို့၊ ဈေးအတွင်း–ဒွိညီနောင်ဆေးဆိုင်။ ❖ ကရုဏာဆေးဆိုင်–၃၂/အားကားဒေါင့်၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့။ ဖုန်း–၀၃၂–၂၂၇၃၂။❖ရောထွန်းစတိုး(မြန်မာ့ဆေးမျိုးစုံနှင့်အလှကုန်ဆိုင်)ရုံ(၁)၊ လိုင်း(အေ)၊❖ဆိုင်အမှတ်–(၂၈)ဈေးကြီး၊ မော်လမြိုင်မြို့။ ဖုန်း–၀၃၂–၂၃၁၁၄။❖ကိုအင်ငယ် (ဆေးတိုက်) ထုံတိုလ်စိမ်း၊ ဆိပ်ငယ်ရပ်၊ မြိတ်မြို့။ ဖုန်း–၀၃၆–၄၁၆၀၄။

**ပင်ရင်းဖြန့်ချိရေး – ရိုဗိဆေးတိုက်အမှတ်(၁၄)၊ ပထမထပ်၊ ထီးတန်း(၂)လမ်း၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးအနီး၊ ဟုမ်လမ်းမှတ်တိုင်ဆင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၃၀ ၉၈၆၀၆၊ ၀၉–၅၀၅ ၈၁၀၄၊ ၀၉–၄၂၀၀ ၁၈၇၂၁။**

www.burmeseclassic.com

www.burmeseclassic.com


### မိသနိုးမယ်တော် စံမြန်းရာ

# မဟာမြိုင် တောရသာသနာ့ဝန်းဆီသို့

ကလေး ဝင်းသူ

'နွယ်သာကီ နွယ်သာကီ ပန်းမြတ်နွယ်သာကီ
သရဖီ အင်ကြင်းတွေကစည်...
သရဖီ အင်ကြင်းတွေကစည်...
ပန်းမျိုးလေး စုံလှပါသနော်...
မဟာမြိုင်တွင်းမှာ ကြိုင်သင်းပါလို့နော်'

ကျွန်တော်သည် တစ်ကြိမ်တစ်ခါမျှ ရောက်ဖူးခြင်းမရှိသော မဟာမြိုင်တော ကြီးထဲ ရောက်ရှိသွားသောအခါ ငယ်စဉ် စစ်ကိုင်း ဆရာအတတ်သင် ကျောင်းတွင် သင်ကြားခဲ့ရသော **မဟာမြိုင်**သီချင်းကို သတိရ ရွတ်ဆို နေမိပါသည်။



◆ မိသနိုးမယ်တော်စံမြန်းရာ မဟာမြိုင် တောရ မီးပါအားမြှုကုန်းတော်ပေါ်တွင်
ကိုးကွယ်မည့် (၁၀၈)တောင် အမြင့်ထောင်သည့် ရွှေစေတီကုံးပုံစံတူ
သာသနာ့ထွန်းပေါင် လေးကျွန်း ရန်အောင်စေတီတော်မြတ်ကြီးပုံတော်

မဟာမြိုင် တောနက်ကြီးကား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ် ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်(သုံးမြို့နယ်)အတွင်း တည်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကျယ်ဝန်းဆုံး၊ အနက်ရှိုင်းဆုံးသော တောကြီးလည်း ဖြစ်ပါသည်။

မဟာမြိုင်တောကြီးသည် ဧရိယာ စတုရန်းမိုင်ပေါင်း (၃၈၂.၁၃)မိုင် ကျယ်ဝန်းပါသည်။ မဟာမြိုင်တောကြီးသည် မြန်မာနိုင်ငံ၏ အနောက်ဘက်တောင် တန်းဒေသတွင် ရှိပါသည်။

**''ဂန္ဓာမြိုင်၊ စုံနံ့သာမြိုင်၊ စုံတော မြိုင်၊ မဟာမြိုင်''**ဟူ၍ မြိုင်ကြီး လေးမြိုင်ရှိရာ မဟာမြိုင်တောကြီး သည် အကြီးဆုံးသော တောမြိုင်ကြီး ဖြစ်ပါသည်။

မဟာမြိုင်တောကြီးသည် စုံနံ့သာ မြိုင်၊ မဲဇာမြိုင်၊ မြိုင်ကြိုးဝိုင်း၊ အင်ကြင်း မြိုင်နှင့် မဟာမြိုင် သစ်တောကြီးများ၏ အလယ်ဗဟိုတွင် တည်ရှိနေခြင်း ကြောင့် **''မဟာမြိုင်ချက်မကြီး''**ဟု ဒေသခံတို့က ခေါ်ဆိုကြပါသည်။


ထိုမဟာမြိုင်ချက်မသို့ စာရေးသူ သည် လွန်ခဲ့သော ၁၃၇၅ ခုနှစ်၊ နတ်တော်လဆုတ်(၁)ရက် ဗုဒ္ဓဟူးနေ့က ရောက်ရှိသွားခဲ့ရပါသည်။

အကြောင်းမှာ မုံရွာဇာတိဖွား တမူးမြို့က ဦးဖုန်းမင်းရှိန်+ဒေါ်သန်းသင်းအေး(City Light မိသားစု)တို့၏ ရှင်(၁၀၈)ပါး ရှင်ပြုပွဲသို့ ပါဝင်ဆင်နွှဲရန် ရောက်ရှိသွားရခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com






◆ မဟာမြိုင်တောရရှိ သာသနာ့တွင်ခေါင် လေးကျွန်းရန်အောင် စေတီတော်ကြီးတွင် ဌာပနာထား ကိုးကွယ်မည့် ရုပ်ပွားတော်ကြီး လေးဆူ(ကကုသန်၊ ကောဏာဂုံ၊ကဿပ၊ ဂေါတမ)

◆ မဟာမြိုင်တောရ ဒီပါအောင်မြေကျွန်းတော်ပေါ်တွင် တည်ထားလျက်ရှိသည့် (၁၀၈)တောင် အမြင့်ဆောင်သည့် သာသနာ့တွင်ခေါင် လေးကျွန်းရန်အောင်စေတီတော်ကြီး


◆ ကာလေခရိုင် ကာလေးမြို့နယ် မဟာမြိုင်တောရ၌ ဓိဿနိုးပေယ်တော် ပန်ကြားမှုကြောင့် (၁၀၈)တောင် အမြင့်ဆောင်သည့် သာသနာ့ တွင်ခေါင် လေးကျွန်းရန်အောင် စေတီတော်မြတ်ကြီးကို ဦးဆောင်တည်ထားတော်မူနေသော သဲမြှုဆရာတော် အရှင်ပညာဇောတ



◆ မဟာမြိုင်တောရရှိ ချက်မတောထွက်(ရေတွင်း)

◆ မဟာမြိုင်တောရချက်မကျောင်း၊ အနီးရှိ အောင်မြေတွင် လိုရာဆုတောင်းနေသော အမျိုးသမီးကြီးအား တွေ့ရစဉ်








www.burmeseclassic.com

www.burmeseclassic.com



မဟာမြိုင်တောရချက်မကျောင်းအနီးရှိ
ရှေးဟောင်းစေတီတစ်ဆူ



မဟာမြိုင်တောရချက်မကျောင်းအနီးရှိ
ကမ္ဘာလုံးစေတီတော်

ဒေါ်အေးအေးမြင့်နှင့် ညီအစ်မတစ်စုက ပါဂျဲရိုကားတစ်စီး၊ ဒံပေါက်ချက်ပြုတ်ရေးအဖွဲ့က ထော်လဂျီတစ်စီး၊ ကျွန်တော်တို့ နတ်ချောင်းအဖွဲ့က လိုက်ထရပ်တစ်စီး စုစုပေါင်း ကား (၃)စီးသည် ကလေးမြို့မှ ကလေးဝဆီသို့ ဦးတည် မောင်းနှင်လာခဲ့ကြသည်။

ညနေ(၄)နာရီချိန်တွင် ကလေးဝ–



မဟာမြိုင်ချက်မကျောင်းဆရာတော် ဦးဇဝိလကျောင်းတွင်
တွေ့ရှိခဲ့ရသော ဗိသနိုးမယ်တော်ရုပ်တု

ဗိသနိုးမယ်တော် စံမြန်းရာ မဟာမြိုင်တောရအတွင်းရှိ နတ်နန်းဆောင်





www.burmeseclassic.com

www.burmeseclassic.com



◆ မဟာမြိုင်တောရတွင် ဝိနည်း၊ ဖျောက်ဥ
တန်၍ (၁၆)နှစ်ကြာ တရားအားထုတ်နေသော
ဆရာတော်ဦးဇဋိလ သက်တော် (၇၆)နှစ်



◆ ဗိသနိုးမယ်တော် ပုဏ္ဏိမိတ်ပြုရာ သဘာဝ သစ်ပင်ကွင်းကြီးအနီးက
မဟာမြိုင်တောရ ဆရာတော် အရှင်ပညာဓောတ တရားအားထုတ်
တရားထိုင်ရာ သစ်သားကျောင်းကလေး

◆ ဗိသနိုးမယ်တော်ပုံအား ထုလုပ်ကိုးကွယ်ရန်
အမိန့်ခံပြီးရာမှ ၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်
ည(၁၉း၁၅)နာရီတွင် ကြည်နူးဖွယ်
အလိုလိုပေါ်လာသော ပုံတော်




◆ ကလေးဝမြို့နယ် မဟာမြိုင်တောရ
နတ်နန်းဆောင်အတွင်း
တွေ့ရှိခဲ့ရသော ဗိသနိုးမယ်တော် ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



◆ ဗိဿနိုးမယ်တော်(ပန်ထွာဘုရင်မ)၏ အရိုးပုံပါ
ကျောက်သစ်ပုံကို အနီးကပ် တွေ့ရစဉ်
(ဗိဿနိုးမယ်တော်၏ ဆန္ဒအရ ဓာတ်ပုံရိုက်ယူလာခဲ့ရသည်)




◆ ကလေးခရိုင် ကလေးဝမြို့နယ်
မဟာမြိုင်တောရ ချောက်မတွင် တွေ့မြင်နေကြရသော
ဗိဿနိုးမယ်တော်၏အရိုးပုံပါ သဘာဝသစ်နွယ်ပင်

ချင်းတွင်းမြစ် ဖက်ဆိပ်ကမ်းသို့ ရောက်ရှိပါသည်။ ကလေးဝ ဖက်ဆိပ်ကမ်းကား အထက်ချင်းတွင်းသွား ရေယာဉ်များဖြင့် စည်ကားမြဲ စည်ကားနေဆဲဖြစ်ပါသည်။

ကျွန်တော်တို့ ကား(၃)စီး ဖက်ပေါ်တက်၍ ချင်းတွင်းမြစ်ကြီးကို ဖြတ်ကျော်နေသောအခါ ညနေခင်းနေရောင်ခြည်သည် ချင်းတွင်းမြစ်ပေါ်သို့ ဖြာကျနေသည်။

ချင်းတွင်းမြစ်ကမ်း နဖူးပေါ်ရှိ ကလေးဝမြို့ ရွှေမုဋ္ဌောစေတီတော်ကြီးကား နေရောင်တွင် ရွှေရောင်တောက်နေပါ၏။ မကြာမီ ဖက်သည် ကိုင်းဘက်ကမ်းသို့ ထိုးရပ်သွား၏။ ကားများလည်း ဖက်ဆိပ်မှ ကိုင်းရွာဘက်သို့ တက်မောင်းခဲ့ကြသည်။

အချိန်မှာ နေဝင်စ ပြုနေပြီ။ မဟာမြိုင်ကို ခရီးဆက်ဖို့က ကျန်သေး၏။ ကိုင်းရွာ ရောက်သည်ဆိုလျှင်ပင် ချင်းတွင်းမြစ်တစ်ဖက်ကမ်းရှိ ယုစလယ်တောင်သို့ တက်ကြရတော့မည်။ နာရီဝက်အကြာတွင် ယုဇလယ်တောင်ကို စ,တက်ကြရသည်။ ယုဇလယ်တောင်ကား မြင့်လှ၏၊ မတ်စောက်လှ၏။ အတက် အဆင်း (၄)ခုပင် ရှိသည်။

ညကမှောင်မှောင် တောင်တက်တောင်ဆင်းက များများဖြင့် ခရီးဆက်ခဲ့ကြရာ တစ်နေရာ သဲချောင်းအကူးတွင် ကားသမား အမောင်းမကျွမ်း၍ သဲထဲမြုပ်သွားလေသည်။ သို့အတွက် မဟာမြိုင်တောရချောက်မသို့ ည မှောင်မှောင်မည်းမည်းအထဲ ည(၉)နာရီခွဲကျမှ ရောက်ရှိသွားရတော့သည်။

ကျွန်တော်တို့အဖွဲ့အား ဓမ္မာရုံကြီး

www.burmeseclassic.com



ကလေးဆိုင်း ကလေးဝမြို့နယ် တောကြီးလေးရာ၌ ရှိသည့် သဘာဝကျောက်တုံးမှ အဲ့ဒီ့ပုံ ဗိသနိုးမယ်တော်၏ ကျောက်ဆစ်ပုံကို မဟာမြိုင် ဦးသုတမှ ပြသနေပုံ



သုဂၢ ခုနှစ်၊ ဒုတိယပါတီလဆန်း(၁) ရက်နေ့ နံနက်က မြေလျှင် သုံးကြိမ် တုန်လှုပ်၍ ပွဲနိမိတ်ပြသော မဟာမြိုင် တောရအတွင်းက ဗိသနိုးပန်းထွာဘုရင်မ ဒန္တာဝန်ရှုရာနေရာ



ဗိသနိုးမယ်တော် ပွဲနိမိတ်ပြရာ သဘာဝ သစ်နွယ်ကွင်းကြီး

ပေါ်တွင် နေရာချပေးသဖြင့် ပါလာသော စောင်တစ်ထည်ဖြင့် ညချမ်းချမ်း အိပ်ခဲ့ရသည်။ ဆောင်းအအေးဓာတ်က စိမ့်ဝင်နေဆဲမို့ တော်တော်နှင့် အိပ်မပျော်ခဲ့ရပါ။

နံနက်ပိုင်းတွင် ဓမ္မာရုံကြီးအောက်ထပ်၌ ကောက်ညှင်းပေါင်း လက်ဖက်ရည် သုံးဆောင်ပြီး တမူးမြို့က ဂေါပကအဖွဲ့နှင့်အတူ မဟာမြိုင်တောအတွင်း လှည့်ပတ်ကြည့်ရှုကြသည်။ လေ့လာကြသည်။

မဟာမြိုင် တောအတွင်း၌ကား တောပန်းတောင်ပန်းတို့သည် သဘာဝအလျောက် ဖူးပွင့်ဝေဆာ အလှဖြာလျက်ရှိကြသည်။ ပန်းမျိုးစုံသည့် မဟာမြိုင်တောပါတည်း။

မဟာမြိုင်တောအတွင်း ဗဟိုချက်မ၌ တည်ဆောက်နေသော **"တစ်ရာ့ရှစ်တောင် အမြင့်ဆောင်သည့် သာသနာ့ထွဋ်ခေါင် လေးကျွန်းရန်အောင်စေတီတော်မြတ်ကြီး"**ကား ကြီးမှုကြီး။ ရွှေတိဂုံပုံစံ တည်ထားခြင်းဖြစ်သည်။ အုတ်မြစ်စိုက်ရုံနှင့်ပင် ငွေကျပ်သိန်းပေါင်း တစ်သောင်း ကုန်ကျနေပြီဟု သိရသည်။

စေတီတော်ကြီးကို ရန်ကုန်မြို့ ဦးကိဝိ+ဒေါ်မာလာဝင်း မိသားစုက မ,တည်၍ အများကောင်းမှု ပေါင်းစုတည်ထားခြင်းဖြစ်သည်။

ကျွန်တော်တို့သည် လေးကျွန်းရန်အောင်စေတီတော်ကြီးကို လှည့်ပတ်ကြည့်ရှုနေကြရာ စေတီတော်တည်နေသည့် **ဦးဆောင်ဆရာတော် အရှင်ပညာဇောတ (သဲဖြူဆရာတော်)**က စာရေးသူတို့အား စေတီတော်ကြီးပေါ် တက်စေ၍ စေတီတော်ကြီး တည်ထားပုံကို အသေးစိတ် ရှင်းပြပါသည်။


စေတီတော်ကြီးမှာ အောက်ထပ်တွင် **"ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ"** ရုပ်ပွားတော်ကြီး (၄)ဆူ ပူဇော်ထားရန် အမြင့်ပေ(၁၂)ပေခန့် လိုဏ်ဂူထား၍ တည်ဆောက်နေခြင်း ဖြစ်သည်။ စေတီတော်ကြီးမှာ ကြီးလည်းကြီး၍ ကျယ်လည်းကျယ်ပေသည်။

ထို ရုပ်ပွားဆင်းတုစေတီတော်ကြီး (၄)ဆူမှာလည်း ထုလုပ်ရောက်ရှိပြီးဖြစ်၍ ရှင်အပါး(၁၀၈)ပါး ရှင်ပြုသည့် နံနက်စောစောတွင်ပင် ပင့်သံဃာတော်အပါး(၅၀)က ဘုရားအနေကဇာတင်တော်မူပြီး ဖြစ်သည်။ ရုပ်ပွားတော်ကြီး (၄)ဆူမှာ ကျောက်ဆင်းတုတော်ကြီးများဖြစ်၍ အလွန်တရာ သပ္ပါယ်တော်မူလှပေသည်။

ထို့နောက် မဟာမြိုင်တောရှိ ဗိသနိုးမယ်တော်စံမြန်းရာ နတ်နန်းနှင့် နန်းတော်တို့ကို လည်းကောင်း၊ ထိုမှ ချက်မရေထွက်နှင့် ချက်မကျောင်းတို့ကို လည်းကောင်း လေ့လာကြပါသည်။

မဟာမြိုင် ချက်မကျောင်းတွင် ချက်မဆရာတော် ဦးဇဋိလ (၇၆)နှစ် သီတင်းသုံးလျက် ရှိသည်။ ထိုဆရာတော်မှာ မဟာမြိုင်တောရတွင်

www.burmeseclassic.com



မဟာမြိုင်တောရ၌ ကျောင်းရွာ(၆)ရွာမှ ရှင်(၁၀၇)ပါးအား
သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်နေစဉ်

မဦးဆုံး လာရောက် တရားအား ထုတ်နေသော ဆရာတော်ဖြစ်သည်။ ၁၃၆၀ ပြည့်နှစ်ကစ၍ တောထွက် ရားအား ထုတ်ခဲ့ရာ (၁၆)နှစ်ရှိပြီဟု သိရသည်။

'ဘာတွေ ဘယ်လိုစားပြီး တရားအားထုတ်ပါသလဲ'

ဟု လျှောက်ထားမေးမြန်းရာ "**ပိန်းဥ၊ မြောက်ဥတို့ကို စားသုံး ဘုဉ်းပေး၍ တရားအားထုတ်ခဲ့ ကြောင်း**" ရှင်းပြပါသည်။

စတင် တရားအားထုတ်စဉ်က ဘီလူးနှစ်ကောင်က နှောင့်ယှက်ရာ ဗိသနိုးမယ်တော်က ကူညီစောင့်မ ကြောင်း ပြောပြပါသည်။ ဗိသနိုးမယ်တော်၏ ရုပ်တုတော်ကိုလည်း ချက်မဆရာတော် ဦးဇဋိလကျောင်း တွင် တွေ့ရှိခဲ့ရပါသည်။

ဦးဇဋိလဆရာတော်အား မဟာမြိုင်ချက်မအကြောင်း သိသမျှ ရှင်းပြပါဦး ဟု မေတ္တာရပ်ခံရာ ဆရာတော်က အောက်ပါအတိုင်း ရှင်းပြပါသည်။

'မြိုင်ကြီး(၄)မြိုင်၊ တောကြီး(၄) တောရှိတယ်။ မြိုင်ကြီး(၄)မြိုင် ကတော့ "**ဂန္ဓာမြိုင်၊ စုံနံ့သာမြိုင်၊ တောမြိုင်နဲ့ မဟာမြိုင်**"တို့ ဖြစ်တယ်။ အခု မဟာမြိုင်တောကြီး ကတော့ အကြီးဆုံးပေါ့ကွယ်။

တောကြီး (၄)တောကတော့ **လောဘတော၊ မောဟတော၊ ဒေါသတော၊ အဝိဇ္ဇာတော**ကြီးတွေ ပေါ့ကွယ်'

'မဟာမြိုင်တော သမိုင်းလေး သိရင်လဲ မိန့်ပါဦး ဘုရား'

'မဟာမြိုင်တောလယ်ဝ၊ ပေါ်ကြွယ်ဝရှုပ်ပွေ
ပေါ်ကြွယ်ဝ ဒုက္ခငယ်၊ အပတ်လေခံစား...
ကာမဂုဏ်က သဘောမှောင်တာ၊ တော
ကောင်ပမာ တဏှာကြိုက်တဲ့ မြိုင်ရင်ခွင်ကို
ချိုင်ဖြတ်ထွင် ခုတ်ရှင်းကြလေး'

ဆိုတဲ့ တေးထပ်နဲ့...

'ရေထွက်တော့ မြိုင်ပေါ်တယ်
မြိုင်ပေါ်တော့ တောရှင်းတယ်
တောရှင်းတော့ သဲပေါ်တယ်
သဲပေါ်တော့ ကြာမယ်'

ဆိုတဲ့ အတိတ်တဘောင် ရှိတယ် ကွယ့်'

'ပြည့်စုံအောင် ရှင်းပြပါဦး ဘုရား'

'"**ရေထွက်တော့ မြိုင်ပေါ်တယ်**" ဆိုတာက ချက်မရေမှာ ဘုန်းကြီး စပြီး တရားအားထုတ်တယ်။(ဦးဇဋိလ)

"**မြိုင်ပေါ်တော့ တောရှင်းတယ်**" ဆိုတာက ဦးပဥ္စင်း ချက်မရေ ဆရာတော်(၇)နှစ်ကြာ တရားအားထုတ် ပြီးတော့ ဗောဓိမြိုင်ဆရာတော် တရားအားထုတ်လာတယ်။

"**တောရှင်းတော့ သဲပေါ်တယ်**" ဆိုတာ ဗောဓိမြိုင်ဆရာတော်ပြီးရင် **သဲဖြူဆရာတော်** တရားအားထုတ် လာတယ်။ သဲချောင်းတွေလဲ ပေါ်လာ တယ်။ ဒီသဲတွေနဲ့ သဲဖြူဆရာတော်က ဘုရားတည်တယ်။

"**သဲပေါ်တော့ ကြာမယ်**" ဆို တာက သဲဖြူဆရာတော် အရှင်ပညာ ဇောတ တည်ထားတော်မူတဲ့ တစ်ရာ့ ရှစ်တောင် အမြင့်ဆောင်တဲ့ သာသနာ့ ထွဋ်ခေါင် လေးကျွန်းရန်အောင် စေတီ တော်မြတ်ကြီးဟာ နှစ်ပေါင်းများစွာ ကြာရှည် နိုင်ခံ့မယ်၊ သာသနာရှည်ကြာ မယ်လို့ အဓိပ္ပာယ် ရပါတယ်။

ဒီမဟာမြိုင်ချက်မမြေဟာ စည်ပယာ ညီညွတ်တယ်။ ပန်းတွေက လက်ယာရစ်၊ ရစ်ပတ်ပွင့်ကြတယ်။ အနုငါးရာရင့်မှာ တစ်ကိုယ်ကျင့်သုံးရာ နေရာဖြစ်တယ်'

ဟုလည်း မဟာမြိုင်ချက်မရေ ဆရာတော် ဦးဇဋိလက မိန့်ကြားပါ သည်။

ဆရာတော်မှာ ယနေ့တိုင် သဲဖြူ ဆရာတော်နှင့်အတူ မဟာမြိုင်တောရ တွင် တရားအားထုတ်နေသော ဆရာ တော်တစ်ပါးဖြစ်သည်။

ယနေ့တိုင် ထမင်းခြောက်နှင့် ပိန်းဥ ကို ဘုဉ်းပေးနေဆဲဖြစ်သည်။ ပိန်းဥ ပန်းကန်ကို စာရေးသူရှေ့မှောက် ချ ကျွေးရာ ပိန်းဥတစ်လုံး မြည်းစားခဲ့ပါ သည်။ အနည်းငယ် ယားပါသည်။

ထမင်းခြောက်များကို မူကား ကျောင်းရှေ့တွင် ဖျာကြီးတစ်ချပ်ပေါ် နေလှန်းထားသည်ကို တွေ့ခဲ့ရပါသည်။

ထို ချက်မဆရာတော် သီတင်းသုံး ရာ ကျောင်းဆောင်အနီး၌ကမ္ဘာလုံး

www.burmeseclassic.com

စေတီတော်တစ်ဆူနှင့် ရှေးဟောင်းစေတီတစ်ဆူတို့ကိုလည်း ဖူးမြော်ကြည်ညိုခဲ့ရပါသည်။ ထိုစေတီတော်အနီးတွင် "အောင်မြေ"ကိုလည်း တွေ့ခဲ့ရသည်။ ထိုအောင်မြေပေါ်တွင် ထိုင်၍ ဆုတောင်းပါက လိုရာပြည့်သည်ဟု ယုံကြည်ကြပါသည်။

နောက်နေ့တွင်ကား စေတီတော်ကြီး တည်ထားရာ အရှေ့ဘက်ရှိ သဲဖြူဆရာတော် တရားထိုင် သီတင်းသုံးရာ **သဘာဝနွယ်ခွေစံကျောင်း၊** ဦးသိန်းထွန်းအောင် တရားထိုင် အာရုံပြုရာ **နွယ်ကွင်းထိုးနှင့်** ရုပ်ရှင်သရုပ်ဆောင် လွင်မိုး လှူဒါန်းဆောက်လုပ်ထားသော **ဓမ္မာရုံကျောင်းကလေး**တို့ကို သွားရောက် လေ့လာကြပါသည်။ အပြန်တွင် တောင်ပိုင်ဘိုးဘိုးကြီး နန်းဆောင်သို့ ဝင်ရောက်လေ့လာကြပါသည်။

**၁၃၇၅ ခုနှစ်၊ နတ်တော်လဆုတ် (၄)ရက် စနေနေ့**တွင် ရှင်(၁၀၈)ပါး ရှင်ပြုပွဲကို ဆင်နွှဲပါသည်။

နံနက်စောစောပိုင်းတွင် မဟာမြိုင်တောရ ဒီပါအေးကုန်းတော်ပေါ်တွင်



မဟာမြိုင်တောရ ရှင်(၁၀၈)ပါး ရှင်ပြုပွဲတွင် တမူထူး ဦးပုန်မင်းရှိန်+ ဒေါ်သန်းသန်းအေး မိသားစုက ပင့်သံဃာ တော်(၅၀)ကျော်အား ဤသို့ ဆက်ကပ် လှူဒါန်းမှုတော်ကြသည်

တည်ထားတော်မူသည့် လေးကျွန်းရန်အောင် စေတီတော်မြတ်ကြီးတွင် ဌာပနာ တည်ထားတော်မူမည့် **"ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ"** ကျောက်ဆင်းတု ရုပ်ပွားတော်ကြီး(၄)ဆူကို သဲဖြူဆရာတော် ဦးဆောင်သော ပင့်သံဃာအပါး (၅၀) ကျော်တို့က ဘုရားအနေကဇာတင်တော်မူကြပါသည်။

ထို့နောက် ရှင်လောင်း(၁၀၈)ပါးက

လေးကျွန်းရန်အောင် စေတီတော်ကြီးကို သုံးပတ်ပတ်၍ကြည်ညိုကြပါသည်။

မဟာမြိုင်တောရကား ဗိဿနိုးမယ်တော်(ပန်ထွာဘုရင်မ) နေထိုင်စံမြန်းရာဒေသ ဖြစ်ပါသည်။ မဟာမြိုင်တောရတွင် ဗိဿနိုးမယ်တော်၏ နန်းဆောင်နေရာ၊ နွယ်ကွင်းထိုး၊ ဗိဿနိုးမယ်တော်ပုံ၊ ကျောက်ဆစ် ကျောက်ဆင်းတု မယ်တော်ပုံတို့လည်း အတိတ်အရိပ်ပြ ပေါ်ပေါက်လျက် ရှိနေပါသည်။ သာသနာတစ်ဝက်တွင် ကျွတ်တမ်းဝင်ကြမည်ဟု သိရသည်။

မဟာမြိုင်တောရရှိ လေးကျွန်းရန်အောင်စေတီတော်ကြီး တည်ထားပြီးပါက ထို မဟာမြိုင်တောရချက်မသည် နောင်အခါ **"သဗ္ဗာပန်းတောင်းမြို့"**ဟု ဖြစ်ပေါ်လာပြီး မင်းကောင်းမင်းမြတ်များ ပေါ်လာကာ မြန်မာနိုင်ငံတော်ကြီး တိုးတက် သာယာဝပြောလာမည်ဟု သိရှိမှတ်သားခဲ့ရပါသတည်း။

**ကလေး ဝင်းသူ**

**ဗိဿနိုးမယ်တော်၏**
**နောက်ဆက်တွဲသတင်း**

၂၀၁၄ ခုနှစ်၊ မတ်လကုန်က ကလေးမြို့၊ သပြေညိုဆေးခန်းပိုင်ရှင် ဒေါက်တာ ဒေါ်ယဉ်ယဉ်ဦးက စာတစ်စောင်နှင့် ဗိဿနိုးမယ်တော် ကျောက်ဆင်းတုပုံနှင့် ကျောက်ဆင်းတု ရသော မဟာဂန္ဓာရီခရီးသည် ဦးသုတတို့၏ ပုံများကို စာရေးသူထံသာ လာရောက်ပေးအပ်ပါသည်။

ထိုပုံနှင့်စာတွင် ဦးသုတက ဗိဿနိုးမယ်တော် စေလွှတ်သဖြင့် ဗိဿနိုးမယ်တော်၏ အဆက်အနွယ်များကို ဖော်ထုတ်နေရာ ဗိဿနိုးမယ်တော်၏ မောင်နှမ(၇)ဦးအနက် (၆)ဦးကို ဖော်ထုတ် ရရှိနေပြီဖြစ်ကြောင်း...

ဗိဿနိုးမယ်တော်၏ အသားအရောင်မှာ ဥသျှစ်သီးနှစ်ရောင်ရှိကြောင်း၊ ဗိဿနိုးမယ်တော်လာလျှင် ပန်းရနံ့ သင်းနေကြောင်း၊ ဗိဿနိုးမယ်တော် နှစ်သက်သော အဝတ်အစားအရောင်မှာ ပန်းနုရောင်ဖြစ်ကြောင်း၊ အရပ်မှာ (၇)ပေခန့်ရှိကြောင်း၊ တောင်တွင်းကြီးမြို့ဟောင်းတွင် ပုံစံတူရှိကြောင်း သိရပါသည်။

ထို့ပြင် ဗိဿနိုးမယ်တော်မှာ မောင်ခတောင်၊ သံတော်ဖြူတောင်၊ ဝေဘုံတောင်တို့၏ အလယ်ဗဟိုမှာ ပလ္လင်နှင့်နေကြောင်း၊ ပေါင်းချောင်းမှာ မှန်ဦးဖြစ်၍ ချင်းဟွင်းတံတား တည်ဆောက်မည့် ကလေးဝ-ကိုင်း ဇက်ကူးတို့ဆိပ်မှာ ဗိဿနိုးမယ်တော် ဗိဿနိုးမြို့ဟောင်းမှ ပြေးဝင်လာသော အဝင်လမ်းဖြစ်ကြောင်း သိရပါသည်။

ယခု လေးကျွန်းရန်အောင်စေတီတော်ကြီး တည်ထားသော နေရာမှာ ဗိဿနိုးမယ်တော်ကို ကယ်တင်ခဲ့သည့် **ယက္ခမယ်တော်ကြီး** စံမြန်းရာ နေရာဖြစ်ပြီး စေတီတော်ကြီး ထီးတော်တင်ပြီးပါက ဗိဿနိုးမယ်တော်(ပန်ထွာဘုရင်မ)နှင့် အပေါင်းပါတို့ ကျွတ်ကြမည်ဖြစ်ပြီး မဟာမြိုင်ချက်မသည်လည်း မြို့ဖြစ်လာမည်ဖြစ်ကြောင်း ထပ်မံ သိရှိရပါသည်။

(စာရေးသူ)




www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရှင် သမိုင်းဝင်စေတီများ


၏ အောင်မြေနှင့် ရှိခိုးပူဇော်ဂါထာတော်များ (၂၃)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)



▲ မြစေတီတော်အား အာရုံခံတိုက်ကြီးနှင့်အတူ ဖူးမြင်ရပုံ

▼ အမေတော်ကြီး မင်းလှထွဋ်၏ ကောင်းမှု "မြစေတီ"မှ အောင်မြေ



## ညီအစ်မကောင်းမှုစေတီတော်

(၂)ဆူ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃–ကြိမ်ရွတ်ပါ။]*

ကာရိတေ ဒွိဟိ ဒေဝီဟိ၊
စေတီယေ ရာမဏီယကေ။
သမ္ဗုဒ္ဓေ ပယသန္နောဟုတွာ၊
ဝန္ဒာမိ သိရ သာဒရံ။

မြန်မာပြန်

**ရာမဏီယကေ–** စိတ်ခတ် ကြည်ပျော် မွေ့လျော်ကြည်နူးဖွယ် ကောင်းမွန်သော၊

**ဒွိဟိ ဒေဝီဟိ–** ဘုရင် နရပတိ၏ သမီးတော်နှင့် ညီမတော် ပခန်းမိဖုရား ဟူသော မိဖုရားနှစ်ပါးတို့သည်၊

**ကာရိတေ–** ပြုလုပ်စေအပ် တည်ထား ကိုးကွယ်အပ်သော၊

**စေတီယေ–** ညီအစ်မ ကောင်းမှု စေတီတော်တို့ကို၊

**အဟံ–** "......" ဟု နာမသမုတ် အကျွန်ုပ်သည်၊

**[မှတ်ချက်။ ။"......"နေရာတွင် ရွတ်ဆိုကန်တော့သူ၏အမည် ထည့်ပါ။]**

**သိရသာ–** ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊

**အာဒရံ–**လေးမြတ်ကြည်ညို ရိုသေလှစွာ၊

**ဝန္ဒာမိ–** ရှိခိုးဦးချ ကန်တော့ပါ၏။

ဘုရားတည်နှစ်

သက္ကရာဇ် ၈၀၈ ခုနှစ်။

ဘုရားဒါယကာ

အင်းဝဘုရင် နရပတိ၏ သမီးတော် စစ်ကိုင်းမိဖုရား မင်းလှထွဋ်နှင့် ညီမတော် ပခန်းမိဖုရား မင်းများထွဋ်။

တည်နေရာ

ထားဝယ်ဈေးရပ်ကွက်၊ ငါးထပ်ကြီး ဘုရားအနီး။


ပွဲတော်ရက်

နတ်တော်လပြည့်နေ့။



www.burmeseclassic.com

www.burmeseclassic.com



▲ အမေတော်ကြီးကောင်းမှု "မြစေတီ"မှ ပြိုကျလုဆဲဆဲ အာရုံခံတိုက်




▲ ပြိုကျလုဆဲဆဲ အာရုံခံတိုက်အတွင်းမှ ကြည်ညိုဖွယ်ရာ ရုပ်ပွားတော်ကြီး



▲ အမေတော်ကြီး မင်းလှထွဋ်၏ မြစေတီအတွင်းမှ သိုက်အုန်း

▼ မြစေတီမှ နတ်ကဲညောင်ပင်ကြီးနှင့် အဓိဋ္ဌာန်နေရာ




▼ မြစေတီတော်မှ ရှေးဟောင်းကျောက်သပိတ်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com





▲ မြစေတီရင်ပြင်တော်မှ ရှင်သီဝလိအဆောင်တော်

▼ "မြစေတီ"မှ မြဘုရား စံပါယ်တော်မူသော အပူဇော်ခံတိုက်


▲ မြစေတီတော်မှ အောင်တံခွန်တိုင်



▼ မြစေတီတော်မှ
နဂါးမယ်တော်



▼ မြစေတီတော်မှ သိုက်နန်းရှင်စောဦးများနှင့် စောနန်းတွေ့ပုံ



www.burmeseclassic.com

www.burmeseclassic.com







◆ အင်းဝဘုရင်နရပတိမင်းကြီးနှင့် သမီးတော်များ။

◆ မြစေတီမှ အစောင့်အရှောက် ယက္ခညီနောင်

◆ ပွတ်စေတီတော်မှ အလွန်ရှည်လျားကြီးမားသော မုခ်ဦးပေါက်

အောင်မြေ-၁

အစ်မတော်ကြီး၏ ကောင်းမှုစေတီ ရင်ပြင် အဂ်ါထောင့်။

အောင်မြေ-၂

ညီမတော်၏ ကောင်းမှုစေတီ ရင်ပြင်တော် တနင်္ဂနွေထောင့်။

အစောင့်အရှောက်-၁

အမတော်ကြီး၏ စေတီတွင် နဂါးမယ်တော်။

အစောင့်အရှောက်-၂

ညီမတော်၏ စေတီတွင် နဂါးမယ်တော်။

ထူးခြားချက်

ဆရာတော် အရှင်ကေလာသ(မဟာစရိယ၊ ဂဏဝါစက)ရေးသားအပ်သော **"စစ်ကိုင်း သာသနာဝင်ကျမ်းကြီး"** တွင် အောက်ပါအတိုင်း ရေးသားထားပါသည်။

အာရုံ(၆)ပါး၊ မဂ္ဂင်(၈)ပါး၊ သစ္စာ(၄)ပါးဟုဆိုအပ်သော သက္ကရာဇ် ၆၈၄ ခုနှစ်တွင် မင်းပြုခဲ့သော အသင်္ခယာစောယွန်းမင်းတည် စစ်ကိုင်းမြို့တော်၏ အနောက်တောင် ယွန်းယွန်း နရပတိအရပ်တွင် အင်းဝဘုရင် နရပတိ၏ သမီးတော် စစ်ကိုင်းမိဖုရားနှင့် သမီးတော် ပခန်းမိဖုရား ညီအစ်မနှစ်ပါးတို့က ထူပါရာမ စေတီတော်(၂)ဆူကို အရှေ့ အနောက် ပြိုင်၍ တည်ထား ကိုးကွယ်ခဲ့လေသည်။


ယခုအခါ ညီအစ်မဘုရားဟု ခေါ်ဆိုကြလေသည်ဟု ရေးသားထားလေ၏။


စာရေးဆရာကြီး သမြူးမြသောင်း၏ သမိုင်းပေါင်းချုပ်တွင်လည်း အောက်ပါအတိုင်း ဖော်ပြထားပါ၏။

"အစ်မဖြစ်သူ စစ်ကိုင်းမိဖုရား မင်းလှထွဋ်"က အရှေ့ဘက်အရပ်တွင် နေရာယူ၍ စေတီတည်လေသည်။ ဘွဲ့တော်ကို **"မြစေတီ"**ဟု သမုတ်ခဲ့သည်။

ညီမဖြစ်သူ မင်းမှ… အနောက်ဘက်အရပ်တွင် နေရာ… စေတီတည်လေသည်။ ဘွဲ့တော်… **"ပွတ်စေတီ"**ဟု သမုတ်လေသည်…

www.burmeseclassic.com





◆ ညီမတော် ပခန်းမိဖုရား မင်းများထွင့်၏ ကုသိုလ်တော် "မှတ်စေတီ"အား အနီးကပ်မှုမြင်ရပုံ

◆ ညီမတော်ကောင်းမှု မှတ်စေတီတော်အား မှုမြင်ရပုံ

ဘုရင့်သမီးတော် ညီအမနှစ်ယောက် ပြိုင်တူ တည်ထားကိုးကွယ်သော ဘုရားများဖြစ်သောကြောင့် **"ညီအမဘုရား"**ဟုပင် ခေါ်တွင်နေကြလေသည်။

အစ်မတော် မင်းလှထွင့်၏ မြောက်သားတော်ကား ဦးရီးတော် မင်းရဲကျော်ခေါ်သား စစ်ကိုင်းနှင့် ဆယ်မြို့စားဖြစ်သော **"မင်းကြီးဖြူ"** ဖြစ်လေသည်။

ညီမတော် မင်းများထွင့်၏ ကြင်ယာမြောက်သားတော်ကား ဦးရီးတော် မိုးညှင်းသီဟပတေ့၏သား ပခန်းမြို့နှင့် တကွ ဗန်းချီဆယ်တိုက် ရဲလှေဆယ်စင်းကို စားရသော သီဟပတေ့ငယ် ဖြစ်သည်။

ထို့ကြောင့် သူတို့ကို စစ်ကိုင်းမိဖုရား၊ ပခန်းမိဖုရားဟု ခေါ်ကြလေသည်ဟု ဖော်ပြထားလေသည်။

အင်းဝရွှေနန်းရှင် နရပတိမင်းကြီးနှင့် အတုလမဟာ ရာဇဒေဝီမိဖုရားကြီးတို့၏ သမီးတော် စစ်ကိုင်းမိဖုရား မင်းလှထွင့်၏ ကောင်းမှု မြစေတီတော်၏ ပုံဟန်မှာ...

ဗိနပ်တော်တွင် အရပ်ရှစ်မျက်နှာ၌ ဂြိုဟ်ပြေနာမ်ပြေ ရုပ်ပွားတော်များဖြင့် ကြည်ညိုဖွယ် တန်ဆာဆင်ထားလေသည်။

ပစ္စယံ(၃)ဆင့်တွင် အဆင့်တိုင်း နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များနှင့် အရံစေတီများကို အချိုးကျ နံကပ်ဖော်ကြွမျာဖြင့် တည်ထားလေ၏။

ပစ္စယံ(၃)ဆင့်၏ အထက်တွင် ခေါင်းလောင်းမှောက်ကို ရိုးရှင်းစွာ ပြောင်ချောပုံဟန်ဖြင့် တည်ထားလေ

www.burmeseclassic.com



ပွတ်ခေတီတော်၏ အောင်မြေနေရာ



ပွတ်ခေတီတော်၏ အစောင့်အရှောက် နဂါးမယ်တော်ပုံ




ပွတ်ခေတီတော်မှ သိုက်နန်းရှင် ညီအစ်မ

ပွတ်ခေတီတော်ကြီး၏ ပိနန်းတော်အခြေတွင် သိုက်စောင့်မြွေကြီးများ၏ ပူဇနေရာ



ပွတ်ခေတီတော်မှ ထူးခြားသော သစ်တံခါးပင်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



ပွတ်စေတီတော်တွင် အပူဇော်ခံ ရုပ်ပွားတော်မြတ်

ခေါင်းလောင်းမှောက်၏ အထက် သေးသွယ်သော ဖောင်းရစ်များ ရွှေထီးတော်ကြီးကို အထွတ်တင် လေသည်။

သမီးတော်ကြီး၏ မြစေတီတော် အစောင့်အရှောက်ဖြစ်သော ညီနောင်၏ နတ်ကွန်းတွင်လည်း ။ သိုက်နန်းရှင် စောဥမ္မာနှင့် နန်းထွေးတို့၏ အဆောင်တော် တွင်လည်းကောင်း အပ်စပ်ရာကိစ္စ ကို ဆောင်ရွက်နိုင်ကြလေ၏။

မယ်တော်၏ နန်းဆောင်၌ ဘဝရေစက်ရှိကြသော ဒကာ အတွက် အဓိဋ္ဌာန်နေရာတစ်ခု လေ၏။

တီတော်ကြီး၏ မြောက်ဘက် အနီးရှိ သက်တမ်းရင့် နတ်ရဲ ပင်ကြီးမှာ ဂြိုဟ်ပြေနာမ်ပြေ တော်များဖြင့် ကုသိုလ်ပြုရာ လေ၏။

**အမကြီး အဓိအရာစာတ်''**နှင့် သော နေရာထူး ဖြစ်လေသည်။

## ညီမတော် ပခန်းမိဖုရား

## မင်းများထွင့်၏ ပွတ်စေတီတော်

စေတီတော်၏ ပုံဟန်မှာ အမတော်ကြီး၏ မြစေတီပုံဟန်ကဲ့သို့ပင်ဖြစ်ပြီး ဉာဏ်တော် အနည်းငယ် နိမ့်ထားလေသည်။

ပစ္စယံ(၃)ဆင့်စလုံး (၂၈)ဆူရုပ်ပွားတော်များ၊ ဖောင်းကြွအရံ စေတီငယ်များဖြင့် တန်ဆာဆင်ထားလေသည်။

ခေါင်းလောင်းမှောက်၏ ခါးစည်း အထက်အောက်တွင် လှပသေသပ်၍ အနုပညာမြောက် ကနုတ်ပန်းများဖြင့် ပူဇော်ထားလေ၏။

ခေါင်းလောင်းမှောက်၏ အထက် ပတ်လည်တွင် နတ်မင်းကြီး ရှစ်ယောက် စောင့်ရှောက်နေဟန် ရုပ်လုံးများဖြင့် စီမံထားလေသည်။

ဤပွတ်စေတီတော်ကြီး၌ အလွန် ခမ်းနားလှသော မုခ်ဦးကြီးများ အရပ်လေးမျက်နှာတွင် ပြုလုပ်ထားရှိလေရာ ယနေ့တိုင်အောင် အကြွင်းအကျန် အုတ်ရိုးကြီးများကို တွေ့ရှိနိုင်ကြလေသည်။

ပွတ်စေတီတော်ကြီး၏ ဖိနပ်တော် အနောက်ဘက်မျက်နှာစာတွင် အလွန်ကြီးမားသော စပါးကြီးမြွေကြီးများ နေထိုင်လျက် ရှိလေသည်။

ထိုမြွေကြီးများမှာ စေတီတော်ကြီး၏ မြေပြင်ညီဖိနပ်တော်၏ အောက် လိုဏ်အတွင်း နေထိုင်ကြသော လိုဏ်ပေါက်ကို ဂေါပကအဖွဲ့မှ ပြုလုပ်ထားရှိပေလေရာ ယင်းမြွေကြီးများကို လပြည့်လကွယ်ညများတွင် တွေ့မြင်နိုင်ကြောင်း သိရပါသည်။

ညီအမကောင်းမှု စေတီတော်နှစ်ဆူသည် **ယက္ခစည်း,ဘီလူးစည်းဖြစ်ခြင်း၊ နဂါးစည်းဖြစ်ခြင်းကြောင့်** ဂန္ဓာရီပုဂ္ဂိုလ်များ၊ ဘုရားဖူးများအတွက် သွားရောက် ဖူးမြော်ကြည်ညိုနိုင်ရန် အဓိဋ္ဌာန်နေရာထူးပင် ဖြစ်လေသည်။

***ကြီးပွားချမ်းသာ လွန်ကျန်းမာ၍ လိုရာဆုနှင့် ပြည့်ဝကြပါစေ။***

**အောင်ရွှေမြတ်**

***(စစ်ကိုင်းတောင်)***

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသမီးများ သွေးသားမွန်တန့်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်

# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၈၈)

"ဣတ္ထိယ မိန်းမတို့၏ ဥစ္စာစနကား အဆင်းတည်း"ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ်(၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လတစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။


အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန်ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်းတစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ-၄၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက်ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၁/၀၅၁၃

အသားအရေ ညစ်ထေးမွဲခြောက်ပြ... နှမ်းခြင်း၊ ကိုယ်ခန္ဓာနုံပြင်းခြင်း ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား ရေနွေးနဲ့သောက်ရင် အသားအရေ စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရန့်ပြင်းခြင်း... ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သား... သမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရက်မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်နေ့ (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သောက်... ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြာ... တွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆက်... ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်ပြီး... (၃)ရက်ဆက်သောက်လျှင် သားသမီး... ပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတယ်။ မီးမကင်ဆေးအဖြစ် မီးတွင်းကာလတွင်... (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)ခွ... ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အခိုးပုပ်များ က... စင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီး... သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း... လိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်၊ အအေးဒဏ် မခံနိုင်ခြ... သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲ... သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆ... ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေး... ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်... ပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာ...

**ဆရာမ ဒေါ်တင်တင်အောင်**
**ဟိတ်ထက်အောင် ဆေးတိုက်**
အမှတ် (ဆ/၂၆၁)၊ ကရဝိက် (၁)လမ်း၊ ဆရပ်ကွက်...၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်...

မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)



www.burmeseclassic.com

www.burmeseclassic.com

ဇောဝိတထောင်သာသနာမြေနှင့် ဇောဝိတထောင် ဆရာတော်ကြီး

# ဦးနာဂရှေ့ဒ ၏ ဘဝပုံရိပ်များ (၇)

စံလွှမ်းသာ

ယခင်လမှ အဆက်

ညာတင်ကုတ်ပုံတော်ကို ငှက်ပျောခြံရှာနေ ကိုညာဏ်တင်က လာရောက်လှူဒါန်းခြင်း ဖြစ်သည်။ ကိုညာဏ်တင် ကိုရင်ဘဝ (၁၅)နှစ်သားအရွယ်တွင် ဦးနာရဒ ရဟန်း(၇)ဝါအရည် ပေါ်တော်မူဘုရား တူးဖော်ခဲ့ရာ] မြရိပ်တောတွင်း စေတီဟောင်း ဌာပနာတိုက်တွင်းမှ မွေးလက်နေသည့် ညာတင်ကုတ်ပုံတော်ကို ရရှိခဲ့သည်။


အရွယ်ရောက်၍ လောကီ၌ အိမ်ရာထူထောင်နေစဉ် ဝေဒနာရှင်တို့အား ညာတင်ကုတ်ရုပ်တုစိမ်ရေဖြင့် တိုက်ကျွေးကုသပေးခဲ့သည်။

တစ်နေ့တွင် အိပ်မက်ထဲ၌ "**ငါ့ကို ဇောဝိတထောင်ပို့**"ဟု ပြောသဖြင့် လာရောက်လှူဒါန်းကြောင်း လျှောက်တင်သည်။

ဆရာတော်က အလွန် တန်ဖိုးရှိလှသော ညာတင်ကုတ်ပုံတော် ထက်ဝက်ကိုသာယူ၍ ထိုက်သင့်သော ငွေကြေးများ စွန့်လှူသည်။ နောင်နှစ်အတန်ကြာသော် ကိုညာဏ်တင်သည် ကျန်သော ညာတင်ကုတ်ထက်ဝက်ကို သရာတော်ထံ လာရောက် ရောင်းချခဲ့သည်ဟု ဆိုသည်။

**(၁၁)ဆင့် ဓာတ်လုံးကိုကား ဤသို့ ဖော်ပြသည်။**

'အဆင့်ဆိုတာ အဲဒီဓာတ်ကို ကျွေးတဲ့ ဓာတ်သားအပေါ်မှာ မူတည်တယ်။




ညာတင်ကုတ်ဓာတ်လုံး

များသောအားဖြင့် သူ့ဓာတ်နဲ့သူ ဖမ်းလို့ရတဲ့ ဓာတ်သားကို ပြန်ကျွေးတာများတယ်။


ကျွေးလိုက်တော့ အလေးချိန် တိုးလာတယ်။ ဓာတ်က တဖြည်းဖြည်း စားသွားလိုက်တာ နောက်ဆုံးမှာ အခဲအနှစ် ဖြစ်သွားတယ်။ မူလ အလေးချိန် ပြန်ရောက်သွားတယ်။ သူ့အလေးချိန် ပုံမှန်ပြန်ဖြစ်သွားရင် တစ်ဆင့်တက်သွားပြီ။

www.burmeseclassic.com



(၁၁)ဆင့်ခါတ်လုံး

သာမန်သုံးပေါက်အုန်း(အထက်) ရှားပါးသော လေးပေါက်အုန်း(ဝဲ)နှင့် နှစ်ပေါက်အုန်း(ယာ)



နောက် သူ့အကြိုက် ခါတ် တစ်မျိုး ပြောင်းပြီး ထပ်ကျွေး ရပြန်တယ်။ အဲဒီလို ကျွေး လိုက်၊ စားလိုက်၊ တိုးလိုက်၊ သူ့ပုံမှန် ပြန်ဖြစ်လိုက်နဲ့ တစ်ဆင့်ပြီး တစ်ဆင့် တက် သွားရင်း (၁၁)ဆင့် ရောက် သွားတဲ့ ခါတ်လုံးမျိုးပဲ'

ဆရာတော် ဦးနာရဒနှင့် တွဲဖက် သီတင်းသုံးဖော် ဦးအဂ္ဂဝံသ(ပြင်ဦးလွင် ကံ့ကော် တထောင်ဆရာတော်)က ရှင်း ပြကြောင်း ဖော်ပြထားသည်။

ဆရာတော်သည် တပည့် ဒါယကာများ၏ ကျန်းမာရေး အတွက် (၁၁)ဆင့် ခါတ်လုံးကို ရေစွေ့နှံ ပူ ထည့်ထားသော


www.burmeseclassic.com

www.burmeseclassic.com

ကြွေကရားတွင်စိမ်၍ တိုက်ကျွေးလေ့ရှိသည်ဆို၏။

**ညာတင်ကုတ်ဓာတ်လုံး** အသုံးပြုပုံကို ဤသို့ တွေ့ရသည်။

စမ်းချောင်း နေနတ်သား စာသင်တိုက်ဆရာတော်နှင့် ပုဇွန်တောင်၊ ဟသ်ာတသုံးထပ်ကျောင်း ဆရာတော်တို့ ဆေးရုံတက်နေရစဉ် ဗောဓိတထောင်ဆရာတော်လည်း ဆေးရုံသို့ ရောက်လာသဖြင့် မုံရွာ သထုံဝံသ ဆရာတော်က **"ဆရာတော် ဦးနာရဒ၏ ပညာအားဖြင့် ဆရာတော်နှစ်ပါး၏ ကျန်းမာရေး အခြေအနေကို စစ်ဆေးပေးပါရန်"** လျှောက်ထား၏။

ဗောဓိတထောင်ဆရာတော် အိတ်တွင်းမှ (ညာတင်ကုတ်) ရွှေဓာတ်လုံးလေးကို ထုတ်၍ နေနတ်သားဆရာတော်၏ ဝမ်းဗိုက်ပေါ်တင်ရာ ငြိမ်နေ၏။

ဟသ်ာတ သုံးထပ်ကျောင်းဆရာတော်၏ ဝမ်းဗိုက်ပေါ်၌မူ ဓာတ်လုံးက ခုန်ဆွခုန်ဆွ ဖြစ်နေ၏။ ထို့ကြောင့် သထုံဝံသဆရာတော်အား ဤသို့ တီးတိုးလျှောက်ထား၏။

'နေနတ်သား ဆရာတော်ရဲ့ အခြေအနေ သိပ်အားမရဘူး။ ဟသ်ာတသုံးထပ်ကျောင်း ဆရာတော်ကတော့ တူနဲ့ ထုသတ်တောင် မသေနိုင်ဘူး'

ဟူ၍ ဖြစ်သည်။ သထုံဝံသဆရာတော်က...


'ကိုနာရဒ ကြည့်လုပ်ဗျနော်၊ နေနတ်သား ဆရာတော်က အရှင်ဘုရား တွေ့ရတဲ့ အတိုင်းပဲ ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင်၊ ဟသ်ာတ သုံးထပ်ကျောင်းဆရာတော်က လက်မှာရော နှာခေါင်းမှာပါ ပိုက်တန်းလန်းနဲ့'

ဟု ပြော၏။ ဗောဓိတထောင်ဆရာတော်က...

'အရှင်ဘုရား တပည့်တော်ပြောတာ တပည့်တော် တာဝန်ယူပါတယ်'

ရဲဝံ့စွာ ပြန်ပြောလေသည်။ နောက်တစ်နေ့ညတွင် နေနတ်သားဆရာတော် ပျံတော်မူ၍ ဟသ်ာတလေးထပ်ကျောင်းဆရာတော်မှာ ပြန်လည်ကျန်းမာကာ ဆေးရုံမှ ဆင်းရလေသည်။

ဆရာတော်ဦးနာရဒ အင်းစမပညာ၊ အဂ္ဂိရတ်ပညာ စတင် သင်ယူခဲ့ရာ နေရာ၊ အချိန်ကာလနှင့် ပညာပေးသော ဆရာတို့ကို ဖော်ပြထားခြင်း



ရှားပါးဘုန်းပုတီးများ


မရှိပါ။

## နိုင်ငံခြား သာသနာပြုခရီး

ဆရာတော် ဦးနာရဒသည် (၁၀-၅-၁၉၈၈)နေ့မှ (၁၇-၅-၂၀၀၄)နေ့အထိ နိုင်ငံပေါင်း (၁၃)နိုင်ငံသို့ သာသနာပြုခရီး (၄၈)ကြိမ်မျှ ကြွရောက်တော်မူခဲ့သည်။

ထိုင်း၊ အိန္ဒိယ၊ နီပေါ ဗုဒ္ဓဂယာခရီးကို ၁၉၈၈၊ ၁၉၉၁၊ ၁၉၉၃၊ ၁၉၉၈ ခုနှစ်များ၌ ကြွရောက်ခဲ့သည်

www.burmeseclassic.com



ဗောဓိတထောင်ဆရာတော် ဦးနာရဒ (၁၂၉၂-၁၃၆၈)

ဗောဓိတထောင် ဆရာတော်နှင့် အတူ ဆားလင်းကြီးမြို့နယ် ညောင်ပင်အိုင်ဆရာတော် ဦးနန္ဒောဘာသလည်း အတူကြွရောက်ခဲ့သည်ဟု သိရသည်။

၁၉၉၄ ခုနှစ်တွင် အမေရိကန်နှင့် အင်္ဂလန်၊ ၁၉၉၆ ခုနှစ်တွင် တောင်ကိုးရီးယား၊ ၁၉၉၈ ခုနှစ်တွင် အမေရိကန်သို့ ဒုတိယအကြိမ်၊ ၁၉၉၉ ခုနှစ်တွင် နယူးဇီလန်နိုင်ငံ၊ ၂၀၀၁ ခုနှစ်တွင် အမေရိကန်သို့ တတိယအကြိမ်နှင့် ဂျပန်နိုင်ငံ၊ ၂၀၀၃ ခုနှစ်တွင် အမေရိကန်သို့ စတုတ္ထနှင့် နောက်ဆုံးအကြိမ်၊ ၂၀၀၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ကြွရောက်ခဲ့ကြောင်း မှတ်တမ်းများစွာ တွေ့ရလေသည်။

## နောက်ဆုံးကာလများ

ဆရာတော် ပျံလွန်တော်မူခါနီး နှစ်,နှစ်ခန့်အလိုတွင် ငယ်တပည့်ဦးဘချစ်အား **"ဘချစ်ရေ ငါ လက်မှတ်ဖြတ်ပြီးပြီ"**ဟု အဆက်အစပ်မရှိ မိန့်ကြားတော်မူခဲ့သည်။

၂၀၀၃ ခုနှစ်တွင် အမေရိကန်သို့ စတုတ္ထအကြိမ် ကြွရောက်ရာ၌ ဒေါ်ငယ် အမည်ရှိ ဒါယိကာမကြီးအား **"ငါ့လက်ထက်မှာ (ရပ်တော်မူ)ဘုရားကြီးကို အပြီးသတ်နိုင်မှာမဟုတ်ဘူး"**ဟု မိန့်ကြားခဲ့သည်။

ရပ်တော်မူဘုရားကြီး၏ နဖူးသင်းကျစ်တော်နှင့် ဥဏ္ဏာလုံတော် ပြုလုပ်ပေးရသူ ကြေးသွန်း(ပန်းတဉ်း)ပညာရှင် ဦးတင်ထွန်းအောင်အား...

'မင်းတို့ ဘုရားကြီး ဘယ်တော့ပြီးမှာလဲ'

'၂၀၀၇ ခုနှစ်ထဲမှာတော့ ပြီးပါလိမ့်မယ်ဘုရား'

'အဲဒီဆိုရင် ငါက မသေချာတော့ဘူး'

ဟူ၍ မေး,ဖြေခဲ့ဖူးသည်။ ကျန်းမာရေး ဖောက်ပြန်မှုကို မတွေ့ရသော်လည်း ဆရာတော်က...

'ငါရှိခိုက် ဘုရားကြီးကို ဖူးချင်တယ်၊ ငါ့အသက် မီအောင်လုပ်'

ဟု မိန့်ခဲ့သည်။

**(၂၆-၁၀-၂၀၀၆)**နေ့မှစ၍ ကျန်းမာရေး ဖောက်ပြန်လာသဖြင့် မုံရွာ မန္တလေးဆေးရုံတို့မှ ဘစ်ဆင့် (၁၅-၁၁-၂၀၀၆)နေ့တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီသို့ ပို့ဆောင်ကုသကြသည်။ ကုသအောင်မြင်ရန် မျှော်လင့်ချက်နည်းပါးလှသဖြင့် (၁၉-၁၁-၂၀၀၆)နေ့တွင် မန္တလေးသို့ ပြန်ပင့်လာကြသည်။

**(၂၀-၁၁-၂၀၀၆)**နေ့တွင် လာရောက်ဖူးမြော်ကြသည့် ဘပည့်သာ[illegible] များအား ဆင်းတုကလေးမျာ[illegible] ပုတီး များ ချီးမြှင့်တော်မူသည်။ **(၂၁-၁၁-၂၀၀၆)**နေ့တွင် [illegible]ကျောင်းတိုက်နှင့် ပတ်သက်သော[illegible]ကိစ္စအဝဝကို နှုတ်

www.burmeseclassic.com

အား စာအမှတ်အသားတို့ဖြင့် ပြည့်စုံ မှာကြားခဲ့သည်။

'သံဃာတော်များ၊ သီလရှင်များ၊ ကိုးကွယ်သော အကာများအားလုံး အပြစ်ရှိက ဘုန်းကြီးခွင့်လွှတ်ပါတယ်'

ဟူ၍ မိန့်ကြားတော်မူသည်။ (၂၂-၁၁-၂၀၀၆) နေ့လယ် (၁၂)နာရီ (၂၅)မိနစ်တွင် ငွေဆင်းတုတော်အား လက်အုပ်ချီ ဖူးမြော်လျက် ညင်သာစွာခန္ဓာဝန် ချတော်မူခဲ့သည်။

ရုပ်ကလာပ်တော်ကို ဗောဓိတထောင်သို့ ပင့်ဆောင်၍ (၂၈-၁၁-၂၀၀၆)နေ့တွင် တေဇောဈာပန သဘင် ကျင်းပူဇော်ကာ အရိုးတော်တတ်ကို နန်းဦးဆရာတော်၏ အရိုးအိုးစေတီခြေတော်ရင်း၌ ဌာပနာပြု စေတီတည်ကြလေသည်။

**[ဗောဓိတထောင် ဆရာတော်အားလုံးသို့ ဦးတင်လျက်...]**

**စံထွန်းသာ**

ကျမ်းကိုး

**ဤဆောင်းပါးအတွက် အချက်အလက် အားလုံးကို နာယကဆရာတော်များ စွန့်လှူသည့် ဗောဓိတထောင်ဆရာတော်၏ ဘဝသမိုင်းမှတ်တိုင်များစာအုပ်၊ စေတီယကထာ အဖြာဖြာနှင့် ဗောဓိတထောင် ဆရာတော်၏ ထေရုပ္ပတ္တိစာအုပ်တို့မှ ထုတ်နုတ်ရေးသားခြင်း ဖြစ်သည်။**

စာမျက်နှာ (၁၀၂)မှ အဆက်

**သက္ခဏာပဟောဋ္ဌိ အခြေများ**


**အိမ်ထောင်ရေး သာယာပျော်ရွှင်နိုင်မြဲခြင်းရှိမည်။ အိမ်ထောင်ရေးကံကောင်းနိုင်သူဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော်...

လက်သူကြွယ်အောက် နှလုံးလမ်းကြောင်းပေါ်မှာ သရဖူသင်္ကေတရှိခြင်းကြောင့်ဖြစ်သည်။

စစ်ဖက်လက်နက်ကိုင် အဖွဲ့အစည်းနှင့် ပတ်သက်သူကို အိမ်ထောင်ပြုရတတ်ပြီး အောင်မြင်ကျော်ကြား လူသိများ၍ ချမ်းသာကြီးပွားနိုင်သောကြောင့် အိမ်ထောင်ရေး ကံကောင်းနိုင်ခြင်းသည်း ဖြစ်ပါမည်။ **"က"အကွရာ**နှင့် ညွှန်ပြထားသည်။

* * *





**၂။ဘဝမှာ အဆင့်အတန်း အခြေအနေ မြင့်မားတိုးတက်နိုင်သူဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော်...

အသက်လမ်းကြောင်း အပေါ်မှ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံသို့ ထောင်တက်နေသော ရမ္မက်လမ်းကြောင်းရှိခြင်း၊ **"ခ"အကွရာ**နှင့် အသက်လမ်းကြောင်း၊ ကံလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းတို့ဆုံပြီး ရတနာဘဏ်တိုက် သင်္ကေတ ထင်ရှား ဖြစ်ပေါ်နေခြင်းကြောင့် ဖြစ်သည်။

* * *




**၃။ ပြည်ပနိုင်ငံခြား လူမျိုးခြားတို့နဲ့ ဆက်သွယ် လုပ်ကိုင်ရသော လုပ်ငန်းမျိုး ရှိနိုင်သည်။**

အဘယ်ကြောင့်ဆိုသော်...

အသက် လမ်းကြောင်းသည် တနင်္လာဂြိုဟ်ခုံဘက်သို့ ကားထွက်နေပြီး ပြည်ပ အကူအညီလမ်းကလည်း ကံလမ်းကြောင်းကို လာရောက်ထိတွေ့နေခြင်းကြောင့်ဖြစ်သည်။

**"ဃ"အကွရာ**

**မှတ်ချက် ။ ။** **အထက်ပါ လက္ခဏာရှင်မှာ စစ်ဖက်မှ ရာထူး အတော်မြင့်မားသော အရာရှိကြီးတစ်ဦး၏ ကတော် ဖြစ်ခဲ့သည်။**

**အငြိမ်းစားယူပြီးနောက် အီလက်ထရောနစ်ပစ္စည်းများကို မြန်မာနိုင်ငံအနှံ့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီကြီး တည်ထောင်လုပ်ကိုင်နေသည်။**

**ထိုကုန်ပစ္စည်းများကို တရုတ်နိုင်ငံမှ အဆက်အသွယ်ဖြင့် မှာယူလုပ်ကိုင်ခြင်းဖြစ်သည်။**

*လက္ခဏာပညာသုတ တိုးပွားကြရရှိပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**




www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့




ဆရာကြီးဦးအောင်မြင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်သော ဝဲလက်ဖဝါးပုံစံပိုင်ရှင်မှာ **အသက်လေးဆယ်ကျော် အမျိုးသမီးတစ်ဦးဖြစ်ပြီး ရှမ်းတိုင်းရင်းသူ ရှမ်းပြည်နယ်တွင် နေထိုင်သူ ဖြစ်ပါသည်။**

သူမ၏ လက်ဖဝါးပြင် သေချာစွာလေ့လာကြည့်ရှုပြီးမှ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ အိမ်ထောင်ရေး သာယာပျော်ရွှင် နိုင်ခြင်း ရှိ/မရှိ။ အိမ်ထောင်ရေး ကံကောင်းနိုင်/မကောင်းနိုင်။

၂။ ဘဝမှာ အဆင့်အတန်း အခြေအနေ မြင့်မားတိုးတက်နိုင်သူ ဟုတ်/မဟုတ်။

၃။ ပြည်ပနိုင်ငံခြား လူမျိုးခြားတို့နဲ့ ဆက်သွယ် လုပ်ကိုင်ရသော လုပ်ငန်းမျိုး ရှိနိုင်/မရှိနိုင်။

အထက်ပါ မေးခွန်းများကို သီးခြားစာရွက်လွတ်တွင် အကြောင်းပြချက်နှင့်တကွ ရေးမှတ်ပြီးမှသာ လက္ခဏာပဟေဠိအဖြေများနှင့် ညှိနှိုင်းတိုက်ဆိုင်စစ်ဆေးပါရန် အကြံပေးအပ်ပါသည်။

ပဟေဠိ အဖြေများကို စာမျက်နှာ( ၁၀၀ )တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

### သောကြာသားသမီးများအတွက်

သောကြာ သားသမီးများအတွက် အေးမြချမ်းသာ ကံကောင်းစေဖို့ရာ လွယ်ကောင်းယတြာ ဖြစ်ပါတယ်။

သောကြာ သားသမီးများသည် သောကြာနေ့တိုင်း ဆောင်ရွက်ရပါမယ်။ သောကြာသားသမီးများသည် ရွာနမုဒြာရုပ်ပွားရှေ့တွင် စတီးခွက်ဖြင့် ရေသန့်သန့် ကြည်ကြည်ကို သက်တော်ထင်ရှား မြတ်ဘုရား ရည်စူးပြီး လှူလိုက်ပါ။

ပြီးရင်...

သောကြာ သားသမီးများအတွက် မဟာဘုတ်ဆိုင်ရာ ဖွားအတွက် သီးသန့်လှူရမည့် ယတြာဝတ္ထုပစ္စည်းများကို ဇယားတွင် ကြည့်ပြီး လှူရပါမယ်။

ပြီးရင် **သံ-ရှစ်ချက်ဂါထာတော်**ဖြင့် ဘုရားရှိခိုးပါ။

ထို့နောက် "**ဟေတုပစ္စယော**"ကို ပုတီး(၃)ပတ်ကို သီးသားပုတီးဖြင့် စိပ်ရပါမယ်။

### သံ-ရှစ်ချက် ဂါထာတော်

သံသာရ စက္ကဝိဒ္ဓံသံ၊ သံသုဒ္ဓ မသဿြရသံ။ သံဆိန္နကံ ဘဝေ အာသံ သံဃံ အပိ၊ သုမာနသံ၊

ခက်ခဲသော ပါဠိအသံထွက်

**စက္ကဝိဒ္ဓံသံ** = စက်ကဝိတ်ဓံသံ

**သံသုဒ္ဓ** = သံသုတ်ဓ

**မဿ** = မတ်သ

**ဩရသံ** = အောရသံ

**သံဆိန္နကံ** = သံဒိန်ဒကံ



◆ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီတော်ရှိ မုဒြာ(၄)မျိုးရှိသော ဗုဒ္ဓရုပ်ပွားတော်ဆလဆေ

# မဟာဘုတ်ချိန်ခွင်

## နှင့် လွယ်ကောင်းယတြာ

အနက်အဓိပ္ပာယ်

**သံသာရစက္ကဝိသုဒ္ဓံ၊** သံသရာစက်ကို ချိုးဖဲ့ ဖျက်ဆီးတော်မူပြီးထသော...

**သံသုဒ္ဓံ၊** အဝိဇ္ဇာကင်းသဖြင့် ဖြူဝင်းစင်ကြယ်သောစိတ် ရှိတော်မူထသော...

**အဿ၊** ထိုဘုရားရှင်၏...

**ဩရသံ၊** ရင်သွေးတော်အစစ် ဖြစ်သော...

**ဘဝေ၊** ဘဝသုံးပါး၌...

**အာသံ၊** တွယ်တာသည့် တဏှာကို...

**သံဆိန္နကံ၊** ကောင်းစွာ ဖြတ်တောက်တော်မူပြီးသော...

**သုမာနသံ၊** ကောင်းမြတ်သော စိတ်နှလုံး ရှိတော်မူသော...

**သံဃံအပိ၊** အရိယာသံဃာတော်မြတ်ကိုလည်း...

**အဟံ၊** အကျွန်ုပ်သည်။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

**ပုတီးစိပ်ရမည့် ဂါထာမှာ...**

ဟေတုပစ္စယော*(**ပုတီးတစ်လုံးချ**)*

*[၃-ပတ်]*

***အေးပါစေ၊ အောင်ပါစေ။***

သန်းပညာ

**သောကြာသားသမီးများအတွက် မဟာဘုတ်ဖွားဆိုင်ရာ ဖွားအလိုက် လှူရမည့် ဝတ္ထုပစ္စည်းပြဇယား**

| အထွန်း | သိုက် | ရာဇ | အဓိပတိ | ဘင်္ဂ | မရဏ | ပုတိ |
|---|---|---|---|---|---|---|
| သပြေ<br>အုန်း | သပြေ<br>နှင်းဆီ | သပြေ<br>ကံ့ကော် | သပြေ<br>ပျဉ်းမ | သပြေ | သပြေ<br>ပိတောက် | သပြေ<br>ရွှက်လှ |

www.burmeseclassic.com

# ကျန်းမာပါစေဆေးတိုက်မှဖြန့်မာ့ဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချီလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး ၊ ဆရာမကြီး ဒေါ်လှသိန်းနှင့် သားဆရာ ဦးသီဟတို့က နှစ်(၃၀)ကျော် ကုသ အောင်မြင်ခဲ့သောဆေးများကို ရောဂါဝေဒနာရှင်များ တောင်းဆိုချက်အရ ထုတ်လုပ် ဖြန့်ချီလိုက်ခြင်းဖြစ်ပါကြောင်း။

ဆီး ၊ ဝမ်း ၊ လေ မှန်ပြီး အကြောများပြေစေဖို့အတွက်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ** **အကြောပြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011801(1215)



အကြောတက်ခြင်း၊သွေးကြောလေကြောပိတ်ခြင်း၊မျက်စိရောဂါ၊အတွင်းတိမ်၊ အပြင်တိမ်၊စအိုနာ၊ဆီးဝမ်းလေချုပ်ရောဂါများအတွက်၊ပမ်းတွင်းရှိအပူအပုပ် အညစ်ကို ယူထုတ်ပစ်သလိုကင်းစေပြီး၊သွက်လက်ပေါ့ပါးကျန်းမာစေပါသည်။



နေပူ ၊ မီးပူ ၊ ရင်တွင်းသောတအပူ မှန်သမျှ ငြိမ်းစေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ** **အပူငြိမ်းသွေးဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011800(1215)

နှလုံးတုန်၊ရင်ခုန်မောပန်းခြင်း၊မူးဝေခြင်း၊အိပ်မပျော်ခြင်း၊မီးယပ်သွေးမမှန်ခြင်း၊ သွေးသားမကြည်လင်ခြင်း၊အသားအရေခြောက်သွေ့ခြင်းတို့ကို သက်သာပျောက် ကင်းစေပါသည်။

ကိုယ်ခန္ဓာအတွင်း ငုပ်လျှောင်နေသည့် အနီးအကင်းမှန်သမျှ ပွင့်စေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ** **အနီးပွင့်ဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011825(1215)



ကိုယ်၊လက်၊ခြေကိုက်ခဲခြင်း၊ချွေးငုပ်ခြင်း၊ခေါင်းကိုက်ခြင်း၊ခေါင်းအုံခြင်း၊ အနာရောဂါအမျိုးမျိုးတို့အတွက် ငန်းမန်းတို့ကို သက်သာပျောက်ကင်းစေခြင်းနှင့် အဖျားရောဂါများကို သက်သာပျောက်ကင်းစေပါသည်။



ထုံကျဉ်ကိုက်ခဲလေးဖက်နာ နှင့် လေငန်းလေဖြတ်ရောဂါရှင်များအားထားရာ

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ** **အကြောသိမ်းဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011826(1215)

အကြောတင်ခြင်း၊အကြောကပ်ခြင်း၊အကြောထုံခြင်း၊အကြောရောင်ခြင်း၊ အဆစ်အမျက်ရောင်ခြင်း၊ထုံကျဉ်ကိုက်ခဲ၍လေးဖက်နာဖြစ်ခြင်း၊မေးရွဲ့ပါးရွဲ့ခြင်း၊ ခြေကပ်လက်ကပ်ခြင်းနှင့် လေငန်းရောဂါ တို့ကို သက်သာပျောက်ကင်းစေပါသည်။

## ကျန်းမာပါစေ

**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆေးကုဌာန**

အမှတ်(၈၂)ဇေယျာလမ်း၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့

ဖုန်း - ၀၉ ၇၃၀၈၅၄၄၀၊ ၀၉ ၇၃၀၂၉၉၃၀၊ ၀၉ ၄၂၀၀၆၆၃၉၈

www.burmeseclassic.com

www.burmeseclassic.com

# သက်တော်ရှည် အဘွား

## နှင့် ထူးဆန်းသော အင်ကြင်းပင်ကြီးများ

တနိုင်ငေ



▲ဘွားရသေ့နှင့် တောင်ကြီးမှအလှူရှင်များ ထီးတော်တင်လှူခဲ့သည့် ရှေးစေတီပေါင်း



▲ အသက်(၈၀)ရှိ ဘွားရသေ့

[ ၁ ]

စာရေးသူ ကျွန်တော် ယခင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း သွားရောက်ဆောင်ရွက်ခဲ့စဉ် ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်ရှိ နာမည်ကျော်ကြားသူသိများလှတဲ့ ခေါင်တိုင်သဘာဝရေပူစမ်းရှိရာ ခေါင်တိုင်ကျေးရွာ၌ မိသားစုတစ်စုလို နေထိုင်ခဲ့ဖူးတဲ့ အင်းသူမလေး ချောစုဆီမှ ဖုန်းဆက်လာသောကြောင့် ယခုခရီးစဉ်ကို ထွက်ဖြစ်ခဲ့ပါတယ်။ ဖုန်းထဲတွင်...

'လေးလေး...လေးလေးကို ပြောရာရှိလို့ သမီး ဖုန်းဆက်လိုက်တာ။ ပြီးခဲ့တဲ့လ သမီးအမေ ဆုံးပါးသွားတာ လေးလေး သိတယ်နော်။ အဲဒီမှာ လေးလေးခရီးလွန်နေလို့ မလာဖြစ်ဘူးလေ။

အဲဒါ အခု အမေရှိတုန်းက တစ်ပါးတည်း သီတင်းသုံးနေထိုင်ပြီး သာသနာတော်ကြီးရဲ့ အကျိုးကို အားကြိုးမာန်တက် ဆောင်ရွက်နေတဲ့ ဘွားရသေ့ အတော် နေထိုင်မကောင်းဖြစ်နေတယ်လို့ သိရတယ်။

သူ ဒီဒေသကို ဘယ်လိုဘယ်နည်းရောက်လာတယ်။ ဘယ်လို ပါရမီပဋ္ဌာန်းဆက်တွေ ပါလာတယ်ဆိုတာရယ်၊ သမီးတို့ အနောက်ဘက်က မြင့်မားလွန်းတဲ့ ကျောက်တောင်ကြီးပေါ်မှာ နှစ်အကြာကြီး တစ်ပါးတည်း စေတီပေါင်းတစ်ဆူကို စောင့်ရှောက်ခဲ့ပြီး အခုဆို ဘွားရသေ့ရဲ့ လှုံ့လအားထုတ် မှုကြောင့် ထီးတော်အသစ်တင်နိုင်ခဲ့ တာရယ်...

သူ တစ်ခုခု မဖြစ်သွားခင် ခရီးသွားဆောင်းပါးလေးတွေ ရေးနေတဲ့ လေးလေး သိချင်တာလေးတွေ သိခွင့်ရသွားအောင်နဲ့၊ မေးချင်တာလေးတွေ မေးလို့ ရအောင်လို့ သမီးအကြောင်းကြားလိုက်တာ လာဖြစ်အောင် လာခဲ့ပါ။ သမီး စောင့်နေမယ်'

ဆိုတာနဲ့ စာရေးသူ ကျွန်တော်လဲ ရှမ်းပြည်နယ်မှာ ရွာသွန်းတဲ့ မိုးတွင်းကာလတစ်ခုဖြစ်တဲ့ မိုးထဲလေထဲ တစ်ရက်မှာပဲ အရောက်သွားခဲ့ပါတော့တယ်။

[ ၂ ]

အောင်ပန်းမြို့အထွက်က ကွေ့ကာဝိုက်ကာနဲ့ တီကျောင်းတောင်ဆင်း






www.burmeseclassic.com

www.burmeseclassic.com





▲ ဓာတ်ပုံမပေါ်သည်ဟု ပြောကြသည့် ဘွားရသေ့ အံသွား

◄ ပေါက်ရွာနှင့် ဘွားရသေ့ ဓာတ်ပုံကော်ပီ

▼ အင်းလေးကန်ကြီး၏ အဝေးမြင်ကွင်းအလှ



အတိုင်း ဆင်းလိုက်လို့ သိပ်မကြာခင်မှာပဲ ဟဲဟိုး ထိုမှတစ်ဆင့် ရှမ်းပြည်နယ်တောင်ပိုင်းက တစ်ခုတည်းသော အင်းလေးခေါင်တိုင် ရေပူစခန်းဆီ သွားရမယ့် လမ်းနံဘေးက လမ်းခွဲဆိုင်းဘုတ်ကို မြင်ရပါတယ်။

အဲဒီကနေ တောင်စူးစူးအတိုင်း (၁၀)မိုင်လောက် ဝင်သွားလိုက်ရင် ရေပူစမ်းကို ဝိုင်းရံထားပြီး အင်းတိုင်းရင်းသူလေးများ ရောင်းချတဲ့ ဒေသခံ အစားအသောက်နဲ့ လက်ဆောင်ပစ္စည်း ဆိုင်တန်းလေးများကို အစီအရီ တွေ့ရပါတယ်။

ပြည်တွင်း ခရီးသွားဧည့်သည်နဲ့ နိုင်ငံခြားဧည့်သည်များကို နွေးနွေးထွေးထွေးနဲ့ ဧည့်ဝတ်ကျေပွန်အောင် ဝန်ဆောင်မှုတွေ ပေးနေတဲ့ **ဟိုပင်ဟိုတယ်ဖုံ** တစ်ခုနားကနေ ဖြတ်သွားလိုက်ရင် ငါးရက်တစ်ဈေးရှိတဲ့ ခေါင်တိုင်ရွာကို ရောက်ပြီး ကားလမ်းနံဘေးမှာရှိတဲ့ ကုန်စုံဆိုင်ကြီးနဲ့ သီးနှံ အရောင်းအဝယ် လုပ်နေတဲ့ ချောစုတို့အိမ်ကို ရောက်ပါတယ်။

စာရေးသူ ကျွန်တော်လဲ ခရီးရောက်မဆိုက်ပါဘဲ သမီးချောစု ဖျော်တိုက်တဲ့ ကော်ဖီတစ်ခွက်သောက်ပြီး လမ်းညွှန်လေးအဖြစ် လိုက်ပါပေးမယ့် အဖော်ဖြစ်သူ မောင်ငြိမ်းချမ်းလေးကို ခေါ်လို့ ဘွားရသေ့ သီတင်းသုံးရာ တောင်တက်ခရီးလမ်းကို စ,လှမ်းလိုက်ပါတော့တယ်။

[၃]

အိမ်ရဲ့ တောင်ဘက်ကနေမှ တစ်ဆင့် ဆိုင်ကယ်နဲ့ တက်ရောက်မယ့် ဘွားရသေ့ရှိရာ တောင်ခြေဆိုလို့ (၁၀)မိနစ်လောက် သွားရပါသေးတယ်။ ဆိုင်ကယ် ဆက်စီးတက်လို့ မရတော့တဲ့ နေရာရောက်မှ နီးစပ်ရာ ခေါင်တိုင်ရွာထဲက အိမ်တစ်အိမ်မှာ အပ်ရပါတယ်။

တောင်ပေါ်ကို တက်ရမယ့်လမ်းက နှစ်လမ်းရှိပြီး အရှေ့ဘက် လူသွားလမ်းလေးအတိုင်း တက်လိုရသလို တောင်

www.burmeseclassic.com



◄ ဘွားရသေ့ ဆွမ်းစားဂူ

ဘွားရသေ့ သုံးနှစ် အဓိဋ္ဌာန်ဝင်ခဲ့သည့် အဓိဋ္ဌာန်ဂူ ►



ဘက်က ကျွဲကျောင်းသား၊ နွားကျောင်းသားလေးများ တက်တဲ့လမ်းကို ရွေးပြီး တက်ခဲ့ကြတာပါ။ အတော့်ကို မတ်စောက်ပြီး ပေနှစ်ထောင်ခန့် တက်ရတဲ့ အတက်မှာ ငါးခါလောက်နားတာတောင် သိပ်မလုံလောက်ခဲ့ကြပါဘူး။

အမောဖြေလိုက် တက်လိုက်နဲ့ ခရီးသုံးချိုး တစ်ချိုးမှာ အနောက်ဘက်ဆီ လှည့်ပြန်ကြည့်လိုက်မိတော့မှ ပန်းသမျှတွေ အမောပြေခဲ့ရပြီး လှပတဲ့ မြင်ကွင်းကြီးကို အရှေ့တောင်ဘက်ဆီမှာ လှမ်းလို့ မြင်တွေ့လိုက်ကြတယ်။

အဲဒါကတော့ အင်းလေးသဘာဝ ရေကန်ပြင်ကြီးပဲ ဖြစ်ပါတယ်။ နောက်ခံတောင်တန်းပြာပြာကြီးတွေ ဝိုင်းရံထားပြီး ဖြူလွလွတိမ်ခိုးလေးတွေ ကြားကနေ၊ ပြာလဲ့နေတဲ့ ကန်ရေပြင်ကျယ်ကြီးရဲ့ သာယာလှပကြည်နူးဖွယ်ကောင်းတဲ့အလှကို စာရေးသူ ကျွန်တော် စာမဖွဲ့တတ်လို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများကိုယ်တိုင် လာရောက်မြင်တွေ့ကြမှ စိတ်တိုင်းကျ ခံစားကြည့်ကြပါလို့ ညွှန်းဆိုပါရစေ။

[ ၄ ]

သိပ်မကြာခင်မှာ တစ်ပါးတည်း သီတင်းသုံးနေထိုင်တဲ့ ဘွားရသေ့ရဲ့ ကျောင်းသခ်မ်းဆီ ရောက်ပါတယ်။ တိတ်ဆိတ် ငြိမ်သက်နေတဲ့အတွက် စာရေးသူမှ ချောင်းဟန့်သံပေးပြီး အတန်ကြာ ခေါ်ကြည့်မှ ကျောင်းခန်းလေးထဲက ညည်းညူသံနဲ့အတူ တံခါးဖွင့်သံ ကြားရပါတယ်။

တံခါးကြားကနေ အဖျားဝေဒနာကို ခံစားနေရတဲ့ မျက်နှာနဲ့ တုန်ယင်စွာ ရပ်နေတဲ့ ဘွားရသေ့ကို စာရေးသူတို့ စိတ်မကောင်းကြီးစွာ မြင်တွေ့လိုက်ရပါတယ်။

'လာကြ ဒကာလေးတို့ လာကြ'

ဆိုပြီး ဘုရားစင်ရှေ့ဆီ ခေါ်သွားပါတယ်။ စာရေးသူနဲ့ မောင်ငြိမ်းချမ်းလေး ဘုရားထံပါးမှ ဝတ်ပြုပါလာတဲ့ လှူဖွယ်လေးတွေကပ်ပြီး လာရောက်ရတဲ့ လိုရင်းကိုပဲ လျှောက်ထားလိုက်ပါတယ်။ အဲဒီမှာ ဖွားရသေ့က...

'အင်း...ဒကာလေး ရောက်လာတာ အတော်ပဲ။ ဒကာလေးလိုပဲ လွန်ခဲ့တဲ့ နှစ်က စာရေးဆရာနှစ်ယောက် လာသွားသေးတယ်၊ လှည့်ပတ်ကြည့်ရှုပြီး ပြန်သွားကြတာပဲ။

အခု ဒကာလေး မေးမြန်းသလိုတော့ ဘာမှ သိပ်ပြီး မမေးသွားကြဘူး။ ဆရာလေးလဲ လူ့ဘဝမှာ သိပ်နေချိန်မရှိတော့မှန်းသိတယ်၊ ပြောချင်တာလေးတွေ ရှိနေတာနဲ့ အတော်ပဲ'

ဆိုပြီး စာရေးသူ ကျွန်တော် သိလိုသမျှကို အခုလို ပြန်လည်ဖြေကြားပေးခဲ့ပါတယ်။

[ ၅ ]

**သက်တော်(၈၀)၊ ရသေ့ဝတ်(၃၂) နှစ် ရှိပြီဖြစ်တဲ့ ဘွားရသေ့ ဒေါ်နန္ဒစာရီကို** ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပန်မှာ အဘဦးအောင်ခမ်း(ခေါ်) ဦးအောင်ရွှေနဲ့ အမိဒေါ်လှရင်တို့မှ စနေနေ့မှာ မွေးဖွားခဲ့တယ်လို့ သိရပြီး ညီမတစ်ယောက် ရှိတယ်လို့ ဆိုပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မြောက်ပိုင်းတွေမှာ တစ်ပါးတည်း သာသနာပြုခရီးတွေ ထွက်လာခဲ့ကြတာဟာ ယခု ခေါင်တိုင်ရှေ့စမ်းရွာ အနောက်ဘက် **"ရွှေစက်တော်**



www.burmeseclassic.com

www.burmeseclassic.com





ဘွားရသေ့ တရားကျင့်ရာ ဂူအတွင်းပိုင်း ◆

◆ နောင်မှ ဆောက်လုပ်ပေးထားသည့်

ဘွားရသေ့တစ်ပါးတည်း သီတင်းသုံးရာ ကျောင်းသင်္ခမ်းငယ်



**သာဝတ္ထိသာ စကြာဘုရားတောင်"** ပေါ်ကို သက္ကရာဇ် ၁၃၅၀ ပြည့်နှစ်မှာ စတင် ရောက်ရှိလို့ သာသနာပြုရင်း သီတင်းသုံးခဲ့တာဟာဆိုရင် နှစ်ပေါင်း (၂၅)နှစ်ကျော်ခဲ့ပြီလို့ သိရပါတယ်။

အသက် ရှစ်နှစ်သမီးအရွယ်က တည်းက ညီအစ်မနှစ်ယောက်စလုံး အတန်းပညာကို ခဏတာပဲ သင်ကြား ခဲ့ပြီး သာသနာ့ဘောင်ဝင်ဖို့ ဆုံးဖြတ် ခဲ့ကြတယ်လို့ ဆိုပါတယ်။ မိဘနှစ်ပါး လုံးမှာ ပစ္စည်းဥစ္စာ ပြည့်စုံကုံလုံကြွယ်ဝ ကြပြီး သာသနာတော်ကို ဦးစားပေး ဆောင်ရွက်တာကြောင့် ဘွားရသေ့တို့ ညီအစ်မနှစ်ယောက်ရဲ့ ဆုံးဖြတ်ချက်ကို တားဆီးမပိတ်ပင်ခဲ့ကြပါဘူး။ ပိုလို့ တောင် အားပေးအားမြှောက် ပြုပေး ကြပါတယ်။

ပထမဦးဆုံး မိမိတို့ရဲ့ မွေးဖွားရာ ဇာတိမှာပဲ တရားအားထုတ်ကြရင်း ကနေ ပိုမိုအားထုတ်လိုတဲ့ ဆန္ဒတွေ အရ နယ်လှည့်သာသနာပြုကြရာမှာ ညီမတော်ဖြစ်သူကတော့ မိဘနှစ်ပါးရဲ့ တောင်းပန်မှုကြောင့် ဇာတိဖြစ်တဲ့ နမ့်ပန်ကို ပြန်သွားပြီး ဘွားရသေ့က

တော့ ရှမ်းပြည်နယ်တစ်ပြည်နယ်လုံး
နယ်လှည့် သာသနာပြုနေရင်းကနေ
အိပ်မက်နဲ့ ပဋ္ဌာန်းဆက်အရ ဒီဒေသကို
ရောက်လာရတယ်လို့ ပြောပြပါတယ်။

အိပ်မက်အရနဲ့ ပဋ္ဌာန်းဆက်ကြောင့်
လို့ ပြောရတာကတော့ ရှမ်းပြည်နယ်
မြောက်ပိုင်း လားရှိုးမှာ သီတင်းသုံးနေ
တဲ့ ညတစ်ညမှာ အိပ်မက် မက်ပါ
တယ်။ အိပ်မက်ထဲမှာ သူယောင်မယ်
တွေလိုလို၊ ဥစ္စာစောင့်မလေးတွေ
လိုလိုက မှုန်ဝါးဝါးပုံရိပ်တွေနဲ့ သူတို့
စောင့်ရှောက်နေရတဲ့ စေတီတစ်ဆူမှာ
သူတို့နဲ့ အတူလာနေပြီး တရားအား
ထုတ်ရင်းနဲ့ ရှေးစေတီကို အရင်ဘ
ဟောင်း ရေစက်အရ အတူစောင့်ရှောက်
စေလိုကြောင်းကို အိပ်မက်လာပေး
တယ်လို့ ဘွားရသေ့က ပြောပြပါတယ်။

အိပ်မက်ထဲမှာလဲ စေတီတောင်
လေးတစ်ဆူကို ဖူးတွေ့ရပြီးတောင်
အရှေ့ဘက်မှာ ပင်လယ်လိုလို၊ ကန်
ရေလိုလို ရေပြင်ကျယ်ကြီးကိုတစ်

www.burmeseclassic.com



• ဘွားရသေ့ တရားကျင့်ဂူထီးသို့ အသွား ကျောက်တုံးသီးတယ်



• ထူးဆန်းသည့် အင်ကြင်းပင်များ

ဆိုက်ရလို့ မြန်မာနိုင်ငံက ရှိရှိသမျှ နကန်ကြီးများရှိရာ အရပ်ကို သနာလှည့်လည်ပြုရင်း ရှာဖွေ က်တာ ကချင်ပြည်နယ်က အင်း တော်ကြီးအိုင်အထိ ရောက်ခဲ့ပါတယ်။

ဒါပေမယ့် အိပ်မက်ထဲမှာ ကြားခဲ့ရ တဲ့ **စကြာဘုရားတောင်**ဆိုတဲ့ အမည် နာတာ မရှိတာရယ် သူယောင်မယ် တွေလိုလို၊ ဥစ္စာစောင့်တွေလိုလို မိန်းကလေးတွေကို မတွေ့တာရယ် ကြောင့် ပြန်လာလိုက်တာမှာ ယခု ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမှာ ရှိတဲ့ အင်းလေးကန်ကြီး အနောက် ဘက်က ဒီတောင်ပေါ် ရောက်လာခဲ့ရ တယ်လို့ ပြောပြပါတယ်။

တောင်ပေါ်မရောက်ခင် စုံစမ်းကြည့် လိုက်တော့ **စကြာဘုရားတောင်**လို့ ခေါ်ပြီး စေတီရဲ့ ဘွဲ့အမည် အပြည့် အစုံမှာ **ရွှေစက်တော်သာဝတီသာ ဘုရားတောင်**ဆိုတာ သိလိုက်ရပြီး ရှေးရေစက်နဲ့ ပဋ္ဌာန်းဆက်အရ နေရာ မှန်ဆိုတာ သိလိုက်ရပြီး သန္နိဋ္ဌာန် ခိုင်ခိုင်ချလို့ တရားစခန်း စ,ဝင်ခဲ့တယ် လို့ ပြောပြပါတယ်။

ရှေးစေတီဟောင်းလေးရဲ့ အနောက် တောင်ဘက် အင်ကြင်းကျောက်ဆောင် ကြားရှိ လူတစ်ကိုယ်စာ ကောင်းကောင်း ဝင်ဆံ့တဲ့ ကျောက်ဂူလေးအတွင်း တရားအားထုတ်တဲ့ညမှာပင် လူသူ မရှိတဲ့ တောကြီးမျက်မည်းထဲမှ မိန်းကလေးများရဲ့ စကားပြောသံများ ကို ကြားခဲ့ရတယ်လို့ ဆိုပါတယ်။

တရားပြီးချိန် ဂူပြင်ထွက်လိုက်မှ လူပုံသဏ္ဌာန် ယိမ်းထိုးလှုပ်ရှားနေတဲ့ အင်ကြင်းပင်များဆီမှ အသံတွေဖြစ် ကြောင်း သိရပါတယ်။ အဲဒီအခါမှ ဘွားရသေ့ လားရှိုးမှာ ညအိပ်စဉ် အိပ်မက်ထဲမှ သူယောင်မယ် ဒါမှ မဟုတ် ဥစ္စာစောင့်မလေးများက ယခု လို ပုံသဏ္ဌာန်တွေနဲ့ သူ့ကို စောင့်ကြို နေကြကြောင်း သိရတယ်လို့ စာရေးသူ တို့ကို ပြောပြပြီး ဘွားရသေ့ တရားကျင့် အဓိဋ္ဌာန်ဝင်ဂူနဲ့ ဆွမ်းစား ဂူနေရာကို လိုက်လံပြသပေးပါတယ်။

ဘွားရသေ့ ခေါ်ဆောင်ရာနောက် လိုက်သွားကြည့်မိမှ ဘွားရသေ့ တရား ကျင့်ဂူနဲ့ ဆွမ်းစားဂူ ပတ်ဝန်းကျင်မှာ ရှိတဲ့ အင်ကြင်းပင်များရဲ့ ပုံစံများမှာ သူယောင်မယ်ပုံစံမျိုးတွေလို ဖြစ်နေ တာကို ထူးဆန်းစွာ မြင်တွေ့ရပါတယ်။ သေချာကြည့်မိရင် မိန်းကလေးများရဲ့ ခန္ဓာကိုယ် အချိုးအစားများ ဖြစ်နေတာ ကို တွေ့ရပါတယ်။

စာရေးသူ ကျွန်တော်လဲ ပါလာတဲ့ ကင်မရာလေးနဲ့ နဂ္ဂါးဖြူရောင်ခြည် မဂ္ဂဇင်းစာချစ်သူများ မြင်ဖူးအောင် ဓာတ်ပုံရိုက်ယူ ဖော်ပြပေးလိုက်ပါ

www.burmeseclassic.com



လူပုံသဏ္ဍာန်တူဆန်းသည့် အင်ကြင်းပင်များ



လူပုံသဏ္ဍာန်တူထူးခြားသည့် အင်ကြင်းပင်များ

တယ်။ ယခုကဲ့သို့ လူသူမနီးတဲ့ တောကြီးမျက်မည်းထဲမှ ရုတ်တရက် မြင်မိရင် နာနာဘာဝတွေများ ပိုင်းရံထားသလားလို့ ထင်မှတ်မှားနိုင်တဲ့ အင်ကြင်းတောကြီးထဲ၌ တစ်ပါးတည်း ကျင့်ကြံအားထုတ်နေနိုင်သော ဘွားရသေ့ရဲ့ သတ္တိကို မချီးကျူးဘဲ မနေနိုင်ခဲ့ပါ။

အမှန်ဝန်ခံရရင်ဖြင့် စာရေးသူရဲ့ မျက်စိထဲတွင် မကောင်းဆိုးဝါးကြီးများဖြင့် ကခုန်နေသယောင်လို့ ထင်မှတ်မိခဲ့ပါတယ်။

ဘွားရသေ့အား တစ်ဦးတည်း ဒီလိုနေရတာကြောက်ရွံ့ထိတ်လန့်မှု မရှိဘူးလားလို့ မေးကြည့်ရာ...

'ဘွားရသေ့ရဲ့ အနည်ဘာက ဆွေမျိုးတွေပဲကွယ် ဘာလို့ကြောက်ရမလဲ၊ ဘွားရသေ့ရောက်လာတော့ သူတို့ ပျော်တော်နေကြသေးတယ်၊ ဘွားရသေ့ ဒီတောတောင်ကို သန့်ရှင်းရေးတွေဘာတွေလုပ်ရင် သူတို့လဲ ဝိုင်းကူကြတယ်။ တစ်ခါတစ်ရံ စကားပြောဖော် မရှိရင် ဘွားရသေ့ သူတို့နဲ့ပဲ ပြောဖြစ်တယ်'

လို့ ပြောလိုက်ရာ စာရေးသူကျွန်တော်နဲ့ အဖော်လိုက်ပါလာသူ မောင်ငြိမ်းချမ်းတို့မှာ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်ပြီး ယုံရအခက် မယုံရအခက် ဖြစ်ခဲ့ရပါတယ်။

ဘွားရသေ့ တရားကျင့်ကြံရာ သူယောင်မယ် အင်ကြင်းတောမှ အရှေ့တောင်ဘက်တွင် ရှေးစေတီဟောင်းကို ပြန်လည်ပြုပြင်၍ ထီးတော် တင်ထားတာကို သပ္ပါယ်စွာ ဖူးတွေ့ရတယ်။ သက္ကရာဇ် ၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း(၁၄)ရက် (၂၁.၁၂.၁၉၉၉) ခုနှစ်တွင် တောင်ကြီးမှ အလှူရှင်မ... ပူးပေါင်း၍ ထီးတော် တင်နိုင်ခဲ့ကြေ... ကို ရှင်းပြခဲ့ပါတယ်။

## [ ၆ ]

ထီးတော်တင်ဖြစ်အောင် အဓိ... နှစ်ပေါင်းနှစ်ဆယ်ကျော် ပေနှစ်... အမြင့်ကြီးကို အတက်အဆင်း ကြိုး... လုံးပမ်းခဲ့တဲ့ဒဏ်တွေကြောင့် ... ရသေ့ အပြင်းအထန် နေမကော... ဖြစ်ခဲ့ပါတယ်။ အဲဒီတစ်ခါ ဖြစ်... တာမှာ တစ်လခွဲလောက်က ပြုစု... တစ်ယောက်မှမရှိ၊ ဆေးပေးမီး... မရှိနဲ့ နေပြန်ကောင်းရင်တော့ လ... လဲပြီး ဇာတိပြန်မယ်လို့ ဆုံးဖြတ်ခဲ့... လို့ ပြောပြပါတယ်။

ပြန်တော့မယ်လို့ ဆုံးဖြတ်ချက်... မနက်မှာဘဲ ရွာထဲ... ဓာတ်ပုံ... ဦးမျိုးအောင်နဲ့ ကျောင်းဆရာ...

www.burmeseclassic.com

...င်နဲ့ ရောက်နေတဲ့ အခိုက်ပေါ့။ ...တို့ကို ပြောပြပြီး အထုပ်အပိုးပြင် ...တဲ့ အတွင်းခန်းဆီ ဝင်သွားပြီး ...ယ်အလုပ် အထုပ်ပေါ် ကြည့်လိုက် ... ဘွားရသေ့ အပြောအရ ...ဘူးလောက်ရှိတဲ့ မြွေနဂါးကြီးတစ် ...င်ကို တွေ့လိုက်ရတယ်လို့ ဆိုပါ ...ယ်။

...နောက်မှ ပြောပြလို့ သိရတာက ...အထုပ်ကို ယူပြီးပြန်မယ်လုပ်တိုင်း ...ဂါးကြီးက ရောက်ရောက်နေတော့ "...ငါ့ကို **မပြန်စေချင်လို့ တားတာ** ...မှာပဲ"ဆိုပြီး ဒီကနေ့ထိ မပြန်ဖြစ် ...ကြောင်းနဲ့ မပြန်တော့ဘူးလို့ ... ဆုံးဖြတ်လိုက်တဲ့နောက်ပိုင်း ...ဂါးကြီးကို တစ်ခါမှ ပြန်မတွေ့ရ ...ဘူးလို့ စာရေးသူကို ပြောပြပါ ...ယ်။

...ခြားပြီး အိပ်မက်ထပ်ရတာက ... ဂူပိတ်တရားကျင့်ဖို့ အကြောင်း ...ဆိုင်လာတာပါ။ အိပ်မက်ထဲမှာ ...စ်လုံးလုံး ဆွမ်းသုံးချိန်ကလွဲရင် ... တရားကျင့်ရမယ်လို့ အာရုံရလို့ ...ဋ္ဌာန်နဲ့ သက္ကရာဇ် ၁၃၆၃ ခုနှစ်၊ ...လပြည့်ကျော်(၂)ရက်နေ့က စပြီး ...ဋ္ဌာန် ခိုင်ခိုင်ချလို့ ဂူဝင်လိုက်တာ ...အိပ်မက်အရ ဆွမ်းသုံးဂူသပ်သပ်၊ ...ကျင့်ကြံ အားထုတ်တဲ့ ဂူသပ် ...နဲ့ သုံးနှစ်ပြည့်ခဲ့တယ်လို့ သိရပါ ...ယ်။

...နှစ်ပြည့်တဲ့ ၁၃၆၅ ခုနှစ်၊ ဝါဆို ...ည့်ကျော်(၂)ရက်နေ့ ဂူက ...က်မှာပဲ ဘွားရသေ့ရဲ့ ဘယ်ဘက် ... အံသွားတစ်ချောင်းဟာ မနာ ...င် မကိုက်ခဲပါဘဲနဲ့ လက်ထဲကို ...လိုလို ကျွတ်ကျလာတယ်လို့ ...တယ်။

အံသွားကို လက်ထဲ ထည့်ကြည့် တော့မှ အံသွားအတွင်းမှာ စေတီ တစ်ဆူပုံ ထင်ထင်ရှားရှား မြင်တွေ့ရ တာကို ထူးထူးဆန်းဆန်းပဲ မြင်လိုက် ကြရတယ်။

ဘွားရသေ့ရဲ့ အဓိဋ္ဌာန်အောင် ဂူ ထွက် လာစောင့်ကြတဲ့ ရွာသူရွာသား ပရိတ်သတ်က ရွှေအိုရောင် ပေါက်နေ တဲ့ ဘွားရသေ့ရဲ့ အံသွားကိုဓာတ်ပုံ ရိုက်ယူကြပြီး ဝေလေ့အရ အဆောင် အဖြစ် သိမ်းထားကြတာ ကျန်းမာ လာဘ်ရွှင်ကြတယ်ဆိုပြီး စာရေးသူတို့ ကို ပြောပြလို့ အမှတ်တရ အလို့ငှာ ဓာတ်ပုံရိုက်ယူပြီး စာဖတ်ပရိသတ်ကို တင်ပြလိုက်ပါတယ်။

စာရေးသူတို့နှစ်ယောက်လဲ အချိန် အတော်ကြာလင့်ခဲ့ပြီမို့ နေထိုင် မကောင်းဖြစ်နေတဲ့ ဘွားရသေ့ကို နှုတ်ဆက်လို့ ညခင် နေမစောင်းခင် ပြန်ခဲ့ကြတယ်ဆိုတာကို ရေးသား တင်ပြရင်း...

ဒီကနေ့အထိ ရှိနေသေးတဲ့ သက်တော်ရှည်ဘွားရသေ့နဲ့ သူယောင် မယ်တွေလိုလို၊ ဥစ္စာစောင့်တွေလိုလို ထူးဆန်းတဲ့ ပုံသဏ္ဌာန်ရှိတဲ့ အင်ကြင်း ပင်ကြီးတွေမှာ မကြောက်မရွံ့ တစ်ဦး တည်းနေထိုင်ရင်း သာသနာကို စောင့်ရှောက်နေတဲ့ သက်တော်ရှည် ဘွားရသေ့ တစ်ဦးတည်း သီတင်းသုံး နေတဲ့ ခေါင်တိုင်ရွာနောက်ဘက်က **ရွှေစက်တော်သာဝတီသာ စကြာ ဘုရားတောင်ရှေးစေတီကို** လာ ရောက်ဖူးမြော်စေလိုကြောင်း လေးစား စွာ ဖိတ်ကြားရင်းဖြင့်...

**တနိုင်းခ**

**စာမူရှင်များသို့ . . .**

**ပေးပို့သော စာမူများကို မူပွား ထားကြပါရန်နှင့် မရွေးချယ်ပါက ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်း အသိ ပေးအပ်ပါသည်။**

*လေးစားစွာဖြင့်...*

**နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း ချောင်းဆိုးပျောက် သလိပ်ပျော် ပူရှိန်းငုံဆေးပြား

အမှတ်တံဆိပ်

ဝ၊၁၁ Y ၀၉၉၅၈၀ လိုင်စင်၇/၂၀၀၈/ဘဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက်
တဆဝက (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀

လေထန်ကုန်းတွင် ရေးဖော်စာရေးဆရာများ ဆုံကြသည်။ ကိုဇော်ရဲနိုင်၊ ကိုအောင်မြတ်ဦး၊ ကိုနေမျိုးသီဟတို့ကို တစ်ဝိုင်းတည်းတွင် တွေ့ရသည်။ ဆရာဇော်ရဲနိုင်က ''လာထိုင် ကိုယ်ဉ်တင့်... အဟွပ်...အဟွပ်...အဟွပ်''

''ချောင်းဆိုးလှချည်လား...ကိုဇော်ရဲနိုင်''

''ဟုတ်တယ်ဗျာ... ဆေးလိပ်မသောက်၊ ကွမ်းမစားဘဲနဲ့ ဘာကြောင့်များ ဒီလောက်ချောင်းဆိုးမှန်းမသိဘူး''

''ရာသီဥတု အကူးအပြောင်းမှာ ဖြစ်တတ်တဲ့ အာဂန္တုကရောဂါပဲ''

''ကိုယ်ဉ်တင့်က တိုင်းရင်းဆေးသုတေသီမို့ ကျွန်တော်တို့ထက် ရောဂါအကြောင်း ပိုနားလည်မှာပါ ရှင်းပြစမ်းပါဦး''



သလိပ်ပျော်၊ ရင်ချောင်၊ အစာကြေ
ဆီး၊ ဝမ်း၊ သွေးလေညီညွတ်အောင်
**သားမင်း** (အမှတ်တံဆိပ်)
**ချောင်းဆိုးပျောက် သလိပ်ပျော်**
**ပူရှိန်းငုံဆေးပြားကိုဆောင်**

''ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်နိုင်ရင် ကျန်းမာနေတာပါပဲ...ဒါပေမဲ့ အာဟာရသမုဋ္ဌာန်နဲ့ ဥတုသမုဋ္ဌာန် လွန်ယုတ်လွဲမှား ပြုဖန်များရင် အာဂန္တုက ချောင်းဆိုးရင်ကျပ်ရောဂါ စလာတာပဲ...ကိုဇော်ရဲနိုင်ကို ကြည့်ရတာ ရေချိုးစောတာမျိုး ရာသီနဲ့ မတည့်တဲ့အစားအစာကို စားတာကစပြီး ချောင်းဆိုးရင်ကျပ်စလာတာပါ''

ဆရာနေမျိုးသီဟက ဆက်ပြောသည်။ ''ကျွန်တော်တို့လို ကွမ်းစားတဲ့သူတွေ၊ ဆေးလိပ်သောက်တဲ့သူတွေအတွက် ချောင်းဆိုး ရင်ကျပ်ရောဂါ မကင်းဘူးဗျ...ဒါကြောင့် ဘယ်ဆေးကို ဆောင်ပြီး သုံးစွဲရမယ်ဆိုတာ ပြောပြပေးပါဦး''

''ရာသီမရွေးလဲ စားသုံးနိုင်ပြီး ရာသီအကူးအပြောင်းတွေမှာ ဖြစ်တတ်တဲ့ ချောင်းဆိုးရင်ကျပ် သလိပ်ကပ်ရောဂါကို သက်သာပျောက်ကင်းစေတဲ့ဆေးတစ်မျိုးရှိတယ်ဗျ...ကျွန်တော့်မိတ်ဆွေ **သမားတော် ဦးကိုကိုကြီး**က ရောဂါရှင်များကို လက်တွေ့ကုသပေးခဲ့ပြီး အစွမ်းထက်ထိရောက်မှုကို သိရှိပြီး စျေးကွက်ထဲမှာ ဖြန့်ချိနေတဲ့ **သားမင်း အမှတ်တံဆိပ် သလိပ်ပျော်ပူရှိန်းငုံဆေးပြား**ရှိတယ်။ ကလေး၊ လူကြီးအရွယ်မရွေး သုံးစွဲနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲဗျ''

''အဲဒီ သားမင်းအမှတ်တံဆိပ် သလိပ်ပျော်ပူရှိန်းငုံဆေးပြားရဲ့ ဆေးအညွှန်းကိုလဲ ပြောပြပေးဦးမှပေါ့''

''ဆရာတို့အားလုံး သုံးစွဲချင်ရင် သုံးစွဲရအောင် ဆေးအညွှန်းပြောပြပေးပါမယ်။ ဆေးအညွှန်း မပြောမီ ကျွန်တော် လက်ဆောင်ရ တဲ့ဆေးဘူးထဲက သားမင်း သလိပ်ပျော် ပူရှိန်းငုံဆေးပြား (၄)ပြား ဆရာကိုဇော်ရဲနိုင် ရေနွေးနဲ့ အရင်သောက်လိုက်ဦး... ကဲ ပြောတော့မယ် နားထောင်...သားမင်း အမှတ်တံဆိပ် သလိပ်ပျော်ပူရှိန်းငုံ ဆေးပြားဟာ ရာသီဥတု အကူးအပြောင်းကြောင့် အအေးမိခြင်း၊ နှာစေး ချောင်းဆိုးခြင်း၊ အပူရှပ်ခြင်း၊ အပူချောင်းဆိုးခြင်း၊ ရင်ကျပ် သလိပ်ကပ်၊ ချွဲကျပ်ခြင်း၊ သလိပ်ပုပ်ထခြင်း၊ လည်ချောင်းစပ်ယား၍ ချောင်းဆိုးခြင်း၊ ကျောရင်အောင့်၍ အသက်ရှု ကျပ်ခြင်းများကို ကွမ်းရွက်စိမ်းရည် (သို့) ရေနွေးနဲ့ သောက်ရင် သက်သာပျောက်ကင်းစေတယ်ဗျ''


''ကောင်းတယ်ဗျာ... ဆက်ပြောပါဦး''

''အစာမကြေ၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လေထိုး၊ လေအောင့်၊ လေနာရောဂါဖြစ်ခြင်း၊ လေပွခြင်း၊ လေချုပ်၍ မအီမသာဖြစ်ခြင်းများ ကို သက်သာပျောက်ကင်းစေပြီး ဆီး၊ ဝမ်း လေချုပ်ခြင်းများကို မှန်ကန်ညီညွတ်စေတဲ့ဆေး ဖြစ်တယ်ဗျ ခံတွင်းအနံ့မကောင်းသူများနဲ့ မူးဝေ၊ ပျို့အန်ခြင်းများအတွက် ငုံပေးပါက ခံတွင်းလဲရှင်း၊ မူးဝေခြင်းလဲ ကင်းလျက် ချွဲသလိပ် ပျော်စေပါတယ်။ ကလေး၊ လူကြီး နေ့စဉ် သုံးစွဲရင် အစာကြေ ရင်ချောင်ပြီး အစားအစာ စားချင်စိတ် ဖြစ်ပေါ်စေတယ်တဲ့ဗျ''

ဆေးညွှန်းများ တရစပ်ပြောပြီး လက်ဖက်ရည်သောက် ရင်း စကားဆက်ပြတ်သွားချိန်တွင် ဆရာဇော်ရဲနိုင်က ''ဆရာ ကိုယ်ဉ်တင့် တိုက်လိုက်တဲ့ သားမင်းအမှတ်တံဆိပ်သလိပ်ပျော် ငုံဆေးပြားရဲ့ အစွမ်းတော့ပြပြီဗျို့...ဆေးသောက်ပြီး နာရီပိုင်း အတွင်းမှာ ခံတွင်းလဲရှင်း၊ သလိပ်လဲပျော်ပြီး ရင်ချောင်သွား တယ်...**သားမင်းအမှတ်တံဆိပ် သလိပ်ပျော် ပူရှိန်းငုံဆေးပြား**ရဲ့အစွမ်းကို လုံးဝယုံကြည် လိုက်ပြီ...ကျွန်တော်လဲ သုံးစွဲမယ် အပေါင်းအသင်းတွေသိအောင် ဆေးရဲ့ကောင်းခြင်း သတင်းကို တစ်အိမ်တက်တစ်အိမ်ဆင်း သတင်းပေးရဦး မယ်ဗျို့...''

ပင်ရင်း-သားမင်းဆေးတိုက် အမှတ် (၁၀၁၃)၊ ဣန္ဒာ(၁၀)လမ်း ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၇၀၁၂..., ၀၉ ၅၀ ၉၇၉၀၃

www.burmeseclassic.com



ယမောဒိုင်မြဲစေတီ ကလယ်ဘုရား

ထိပ်စွန်းခရီးစဉ်နှင့်

# ယောဂဆိုင် (၁)

ဘုရဟံ သာရာသိန်း (လပွတ္တာ)

ရောဝတီတိုင်းဒေသကြီး၏ တောင်ဘက်အစွန်ဆုံးဖြစ်သော ထိပ်စွန်းခရီးစဉ်ဖြစ်သည်။ အကြိမ်ကြိမ်သွားရန် စီစဉ်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ခရီးစဉ် ပျက်ခဲ့ကြရဖူးသည်။ ရေတစ်တန်၊ ကုန်းတစ်တန်ကြောင့်လည်း ပါသည်။

ဘုရားဖူးခရီးစဉ် အဖြစ်လည်း လူတိုင်း မသိကြသလို သမိုင်းဝင် ရှေးဘုရားများ ရှိသည်ကို မသိကြသေးဟန် တူသည်။

ထိပ်စွန်းခရီးထက် ပို၍ ဝေးသော **မြတ်မော်တင်ဘုရားပွဲ၊ ဒီပါရုံဘုရားပွဲ၊ ကျုံမငေးစွယ်တော်ဘုရားပွဲ**များသာ လပွတ္တာမြို့သူမြို့သားများ နှစ်စဉ်အကြိမ်ကြိမ် သွားနေကြသည်။ လူသိများ၍ လူသွားများသဖြင့် သွားဖြစ်ကြသည်ထင်၏။


စာရေးသူနှင့် ဓမ္မမိတ်ဆွေများ ဒီဇင်ဘာ ဆောင်းရာသီ နံနက်ခင်း၏ အအေးဒဏ်ကို မမှုကြ၊ တစ်ယောက်နှင့် တစ်ယောက် ချိန်းထားကြသည့်အတိုင်း မိုးမလင်းမီ ခရီး စတင်ထွက်ကြသည်။

ဆိုင်ကယ်မောင်းသူ တစ်ယောက်၊ နောက်ထိုင်တစ်ယောက်ဖြင့် ဆိုင်ကယ် (၃)စီး၊ လူ(၆)ယောက် လပွတ္တာမြို့မှ လပွတ္တာလုပ်တောင်ရွာကြီးသို့ဆိုင်ကယ်ဖြင့် သွားကြသည်။ နှင်းများ တဖွဲဖွဲနှင့် စိမ့်နေအောင် အေးလှသည်။

ဆိုင်ကယ်အရှိန်ကြောင့် ရှေ့မှ တိုးသော လေအေးသည် မျက်နှာနှင့် နားရွက်များ အေးခဲလာမလား ထင်ရလောက်သည်။ အအေးဒဏ်ကို ကြံ့ကြံ့ခံအန်တုံ၍ မိမိတို့သွားမည့် ခရီးစဉ်အတွက် စိတ်အား ထက်သန်နေကြသည်။

ကတ္တရာလမ်းဖြစ်ပြီး လမ်းကောင်းသည်။ မိနစ်(၃၀)ခန့်သာ မောင်းရပြီး**လပွတ္တာလုပ်တောင်ရွာ မော်တော်**

www.burmeseclassic.com





⬘ ထူပါရုံကျောင်းမှ ဘုရား

⬘ အုတ်တွင်းတဲ့ရွှန်တိုင်ဘုရား

**ဆိပ်သို့** ရောက်သည်။ မော်တော်ဆိပ် လက်ဖက်ရည်ဆိုင်မှာ ဆိုင်ရှင် မိန်းကလေးက ဆီးကြိုနှုတ်ဆက်ပြီး...

'ဦးလေးတို့က ထိပ်စွန်းကို သွားကြမယ့် ဘုရားဖူးအဖွဲ့လား'

'အေး ဟုတ်တယ် သမီးရေ ဒီက စောင့်ဖို့ မှာထားတဲ့ ပွဲထောင်(စက်လှေ) မတွေ့လို့'

ဟု ဓမ္မမိတ်ဆွေ ဦးအောင်သွင် (အငြိမ်းစားကျောင်းဆရာ)မှ ဖြေသည်။

'ဒါဆိုရင် မပူနဲ့ ဦးရေ၊ သူတို့က အစောကြီးက ရောက်နေကြတာ၊ ထိပ်စွန်းသွားမယ့်အဖွဲ့ကို လာစောင့်တာလို့ ပြောတယ်။ ဦးတို့ရှေ့က ရောက်လာကြတဲ့ ဖူးတောင်းဘုရား ထီးတင်ပွဲသွားမယ့်အဖွဲ့တွေကို လိုက်ပို့တယ်။ အခုပဲ ပြန်ရောက်တော့မယ်။ လာ ဒီမှာ ရေနွေးပူပူလေး သောက်ရင်း စောင့်လိုက်နော်'

ဟု ဆက်ဆံရေး ဖော်ရွေစွာဖြင့် ဆိုင်ရှင်မိန်းကလေးက ပြောသည်။

ကျွန်ုပ်တို့ ပွဲထောင်(စက်လှေ)နှင့် ဖြတ်ကူးမည့် ခရီးစဉ်ကဲ့သို့ပင် ဖူးတောင်ရွာ ဘုရားထီးတင်ပွဲ သွားကြသူများလည်း လပွတ္တာလုပ်တောင်ရွာမှ မြစ်တစ်ဖက်ကမ်း အထက်ပြွန်ရွာသို့ သွားကြရသည်။ ခေတ္တတော့ စောင့်ရတော့မည်ဖြစ်သည်။

ကျွန်ုပ်တို့အဖွဲ့ လက်ဖက်ရည်ထိုင်သောက်နေစဉ် ဖူးတောင်းဘုရား ထီးတင်ပွဲသွားကြမည့် နောက်အဖွဲ့များ တဖွဲ့ဖွဲ့ ထပ်ရောက်လာကြသည်။ အားလုံး လပွတ္တာမြို့မှ ဖြစ်သည်။

အထက်ပြွန်ကျေးရွာအနီးရှိ ဖူးတောင်းကျေးရွာ၊ ဖူးတောင်ဘုရားအား လပွတ္တာမြို့မှ စေတနာရှင်များ သွားရောက်ထီးတင်ကြခြင်း ဖြစ်သည်။ ယနေ့ နေ့လယ်ပိုင်းတွင် ထီးတင်ပွဲရှိသဖြင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာကြသည်။ ကျွန်ုပ်တို့အဖွဲ့ အနီးထွက်သည်နှင့် တိုက်ဆိုင်နေသည်။

ဖူးတောင်းဘုရားသို့ သွားမည့်အဖွဲ့

www.burmeseclassic.com



အုတ်တွင်း မူလထေရာတော်ကြီးဘုရား။

များမှ အသိမိတ်ဆွေများက ကျွန်ုပ်တို့အား ထီးတင်ပွဲသို့ အပြန်လှည့်ဝင်ရန် ပြောသည်။

ကျွန်ုပ်တို့ကလည်း အချိန်မီလျှင် လှည့်ဝင်ခဲ့မည်ဟု ကတိပေးခဲ့သေးသည်။ သို့သော် ဗူးတောင်းဘုရားသို့ အချိန်မမီ၍ မဝင်ဖြစ်ခဲ့။

ဘုရားထီးတင်သွားမည့် အဖွဲ့များသည် ဟိုတစ်စု ဒီတစ်စု ထိုင်ကြကာ တစ်ဖက်ကမ်းကူးရန် ကျွန်ုပ်တို့ကဲ့သို့ ထိုင်စောင့်နေကြသည်။ ထိုအချိန်တွင် ဆိုင်ကယ်ဖြင့် ရောက်လာသူက ကိုဝကြီးတို့လင်မယား ဖြစ်သည်။

'ဟေး မင်းတို့လင်မယား နောက်ကျလှချည့်လား၊ ထွက်လာတုန်းက အတူတူလေ ဘယ်ဝင်နေလဲ'

ဘုရားထီးတင်သွားမည့် အဖွဲ့ထဲက လှမ်းမေးခြင်းဖြစ်သည်။ ကိုဝကြီးဆိုသူမှာ ကျွန်ုပ်တို့ နံနက်တိုင်း ထိုင်နေကျ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဖြစ်သည်။

'ဟာ မပြောပါနဲ့တော့ကွာ၊ အမြဲလာနေကျလမ်းကို လမ်းမှားပြီး ဟိုးကလယ်ကွင်းထဲရောက်သွားလို့ နောက်ကျသွားတာဟေ့'

ဟာသအဖြစ် အားလုံး ရယ်မောကြသည်။ နှင်းပိတ်သဖြင့် လမ်းချော်သွားခြင်းဖြစ်မည် ထင်သည်။

ကိုဝကြီးပြောရင်း သဘောကျနေသည်။ ဒီနေ့သူတို့ လက်ဖက်ရည်ဆိုင်ပိတ်၍ ဘုရားထီးတင်ပွဲသွားခြင်း ဖြစ်သည်။

ကျွန်ုပ်တို့ ထိပ်စွန်းသွားမည့်အဖွဲ့အားပို့မည့် ပဲ့ထောင်(စက်လှေ) ရောက်လာသည်။ ဆိုင်ကယ်များကို လူအုပ်နှင့် ဝိုင်း၍ ပဲ့ထောင်(စက်လှေ)ပေါ်သို့ မ,တင်ကြရသည်။

ဆိုင်ကယ်များ ပဲ့ထောင်တွင် ထည့်၍ , ရနိုင်သည့် ပဲ့ထောင်အကြီးကို အော်ဒါ အသွားအပြန် ငှားထားခြင်း ဖြစ်သည်။

ဘုရားထီးတင်သွားမည့် အဖွဲ့ထဲမှ အသိများအား လှမ်းနှုတ်ဆက်၍ ကျွန်ုပ်တို့အဖွဲ့ လပွတ္တာလုပ်တောင်ရွာမှ စတင်ထွက်ခွာလာခဲ့ကြသည်။ ရွာချောင်းမှ ထွက်၍ မြစ်ကို ဖြတ်ကူးပြီး မောင်းရသည်။

မြစ်အလယ်ရောက်လျှင် လက်ယာဘက်တွင် ထင်ထင်ရှားရှား မြင်နေရသည့် ရေလယ်မှ ဘုရားတည်ဆောက်တောင်ပေါ်တွင် ဘုရားတစ်ဆူကို ဖူးတွေ့ရသည်။ "**ကျောက်တန်းလေး**

www.burmeseclassic.com





▲ ပင်လယ်စပ် အုတ်တွင်းတောင်ခြေ

◀ ထူပါရုံမှ တောခိုညောင်ဘုရား

**ဘုရား''**ဟု ဦးအောင်သွင်မှ ပြောပြသည်။ ***(ထိုသမိုင်းဝင် ဘုရားများအား နောက်လပိုင်းတွင် ဆက်လက်ရေးသားပါမည်။)***

အထက်ပြွန်ရွာသို့ မိနစ်(၃၀)ခန့်သာ မောင်းရသည်။ ထိုရွာသည် ပုသိမ်သဘော်ာ ပုသိမ်ရုပ်ပြေး ဆိုက်ကပ်သောရွာကြီး ဖြစ်သည်။ တရုတ်ဆိုင်ကြီးများနှင့် စည်ကားသော ရွာကြီးဖြစ်သည်။

ကျွန်ုပ်တို့ စီးလာသော ပွဲထောင်သည် ထိုရွာတွင် ဝင်မကပ်ပါ။ ဆက်မောင်းသည်။ (၁၅)မိနစ်ခန့် ဆက်မောင်းရသည်။ ဆောက်လက်စ တံတားကြီးကို မြင်ရသည်။ ချောင်းကူးတံတားဖြစ်သည်။ ကွန်ကရစ်တိုင်ကြီးများသာ ထူထားသည်။ အခင်းမခင်းရသေး၊ ထိုတံတားကျော်လျှင် ရေပေါ်ကြီးရွာ ရောက်မည်။

ရေပေါ်ကြီးရွာတွင် ပွဲထောင်ဆိုက်ကပ်သည်။ ဆိုင်ကယ်များကို တံတားပေါ်သို့ ရွာမှလူများက ပိုင်း၍ တင်ပေးကြသည်။ ဆိုင်ကယ်များ လမ်းပေါ်ရောက်သည်နှင့် ပွဲထောင်ပိုင်ရှင်မှ ခေတ္တနားကြရန် ပြောသော်လည်း မနားဖြစ်ကြပါ။ သွားချင်ရောက်ချင်သည့်ဆန္ဒက စောနေကြသည်။

ရေပေါ်ကြီးရွာမှ ထွက်လျှင် ကားလမ်းကို ရောက်သည်။ မိုင်တိုင်အမှတ်(၂၂)မိုင်ကို တွေ့ရသည်။ ကားလမ်းသည် ကျောက်ခင်းလမ်းဖြစ်သည်။ လမ်းက သိပ်မကြမ်းလှ၊ သွား၍လာ၍ကောင်းပါသည်။

(၂၅)မိနစ်ခန့် မောင်းသွားကြရာတွင် ဥယျာဉ်များဖြင့် အုပ်ဆိုင်းနေသော ကညင်ငူရွာကို ရောက်သည်။ ရှေ့မှ ညိုညို့မှိုင်းမှိုင်းနှင့် နောက်တစ်ရွာကို လှမ်းမြင်ရသည်။ ထိုရွာမှ သင်္ကန်းကုန်းရွာဖြစ်သည်။ ရွာဆိုသော်လည်း မြို့ငယ်တစ်မျှ စည်ကားသည်။

စတိုးဆိုင်ကြီးများ၊ အထည်ဆိုင်များ၊ အသားငါးဈေး၊ ကုန်စိမ်းဈေး ရှိသည်။ ထိုရွာအရောက်တွင် ကျွန်ုပ်တို့နှင့်အတူပါသော ဓမ္မမိတ်ဆွေ ဦးမောင်မောင်(ဆားလုပ်ငန်း)မှ ဆိုင်ကယ်ကိုရပ်လျက် ကျွန်ုပ်တို့အား လှမ်းပြောသည်။

'သင်္ကန်းကုန်းမှာ မုန့်ဝင်စားကြမယ်။ တို့အဖွဲ့တွေ ဗိုက်ဆာလှပြီ'


ဆိုင်ကယ်ကို ကားလမ်းမှ လှည့်ပြီး သင်္ကန်းကုန်းရွာဘက် မောင်းဝင်လိုက်ကြသည်။ ရွာ၏ ကုန်းဘက်ခြမ်းတွင် ဥယျာဉ်များ၊ ကိုယ့်ခြံနှင့်ကိုယ် နှစ်ရှည်သီးပင်များ၊ ဝါးပင်များ စိုက်ပျိုးထားကြသဖြင့် အေးချမ်းသော ရွာကြီးဖြစ်သည်။

ဓမ္မမိတ်ဆွေ ဦးမောင်မောင်မှ ဤရွာသို့ မုန့်ဝင်စားရန် ပြောစဉ်က လိုက်သာ လိုက်လာရသည် သိပ်ပြီး စိတ်မပါလှပါ။ သို့သော် ရွာလယ်သို့ ရောက်သောအခါမှ ဤရွာသို့ ဝင်လာရသည်မှာ မှန်သည်ဟု ကျေနပ်မိသည်။

အကြောင်းမှာ သင်္ကန်းကုန်းရွာကြီးသည် ထိပ်စွန်းသို့ ဘုရားဖူးသွားလိုသူများနှင့် ပင်လယ်အတွင်းသို့ ထိုးထွက်နေသော သဘာဝအလှများ

www.burmeseclassic.com





◆ ထူပါရုံ ဂူမျက်နှာတော်ရာအတွင်း

◀ ဓမောအိုင်မှ ရုပ်တော်မှု

လေ့လာလိုသူများအတွက် အချက်အချာကျသည့် ရွာကြီးဖြစ်သည်။

ထိုခရီးစဉ်အတွက် ဆိုင်ကယ်ကယ်ရီများ၊ ဒိန်းဒေါင်းခေါ်သော ထော်လာဂျီယာဉ်များ၊ သုံးဘီးဆိုင်ကယ်ကယ်ရီများ၊ ကားများ အားလုံး ရှိသည်။

အချိန်မရွေး လိုက်ပို့ပေးမည့် ယာဉ်များ သူ့ဂိတ်နှင့် သူရှိနေကြသည်ကို ယခုမှ သေသေချာချာ သိရတော့သည်။ **ပုသိမ်၊ ငပုတော၊ လပွတ္တာ သဘော်များလည်း** နေ့စဉ်ရှိသော ရွာကြီးဖြစ်ကြောင်း သိရသည်။

ကျွန်ုပ်တို့အဖွဲ့ သက်နိုးကုန်းရွာမှ အထွက်တွင် နံနက်(၉)နာရီ ကျော်နေပြီဖြစ်သည်။ ထိပ်စွန်းနှင့် သက်နိုးကုန်းရွာသည် နေ့စဉ် ဆိုင်ကယ်များ၊ ဒိန်းဒေါင်းများ၊ ကားများ အသွားအလာများသည် ထင်သည်။ ကားလမ်း(ကျောက်ခင်းလမ်း)မှာ အနည်းငယ်ကြမ်းလာပါတော့သည်။

လမ်းသည် မြေပြန့်လမ်းမှာ တာဖို့၍ ကျောက်ခင်းထားသောကြောင့် အနိမ့်အမြင့်များ ကြမ်းသည့်နေရာ ကြမ်းသည်။ အချို့နေရာများ သိပ်မကြမ်းလှပါ။ ဖြည်းဖြည်း ထိန်းမောင်းရင်းဖြင့် **သောင်လေးရွာသစ်**ကို ရောက်သည်။

နာဂစ်မုန်တိုင်းတွင် ရွာပျက်သွားသဖြင့် နိုင်ငံတော်နှင့် NGOအဖွဲ့များမှ ပုံစံတူအိမ်ငယ်များ ဆောက်လုပ်ထားပြီး ရွာသစ်တည်ထားသည်။

ကားလမ်းဘေး ဝဲယာတို့တွင် စပါးလယ်ကွင်းများရှိကြသလို ရေတင်၊ ကွင်းပြင်နေကြသော ဆားလယ်ကွင်းများလည်း အများအပြား တွေ့ရသည်။ ဆားဂိုထောင်များအား အုတ်ကြွပ်မိုးထားသော ဆားဂိုထောင်များ၊ သွပ်မိုးထားသော ဆားဂိုထောင်များ တွေ့ရသည်။

ဆားလုပ်ငန်းရှင်များနေသော အိမ်ကို တိုက်ဆောက်ထားသော ဆားကွင်းများကိုလည်း တွေ့ရသည်။ အမြင်ထူးခြားတာကိုလည်း တွေ့ရသည်။ ဓနိမိုး၊ ဓနိကာ တဲလေးများအချို့တို့မှာ ဓနိမိုးပေါ်မှာ တပ်ဆင်ထားသော ဆိုလာပြားများနှင့် တီဗွီအင်တင်နာများ တွေ့ရခြင်းဖြစ်သည်။ နယ်အနှံ့၊ တောအနှံ့ တိုးတက်လာခြင်း ဖြစ်မည်ထင်သည်။

သက်ကယ်သောင်ရွာနှင့် အုန်းချောင်းရွာများ ဆက်နေကြသည်။ ယခင် အလွန်စည်ကားသော ရွာကြီးများဖြစ်သည်။ နာဂစ်မုန်တိုင်းဒဏ်ကို ပြင်းပြင်းထန်ထန် ခံရသော ရွာကြီးများဖြစ်သည်။'

ယခု ယခင်လောက် မစည်ကားတော့။ တစ်ဆက်တည်း ဘုန်းတော်ပြည့်ရွာကြီးကိုလည်း အုန်းတောများ ညို့ညို့မှိုင်းမှိုင်းဖြင့် ဆက်မြင်ရသည်။

'ရှေ့ကမြင်နေရတာ ဘုန်းတော်ပြည့်ရွာပဲ၊ အဲဒီရွာကြီးကလဲ အရင်ကစည်သလောက် အခုတော့ အုန်းခြံအချို့နဲ့ အိမ်အနည်းငယ်လောက်ပဲကျန်တယ်'

ဦးအောင်သွင် (ကျောင်းဆရာ)မှ ရှင်းပြသည်။

ဘုန်းတော်ပြည့်ရွာမှာ ယခင်က ဒီနာမည်မဟုတ်ဟု ပြောပြသည်။ ပုံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒီဗွေကျွန်း ထူပါရုံ ကျောက်တောင်စောင်းတွင် ထွင်းထုထားသော ရုပ်ပွားတော်များ

ကျော်ပစ်သည့်အရပ် ဖြစ်သည်။

ယခင်ရွာနာမည်မှာ ဖုံးကျော်ပစ်ရွာ ခေါ်ကြကြောင်း၊ ကာလရှည်လျားလာသောအခါမှ ဘုန်းတော်ပြည့်ရွာဟု ခေါ်ကြသည်ကို ရွာခံတစ်ဦးပြောပြမှ သိရသည်။

ယခုမူ ရွာနာမည်ကို ဘုန်းတော်ပြည့်ဟု စာများတွင် တွေ့ရသည်။

## ကျောက်တောင်အစ အုတ်တွင်းက

လမ်းတစ်လျှောက် မြေပြန့် ကျောက်ခင်းလမ်းများဖြစ်သည်။ အုတ်တွင်းရွာအရောက်တွင် ကျောက်တောင်ပေါ် စရောက်တော့သည်။ အုတ်တွင်းမှ စတင်၍ ထိပ်စွန်းအထိ ကတ္တရာလမ်းဖြစ်သည်။ အုတ်တွင်း တောင်ပေါ်ကျောင်းသို့ ဝင်ရောက်သည်။

ပထမဆရာတော်ကြီး တရားအားထုတ်သော ဂူဘုရားနှင့် အခြားသော အုတ်တွင်းကျောင်းနှင့် ရန်မျိုးအောင် ဆုတောင်းပြည့်ဘုရားအား ဖူးမြော်ကြသည်။ ဓာတ်ပုံရိုက်သည်။

အုတ်တွင်း ကျောင်းတောင်ပေါ်မှ အပေါ်စီး လှမ်းမြင်ရသော ဘုန်းတော်ပြည့်ရွာမှ ယခင်ပြွတ်သိပ်နေသော ရွာတန်းကြီးမှာ အိမ်မရှိတော့။ တောများပင် ပြန်ပေါက်နေပြီဖြစ်သည်။

နာဂစ်မုန်တိုင်း၏ နာရီပိုင်းအတွင်း နင်းခြေဝါးမျိုပစ်ခြင်း အပြင်းထန်ဆုံး ခံရသောဒေသ ဖြစ်သည်။

တောင်ပေါ် ကတ္တရာလမ်း၏ ဝဲယာတို့တွင် အုတ်တွင်းရွာဖြစ်သည်။ အိမ်များမှာ နာဂစ်အလွန်တွင် နိုင်ငံတော်နှင့် NGOအဖွဲ့များ ပုံစံတူဆောက်ပေးထားသော အိမ်များဖြင့် စည်[...]နေပြီ ဖြစ်သည်။

အုတ်တွင်းရွာမှ ဆက်၍ ကတ္တ[...] လမ်း အတိုင်းသွားကြရာ လမ်း[...] ဝဲယာတို့အား သတိထားကြည့်မိသည်[...] နေရာအနှံ့ ကွက်ပြီးပေါ်နေသော ကျောက်သားများသည် မည်းနက်[...]သည်။

မြက်မပေါက်၊ အပင်မပေါက်[...] ထင်ပါသည်။ ကျောက်ဖျာကြီးမျာ[...] ကျောက်တုံးကြီးများ အလွန်ပေါ[...] ဒေသ ဖြစ်သည်။

ရွှေလ ဆက်ဖတ်ပါရန်

အရဟံ ဆရာသိန်း(လပွတ္တာ)

www.burmeseclassic.com

# အဆီကျ အလုပို ဆီး,ဝမ်း မှန်စေလိုလျှင်

(ကျော်ကြားသောဆေးဝါး)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် ရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် သကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း ပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်းယောင်းနှင့် ညို ဖြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက တက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. .။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်း ညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တော ရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေ ကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချု ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြေ ထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း လာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အ အပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ ေ ချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ေ မွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေ မသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ် များ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျ ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အ နာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအေ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက် မှည့်ခြောက်ထွက်ခြင်း၊ သွေးဓာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မ အပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အ ကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသေ အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ ေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ြ စေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝ ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြ ဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မ သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနု ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချု တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်၊**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအော ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြေ တဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆ

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သ္မော်လမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၇၅၂

www.burmeseclassic.com

ကျွဲခြံရွာသစ် တောင်ခြေမှ

# မဟာဂေဝရုံ အရှင်အာစာရ

၏ ဘဝပုံရိပ်များ (၁)

### နိဒါန်း

နံနက်ခင်း လက်ဖက်ရည်ဝိုင်းတစ်ခုတွင် စာတည်းချုပ်က **လွန်ခဲ့သောနှစ်(၃၀)ခန့်က** ဖူးတွေ့ခဲ့ရသည့် ဆရာတော်တစ်ပါးအကြောင်း ပြောကြားသည်။

'ပေါင်ကျွဲခြံရွာနားမှာ ဆန်စက်ကြီးတစ်ခု ရှေ့ကနေ တောထဲ ဝင်သွားရတယ်။ သက်တော်(၈၀)ကျော်လောက်ရှိမယ်။ အင်မတန် ကြည်ညိုစရာကောင်းတယ်။ လူအတော်များများလဲ လာဖူးလေ့ရှိတယ်'


'ကျွဲခြံရွာသစ်တောရ ဆရာတော်ကြီး ဖြစ်လိမ့်မယ်။ ကောင်းကင်မှာ ရိုက်ထားတဲ့ဓာတ်ပုံလဲ ရှိတယ်လေ'

'ဟုတ်တယ် ဒီလို ထူးခြားတဲ့ဆရာတော်တစ်ပါးအကြောင်း အများသိရှိ ကြည်ညိုခွင့်ရအောင် ဖော်ထုတ်သင့်တယ်'

ဆရာ၏ လမ်းညွှန်အကြံပေးချက်ဖြင့် ကျွဲခြံရွာသစ်တောရ ဆရာတော်ကြီး အရှင်အာစာရ၏ တပည့်ဒါယကာဆွေမျိုးသားချင်းများရှိရာ သထုံ၊ ပေါင်၊ မော်လမြိုင်မြို့နယ်များအတွင်း လှည့်လည်သွားရောက်ကာ ဆရာတော်၏ ဘဝပုံရိပ် ဖြစ်စဉ်တော်များကို တတ်နိုင်သမျှ စုစည်းပူဇော် ဖော်ပြလိုက်ပါသည်။

### သာမညဆရာတော် လမ်းညွှန်ခြင်း

**၁၉၉၃ ခုနှစ်တွင်** ပေါင်မြို့မှ ဒေါ်ခင်



- တောရဆရာတော်ဦးအာစာရ


ခင်နှင့် ကျောင်းဆရာမများအဖွဲ့သည် ကျောင်းပိတ်ရက်တစ်ရက်၌ သာမညဆရာတော်အား သွားရောက် ဖူးမြော်ကြသည်။

'ဘယ်က လာကြသလဲ'

'အပေါင်(ပေါင်မြို့)ကပါ ဘုရား'

'အပေါင်မှာလဲ ထူးခြားတဲ့ ဆရာတော်ကြီးတွေရှိပါတယ်။ ကော့ကရိုက်ဆရာတော်တို့

www.burmeseclassic.com



ကျွဲခြံရွာသစ် တောရအဝင်လမ်း

ကျွဲခြံရွာသစ်တောရ ဆရာတော်တို့လဲ ဖူးရခဲ့တဲ့ ပုဂ္ဂိုလ်တွေပဲ။ သွားဖူးလိုက်ကြပါဦး' ဟူ၍ လမ်းညွှန်မိန့်ကြားတော်မူခဲ့သည်။

သို့ဖြစ်၍ ပေါင်မြို့သို့ ပြန်ရောက်သောအခါ ဆရာမများ စုပေါင်း၍ ကော့ကရင်ရွာကျောင်း ဆရာတော်အား လည်းကောင်း၊ ကျွဲခြံရွာသစ်တောရ ဆရာတော်အား လည်းကောင်း ဝါဆိုသင်္ကန်းတစ်ထည်စီ ဖူးမြော်ကပ်လှူ ဒါနပြုခွင့် ရရှိခဲ့ကြလေသည်။

## ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်လောင်းလျာကို ပေါင်မြို့နယ်၊ အလုပ်ဝဲပတန်ကျေးရွာအုပ်စု၊ ပိတောက်ကုန်းရွာနေ ဦးရီ၊ ဒေါ်လေးရင်တို့မှ ၁၂၆၁ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်နေ့တွင် မွေးဖွားခဲ့သည်။

ငယ်မည် **မောင်အောင်စစ်တီး**ဟု တွင်၍ သားအကြီးဆုံးဖြစ်သည်။ ညီမ မမာ၊ မတင်နှင့် ညီ မောင်ပါကြီး ဟူ၍ မောင်နှမ(၄)ဦး ရှိကြသည်။

မောင်အောင်စစ်တီးအား မွေးဖွားပြီးနောက် မကြာမီ ပေါင်မြို့ ကျွဲခြံရွာသစ်သို့ ပြောင်းရွှေ့နေထိုင်ကြရာ-ကျွဲခြံရွာသစ်သည် မောင်အောင်စစ်တီး၏ ပဝတ္တိဒေသ ဖြစ်ခဲ့သည်။ ဇာတိ ပိတောက်ကုန်းရွာကလေးမှာ ယခုအခါ ကမ်းပြို၍ ပင်လယ်အောက်သို့ ရောက်ရှိသွားပြီ ဖြစ်သည်။

မောင်အောင်စစ်တီးသည် ငယ်စဉ်ကပင်လျှင် အနေအေး၍ သနားကြင်နာတတ်သည်။ လူပျိုပေါက်အရွယ်တွင် မိဘများနှင့်အတူ **တစ်မှုံးချောင်**ရွာသို့ သွားကာ လယ်ယာလုပ်ကိုင်ကြရာ သားအကြီးဆုံးဖြစ်သည့်အားလျော်စွာ မိသားစုစား သောက်ရန် အိုးသူကြီးတာဝန် ယူရသည်။

တစ်နေ့တွင် မိခင်က ကဏန်းများ ဝယ်ယူကာ ချက်ပြုတ်ထားရန် မှာကြား၍ မိဘများ လယ်ကွင်းသို့ ထွက်သွားကြသည်။ ပင်လယ်ကမ်းမြောင်ဒေသ ငါး ပုစွန် ပေါများသည့်ဖြစ်ရာ ကဏန်းများမှာလည်း လတ်ဆတ်သော အရှင်များ ဖြစ်ကြသည်။

မောင်အောင်စစ်တီးက ဇောက်နက် ဒန်အိုးတစ်လုံးအတွင်း ကဏန်းများ ထည့်ကာ အပူပေးသည်။ **(ကဏန်းများ အရှင်ကို ရေဖြင့် ပြုတ်က အရသာပေါ်သွားသည်ဟု ယူဆ၍ မီးဖြင့် လော်လေ့ရှိကြသည်။)** အိုးပူလာသည်နှင့်အမျှ ကဏန်းများသည် ယောက်ယက်ခတ်ကာ ဟိုဒီ ပြေးလွှားကြလေသည်။

ဤသည်ကို ကြည့်နေရင်းမှ သနားလာသဖြင့် ဖိုပေါ်မှချကာ ကဏန်းများကို အနီးရှိ ချောင်းအတွင်းသို့ လွှတ်ပစ်လိုက်လေသည်။ ထမင်းစားချိန်တွင် မိဘများ ပြန်ရောက်လာသောအခါ အကြောင်းစုံသိရလျှင် **"ဒီလောက် သနားတတ်နေမှတော့ ဘုန်းကြီး ဝတ်နေပါလား"**ဟု မြည်တွန်ကြလေသည်။

ထိုနေ့သည်ကား အောင်စစ်တီးအတွက် ဘဝတစ်ဆစ်ချိုး ပြောင်းလဲခဲ့သည့်နေ့ဖြစ်သည်။ မိဘများ ဆိုမြည်သောစကားသည် သူ့အတွက် ဝမ်းနည်းစရာ စိတ်ဆိုးစရာ မဖြစ်ဘဲ ရှည်လျားသော ညဥ့်အမှောင်ကို လွန်မြောက်၍ အရုဏ်ကျင်းလာသကဲ့သို့ မိမိလျှောက်လိုသောလမ်းကို ထင်ထင်ရှားရှား မြင်တွေ့လိုက်ရသကဲ့သို့ ရှိလေသည်။

နောက်တစ်နေ့တွင် ရုတ်တရက် ပျောက်သွားသဖြင့် လိုက်ရှာကြရာ ကျွဲခြံရွာသစ် ကျောင်းကြီးတွင် ရှင်အာစာရအဖြစ် ဖူးတွေ့ကြရသည်။ မိဘများက ချော့မော့၍ ပြန်ခေါ်သော်လည်း မရသဖြင့် လက်လျှော့ကြရသည်။

ထိုနောက် အသက်(၂၀)ပြည့်သော ၁၂၈၁ ခုနှစ်တွင် ကျွဲခြံရွာသစ်ကျောင်းကြီး၌ "ပတ"ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ရောက်ရှိခဲ့သည်။ ရွာသစ်ကျောင်း၌ပင် စာဝါသင်ယူကာ (၂)ဝါရတွင် အကြောင်းတစ်စုံတစ်ရာကြောင့် ပရိသုဒ္ဓိပြုသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနှစ်တွင်ပင် ဘားအံမြို့နယ် ကျုံဖဲရွာကျောင်း၌ ဆရာတော်ကြီး ဦးအဂ္ဂဥာဏအား ဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ပြန်လည် ဝင်ရောက်သည်။

ယင်းနောက် မော်လမြိုင်မြို့ ဗုဒ္ဓရက္ခိတကျောင်းတွင် (၆)ဝါ၊ ကျုံဖဲရွာကျောင်းတွင် (၄)ဝါ စာပေပရိယတ္တိများ သင်ယူခဲ့သည်။

သက်တော်(၃၃)နှစ်အရွယ် (၁၀)ဝါ အရတွင် **သပိတ်အိုင်တောရ ဆရာတော်ကြီး ဦးကိတ္တိထံမှ ကမ္မဋ္ဌာန်းနည်းနာ ဩဝါဒများခံယူ၍** ပေါင်မြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာ၊ ရွှေဘုံသာစေတီကုန်းတော်နှင့် ချောင်းရိုးတစ်ခုခြားသော ကုန်းတော်မြေတွင် တစ်ပါးတည်း ကေစာရီ တောရဆောက်တည်တော်မူသည်။

**[ထိုကာလသည် ၁၂၉၄ ခုနှစ်ကာလဖြစ်ရာ မော်လမြိုင် တောင်ဝိုင်း ကလေးတိုက်ကျောင်းမှ စာချဆရာတော် ဦးသောဘနသည် ရွှေရောင်ပြတောရ (ဘီးလင်းမြို့နယ်) ဘုန်းတော်ကြီး ဦးအုန်းခိုင်ထံတွင် သုသာန်ဓုတင် ဆောက်တည်၍ နည်းခံယူပြီးနောက် သထုံမြို့ မင်းကွန်းဇေတဝန် ဆရာတော်ကြီးထံသို့ ခိုလှုံကာ နည်းနာခံယူနေချိန်ဖြစ်သည်။**

**နောင်တွင် မ ဟာစည်သာသနာ့ရိပ်သာ ဆရာတော်အဖြစ် ကျော်ကြားလာခဲ့သည်။ တောရဆရာတော် ဦးအာစာရထက် သက်တော် (၆)နှစ်၊ ဝါတော်(၃)ဝါမျှ ငယ်သည်။**

**၁၃၃၇ ခုနှစ်တွင် တောရ ဆရာတော် ဦးဆောင်၍ မုတ္တမ၌ သာသနာ့ရိပ်သာ ထူထောင်သောအခါ ထိုစဉ်က ကမ္ဘာသိ ကျော်ကြားနေသော**



◆ ထေယာ်တွင် ရိုက်ထားသည့်ပုံ

**မဟာစည်ဆရာတော်အား လျှောက်ထား အကူအညီတောင်းခဲ့သဖြင့် မုတ္တမ မဟာစည် သာသနာ့ရိပ်သာ ဖြစ်ပေါ်လာကာ ဆရာတော်နှစ်ပါးလည်း အထူးရင်းနှီး ခင်မင်မှု ရှိလာခဲ့လေသည်။]**

ရွှေဘုံသာစေတီ ကုန်းတော် အထက် ချောင်းအထက်မှ ကုန်းမြေသည် ထိုစဉ်အခါက ကျုံကရွာအနီး နွားလည်ဘို့တောင်ခြေရှိ သပိတ်အိုင်တောရကဲ့သို့ပင် သားရဲတိရစ္ဆာန်ပေါ်များ၍ မမြင်အပ်သော ပရလောကသားများလည်း ထူပြောသောနေရာဖြစ်သည်။

ဆရာတော်ဦးအာစာရသည် မိမိထက် သက်တော် (၆)နှစ်မျှကြီးသော သပိတ်အိုင်ဆရာတော် ဦးကိတ္တိထံမှ ဩဝါဒ ခံယူရာ ဆရာတော်ဦးကိတ္တိ လမ်းညွှန်သည့်အတိုင်း သုသာန်ဓုတင်ကို အထူးအားပြု ဆောက်တည်တော်

www.burmeseclassic.com



← စေတီမုခ်နှင့် မွမ်းမံမှုလက်ရာများ

မူခဲ့သည်။

အရှင်အာစာရသည် သထုံ၊ ပေါင်၊ မော်လမြိုင်နှင့် ဘားအံမြို့နယ်များ အတွင်းရှိ သုသာန်ပေါင်း(၃၀)ကျော်သို့ ကြွရောက် အားထုတ်တော်မူခဲ့လေသည်။

သရဏာဂုံခြုံ ဗုဒ္ဓဂုဏ်တော် အားထား၍ မေတ္တာကို ပွားများပါက ပရလောကသားများအပါအဝင် ခက်ထန်ကြမ်းတမ်းသူ တိရစ္ဆာန်များအားလုံးကို မိတ်ဆွေဖွဲ့နိုင်ကြောင်း နောင်တွင် ဆရာတော်ဦးအာစာရက မိန့်ကြားတော်မူလေ့ ရှိပေသည်။

သပိတ်အိုင်ဆရာတော် ဦးကိတ္တိသည် ဦးအာစာရထက် သက်တော်(၆) နှစ်မျှ ကြီးရင့်သည်သာမက ထိုစဉ်က သပိတ်အိုင်တောရသို့ ကြွရောက် အားထုတ်နေသည်မှာ (၆)ဝါမျှရှိပြီဖြစ်သည်။ **[၁၂၈၈ ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက်နေ့တွင် သပိတ်အိုင်သို့ စတင်ကြွရောက်ခဲ့သည်။]**

ထို့ကြောင့် အတွေ့အကြုံ ပိုမိုရင့်ကျက်သည့်အလျောက် ဂုဏ၊ ဝရ အလေးအနက်ထားကာ ဆည်းကပ်ပူဇော်၍ ဆရာတော်ဦးကိတ္တိကလည်း ကရုဏာထား၍ ကူညီ လမ်းညွှန်တော်မူခဲ့လေသည်။

ရွှေဘုံသာစေတီအနီး ကုန်းတော်တွင်(၄)နှစ်မျှ သီတင်းသုံးပြီးနောက် ၁၂၉၈ ခုနှစ်တွင် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်၊ သားရေနယ်တစ်ချပ်ဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ် တောတောင်များအတွင်း လှည့်လည်ကျင့်ကြံ အားထုတ်ခဲ့သည်။

သက်တော်(၆၀)ပြည့်ချိန် ၁၃၂၁ ခုနှစ်တွင် ပေါင်မြို့နယ်၊ ကွဲခြံရွာသစ်အနီး တောင်စောင်းတစ်နေရာတွင် ကေစာရီ တောရဆောက်တည်၍ သီတင်းသုံးတော်မူသည်။ ကွဲခြံရွာသစ်တောရတွင် သီတင်းသုံးရာ၌ ရွာတွင်းသို့ ဆွမ်းခံကြွခြင်းမှလွဲ၍ သာရေးနာရေး ကိစ္စများအတွက် ကြွရောက်ခြင်း မရှိပေ။

ဆွမ်းဘုဉ်းပြီးသောအခါ တဲကျောင်းကလေးအတွင်း၌ တစ်ပါးတည်း ကျင့်ကြံ အားထုတ်နေလေ့ရှိသည်။ တပည့်၊ ကျောင်းသား၊ ကပ္ပိယ အကူမထားပေ။

ဆရာတော်၏ သီလ သမာဓိဂုဏ်သတင်းကြောင့် ပူပရိသတ်ဖူးမြော်ကြည်ညိုသူ များလာသောအခါတွင်မှ

www.burmeseclassic.com

သာ ကပ္ပိယတစ်ဦး နေခွင့်ပြုသည်။ သီးခြားဇရပ်တွင်နေကာ ဆရာတော်၏ ဆွမ်းကိစ္စကို ကူညီပေးရသည်။

## ထူးခြားသည့် လူတစ်စု

ရွာသစ်တောရတွင် စတင် သီတင်းသုံးစဉ် ညတစ်ညဌ ဖြစ်သည်။ တဲကျောင်းကလေးအတွင်းမှ ထွက်ကာ ကုဋီဆီသို့အလာ မီးအုပ်ဆောင်း၏ မှိန်ပျပျ အလင်းရောင်အောက်တွင် လူတစ်စုကို တွေ့ရသည်။

တုတ် ဓား လက်နက် ကိုယ်စီကိုင်၍ (၁၀)ယောက်ခန့်ရှိ၏။ ကျောင်းရှိရာ တောင်စောင်းသို့အတက် ကျောက်လှေကားထစ်များ၌ စုဝေးနေကြသည်။

'ဒကာတို့ ဘာအလိုရှိသလဲ'


ဟု မေးမြန်းသော်လည်း ဖြေကြားခြင်း မရှိကြချေ။ သုံး,လေးကြိမ်မျှ မေးသော်လည်း တိတ်ဆိတ်နေကြသဖြင့် ဆရာတော်က...

'ဒကာတို့ မပြောကြတော့ ဘုန်းကြီးလဲ ရှိတာပေးရမှာပေါ့'

ဟု မိန့်ကြားကာ မြေပြင်တွင် သားရေနယ်ခင်း၍ ငါးပါးသီလပေး၏။ ထိုသူများက ရပ်လျက်ပင် ရှိကြကာ ဆရာတော် သီလပေးပြီးအဆုံးတွင် တစ်ဦးက တောင်အောက်သို့ ပြန်ဆင်းသွားသည်။

ဆရာတော်က ဆက်လက်၍ မေတ္တာပို့သလေရာ ခဏမျှအကြာတွင် ကျန်လူများလည်း ပြန်ဆင်းသွားကြလေတော့သည်။ **(ဤအကြောင်းကို ညီမတော်ဖြစ်သူ ဒေါ်မာအား ပြန်လည် မိန့်ကြားခဲ့ခြင်းဖြစ်သည်။)**

ဆရာတော်သည် ဆွမ်းခံကြွရာတွင် တူရူဝန်းကျင် လေးတောင်အကွာအဝေး ထက်ပို၍ မကြည့်ပါ။ မျက်လွှာချ၍ အိမ်စဉ်အတိုင်း ဆွမ်းခံကြွတတ်သည်။



ဆရာတော် သီတင်းသုံးခဲ့ရာကျောင်း

ဒေါ်မာ၊ ဒေါ်တင် စသည့် နှမရင်းများက နေအိမ်တွင်းသို့ ပင့်ဖိတ်သောအခါ ယောက်ျားအဖော်၊ ကပ္ပိယ မပါလျှင် ကြွရောက်ခြင်းမရှိ၊ စကားပြောဆို မိန့်ကြားလေ့ မရှိပေ။

တောရကျောင်းသို့အပြန် ကျောင်း၌ မာတုဂါမတစ်ဦးဦး ရောက်နေပါက ကျောင်းအနီး ကျောင်းမြေအပြင်ဘက် သစ်ပင်ရိပ်တွင်သာ ရပ်နေ၏။

ဒါယကာတစ်ဦးဦး သို့မဟုတ် တောတက် ထင်းရှာ ယောက်ျားတစ်ဦးဦး ရောက်လာမှသာ ကျောင်းမြေသို့ ခြေချတော်မူသည်။ ကျောင်းသို့ ရောက်သော် သပိတ်အဖုံးတွင် မိမိတစ်ပါးစာ ဆွမ်းများဖယ်ကာ ကျန်သမျှ ပိုသမျှကို ကျေးငှက်တိရစ္ဆာန်များအတွက် ခွဲဝေကျွေးမွေးသည်။

ကပ္ပိယရောက်လာသော ကာလတွင် ကပ္ပိယက မိမိအတွက် ချန်၍ကျန်သမျှ ကျွေးမွေးလှူဒါန်းပေးရသည်။ ထို့နောက် သပိတ်ကို ဆေးကြော၍ သပိတ်အဖုံးမှ ဆွမ်းများ ထည့်လျက် မြတ်စွာဘုရားအား ကပ်လှူသည်။

ဆွမ်းဘုဉ်းချိန်ရောက်လျှင် စွန့်ယူဘုဉ်းပေးတော်မူသည်။ သက်သတ်လွတ် ဘုဉ်းပေးခြင်း မဟုတ်ပါ။ သဒ္ဓါပေါ်၍ လှူဒါန်းသမျှကို အလှူခံယူတော်မူပါသည်။

## ဝေဟင်မှ ဓာတ်ပုံ

၁၉၇၈ ခုနှစ် နွေအကုန် မိုးအကူးကာလဖြစ်သည်။ ကပ္ပိယကြီးသည် ဆွမ်းစားဇရပ်ပေါ်တွင် အရုဏ်ဆွမ်းအတွက် ပြင်ဆင်ကာ ဆရာတော်၏ တဲကျောင်းအနီးတွင် စောင့်ဆိုင်းနေသည်။ အသံပြုခြင်း၊ လျှောက်ထားခြင်း မပြုရပါ။

အရုဏ်တက်သည်နှင့် ဆရာတော် ထွက်ကြွလာကာ အရုဏ်ဆွမ်း ဘုဉ်းပေးမြဲ ဖြစ်သည်။ ဤတစ်နေ့တွင်ကား အရုဏ်ကျင်း၍ မိုးစင်စင်လင်းပြီဖြစ်သော်လည်း ဆရာတော် ထွက်လာခြင်း မရှိသေးပါ။

ကျောင်းနံရံတွင် နားကပ်၍ နားထောင်ကြည့်သောအခါ တိတ်ဆိတ်နေသည်။ ဆရာတော် ကျိန်းစက်နေဟန် ရှိသည်။ ဆရာတော်သည် အိပ်ရာ၊ ခုတင်၊ ခြင်ထောင်မရှိ၊ လဲလျောင်း အိပ်စက်ခြင်းမရှိသော နေသဒ္ဓိမှုတင်

www.burmeseclassic.com

ဆောင် ပုဂ္ဂိုလ်ဖြစ်ရာ ဆရာတော် ကျိန်းစက်သည်ကို မတွေ့ရဘူးပေ။

သို့မို့ကြောင့် ကျိန်းစက်နေခြင်းလည်း မဟုတ်တန်ရာ။ တစ်ဦးတည်း အတွေးရခက်စွာ ဗျာများနေချိန် နံနက် (၆)နာရီခွဲခန့်တွင် ဆရာတော် ထွက်ကြွလာကာ ဆွမ်းဘုဉ်းပေးတော်မူသည်။ ကပ္ပိယကြီးက မေးလျှောက်သော်လည်း တစ်စုံတစ်ရာ မိန့်ကြားခြင်းမရှိချေ။

တစ်လခန့်ကြာသောအခါတွင် ဌာနဆိုင်ရာ ဝန်ထမ်းများဖြစ်ဟန်ရှိသော လူသုံးဦးက ဓာတ်ပုံတစ်ပုံကိုင်၍ တောရကျောင်းသို့ ရောက်လာကြသည်။ လွန်ခဲ့သည့် တစ်လခန့် နံနက် (၆)နာရီအချိန်တွင် မုတ္တမ ပင်လယ်ကွေ့အနီး တနင်္သာရီကမ်းမြောင် (သထုံခရိုင်)အထက် ဝေဟင်ယံ၌ ဈာန်ပျံကြွနေသော ဆရာတော်တစ်ပါးကို ဖူးတွေ့ရသဖြင့် ရိုက်ကူးထားသော ဓာတ်ပုံ ဖြစ်သည်။

အနီးဝန်းကျင် မော်လမြိုင်ခရိုင်၊ သထုံခရိုင်နှင့် ဘားအံခရိုင်အတွင်း လှည့်လည်စုံစမ်းခဲ့ရာ တစ်လအကြာ၌အချိန်ကျမှသာ ရွာသစ်တောရ



◆ တောရအနီးမြင်ကွင်း

ဆရာတော်ဖြစ်ကြောင်း သိရှိရသဖြင့် လာရောက် ဖူးမြော်ကြသည်ဆို၏။

ဓာတ်ပုံတစ်ပုံကိုလည်း ဆက်ကပ်သွားသည်။ ဆရာတော်က ဝန်ခံခြင်း၊ ငြင်းပယ်ခြင်းမရှိ။ ဆိတ်ဆိတ်သာ နေတော်မူလေသည်။

ထိုမှ နောက်ပိုင်းတွင် တောရကျောင်းသို့ ပစ္စည်းလေးပါးလှူဒါန်းသူ၊ ဆရာတော်အား ဖူးမြော်သူ ရပ်ဝေးရပ်နီး ပရိသတ်ဒါယကာ များပြားစည်ကားလာကာ အဓိဋ္ဌာန်ပြုဆုတောင်းသမျှ လောကီလောကုတ္တရာ ကိစ္စအဝဝ အောင်မြင်ဖြစ်ထွန်းကြသည်ဟု ယုံကြည်ကြလေသည်။

ဆရာတော်ကြီးက ဖူးမြော်လာသူ ပရိသတ်ကို **သီလပေး၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းကြရန်၊ မေတ္တာပွားကြရန်**သာ မိန့်ကြားတော်မူလေသည်။

ရွှေလ ဆက်ဖတ်ပါရန်

ခရီးသည်သုတေသီ

စာမျက်နှာ (၁၂၇)မှ အဆက်

သိဒ္ဓိမြောက်သစ်ကွင်း မဟုတ်ပါ။

ယင်းအောက်က သစ်ကွင်းကြီးကတော့ ပင်စည်၏ အောက်ခြေတစ်တောင်လောက်ကစ၍ ကိုင်းနှစ်ကိုင်း ခွဲထွက်ကာ အပေါ်နား ခြောက်ပေခန့်တွင် ယင်း ခွဂိုက်သွားသော ကိုင်းနှစ်ကိုင်းသည် ကိုင်းအတိုလေး တစ်ကိုင်းဖြင့် တိတိကျကျ ဆက်နေတာကို တွေ့ရှိရပါသည်။

သစ်ကွင်းကြီး၏ အမြင့်မှာ လူတစ်ယောက် ကောင်းကောင်း ဝင်ထွက်နိုင်လောက်အောင် ခြောက်ပေခန့်မြင့်ပြီး အလယ်တွင် နှစ်ပေခန့် ကျယ်ပါသည်။

သစ်ကွင်းကြီးသည် ခြံပေါက်ဝ အဝင်အထွက်မှာ ရှိသည်ကတစ်ကြောင်း၊ လူတစ်ယောက် ဝင်ထွက်၍ ရလောက်အောင် ကြီးသည်က တစ်ကြောင်းတို့ကြောင့် သစ်တံခါးဟု ခေါ်ဆိုချင်ပါသည်။ **မှန်,မမှန် ပညာရှင် သုတေသီများမှ ဖော်ထုတ်တင်ပြပေးကြပါ။**

ဆရာဦးလောတို့ မိသားစုသည် ဤသစ်တံခါးသစ်ကွင်းကြီး ပိုင်ဆိုင်ထားသောကြောင့် တိုက်ဆိုင်မှုကြောင့်လား မသိ။ သူတို့မိသားစု ငါးဦးသည် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အစစအရာရာ အဆင်ပြေ[illegible] ပါသည်။

ဂမ္ဘီရဆန်ဆန် ဖြစ်ပေါ်လျက်ရှိသော **သစ်တံခါး (သို့မဟုတ်) သစ်ကွင်းကြီးကို ကြည့်ရှုလေ့လာလိုပါလျှင် တောင်ငူမြို့၊ ကံရိုးရွာရှိ ကန်တစ်[illegible] ငါးမွေးမြူရေး သမဝါယမအသင်း[illegible] ဆရာဦးလော၊ ဒေါ်စန်းစန်း မိသား[illegible] နေအိမ်ရှေ့တွင် ရှိပါကြောင်း** [illegible] ချစ်သူအပေါင်းတို့ခင်ဗျား...။

ကောင်းကျိုးလိုရာ ပြည့်ကြပါစေ

စန္ဒာမိုး(တောင်ငူ)

www.burmeseclassic.com

www.burmeseclassic.com

ပိတောက်ပင်မှ ထူးထူးခြားခြား

# ဂမ္ဘီရ သစ်တံခါးလော

သစ်ကွင်းလော

စေနာမိုး (တောင်ငူ)


(၃-၆-၁၄)နေ့ နံနက်(၁၀)နာရီ ...ချိန်ခန့်တွင် စာရေးသူသည် သတင်း ...ရ လိုအပ်သော ပစ္စည်းကိရိယာများ ...ဆောင်၍ တောင်ငူမြို့၊ အုတ်ကျွတ် ...န်းကမ်းနာလမ်းရှိ ကိုကျော်ဇောနေ ...မ်သို့ ဆိုင်ကယ်လေးနှင့် ရောက်ရှိ ...ပါသည်။ ထို့နောက် နှစ်ယောက်သား ...တင်းကြားသိရာ တောင်ငူမြို့ ...ျောက်ဘက်အထွက် ကံရိုးရွာရှိ ကန် ...စ်ရာ သမဝါယမ ငါးမွေးမြူရေးကန် ...သို့ ရောက်ရှိခဲ့ပါသည်။

ကံရိုးရွာထဲသို့ အတန်ကြာ မောင်း ...င်လာပြီး လမ်းအဆုံးတွင် ကိုကျော် ...ာ သိရှိခဲ့သည့် နေအိမ်သို့ ရောက် ...ခဲ့ပါသည်။ ရောက်လျှင်ပင် ပိုင်ရှင် ...နေအိမ်ရှေ့ ခြံစည်းရိုးဝင်ပေါက်၏ ...ယ်ဘက်တွင် ပေါက်ရောက်နေ ...သော ပိတောက်ပင်ကြီးမှ သစ်တံခါး (သို့မဟုတ်) သစ်ကွင်းကြီးကို ထင်ထင် ...ရှားကြီး တွေ့ရှိရပါသည်။

နေအိမ်နှင့်ဆိုလျှင် သစ်ကွင်းကြီးက ...ားတိုက်အနေအထား ဖြစ်ပေါ်နေပါ ...သည်။ သစ်ကွင်းရှိသော ပိတောက်ပင် ...ှင့် နေအိမ်မှာ ပေ နှစ်ဆယ်ခန့် ကွာ ...ပါသည်။

အဆိုပါ သစ်တံခါး (သို့မဟုတ်) သစ်ကွင်းရှိသော ပိတောက်ပင်၏ ...ပိုင်ရှင်မှာ ဆရာလော၊ ဇနီး ဒေါ်စန်းစန်း ...တို့ မိသားစု ဖြစ်ပါသည်။ ဆရာလော ...မှာ ကန်တစ်ရာ သမဝါယမ ငါးမွေးမြူ ...ရေးကန်မှ ဆေးမှူးတာဝန် ထမ်းဆောင် ...နေသော ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ...တာဝန်ထမ်းဆောင်နေသည်မှာ (၂၅) ...နှစ်ခန့် ရှိပါပြီ။

ပိတောက်ပင်ကြီး၏ ကိုင်းများမှာ ...သာမှု မရှိသောကြောင့် တစ်ပင်လုံး ...ကိုင်းများကို နုတ်နေကိုင်းချန်၍



ဂမ္ဘီရသစ်ကွင်းကြီး

သစ်ကွင်းကြီး၏ အထက်နားမှနေပြီး ခုတ်ပစ်ထားပါသည်။

ယခု ရေးသားတင်ပြသည့် သစ်ကွင်းကြီး (သို့မဟုတ်) သစ်တံခါး၏ အထက်နားကပ်လျက် ကွင်းပုံသဏ္ဍာန် ခပ်သေးသေး တစ်ကွင်း ရှိသော်လည်း အပေါ်နားက နှစ်ကိုင်းမှာ ထပ်ဆက် ဖြစ်နေသဖြင့် ကွင်းဖြစ်နေသော်လည်း

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်း နာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၀၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင် ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှား ရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်း နှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြော ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကော ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အော ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြော အကြောများ အားနည်းခြင်း၊ လေအားန ခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒ ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရော များကို သက်သာပျောက်ကင်းစေတဲ့ ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျော ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက် သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း ဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**


**အမှတ်-စ/၆၆၆၊ သုခမ္မာလမ်းကြီး။**

**သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၇၁၂၂၅၀**

www.burmeseclassic.com

www.burmeseclassic.com




ကိုးနဝင်းစေတီ

ဓောသိင်းလ

ခမောက်တောင် နောက်ဘက်အငူက

# သာသနာ့လိုက်ဂူတောင်သို့ (၁)




လိုက်ဂူတောင်တက်လမ်းအစ

## နိဒါန်း


အမှောင်ထုကြီးစိုးဆဲ ဖြစ်သော် လည်း ကောလင်းမြို့မ ဈေးကြီးမှာ သက်ဝင်လှုပ်ရှားနေလေပြီ။ သုံးဘီး ဆိုင်ကယ်များဖြင့် ကျေးရွာအသီးသီးမှ ရောက်လာကြသော ဈေးသည်၊ ဈေး ဝယ်များကို ငေးမောကြည့်နေရင်း တက်ကျမ်း စာရေးဆရာ ဦးဝမ်ထိန်၏ **"လူတွေကို ဖတ်ပါ"** ဆောင်းပါးကို သတိရမိသည်။

ဆရာကြီးက ခရီးသွားစဉ် စာအုပ် စာစောင် ဖတ်နေခြင်းထက် လူတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မစက္ကမုဒြာရုပ်ပွားတော်

ဖတ်ပါ။ လူအသီးသီး၏ လှုပ်ရှားမှု၊ ပြောဆိုမှု၊ မျက်နှာသွင်ပြင်တို့က အတွင်းစိတ်သန္တာန်ကို ထင်ဟပ်စေကြောင်း ရေးသားထားခြင်းဖြစ်သည်။

ထိုစဉ် လက်ဖက်ရည်ဆိုင်တွင်းသို့ ထီးကောက်ကိုင်၍ ဝင်လာသော အရပ်မြင့်မြင့် အသက်(၇၀)ခန့် လူကြီးတစ်ဦးကို တွေ့ရသည်။ ကောလင်းရောက်စတွင် မိတ်ဖွဲ့ခင်မင်ခဲ့ရသော ကျော်ဇေယျာရပ်နေ ဦးအောင်တိုးဖြစ်သည်။

'အခုမှ ရောက်တာလား ဦးအောင်တိုး'

'မဟုတ်ပါဘူး ဒီနေ့ ငြိမ်းစီစီ ရှိတာနဲ့ မြို့တစ်ပတ်လျှောက်ပြီး ဝင်လာတာပါ'

သူက'လက်ဖက်ရည်မှာရင်း ထီးကို နံရံတွင် ချိတ်လိုက်ပြီးနောက် ဤသို့ဆို၏။


တောင်ခြေမှ ဆောက်လက်စကျောင်း



'ခမောက်တောင် အနောက်ဘက်က ဥမင်တောင်ကိုလဲ သွားသင့်တယ်နော်။ မြေတိုင်းဌာနမှာ Turnal Hill ဥမင်တောင်လို့ ရေးထားပေမယ့် ဖတ်တော့အသံဆိုတဲ့အတိုင်း "အုံးမင်"လို့ ခေါ်ရာကနေ နောင်းလူတွေက အုံးပင်လဲ မရှိပါလားလို့ ဆိုကြတယ်။

ဒီနယ်က ရှမ်းပလောင်သွေးချင်းတိုင်းရင်းသားတွေ ကူးလူးနေထိုင်ကြတော့ ရှမ်းလေဝဲသံနဲ့ ပြောဆိုတတ်ကြတယ်။ အုံးမင်တောင်လဲ အုံးပင်တောင်သာ ပြောင်းသွားတာပေါ့။ အခုတော့ လိုဏ်ဂူတောင်လို့

www.burmeseclassic.com



◆ ခေတ်ပန္နက်စေတီ



◆ လိုက်ပွဲတောင်ဆရာတော် ဦးဥတ္တမရာဇာ

အမည်ပေးထားတယ်'

'အေးဗျာ ကောလင်းနယ်က စကားပြောရင် ကလေးဆန်ဆန် ချစ်စရာကောင်းပါတယ်။ မတိဘူး၊ မတွားဘူး စသဖြင့် နားထောင်ကောင်းသား။ ဒါထက် ဥမင်တောင်က ဘယ်လိုထူးခြားတာလဲ'


'ကျွန်တို့ ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းခဲ့ကြတဲ့ ပါးစပ်ရာဇဝင်ပေါ့ဗျာ။ သီပေါမင်းနန်းတက်တော့ စုဖုရားလတ်ကသာ ခြယ်လှယ်သတဲ့။ ဘုံဘေဘားမားသစ်ကုမ္ပဏီက ၁၃၂၆ ခုနှစ်အတွက် အခွန်ငွေ တစ်သိန်းပေးပြီးပေမယ့် ၁၃၂၇ ခုနှစ် မကုန်မီ အခွန်ငွေကို ကြိုတောင်းတယ်။ နှစ်စေ့ရင် ပေးပါ့မယ်ဆိုတာ ပြောလို့မရတာနဲ့ ပေးသွင်းရတယ်။

ဒါကို အိန္ဒိယက 'မူလာဆမန်အင်နဲ့ သူဌေးကြီးသုံးဦးက မကျေမနပ်ဖြစ်ပြီး ငွေပြန်ပေးမလား၊ စစ်ဖက်မလားလို့ သီပေါမင်းဆီ စာသွင်းတယ်။ မိဖုရားက အက္ကပတ်မြို့ဝန်၊ တိုင်တားအတွင်းဝန်တို့နဲ့ တိုင်ပင်ပြီး စစ်ဖက်မယ်လို့ အကြောင်းပြန်တယ်။

သူဌေးကြီးတွေက ဘိလပ်ဘုရင်မကြီးဆီ မြန်မာနိုင်ငံကို သိမ်းယူပါ။ စစ်စရိတ် သူတို့ ခံပါမယ် လျှောက်တင်လို့ လူသူလက်နက်အပြည့်အစုံနဲ့ စစ်ဆန့်တက်လာပါတယ်'

**(သူ ပြောပြသည်မှာ သိပြီးဖြစ်သော မြန်မာ့သမိုင်းအချက်အလက်**

www.burmeseclassic.com



◄ ဗျူဟာကြာတန်ဆောင်အနီးမှ ဆည်းလောင်းလယ်



အောက်လိုဏ်အဝင်ဝ ►

**များဖြစ်သော်လည်း အကြောင်းတစ်စုံတစ်ရာ ရှိပေမည်ဟု သဘောရသဖြင့် စိတ်ဝင်တစား နားထောင်မိသည်။)**

'ဟုတ်ကဲ့ ပြောပါဦး ဦးအောင်တိုး'

'အဲဒီအချိန်မှာ စစ်သေနာပတိချုပ် သေနတ်ဝန် ကင်းဝန်မင်းကြီး ဦးကောင်းက နက္ခတ်အယူနဲ့ မြန်မာ့ရေးရာလဲ ကျွမ်းကျင်သူမို့ တွက်ချက်ကြည့်တော့ သူရနဝင်းသုဉ်း၊ ထီးသုဉ်း၊ နန်းသုဉ်းနဲ့ လုံးဝ ကြုံနေတာ တွေ့ရတယ်။ စစ်တိုက်ရင် မအောင်မြင်နိုင် မြို့ရွာကျောင်းကန် တိုင်းသူပြည်သား ပျက်စီးဆုံးရှုံးမယ်။ တိုင်းပြည်လဲ လက်လွှတ်ရမယ်။

ဘုရင်ကို အသာတကြည် အပ်လိုက်ရင် ငါတို့သခင်ကို သတ်မည် မဟုတ်၊ ဘိလပ်သို့ သွားရောက်လေ့လာစဉ်ကပင် အင်္ဂလိပ်တို့ စိတ်သဘောသိပြီးဖြစ်လို့ ခုခံတိုက်ခိုက်ခြင်း မပြုရ အမိန့်ချပြီး ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈)ရက် တနင်္ဂနွေနေ့မှာ သီပေါမင်း ပါတော်မူပြီး မြန်မာနိုင်ငံလဲ နယ်ချဲ့လက်အောက်ရောက်ရတယ်။

လူတွေက တိုင်ကပ်လို့ ကင်းရှုပ်တယ် ဆိုကြတယ်။ တိုင်တားမင်းကို အရေးပေးလို့ ကင်းဝန်မင်းက အငြိုးထားပြီး ဘုရင်ကို နယ်ချဲ့ လက်ထဲ ထည့်လိုက်တယ်လို့ ရိုပ်စောင်းပြောကြတယ်။

အမှန်က သီပေါမင်းက အိန္ဒိယပြည်ကို မပါသွားဘူးတဲ့။ ရုပ်ချင်းဆင်တူတဲ့ တိုင်တားမင်းကြီးရဲ့သား မောင်ချိုနဲ့ လူစားလဲပြီး ထည့်ပေးလိုက်သတဲ့'

'သီပေါမင်းက ဘယ်ရောက်သွားတာလဲ'

'အဲဒါပြောချင်လို့ အရှည်ကြီး ချီလာရတာ။ နေဦး လက်ဖက်ရည်ကလေး သောက်ပါရစေဦး'

ဦးအောင်တိုးက လက်ဖက်ရည်တစ်ကျိုက်မျှ ယူသောက်သည်။

'သီပေါမင်းကိုတော့ လျှို့ဝှက်စွာခေါ်လာပြီး ခမောက်တောင်နောက်က အခုပြောတဲ့ ဥမင်လိုဏ်ခေါင်းထဲမှာ နေစေသတဲ့။ မန္တလေးကနေ ရောဝတီမြစ်ကြောင်းစုန်ပြီး မူးမြစ်ရောက်တော့ အထက်ဆန်တက်၊ ကန့်ဘလူနားကနေ ဥမင်လမ်းအတိုင်း အဲဒီတောင်ကို ရောက်တယ် ဆိုပါတယ်'

'နောက်တော့ ဘယ်ရောက်သွားသတဲ့လဲ'

'အဘဘိုးဘိုးအောင် လာကယ်သွားတယ်လို့ ပြောတာပဲ။ ဒါဟာ မှန်တယ်၊ မှားတယ် ပြောလို့ မရပေမယ့် လိုဏ်ဥမင်ပုံစံက ထူးခြားလို့ သွားသင့်ပါတယ်'

## လိုဏ်ဂူတောင်သို့

လိုဏ်ဂူတောင်သို့ ကောလင်းမြို့နေ ဦးနီ၊ ဦးဝင်းရွှေတို့က ကူညီ ပို့ဆောင်ပေးကြသည်။ လိုဏ်ဂူတောင်သည် ခမောက်တောင်၏ အနောက်ယွန်းယွန်း တစ်မိုင်ခန့်အကွာတွင် ရှိသည်။

ခမောက်တောင်၏ တောင်ဘက်အခြေ လွယ်မောက်ရွာကလေးကို ကျော်ဖြတ်ကာ မြောက်ဘက်ဆီသို့ ကွေ့ဝိုက်သွားသည့် လှည်းလမ်းအတိုင်း သွားနိုင်သည်။

တောင်တက်လမ်းအစတွင် သစ်သား

www.burmeseclassic.com

www.burmeseclassic.com





▲ အောက်လိုဏ်အဝင်မှ ရုပ်တုရုပ်ပွားတော်များ

◄ ယက္ခမယ် ခင်အာလီရုပ်တု

တိုင်ထူကာ **''သာသနာ့လိုဏ်ဂူတောင်''**ဟူ၍ ကမ္ပည်းတင်ထားလေသည်။

တောင်တက်လမ်းအတိုင်း (၁၅) မိနစ်ခန့် လျှောက်ခဲ့ရာ ကုန်းမော့ကလေးအဆုံးတွင် ဆောက်လက်စသွပ်မိုး အုတ်ကာ တစ်ထပ်ကျောင်းတစ်ဆောင်ကို တွေ့ရသည်။ ကျောင်းဆောင်အတွင်း၌ ဆရာတော် ဦးဥတ္တမဉာဏကို အခန့်သင့်စွာ ဖူးမြော်ရသည်။

ဆရာတော်သည် **(၁၃-၃-၂၀၁၀) နေ့က** ဤတောင်ကို စတင် ရောက်ရှိကာ ခမောက်တောင်ဆရာတော် ဦးကောဝိဒ၏ ဩဝါဒကို ခံယူပြီးလျှင် သီတင်းသုံး သာသနာပြုတော်မူလျက်ရှိကြောင်း သိရသည်။

သာသနာ့လိုဏ်ဂူတောင်တွင် လွန်ခဲ့သော (၈)နှစ်ခန့်က ခမောက်တောင်ဆရာတော်၏ တပည့်တစ်ဦးဖြစ်သည့် ဦးစိန်မောင်က ဦးဓမ္မတွဲ့မည်ဖြင့် ရဟန်းဝတ်ကာ သီတင်းသုံး သာသနာပြုခဲ့ဖူးသည်။

ယခုတိုင်လည်း ဦးစိန်မောင် မိသားစုက မီးစက်(၂)လုံး အပါအဝင် တောင်တော်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းလှူဒါန်းလျက်ရှိကြောင်း သိရသည်။

ဆရာတော်အား ဝတ်ဖြည့်ကန်တော့သောအခါ တောင်ပေါ် ဥမင်များဆီသို့ ဦးစွာ လေ့လာရန် အကြံပေးသဖြင့် တောင်ထက်သို့ တက်ရောက်ဖြစ်သည်။

## ဥမင်များဆီသို့

ကျောင်းမှအထွက် အရှေ့တောင်ထောင့်ကုန်းမြင့်ထက်တွင် ကိုးနဝင်းစေတီကို ဖူးမြင်ရသည်။ ပင်မစေတီတော်ကြီးတစ်ဆူနှင့် အရံစေတီ(၈)ဆူဝန်းရံ စံပယ်တော်မူကြသဖြင့် စုစုပေါင်း (၉)ဆူရှိရာ ကိုးနဝင်းစေတီတွင်ကြောင်း သိရသည်။

ကိုးနဝင်းစေတီကုန်းတော်မှ မြောက်ဘက် တောင်ကုန်းသို့ ဆက်တက်ခဲ့ရာ တန်ဆောင်းငယ် တစ်ဆောင်အတွင်း၌ ကျောက်ဖြူသား ဓမ္မစကြာမုဒြာရုပ်ပွားတော်တစ်ဆူ စံပယ်တော်မူသည်။ ရှေ့တော်မှောက်တွင် ပဉ္စဝဂ္ဂီငါးဦး ရုပ်တုများ ဝန်းရံတည်ရှိ၏။

ဘုရားခန်းအပြင်ဘက် ကြမ်းပြင်တွင် ပုဆစ်ဒူးတုပ်၊ လက်အုပ်ချီနေသည့် ရဟန်းငါးပါးရုပ်တုများ စီတန်းထားရှိသည်ကို တွေ့ရသည်။ တန်ဆောင်း၏ မြောက်ဘက်ကပ်လျက်တွင် ရေလှောင်ကန်တစ်ခု တည်ဆောက်ထားသည်။ လိုဏ်ဂူတောင်ထက်တွင် တောင်ကျရေ၊ စိမ့်ရေ မရှိပါ။


တောင်ခြေမှ စက်ဖြင့် စုပ်တင်ကာ ဤကဲ့သို့ ကန်များဖြင့် လှောင်ထားရသည်ဟု သိရသည်။ တန်ဆောင်းအနီး၌ အမျှဝေ ခေါင်းလောင်းငယ်တစ်ခု တွေ့ရသည်။ တတ်နိုင်သမျှ အင်အားဖြင့် ကုသိုလ်ပြုထားခြင်းဖြစ်ရာ သာဓု အနုမောဒနာ ပြုမိပါသည်။

ထိုတန်ဆောင်းမှ ပြန်ထွက်ကာ မတ်စောက်သော တောင်တက်လမ်းအတိုင်း တက်ခဲ့ကြရာ မြောက်ဘက် တောင်ခါးပန်းတွင် အုတ်ခုံမြင့်နှင့် စေတီငယ်တစ်ဆူ ဖူးတွေ့ရသည်။

www.burmeseclassic.com



◆ အောက်လိုဏ်အတွင်းဥမင်မှ ရွှေစေတီနှင့် ဆင်းတုများ



အောက်လိုဏ်အတွင်းဥမင်အဝ ◆

ခါတ်ပန္နက်စေတီခေါ်၍ နောက်ခံဖြစ်စဉ်တော်ကို မသိရှိရပေ။

ထိုမှအထက်သို့ ဆက်တက်ခဲ့ရာ တောင်ခါးပန်းတွင် အောက်ဂူခေါ် ပထမဥမင်အဝသို့ ရောက်သည်။ ထပ်မံပြုပြင် မွမ်းမံထားဟန်ရှိသော ဥမင်အဝကို ညီညာသေသပ်စွာ မြင်ရသည်။

ဥမင်အတွင်း အဝင်လမ်းတည့်တည့်တွင် ပလ္လင်ထက် စံပယ်တော်မူသော ရုပ်ပွားတော်တစ်ဆူနှင့် အောက်ခြေတွင် သုံးဆူပူဇော်ထားသည်။ တင်ပျဉ်ခွေရုပ်ပွားတော်လေးဆူရှေ့ လက်အုပ်ချီ၍ ပုဆစ်ဒူးတုပ်ထားသော ယက္ခမယ်ရုပ်တု(၂)ခု တွေ့ရသည်။

ဥမင်တောင်ခေါ် လိုဏ်ဂူတောင်စောင့် ဘိုးတော်ယက္ခ၏ နမတော်များဖြစ်ကြကာ ခင်ဇာလီနှင့် ခင်ဇာနည် အမည်ရှိကြောင်း ဆရာတော် ဦးဥတ္တမရာဇက မိန့်ကြားတော်မူသည်။

တောင်စောင့် ဘိုးတော်ယက္ခမှာ အမည်နာမ မသိရ။ အစိမ်းရောင်ဝတ်စုံဝတ်ဆင်လေ့ရှိကာ တောင်တော်သို့ လာရောက် ကုသိုလ်ပြုသူများအား စောင့်ရှောက်ပေးကြောင်း ကြားသိရသည်။

**ဆရာတော်ကိုယ်တိုင် ဥမင်လိုဏ်ခန်းတွင်ဖြစ်စေ၊ ကျောင်းသင်္ခမ်းတွင်ဖြစ်စေ ကမ္မဋ္ဌာန်း ဆောက်တည်သောအခါများတွင် အရိုပ်အရောင်ပြကာ စောင့်ရှောက်ပေးသည်ကို ကြုံရသည် ဟု မိန့်ကြားတော်မူသည်။**

လိုဏ်ခေါင်းမှာ လက်ဝဲဘက်အတွင်းသို့ နိမ့်လျှောသွားကာ လက်ဝဲဘက်ခန်းမ၌ ရုပ်ပွားစေတီများ ပူဇော်ထားသည်။

တောင်နံရံမုခ်တွင်း တင်ပျဉ်ခွေဆင်းတုတစ်ဆူ၊ ဂူကြမ်းပြင်တွင် သုံးဆူတန်းနှင့် အတွင်းလိုဏ်မုခ်တွင်း၌ စေတီငယ်တစ်ဆူတို့ ဖူးမြင်ရသည်။ ရွှေစေတီဟု ခေါ်တွင်ကြသည်ဆို၏။

ဦးဓမ္မလက်ထက်က တည်ဆောက်ပူဇော်သည့် စေတီဖြစ်ကြောင်း ဦးနိုက ပြောပြသည်။ လက်ဝဲဘက် လိုဏ်ခေါင်းမှ ကွေ့ဝိုက်တက်သွားပါက အပေါ်ဥမင်ဆီသို့ ရောက်သည်ဆို၏။

အလင်းရောင် မရှိသဖြင့် ဓာတ်မီးဖြင့် ထိုးကြည့်ရာ လင်းနို့များ ကြောက်လန့်တကြားဖြင့် အုပ်စုလိုက် ပျံထွက်လာသည်ကို တွေ့ရသည်။

'မီးမထိုးနဲ့ဆရာ။ လင်းနို့တင် မကဘူ... ပိုးကောင်(မြွေ)ကြီးတွေ ထွက်လာတ... တယ်။ ဒီတောတောင်တွေက ပိုးကော... အင်မတန် ပေါ်များတယ်။ အခု ဆရာ... အမြဲ သီတင်းသုံးမှ နည်းနည်း ကျဲသွား...' ဟု ဦးနိုက သတိပေးသည်။

လိုဏ်ခေါင်းအတွင်း ပဲ့တင်သံမျ... အရ လိုဏ်ဥမင်မှာ အတန်ပင် ရှည်... လျားသည်ဟု ယူဆဖွယ် ရှိလေသည်... ဦးအောင်တိုး၏ ဘိုးဘွားများ လက်ထ... ကမ်းစကားအရ ကန့်ဘလူနယ်န... မူးမြစ် အရှေ့ဘက်ကမ်းသို့လည်း... ပေါက်ရောက်နိုင်ကောင်းပေသည်။

'ဒီဥမင်လမ်းက ဘယ်လောက်ရှ... သလဲဆိုတာ ကြားမိသလား ဦးနိ...

**ရွှေလ ဆက်ဖတ်ပါရန်**

**ဇေယျာဝင်းလ**



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကြားဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ Y ၀၁၀၆၇၂) (တဆ၀က(စာနယ်ဇင်း) ၀၀၇/၀၂၁၂)

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံး၀ပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံး၀ပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းအောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ။ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရုံခါဝမ်းချုပ်၍ ရုံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည့်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနှိုးရန်သူသည် B-ပိုးဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံး၀ကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည့်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် ' အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်




www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်၊ ဆရာထံရောက်တော့ "ဆရာ့ရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဪ မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ် ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရော ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေ အတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေး ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂ ဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေး ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီ ပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေ စားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစ နေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြ ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက် ကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင် အရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက် သည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည် ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသ ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသာ ရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည် ကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝို အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရော များအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာ မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံ အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး လိုက်ပါသည်။

**ဦးအိုက်စံ (လ**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(ဆ/၃၆၀)၊ သုန္ဒြာ(ဂ)လမ်း မ/ဒဂုံလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁ ၆၉၁၀၀၁၊ ၀၉ ၇၃၂ ၄၁၀၀၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(ည/၉)၊ ဘူတာလမ်း ရပ်ကွက်၁၀၊ လားရှိုးမြို့။**
**ဖုန်း-၀၈၂ ၂၆၂၂၁၊ ၀၉ ၅၂၁၃ ၂၂၂၁၃။**


www.burmeseclassic.com

www.burmeseclassic.com

ပင်စည်နှင့်အရွက် (၉)ကွင်း၊ ကွင်းထိုးနေသော

# ကျောက်စိမ်းပန်းပင်

ဖြိုးနှီ (ကောလင်း)

## (၉)ကွင်းထိုး ကျောက်စိမ်းပန်းပင်

ဤစာရေးသူ၏နေအိမ် မြောက်ဘက်မျက်နှာပြုထားရာ တံခါးမကြီးနှစ်ပေါက်၏ အလယ်လောက် မြောက်ဘက် ဝင်းထရံ၏ ဝင်းခြံအလယ်လောက်တွင် ပင်စည်နှင့်အရွက်(၉)ကွင်း (သို့မဟုတ်) (၁၀)ကွင်းခန့် ကွင်းထိုးနေသော **"ကျောက်စိမ်းပန်းပင်" (ခေါ်) "စိမ်းပန်း(အချို့ဒေသအခေါ် စိန်ပန်း)ပင်"** တစ်ပင်ရှိပါသည်။ **(မှတ်ချက်။** ။ အဘိဓာန်များ၌ ဤပန်းပင်အမည်ကို မတွေ့ရပါ။


ဓာတ်ပုံရိုက်ကူးရာတွင် ပုံပေါ်လွင်စေရန် ဝင်းအပြင်ဘက်မှ ဂျပ်သားပြားကြီးတစ်ပြားခံ၍ ရိုက်ကူးထားခြင်းဖြစ်သည်။

ကျောက်စိမ်းပန်းပင်သည် နေရာဒေသမရွေး ပေါက်ရောက်တတ်ပြီး လျှင် တစ်ပင်လုံး အစိမ်းရောင်ဖြစ်၏။

စာရေးသူ၏ နေအိမ်ခြံဝင်း အတွင်းအပြင်တို့တွင် ကျောက်စိမ်းပန်းပင်များ အပင်တစ်ထောင်ခန့် ရှိသည့်အနက် သူ့အလိုလိုအတိုင်း ကွင်းထိုးနေသော ကျောက်စိမ်းပန်းပင်သည် - ယင်းအပင်တစ်ပင်တည်းသာ ဖြစ်ပေါ်နေသည်မှာ လွန်စွာ ထူးဆန်းပြီး ထူးခြားလွန်းလှသည်ဟု ထင်ပါသည်။ ကွင်းထိုးနေခြင်းသည် ဘုရားပူဇော်ရန်ပန်း ဖြစ်နေပြန်၍ ပိုမို ထူးခြားနေပါသည်။

ဤ ကျောက်စိမ်းပန်းပင်သည် အမြင့်(၂)ပေနှင့် (၉)လက်မ၊ အပေါ်ပိုင်းအနံ(၅)လက်မ၊ အောက်ပိုင်းအနံ(၁၂)လက်မအတွင်းရှိ၏။ **(ပင်စည်နှင့် အရွက်အပါအဝင် ဖြစ်ပါသည်။)**

ပိုမို၍ ထူးခြားနေပြန်သည်မှာ ယင်းအပင်သည် နဂါးမောက်ပုံသဏ္ဍာန်ရှိနေပြီး နဂါးပါးပျဉ်းထောင်သလို ဖြစ်နေသည်။ ဝင်းအပြင်ဘက်ဆီသို့ လှည့်နေသည်။



◆ ပုံ(၁) ပင်စည်နှင့်အရွက်(၉)ကွင်း (သို့မဟုတ်)(၁၀)ကွင်းခန့်ကွင်းထိုးနေသော ကျောက်စိမ်းပန်း(ခေါ်) စိမ်းပန်းပင် (ပုံပေါ်လွင်စေရန် ဝင်းထရံအပြင်ဘက်တွင် ဂျပ်သားပြားခံ၍ရိုက်ကူးထားသည်။ မြစ်ရိုးမြစ်ဖျားအတိုင်းဆိုလျှင် ဝင်းထရံတန်းသားများပေါ်လည်တစ်ပိုက်ရှိ အရွက်များ၊ အတိုင်းသာ ဖြစ်သည်။ ဤမြစ်ရပ်မှာမူ သဘာဝမြစ်ရိုးမြစ်ဖျားထက် အဆင့်လွန်ကဲ ထူးခြား၊ ထူးဆန်းသော ဖြစ်စဉ်ဖြစ်ရပ် တစ်မျိုးဖြစ်သည်။)

## ဖြစ်စဉ်နှင့် အကြောင်းများ

ကျောက်စိမ်းပန်းပင်၏ သဘာဝမှာ တစ်ပင်လုံး အမြဲစိမ်းစိုနေပြီးလျှင် လ, နှစ်ကြာစွာ တာရှည်ခံတတ်၏။ ယခင်နှစ်တုန်းက ယင်းနေရာမှာပင် ကျောက်စိမ်းပန်းပင်သည် ကွင်းလေးကွင်းခန့် ထိုးနေသည်ကို ထူးခြားစွာ တွေ့ရှိခဲ့ရသေးသည်။

ဓာတ်ပုံရိုက် မှတ်တမ်းတင်ရန် ဆန္ဒရှိခဲ့သေးသော်လည်း ယင်းကျောက်စိမ်းပန်းပင်မှာ ဝင်းခြံအတွင်းအပြင်၌ လုံးဝမတွေ့ရှိရတော့ပါ။ ပျောက်ဆုံးသွားခဲ့သည်မှာလည်း အလွန်ထူးဆန်းလှသည်။

ပိုမို၍ ထူးဆန်းနေပြန်သည်မှာ ယင်းနေရာမှာပင် ကျောက်စိမ်းပန်းပင်သည် (၅)လပိုင်း(၂၀၁၄ ခုနှစ်)ခန့်တွင် ကွင်း(၉)ကွင်းထိုး၍ ထူးခြားစွာ ပြန်လည် ပေါ်ပေါက်လာပါသည်။

ယင်းဓာတ်ပုံကို ၁၁-၇-၂၀၁၄ (၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်၊ သောကြာနေ့) ညနေတွင် ရိုက်ကူးထားလိုက်ပါသည်။ စာရေးသူ စိုက်ပျိုးထားသော "ထားဝယ်မှိုင်း" ပန်းပင်များသည် ဤနှစ် ဆောင်းတွင်းတွင် (၂)လခန့် ပွင့်ကြသည်။


ဤနှစ်တန်ခူးလမှ ဝါဆိုလကုန်လောက်အထိအချိန်တွင်လည်း အိမ်ရှေ့မျက်နှာစာတွင် စင်ထိုးထားသော ထားဝယ်မှိုင်းပန်းပင်များနှင့် အိမ်ခြံ၏ မြောက်ဘက်၊ အရှေ့ဘက်အပြင်၌ စိုက်ထားသော ထားဝယ်မှိုင်းပန်းပင်များသည် ခါတိုင်းနှစ်များကထက်



www.burmeseclassic.com

www.burmeseclassic.com





▲ ပုံ(၂)စာရေးသူ၏ နေအိမ်ခြံဝင်းအတွင်း
ပင်စည်နှင့်အရွက်(၉)ကွင်း
(သို့မဟုတ်)(၁၀)ကွင်းခန့်ကွင်းထိုးနေသော
ကျောက်စိမ်းပန်း(ခေါ်) စိမ်းပန်းပင်
(ကွင်းထိုးနေပုံကို ရှင်းလင်းစွာသိမြင်နိုင်ရန်
ဓာတ်ပုံအတွင်း ကွင်းများကို
ဂဏန်းများဖြင့် ပြထားသည်။)

အမြောက်အမြား ဖူးပွင့်ကြပြီး နေ့နေ့ ညည လှပမွှေးပျံ့နေကြပါသည်။

ထားဝယ်မှိုင်းသည် အပွင့်၊ အဖြူ၊ အနီ၊ ပန်းရောင် အဆုပ်လိုက်ပွင့်သော အမြင့်တက်နွယ်ပင် တစ်မျိုးဖြစ်သည်။ ညမွှေးပန်းကဲ့သို့ ညတွင် ပိုမို၍ မွှေးပျံ့တတ်ပြီး ထူးခြားသော ဆေးဖက်ဝင် အပင်မျိုးဖြစ်သည်။

ကျောက်စိမ်းပန်းပင်ကိုမူ တရုတ်ပြည်နိုင်ငံဘက်မှ ယခင်နှစ်များက ဆေးဖော်ရန် မြောက်မြားစွာ ဝယ်ယူသွားကြဖူးပါသည်။

ကျောက်စိမ်းပန်းပင်သည်ကား လနှင့်ချီအောင် ကြာကြာခံ၍ **"နွေမိုးဆောင်း မညှိုးပန်းပင်"** ဖြစ်သည်။ ဘုရားစင်၌ ပူဇော်ထားရှိပါလျှင် ရေသစ် လဲ၍ လဲ၍ ပေးပါက တစ်လကိုးသီတင်းခန့် စိမ်းစိုလန်းဆန်းနေတတ်ပြီး အောက်ခြေ ဖြတ်ထားသောနေရာမှ အမြစ်ထွက်လာတတ်ပါသည်။

စာရေးသူတို့ အထက်ပိုင်းဒေသများတွင် ပန်းပေါင်းစုံ ရှားပါးတတ်သော ဆောင်းလယ်မှ နွေရာသီအချိန်လောက်တွင် ကျောက်စိမ်းပန်းပင်များကို ဘုရားပူဇော်ခြင်း ပိုမို များပြားတတ်ပြီး အဝယ်လိုက်တတ်၏။ ကျောက်စိမ်းပန်းပင်သည် တစ်ခါတစ်ရံမှသာ ထူးခြားစွာ အပွင့်ပွင့်တတ်သည်။

စာရေးသူက ဤပင်စည်နှင့် အရွက် (၉)ကွင်း ကွင်းထိုးနေသော ကျောက်စိမ်းပန်းပင်ကို အမြစ်ပါနုတ်၍ ဘုရားပန်းအိုးသစ် တစ်အိုးတွင် ရေထည့်ပြီး ဘုရားအား လှူဒါန်းပူဇော်ရန် စိတ်ကူးထားပါသည်။ ခြောက်သွေ့သွားလျှင် တစ်မျိုးစိတ်ကူးစီစဉ်ထားပါသည်။

ကွင်းထိုးနေခြင်းသည် (၁)ကွင်း၊ (၂)ကွင်း၊ (၃,၄)ကွင်းမျှမကဘဲ ဤကဲ့သို့ ကျောက်စိမ်းပန်းပင် (၉)ကွင်းတိတိ ကွင်းထိုးနေခြင်းသည် ထူးခြားထူးဆန်းစွာ အဘယ်ကြောင့်ဖြစ်တည်နေရသည်၊ မည်ကဲ့သို့ ဆောင်ရွက်ရမည်၊ မည်ကဲ့သို့ အကျိုးထူးမည် စသည်တို့ကို သိရှိသူ ပုဂ္ဂိုလ်များက ဝေဖန်သုံးသပ် အကြံပြု ရေးသားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**(ကျေးဇူးတင်လွှာ။ ။ ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် ဓာတ်ပုံများကို စေတနာဖြင့် ရိုက်ကူးပေးပါသော ကောလင်းမြို့ FAMILY ကွန်ပျူတာစီမှ မပုံ့ပုံ့မိသားစုအား အထူးကျေးဇူးတင်ရှိပါသည်။)**

**ဦးနီ(ကောလင်း)**

www.burmeseclassic.com

ကျီး(၄)ကောင်၊ ဆင်နှံနှင်း၊

# လေငန်းရောဂါကင်း

မဒေါက်မြို့၊ အောင်စကြာကျောင်းတိုက်မှ အောင်စကြာဆရာတော်သည် စာရေးသူထံသို့ လေငန်း၊ လေဖြတ်ရောဂါပျောက်ကင်းစေသောဆေးနည်းကို ပေးခဲ့ပါသည်။

စာရေးသူ၏ညီဖြစ်သူ **ဦးတိုးလေး** (မှုစွန်မြောင်းရွာ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး)သည် လေဖြတ်၊ လေဖြန်း၊ လေငန်းရောဂါ ဖြစ်နေသည်။

ဦးတိုးလေးအတွက် အောင်စကြာဆရာတော်က ဤဆေးနည်းကို ချီးမြှင့်ခြင်းဖြစ်သည်။

'အကာကြီးဦးတိုးကို ဒီဆေးကို ဖော်စပ်ပြီး မှန်မှန်သုံးဆောင်မှီဝဲဖို့ ပြောပါ။ လက်တွေ့ပျောက်ကင်းတဲ့လူတွေကို ဘုန်းကြီးကိုယ်တိုင် ကိုယ်တွေ့ တွေ့ပြီးမှ ဒီဆေးနည်းကို သေသေချာချာ မေးမြန်းလေ့လာပြီးမှ ပေးတာပါ'

ဟု အလေးအနက် မိန့်တော်မူခဲ့သည်။

စာရေးသူ ဤဆေးနည်းကို ညီတော်မောင် လယ်သမားကြီးဦးတိုးထံသို့ ပို့ပေးခဲ့ပါသည်။ ထိုဆေးနည်းမှာ စိတ်ဝင်စားစရာ ကောင်းလှပါသည်။

လေငန်း၊ လေဖြတ်ရောဂါများ သက်သာ ပျောက်ကင်းချမ်းသာသည်မှာ အမှန်ဖြစ်ပါသည်။


လေကြောင့် သောကပွား၊ ဒုက္ခများနေကြသူများ၊ မထနိုင်၊မထိုင်နိုင်၊ ဘောင်ဝေးတကိုင်ကိုင်နှင့် ယိမ်းယိုင်ဗြုံလဲနေသူတို့အတွက် မေတ္တာထား တင်ပြလိုက်ပါသည်။

ဆေးဖော်စပ်နည်းမှာ လင်္ကာဆောင်ပုဒ်ကလေးနှင့်ဖြစ်၍ လွယ်စွာကူစွာ မှတ်သားနိုင်ပါသည်။

'ကျီးလေးကောင်(၄)၊ ဆင်နှံနှင်း လေငန်းရောဂါကင်း'

ဟူ၍ ဖြစ်သည်။

**ရှင်းလင်းချက်မှာ...**







ကျီး(၄)ကောင် ဆိုသော စကားအရ...

၁။ **ပထမကျီးမှာ သက်ရင်းကြီး**မြစ် (၁)ကျပ်သား ဖြစ်သည်။

၂။ **ဒုတိယကျီးမှာခပေါင်းကြီး**မြစ် (၁)ကျပ်သား ဖြစ်သည်။

၃။ **တတိယကျီးမှာ လက်ထုတ်ကြီးခေါက်** (၁)ကျပ်သားနှင့်၊

၄။ **စတုတ္ထကျီးမှာ သပွတ်ကြီးမြစ်** (၁)ကျပ်သားတို့ ညီမျှစွာ စုရပါသည်။

**[ယင်းဆေးမြစ်၊ ဆေးခေါက်တို့ကို ပရဆေးဆိုင်များ (သို့မဟုတ်) မြန်မာတိုင်းရင်းဆေး သမားတော်များထံတွင် ရယူနိုင်ပါသည်။]**

ဆင်နှံနှင်းဆိုသော စကားမှာ ဆင်တုံးမနွယ်(၂)ကျပ်သားနှင့် ကင်ပွန်းချဉ်နွယ်(၂)ကျပ်သား ဖြစ်သည်။ ဆေးအမည်(၆)မျိုး ဖြစ်ပါသည်။

ထိုဆေး(၆)မျိုးတို့ကို ရေသန့်ရေကောင်း(၅၀)ကျပ်သားနှင့် (၃)ခွက် (၁)ခွက်တင် ကျိုရပါသည်။

အအေးခံပြီးသော် ဖန်ပုလင်းတွင် ထည့်၍ နံနက်၊ ည ဆေး(၁)ဆ၊ ပျားရည်(၁)ဆ မှန်မှန် သောက်ပေးရပါသည်။ ဆေး(၁)ဇွန်းလျှင် ပျားရည်(၁)ဇွန်းနှင့် ရောစပ် သောက်သုံးရန် ဖြစ်သည်။

ဤနည်းဖြင့် ရောဂါ ပျောက်ကင်းချမ်းသာ၍ ထူထူထောင်ထောင် ရှိလာသူများကို တွေ့ရပါသည်။

ငွေကုန်ကြေးကျမများ၊ ဘေးထွက်ဆိုးကျိုးမရှိ အိုးမကွာအိမ်မကွာ လေရောဂါဆိုးဘေးမှ လွတ်မြောက်၍ စိတ်လက်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး လောကကောင်းကျိုး သယ်ပိုးနိုင်ကြပါစေကြောင်း စေတနာကောင်းနှင့် တင်ပြလိုက်ပါသည်။

**(ဆေးနည်းပေးသူ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့ အောင်စကြာဘုရားကျောင်း ဆရာတော်ဦးပဝိရကို ကျေးဇူးတင်စွာဖြင့်...)**

မေတ္တာရှည်လျက်...

**မျိုးတင့်(ညောင်လေးပင်)**

www.burmeseclassic.com

# ရှင်သီဝလိ



ဝေဒသစ္စာ
ဆရာဝရအောင်

## အစီအရင်

ကျွန်ုပ်သည် ဂမ္ဘီရပညာများကို လွန်စွာလျှင် မြတ်နိုးတန်ဖိုးထား၏။ ပညာကောင်းတစ်ခု၊ အစီအရင်တစ်ရပ် ရရှိမည်ဆိုလျှင် တောတောင်ခရီးလမ်းကို အပင်ပန်းခံ သွားလျက်ပင် ရှာဖွေခဲ့၏။ ထိုခရီး၏ တစ်ဆစ်တစ်ပိုင်းဖြစ်သော ကလေးခရိုင်၊ မင်းကင်းမြို့နယ်ခရီးမှ ရခဲ့သော လွန်စွာ ပြည့်စုံသည့် ရှင်သီဝလိ အစီအရင် တစ်နည်းကို **"သိမြင်လေ့လာ လောကီသုတရတနာ"** အဖြစ် ဖော်ပြလိုက်ရပါ၏။

*　*　*

- ✪ တနင်္ဂနွေနေ့တွင် အုန်းမြစ်ကို တနင်္ဂနွေသားက ကြိတ်။
- ✪ တနင်္လာနေ့တွင် ကံ့ကော်မြစ်ကို တနင်္လာသားက ကြိတ်။
- ✪ အင်္ဂါနေ့တွင် ဆီးမြစ်ကို အင်္ဂါသားက ကြိတ်။
- ✪ ဗုဒ္ဓဟူးနေ့တွင် လိန်မြစ်ကို ဗုဒ္ဓဟူးသားက ကြိတ်။
- ✪ ကြာသပတေးနေ့တွင် ပေမြစ်ကို ကြာသပတေးသားကကြိတ်။
- ✪ သောကြာနေ့တွင် သီးမြစ်ကို သောကြာသားကကြိတ်။
- ✪ စနေနေ့တွင် ထန်းမြစ်ကို စနေသားကကြိတ်။

နေ့အစဉ်အတိုင်း ကြိတ်ရမည်။

**လောင်းအုံ့သောဆေးကား နှံ့သာမျိုးငါးပါး၊ ပဲနံ့သာ၊ ကန့်ပလူဥတို့ကို** အမြစ်စုံနှင့် ရောကြိတ်။

ထို့နောက်...

၁။ ဂါထာပေါင်းပြား၊
၂။ အင်းပေါင်းပြား၊
၃။ ရတနာရွှေချိုင့်ပြား၊
၄။ ဖြောင်းကိုးတန်းပြား၊
၅။ ဂုဏ်တော်ပြား၊
၆။ သမ္ဗုဒ္ဓေပြား၊
၇။ နှစ်ဆယ့်လေးပစ္စည်းပြား၊
၈။ နှစ်ကျိပ်ရှစ်ဆူဂါထာပြား၊
၉။ အတွင်းအောင်ခြင်းပြား၊
၁၀။ အပြင်အောင်ခြင်းပြား၊
၁၁။ စိန္တာမဏိမန္တန်ပြား၊
၁၂။ အာဋာနာဋိယပရိတ်ပြား၊
၁၃။ ပရိတ်ကြီးစောင်လုံးပြား၊
၁၄။ ကမ္မဝါစောင်လုံးပြား၊
၁၅။ နတ်ဆေးပေါင်း

ယင်း (၁၅)မျိုးကို ပေါင်း၍ကြိတ်။

ကြိတ်သောအခါ ကျောက်ပျဉ်တွင် (၇)နေ့နံပေါ်အင်းကိုချ၊ ကျောက်လုံးကြိတ်လုံးတွင် စမ္မာနဝအင်းကိုချ၊ ဘုရားရှေ့တွင်ကြိတ်။ ဘုရားကို ကန်တော့ပွဲ၊ ဆွမ်း၊ မုန့်စုံ၊ ဆီမီး၊ တံခွန်၊ ကြက်လျှာ လှူ၍ ကြိတ်ပါလေ။ ကြိတ်ပြီးက အတောင့်လုပ်၍ အရိပ်တွင် သွေ့စေကာ ရှင်သီဝလိရုပ်တု ထုသောအခါ သက်န်းရုံဟန်၊ တောင်ဝှေးထောက်ဟန်၊ သပိတ်လွယ်ဟန်၊ ယပ်ထမ်းပုတီးစိပ်ပါ ပီသအောင်ထု။

ပြီးလျှင် **စုတ်ရန် ဂါထာကား...**

'ဥုံ သီဝလိစ မဟာနာမံ မဟာထေရာ၊ သဗ္ဗလာဘံ ဘဝိဿတိ၊ ထေရဿအာနုဘာဝေန၊ မဟာသိဒ္ဓိ သီဝလိယော၊ မဟာထေရော မမသီသေ၊ ဌာပတ္တာ ဖြဟ္မာက္ကန္ဒာ စဒေဝါ၊ မနုဿာနံ ဒေဝါနံ ဒေဝါနာမ သွာဟု သွာဟ'

(၃၇)အုပ် ဘုရားရှေ့စုတ်၊ နောက်ရေဆိပ်မှာ (၃၇)အုပ်စုတ်၊ သစ်ပ... သုံးခါ၊ ရွှေသုံးထပ်ချ။

**နှိုးရမည့်ဂါထာကား...**

'ဥုံ သီဝလိစ မဟာနာမံ၊ ဣန္ဒာအေ... သဗြဟ္မကာ၊ ရာဇာမနုဿ ပူရိသော ဣ... မဟာလာဘံ ပိယံမမ'

(၃၇)အုပ် ဘုရားရှေ့မှာ နှိုးလေ... သွားလေရာဆောင် လာဘ်များ... မျက်နှာပွင့်၏။ ကုန်မစွံသော် နံ့သာ... သပွါယ်၍ပက် စွံ၏။ သူပြုသော် ပလ္လ... နစ်အောင် ရေစိမ်၍ ပေါက် ပြေ... အပါး(၃၀)ပြီး၏။

ကျောက်ပျဉ်တွင် ချရမည့် နံပေါ်... အင်းများသည် အောက်ပါအတိုင်းဖြ... ၏။



၁-နေ့နံပေါ်အင်း



www.burmeseclassic.com

www.burmeseclassic.com

| | | | | | |
|---|---|---|---|---|---|
| ၇ | ၅ | ၃ | ၃ | ၅ | ၇ |
| ၄ | | ၈ | ၈ | | ၄ |
| ၁ | ၆ | ၂ | ၂ | ၆ | ၁ |
| ၁ | ၆ | ၂ | ၂ | ၆ | ၁ |
| ၄ | | ၈ | ၈ | | ၄ |
| ၇ | ၅ | ၃ | ၃ | ၅ | ၇ |

၂-လာနံပေါ်အင်း

| | | | | | |
|---|---|---|---|---|---|
| ၁ | ၄ | ၇ | ၇ | ၄ | ၁ |
| ၆ | | ၅ | ၅ | | ၆ |
| ၂ | ၈ | ၃ | ၃ | ၈ | ၂ |
| ၂ | ၈ | ၃ | ၃ | ၈ | ၂ |
| ၆ | | ၅ | ၅ | | ၆ |
| ၁ | ၄ | ၇ | ၇ | ၄ | ၁ |

၃-ဂါနံပေါ်အင်း

| | | | | | |
|---|---|---|---|---|---|
| ၈ | ၂ | ၆ | ၆ | ၂ | ၈ |
| ၃ | | ၁ | ၁ | | ၃ |
| ၅ | ၇ | ၄ | ၄ | ၇ | ၅ |
| ၅ | ၇ | ၄ | ၄ | ၇ | ၅ |
| ၃ | | ၁ | ၁ | | ၃ |
| ၈ | ၂ | ၆ | ၆ | ၂ | ၈ |

၄-ဟူးနံပေါ်အင်း

| | | | | | |
|---|---|---|---|---|---|
| ၆ | ၁ | ၄ | ၄ | ၁ | ၆ |
| ၂ | | ၇ | ၇ | | ၂ |
| ၈ | ၃ | ၅ | ၅ | ၃ | ၆ |
| ၈ | ၃ | ၅ | ၅ | ၃ | ၆ |
| ၂ | | ၇ | ၇ | | ၂ |
| ၆ | ၁ | ၄ | ၄ | ၁ | ၆ |

၅-တေးနံပေါ်အင်း

| | | | | | |
|---|---|---|---|---|---|
| ၅ | ၃ | ၈ | ၈ | ၃ | ၅ |
| ၇ | | ၂ | ၂ | | ၇ |
| ၄ | ၁ | ၆ | ၆ | ၁ | ၄ |
| ၄ | ၁ | ၆ | ၆ | ၁ | ၄ |
| ၇ | | ၂ | ၂ | | ၇ |
| ၅ | ၃ | ၈ | ၈ | ၃ | ၅ |

၆-ကြာနံပေါ်အင်း

| | | | | | |
|---|---|---|---|---|---|
| ၂ | ၆ | ၁ | ၁ | ၆ | ၂ |
| ၈ | | ၄ | ၄ | | ၈ |
| ၃ | ၅ | ၇ | ၇ | ၅ | ၃ |
| ၃ | ၅ | ၇ | ၇ | ၅ | ၃ |
| ၈ | | ၄ | ၄ | | ၈ |
| ၂ | ၆ | ၁ | ၁ | ၆ | ၂ |

စနေနံပေါ်အင်း

ကွက်လပ်များတွင် **"နတ်လူ ချစ်ခင်စေ"၊ "လာဘ်များဝင်စေ"** စသည်များရေးရန်။

## ဆေးကြိတ်တုံး(ကျောက်တုံး)တွင်ချရန် အဝင်(၉)ကွက်အင်း

| | | |
|---|---|---|
| ၄ | ၃ | ၂ |
| ၁ | ၈ | ၇ |
| ၅ | ၉ | ၆ |

ပထမ

| | | |
|---|---|---|
| ၅ | ၄ | ၃ |
| ၂ | ၉ | ၈ |
| ၆ | ၁၀ | ၇ |

ဒုတိယ

| | | |
|---|---|---|
| ၆ | ၅ | ၄ |
| ၃ | ၁၀ | ၉ |
| ၇ | ၁၁ | ၈ |

တတိယ

| | | |
|---|---|---|
| ၇ | ၆ | ၅ |
| ၄ | ၁၁ | ၁၀ |
| ၈ | ၁၂ | ၉ |

စတုတ္ထ

| | | |
|---|---|---|
| ၈ | ၇ | ၆ |
| ၅ | ၁၂ | ၁၁ |
| ၉ | ၁၃ | ၁၀ |

ပဉ္စမ

| | | |
|---|---|---|
| ၉ | ၈ | ၇ |
| ၆ | ၁၃ | ၁၂ |
| ၁၀ | ၁၄ | ၁၁ |

ဆဋ္ဌမ

| | | |
|---|---|---|
| ၁၀ | ၉ | ၈ |
| ၇ | ၁၄ | ၁၅ |
| ၁၁ | ၁၃ | ၁၂ |

သတ္တမ

| | | |
|---|---|---|
| ၁၁ | ၁၀ | ၉ |
| ၈ | ၁၅ | ၁၆ |
| ၁၂ | ၁၄ | ၁၃ |

အဋ္ဌမ

www.burmeseclassic.com

| | | |
|---|---|---|
| ၁၈ | ၁၅ | ၁၀ |
| ၃ | ၁၆ | ၁၉ |
| ၁၃ | ၁၉ | ၁၄ |

နဝမ

ရရှိခဲ့သော ပညာစဉ်မှတ်တမ်းသည် အထက်ပါအတိုင်းပင် ဖြစ်ပါ၏။ အစီအရင်၏ အာနိသင်ကို ဖော်ပြထားရာ၌ လွန်စွာ ကျဉ်းမြောင်းနေ၏။ တကာယ်မှူ (၇)နေ့ နံပေါ်အင်းတို့သည်ပင် (၇)ရက်သားသမီး တစ်ဦးချင်းအတွက် အလိုဆန္ဒများကို ပြည့်ဝစေ၏။ စိတ်ချမ်းသာမှုကို ဖြစ်စေ၏။ အကြံအောင်မှုကို ဖြစ်စေ၏။ လာဘ်ဝင်စေ၏။ အန္တရာယ်ကင်းစေ၏။ စာမေးပွဲအောင်စေ၏။ ကွပ်လပ်လေးခုတွင် လိုရာစေ၍ သုံးနိုင်၏။

ကျောက်သင်ပုန်းတွင် ချ၍ ရေစိမ်အင်းအဖြစ် သုံးနိုင်၏။ မိုင်းကိုင်စက္ကူတွင်ချ၍ ဖယောင်းတိုင်တွင် မီးပူဖော်နိုင်၏။ ပညာရှင်တို့ ဉာဏ်ကူသမျှ သုံးနိုင်သောအင်းဖြစ်၏။

စမ္မနဝ အဝင်(၉)အင်း၏ အသုံးသည်လည်း အလွန် ကျယ်ပြန့်လှ၏။ အထွက်(၉)အင်းလည်း ရှိသေး၏။ နောက်လတွင် ဆက်လက်ဖော်ပြပါမည်။

သုတေသီတို့အတွက် အင်းချနည်းကိုပါ ပြသွားပါမည်။ သဲလွန်စကို ပြရသော် (၇)နေ့ နံပေါ်အင်းတို့သည် **အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း** (၄)အင်းဆိုင် နေ့သားအလိုက် ချထားသောအင်းဖြစ်ပြီး စမ္မာနဝအင်းတို့သည် **စမ္မာ နဝင်း ဇာလင်း သတ္တ ပဥ္စ ကြိဆ ဓက အဌ**ကို အဝင်နည်းအရ ပထမမှ နဝမတိုင် ချသွားသော အင်းများဖြစ်ပါ၏။ စမ္မာနဝသည် ဖုန်းရွှေပညာ၏ အသက်လည်းဖြစ်၏။ အလျဉ်းသင့်သော ကာလများတွင် လင်းသွားကြပေမည်။

**ဝေဒသစ္စာ ဆရာဝရအောင်**

**စာရှုသူ သုတေသီနှင့် အင်းပညာရှင် အပေါင်းတို့ခင်ဗျား...**

အထက်ပါ "ရှင်သီဝလိအစီအရင်" အသေးစိတ်ကို တတ်ကျွမ်းနားလည်သူ သုတေသီပညာရှင်များမှ ပြီးပြည့်စုံစွာ ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*ဦးကျော်မိုးသိန်း*
*စာတည်းချုပ်*
*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*


လူသား တော်တော်များများမှာ ဒူလာမီးယပ် ကိုက်ခဲ ထုံကျဉ်ခြင်းများစွာ ဖြစ်လေ့ရှိပါသည်။ ဤသို့သော ရောဂါအမျိုးမျိုးတို့ကို ပျောက်ကင်းစေရန်အတွက် စာရေးသူ ကြုံတွေ့သောနည်းကို တင်ပြပါမည်။

**ဆေးနည်းမှာ...**

သဘော်ာမဲဇလီရွက် (၂၅)ကျပ်သား ခူးပါ။ ခူးပြီး ရေဖြင့်သုံးပုံတစ်ပုံကြွင်းအောင်ကျိုပါ။ ယင်းရေကို စစ်ယူပြီး အိုးသစ်တွင်ထည့်ပါ။ ထည့်ပြီး ထန်းလျက်(၂၀)ကျပ်သား၊ မန်ကျည်းမှည့်(၂၀)ကျပ်သားထည့်ပါ။ ဆား(၅)ကျပ်သား၊ စမုန်မျိုးငါးပါး (၄)ပဲသားစီထည့်ပါ။ အိုးကို အလုံပိတ်၍စပါးတွင် (၇)ရက်မြှုပ်ပါ။ ဆေးဖြစ်ပါပြီ။



**ဒူလာမီးယပ်**

ထုံကျဉ်ကိုက်ခဲ လက်တွေ့ဆေးရည်

**ဆေးအကျိုးသွားမှာ** ခေါင်းစဉ်အတိုင်း ဒူလာမီးယပ် ပိန်ခြောက် ဒူလာပါဒရက် ညောင်းနာ ထုံကျဉ် ကိုက်ခဲခြင်းနှင့် ရိနာ။

**ဆေးသောက်ရန်မှာ**က စတီးဇွန်းနှင့်တစ်ဇွန်း သောက်သုံးပါရန် တင်ပြပါသည်။

*အရောဂါ သုခီတာ ဟောန္တု*

**မောင်အောင်ဝင်း တိုင်းရင်းဆေး(မိတ္ထီလာ)**

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါမလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား။ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပ့ါဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲ့ဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ ပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောထိုးတာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ

www.burmeseclassic.com

www.burmeseclassic.com

# ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါဗျာ၊ ဟုတ်ပါ"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့. . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကို သုံးစွဲပေးပေါ့ဗျာ"



ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(တနယ်ငင်း)(၁၁၂/၁၂၂)

"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်, ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၇၅၄။

www.burmeseclassic.com

# ရသေ့ကြီး ဦးခန္တီ

ကျင့်စဉ်ပေါက်မြောက်ရာ ရမည်းသင်း

# ရွှေမြင်တင်တောင်


လေ့လာကြည့်ရှုမှုခရီး (၁)

## နိဒါန်း

ဗန်းမော်ဆရာတော်ကြီး ဦးကုမာရ၏ အလုံမြို့တွင် ''ယုန်ကလေး'' တရားကို ဟောကြားစဉ် စကားချီးအနေဖြင့် ဆရာတော်မှ ဦးခန္တီသည် ရမည်းသင်းမြို့ အရှေ့ဘက်တွင်ရှိသော ရွှေမြင်တင်တောင်တွင် သီတင်းသုံး၍ ကျင့်ကြံအားထုတ်ရာ ကျင့်စဉ်စခန်း ပေါက်မြောက်အောင်မြင်ခဲ့ကြောင်းနှင့် ဦးခန္တီစိပ်ပွားလေ့ရှိသော သိဒ္ဓိပေါက်ဂါထာကို အသံထွက် မှန်ကန်စေရန် တိုင်ပေးတော်မူသည်။

ထိုဂါထာ (၁၀၈)လုံး ပုတီးတစ်ပတ်စိပ်ပွားခြင်းဖြင့် ဦးခန္တီသည် ရွှေဒင်္ဂါး (၁၀၈)ပြား အလှူခံရရှိသည်။ ဝါးချက်မင်းကျောင်းဆရာတော် စိပ်ပွားရာ၌ သက်နှီး(၁၀၈)စုံ အလှူခံရရှိသည် စသည်ဖြင့် အကျယ်တဝင့် မိန့်တော်မူပြီး ''များများစားစား မလိုချင်,မရချင်၊ လျှော့ပြီးတော့ ရချင်ရင်လဲ လျှော့ပြီးတော့ စိပ်ကြပေါ့''ဟု ရယ်မောမိန့်ကြားခဲ့လေသည်။

**''ကုန်းတွင် ခန္တီ၊ ရေတွင် စန္ဒီ''** ဆိုရိုးရှိခဲ့သည့် ကိုလိုနီအစိုးရလက်ထက် အမျိုးဘာသာ သာသနာအတွက် အတွင်းလမ်းမှ သာသနာပြုကြသူများသည် ဘုရားတည်,ကျောင်းဆောက် သာသနာပြုလုပ်ငန်းများ လုပ်




◆ ရွှေမြင်တင်တောင်ပေါ် ရွှေစေတီ




www.burmeseclassic.com

www.burmeseclassic.com



▲ ကျောက်သားပေါ်မှ စေတီများ


▼ အနောက်ဘက်မုခ်ဦးပြာသာဒ်





www.burmeseclassic.com


www.burmeseclassic.com



ကျောက်ဖား



ရွှေဘိုးရာဇဝတီ



အဝင်မုခ်ဦး

ဆောင်ကြရာ ရေနှင့်ထိစပ်သော အရပ်ဒေသများတွင် ရသေ့ကြီးဘိုးသုစန္ဒီက လည်းကောင်း၊ ကုန်းတွင်းပိုင်းဒေသများတွင် ရသေ့ကြီးဦးခန္တီက လည်းကောင်း ပြုပြင်မွမ်းမံ သာသနာပြုကြခြင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။

ဤသို့လျှင် သာသနာပြုပုဂ္ဂိုလ်ကျော်တစ်ပါးဖြစ်သော ဦးခန္တီကျင့်စဉ်ပေါက်မြောက်တော်မူရာ ရွှေမြင်တင်တောင်ကို ရမည်းသင်းမြို့ ရောက်ခိုက် ဝါမယစိုက်၍ သွားရောက် လေ့လာကြည့်ညိုခဲ့သည်။

## တောင်တော်ဆီသို့

ရမည်းသင်းမြို့ အရှေ့ဘက်(၈)မိုင်ခန့်အကွာတွင် တည်ရှိ၏။ တောင်ခြေအနီးတွင် တောင်မြောက်သွယ်တန်းဖောက်လုပ်ထားသော ဗျူဟာလမ်းရှိသည်။ ထိုလမ်းအတိုင်း တောင်ဘက်ညောင်လွန့်ရွာသို့ လည်းကောင်း၊ မြောက်ဘက် ပျော်ဘွယ်–တောင်ကြီးလမ်းသို့ လည်းကောင်း ရောက်ရှိနိုင်




www.burmeseclassic.com

www.burmeseclassic.com

သည်ဟု သိရသည်။

တောင်ခြေမုခ်ဦး အလွန်တွင် လက်ဝဲဘက်သို့ ချိုးကွေ့သွားသော တောင်တက်ကားလမ်း ရှိသည်။ မတ်စောက်လှခြင်း မရှိပါ။ ကား၊ ဆိုင်ကယ်၊ သုံးဘီးယာဉ်များပင် တက်ရောက်လေ့ ရှိကြသည်ဟု သိရ၏။ တောင်တော် ရှုခင်းကို စုံလင်စွာ မြင်တွေ့နိုင်ရန် အနောက်ဘက် စောင်းတန်းမှ ခြေကျင် တက်ရောက်ခဲ့သည်။

အနောက်ဘက် စောင်းတန်းထိပ် မုခ်ဦးပြာသာဒ်အနီးကွင် **"ကျောက်ဖားကြီး"**ရှိသည်။ ဒေသခံတို့၏ ဒဏ္ဍာရီအရ ဘုန်းတန်ခိုးရှိသော မင်းသည် ဤကျောက်ဖားကြီးကို စီးနိုင်းနိုင်သည်။



◆ ရွှေမြင်တင်စင် စေတီ

**ဤဖားကြီးသည် ဇမ္ဗူဒီပလက်ယာ တောင်ကျွန်းကို နေ့ချင်းအရောက် လှည့်လည် ခုန်ကျော်နိုင်သည် ဆိုလေသည်။ ကျောက်ဖားပေါ်တွင် စေတီငယ်လေးတစ်ဆူ တည်ထားသည်။ ဖား၏ ပုံသဏ္ဌာန်မှာ မြောက်အရပ်သို့ ခုန်ကျော်မည့်ဟန် မျက်နှာပြုထားလေသည်။**

**"ကျောက်ဖား"** သည် ဂဇ္ဇေပထဝီဓာတ်မိတ်ဆောင်သဖြင့် သာမန်လူတို့အတွက်လည်း တည်တံ့ခြင်း၊ မြဲမြံခြင်း၊ နိုင်ခံ့ခြင်း နိမိတ်ကောင်းဆောင်ကာ ကုသိုလ်ပြု ဆုပန်မှုများ ပြည့်စုံနိုင်ပေသည်။

ကျောက်ဖားကို ကျော်လွန်၍ လှေကားထစ်တစ်ရာခန့်ရှိသော် လက်ယာဘက်တွင် ရွှေအိုးရစေတီသို့ ဟူ၍ မြားပြထားသဖြင့် သွားရောက် ကြည့်သည်။ တောင်စောင်းရှိ ကျောက်တုံးကြီးတစ်လုံးအထက်၌ ကြာပွင့်ခံ၍ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်ကို ဖူးတွေ့ရသည်။

ယင်း၏အောက်တွင် ဘုန်းကြီးကျောင်းတစ်ဆောင်နှင့် သံဃာတစ်ပါးအား ဖူးတွေ့ရသဖြင့် ဝင်ရောက် ဖူးမြော်လျှောက်ထားရာ ရွှေတူးဖော်ရေးလုပ်ငန်း လုပ်ဆောင်သူတစ်ဦး ရည်ရွယ်ချက် အောင်မြင်သဖြင့် အဓိဋ္ဌာန်အတိုင်း စေတီတည်ပူဇော်ခြင်း ဖြစ်သည်သိရသည်။

ရွှေမြင်တင်တောင်မှ အရှေ့ဘက်ရှိ တောင်ကြောတွင် ရွှေတူးဖော်ရေး လုပ်ငန်းခွင်ရှိသည်။ ရမည်းသင်းမြို့သို့ ရောက်ရောက်ချင်းပင် ဆိုင်ကယ်ကယ်ရီသမားများ အပြေးလာကာ "မနက်ဖြန် တောင်ပေါ် တက်မှာလား" ဟု မေးကြ၏။ "အင်း... တက်မယ်၊ ရွှေမြင်တင် တောင်ပေါ်ကို"ဟု ပြန်ဖြေသည်နှင့် စိတ်ပျက်စွာ နောက်ဆုတ်သွားကြသည်။

ရွှေတူး လုပ်ငန်းခွင်ရှိရာ တောင်ပေါ်သို့ လိုက်ပို့ရပါက သူတို့မှာ မြိုးမြိုးမြက်မြက်ကလေး ရရှိကြသည် ဆိုလေသည်။

စေတီဒါယကာ၏ ဆုတောင်း အဓိဋ္ဌာန်ကို မသိရသော်လည်း လုပ်ငန်း အောင်မြင်သောအခါ စေတီတည် ကောင်းမှုပြုခဲ့သည့် သူ၏သဒ္ဓါတရားကို ဝမ်းမြောက်သာဓု ခေါ်ရပေသည်။

ထိုမှ မူလလမ်းအတိုင်း စောင်းတန်းသို့ ပြန်၍ အပေါ်သို့ ဆက်တက်သည်။ အပူပိုင်းရပ်ဝန်းဖြစ်သော်လည်း အမိုးစောင်းတန်းနှင့် အုတ်လှေကား၊ နားနေခုံတန်းများကြောင့် သက်သောင့်သက်သာ တက်ရောက်နိုင်သည်။ မိနစ်(၅၀)ခန့်ကြာသောအခါ ပေပေါင်း(၁၀၀၈)ပေမြင့်သည့် ရွှေမြင်တင်တောင်ထိပ်သို့ ရောက်ရှိလေသည်။

## ရွှေမြင်တင် ရွှေစေတီ

ရှေးဦးစွာ ရွှေမြင်တင်တောင်၏ အဓိကရစေတီဖြစ်သော **ရွှေစေတီ**ကို ဦးခိုက် ဖူးမြော်သည်။ မူလကောင်းမှုမှာ သီရိဓမ္မာသောကမင်းဖြစ်၍ ပုဂံ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်မင်းအဆက်ဆက်တို့ မွမ်းမံခဲ့ကြပြီး ၁၂၆၁



www.burmeseclassic.com

www.burmeseclassic.com



● ရွှေယင်မိတောင်

…တွင် ဦးခန္တီက ဉာဏ်တော်(၄၅)ပေ …ထိ တိုးမြှင့်ပူဇော်ခဲ့သည် ဆို၏။

ဘုရားဝတ်ပြုပြီးသောအခါ ဂေါပက …က တည်ခင်းထားသော ရေနွေး …ကို အမောပြေ သောက်သုံးပြီး …က် ဝန်းကျင်တစ်ခို ရှုမျှော်ကြည့် …ည်။ ရွှေမြင်တင်တောင်ကား …စ်မင်းသား ရာဇမာန်ရှသဖြင့် …ပြေးရစဉ် စီးတော်မြင်း ကိုယ်ထင် …(မြင်တွေ့ရာ)တောင်ဖြစ်၍ **ရွှေ …င်းထင်တောင်**မှ **ရွှေမြင်တင်**ဟု …ပြောင်းလဲလာသည်ဆို၏။

…ပြင် သာစည်ရွှေယင်မျှော်သမိုင်း …ဆက်စပ်ကာ ကြီးမားသော ယင် …ကြီး ကိုယ်ထင်ပြရာတောင် ဖြစ် … "**ရွှေယင်ထင်တောင်**"မှ "**ရွှေ …တင်တောင်**"ဟု ပြောင်းလဲခဲ့သည် …ည်း ဆိုစမှတ်ရှိကြလေသည်။

ရွှေမြင်တင်တောင်၏ အရှေ့ဘက် လျှိုတစ်ခုခြားတွင် မြင်ရသော တောင်ထွတ်ကား "**ရွှေယင်မိ**"တောင်ဖြစ်၍ တောင်ထိပ်တွင် ရွှေယင်မိစေတီ ကိန်းဝပ်တော်မူသည်။

တောင်နှစ်လုံးကြား လျှိုမြောင်ကလေးတွင် အောက်မှလာသော တောင်တက်ကားလမ်း အဆုံးသတ်သည်။ ထိုနေရာတွင် ကားရပ်၍ တောင်ပေါ်သို့ လှေကားဖြင့် တက်ရပေသည်။

ရွှေယင်မိတောင်၏ တောင်ဘက်အဆင်း ထက်ဝက်ခန့်တွင် ဇော်ဂျီဂူရှိသည်။ ဂူအတွင်း၌ ရုပ်ပွားစေတီ မရှိသော်လည်း ဂူနံရံမှာ ချောမွတ်ပြေပြစ်၍ သန့်ရှင်းလှသည်ဆိုသဖြင့် သွားရောက်ကြည့်ရှု သော့ခတ်ထားသဖြင့် တောင်ပေါ်သို့ ပြန်တက်ကာ စုံစမ်းရသည်။

ဂေါပက လူကြီးတစ်ယောက်က တောင်ဘက်စောင်းတန်းအနီးမြေပြင်ရှိ အဆောင်တစ်ဆောင်သို့ ညွှန်ပြကာ…

'သော့ကိုင်တဲ့လူက အဲဒီမှာ နေတယ်။ ဒါပေမယ့် ဒီနေ့ ခရီးထွက်သွားတယ်။ ညနေမှ ပြန်ရောက်မှာတဲ့။ ပွဲတော်ကာလတွေဆိုရင်တော့ သူ အမြဲရှိပါတယ်'

ဟု ရှင်းပြလေသည်။

ဇော်ဂျီဂူသည် ကျောက်တောင်နံရံတွင်း (၁၅)ပေခန့်နက်၍ (အလျားရှိ၍) ဂူဝတွင် အုတ်တိုက်တန်ဆောင်း ဆောက်လုပ်ထားသည်။ သော့ကိုင်မရှိသဖြင့် ဂူတန်ဆောင်းကိုသာ မှတ်တမ်းပြု ဖော်ပြလိုက်ပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ခွန်စိုင်းဝမ်း



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော (၁၀)နှစ်ကျော်က ကျိုက်လတ်မြို့ မြို့လယ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၏ အပေါ်ထပ် ထပ်ခိုးတွင် ဗေဒင်သင်တန်းတစ်ခုကို ဖွင့်လှစ်သင်ကြားခဲ့ဖူးပါသည်။

ထိုဗေဒင်သင်တန်းတွင် သင်တန်းသား (၇)ဦးတိတိ ရှိပါသည်။ ထူးဆန်းသည်မှာ ထိုသင်တန်းသား(၇)ဦးသည် နေ့(၇)နေ့၊ နံ(၇)နံ၊ (၇)နေ့သားများ ဖြစ်နေကြခြင်းပင် ဖြစ်သည်။

သင်တန်းပြဆရာကြီးက ဦးဝင်း (နာမက္ခရပညာရှင်)ဖြစ်၏။ ဆရာဖြစ်သူ၏ နာမည်ကို ဦးဝင်းဟူသော ဗုဒ္ဓဟူးပညတ် ဖြစ်နေခြင်းကလည်း တိုက်တိုက်ဆိုင်ဆိုင် တစ်မူထူးခြားနေပြန်သည်။

အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဟူးဂြိုဟ်သည် အဌလက်ခွင်ရှိ ဂြိုဟ်ကြီး (၈)လုံးတွင် ဆရာကြီးဂြိုဟ်၊ အဓိပတိဂြိုဟ် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။(ဗုဒ္ဓဟူးဂြိုဟ်သည် ဂြိုဟ်ကြီး (၈)လုံးတွင် ဆရာကြီးဂြိုဟ်၊ အဓိပတိဂြိုဟ်ဖြစ်ကြောင်း အကျယ်ရှင်းမပြတော့ပါ။ နီးစပ်ရာ ဗေဒင်ဆရာများကို မေးမြန်းကြည့်ကြပါလေ။)

ထို့ကြောင့် ကျွန်ုပ်တို့၏ ဗေဒင်သင်တန်းသည် (၇)နေ့သား စုံစုံလင်လင်နှင့် သင်ကြားသူ အုပ်ချုပ်သူ ဆရာကြီးကလည်း အဓိပတိဂြိုဟ်၊ ဆရာကြီးဂြိုဟ် ဗုဒ္ဓဟူးပညတ်ဖြင့် အံဝင်ခွင်ကျ အပ်အပ်စပ်စပ် လိုက်လျောညီထွေ တစ်မူထူးခြားနေသော သင်တန်းတစ်ခုပင်ဖြစ်နေပါတော့သည်။

တစ်နေ့တွင် အသက်(၇၀)ကျော်နေပြီဖြစ်သော အဘဦးဝင်းသည် ဗေဒင်သင်ခန်းစာများကို သင်ကြားပို့ချပေးအပြီး သင်တန်းသားများအား...

'သားတို့ အဘ မနေ့က ဂြိုဟ်စောင့်



# ဂြိုဟ်စောင့်နတ်မင်းကြီးများထံ

## အကူအညီ တောင်းခံနည်း

ဇော်နန္ဒ
(ကျိုက်လတ်

နတ်မင်းကြီး(၈)ပါးကို မိတ်ဖွဲ့တဲ့နည်းကို သင်ပေးခဲ့ပြီးပြီ။ ဒီနေ့ ဘာဆက်သင်ပေးမလဲဆိုတာ **အဲဒီ ဂြိုဟ်စောင့်နတ်မင်းကြီး(၈)ပါးဆီမှာ အကူအညီတောင်းခံတဲ့နည်းကို** ထပ်သင်ပေးပါမယ်။ သင်ကော သင်ချင်ကြရဲ့လား၊ စိတ်ကော ဝင်စားကြရဲ့လား'

'ဟာ... သင်ချင်ပါတယ် အဘ၊ စိတ်ဝင်စားပါတယ် အဘ'

ကျွန်ုပ်တို့ (၇)ဦးလုံး စိတ်အားထက်သန်စွာဖြင့် အားတက်သရော သံပြိုင်ပြန်ဖြေလိုက်ကြရာ အဘသည် ပြုံးစိပြုံးစိ အမူအရာ ခေါင်းလေးတညိတ်ညိတ်ဖြင့် ကျွန်ုပ်တို့အား တစ်ယောက်စီတစ်ယောက်စီကို လိုက်လံကြည့်ကာ အကဲခတ်နေ၏။ ပြီးမှ...

'ဒီဂြိုဟ်စောင့်နတ်မင်းကြီး (၈)ပါးဆီမှာ အကူအညီ တောင်းခံတဲ့ နည်းဟာ အဘ ထွင်ထားတဲ့နည်း အဘရဲ့နည်း မဟုတ်ဘူးနော် သားတို့ရဲ့။ **ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်က ချွန်းစုဆရာတော်ကြီးရဲ့နည်း ဖြစ်ပါတယ်။**

သားတို့ ဘဝမှာ တစ်ကြိမ်မဟုတ် တစ်ကြိမ် တစ်ခါမဟုတ် တစ်ခါမှာ တော့ အကြောင်းကြီးငယ် ကိစ္စတစ် ဟာ ပေါ်ပေါက်လာတတ်တ အဲဒီအခါကျရင် ဒီနည်းကို လက် သုံးကြည့်ကြပါ။ ထူးထူးခြားခြား အံ့ ဖွယ် ကောင်းလောက်အောင် အ ပြေ အောင်မြင်သွားပါလိမ့်မယ်။

အဲ တစ်ခုတော့ရှိတယ်။ ကိုယ့်အ ကတော့ မှန်ရလိမ့်မယ်။ တရားသ လဲ ဖြစ်ရမယ်။ ကိုယ်နဲ့ အပ်စပ် အရာလဲ ဖြစ်ရမယ်။ အဲဒါဆိုရင် သားတို့ အဆင်ပြေပြီ။

ဟုတ်မဟုတ် လက်တွေ့သာ ကြည့်ကြပါ။ **ယုံယုံကြည်ကြည် အာရုံမိမိ စေတနာပါပါ ဆောင်ရွ ကြပါ။ ထူးကို ထူးပါလိမ့်မယ်။** အ အာမခံတယ်။ အဓိက,က စေတနာဆိုတဲ့ ကောင်းကံရယ်၊ သ ဆိုတဲ့ ယုံကြည်မှုရယ်တော့ ပြည့် မယ်။ ဒါဆို တူသောအကျိုး ပေးပြ ကွယ်။ ကဲ လိုက်မှတ်ကြ၊ အဘ ပေးမယ်'

ထို့နောက် ကျွန်ုပ်တို့ သင်တန်းသ (၇)ဦးသည် အဘခေါ်ပေးသေ ဂြိုဟ်စောင့်နတ်မင်းကြီးများထံ အ

www.burmeseclassic.com

ညီတောင်းခံနည်းကို စိတ်ပါဝင်စား ခြင်း စာအုပ်ထဲတွင် လိုက်၍ရေးမှတ် ကြပါတော့သည်။

### ဂြိုဟ်စောင့်နတ်မင်းကြီးများနှင့် မိတ်ဆွေဖွဲ့၍ အကူအညီ တောင်းခံခြင်း

၁။ မိမိ၏ ကိုယ်ရောစိတ်ပါ သန့်ရှင်း အောင် ပြုပြင်ပါ။

၂။ အချိန်အခါမှာ နံနက်ပိုင်း ဖြစ်ပါသည်။ **(အကောင်းဆုံးမှာ အရုဏ်တက် ဖြစ်ပါသည်။)**

၃။ စားပွဲတစ်လုံးကို ဘုရားစင်ရှေ့၌ သန့်ရှင်းသပ်ရပ်စွာ စီစဉ်ပါ။

၄။ စားပွဲပေါ်တွင် ငွေစက္ကူအသစ်ကို သုံး၍ ငွေမွေ့ရာခင်းပါ။ **(မတတ်နိုင်ပါက မလုပ်လည်း ရသည်။)**

၅။ ယင်းအပေါ်တွင် သင့်တော် သန့်ရှင်းလတ်ဆတ်သော ပန်းများနှင့် ပန်းမွေ့ရာခင်းပါ။

၆။ ယင်းအပေါ်တွင် ပန်းအိုး(၃)အိုး စိုက်ပါ။ အိုးတိုင်းတွင် အပွင့်ပန်း၊ အရွက်ပန်း၊ အညွန့်ပန်း (၃)မျိုးစီ တူညီစွာ ပါဝင်ပါစေ။ ပန်းအိုးတိုင်း၌ ဤအမှုကို ဆောင်ရွက်မည့်သူ၏ မွေးနံ့ပန်းကို (၃)အိုးစလုံး၌ တူညီစွာ ပါဝင်ပါစေ။ **(ဥပမာ တနင်္ဂနွေသား - အုန်းညွန့်၊ တနင်္လာသား-ကံ့ကော်၊ အင်္ဂါသား-စံပယ်)**

၇။ သက်သတ်လွတ် ဆွမ်းတော်ပွဲ (၃)ပွဲ တင်ထားပါ။

၈။ သောက်တော်ရေ (၃)ခွက်တင် ထားပါ။

၉။ အလင်းတိုင်(၃)တိုင်ကို မီးမညှိ သေးဘဲ စိုက်ထူထားပါ။

၁၀။ နံ့သာတိုင်(၃)တိုင်ကို မီးမညှိသေး ဘဲ စိုက်ထူတင်ထားပါ။

၁၁။ သစ်သီးဆွမ်း(၃)ပန်းကန် တင် ထားပါ။ ပန်းကန်တိုင်းတွင် မျိုးမတူ သစ်သီး(၃)မျိုး ပါဝင်ပါ စေ။ (၁)ပန်းကန်နှင့် (၁)ပန်းကန် သစ်သီးချင်း တူညီပါစေ။

၁၂။ ယင်းနောက် ဘုရားထံတွင် ဘုရားရှိခိုး သရဏဂုံဆောက် တည်ကာ အနည်းဆုံး ငါးပါး သီလကို မြဲမြံမည်ဟု စိတ်ချရ သော တစ်ထိုင်ဥပုသ် ဆောက် တည်ပါ။

အဲဒီနောက် ဂြိုဟ်စောင့်နတ်မင်းကြီး ရှစ်ပါး ဖြစ်ကြသည့် တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူး ဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ သောကြာ ဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ် စတဲ့ ဂြိုဟ်စောင့်နတ်မင်းများအား အတူ တကွ ဒါနပြုရန် ဖိတ်ကြားပါ။

**ပင့်ဖိတ်ရာတွင် ရွတ်ဆိုရန်မှာ...**

ဂြိုဟ်စောင့်နတ်မင်းကြီးများ ဖြစ်ကြသော တနင်္ဂနွေဂြိုဟ်စောင့်နတ်မင်းကြီး၊ တနင်္လာ ဂြိုဟ်စောင့်နတ်မင်းကြီး၊ အင်္ဂါဂြိုဟ်စောင့် နတ်မင်းကြီး၊ ဗုဒ္ဓဟူးဂြိုဟ်စောင့်နတ်မင်းကြီး၊ ကြာသပတေးဂြိုဟ်စောင့် နတ်မင်းကြီး၊ သောကြာဂြိုဟ်စောင့်နတ်မင်းကြီး၊ စနေ ဂြိုဟ်စောင့်နတ်မင်းကြီး၊ ရာဟုဂြိုဟ်စောင့် နတ်မင်းကြီး အပေါင်းတို့...

ကျွန်ုပ်သည် အသင်တို့နှင့် အတူတကွ မြတ်ဒါနကုသိုလ်အမှုကို ပြုနိုင်ကြရန် အလို့ ငှာ ငွေမွေ့ရာ၊ ပန်းမွေ့ရာ၊ မိမိ၏ မွေးနံ့ပန်း အပါအဝင်ဖြစ်သော အရွက်ပန်း၊ အညွန့် ပန်း၊ အပွင့်ပန်းတို့ စိုက်ထားသည့် ပန်းအိုး (၃)အိုး၊ သောက်တော်ရေ(၃)ခွက်၊ ဆွမ်း တော်(၃)ပွဲ၊ သစ်သီးဆွမ်း(၃)ပွဲ၊ အလင်း တိုင်(၃)တိုင်၊ နံ့သာတိုင်(၃)တိုင် အစရှိ သည့် လှူဖွယ်ပစ္စည်း ဝတ္ထုအစုစုတို့ကို စီစဉ်ထားပြီး ဖြစ်ပါသည်။ ယင်း လှူဖွယ် ဝတ္ထုတို့ကို ဗုဒ္ဓမြတ်စွာဘုရားအား ကျွန်ုပ်နှင့် အတူတကွ ဆက်ကပ်လှူဒါန်းနိုင်ရန် ရှိသေ စွာ ဖိတ်ကြားအပ်ပါသည်။

ကြွရောက်တော်မူကြပါကုန်လော့... ကြွ ရောက်တော်မူကြပါကုန်လော့... ကြွရောက် တော်မူကြပါကုန်လော့'

၁၃။ **နတ်မင်းကြီးရှစ်ပါး အမှန်ပင် ကြွရောက်လာပြီဟု** ယုံယုံ ကြည်ကြည် မှတ်ယူထားပါ။ ယင်းနောက် အလင်းတိုင်(၃) တိုင်နှင့် နံ့သာတိုင်(၃)တိုင်ကို ထွန်းညှိပါ။

၁၄။ ယင်းနောက်...

'အကျွန်ုပ် ပင့်ဖိတ်၍ ကြွရောက်လာကြ ကုန်သော ဂြိုဟ်စောင့်နတ်မင်းကြီးအပေါင်း တို့ ဤခင်းကျင်းပြင်ဆင်ထားသော လှူဖွယ် ဝတ္ထုပစ္စည်းများတို့ကို အကျွန်ုပ်နှင့်တကွ ဗုဒ္ဓမြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်း ကြပါကုန်လော့'

ဟု ရွတ်ဆိုကာ စားပွဲအား မ,၍ ဘုရားကို ကပ်လှူပါ။

၁၅။ ယင်းနောက်...

'အကျွန်ုပ်သည် အသင်တို့အား မေတ္တာ စေတနာ ရှေ့ထား၍ ဗုဒ္ဓမြတ်ဘုရားအား မြတ်ဒါနအမှု ပြုနိုင်ရန် စီစဉ်ပေးခဲ့ပြီး ဖြစ်ပါ သည်။ အကျွန်ုပ်၏ မေတ္တာစေတနာကို ထောက်ထားသောအားဖြင့် အကျွန်ုပ်နှင့် တကွ မိသားစုများအား မေတ္တာစေတနာ ထားရှိပြီး ကူညီစောင့်ရှောက်ကြပါ။

ယခု ကြုံတွေ့နေရသော ............... ကိစ္စရပ်အတွက် ကူညီစောင့်ရှောက်၍ ဆောင်ကြဉ်းပေးပါရန် ရိုသေစွာ မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်'

ဟု ရွတ်ဆိုပါ။ **(အထက်မှ ကွက်လပ်တွင် တရားသဖြင့်ဖြစ်သော မိမိ၏ လိုအင်ဆန္ဒကို ထည့်၍ရွတ်ဆိုပါ။)**

***ဘဝအစစ လှကြပါစေ။***

**အောင်နန္ဒစံ(ကျိုက်လတ်)**

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'သြော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဖက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်၊ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊လက်တုန်၊ လည်ပင်း၊ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဖက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက် သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အော[illegible] ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလ[illegible] မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသား[illegible] ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကို[illegible] ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်[illegible] အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာ[illegible] နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်[illegible] သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်[illegible] ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတ[illegible] ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက် ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီ[illegible] ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေး[illegible] ဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအ[illegible] ကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ [illegible] ကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အ[illegible] အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူ[illegible] နဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား အ[illegible] သမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာ[illegible] အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြ[illegible] အကျိုးပြုပါရစေ'

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၅၃၁

**ဦးဇော်ထွန်း**

www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်

ဦးခင်မောင်နိုင်

## ဝ–ကြွင်း

### မဟာဘုတ်ပိုင်ရှင်များအတွက်

ကြည့်ပါ။

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ဝ | ၁ |

ဝ–ကြွင်း မဟာဘုတ်

ဝ–ကြွင်း မဟာဘုတ်ပိုင်ရှင် (၇) ရက် သားသမီးများအတွက် ကောင်းကျိုးအပြုဆုံးဂြိုဟ်သည် **အထွန်းဂြိုဟ်** ဖြစ်ပါတယ်။ ထို့ကြောင့် ဝ–ကြွင်း မဟာဘုတ်ပိုင်ရှင်အတွက် **သောကြာဂြိုဟ်(၆–ကြာ)**သည် ကောင်းကျိုးအပေးနိုင်ဆုံး ဂြိုဟ်တစ်လုံးလဲ ဖြစ်ပါတယ်။


ဤတွင်...

ဝ–ကြွင်းမဟာဘုတ် ပိုင်ရှင်များအတွက် ယတြာကျင့်စဉ်ထူးမှာ...

**÷ သောကြာနေ့ဖွား ဘုရားရှင်အား ရှိခိုးကန်တော့ပါ။**

သုမနော သုမေဓော ပုဒ္ဓေါ  
ပုဿဖိနောစ ဂေါတမော။  
သုက္ကဝါရေ အဘိဇာတာ။  
တေ နမဿာမိ သာဒရံ။  
နဝေနာနေန ကမ္ဘေနံ  
ပေါရာဏကံ ဝိနဿတု။  
စတုန္နံ ဗုဒ္ဓတေဇေန  
သဒ္ဒါ သုခီ ဘဝန္တုမေ။

## နှင့် ယတြာကျင့်စဉ်ထူးများ



ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ပုဒ္ဓေါ** | = | ပုတ်ဓော |
| **ပုဿ** | = | ပုတ်သ |
| **သုက္က** | = | သုတ်က |
| **နမဿာမိ** | = | နမတ်သာမိ |
| **ကမ္ဘေန** | = | ကမ်ဗေန |
| **ဝိနဿတု** | = | ဝိနတ်သတု |
| **စတုန္နံ** | = | စတုန်နံ |
| **ဘဝန္တုမေ** | = | ဘဝန်တုမေ |

**အနက်**

**သုမနောစ** – သုမနမြတ်စွာဘုရားသည်လည်းကောင်း၊ **သုမေဓော ပုဒ္ဓေါစ** – သုမေဓမြတ်စွာဘုရားသည်လည်းကောင်း၊ **ပုဿဖိနောစ**–ပုဿ မြတ်စွာဘုရားသည် လည်းကောင်း၊ **ဂေါတမောစ**– ဂေါတမ မြတ်စွာဘုရားသည်လည်းကောင်း၊ **ဣမေ**– ဤ လေးဆူသော ဘုရားရှင်တို့သည်၊ **သုက္ကဝါရေ**– သောကြာနေ့၌၊ **အဘိဇာတာ** – ဖွားမြင်တော်မူကြကုန်၏၊ **တေ**–ထိုဘုရားရှင်တို့ကို၊ **သာဒရံ**– ရိုသေလေးစားခြင်း ရှိသည်ဖြစ်၍၊ **နမဿာမိ**–ရှိခိုးပါ၏။

**နဝေန**– အသစ်အဦးဆည်းပူအပ်သော၊ **အနေန ကမ္ဘေန**–ဤဘုရားလေးဆူ သဗ္ဗညုတို့ကို ကြည်ဖြူမြတ်နိုး ရှိခိုးရသော ကောင်းမှုကံကြောင့်လည်းကောင်း၊ **စတုန္နံ ဗုဒ္ဓတေဇေန**– လေးဆူကုန်သော ဘုရားရှင်တို့၏ တန်ခိုးတေဇော အာနုဘော်ကြောင့် လည်းကောင်း၊ **ပေါရဏကံ** –ရှေး၌ မကောင်းကံ အဟောင်းသည်၊ **ဝိနဿတု**– ပျောက်ပျက်ပါစေသတည်း။ **မေ**–အကျွန်ုပ်အား၊ **သဒ္ဒါ**– အခါခပ်သိမ်း၊ **သုခီ**– ချမ်းသာခြင်းတို့သည်၊ **ဘဝန္တု**–ဖြစ်ပါစေကုန်သတည်း။


**⁜ သံရှစ်ချက်ဂါထာကို (၂၁)ခေါက် ရွတ်ဖတ်ပါ။**

သံသာရ စက္ကဝိဒ္ဓံသံ၊  
သံသုဒ္ဓ မဿဖြရုသံ။  
သံဆိဒ္ဓကံ ဘဝေ အာသံ၊  
သံဃံ အပိ သုမာနသံ။




 (စာမျက်နှာ (၁၅၅) သို့

www.burmeseclassic.com




◆ ပုံ(၅)အသပြာမောင်နှံ့ မော်ချဉ်ပန်းကြိုးထုံး



ဟုကွင်းခါ

# တရုတ်ကြိုးထုံးပညာ (၉၇)

မော်ချဉ်ပန်းကြိုးထုံးနှင့် အသပြာမောင်နှံ့ကြိုးထုံးတို့၏ မူလ ဖွင့်ဆိုချက်ကို နှစ်ဆတိုး၍ ဂုဏ်တင်ရည်ညွှန်းထားသော ကြိုးထုံးနည်းဖြစ်လေသည်။

## ယခင်လမှ အဆက်

### အခြေခံ ကြိုးထုံးနည်း (၉၇)

双线头酢浆草结

Shuañg Qián Tǒu Cù Jiāng Cǎo Jiē

ရှွမ်း ချဲန်း ထို ဆု ကျန်း ဆောင် ကျဲ

### အသပြာမောင်နှံ့ မော်ချဉ်ပန်းကြိုးထုံး

အသပြာမောင်နှံ့ ကြိုးထုံးနှင့် မော်ချဉ်ပန်းကြိုးထုံး နှစ်ခု ပေါင်းစပ်ထားခြင်း ဖြစ်သည်။

ပုံ(၁) ငွေဒင်္ဂါးတစ်စေ့၏ အလယ်ပေါက်တွင် ကြိုးလျှိုပါ။


ပုံ(၂) မြားပြထားသည့်အတိုင်း လျှိုသွင်းပါ။

ပုံ(၃) ဒုတိယအကြိမ် ထပ်လျှိုပါ။

ပုံ(၄) လေးကြိမ်မြောက် လျှိုသွင်းပြီးပါက ကြိုးထုံးနည်း ပြည့်စုံပါပြီ။

ပုံ(၅) အသပြာမောင်နှံ့ မော်ချဉ်ပန်းကြိုးထုံးနည်းဖြင့် အလှဆင်ထားသော အသုံးအဆောင်များ ပုံစံဖြစ်၏။

◆ ကံ့ပွင့်ဓိတ်ညီကြိုးထုံးနည်းသရုပ်ပြပုံ





www.burmeseclassic.com

www.burmeseclassic.com



◆ ကံပွင့်စိတ်ညီကြိုးထုံး

| |
|---|
| 幸运同心结 |
| Xīn Yùn Tōng Xīn Jié |
| ယှင်း ယွင့် ထုံး ယှင်း ကျဲ |
| ကံပွင့်စိတ်ညီကြိုးထုံး |
| အသပြာမောင်နှံ မော်ချဉ် |

ပန်းထုံးနည်းအတိုင်း နှစ်ခုဆိုင် ထုံးနှောင်ထားခြင်း ဖြစ်သည်။ အသေးစိတ်ကို သရုပ်ပြပုံ၌ ထပ်ကြည့်၍ ကြိုးစားပါ။ ချစ်သူမောင်နှံနှစ်ဦး စိတ်တူကိုယ်တူ သဘောထား တူညီ၍ ကံကြမ္မာ ပွင့်လင်းစေသောကြိုးထုံး အဆောင်ကလေး ဖြစ်လေသည်။

***တရုတ်ကြိုးထုံးပညာ ဤတွင် ပြီးဆုံးပါပြီ။***

**ဟူဂျင်းဇီ**

စာမျက်နှာ (၁၅၃)မှ အဆက်

ခက်ခဲသော ပါဠိအသံထွက်

**စက္ကဝိဒ္ဓံသံ** = စက်ကဝိတ်ခံသံ
**သံသုဒ္ဓ** = သံသုတ်ဓ
**မသာ** = မတ်သ
**ဩရသံ** = အောရသံ
**သံဆိန္ဒကံ** = သံဆိန်ဒကံ

အနက်အဓိပ္ပာယ်

**သံသာရစက္ကဝိဒ္ဓံသုဒ္ဓံ၊** သံသရာစက်ကို ချိုးဖဲ့ဖျက်ဆီးတော်မူပြီးထသော...

**သံသုဒ္ဓံ၊** အဝိဇ္ဇာကင်းသဖြင့် ဖြူဝင်းစင်ကြယ်သောစိတ်ရှိတော်မူထသော...

**အသာ၊** ထိုဘုရားရှင်၏...

**ဩရသံ၊** ရင်သွေးတော်အစစ် ဖြစ်သော...

**ဘဝေ၊** ဘဝသုံးပါး၌...

**အာသံ၊** တွယ်တာသည့် တဏှာကို...

**သံဆိန္ဒကံ၊** ကောင်းစွာ ဖြတ်တောက်တော်မူပြီးသော...

**သုမာနသံ၊** ကောင်းမြတ်သော စိတ်နှလုံးရှိတော်မူသော...

**သံဃံအဝိ၊** အရိယာသံဃာတော် မြတ်ကိုလည်း...

**အဟံ၊** အကျွန်ုပ်သည်၊ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

*[ဤဂါထာတော်များ ပါဠိအနက်ကို နကွတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [ဓမ္မာစရိယ (မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

**✳ ဂုဏ်တော်(အမှတ်-၄ ဂုဏ်တော်) ပုတီးစိပ်ပါ။**

ဘုဂတော(**ပုတီးတစ်လုံးချ**) ဖြင့်

ဤယတြာကျင့်စဉ်ကို...

ဝ-ကြွင်းမဟာဘုတ်ပိုင်ရှင် (၇)နေ့သားသမီးသည် သောကြာနေ့တိုင်း **ဗျာဒိတ်ပေးရပ်ပွားတော်ရှေ့တွင်** အားထုတ်ဆောင်ရွက်ကြရန်လဲ ဖြစ်ပါတယ်။

ဝ-ကြွင်း မဟာဘုတ်ပိုင်ရှင်များသည် သင်္ကာတော်ထင်ရှားမြတ်ဘုရားကို ရည်စူးပြီး **သပြေညွန့်(၆)ညွန့်လှူပြီး** ယတြာကျင့်စဉ် စတင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

***အေးပါစေ၊ အောင်ပါစေ။***

**ဦးခင်မောင်နိုင်**

www.burmeseclassic.com


# ပညာရေးနှင့် သက်ဆိုင်ဒေသ သင်္ကေတများ

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေတွဲ့.)
လက္ခဏာဗေဒင်ပညာသုတေသီ

ရောဝတီတိုင်းဒေသကြီး ဇာတိဖြစ်တဲ့ အသက်(၃၀)ခန့် အမျိုးသားတစ်ဦးရဲ့ ညာလက်ဖဝါးပုံစံကို ဖော်ပြပေးလိုက်ပါတယ်။

**"က" အက္ခရာနဲ့** ညွှန်ပြထားတာဟာ ဉာဏ်လမ်းကြောင်းအဖျား ဖြစ်ပါတယ်။ လက်ညှိုးရင်း ကြာသပတေးဂြိုဟ်ခုံ အပေါ်ပိုင်းအထိ ထောင်တက်နေတယ်။


* * *





ပညာရေးရည်မှန်းချက် အထူးမြင့်မားတဲ့ ပင်ကိုဗီဇ ရှိသူဖြစ်သလို ပညာပါရမီလဲ ရှိသူဖြစ်တယ်။

**"ဂ" အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံမှာရှိတဲ့ **ဆော်လမွန်ကွင်း သင်္ကေတ မြန်မာ လက္ခဏာပညာ အလိုအရ မဟော်သဓာလက်စွပ် အမှတ်အသား** ဖြစ်ပါတယ်။

* * *




www.burmeseclassic.com

ဉာဏ်ပညာ ထက်မြက်ထူးချွန်ခြင်း၊ ဆရာသမား ဖြစ်ရခြင်းဆိုတဲ့ အတိတ်ကံကို ဖော်ပြတာပါ။

**"ခ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်ညှိုးရင်း ကြာသပတေးဂြိုဟ်ခုံ အပေါ်ပိုင်းမှာ **ထောင်လိုက်မျဉ်းတို**လေးတွေ ရှိပါတယ်။


(၁၀)တန်း တက္ကသိုလ်ဝင်စာမေးပွဲမှာ ဂုဏ်ထူးများများ၊ အမှတ်ကောင်းကောင်း ရရှိအောင်မြင်သူများ၊ ဝန်ထမ်းလုပ်ငန်း ရာထူး ဝင်စာမေးပွဲများ၊ အဆင့်ရာထူးတိုး စာမေးပွဲများ ထူးချွန်အောင်မြင် ရွေးချယ်ခံရခြင်း ဖြစ်စေတတ်တဲ့ အမှတ်အသား ဖြစ်ပါတယ်။

* * *




**"ဃ"အက္ခရာနဲ့** ညွှန်ပြထားတာ **သောကြာခါးပတ်လမ်းများ** ရှိခြင်း ဖြစ်တယ်။

* * *





လက်ချောင်း သေးသေးသွယ်သွယ် လက်ဖဝါးပါးပါးတွေမှာ အဲဒီလို သောကြာခါးပတ်တွေရှိခြင်းဟာ ပညာကို အထူးလိုလား ကြိုးစားထူးချွန် အောင်မြင်ခြင်း ဖြစ်တတ်တယ်။

ကျွန်ုပ်ရဲ့ အတွေ့အကြုံအရ ဆေးတက္ကသိုလ် တက်ခွင့်ရတဲ့ ကျောင်းသား ကျောင်းသူတွေမှာ အများအားဖြင့် တွေ့မြင်ရတယ်။

**"င"အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်သူကြွယ်အောက်ရှိ အောင်မြင်ရေးလမ်း ထင်ရှားရှိခြင်း ဖြစ်တယ်။

ဒီလမ်းကြောင်းကြောင့် ဘဝမှာ အောင်မြင်မှုသရုပ် ရယူနိုင်သူ ဖြစ်လိမ့်မယ်။ ပညာရေးမှာလဲ ကြိုးစားသလောက် အောင်မြင်နိုင်တယ်။

* * *





**"စ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ အောင်မြင်ရေးလမ်းအောက်က အကူလမ်းဖျားဖြစ်တယ်။

ဒီအကူလမ်းကြောင့် ပညာသင်ချိန်မှာ ငွေကြေးအခက်အခဲတွေ မကြုံရဘူး။ ပညာရေး ပြီးဆုံးသည်အထိ ချောချောမောမော သင်ယူနိုင်လိမ့်မယ်။

**"ဆ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်သန်းအောက် **ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ ထောင်တက်နေတဲ့ ဗုဒ္ဓဟူးတောင်မွေး မင်္ဂလာအခြံအရံ ဖြစ်ပါတယ်။**

* * *




ဒီသင်္ကေတဟာ သင်္ချာထူးချွန်ခြင်း၊ သိပ္ပံပညာ ဝါသနာပါခြင်း၊ ဆေးပညာ အကျိုးပေးခြင်းတွေ ဖြစ်တတ်တယ်။

**"ဇ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ **ဉာဏ်လမ်းကြောင်းအဆုံးမှာ ကြာဖူးသင်္ကေတရှိခြင်း၊ ဉာဏ်လမ်းကြောင်း တနင်္လာဂြိုဟ်ခုံဘက်ကို ရှည်လျားစွာ ခွဲဆင်းခြင်း** ဖြစ်တယ်။

* * * ⟶


ဒီသင်္ကေတဟာ ပညာရေးမှာ ဘွဲ့ထူး ဂုဏ်ထူးတွေရရှိခြင်း၊ တီထွင်ဖန်တီးဉာဏ်ရှိခြင်း၊ ပြည်ပမှာ ပညာသင်ကြားရခြင်းမျိုးတွေ ဖြစ်တတ်တယ်။

**"ဈ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ အသက်လမ်းအောက်ပိုင်းက နိုင်ငံခြားခရီးလမ်းတိုလေး ထွက်နေခြင်း ဖြစ်တယ်။

ဒီလိုလမ်းမျိုးဟာ နိုင်ငံခြားခရီး (အာရှတိုက်အတွင်း) မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံများကို သွားရောက် ပညာသင် လုပ်ကိုင်ရခြင်းမျိုး ဖြစ်တတ်တယ်။

**"ည"အက္ခရာနဲ့** ညွှန်ပြထားတာဟာ ကံလမ်းထီးရိုး တနင်္လာဂြိုဟ်ခုံမှ ထင်ရှားစွာ ထွက်ပေါ်ခြင်းဖြစ်တယ်။

* * *





ဒီသင်္ကေတကြောင့် ပြည်ပနိုင်ငံရပ်ခြားမှာ လုပ်ကိုင်ခြင်း အကျိုးပေးတတ်ပါတယ်။

ယခုဖော်ပြထားတဲ့ လက္ခဏာရှင်ဟာ ဆေးပညာဘွဲ့ရ ဆရာဝန်တစ်ဦး ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံမှာ သွားရောက်လုပ်ကိုင်နေသူဖြစ်ပါတယ်။

*လက္ခဏာပညာသုတ တိုးပွားကြပါစေ။*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

# အီဘိုလာ ဗိုင်းရပ်စ်

## ဘယ်လို ကာကွယ်ကြမလဲ

ခိုင်မင်းဇင် (ရွှေနဝင်း)

၁၉၆၇ ခုနှစ်များလောက်မှ စပြီး ကမ္ဘာပေါ်မှာ **အီဘိုလာဗိုင်းရပ်စ်** (Ebola virus)ပိုးရယ်လို့ အမည်ပေး ကင်ပွန်းတပ်ခဲ့ရသည်။

ကူးစက်မြန်ရောဂါသည် ထိုစဉ် အချိန်များက ယင်း(Ebola virus)ပိုး စတင်ရာ အာဖရိက ဒေသတစ်ဝိုက်မှာပင် ဒုက္ခပေးခဲ့ပြီး ထို ဗိုင်းရပ်စ်ပိုးကိုလည်း ပြန့်ပွားမှု နည်းပါးအောင် ထိန်းချုပ်နိုင်ခဲ့ကြပါသော်သည်။

သို့သော်လည်း ယနေ့ ကမ္ဘာအရပ်ရပ်တွင် ပြောင်းလဲဖောက်ပြန်နေကြကုန်သော ရေ၊ မြေ၊ လေ၊ ရာသီဥတု ဂေဟာစနစ်များ ပျက်စီးပွားများလာခြင်းကြောင့် အမျိုးမျိုးသော ဗိုင်းရပ်စ်ပိုးတို့မှာလည်း ဆထက်ထမ်းပိုးတိုးလို့ ခံနိုင်ရည် ခုခံအားများ မြင့်တက်လာပြီး ဗီဇများ ပြောင်းလဲ၍ ပိုမိုဆိုးရွားစေသော ရောဂါလက္ခဏာများနှင့် လူသားများကို ဒုက္ခပေးလာကြလေပြီ။

အီဘိုလာဗိုင်းရပ်စ် ရောဂါသည် ကမ္ဘာကပ်ရောဂါအသွင် ဆောင်လာပြီး ရောဂါဖြစ်ပွားသူများ၏ (၉၀)ရာခိုင်နှုန်းခန့် သေဆုံးမှု မြင့်တက်လာခြင်းကြောင့် ရောဂါဆိုးကြီးစာရင်းဝင်အဖြစ် သတ်မှတ်ရမည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့လေပြီ။

ယခုအခါ အာဖရိကအနောက်ပိုင်း (၄)နိုင်ငံဖြစ်သော **ဂီနီနိုင်ငံ**(Guinea)၊ **လိုက်ဘေးရီးယား**(Liberia)၊ **နိုင်ဂျီးရီးယား**(Nigeria)နှင့် **ဆီရာလီယွန်** (Sierraleone)တို့တွင် ကူးစက်ပြန့်ပွားလျက်ရှိသော အီဘိုလာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားမှုကြောင့် ၂၀၁၄ ခုနှစ်၊ မတ်လမှစ၍ (၂၇.၇.၂၀၁၄)ရက်နေ့အထိ ရောဂါဖြစ်ပွားသူ (၁၃၂၃)ဦး ရှိခဲ့ပြီး ယင်းတို့အနက်မှ သေဆုံးသူ (၇၂၉)ဦး ရှိခဲ့ပါသည်။



အီဘိုလာဗိုင်းရပ်စ် ကူးစက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ရောဂါလက္ခဏာများမှာ...

- ✦ စပြီး ဖျား၍ ကိုယ်ပူရှိန် တက်လာပြီး ခေါင်းကိုက်ခြင်း။
- ✦ ရုတ်တရက် အားနည်းသွားခြင်း။
- ✦ လည်ချောင်းနာခြင်းတို့ကို ရုတ်ခြည်း ခံစားလာရပြီး အန်ခြင်း၊ အရည်ဝမ်းများ သွားခြင်း။
- ✦ ကြွက်သားများ နာကျင်ကိုက်ခဲ၍ မအီမသာဖြစ်ခြင်း။
- ✦ အရေပြားပေါ်မှာ နီမြန်းလာခြင်း။
- ✦ မျက်လုံး,နားတို့မှ သွေးယိုထွက်လာခြင်းနှင့် ခန္ဓာကိုယ်တွင်းနှင့် ခန္ဓာကိုယ်ပြင်ပသို့ သွေးယိုစီးထွက်လာခြင်း။
- ✦ ကျောက်ကပ်နှင့် အသည်းတို့ ချို့ယွင်းခြင်း... များ ဖြစ်ပေါ်စေပါသည်။

**အီဘိုလာဗိုင်းရပ်စ်ပိုး ကူးစက်နိုင်ခြေ အများဆုံးဖြစ်သော လူများမှာ**

၁။ ကျန်းမာရေး စောင့်ရှောက်မှု ပေးနေရသည့် ကျန်းမာရေးဝန်ထမ်းများ။



၂။ ရောဂါပိုး ကူးစက်ခံရသူနှင့် လက်ပွန်းတတီး အနီးကပ် ပြုစုနေရသူများ။

၃။ ဗိုင်းရပ်စ်ကြောင့် သေဆုံးသူများ၏ ရုပ်,ခန္ဓာကိုယ်ကို တိုက်ရိုက်ထိတွေ့သောသူများ။

၄။ ဗိုင်းရပ်စ်ကြောင့် သေဆုံးနေသည့် တိရစ္ဆာန်များကို ကိုင်တွယ်ထိတွေ့ စားသောက်မိသူများ

စသည်များသည် အီဘိုလာဗိုင်းရပ်စ်ပိုး ကူးစက်မှု ခံရနိုင်ခြေ အမြင့်ဆုံးသူများ ဖြစ်ပါသည်။

ထို့ကြောင့် မိမိနှင့် မိမိ ပတ်ဝန်းကျင်မှ တစ်ဦးတစ်ယောက်သောသူသည် အထက်ပါ လက္ခဏာများ ဖြစ်ပေါ်ခံစားနေရပြီဟု သိရသည်နှင့် တစ်ပြိုင်နက် ကျန်းမာရေး စောင့်ရှောက်မှုဌာနများသို့ အမြန်ဆုံး အကြောင်းကြား၍ ကျန်းမာရေး စောင့်ရှောက်မှုကို ခံယူပါ။

www.burmeseclassic.com

စာရေးသူ အထက်ပါ တင်ပြချက် ...သည့် အီဘိုလာမိုင်းရပ်စ်ရောဂါနှင့် ...သက်သမ္ဘ ယနေ့ ကမ္ဘာ့ကျန်းမာ ...အဖွဲ့ကြီးမှ သိမှတ်ပြု ဖြန့်ဝေထား ...သည့် (Guide Line)မှု ဖြစ်ပါသည်။

**ကမ္ဘာဆေး** (အနောက်တိုင်း ...ဆေးဝါး) ရှာဖွေ၍ မရရှိသေးချိန်မှာ ...အားကိုး၍ စိုးရိမ်ကြောက်ရွံ့ စိတ်ပြေ ...ရာ စာရေးသူတို့ မြန်မာလူမျိုးများ ...ဆင့်ဘောင်ဆက် လက်စွဲထားခဲ့ ...သော ဘုရားကုနည်းကို မေ့လျော့မနေ ...သင့်ပါဟု ဆိုချင်ပါသည်။

သို့သော် ဘာသာတရား အဆုံးအမ ...များနှင့် နေထိုင်ကြီးပြင်းလာကြသူများ ...သည် ကံ,ကံ၏အကျိုးကို ယုံကြည်မှု ...စိတ်ရင်း ရှိကြသူများတွင် ထိုဘုရား ...ကုနည်းက စိတ္တဗေဒနည်းပညာအရ ...ယုံကြည်မှုတည်းဟူသော အဓိပတိ ...ဩဇာန်းဟရား ပစ္စည်းအရ အစွမ်းထက် ...ရှိကြပါသည်ဟု ပြောချင်ပါသည်။

ထို့ကြောင့် မယုံကြည်သူများ အတွက် ''အပ''ထားခဲ့ပြီး ယုံကြည်သူ ...များအတွက် ရှေးဘိုးဘွားများ သုံးစွဲခဲ့ ...သော ကျောက်၊ ဝက်သက် စသော ...ကမ္ဘာနာ ကပ်ရောဂါများရန်မှ ...ကာကွယ်ပေးနိုင်သည့် အစွမ်းရှိသည် ...ဟု ယုံကြည်ခဲ့သော ဘုရားကုနည်း ...တစ်ခုကို ယုံကြည်သူများအတွက် ...တင်ပြပေးပါမည်။

ယုံကြည်စိတ်ချစွာ ဘုရား၊ တရား၊ ...သံဃာကို အာရုံထား ပြုလုပ်ပါက ...အကျိုးထူး ပေးပါလိမ့်မည်။

## ဘုရားကု ကာကွယ်နည်းမှာ

သန့်စင်ပိုးသတ်ထားသော သံ၊ ...သည့်စစ်တစ်ချောင်းဖြင့် ကမ္ဘာနာ ...ကပ်ရောဂါများကို ကာကွယ်လိုသော ...သူ၏ လက်သည်းခွံပေါ်တွင် ညာဘက်လက်မလက်သည်းခွံပေါ်မှစ၍ "**တေ, ဇ, သု, နေ, မ**" အက္ခရာ(၅)လုံး ကို ညာဘက်လက်မတွင် "**တေ**" အက္ခရာ ရေးပြီးလျှင်၊ လက်ညှိုးလက်သည်းခွံတွင် "**ဇ**"၊ ထိုကဲ့သို့ လက်ခလယ်လက်သည်းခွံတွင် "**သု**"၊ လက်သူကြွယ် လက်သည်းခွံတွင် "**နေ**"၊ လက်သန်းလက်သည်းခွံတွင် "**မ**"အက္ခရာ ရေးပါ။

ပြီးလျှင် ဝဲဘက် လက်မမှစ၍ "**ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ**"ဟူ၍ တစ်လုံးချင်း ရေးသွင်းပြီး ဘုရားရှေ့တော်တွင် ငါးပါးသီလခံယူပြီး နေ့စဉ် ရေစင်တစ်ခွက်တွင် သရဏဂုံသုံးပါးကို မိမိတို့ သက်စေ့ ရွတ်၍ ပူဇော်သော ရေစင်ကို နေ့စဉ်ပုံမှန် သောက်သုံးပေးသွားမည် ဆိုပါက...

ကမ္ဘာနာ ကပ်ရောဂါများ မှချ ကာကွယ်ပေးပါသည်ဟု "**လယ်တီဆရာတော်ကြီး**"ကဲ့သို့ ပညာရှိသူတော်ကောင်းကြီးများမှ အတိအလင်း မိန့်ဆိုမှာကြားခဲ့ပါသည်ဟု စေတနာတရားဖြင့် ဖြန့်ဝေလိုက်ပါသည်။

ဘာကိုမှ အားကိုးစရာ မရှိသည့် အချိန်မှာ ဗုဒ္ဓဘာသာပီပီ ဘုရား၊ တရား၊ သံဃာကို အာရုံပြုပြီး ကြည်ညိုစိတ် ပွားများခြင်းက ဘေးရန်ရောဂါအန္တရာယ်ခပ်သိမ်း ကင်းငြိမ်းပပျောက်စေသည်ကို မည်သူ ငြင်းနိုင်ကြပါမည်နည်း။

***လူသားများ မိမိတို့ ကိုးကွယ်ရာ ဘာသာတရား၏ အဆုံးအမကို လိုက်နာကျင့်သုံးကြပြီး ကမ္ဘာနာ ကပ်ရောဂါဘေး အမျိုးမျိုးတို့မှ လွတ်မြောက်နိုင်ကြပါစေ။***

**ဦးမင်းဇင်(ရွှေနဝင်း)**



ကွမ်းသီးအစို

# ကွမ်းသီးအစို

## မဖန် မမူး အသားငါးလည်း အမြန်နူးစေသည်

ရန်ကုန်နှင့် မြေလတ်ပိုင်းအပါအဝင် မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ကွမ်းသီးပင်များ ပေါက်ရောက်သော်လည်း ကွမ်းသီးအစိုကို စားလေ့ မရှိကြချေ။ အခြောက်လှန်ပြီးမှသာ စားသုံးကြသည်ကို တွေ့ရသည်။

ကွမ်းသီးအစိုက အဖန်ဓာတ်လွန်ကဲ၍ မူးတတ်တောက်တတ်သောကြောင့် ဖြစ်သည်။

**သို့ဖြစ်လျှင် ကွမ်းသီးအစိုကို အခွံ ခွာရာတွင် ဆားအနည်းငယ်ထည့် ပြုတ်ပါ။ ငါးမိနစ်ခန့်ဆူလျှင် အအေးခံ ရေစစ်ကာ စားသုံးနိုင်ပါပြီ၊ မဖန် မမူး သည့်အပြင် ကွမ်းသီးခြောက်ကဲ့သို့ မာကျစ်ခြင်းမရှိတဲ့ ကွမ်းသမားတို့အကြိုက် တွေ့ပါလိမ့်မည်။**

အသားငါးများ အနူးမြန်စေရန် ကွမ်းသီးခြမ်းကို ထည့်ချက်ပြုတ်နိုင်သည်။ ကွမ်းသီးအစိုက ပိုမို လျင်မြန်စွာ နူးနပ်စေပါသည်။

**နန်းဖြူဖြူဝင်း**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထားကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

''အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့'' ''အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ'' ''ဘာဟင်းချက်လဲဟင်'' ''မမမြင့်ရေ့, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ'' ''အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး'' ''မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား။ အခုတော့စားချင်တာစားလို့ရပြီ မမမြင့်ရဲ့'' ''အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ'' ''ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့'' ''ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ'' ''လာပါ မမမြင့်ရယ် ဆေးကိုနောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်'' ''ဟုတ်ရဲ့လား မြတ်ရယ်'' ''အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး'' ''စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ'' ''ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်'' ''ဟားဟား၊ ဟင်း ဟင်း ဟင်း''

''မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြဲစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ''

''ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်''

''မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး''

''ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်'' ''သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်၊ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်''

''သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်''

''ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ'' ''ဘယ်လိုလဲ မမမြင့်'' ''အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုး စာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ'' ''ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို'' ''ဟုတ် တော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်း ခေါက်ဆွဲ ယူသွားအုန်းမှပဲ'' ''ဒီမှာ မမမြင့်ရေ အဆင်သင့်ထည့် ထားပြီးပြီ၊ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကို ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့''

''အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်''

''ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုး ရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်း ချမ်းသာရာရခဲ့ပါပြီ။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာ ခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်ဆော ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့ လိုလိမ့်မယ်...''

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၁၃၀၊ ၇၂၂၅၄


www.burmeseclassic.com

www.burmeseclassic.com

# ဂဠုန် နဂါး

နိုင်ရာ စားလော့

ဂျူသိုင်း
(မနောမယိဒ္ဓိ၊ ဗဟုရာမြေ)



စာရေးသူသည် ဂဠုန် နဂါး ကိစ္စကို ...န်ခဲ့သည့် နှစ်ႋနှစ်လောက် ၂၀၀၃ ...နှစ်လောက်က အင်္ဂရတ်လိုက်စား ...သည့် ပုဂ္ဂိုလ်ကြီးတစ်ယောက်နှင့် ...တွ့ဆုံ၍ ဆွေးနွေးဖူးပါသည်။

အမည်နာမကိုတော့ မဖော်ပြစေချင် ...သည့်အတွက် စာရေးသူ ထည့်မရေး ...တော့ပါ။ ထိုပုဂ္ဂိုလ်ကြီးမှ စာရေးသူ ...အား...

'ဝဲ့တူ အင်္ဂရတ်ထိုးတာ ဝါသနာပါတယ် ဆိုတော့ ဦး တစ်ခု မေးရဦးမယ်၊ ဂဠုန်နဲ့ နဂါးကို ကွဲပြားအောင် သိရဲ့လား'

ဟု စာရေးသူလည်း လေ့လာမှု ...သေးသည့်အတွက် မိမိသိသလောက် ...ပြောပြပါသည်။

ထိုပုဂ္ဂိုလ်ကြီးမှ သိပ်ပြီး ကျေနပ် ...ဟောက်ပုံမပေါက်။

'ငါ့တူရာ မင်းပြောတဲ့ ဂဠုန်နဂါးက ...လူတိုင်းသိတဲ့ဂဠုန်–နဂါး။ပြဒါး–နဂါး။ ... ယမ်း–ဂဠုန်ဆိုတာ လူတိုင်း သိ ...တာ့။

တချို့ပုဂ္ဂိုလ်တွေက နဂါးတွေ ...များကြီး ဂဠုန်တွေလဲ အများကြီး ...လို့ဝှက်ပြီး ရောပွမ်းပြောကြတယ်။

ပြဒါးနဂါးမှာလဲ ကာယ ဓနု သိဒ္ဓိ ...ဟောက် ပေါက်နိုင်ရောက်နိုင်တဲ့ ပြဒါး ...ယ်၊ သိဒ္ဓိကိုးပါးလုံးပေါက်နိုင်တဲ့ ပြဒါး ...ယ်လို့ အမျိုးမျိုး ခွဲသိရမှာကွယ့်။

ဒီလို မသိပြန်ရင်လဲ မှန်းချက်နဲ့ ...တွက် မကိုက်ဆိုတဲ့ ရှေးလူကြီးများ ...စကား မေ့မထားရဘူး။ ငါ့တူက ...ိုက်စားတာ မကြာသေးတော့ ...တွေ့အကြုံကလဲ နည်းဆိုတော့ ...ပြောငါပြော လျှောက်လုပ်တော့ ...ယ်သိဘယ်ထိမလဲ၊ လေ့လာနိုင်မှ ... သိမှအကျိုးရှိမှာကွယ့်လို့ စာရေး ...ကို သင်ပြ ဩဝါဒပေးပါတယ်။

ဒီလိုဆိုရင် ဦးလေးကြီးရယ်။ ကျွန်တော့်ကို ဒီဂဠုန်နဂါးအကြောင်း လေးကို သိလွယ်မှတ်လွယ်တဲ့ နည်း လေးနဲ့ မှတ်သားပါရစေခင်ဗျာ'

လို့ စာရေးသူ တောင်းပန်တော့...

'အေး ငါတို့ အင်္ဂရတ်သမားတွေ မှာ အရေးကြီးဆုံးက စိတ်ထားဖြူစင် ပြီး မြင့်မြတ်တဲ့ အကျင့်စရဏနဲ့လဲ ပြည့်စုံဖို့လိုတယ်။ စိတ်ဓာတ်မဖြူရင် ရပြီးသားတွေတောင် ပျောက်ပျက် တတ်တယ်။

ယခုအချိန်အထိ မင်းတို့ငါတို့ သိရ တဲ့ ဒီအင်္ဂရတ်ပညာဟာရှေးဆရာတော် ကြီးများနဲ့ ဆရာကြီးများ ပေပုရပိုက်များ ဖြင့် ထားခဲ့ကြလို့ ယနေ့ ယခုအချိန် အထိ သိခဲ့ရတာ ဖြစ်တယ်။

ဒီပညာရပ်ဟာ အလွန် သိမ်မွေ့ နက်နဲရှုံ့မျှမကဘဲ ဖွဲ့၊ လုံ့လ၊ ဝီရိယ ကြီးမား အသိဉာဏ်တရားနဲ့ ပြည့်စုံမှ ဖြစ်မှာ။ ဒီလိုမှမဟုတ်ရင် ဖွတ်မွဲပြာကျ ဆိုသလို ဘဝတုန်းသွားမယ်။

အဓိက သိရမှာက **ဂဠုန်(၄)မျိုးနဲ့ နဂါး(၄)မျိုး**ကို သိအောင်ပြောပြမယ်။ ဒါကိုသိမှ ဘယ်နဂါးကို ဘယ်ဂဠုန်နဲ့ ချုပ်ရကုတ်ရ ဖမ်းရမယ်၊ သတ်ရမယ် ဆိုတာကို သဘောပေါက် နားလည် သွားမယ်။ ဒါမှ လုပ်သလောက် အကျိုး ရှိမှာ ဖြစ်တယ်ကွယ့်။

ကဲ ငါ့တူ လိုက်မှတ်တော့လို့ အင်္ဂရတ်ဆရာကြီးကဆိုတော့ စာရေး သူလဲ လက်ဖက်ရည်ဆိုင်မှ စာရွက် ဘော့လ်ပင်တောင်း၍ လိုက်မှတ်သား လိုက်ပါတယ်။

**ဂဠုန်(၄)မျိုးကား**...

၁။ ဇလာဘူဇဂဠုန်
၂။ အဏ္ဍဇဂဠုန်
၃။ ဥပပတ္တိဂဠုန်
၄။ သံသေဒဇဂဠုန်

လို့ (၄)မျိုးရှိတယ်။ အဲဒါက ဂဠုန် (၄)ကောင်။

**နဂါး(၄)မျိုးကတော့**...

၁။ အာကာသနဂါး
၂။ ကျောက်နဂါး
၃။ မြေနဂါး
၄။ ရေနဂါး

လို့ (၄)မျိုးရှိတယ်။ အဲဒါက နဂါး (၄)ကောင်။

ဒီနဂါး(၄)ကောင်ကို ဂဠုန်(၄) ကောင်နဲ့ သူနိုင်ရာနိုင်ရာစား လုပ်ဖို့ပဲ လိုတယ်။

ဒီတော့ ဘယ်ဓာတ်ကို ဘာဂဠုန်၊ ဘယ်ဓာတ်က ဘာနဂါးဆိုတာရယ်။ ဘယ်နဂါးကို ဘာဂဠုန်နဲ့ဖမ်းမှ ချုပ်မှ ကုတ်မှ မိနိုင်မယ်ဆိုတာတွေကို အသေးစိတ် အတိအကျသိဖို့တော့ လိုအပ်တယ်။ အသေးစိတ်ကို ဦးမှတ်မိ သလောက်ပဲ ပြောပြမယ်။

အတိအကျ သိချင်ရင်တော့ ဦး



www.burmeseclassic.com

www.burmeseclassic.com

ကျမ်းညွှန်းပေးမယ်။ အဲဒီကျမ်းကိုသာ တွေ့အောင်ရှာပါ'

ဟု စာရေးသူအား ပြောပါသည်။

'ဦးညွှန်းတဲ့ ကျမ်းကိုရမှ ကိုယ်တိုင်လဲ ကြံစည်အားထုတ်၊ သူတစ်ပါးကိုလဲ သိအောင် ကြိုးစားပေးပါ'

ဟု စာရေးသူအား တိုက်တွန်းနှိုးဆော်သည့်အတွက် အင်္ဂါရတ်ပါရမီရှင် ဝါသနာရှင်အပေါင်းအား စာရေးသူ လေ့လာတွေ့ရှိချက်များအရ တင်ပြရေးသား ဖော်ပြလိုက်ရပါသည်။

စာရေးသူမှ **"ဂဠုန်နဂါး နိုင်ရာစား"**ဟူ၍ တင်စား ရေးသားထားပါသည်။ ဤအကြောင်းကို **မဟာဂန္ဓာရီ ဝိဇ္ဇာမိုရ်ကျမ်းမှ** ထုတ်နုတ်၍ ရေးသားတင်ပြပါသည်။

၁။ လင်္ကာ

စိန်၊ ဟင်း၊ ပွင့်၊ ပုတ်၊ ပြဒါးထုတ်၊ သရုပ်နာဂ-အာကာသ။

ရှင်းလင်းချက်

၁။ **စိန်၊ ဟင်းရိုင်း၊ တောင်သလဲပွင့်၊ အပုတ်ပြဒါး** ဒီဓာတ်တွေမှ ပြဒါးထုတ်ယူ၍ ရသောပြဒါးကို အာကာသနဂါးဟု ဆိုလိုရင်း ဖြစ်ပါသည်။

**ဒီအာကာသပြဒါးကို ဇလာဘူဇဂဠုန်ဖြင့် ဖမ်းချုပ်မှ မိနိုင်ပါသည်။**

**ဇလာဘူဇဂဠုန်ဆိုသည်မှာ**...

၁။ မြေထွက်ယမ်း၊

၂။ ရေထွက်ဆား၊

၃။ ကျောက်ထွက်နာတို့ ဖြစ်ကြသည်။

ဒီဓာတ်သုံးပါးကို ပေါင်းပြီး အာကာသပြဒါးနဂါးကို ဖမ်းချုပ် ကုတ်သတ်မှသာလျှင် မိ၍ မပြေးနိုင်ဘဲမိမိလိုသလို ကြံစည်ပြုလုပ်၍ အောင်မြင်နိုင်သည်။

၂။ လင်္ကာ

ဆေးဒန်းပြဒါးကျောက်နဂါး မှတ်သားသိစေကြ။

ရှင်းလင်းချက်

၂။ ဆေးဒန်းမှထုတ်၍ရသော ပြဒါးမှာ ကျောက်နဂါးပင်ဖြစ်သည်။

ယင်းကျောက်နဂါးပြဒါးကို **အဏ္ဍဇဂဠုန်ဖြင့်** ဖမ်းချုပ်ကုတ်သတ်မှ မပြေးနိုင်ဘဲ မိလေသည်။

**အဏ္ဍဇဂဠုန်ဆိုတာကတော့**...

၁။ ကျောက်ထွက်အင်း

၂။ ကျောက်မှထွက်သောထုံး

၃။ ထန်းသားကန့်

ယင်းတို့ကို **အဏ္ဍဇဂဠုန်**ဟု ခေါ်သည်။

ယင်းဓာတ်(၃)ပါးကို ပေါင်းစပ်၍ အရိုးအကျောမာသော ထုသော ကျောက်နဂါးကြီးကို ဖမ်းချုပ်သတ်မှသာ မပြေးနိုင်ဘဲ မိ၍ မိမိလိုသလို အသုံးပြုနိုင်ပါသည်။

၃။ လင်္ကာ

လေးပုံးချသံ မြေအောင်းမှန် မှတ်ရန် တဝမြေနာဂ။

ရှင်းလင်းချက်

၃။ လေပုံးသံ၊ ချသံတို့မှာ မြေနဂါးဟု ဆိုလိုရင်း ဖြစ်ပါသည်။

ယင်းမြေနဂါးပြဒါးကို **ဥပပတ္တိဂဠုန်ဖြင့်** ဖမ်းချုပ်သတ်မှသာလျှင် မပြေးနိုင်ဘဲ မိလေသည်။

**ဥပပတ္တိဂဠုန်ဆိုသည်မှာ** ကျောက်ထွက်သွပ်ဝါ၊ ငှင်းအဖြူ၊ ပြဒါးစားဒုတ္တာ (ဒုတ္တာအဖြူ) ယင်းတို့ကို ဥပပတ္တိဂဠုန်ဟုခေါ်ပါသည်။ ယင်းတို့ကိုပေါင်းစပ်၍ မြေနဂါးပြဒါးကို ဖမ်းချုပ်သတ်မှ မိနိုင်၍ မိမိလိုရာ သုံးနိုင်ပါသည်။

၄။ လင်္ကာ

သယံဇာတ စမ်းကျပြဒါး ရေနဂါး မှတ်သားသိရန်သာ။

ရှင်းလင်းချက်

၄။ သယံဇာတသံကို ရေနဂါးဟု မှတ်သားရန်ဖြစ်ပါသည်။ ဒီရေနဂါးပြဒါးကို **သံသေဒဇဂဠုန်နှင့်** ဖမ်းချုပ်သတ်မှ မိနိုင်သည်။

**သံသေဒဇဂဠုန်ဟူသည်**...

၁။ ကျောက်ထွက်လက်ချား

၂။ မီးစားဇဝက်သာ

၃။ မြေထွက်ဆပ်ပြာ

ယင်းဓာတ်သုံးပါးကို သံသေဒဇဂဠုန်ဟု ခေါ်သည်။

ယင်းဂဠုန်ဖြင့် ရေနဂါးကို ဖမ်းချုပ်သတ်မှ မပြေးနိုင်ဘဲမိ၍ မိမိလိုရာကို ကြံစည်ပြုလုပ်နိုင်ပါသည်။

ယင်း နဂါး(၄)ကောင်ကို ဂဠုန်(၄)ကောင်ဖြင့် နိုင်ရာနိုင်ရာစားမှ ဘာမဆို အောင်မြင်မှုရလဒ်ကို မလွဲမသွေ ရရှိနိုင်မှာ ဖြစ်ပါသည်။

အာထူးမှတ်ချက်

၁။ ဟင်းရိုင်းနီ

၂။ စိန်နီ

၃။ ဆေးဒန်းရွှေဝါ

၄။ သံယံ

၅။ လေပုံးချသံ

၆။ အပုတ်စားပြဒါး

ယင်း(၆)ပါးတို့သည် ကာယသိဒ္ဓိ နေသိဒ္ဓိမျှပေါက်နိုင်သည်။ **ထွက်ရပ်သို့ မရောက်နိုင်။**

**ဟင်းရိုင်းဖြူ၊ စိန်ဖြူ၊ ကျောက် ဆေးဒန်း၊ မြေအောင်းစမ်းကျ သယံဇာတ။ တောင်သလဲပွင့်မှရသော ပြဒါး။** ယင်းတို့မှာ သိဒ္ဓိ(၉)ပါး ပေါက်၍ ထွက်ရပ်သို့ ရောက်နိုင်ပါသည်။

ယင်း ဂဠုန်နဂါးအကြောင်းကို စာရေးသူ သိသမျှ ဆရာစားမချန် တင်ပြအပ်ပါသည်။

မိမိအား ပြောပြ ပညာပေးသော အင်္ဂါရတ်ဆရာကြီးအား ကျေးဇူး အသိအမှတ် ပြုအပ်ပါသည်။

ကြည်စိုး

(မနော်မယ်ရှိ၊ ရောမြေ)

www.burmeseclassic.com

www.burmeseclassic.com

ကျဲန်း(Jiàn) အသွားနှစ်ဖက်ရှိသော ဓားရှည်ဖြစ်ကာ ရှေးခေတ်ကာလက တိုက်ခိုက်ရေးသမား၊ သိုင်းသမားနှင့် စစ်သည်များ ကိုင်ဆောင်လေ့ရှိကြသည်။

မြန်မာ့ရေမြေတွင် ထန်းလျက်ဓားနှင့် ဆင်တူသည်။ ထန်းလျက်ဓားထက် ဖြောင့်စွာ၍ အလျားရှည်သည်။

မြန်မာ့ဝက်ကြိုးတောင်ဓားကဲ့သို့ အဖော်အဆောင်ပြုလေ့ရှိကြသဖြင့် ဓားရှည်ဟုသာ သုံးနှုန်းပါမည်။

ဓားရှည်ကို မြင်မက်ခြင်းကား အဓိပ်ပါယ်မဲ့ ကောင်းလှသည်တော့ မဟုတ်ပါ။ ကြုံတွေ့ရင်ဆိုင်နေရသော အခြေအနေ ပြဿနာများတွင် သတိပြုထားရန် အကြံပေးခြင်း ဖြစ်၏။

၀ အသွားထက်မြက်သော ဓားရှည်ကို မြင်မက်ခြင်းသည်...

**✤အမျိုးသားဖြစ်သူက မြင်မက်ပါက...**

အန္တရာယ် ရန်ဘေးတစ်စုံတစ်ရာ ကြုံတွေ့ရတတ်၏။

**✤ဇနီးသည်က မြင်မက်လျှင်...**

အမျိုးသမီးများဆိုင်ရာ ရောဂါဝေဒနာ ခံစားရဖွယ်ရှိ၏။

**✤ဇိန်းမပျိုက မြင်မက်လျှင်...**

ကာယိန္ဒြေပျက်ပြားအောင် ကြံစည်သူနှင့် ဆုံတွေ့ရကိန်းရှိ၏။

၀ ဓားနှာတား(ကျောက်မျက်စီခြယ်သော ဓား၊ သို့မဟုတ် အဖိုးတန်ဓား)ကို အမျိုးသားက မြင်မက်ပါက ဝိတ်သောက ဖြစ်စရာ ပေါ်ပေါက်တတ်သည်။

**✤အမျိုးသမီးက မြင်မက်လျှင်...**

နေအိမ်ဂေဟာတွင်းသို့ သူခိုးဝင်လိမ့်မည်။

**✤ကုန်သည်က မြင်မက်လျှင်...**

ရန်သူ ဖျက်ဆီး၍ ကုန်ရှုံးမည်။

**✤တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ ဆုံးရှုံးတတ်သည်။

**✤ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

ပညာရေး ဆုံးခန်းမတိုင်ပါ။

**✤ရောဂါဝေဒနာ ခံစားနေရသူ မြင်မက်ပါက...**

ဝေဒနာ ပြင်းထန်နိုင်သည်။

**✤ခရီးသွားစဉ် မြင်မက်ပါက...**

သူခိုးသူဝှက်ဘေး သတိထားပါ။

**✤ကိုယ်ဝန်ဆောင်မိခင်က မြင်မက်ပါက...**

ခက်ခဲစွာ မွေးဖွားရကိန်းရှိသည်။

**✤သရာဝန် သမားတော်က မြင်မက်လျှင်...**


နေထိုင်ရာ ဒေသတွင် ကပ်ရောဂါဘေး ကျရောက်တတ်သည်။

**✤စစ်သည်က မြင်မက်လျှင်...**

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းတမ်း (၈၅)

ထက်မြင်းကျော်စွာ



တာဝန်ကို ရှုပ်ရှုပ်ခွဲ့ခွဲ့ ထမ်းဆောင်ရလိမ့်မည်။

**✤ မန်နေဂျာ စီစဉ်ညွှန်ကြားသူ တာဝန်ခံက မြင်မက်လျှင်...**

လုပ်ငန်းခွင်တွင် တာဝန်ပျက်ကွက်မှု၊ ငွေကြေးကွာဟ လိုအပ်ချက်များ ပေါ်ပေါက်ရင်ဆိုင်ရကိန်းရှိသည်။

၀ ဓားကိုလွယ်၍ ရွှေပြောင်းသွားလာသူကို မြင်မက်ပါက အကူအညီရမည့် နိမိတ်ဖြစ်သည်။

**✤အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

လုပ်ငန်း စီးပွားအတွက် အထောက်အပံ့ ရရှိခံစားရမည်။

**✤အိမ်ရှင်မကမြင်မက်လျှင်...**

ပြဿနာ အခက်အခဲများအတွက် သူတစ်ပါး၏ အကူအညီရရှိမည်။

**✤လုလင်ပျိုကမြင်မက်လျှင်...**

အလုပ်အကိုင်အတွက် အဆက်အသွယ်ကောင်း ရရှိမည်။

**✤လုံမပျိုက မြင်မက်လျှင်...**

အောင်သွယ်ကောင်းမှုဖြင့် အိမ်ထောင်ဖက် ရရှိမည်။

**✤ကုန်သည်က မြင်မက်လျှင်...**

ဈေးကွက်၊ အကျိုးတူ ပူးပေါင်းမှုများ အောင်မြင်ဖြစ်ထွန်းမည်။

**✤တောင်သူလယ်သမားက မြင်မက်ပါက...**

စိုက်ပျိုးစရိတ်နှင့် လယ်ယာသုံးစက်ကိရိယာများ အထောက်အပံ့ ရရှိမည်။

**✤ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

ပညာသင်စရိတ် အကူအညီရမည်။

**✤ခရီးသွားစဉ် မြင်မက်လျှင်...**

အကူအညီကောင်း ခရီးဖော်ကောင်း ရရှိမည်။

**✤ ရောဂါဝေဒနာ ခံစားရစဉ် မြင်မက်ပါက...**

ဆေးဝါးကောင်းတွေ့၍ ရောဂါ သက်သာမည်။

**✤ကိုယ်ဝန်ဆောင် မိခင်က မြင်မက်လျှင်...**

စေတနာပြည့်ဝသော ဆရာဝန်၊ သူနာပြုများကြောင့် ချောမောစွာ မျက်နှာမြင်နိုင်လိမ့်မည်။

၀ (ဓားအိမ်နှင့်တကွ) ချိတ်ထားသော ဓားရှည်ကို မြင်မက်ပါက မင်္ဂလာနိမိတ်ကောင်း ဖြစ်သည်။

**✤အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

မိသားစုဘဝ အေးချမ်းသာယာ ပျော်ရွှင်မည်။

**✤အိမ်ရှင်မကမြင်မက်လျှင်...**

စားရေရိက္ခာ ဖူလုံလောက်င၍ စိတ်ချမ်းသာစွာ နေထိုင်ရမည်။

**✤လူပျိုလူလွတ်က မြင်မက်လျှင်...**

အဆင်းကော အချင်းပါ ပြည့်စုံသည့် ဇနီးကောင်းရမည်။

**✤အပျိုလူလွတ်က မြင်မက်ပါက...**

ကြေးရတတ်မိသားစုဝင် ဖြစ်သွားနိုင်သည်။

**✤ကျောင်းသူကျောင်းသားက မြင်မက်ပါက...**

ပညာရည် ထူးချွန်မည်။

**✤အချုပ်အကျဉ်းကျနေသူက မြင်မက်လျှင်...**

မကြာမီ ပြန်လည် လွတ်မြောက်လာမည်။

**✤ခရီးသွားစဉ်က မြင်မက်ပါက...**

ချောမောစွာ ရောက်ရှိမည်။

**✤ကုန်သည်က မြင်မက်ပါက...**

အရောင်းအဝယ်ကောင်း၍ အမြတ်အစွန်း များစွာ ရရှိမည်။

**✤တောင်သူလယ်သမားက မြင်မက်ပါက...**

သီးနှံအထွက်ကောင်း၍ ဈေးကောင်းရရှိမည်။

**✤ကျန်းမာရေးမကောင်းသူက မြင်မက်လျှင်...**

မကြာမီ ပြန်လည် ကျန်းမာပြည့်စုံလာမည်။

www.burmeseclassic.com

**✤ကိုယ်ဝန်ဆောင် မိခင်လောင်းက မြင်မက်ပါက...**
ကျန်းမာဝဖြိုးသော သားယောက်ျား လေးမွေးမည်။
**✤ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**
လုံးဝ ပုံသဏ္ဌာန် ပြောင်းလဲသွားပြီ။ ***(အစအန မကျန်ရစ်တော့ပါ။ လုံးဝ တွေ့ရ ဖွယ်မရှိဟု ဆိုလိုသည်။)***
**✤လူပျောက်စဉ်၊ ချိန်းဆိုထားသူကို စောင့်မျှော်နေစဉ် မြင်မက်ပါက...**
မမျှော်လင့်ဘဲ ပြန်ဆုံတွေ့မည်။
⚙ သူတစ်ပါးက မိမိအား ဓားရှည်နှင့် ထိုးသည်ဟု မြင်မက်က အယူများ၏ နိဂုံးနိမိတ်ကို ပြသည်။
**✤အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**
အားလုံးသော စိတ်ညစ်ပူဆွေးမှု သောက များ ချုပ်ငြိမ်းပြီးဆုံးသွားခြင်းကို ရည်ညွှန်းသည်။
**✤အိမ်ရှင်မက မြင်မက်လျှင်...**
ကြွေးပူ ကြွေးအေး ပြေရှင်းစရာ အခက် အခဲ ပြဿနာအားလုံး ပြေလည်ပျောက်ပြယ် သွားမည်။
**✤လုလင်ပျိုက မြင်မက်ပါက...**
လူအများနှင့် သင့်မြတ်၍ မျက်နှာ ပွင့်လန်းမည်။
**✤လုံမပျိုက မြင်မက်လျှင်...**
စိတ်အနှောင့်အယှက်ဖြစ်ဖွယ် ကိစ္စများ အားလုံး ကင်းရှင်းမည်။
**✤တောင်သူလယ်သမားက မြင်မက်လျှင်...**
ရာသီဥတု အပင်ရောဂါနှင့် ပိုးမွှား အဖျက်အဆီးများမှ ကင်းလွတ်မည်။
**✤ကုန်သည်က မြင်မက်လျှင်...**
ကုန်စည် စီးဆင်းမှု လွယ်ကူမြန်ဆန်၍ လုပ်ငန်းသွက်လက်လာမည်။
**✤နာတာရှည်ဝေဒနာရှင်က မြင်မက်လျှင်...**
အနောက်ဘက်ကောင်းကင်သို့ ပြန်ရ တော့မည်။ **(တမလွန်လောကကို အနောက် ဘက်ကောင်းကင် ရှီးထျဲန်း(Xī Tiān) ဟု သုံးနှုန်းခြင်း ဖြစ်သည်။)**
**✤ထိခိုက်ကျိုးပဲ့ ဒဏ်ရာအနာတရဖြစ်သူ မြင်မက်လျှင်...**
ပြန်လည်၍ နာလန်ထလာမည်။
**✤ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**
ဖြေဆိုထားသည့် စာမေးပွဲတွင် ချောမောစွာ အောင်မြင်မည်။
**✤လမ်းခရီးတွင် မြင်မက်ပါက...**
မျှော်လင့်ထားသည်ထက် ဆောလျင်စွာ ခရီးပေါက်မည်။

❑ မိမိက သူတစ်ပါးကို ဓားရှည်ဖြင့်ထိုးရသည်ဟု မက်ပါက ရန်သူ၏ ထိုးနှက်ချက်ကို သတိပြုရန်ဖြစ်သည်။
**✤အိမ်ထောင်ဦးစီးက မြင်မက်ပါက...**
မသင့်မြတ်သူက ချောက်ချ ဒုက္ခပေးခြင်း ခံရမည်။
**✤အိမ်ရှင်မက မြင်မက်လျှင်...**
ယုံကြည်အောင် သိမ်းသွင်းလီဆယ်မှုကို သတိပြုပါ။
**✤လုလင်ပျိုက မြင်မက်လျှင်...**
စာရိတ္တမကောင်းသော မိန်းမနှင့် ငြိစွန်း တတ်သည်။
**✤အပျိုက မြင်မက်လျှင်...**
ကာယိန္ဒြေ ပျက်စီးတတ်သည်။
**✤ကုန်သည်က မြင်မက်လျှင်...**
အကျိုးဆောင်သယောင်နှင့် အမြတ်ရှာ တတ်သူနှင့် တွေ့ကြုံရကိန်းရှိ၏။
**✤တောင်သူလယ်သမားက မြင်မက်လျှင်...**
သီးနှံ နည်းစနစ် မှားယွင်း၍ စရိတ် ထောင်းကာ ငွေကြေးဆုံးရှုံးနိုင်သည်။
**✤နာမကျန်းဖြစ်နေသူက မြင်မက်ပါက...**
ဆေးဝါးမှားယွင်း၍ ဒုက္ခရောက်ဖွယ်ရှိ၏။
**✤ခရီးသွားစဉ် မြင်မက်ပါက...**
ပင်ပန်းခက်ခဲ၍ ကြန့်ကြာနေတတ်သည်။
**✤အကျပ်အတည်း ရင်ဆိုင်နေရစဉ် မြင်မက်ပါက...**
တစ်ပူပေါ် နှစ်ပူဆင့် ပွားတတ်သည်။
**✤ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**
ရေလိုက်လွဲ၍ စာမေးပွဲ ကျနိုင်သည်။
**✤ပဋိသန္ဓေ ဆောင်ယူထားစဉ် မြင်မက်ပါက...**
ကိုယ်ဝန် ဒုက္ခပေးတတ်သည်။
✻ သူတစ်ပါးအား ဓားရှည်လက်ဆောင် ပေးရ သည်ဟု မြင်မက်လျှင် အပြောင်းအလဲ ကြုံရမည်။
**✤အိမ်ထောင်ဦးစီးက မြင်မက်ပါက...**
ကံကြမ္မာ အလှည့်အပြောင်းကြုံ၍ စီးပွား အလုပ်အကိုင် တိုးတက်အဆင်ပြေလာမည်။
**✤အိမ်ရှင်မက မြင်မက်လျှင်...**
အိမ်တွင်းပစ္စည်း လက်ဝတ်ရတနာများ ဝင်ကိန်းရှိသည်။
**✤လုပျိုက မြင်မက်လျှင်...**
စီးပွားကောင်း ကြင်ရာပါ ပြည့်စုံနိုင်သည်။
**✤အပျိုက မြင်မက်လျှင်...**
အားကိုးအားထားပြုနိုင်မည့် ခင်ပွန်း ကောင်းရမည်။
**✤ရောဂါဝေဒနာခံစားရစဉ် မြင်မက်ပါက...**
မြန်မကြာ သက်သာပျောက်ကင်းသွားမည်။

**✤ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**
စာမေးပွဲတွင် အလွယ်တကူ အောင်မြင် မည်။
**✤ကုန်သည်က မြင်မက်လျှင်...**
အရောင်းထိုင်း ပစ္စည်းများ ရောင်းထွက် ၍ ငွေပေါ်မည်။
**✤တောင်သူလယ်သမားက မြင်မက်လျှင်...**
ကောက်ပဲသီးနှံ အထွက်တိုးမည်။
**✤အချုပ်အကျဉ်း ကျနေသူ အကျပ် အတည်းနှင့် ရင်ဆိုင်နေရသူတို့ မြင် မက်ပါက...**
မကြာမီ လွတ်မြောက်ပြေလည်သွားမည်။
**✤ခရီးသွားစဉ် မြင်မက်ပါက...**
နောက်ဆံတင်းနေသော ကိစ္စများ အဆင်ပြေသွားမည်။
**✤ကိုယ်ဝန်ဆောင်က မြင်မက်ပါက...**
အဆင်ပြေ ကျန်းမာစွာ မျက်နှာမြင်မည်။
**✤ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**
ပြန်ရနိုင်သည်။
✻ တစ်ဦးတစ်ယောက်က မိမိအား ဓားရှည် လက်ဆောင်ပေးလာသည်ဟု မြင်မက်လျှ တိုးတက်မြင့်မားခြင်း နိမိတ်ဖြစ်သည်။
**✤ကုန်သည်က မြင်မက်လျှင်...**
စီးပွားပြိုင်ဘက်၏ သော့ချက် အညာ ကိုင်၍ အလဲထိုး ဖယ်ရှားနိုင်လိမ့်မည်။
**✤စစ်မက်ဆိုင်ရာအရာရှိက မြင်မက်လျှင်...**
စစ်စွမ်းရည် ဂုဏ်ထူးဆောင် ဘွဲ့တံဆိ များ အပ်နှင်းခြင်း ခံရကိန်းရှိသည်။
**✤စစ်သည် အကြပ်က မြင်မက်လျှင်...**
ရာထူးတာဝန် တိုးတက်မြင့်မားလာမည်
**✤အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**
စီးပွားရေး တိုးတက်ကောင်းမွန်လာမည်
**✤အိမ်ရှင်မက မြင်မက်လျှင်...**
အိုးကောင်းအိမ်ကောင်း ရတတ်သည်
**✤လူပျိုက မြင်မက်လျှင်...**
လိမ္မာရေးခြားရှိသူ ဇနီးသည်နှ လက်ဆက်ရမည်။
**✤အပျိုက မြင်မက်လျှင်...**
ငွေကြေးဓနဂုဏ် ပြည့်စုံသူနှင့် ထိမ်း ဖြစ်မည်။
**✤ကျောင်းသူကျောင်းသားက မြင်မက်လျှ**
စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အော မည်။ ကုန်သည်လယ်သမားက မြင်မက် က အလှူအတန်း ပေးရ ကိန်းရှိသည်။

**ထက်မင်းကျော်စွာ**

www.burmeseclassic.com

# မှင်ကုထုံး



ကျွန်တော်တို့ မြဝတီမြို့ အမှတ်(၁) ရပ်ကွက်တွင် ကျွန်တော်နှင့် ညီရင်းအစ်ကိုသဖွယ် ခင်မင်ရင်းနှီးသော သူငယ်ချင်းတစ်ယောက်ရှိ၏။ အမည်က ကိုကျော်ညွှန့်ဟု ခေါ်ပါသည်။

ကျွန်တော်တို့နှစ်ယောက် တစ်ရပ်ကွက်တည်း နေကြသော်လည်း မတွေ့ဆုံ ဖြစ်ကြသည်မှာ နှစ်အတန်ကြာပါပြီ။ သွားရင်းလာရင်း ဆုံမိကြသည်တော့ ရှိ၏။ ပြုံးပြနှုတ်ဆက်ရုံမှလွဲ၍ စကားကြာကြာ မပြောဖြစ်ကြပါ။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လဆန်းရက်တစ်ရက်တွင်တော့ ကျွန်တော်တို့ ရပ်ကွက် ခွာညိုလမ်းရှိ ''ရှုပါဆန်း'' လက်ဖက်ရည်ဆိုင်တွင် ဆုံဖြစ်ကြ၏။ တွေ့တွေ့ချင်း ကိုကျော်ညွှန့်မှစ၍…

'ဟေ့ ကိုညို ခင်ဗျား ဆောင်းပါးတွေ ကျွန်တော် မြဝတီမြို့နယ်မဂ္ဂဇင်းမှာရော နက္ခတ္တရောင်ခြည်မှာရော ဖတ်ရတယ်ဗျ။ ခင်ဗျား စာတွေ ရေးနေတာကိုး။ ကျွန်တော်တောင် စာရေးချင်စိတ်ပေါက်နေပြီဗျ'

'ဟုတ်တယ် ကိုကျော်ရေ။ ကျွန်တော်တို့ မြို့နယ်စာပေနှင့် စာနယ်ဇင်း ဥက္ကဋ္ဌ ကိုသက်ဦး (သက်ဦးနိုင်မြဝတီ) ကျွန်တော့်ကို စာရေးဖို့ တိုက်တွန်းလို့ ရေးဖြစ်သွားတာဗျ။ ခင်ဗျားလဲ ရေးလေဗျာ။ ခင်ဗျား စာတွေလဲ ဖတ်တယ်။ အရည်အချင်းရှိ ပညာတတ်တစ်ယောက်ပဲဗျာ'

'ရေးမယ် ရေးပါ့မယ်ဗျာ။ အခုလောလောဆယ် ခင်ဗျားကို ကုန်ကြမ်းပေးလိုက်မယ်။ ခင်ဗျား အရင်ရေးလိုက်ပါ။ နက္ခတ္တရောင်ခြည်က ရသစုံတယ် မဟုတ်လား၊ ဆေးမြီးတိုတွေလဲ ပါတယ်။ နောက်ပြီး ရောဂါကို ဂါထာနဲ့ ကုတာတွေလဲ ပါတယ်လေ။

ဒီတော့ ကျွန်တော် ကိုညိုကို ''မှင်'' ကုတဲ့ ဂါထာတစ်ပုဒ်ပေးမယ်။ နက္ခတ္တရောင်ခြည် စာဖတ်ပရိသတ်တွေလဲ သိရှိရအောင်ပေါ့ဗျာ'

'ကောင်းတာပေါ့ကိုကျော်ရာ ကျွန်တော်လဲကုန်ကြမ်းရှာနေတာနဲ့အတော်ပဲ'

'ဂါထာကတော့ လွယ်တယ်။ လွယ်လွန်းလို့ အထင်တော့ မသေးနဲ့နော်။ ကျွန်တော် **ကယားပြည်နယ်ရောက်တုန်းက ကယားဆရာကြီးတစ်ဦး သင်ပေးလိုက်တဲ့ ဂါထာဗျ။ ကယားတိုင်းရင်းသားစကားနဲ့သင်ပေးလိုက်တာ။** အဲဒါကို မြန်မာလို ပြန်ထားတာ လွယ်တယ်ဆိုပြီးမယုံတော့မရှိနဲ့ကိုညိုရေ'

'ယုံပါတယ်ဗျာ'

'ကျွန်တော် ဒီဂါထာနဲ့ မှင်ဖြစ်တဲ့ လူတွေ ကုလာတာ လူပေါင်း (၁၀၀) ကျော်ပြီ၊ ခင်ဗျားလဲ မှင်သမားနဲ့တွေ့ရင် ကုကြည့်ပေါ့ဗျ။ အဲဒီတော့မှ ယုံသွားမယ်။ ကျွန်တော်က ငွေကြေး မယူဘူးဗျ။ ဒါပေမယ့် ပုဆိုး၊ အင်္ကျီတွေနဲ့ လာကန်တော့ရင်တော့ လက်ခံလိုက်ရတာပေါ့ဗျာ'

'ကိုကျော်ရေ ခင်ဗျား ဒီလောက်ခင်ဗျားဂါထာကို ညွှန်းနေမှတော့ ကျွန်တော် သိပါရစေတော့ဗျာ'

'ကဲ ခင်ဗျား မှတ်စုစာအုပ်ပေး ကျွန်တော်ရေးပေးမယ်'

ကျွန်တော်လည်း မှတ်စုစာအုပ်နှင့် ဘောလ်ပင်ပေးလိုက်ရာ အောက်ပါအတိုင်း ရေးပေးပါတော့သည်။

ဥုံ သွေးနီ သွေးနက် သွေးပုရွက်
သက်ဆရာသက် ဆင်းဆရာဆင်း

ဒါပါပဲဗျာ ဆက်ပြောရဦးမယ် ကိုညိုရေ'

ဟုဆိုကာ ဆက်ပြော၏။

'ဒီဂါထာကိုရွတ်ပြီး မှင်ဖြစ်နေတဲ့ နေရာကို ဘယ်ဘက်လက်နဲ့ သပ်ချပေးရတယ်ဗျ။ တစ်ခေါက်ရွတ် တစ်ကြိမ်သပ်ချရတယ်။ ကိုးခေါက်ရွတ် ကိုးကြိမ် သပ်ချပေးရတယ်ဗျ။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်လောက်ကုရင် ပျောက်ပါတယ်ဗျား ဂါထာကလွယ်လို့ ကုသခံယူသူက မယုံကြည်ရင်တော့ မပျောက်ဘူးနော်၊ အဲဒါ သတိထား၊ မကုသခင် ဂါထာကို ရွတ်ပြပြီး မင်း ယုံရင်ကု မယုံရင် မကုနဲ့လို့ ကြိုပြောထားရတယ်'

'အေး ကိုညိုရေ အဓိကကျပြီး အထူးသတိပြုရမယ့် အချက်ကတော့ အဲဒီလို ကုသခံနေတဲ့အချိန်မှာ ကုသခံနေတဲ့ မှင်ရောဂါသည်က **ငါးပိရည်ကျိုကို လုံးဝမစားရပါ။ ရှောင်ရပါမယ်။ အထူး သတိမှတ်ချက်ပဲဗျ။**

**နောက်တစ်ခု ရှိသေးတယ် ဒီဂါထာကို တခြားဘာသာခြားတွေနဲ့ တိုင်းရင်းသားတွေက မြန်မာလို မရွတ်ဆိုတတ်ဘူးဆိုရင် မိမိတို့ တတ်ကျွမ်းတဲ့ ဘာသာစကားနဲ့ ဘာသာပြန်ပြီး ရွတ်ဆိုလို့ရတယ်လို့ ကျွန်တော် သိထားတယ်၊ ကျွန်တော်လဲ ကယားဘာသာက မြန်မာလို ပြန်ထားတာလေ။**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်တွေသိရှိပြီး ကိုယ်တွေ့လက်တွေ့ စမ်းသပ်ကြည့်နိုင်ကြရအောင် ခင်ဗျားရေးဖြစ်အောင်ရေးလိုက်စမ်းပါဗျာ'

'ကောင်းပါပြီဗျာ စိတ်ချပါ။ ကျွန်တော် ရေးဖြစ်အောင်ရေးလိုက်ပါ့မယ် ကိုကျော်'

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်အပေါင်းတို့ခင်ဗျာ ဂါထာလေးကတော့ဖော်ပြပါအတိုင်းပါပဲ။ ကိုယ်တွေ့ လက်တွေ့ စမ်းသပ်ကြည့်ကြပါစို့။

မှတ်ချက်

**မှင်ဖြစ်တာကြာပြီး ရင့်နေပါက ရက်အတန်ကြာသည်အထိ ကုရသည်ဟု သိရပါသည်။**

**ဦးမင်းညို(မြဝတီ)**

# ကျွဲ၊ နွား

**ဆီးရွှင်ဝမ်းမှန် ဝဖြိုးဆေး**

မြန်မာ့လယ်ယာမြေတွင် အသုံးပြု နေရဆဲဖြစ်သော ကျွဲ၊နွားများသည် အစဉ်ထာဝရ ကျန်းမာသန်စွမ်း ဖျတ်လတ်နေဖို့ လိုပါသည်။

ကျွဲ၊နွားများ ကျန်းမာသန်စွမ်းဝဖြိုးမှသာလျှင် လယ်ယာမြေ လုပ်ငန်းခွင်တွင် အပြည့်အဝ အသုံးချနိုင်မည်ဖြစ်ပြီး သီးနှံ ဆန်ရေစပါး ပေါများကြွယ်ဝမည်ဖြစ်ပါသည်။

သို့အတွက် တောင်သူလယ်သမားတိုင်း ကျွဲ၊နွားများ လက် မလွှတ်နိုင်သေးဘဲ မျိုးပွားမျိုးသန့် မျိုးကောင်းသားမွေး နွားမ ကြီးများပါ မွေးမြူနေရဆဲ ဖြစ်ပါသည်။

ယခုတင်ပြမည့် ကျွဲ၊နွားများ ထာဝစဉ် ကျန်းမာဝဖြိုးပြီး ဆီးရွှင်ဝမ်းမှန်စေသည့်ဆေးနည်းမှာ ကျေးလက်လက်စွဲသုံး မြန်မာ့ရိုးရာ နွားဆေးနည်းကောင်းတစ်လက်ဖြစ်ပြီး **နတ်မောက် မြို့နယ်၊ စမ်းတောရွာဆရာကြီးဦးဆိုင်**ထံမှ ရရှိခဲ့ခြင်းဖြစ်ပါ သည်။

'ဒီလိုရှိတယ် စာရေးဆရာရဲ့ တောင်သူလယ်သမားတွေမှာ လုပ်ခွင်ထဲ အမြဲလို အာရုံရောက်၊ စိတ် ခန္ဓာ လုပ်အားတွေ နေ့စဉ်လို ပေးနေရတော့ ကိုယ်တိုင် ဆေးဖော်နိုင်သူ ရှားပါ တယ်။ ဆယ်ဦးမှာ တစ်ဦးလောက်ပဲ ဆေးဖော်နိုင်ပါတယ်။

အချိန်မပေးနိုင်တာလဲ ရှိတယ်။ ငွေကြေး ချက်ချင်းထုတ်ဖို့လဲ ခက်တတ်ပါတယ်။ ဒါကြောင့် ကျုပ်ကိုယ်တိုင်ပဲ ဖော်ပေးရတာ များပါတယ်။ ငွေကြေးအဓိက မထားပါဘူးဗျာ။

ဒီဆေးနည်းကို လိုချင်တဲ့သူ၊ မှတ်ချင်တဲ့လူ ရှိရင်လဲ ကျုပ် သေချာပြောပြပါတယ်။ ရေးမှတ်တော့ သွားကြတာ ပါပဲ။ တချို့လဲ လက်တွေ့ဖော်ပြီး အသုံးပြုတယ်။ တချို့လဲ ကျုပ်ဆီပဲ ပြန်လာပြီး ဖော်ခိုင်းတယ်။


ဆေးဖော်ဖို့က မလွယ်မခက် ဆိုသလိုပါပဲ။ ဒီလို... ဒီလို...'

ဆရာ ဦးဆိုင် ပြောပြသည်ကို အသံဖမ်းယူခဲ့ပြီး တင်ပြအပ်ပါ သည်။

**လိုအပ်သော ဆေးအမည်များမှာ...**

| | | |
|---|---|---|
| ၁။ | မန်ကျည်းမှည့် | (၂၅)ကျပ်သား |
| ၂။ | ထန်းလျက် | (၂၅)ကျပ်သား |
| ၃။ | ကြက်သွန်နီ | (၂၅)ကျပ်သား |
| ၄။ | စမုန်မျိုးငါးပါး(တစ်မျိုးလျှင်) | (၅)ကျပ်သား |
| ၅။ | ဇီရာ | (၁၅)ကျပ်သား |
| ၆။ | မှတ်ခါး | (၃)ကျပ်သား |
| ၇။ | ဘုမ္မရာဇာ | (၂)ကျပ်သား |





ဆေးအမည်အားလုံးကို ထောင်းသင့်သည်ကို ထောင်း ခြေသင့်သည်ကိုခြေပြီး သမအောင် ရောတေထား ပါမည်။

ကျွဲ၊နွားများကို တစ်ပတ်လျှင် တစ်ကြိမ် ကြက်ဥ တစ်လုံးစာခန့် ကျွေးပေးရပါမည်။ နွေအခါတွင် အစာ ခြောက်၊ မြက်ခြောက် စားရသဖြင့် ဝမ်းချုပ်လျှင် ကြက်ဥ တစ်လုံးထက် ပိုမိုကျွေးပေးပါ။ ဘေးထွက်ဆိုးကျိုး မ ပါ။

ကျွဲ၊နွားတို့ ဆီးချုပ်၊ဝမ်းချုပ်ရောဂါ ကာကွယ်ပြီး ဖြစ်သည့်အပြင် ဆီး၊ဝမ်း ရွှင် အပူအပုပ်ကင်းပြီး အထူးပင် ဝဖြိုး ကျန်းမာစေပါသည်။

*တိုးတက် ကြီးပွားကြပါစေ။*

**နတ်မောက် ကောင်းမွန်မြင့်**

www.burmeseclassic.com

# တပင်တိုင်မြနန်း

## ဆေးအသုံး သိသူများမှ ဖော်ပြပေးစေချင်

ကျွန်တော်အိမ်တွင် ယခင် (၃)နှစ်ခန့်မှ စတင်စိုက်ပျိုးထားသော ဆေးဖက်ဝင် တပင်တိုင်မြနန်း(အဖြူ–အနီ) နှစ်မျိုးလုံး ရှိပါသည်။

မည်ကဲ့သို့သော နည်းလမ်းများဖြင့် အသုံးပြု ဆေးဖက်ဝင်ကြောင်းကို အစုံ မသိရပါ။

လေထိုးလေအောင့်နှင့် ဆီးမသွားနိုင်ခြင်း စသည်များကိုတော့ ရိုးရိုးရေနွေး ဖြင့်ပင် စိမ်ပြီးသောက်ပါက အတော်များများ သက်သာပျောက်ကင်းကြောင်း တွေ့ရှိပါသည်။

လူကြီးမင်းများအနေဖြင့် အခြားရောဂါများကိုလည်း မြစ်ပွားနာများကိုတောင် သက်သာပျောက်ကင်းနိုင်ကြောင်း သိရပါသည်။ သို့ဖြစ်၍ ဆေးအသုံးကို သိလို ပါသည်။

ယခုအချိန်တွင် အသီးများ နီရဲမှည့်ဝင်းပြီး စား၍ အလွန်ချိုပါသည်။



◆ တပင်တိုင်မြနန်း အနီကောင်ပုံ

*ချိုသေလေးမားစွာဖြင့်...*

**ထွန်းအောင် (ရွှေကူမြေစားသောက်ဆိုင်)** *(ပင်လောင်းဘူတာကြီး။ ပင်လောင်းမြို့)*

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက် ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအားအောက် ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၁၂ |
| **ဇန်နဝါရီလ** | ၁ |
| **ခုနှစ်** | ၂၀၁၅ |
| | ၂၃၂၈ = ၁၅ = ၆ |

**အကြိမ်၊ လ၊ ခုနှစ်** များအား တစ်လုံးတည်း ဖြစ်အောင် ပေါင်းပါက (၆)ဂဏန်းရသည်။ သို့ ဖြစ်၍ (၂၊ ၃၊ ၆၊ ၈) ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၃၊ ၆၊ ၈** ဂဏန်း များကို ဦးစားပေးပါ။

ဥပမာ

| ၈...ဆုံး | ၈...ဆုံး | ၈...ဆုံး | ၈...ဆုံး |
|---|---|---|---|
| ၂...၂ | ၃...၂ | ၆...၂ | ၈...၂ |
| ၂...၃ | ၃...၃ | ၆...၃ | ၈...၃ |
| ၂...၆ | ၃...၆ | ၆...၆ | ၈...၆ |
| ၂...၈ | ၃...၈ | ၆...၈ | ၈...၈ |

မှတ်ချက်။ ။ (...)ကွင်းအတွင်းတွင် ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**"အကြိမ်"** ဂဏန်းမပါဘဲ **"လ"** ဂဏန်းနှင့် **"နှစ်"** ဂဏန်းကိုသာ ပေါင်းပါက (၁+ ၂+ ၀+ ၁ +၅) = ၉ ရသည်။ သို့ဖြစ်၍ **"၉"** ဂဏန်း ကိုလည်း ပစ်ပယ်၍ မရပါ။

**၈... ဆုံး**

၂... ၂၊ ၃၊ ၆၊ ၈၊ ၉
၃... ၃၊ ၆၊ ၈၊ ၉၊ ၂
၆... ၆၊ ၈၊ ၉၊ ၂၊ ၃
၈... ၈၊ ၉၊ ၂၊ ၃၊ ၆
၉... ၉၊ ၂၊ ၃၊ ၆၊ ၈


ဤလတွင် **တနင်္လာနှင့် သောကြာသား သမီး**များ ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ဒေသရှိ စာသင်တိုက်ကြီး များသို့ သွားကာ ကျောင်းဝင်းအတွင်း တတ်နိုင် သမျှ သန့်ရှင်းရေးလုပ်ပေးပါ။ ပြီးနောက် ကျောင်းဝင်းအတွင်းရှိ ဘုရား(သို့မဟုတ်) ကျောင်း၏ ဘုရားခန်းတွင် သမ္ဗုဒ္ဓေဂါထာတော် ကြီးအား သက်စေ့ရွတ်ပွား ပူဇော်ပေးပါ။ (၃) ရက်တိတိ ဆောက်ရွက်ပေးပါ။

အထက်ပါအဓိဋ္ဌာန် အောင်မြင်ပါက မိမိ တို့ ရပ်ကွက်ရှိ ဆင်းရဲနွမ်းပါးသူ အဘိုးအဘွား တို့အား တတ်နိုင်သမျှ လှူဒါန်းပြီးမှ နီးစပ်ရာ ဆိုင်တွင် ထီကံစမ်းကြရန် ဖြစ်ပါသည်။

## ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ

## အတွက် ရွေးချယ်ပါ ဤဂဏန်း



အထူးဂဏန်း

✦ ၂၈၆၆၃၂ ✦ ၉၈၈၆၃၃ ✦ ၃၆၈၆၉၂

*ထီကံ ပွင့်ပါစေ။*

ဆရာရဲထက် (သုတေသီ)

www.burmeseclassic.com

► ကြော်ငြာဆောင်းပါး ◄

။ မှတ်ပုံတင် - ၀၁၁၄၅ ၀၁၀၇၃၀ လိုင်စင် ၇၂/၀၁၁၊ တဆထလကတိုး (၁၃၁၂) ။

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတလေ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "




" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ထွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်ကိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ၊ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆိကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းဝရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ၊

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၁၅၆)မော်စီလမ်းမကြီး မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၃၂

**ဖြောင်းမြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

# အာလူးကျောက်နှင်း ရောက်ကြင်း

အာလူးကျောက်လျှောက်၊ တရားပေါက်

ကောင်းမြင့်မြတ်စိန်

ကျွန်တော်နေထိုင်ရာ အေးသာယာမြို့လေးဟာ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်မှာ တည်ရှိပါတယ်။ အေးသာယာမြို့တည်ခဲ့သည်မှာ ယခု ၂၀၁၄ ခုနှစ်မှာ (၂၅)နှစ်ပြည့်ပါပြီ။

အေးသာယာမြို့တည် အထိမ်းအမှတ် ငွေရတုမဂ္ဂဇင်းကို မြို့နေစာပေဝါသနာရှင်များက ကြိုးစားပမ်းစား ထုတ်ဝေခဲ့ကြပါတယ်။ မဂ္ဂဇင်းလေးဖြစ်မြောက်လာတော့ မဂ္ဂဇင်းစာအုပ်လေးကိုကြည့်ကာ ကျွန်တော်ကိုယ်တိုင် ကြည်နူးခဲ့ရပါတယ်။

ဒီမဂ္ဂဇင်းလေးထဲမှာ **"အာလူးကျောက်ကို နှင်းကြွစို့"**ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို ထူးထူးခြားခြား ဖတ်ရပါတယ်။ ရေးသူက **[ဇော်ရှိန်း(ပန်းချီ)]** ဖြစ်ပါတယ်။ အာလူးကျောက်များပေါ် နှင်းလျှောက်ခြင်းဖြင့် ကျန်းမာရေးကောင်းမွန်ပုံ၊ သမာဓိစွမ်းအား ကောင်းပုံ စိတ်အပန်းဖြေပုံတွေနဲ့ ထူးခြားတဲ့ အကျိုးခံစားရပုံတွေကို သူ ကိုယ်တွေ့ ရေးသားထားပါတယ်။

အာလူးကျောက်နှင်းတဲ့ နေရာက အေးသာယာမြို့ရဲ့ ကျက်သရေဆောင် ဖောင်တော်ပေါက်စေတီ ပရိဝုဏ်အတွင်းမှာ ဖြစ်ပါတယ်။

ကျွန်တော် အလွန်စိတ်ဝင်စားသွားပါတယ်။

ကျွန်တော်ဟာ ဖောင်တော်ပေါက်ကျောင်း ဆရာတော်နဲ့ ရင်းနှီးခင်မင်ပါတယ်။

အဲဒီနေ့ ညနေ(၅)နာရီလောက်မှာ



အေးသာယာမြို့ ဈေးမှုရုံတွင် တည်ထားသော ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ပေါက်စေတီတော်မြတ်ကြီး

ဖောင်တော်ပေါက်ကျောင်းသို့ သွားခဲ့ပါတယ်။ ဆရာတော်ကို သွားရောက်ဖူးတွေ့ပါတယ်။

'ဆရာတော်ဘုရား... နေကောင်းတယ်မဟုတ်လား ဘုရား'

'ဩော်... ဒကာကြီးဦးမြင့်စိန်ပါလား၊ နေကောင်းပါတယ် ဒကာ။ မတွေ့တာတောင် ကြာပြီနော်'

'တင့်ပါဘုရား။ တပည့်တော်က ခရီးသွားနေတာများတယ်ဘုရား။ အိမ်မှာ သိပ်မနေဘူး ဘုရား။ အေးသာယာမဂ္ဂဇင်းထဲမှာ "အာလူးကျောက်နှင်းတဲ့အကြောင်း"ဖတ်ရလို့ပါ ဘုရား၊ လျှောက်ကြည့်ချင်လို့ပါ ဘုရား။ အဲဒီအကြောင်းကိုလဲ ဆရာတော်ထံ မေးလျှောက်ချင်လို့ပါဘုရား'

'အင်း...ဒါလား၊ ကဲ... လာ...လာ၊ ဘုန်းကြီးလိုက်ပြပေးမယ်'

ဖောင်တော်ပေါက် စေတီတော်ကြီး ရင်ပြင်တော်အောက်ဘက် မနီးမဝေးလေးမှာပဲ "အာလူးကျောက်လမ်း" ခင်းထားတာကို တွေ့ရပါတယ်။ သာယာလှတဲ့ ဥယျာဉ်ပန်းခြံလေးရဲ့ ဘေးပတ်ပတ်ပတ်လည်မှာ လူသွားလမ်းရိုးရိုးမဟုတ်ဘဲ ကွန်ကရစ်အတွင်းမှာ အာလူးကျောက်ကလေးများကို လှလှပပစီပြီး ခင်းကျင်း မြှုပ်နှံထားပါတယ်။

ပန်းခြံလေးအတွင်း ရေကန်လေးတစ်ကန်ရှိပါတယ်။ ကြာပန်းရောင်စုံ၊ သစ်ခွပန်းရောင်စုံ၊ နှင်းဆီစသော ပန်းပေါင်းစုံ စိုက်ထားပါတယ်။

နဂါးရုံဘုရားတစ်ဆူကိုလဲ တည်ထားပါတယ်။ နဂါးရုံဘုရားကို ကြည်ညိုရင်း၊ ပန်းကလေးများကို ရှုမြင်ခံစားရင်း အာလူးကျောက်လမ်းပေါ် လက်တွေ့ နှင်းလျှောက်လိုက်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



ပန်းပြုတ်လည်ညီညီ စီခင်းထားသည့် အာလူးကျောက်ခင်းလမ်းအား အနီးကပ် မြင်တွေ့ရပုံ

ဆရာ''မကွေးဝင်းမြင့်''ရဲ့ အုန်းမှုတ်ခွက်နင်းခြင်းအကြောင်း သတိရမိပါတယ်။ အုန်းမှုတ်ခွက်နင်းသလိုပါပဲ။ နင်းလျှောက်ရတဲ့အရသာက တစ်ကိုယ်လုံးက အကြောတွေအထိ ရောက်ပါတယ်။ ဆရာတော်က မိန့်ပါတယ်။

'ဒီအာလူးကျောက်လမ်းကို တဖြည်းဖြည်း ချောနေရာက ကြမ်းသွားအောင် စီခင်းပေးထားတယ်။ အကြောအချင်တွေ တဖြည်းဖြည်း ထိလာအောင်လို့လေ။

ပြီးတော့ ခြေဖဝါးနဲ့ နင်းရတော့လဲ ချောနေတဲ့နေရာက ကြမ်းလာတဲ့နေရာကို တဖြည်းဖြည်းချင်းရောက်တော့ နင်းနိုင်တာပေါ့။

ဒါပေမယ့် စစချင်းနင်းတဲ့အခါတော့ ခြေဖဝါးက နာကျင်လို့ ခံနိုင်မှာမဟုတ်ဘူး။ အကျင့်ရလာတဲ့အခါ နင်းရင်းနင်းရင်း အရသာ သိလာလိမ့်မယ်'

'တင့်ပါဘုရား... ဆရာတော် စိတ်ကူး အတော်ကောင်းပါတယ် ဘုရား။ တခြား ဘယ်နေရာမှာ တွေ့ဖူးလို့လဲ ဘုရား'

'တစ်နေရာမှာ တွေ့ခဲ့ဖူးတာပါ။ ဒါပေမယ့် ဘုန်းကြီးက ထပ်ပြီး စိတ်ကူးကွန့်ပြီး ဒီလိုဖန်တီးလိုက်တာပါ။ ကဲ... လာ ဒကာကြီး။ ကျောင်းထဲသွားရအောင် အဲဒီကျမှ ပြောကြတာပေါ့'

ဆရာတော်ရဲ့ တစ်ထပ်တိုက်ကျောင်းဆောင်ထဲ ရောက်တဲ့အခါ...

'အေးသာယာ မဂ္ဂဇင်းထဲမှာ ''အာလူးကျောက်နင်းကြစို့'' ဆောင်းပါးရေးတဲ့ပုဂ္ဂိုလ်နဲ့ ဆရာတော် ရင်းနှီးလားဘုရား'

'ရင်းနှီးပါတယ်၊ ကျောင်းအတွက် ဆိုင်းဘုတ်တွေ၊ ပန်းချီကားတွေ အမြဲရေးပေးနေတဲ့ ပန်းချီဆရာ၊ စာရေးဆရာကြီးပဲ။ နောက်နေ့မနက် (၉)နာရီ လောက်လာလိမ့်မယ်။ ဒကာကြီးနဲ့ တွေ့ပေးမယ်။ ဒကာကြီးလာခဲ့ပေါ့'

'တင့်ပါဘုရား... သူ့အတွေ့အကြုံကိုလဲ မေးကြည့်ချင်လို့ပါ ဘုရား'

အဲဒီနောက်တော့ ကျွန်တော်ဟာ ဆရာတော်အား ကျွန်တော်သိချင်တဲ့ အခြားအကြောင်းတွေ မေးလျှောက်ခဲ့ပါတယ်။ ည(၇)နာရီခွဲမှာတော့ ကျွန်တော်ဟာ အိမ်ကို ပြန်ခဲ့ပါတယ်။

နောက်နေ့နံနက် (၉)နာရီခွဲလောက်မှာ ကျွန်တော် ဖောင်တော်ပေါက်ကျောင်းကို သွားပါတယ်။ ရောက်ရောက်ချင်း ဆရာတော်က မိတ်ဆက် တွေ့ဆုံပေးပါတယ်။

'ကဲ...ဒကာကြီး ဦးဇော်ရှိန်း၊ သူက စာတွေရေးနေတဲ့သူပဲ၊ ဒကာကြီးနဲ့ တွေ့ချင်လို့တဲ့'

ထိုအခါ ဦးဇော်ရှိန်းက...

'တင့်ပါဘုရား... တပည့်တော်တို့

www.burmeseclassic.com

ဟိုဘက်နားမှာ အလုပ်လုပ်ရင်း ဆွေးနွေးပါမယ်ဘုရား။ ကဲ... ကျွန်တော်တို့ ဟိုဘက်နားသွားရအောင်'

ဦးဇော်ရှိန်းဟာ သူ့ရဲ့ ပန်းချီဆွဲတဲ့ ပစ္စည်းတွေ ထည့်ထားတဲ့ လက်ဆွဲခြင်းကိုဆွဲကာ မနီးမဝေးမှာရှိတဲ့ အရိပ်စင်လေးအောက်ကို သွားပါတယ်။ ကျွန်တော်လဲ သူနဲ့အတူ လိုက်သွားရင်း အာလူးကျောက်ပတ်လမ်းနဲ့ ပန်းဥယျာဉ်လေးကို ငေးကြည့်မိပါတယ်။

'လာဗျာ၊ ကျွန်တော်တို့ ဆိုင်းဘုတ်ရေးရင်း စကားပြောကြတာပေါ့။ ဆရာ သိချင်တာလဲ မေးပါ'

'ဟုတ်ကဲ့ အန်ကယ်။ အေးသာယာ မဂ္ဂဇင်းထဲမှာ ''အာလူးကျောက်နင်းကြစို့'' ဆောင်းပါးဖတ်ရလို့ပါ။ အန်ကယ်ရဲ့ ကိုယ်တွေ့ရေးထားတာဆိုတော့ ကျွန်တော်က စိတ်ဝင်စားလို့ပါ'

'ဪ...ဟုတ်ပြီ၊ ကျွန်တော် ရည်ရွယ်ချက်ကတော့ ဆရာတော်ရဲ့ ကြိုးစားမှုတွေ၊ ဂုဏ်သိက္ခာတွေကို ဖော်ထုတ်ပေးချင်တာလဲ ပါ,ပါတယ်။ အာလူးကျောက်နင်းတာလဲ တကယ်ကို ကိုယ်တွင်းကိုယ်ပရောဂါတွေ ပျောက်ခဲ့ပါတယ်။

အထူးသဖြင့် ခေါင်းကြည်ပြီး ဉာဏ်ပွင့်တယ်။ အညောင်းအညာပြေတာတော့ ပြောစရာတောင် လိုမယ်မထင်ပါဘူး။ ကျွန်တော့်ဇနီးလဲ အာလူးကျောက်နင်းတာ ကျန်းမာရေး တော်တော် ကောင်းသွားတယ်။

အခြားလူတွေလဲ လာလာ နင်းကြပါတယ်။ သွေးတိုး၊ လေဖြန်း၊ အရိုးအဆစ် ကိုက်ခဲ၊ နှလုံးအားနည်းသူတွေက အစ ကျန်းမာရေးညံ့တဲ့သူတွေ ပျောက်ကုန်ကြတယ်'



▲ အေးသာယာမြို့ ဆောင်တော်ပေါက်ကျောင်းတိုက်တွင် တွေ့ရသော နဂါးရုံ ဘုရားနှင့် ပန်းခြံပတ်လည်၌ စိုက်ထားသည့် အာလူးကျောက်ခဲလမ်း

▼ အေးသာယာမြို့နေ ပန်းချီဆရာကြီးဦးဇော်ရှိန်း



'ဟုတ်ကဲ့ တခြားထူးခြားတာတွေရော ရှိသေးလား အန်ကယ်'

'ဟာ ရှိတာပေါ့။ ဒီအာလူးကျောက်ပတ်လမ်းလေးက ပေကိုးဆယ်လောက်ပဲ ရှည်တာပါ။ လမ်းအကျယ်က တစ်ပေခွဲပေါ့။ သမထအာရုံ ဒါမှမဟုတ် ဝိပဿနာအာရုံယူပြီး လျှောက်တော့ပိုပြီး ထူးပါတယ်။ သမာဓိခွန်အားတွေ တက်လာတယ်။ ကျွန်တော့် ကိုယ်တွေ့ပါပဲဗျာ'

'ဟုတ်ကဲ့ အန်ကယ်၊ ကျွန်တော်လဲ ယုံကြည်လက်ခံပါတယ်။ နောက်ပြီး ကျွန်တော် ဆရာတော့်အကြောင်းကိုလဲ သီးသန့် ဆောင်းပါးရေးပါဦးမယ်။ အခုတော့ အာလူးကျောက်နင်းတဲ့ အကြောင်းပဲ ရေးမှာပေါ့'

'ရေးပါဗျာ၊ ရေးပါ။ အားပေးပါတယ်။ ကျွန်တော်ကတော့ အသက်ကြီးပြီဆိုတော့ ရေးအား သိပ်မကောင်းတော့ပါဘူး'

မှန်ပါတယ်။ ဦးဇော်ရှိန်းက အသက် (၆၈)နှစ်ပင် ရှိနေပါပြီ။ ဒါပေမယ့် ကျန်းမာသွက်လက် လန်းဆန်းလျက်

www.burmeseclassic.com

ပါပဲ။ အေးသာယာမြို့က ဘုန်းတော်ကြီးကျောင်းများအတွက်ဆိုရင် အခကြေးငွေမယူဘဲ မေတ္တာစေတနာသန့်သန့်နဲ့ ဆိုင်းဘုတ်များ၊ ပန်းချီများ ရေးဆွဲပေးနေသူပါ။ ပညာဒါနပြုနေသူပါ။ ချီးကျူးအတုယူစရာ ပန်းချီပညာရှင်တစ်ဦးပါ။

ဖောင်တော်ပေါက် ကျောင်းကို မကြာမကြာ (ဆိုင်းဘုတ်၊ ပန်းချီများ) ရေးဆွဲရန် ရောက်ပါတယ်။ ရောက်တိုင်းလဲ အာလူးကျောက်ပတ်လမ်း ပေါ်နင်းလျှောက်ပါတယ်။

ကုသိုလ်လဲရ၊ ကိုယ်တွင်းကိုယ်ပလဲ ရောဂါကင်း၊ ငြိမ်းချမ်းခြင်းတွေရနေတဲ့ ပန်းချီဆရာကြီး ဦးဇော်ရှိန်းကို ကျွန်တော်ဟာ နှုတ်ဆက်ပြီး အိမ်ပြန်ခဲ့ပါတယ်။

အာလူးကျောက် ဆိုတာကတော့ မြန်မာနိုင်ငံအနှံ့အပြားမှာ တွေ့ရတတ်ပါတယ်။ မြစ်များ၊ ချောင်းများ၊ တောင်ခြေများ၊ မြစ်ချောင်းများ၊ တောင်ခြေများအနီး ကျောက်ကျင်းများတွင် တွေ့ရတတ်ပါတယ်။

အထူးသဖြင့် ရေတိုက်စားခံရတာ နှစ်ပေါင်းများစွာ ကြာတဲ့အခါ ရေနဲ့အတူ မျောပါတိုက်စားခံရဖန်များတဲ့အခါ မာကျောတဲ့ကျောက်တွေဟာ တဖြည်းဖြည်း လုံးချောလာပါတယ်။

အာလူး၊ ကြက်ဥ၊ ဘဲဥသဏ္ဍာန် လုံးချောလာပါတယ်။ အရွယ်အစားလဲ အမျိုးမျိုးရှိတတ်ပါတယ်။ အရပ်သုံး အနေနဲ့ **"အာလူးကျောက်"** လို့ပဲ ခေါ်ကြပါတယ်။

အဲဒီ အာလူးကျောက်လေးတွေကို ဖောင်တော်ပေါက် ဆရာတော်နည်းအတိုင်း မိမိတို့အိမ်ခြံထဲမှာ၊ အလုပ်ထဲမှာ၊ ရုံးဌာနတွေမှာ စီမံဖန်တီးကြမယ်ဆိုပါက အလွန်လှပ တင့်တယ်ပါလိမ့်မယ်။ ကျန်းမာရေးအတွက်လဲ ဆေးတစ်ခွက် ဖြစ်ပါလိမ့်မယ်။

ဒီထက် ထူးခြားချင်ရင်တော့ အေးသာယာမြို့ကို အရောက်လှမ်းလို့လာခဲ့ပါ။ ဖောင်တောင်ပေါက် စေတီတော်ကြီး ကြည်ညိုရင်း အာလူးကျောက်ပတ်လမ်းကို အမိဌာန်နဲ့ လျှောက်ကြည့်လှည့်ပါလို့ ဖိတ်ခေါ်လိုက်ပါတယ်။

**ကောင်းမြင့်မြတ်စိန်**


**သက်တန့်နှာနှင့်**

# ကြေးမိုးကြိုးသွား

**အသုံး သိသူများမှ ဆက်လက်ဖော်ထုတ်ပေးကြပါ**

စာရေးသူ၏ ဖခင်ကြီးမှာ တိုင်းရင်းဆေးဆရာကြီးတစ်ဦး ဖြစ်ပါသည်။ ယခု ဖခင်ကြီးမှာ မရှိတော့ပါ။

ဖခင်ကြီး ရှိစဉ်က ကြေးမိုးကြိုးသွားဖြင့် သက်တန့်နာကို ကုသပျောက်ကင်းကြောင်း သိရကာ ဖခင်ကြီး မရှိတော့သော်လည်း အမွေခံအဖြစ်ဖြင့် **ကြေးမိုးကြိုးသွားဖြင့် သက်တန့်နာကို ကုသပေးရာ** ရာခိုင်နှုန်းပြည့်နီးပါး ပျောက်ကင်းကြောင်း တွေ့ရပါသည်။

ကုသပုံမှာ ထွေထွေထူးထူးတော့ မဟုတ်ပါ။ သက်တန့်ဖြစ်သော လူနာကို ကြေးမိုးကြိုးသွားဖြင့် စိတ်ပိုင်းပေးခြင်းပင် ဖြစ်ပါသည်။ ကြေးမိုးကြိုးသွားဖြင့် ရေတို့ကိုယူပြီး အနာကို ဝိုင်းပါသည်။ ပြီးလျှင် လေးစိတ် စိတ်ပိုင်းခြင်းဖြင့် သုံးရက်ခန့်အကြာတွင် ပျောက်ကင်းမြဲ ဖြစ်ပါသည်။

တစ်ခု သတိထားရမည်မှာ **အနာကို ကြေးမိုးကြိုးသွားဖြင့် ပတ်မိအောင် မဝိုင်းမိလျှင် အနာမှာ သိသိသာသာ ရွေ့လျား၍ နေရာပြောင်းသွားကြောင်း** တွေ့ရသည်။

နောက်တစ်ခုက **သက်တန့်မဟုတ်လျှင် ကြေးမိုးကြိုးသွားဖြင့် စိတ်လိုက်ရင် မူလထက် ပိုကြီးသွားကြောင်းလည်း ကြုံဖူးပါသည်။**

သို့ပါ၍ ကြေးမိုးကြိုးသွား လက်ဝယ်ရှိသူများ အသုံးပြုနိုင်ရန် တင်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။

ထို့ပြင် အခြားအသုံးပြုနည်းများ ရှိခဲ့ရင်လည်း ထပ်မံတင်ပြနိုင်ရန် စာရေးသူ အသုံးပြုဖူးသမျှကို စေတနာဖြင့် ထုတ်လိုက်ခြင်း ဖြစ်ပါသည်။

**ထွန်းရီ(သံပရာကွင်း)**




www.burmeseclassic.com

www.burmeseclassic.com

# အလုပ်ရစေ အဆင်ပြေ

ကောင်းသူ၁

တစ်နေ့သ၌ ကျွန်ုပ်သည် မကွေးမြို့ ဒီဂါရုပ်၊ သရဖီလမ်းရှိ ကျွန်ုပ်၏ ဗေဒင်ဟောခန်း၌ နက္ခတ်ဗေဒင် ကျမ်းတစ်စောင်ကို ဖတ်ရှုလျက် ရှိလေ၏။ ထိုစဉ် ကျွန်ုပ်၏ တပည့်ကျော် ချာလီဆွေသက်မှာ ဗေဒင်မှတ်စုကို ထိုင်ကာ ငေးမောနေကြောင်း တွေ့ရလေ၏။

ချာလီဆွေသက်မှာ ကျွန်ုပ်၏ ဟောခန်း၌ လိုအပ်သမျှ လုပ်ကိုင်ပေးရင်း ပညာယူနေသော တပည့်ဖြစ်လေ၏။ ပညာရည် အအတန်အသင့် ရှိလာပြီဖြစ်သော်လည်း လူငယ်ပီပီ စိတ်အာရုံများပြားပြီး တစ်ခါတစ်ရံ အကြောင်းကြောင်းနိုင်သူဖြစ်၏။

ငယ်စဉ်ကတည်းက မိမိ၏ ညီအရင်း အဖွယ် နေလာခဲ့သူဖြစ်၍ ပြောမနာဆိုမနာ တပည့်လည်းဖြစ်လေ၏။ များသောအားဖြင့် ပျော်ပျော်နေတတ်သူဖြစ်ရာ ယခုကဲ့သို့ ငေးမှိုင်နေသဖြင့် အကျိုးအကြောင်း မေးမြန်းရလေ၏။ ထိုအခါ ချာလီသက်ဆွေက...

'ငေးနေတာ မဟုတ်ပါဘူး ဆရာ။ တွေးနေတာပါ'

ဟု ဖြေလေ၏။ ထို့ကြောင့် ကျွန်ုပ်ကလည်း...

'ငေးငေးတွေးတွေး ဘာကိစ္စလဲလို့ မေးနေတာပေါ့ကွာ'


ဟု ပြောရလေ၏။

'ဒီလိုပါဆရာ ကျွန်တော့်ညီမလေး တစ်ယောက်က M.E(civil)နဲ့ ကျောင်းပြီးသွားပါတယ်။ အလုပ်ကလဲ နှစ်ခါပြောင်းပြီးပြီ၊ အခုလုပ်နေတာက ပညာနဲ့လဲ မဆိုင်တဲ့ Toll Gateမှာ စာရေးလုပ်နေတာပါ။ သူ့အိမ်ကလဲ ဆင်းရဲတော့ ရှာအလုပ် ဝင်လုပ်တဲ့သဘောလဲပါတယ်။

ခုလဲ သူ့ကို သူငယ်ချင်းတွေက ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုကို အလုပ်ပြောင်းလာဖို့ ခေါ်နေပါတယ်။ Toll Gateမှာက အလုပ်ဂုဏ်နဲ့ မကိုက်ပေမယ့် မိဘတွေနဲ့ အတူနေရတယ်။ အလုပ်ပြောင်းရင်တော့ လစာလုပ်ခ ပိုရပြီး သူ့ပညာနဲ့လဲ ဆီလျော်တယ်။

ဒီတော့ သူက ပြောင်းသင့်ရဲ့လား မေးတယ်။ ကျွန်တော်ကလဲ မပြောတတ်ဘူး။ ငါ တွက်ချက်ပြီး ပြန်ပြောမယ်လို့ ပြောထားရတယ်၊ အဲဒါကြောင့် အလုပ်နဲ့ ပတ်သက်တဲ့ ယတြာတွေ လိုက်ဖတ်ရင်း အတွေးထဲ မျောသွားတာပါ။ အဲဒီယတြာတွေကိုသိရင် ပြောပြပါဆရာ'

'အလုပ်အတွက် အကောင်းဆုံးယတြာက




တော့ ငါ အမြဲ လူတိုင်းကိုပေးပြီး အောင်မြင်တဲ့ နည်းပေါ့ကွာ။ မွေးနေ့နံနက် (၀၉း၄၅) နာရီမှာ လုပ်ရမယ်။ ကြေးလင်ပန်း ဒါမှမဟုတ် အဝါရောင်ရှိတဲ့ လင်ပန်းပေါ်မှာ soft penနဲ့ စကြာပုံကလေး ဆွဲရမယ်။ အကွက်(၄) ကွက်ရမယ်။

တစ်ကွက်မှာ ရေချမ်း၊ တစ်ကွက်မှာပန်း၊ တစ်ကွက်မှာ ဖယောင်းတိုင်အဝါရောင်၊ တစ်ကွက်မှာ ဖယာကြော်(၉)ခု ထည့်ရမယ်။ ပြီးတော့ အဝါရောင်ပန်း အခင်းလေး ခင်း ပြီး ဘုရားမှာ (၉)ရက်တိတိ ကပ်လှူရမယ်။

အရပ်၊ တစ်မျိုးတည်း ပုတီး(၉)ပတ်စိပ်ပြီး ဆုတောင်းရမယ်။ ဒီနည်းက အလုပ် အကိုင် ရစေဖို့တင်မကဘူး၊ အလုပ်မှာ


www.burmeseclassic.com

အခက်အခဲမရှိ အောင်မြင်စေတယ်။ ဝန်ထမ်းတိုင်း မကြာခဏ လုပ်သင့်တယ်ကွ။ အလုပ်ရစေ၊ အဆင်ပြေစေတယ်'

'ဆရာ့ယတြာမှာ ပန်းက ဘာပန်းဆိုတာ မပါသေးဘူး။ အတူတူပဲလား'

'ပန်းကတော့ **တနင်္ဂနွေသား**အတွက် ပေါက်ပန်းဖြူ၊ မေမြို့ပန်း၊ မြေစာ ရရာ(၅)ပွင့်၊ **တနင်္လာသား**အတွက် သပြေ(၆)ညွှန့်၊ **အင်္ဂါသား**အတွက် ဒန်း(၇)ညွှန့်၊ **ဗုဒ္ဓဟူးသား**အတွက်အုန်း(၁)ညွှန့်၊ **ကြာသပတေးသား**အတွက် ကံ့ကော်(၂)ညွှန့်၊ **သောကြာ**သားအတွက် ဆီး(ဖီး) ဒါမှမဟုတ် စံပယ်(၃)ညွှန့်၊ **စနေသား**အတွက် ရွှက်လှ(၄)ညွှန့် သုံးရတယ်။ ပဋ္ဌပွတ် အညွှန့် အခက် အပွင့်ပေါ့ကွာ'

'ဒါကို ကြေးလင်ပန်း ဒါမှမဟုတ် လင်ပန်းအဝါ၊ ဖယောင်းတိုင်အဝါ၊ လင်ပန်းအောက်က အခင်းကလဲ အဝါရောင် ဘာလို့ သုံးရတာလဲဆရာ'

'မြန်မာ့ရိုးရာ ပညာရပ်မှာ အလုပ်အကိုင်နဲ့ ပတ်သက်ရင် အရောင် အဝါကို သုံးရတယ်။ ကြေးလင်ပန်း သုံးချင်သုံး မသုံးရင်လဲ လင်ပန်းကို စက္ကူကပ်၊ ဆေးသုတ်ပြီး အဝါရောင်လုပ်၊ ဒါမှမဟုတ် အဝါရောင်လင်ပန်းကို သုံးနိုင်တယ်။

နောက်ပြီး အောက်မှာ လင်ပန်းအတွက် အခင်း ခင်းရင်လဲ အဝါရောင်အဝတ်၊ စက္ကူကတ်ပြား အသုံးပြုနိုင်တယ်။ အလုပ်အကိုင်အတွက် ပဋ္ဌပွတ်အညွှန့်ကိုသုံးတယ်။

ပြီးတော့ လောကီပညာအရ သုံးတာလဲ ရှိတယ်။ ဗေဒင်ကြော် ဆိုတာက ဆန်းပညာအရ ဘေးဘယာ ဝေးကွာ အခက်အခဲ ကျော်လွှားစေတဲ့ နိမိတ်ဖြစ်ပြီး ရှေးက လောကီပညာရှင်တွေ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေ သုံးတယ်'

'နားလည်ပါပြီ ဆရာ၊ ဒါပေမယ့် တစ်ဆက်တည်း (၉)ရက် လုပ်ရမယ်ဆိုတော့ နည်းနည်းမခက်ဘူးလား'

'တစ်သက်လုံး လုပ်ရမယ့်အလုပ်ကို (၉)ရက်နဲ့ မလဲနိုင်ဘူးလား၊ (၉)ရက်နဲ့ လုပ်ရင် မြန်မြန် ပြီးမြောက်အောင်မြင်တယ်။ တကယ်လို့ ခက်ခဲရင်တော့ (၉)ကြိမ် ခွဲလုပ်ပေါ့ကွာ'

'အချိန်က (၉း၄၅)နာရီဆိုတာ အဆင်ပြေပါ့မလား ဆရာ။ ဝန်ထမ်းတွေအတွက် လုပ်တဲ့ ယတြာဆိုရင် အလုပ်ချိန်ထဲ ရောက်နေပြီ။ ကိုယ်စားလုပ်ပေးရင် ရနိုင်သလား'

'မင်းပြောတာ သဘာဝကျပါတယ်။ အလုပ်ရှာပဲ ဆိုရင်တော့ (ဝ၉း၄၅)နာရီ (မနက်)ဆိုတာက သိပ်မခက်ပေမယ့် အလုပ် လုပ်နေတဲ့သူအတွက်တော့ မနက်(၆း၃၀)နာရီမှာ မိမိမွေးနေ့ကစပြီး လုပ်ပေါ့ကွာ။ ကိုယ်စားလုပ်တာထက် ကိုယ်တိုင်လုပ်တာကတော့ ပိုပြီး အာရုံရတာပေါ့။

ဒါပေမယ့် အဝေးရောက်နေတဲ့သူ လုပ်ရမှာလဲအဆင်မပြေဘူး ဆိုရင်တော့ တစ်ယောက်ယောက်က လုပ်ပေးနိုင်ပါတယ်။ အဲဒီအဝါရောင်အခင်းရဲ့အောက်မှာ ကာယကံရှင်ရဲ့ ဓာတ်ပုံ ဒါမှမဟုတ် အဝတ်အစားသန့်သန့် တစ်စုံထားပေါ့ကွာ။

ပြီးတော့ လုပ်ပေးတဲ့သူကလဲ ဘယ်နေ့သား ဘယ်နေ့သမီး မောင်ဘယ်သူ ဒါမှမဟုတ် ဘယ်သူ့အတွက် လှူဒါန်းပါတယ်လို့ စိတ်အာရုံ လွှတ်ပေးရမယ်။ ယတြာဆိုတာက စိတ်ရဲ့ အလုပ်က အရေးကြီးတယ်'

'သဘောပေါက်ပြီ ဆရာ၊ သေချာမှတ်ထားပါတယ်။ အဲဒီလိုပဲ အကြံပြုလိုက်ပါ့မယ်'

'အေး အေး ဒါနဲ့ နေပါဦးကွ၊ မင်းက တစ်ဦးတည်းသောသား မဟုတ်လား။ ဘယ်က ညီမလေး ရှိနေတာလဲ'

ထိုအခါ ချာလီသက်ဆွေ ပါးစပ်မှာ စပ်ဖြဲဖြဲ ဖြစ်သွားလေ၏။ မလုံမလဲ ရှက်ပြုံးပြုံးရင်း...

'ဟုတ်ကဲ့ အရင်းအချာတော့ မဟုတ် ပါဘူး။ ဒီလိုပဲ ရှိပါတယ်'

'သဘောပေါက်ပြီ၊ ဒါကြောင့် လောက် အာရုံများနေတာကိုး။ မင်း အိုပါး ဖြစ်ချင်နေတာပေါ့ကွာ'

ထို့နောက် (၆)လလောက်ခန့်ကြာ သောအခါ အလုပ်အတွက် ယတြာ ရန် ဟောစာတမ်း ရေးနေစဉ် ချာ ဆွေသက်၏ မရိုးမသား တော်စပ်သ ညီမလေးကို သတိရသဖြင့် စကာ ရှာပြီး...

'မင်းရဲ့ ဟိုညီမလေးဆိုတာ အလုပ်အဆင်ပြေသွားပြီလားကွ'

ဟု မေးလိုက်ရလေ၏။

ချာလီဆွေသက်က မျက် မှိုင်တွေချပြီး...

'ပြေလွန်းလို့ မဖြေနိုင်ပါဘူး ရယ်၊ သူက ဆောက်လုပ်ရေးကု တစ်ခုမှာ လစာကောင်းကော အလုပ်ဝင်သွားပြီး သုံး၊ လေးလ တော့ အဲဒီအလုပ်ထဲက သူနဲ့ ပည ရာထူးတူတဲ့ ကောင်လေးနဲ့ အဆ ချစ်ကြိုက်သွားပြီး ဝါကျွတ်ရင် မ ဆောင်ကြတော့မယ် ဆရာရဲ့'

ဟု စိတ်ပျက်လက်ပျက် ညည် လိုက်သဖြင့် တပည့်ကျော် ချာ သက်အား ကြည့်ပြီး ရယ်မော တော့သည်။

**ကောင်းသုခ**

www.burmeseclassic.com

အချိန်တိုအတွင်း

# မီးထိုးခံပြဒါး ဖမ်းနည်း

အောင်ကိုမြင့်
(တမ္ပဝတီ)

အရည်ဖြစ်သော ပြဒါးကို အခဲဖြစ်အောင့် ရောက်စေရန်ပင် နည်းမျိုးစုံဖြင့်၍ ချော့တစ်ခါ၊ ခြောက်တစ်လှည့် လုပ်ကြပါသော်လည်း မိသူ ရသူမှာ ရှားလွန်းပင် နည်းပါးလှပါသည်။

ပြဒါးဆိုတာ ချော့ဖမ်းမှပဲ ပြောကြသောကြောင့် ချော့၍ ဖမ်းကြည့်ရာ ရတော့ရပါသည်။ သို့သော် မီးထိုးခံပါ။

မီးထိုးခံအောင် လုပ်ပြန်တော့ မြထားသည့် ပြဒါးခဲလေး ကုန်သွားသည်။ မီးထိုးခံပြဒါး ဖြစ်မလာခဲ့ပါ။ ကျွန်ုပ်နည်းတူ အဂ္ဂိရတ်ဝါသနာရှင်များလည်း မရကြသည်ကို တွေ့ရ မြင်ရ ကြားနေရပါသည်။

ပြဒါးကို ခဲရာတွင် ပြဒါးကို ခဲစေသော ဓာတ်ကူပစ္စည်း တစ်ခုခု ပါမှသာလျှင် ရပါလိမ့်မည်။ ထို့ကြောင့် တချို့က ရက္ခမူခေါ် အသီးအရွက်များကို သုံးကြသည်။

တချို့က နာ စသော ဓာတ်မများကို သုံးကြသည်။ တချို့က ဟင်းရိုင်း စသော ဓာတ်မများကို သုံးကြသည်။ ညီသည့် ဓာတ်ကူပစ္စည်းကိုသုံးသုံး ကျွမ်းကျင်ပါက ရမြဲပင် ဖြစ်ပါသည်။

ယခု ကျွန်ုပ် ဖော်ပြမည့်နည်းမှာ ကျွမ်းကျင်သေးသည့်တိုင် ပုံသေနည်း ဖြစ်သောကြောင့် နည်းစနည်းအတိုင်း လုပ်ဆောင်ပါက ရကို ရ,ရမည် ဖြစ်ပါသည်။

## ပြဒါးဖမ်းနည်း

**ဓာတ်သတ်တော့ချော်** (သေသည်ဟု မဆိုပါ။)ဟု ဆိုသည့်အတိုင်း ချော်ဖြင့် သတ်ပုတ်ဖမ်းယူသော နည်း ဖြစ်ပါသည်။

ဦးစွာ အန္တော့ချော် ရှိသူများက အန္တော့ချော်ကို ဓာတ်သား မကျန်စေရန် အကြိမ်ကြိမ် သန့်စင်ထားရပါမည်။ မသန့်စင်ပါက ပြဒါးထဲသို့ အန္တော့ ဓာတ်သားများ ကျရောက်ကာ စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။

အန္တော့ချော်ကို အလွယ်တကူ မရနိုင်ပါက နာကို ပြာရိုက်၍ ချော်ထုတ် သုံးနိုင်ပါသည်။ ထိုနာချော်ကိုလည်း အန္တော့ချော်ကဲ့သို့ အကြိမ်ကြိမ် သန့်စင်ထားရပါမည်။ သို့မှသာ မီးထိုးခံ ပြဒါး သန့်သန့်ကို ရရှိမည် ဖြစ်ပါသည်။

မီးကို နိုင်နိုင်နင်းနင်း အသုံးပြု၍ မီးအားနှင့် အုပ်ပြီး ဖမ်းဆီးရသော နည်း ဖြစ်သောကြောင့် လုံရွေးချယ်ရာတွင် မိမိဖိုနှင့် အံဝင်ခွင်ကျ ဖြစ်စေရန် အထူး သတိထားဖို့ လိုအပ်လှပါသည်။

တစ်ကြိမ်ဖမ်းလျှင် (၁)ကျပ်သား (၅)မတ်သားထက် ပိုမဖမ်းသင့်ပါ။ တစ်နည်း လောဘမကြီးသင့်ပါ။ အသင့်တော်ဆုံး လုံမှာ နံပါတ်(၃)လုံ ဖြစ်ပါသည်။

နံပါတ်(၃)လုံထဲသို့ ကြက်ချေးစု ပြဒါး (၁)ကျပ်သား သို့မဟုတ် (၅)မတ်သားကို ဦးစွာထည့်ပါ။ ထို့နောက်မှ အန္တော့ချော်ထည့်ပါ။ အန္တော့ချော် မရပါက နာချော်ကို အလေးတူ (သို့) အနည်းငယ် ပို၍ထည့်ပါ။ ချော်ပွက်လာစေရန် ချန်ပါ။ လုံအပြည့် မထည့်သင့်ပါ။ အရ နည်းတတ်ပါသည်။



တိတိကျကျ ဆိုရပါသော် (၅)မတ်သား ဖမ်းလျှင် (၁)ကျပ်သား၊ (၁)ကျပ်သားဖမ်းလျှင် (၃)မတ်သား မီးထိုးခံ ပြဒါးသန့်သန့် အပျော့ကို ရပါလိမ့်မည်။

ပြဒါးမဖမ်းမီ ဖိုအတွင်း မီးတက်ညီစေရန် ဦးစွာ ဆောင်ရွက်ထားပါ။ မီးညီပြီဆိုမှ ဖိုအတွင်းသို့ နှာတိုက် အနေ လုံကို ထားပြီး စလောင်းငှား ဖုံးပါ။

မည်သည့် လေပေးစနစ်နှင့် ဖြစ်ဖြစ် သတိထားရန်မှာ စလေပေးသည်မှ ဖိုခွင် လုံချသည်အထိ လေကို မလျှော့ရပါ။ လေပြင်းပြင်းဖို၍ အဆက်မပြတ် သွင်းပေးနေရပါမည်။

(၄၅)မိနစ် (သို့မဟုတ်) (၁)နာရီခန့် ကြာသော် လေမရပ်ဘဲ လုံကို ညှပ်ခွက်


စာမျက်နှာ (၁၇၆) သို့

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း

# ငွေကြေး လာဘ်လာဘ

ရှင်လန်းစေဖို့



ဤလတွင် ကြုံတွေ့ရဖွယ်ရှိသော ငွေကြေးကိစ္စများ အဆင်ပြေချောမွေ့၍ ငွေကြေးလာဘ်လာဘ သွက်လက်စေရန် မိမိတို့ မွေးနှစ်အရ အောက်ပါဇယားတွင် ရှာဖွေ၍ အလှူအတန်း ပြုလုပ်ပေးပါ။

* * *

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | အလှူခံပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နွား၊ ကျား | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ယုန် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| နဂါး၊ မြွေ | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| မြင်း | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ဆိတ်၊ မျောက် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ကြက် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ခွေး၊ ဝက် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |

**ဥပမာ။** ။ ကြွက်နှစ်တွင် မွေးဖွားသူသည် သစ်သီး(၉)လုံးကို အင်္ဂါနေ့၌ တောင်အရပ်ရှိ ဗုဒ္ဓဟူးသားသမီးတစ်ယောက်အား လှူဒါန်း၍ ငွေကြေးလာဘ်လာဘများ ရှင်လန်းသွက်လက် ဝေဆာစေရန် သမ္မာဒေဝများထံ တိုင်တည်ဆုတောင်းရန် ဖြစ်သည်။

ခတ်ကြီးငါးပါး ညီညွတ်မျှတ ဒါနကုသိုလ် အကျိုးအားကြောင့် ငွေကြေးဆိုင်ရာ အဆိုးတရားများ လျော့ပါးပျောက်ကွယ်လျက် သုခအသွယ်သွယ်ပြည့်စုံနိုင်ကြပါလိမ့်မည်။

*လာဘ်လာဘ ရှင်လန်းသွက်လက် ကြပါစေ။*

ထက်မင်းကျော်စွာ

စာမျက်နှာ (၁၇၅)မှ အဆက်

ထဲသို့ ဖြည်းဖြည်းညင်သာစွာ ချရပါ မည်။ ပြီးမှ လေကို ရပ်ရပါမည်။

ဖိုခွင်ထဲထည့်၍ ထိုးနေစဉ်အတွင်း ပြဒါးများ ထွက်ပါလိမ့်မည်။ စိတ်လှုပ်ရှားခြင်း မရှိဘဲ တစ်နာရီပြည့်သည့်အထိ စိတ်ရှည်စွာ စောင့်၍ ထိုးပါ။

ဖိုအတွင်း လေမဟာစေရန်လည်း အထူး ဂရုပြုရပါမည်။ လေဟာသွားပါက လုံကို လေစိမ်းထိ၍ ကွဲအက်ကာ ဓာတ်သား ဆုံးရှုံးသွားနိုင်ပါသည်။

နာရီနှင့် ပြောရခြင်းမှာ လုံချိန် လွဲသွားမည် စိုးသောကြောင့် ဖြစ်ပါသည်။ မီးညွှန့်မှာ ပန်းရောင်မှစ၍ ပြဒါး ထွက်သည့်အခါ အဖြူရောင်၊ ပြာလဲ့လဲ့ အရောင်များဖြစ်ပြီး နောက်ဆုံး အဝါရောင်တွင် ပန်းနုရောင် စွက်လာပါက ပြဒါးမိပြီဖြစ်ကြောင်း သိနိုင်ပါသည်။

လုံချ အအေးခံ၍ ခွဲကြည့်သော် ချော်မှာ ကတော့ဆွဲနေပါမည်။ ဖမ်းရင်း ပြဒါး လေးပုံ့သုံးပုံ(သို့မဟုတ်) ငါးပုံ လေးပုံ မိ၍ မီးထိုးခံ အပျော့ ပြဒါးသန့် သန့် မည်းမည်းပြောင်ပြောင်လေးကို တွေ့ရမည် ဖြစ်ပါသည်။

ချော် နှစ်ကြိမ့်သုံးကြိမ် နှစ်၍ လက်သည်း ဖောင်းတင်ကြည့်ပါ လက်သည်း ဖောင်းစားပါလိမ့်မည်။ ထိုမှ လိုရာသို့ မိမိတို့ ပိုင်နိုင်ရာ နည်းလမ်း ဆေးဝါးတို့ဖြင့် တက်လှမ်းနိုင်ကြပြီ ဖြစ်ပါသည်။

အခြားသော သံလုံး စသော ဓာတ်လုံးတို့ကို ကျွေးလိုကလည်း ထောပတ်ခံရည် (၇)ကြိမ် လောင်း၍ ကျွေးနိုင်ပါသည်။

ဤနည်းလမ်းလေးမှာ အချိန်တိုတို နှင့် မီးထိုးခံပြဒါးကို လွယ်လွယ်ကူကူ ဖမ်းယူနိုင်သော နည်းလေးဖြစ်ပါသည်။

သေချာသည်ထက် သေချာစေ အကြိမ်ကြိမ် စမ်းသပ်ထားသော နည်းလမ်းကောင်းလေး ဖြစ်ပါ၍ တင်ပြလိုက်ရပါသည်။

**အောင်ကိုမြင့်(တမ္ဘဝတီ)**

www.burmeseclassic.com

www.burmeseclassic.com

ဓားတစ်လက်နှင့်တူသော

# သစ်ကွင်း

သာထက်ဇော် (မကွေး)

တစ်နေ့သော အခါသမယတွင် ကျွန်တော်သည် မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ အိမ်ခြေ(၇၀) ကျော်သာရှိသော သာယာကုန်းဟူသည့် ဇာတိချက်ကြွေ မွေးရပ်မြေ ရွာကလေးသို့ အလည်တစ်ခေါက် ရောက်ခဲ့ပြန်လေသည်။

ရွာတံခါးဝက ဝင်လျှင်ဝင်ချင်း ဆိုသလို ငယ်ပေါင်းကြီးဖော်များက လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ကြသဖြင့် ခရီးပန်းလာသမျှ ရင်ကို အတိုင်းအဆမဲ့ အေးချမ်းသွားစေ၏။

'ဟ...ဆရာသာထက်ဇော်၊ ရွာကို အလည်ပြန်လာတာလား။ ခင်ဗျားရေးတဲ့ တမာနဂါး အကြောင်း ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ အမှတ်(၃၃၇)၊ စာမျက်နှာ(၁၄) နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာ ကျွန်တော် ဖတ်လိုက်ရတယ်။ တော်တော်ရှားပါးပြီး ထူးခြားတဲ့ ဖြစ်စဉ်တစ်ခုပါပဲ။

ဒါနဲ့... စကားမစပ် ဆရာသာထက်ဇော် သစ်ကွင်း၊ ကျောက်ကွင်းတွေအကြောင်းကော ရေးပြီးပလား။ ရေးကော ရေးဖို့ အစီအစဉ် ရှိရဲ့လား'


ခရီးရောက်မဆိုက် ကိုဇော်မြင့်သူ+မပိုးအိဖြူတို့ မုန့်ဆိုင်ထဲကနေ ခပ်သုတ်သုတ် ထွက်လာပြီး နှုတ်ဆက်စကား ဆိုလာသူ ကိုဝင်းကိုကို(ခေါ်) စာရေးဆရာမင်းသီလ (ဝေဒသုတေသီ) ဖြစ်သည်။

'သစ်ကွင်း၊ ကျောက်ကွင်းတွေ အကြောင်းတော့ မရေးဖူးသေးဘူး။ အကြောင်းတိုက်ဆိုင်ပဲ့ တစ်နေ့မှာ အစ်ကို ရေးဖြစ်မယ်လို့ ထင်ပါတယ်။ ဒါနဲ့ ငါ့ညီက အစ်ကို့ကို ဘာဖြစ်လို့ မေးရတာလဲ'

'တခြား ဟုတ်ပါရိုးလားဗျာ။ ကျွန်တော့်မှာ ဘိုးစဉ်ဘောင်ဆက် အမြတ်တနိုး ယုံကြည်စွာ ဆောင်ထားခဲ့တဲ့ သစ်ကွင်း



▲ နှစ်ထောင်သက်သစ်ကွင်းနှင့် ကိုဝင်းကိုကို



▲ ဓားမြှောင်ပုံသဏ္ဌာန် နှစ်ထောင်သက်သစ်ကွင်းအောက်လှန်ပုံ

▼ ဓားမြှောင်ပုံသဏ္ဌာန် နှစ်ထောင်သက်သစ်ကွင်းပုံ




(စာမျက်နှာ (၁၈၀) သို့

www.burmeseclassic.com

www.burmeseclassic.com

# ပုတီးကျင့်စဉ်နှင့်

ဗေဒင်ပညာ

တက္ကသိုလ်ဘာပန်ငယ်



စာရေးသူသည် ငယ်စဉ်ကပင် ပုတီးစိပ်သောအကျင့် ရရှိခဲ့ပါသည်။ တက္ကသိုလ်ကျောင်းသားဘဝမှ စ၍ ပုတီးကို အဓိဋ္ဌာန်ဝင်၍ စိပ်လေ့ရှိ၏။ ဘွဲ့ရပြီး အလုပ်ခွင်သို့ ဝင်ရောက်လာသည့်အချိန်များတွင်လည်း မကြာခဏ အဓိဋ္ဌာန်ဝင်တတ်ပါသည်။

ထို့အပြင် တက္ကသိုလ်ကျောင်းသားဘဝဖြစ်စဉ်ကပင် ဗေဒင်ပညာကိုပါ ဝါသနာထုံခဲ့၏။ ကျောင်းစာများ အားလပ်ချိန်တွင် ဗေဒင်စာအုပ်များကို လေ့လာသည်။ မဂ္ဂဇင်းများတွင်ပါလေ့ရှိသော ဗေဒင်အခန်းကဏ္ဍကိုလည်း မလွတ်တမ်းဖတ်၏။ ဝါသနာပါ၍ အရင်းနှီးဆုံး သူငယ်ချင်းမိတ်ဆွေများကို စမ်းသပ်၍ ဗေဒင်ဟောကြည့်သည်။ ၅၀ ရာခိုင်နှုန်းတော့ မှန်သည်ဟု အားပေးစကားပြောကြသည်။

အစိုးရဝန်ထမ်းဘဝသို့ ရောက်လာသောအခါ အားလပ်ချိန်တိုင်း ပုတီးကို အမြဲမပြတ် စိပ်လေ့ရှိပြီး တန်ခိုးကြီးဘုရားများ၌ သွားရောက် အဓိဋ္ဌာန်ဝင်ပုတီးစိပ်သောအခါ နှုတ်မှ ဓာတ်စီးလာပါသည်။ ဗေဒင်ဟောပြောသောအခါ ရံဖန်ရံခါ ဓာတ်စီး၍ နှုတ်မှ ဖွင့်ဟပြောလာတတ်၏။ ဟောပြောသည့်အချိန်တိုင်း မဖြစ်တတ်ပါ။ တစ်ခါတလေ မလိုအပ်ဘဲ ဟောပြောသွားတာလည်း ရှိ၏။

ဗေဒင်မေးသူ၏ မေးခွန်းကို ဖြေဆိုရာတွင် တွက်ချက်ထားသော ဗေဒင်ကိန်းဂဏန်းများကို သုံးသပ်ချင့်ချိန်၍ ဟောပြောရပါသည်။ ထိုသို့ပြန်လည်ဟောကိန်းထုတ်ရာတွင် နှုတ်တွင် ဓာတ်စီးလာပါက မှန်ကန်တတ်ပြီး ဓာတ်မစီးပါက ဓာတ်စီးပုဂ္ဂိုလ်အား မနောဖြင့် မေး၍ ဟောပြောရသည်။

ဥပမာ…

**'စာမေးပွဲအောင်မည်လား'**

ဟု မေးလာလျှင် ဗေဒင်ပညာဖြင့် တွက်ချက် သုံးသပ်ကြည့်သောအခါ ကြာသပတေးဂြိုဟ် အနေအထားမှာ ကောင်းမွန်နေသဖြင့် အောင်ရမည်ဟု ဟောကိန်းထုတ်ရမည်ဖြစ်၏။ ထိုအချိန်တွင် ဓာတ်စီးလာပါက "အောင်မည်" ဟု နှုတ်မှ မမျှော်လင့်ဘဲ ထွက်လာ တတ်၏။ စာရေးသူက ပြောရန် အဆင်သင့် မဖြစ်သေးဘဲ ထိုသို့ အမှတ်တမဲ့ ဟောပြောလိုက်ခြင်းဖြစ်သည်။

အကယ်၍ ဓာတ်စီးမလာပါက ဓာတ်စီးသောပုဂ္ဂိုလ်ကို မနောဖြင့် မေးရပါသည်။ ဥပမာ–ဗေဒင်လာမေးသူက စနေသားဖြစ်ပါက "**စနေသားလေး စာမေးပွဲအောင်မည်လား**"လို့ မေးရပါသည်။ ဓာတ်စီးသောပုဂ္ဂိုလ်က မနောအာရုံဖြင့် ခေါင်းညိတ်ပြပါက အောင်မြင်မှာဖြစ်ပြီး မနောအာရုံတွင် ခေါင်းခါပြပါက စာမေးပွဲကျရှုံးမှာ အသေအချာဖြစ်ပါသည်။

ထို့အတူ အောင်မြင်သည်ကို သိရှိပြီးနောက် ရရှိမည့် ဂုဏ်ထူးဘာသာကိုလည်း တစ်ဘာသာချင်းထပ်၍ မေးရ၏။ ဥပမာ–"**သင်္ချာဘာသာ ဂုဏ်ထူးရမည်လား**"ဟု မေးကြည့်သောအခါ မနောအာရုံဖြင့် ခေါင်းညိတ်ပြလျှင် ဂုဏ်ထူးထွက်မည်ဖြစ်ပြီး ခေါင်းခါပြပါက ဂုဏ်ထူးမရနိုင်ကြောင်း ထင်ရှားစွာပြသည်။

ဓာတ်စီးမလာသောအခါ စာရေးသူမှာ အလုပ်ရှုပ်ပါသည်။ ပုဂ္ဂိုလ်ဖြစ်သူက အမြဲတမ်း နှုတ်မှ ဖွင့်ဟပြောမထွက်သည့်အခါ မနောဖြင့် ထပ်တလဲလဲ မေးနေရပါသည်။ သတိထားမိသည်မှာ ပဋ္ဌာန်းဆက်ရှိသူများဖြစ်ပါက နှုတ်မှ အလိုလို ဖွင့်ဟလာပြီး ပဋ္ဌာန်းဆက်မရှိသူများဖြစ်ပါက ထိုသို့ မနောအာရုံဖြင့် ခေါင်းညိတ်ခေါင်းခါသာ ပြောပြတတ်သည်။ တစ်ခွန်းချင်း ထပ်တလဲလဲ မေးနေရသဖြင့် စိတ်တော့ရှုပ်ရသည်။

တစ်နေ့တွင် ပုတီးစိပ်နည်းကို သင်ကြားပြသပေးသော ဆရာကြီးတယော ဦးဆန်နီအိမ်သို့ ရောက်လာပါသည်။ ဦးဆန်နီသည် ခေတ်ဟောင်းကာလတွင် နာမည်ကြီး တယောဆရာတစ်ဦးဖြစ်သည်။

ဆရာဦးသုခတို့နှင့် ခေတ်ပြိုင်အနုပညာသည်တစ်ဦးဖြစ်၏။ ခေတ်ဟောင်းတေးသီချင်းများတွင် သူ၏ လက်သံစမြဲ။ ရုပ်ရှင်နောက်ခံတေးနှင့် မြန်မာ

www.burmeseclassic.com

အသံတွင် အသံသွင်းလျှင် ဆရာကြီး မပါ၍ မပြီးပါ။

ဆရာကြီးဦးဆန်နီသည် ဗုဒ္ဓဘာသာဝင်တစ်ဦး မဟုတ်ပါ။ တစ်နေ့တွင် ဘုရားပွဲတစ်ခုသို့ ဖျော်ဖြေရန် တီးဝိုင်းအဖွဲ့နှင့် လိုက်သွားခဲ့ပါသည်။ တောတန်းတစ်ခုကို ဖြတ်ကျော်စဉ် နားနေခိုက် ဝိဇ္ဇာတစ်ပါးနှင့် တွေ့ပြီး ထိုဝိဇ္ဇာ၏ မြေလျှိုး၊ မိုးပျံပြသော အတတ်ပညာကို မျက်ဝါးထင်ထင် မြင်တွေ့ရပြီးနောက် ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ် ပြောင်းလဲခံယူထားသူဖြစ်သည်။

ဆရာကြီးသည် အဂ္ဂိရတ်ထိုးသော အတတ်ပညာကို ထူးချွန်စွာ တတ်မြောက်သွားသည်။ ဗေဒင်ပညာကိုလဲ နှံ့စပ်ကျွမ်းကျင်သူတစ်ဦးလည်း ဖြစ်ပါသည်။ အဂ္ဂိရတ်ကို နေ့စဉ် တစ်နေကုန် ထိုးလေ့ရှိပြီး လိုအပ်သောအခါမှသာ ဗေဒင်တွက်ပေးသည်။ ယတြာချေရန် လိုအပ်ပါက ညွှန်ကြားပေး၏။

စာရေးသူသည် ဆရာကြီးနည်းတူ အကူအညီ တောင်းလာသူများကိုသာ ဗေဒင်တွက်ချက်ပေးသည်။ ဆရာကြီး ရောက်လာသောနေ့တွင် စာရေးသူသည် မိတ်ဆွေတစ်ဦးက အတင်း အကူအညီ တောင်းသောကြောင့် ဗေဒင်တွက်ပေးနေ၏။

ဗေဒင်ပညာ အခြေခံသဘောအရ မဟာဘုတ်၊ ဂြိုဟ်တိုင်၊ နံတိုင်၊ ဂြိုဟ်စား၊ သက်ရောက် စသည်တို့ကို



အသေးစိတ် တွက်ချက်နေရာ ဆရာကြီးက ပြုံး၍ ကြည့်နေ၏။ မိတ်ဆွေအား ဟောပြော ပြီးနောက် ဆရာကြီးက…

'ကိုပန် ဗေဒင်တွက်တာကို ကြည့်ရတာ စိတ်မောစရာပဲ'

ဟု ပြောပါသည်။ စာရေးသူက…

'ဘာဖြစ်လို့လဲ ဆရာကြီး၊ တွက်တာမှားနေလို့လား'

ဟု ပြန်မေးလိုက်သောအခါ ဆရာကြီးက…

'မမှားပါဘူး ဒီလောက်အထိ တွက်စရာ မလိုတော့ဘူး။ ဆရာကြီးက ဂြိုဟ်ခွင်တစ်ခုတည်းပဲ ကိုင်တယ်။ ဒီဂြိုဟ်ခွင်ကို ကြည့်ပြီး အများကြီး ဟောလို့ရတယ်လေ'

ဟု ပြောပြီး ဂြိုဟ်ခွင်ချနည်းကို သင်ကြားပေးပါတော့သည်။ ဆရာကြီး သင်ကြားပေးသော ဂြိုဟ်ခွင်ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

ဂြိုဟ်ခွင်ကို **အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ပွဲ**အတိုင်း အစဉ်လိုက် ကြာသပတေးဂြိုဟ်အိမ်မှ စတင် ရေတွက်ရမည်။ နမူနာကို အောက်တွင် ဖော်ပြလိုက်ပါသည်။

*** *(ဇယား–၁)*

ဥပမာ– **၁၃၀၅ ခုနှစ်ဖွား သားသမီးကို တွက်ချက်ကြည့်မည်ဆိုပါက** မူလဇာတာကို အောက်ပါအတိုင်း တွက်ရပါမည်။ မွေးသက္ကရာဇ်ကို (၈)နှင့်စားလျှင် (၁)ကြွင်းမည်။ အကြွင်းကို ကြာသပတေးအိမ်မှစ၍ ချသော်…

*** *(ဇယား–၂)*

**ဇယား–၂**

| | | |
|---|---|---|
| ၀ | ၅ | ၆ |
| | ၃ | |
| ၄ | ၁ | ၂ |

| | | |
|---|---|---|
| ထူ | ပွဲ | သူ |
| | စစ် | |
| လံ | အောင် | ကြီး |

အသက်(၇၂)နှစ်ရှိပြီဖြစ်၍ (၈)နှင့် စားပါက သုညကြွင်းမည်။ သုညကြွင်းကို ကြာသပတေးဂြိုလ်မှစ၍ ချသော်…

*** *(ဇယား–၃)*

ခွင်ချပြီးပါက ဂြိုဟ်အနေအထားကို ဂြိုဟ်ခွင်နှင့် အောက်ပါအတိုင်း နှိုင်းယှဉ်ပြပြီး ဆင်ခြင်သုံးသပ်ပြီး ဟော

**ဇယား–၁**

| | | |
|---|---|---|
| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
| သောကြာ | | ဗုဒ္ဓဟူး |
| ရာဟု | ကြာသပတေး | စနေ |

| | | |
|---|---|---|
| ထူ | ပွဲ | သူ |
| | စစ် | |
| လံ | အောင် | ကြီး |

| | | |
|---|---|---|
| ၃ | ၇ | ၅ |
| | ၄ | |
| ၂ | ၁ | ၆ |



www.burmeseclassic.com

www.burmeseclassic.com

**ယေား-၃**

| | | |
|---|---|---|
| ၆ | ၄ | ၅ |
| | ၂ | |
| ၃ | ၀ | ၁ |

| | | |
|---|---|---|
| သူ | လံ | ပွဲ |
| | ကြီး | |
| စစ် | ထူ | အောင် |

ပြောရမည်။

****** (ယေား-၄)***

အထက်ပါခွင်အရ အင်္ဂါသည် ရာဟုဂြိုဟ်တွင်ရှိပြီး တနင်္ဂနွေသည် စနေဂြိုဟ်တွင် ရှိနေပါသည်။ တစ်ဖန် မဟာ

**ယေား-၄**

| | | |
|---|---|---|
| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
| သောကြာ | | ဗုဒ္ဓဟူး |
| ရာဟု | ကြာသပတေး | စနေ |

| | | |
|---|---|---|
| ၆ | ၄ | ၅ |
| | ၂ | |
| ၃ | ၀ | ၁ |

ဘုတ်ခွင်အရ အင်္ဂါသည် မရဏအိမ်တွင် ကျနေပြီး တနင်္ဂနွေသည် ပုတိအိမ်တွင် ရောက်နေပါသည်။ ဗေဒင်အကြံဆိုသည့်အတိုင်း အယူအဆကို ဉာဏ်ရှိသရွေ့ ကြံစည်တွေးဆ ဟောပြောရန် ဖြစ်ပါသည်။

တချို့သော နတ်ကတော်များ ဗေဒင်ဆရာများသည် အဆိုပါတွက်နည်းကို စိတ်ဖြင့် အမြန်တွက်ချက်နိုင်အောင် လေ့ကျင့်ထားကြကြောင်းနှင့် ထိုသို့ တွက်ချက်၍ ဟောပြောခြင်းဖြင့် ဗေဒင်မေးသူများက အကြားအမြင်ရနေသယောင် ထင်မြင်တတ်ကြောင်း ဆရာကြီးက မှတ်ချက်ပြုသွားပါသည်။

အဆိုပါတွက်နည်းသည် လွယ်ကူသော်လည်း ဟောပြောရာတွင် အယူအဆ အတွေးအခေါ်ပေါ် မူတည်၍ အောင်မြင်မှု ရနိုင်ပါသည်။ နမူနာ ဟောစာတမ်းကို ဆောင်းပါး ရှည်သွားမည်ဖြစ်၍ မဖော်ပြတော့ပါ။ ဉာဏ်ရှိသလို ကွန့်မြူး၍ ဟောပြောနိုင်ကြပါသည်။

**တက္ကသိုလ်အပန်ငယ်**

**စာမျက်နှာ (၁၇၇)မှ အဆက်**

လေးတစ်ခုရှိတယ်။ အစ်ကိုရေးမယ်ဆိုရင် ကျွန်တော့်အိမ်လိုက်ခဲ့ဗျာ'

ထို့ကြောင့် ကျွန်တော်သည် ကိုဝင်းကိုကိုနေအိမ်သို့ လိုက်သွားခဲ့လေသည်။ အိမ်သို့ရောက်သောအခါ ထူးဆန်းသည့် စားမြောင်တစ်လက်ပုံသဏ္ဌာန်နှင့်အင်မတန်တူသော "**နှစ်ဆင့်သစ်ကွင်း**"**တစ်ခုကို** တွေ့မြင်လိုက်ရ၏။

ထိုသစ်ကွင်းကို ကျွန်တော်သည် တိုင်းတာကြည့်ရာ အလျား (၁)ပေ (၈)လက်မ၊ အနံ(၁)ပေတိတိကြောင်း တွေ့ရှိရသည်။

ကိုဝင်းကိုကို၏ အဘိုးဖြစ်သူ ဦးဘကြင်+ ဒေါ်ဘွားနှစ်တို့ လက်ထက်မှစ၍ အဖေဖြစ်သူ ဦးထင်ပေါ်+ဒေါ်သိုက် ဦးတို့မှတစ်ဆင့် ယခု တစ်ဦးတည်းသော သားဖြစ်သူ ကိုဝင်းကိုကိုလက်ထက်တိုင်တိုင် နှစ်ပေါင်း(၁၀၀)ကျော် နီးပါးမျှအစဉ်အဆက် နေအိမ်မှာ ချိတ်ဆွဲဆောင်ထားခဲ့ကြောင်း သိရှိရပေ၏။

ထိုသို့ ဆောင်ထားခဲ့ခြင်းကြောင့် ဘိုးဘွားမိဘများ လက်ထက်မှတိုင် ယနေ့အထိ အလုပ်အကိုင် ကောင်းမွန်ခဲ့ခြင်း၊ စီးပွားရေး အဆင်ပြေခဲ့ခြင်းတို့ ကြုံတွေ့ခဲ့ရသည်။

သစ်ကွင်းအသားကို ခွဲခြားမသိရသော်လည်း အစိမ်းရောင်သုတ်ထားခြင်းအား ထူးဆန်းစွာ တွေ့မြင်ခဲ့ပေ၏။ ကျွန်တော့်အထင်မှ ငွေကြေးလာဘ်လာဘ၏ အစိမ်းရောင်ကို ခြယ်မှုန်းထားခြင်းကြောင့် စီးပွားရေး ဆတက်ထမ်းပိုး တိုးခဲ့ခြင်း ဖြစ်မည်ဟု ယူဆမိပါသည်။

ထို့ပြင် ဓားတစ်လက်ပုံသဏ္ဌာန် ဖြစ်နေခြင်းကြောင့် ငွေကြေး ကိစ္စ အထစ် အငေါ့ မှန်သမျှကို ဖြိုခွင်းနိုင်ခဲ့ခြင်းဟု ယူဆမိပြန်သည်။

အချုပ်အားဖြင့် တင်ပြရသော် သစ်ကွင်းမှန်သမျှသည် ရှိသလေးစားစွာ အသုံးပြုမည်ဆိုပါက အောင်မြင်မှုအပေါင်းတို့ပိုင်ဆိုင်ရာ၊ လာဘ်လာဘတို့ ပွင့်ထွန်းရာ၊ ကြီးပွားတိုးတက်ရာ၊ အန္တရာယ်အပေါင်းကို ကျော်လွှားနိုင်ရာ၊ ဘေးရန်လုံခြုံမှုရာ၊ မီးကင်းစေရာ၊ ဈေးရောင်းဈေးဝယ် ကောင်းမွန်ရာ တစ်ပါးသူတို့၏ အမှောင့်ပယောဂ (မကောင်းသောအတတ်ပညာရပ် အောက်လမ်း) ကင်းဝေးစေရာ မဟုတ်ပါလား။

[ကျွ်ဆောင်းပါး ဖြစ်မြောက်ရေးအတွက် ရှင်းပြပေးခဲ့သော ကိုဝင်း ကိုကို(ခေါ်) မင်းသိင်္ဂ(စေ်ဒသုတေသီ)အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။]

**ဝမ္မော တစေ ရက္ခတိ ဓမ္မစာရီံ**

**သာထက်ဇော်(ဓနု)**



www.burmeseclassic.com

www.burmeseclassic.com

# ပြန်ပေါင်းအင်းနှင့်

ဝေဒစွမ်းအင်

မန္တလေးမြို့ ရွှေဘုံသာစေတီငါးဆူ ပူဇော်မှုအပြီးတွင် ရွှေတချောင်းမြောင်း နံဘေး (၈၆)လမ်းအတိုင်း တည်းခိုခန်း ဆီသို့ပြန်လာခဲ့သည်။ (၂၂)လမ်းအနီး သို့ ရောက်သောအခါ (၈၆)လမ်းနှင့် (၂၂)လမ်းထောင့်ရှိ အလ္လကပ္ပတိုက်၊ သီရိမင်္ဂလာကျောင်း အဝင်လမ်းကို မြင်ရသည့်ခဏ **ဆရာတော် အရှင်ဓမ္မပီယ စွန့်လွှတ်တော်မူသော "ပြန်ပေါင်းအင်း"**ကို အမှတ်ရမိလိုက်သည်။

သီရိမင်္ဂလာကျောင်း ဆရာတော် အရှင်ဓမ္မပီယသည် လုပ်ရတ်နှင့် အင်း ပညာတို့၌ အထူးနှံ့စပ် သီလွန်တော် မူသော ဆရာတော်တစ်ပါးဖြစ်ကာ လွန်ခဲ့သော (၁၀)နှစ်ခန့်က သက်တော် (၈၄)နှစ်အရွယ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော် သက်ရှိထင်ရှား မရှိ တော့သော်လည်း ဆရာတော် စွန့်လှူ သည့် ထိုအင်းအစီအစဉ်ကိုမူ ယခုတိုင် မှတ်မိနေဆဲဖြစ်၍။ လက်ဘွားဖြင့် ပေးထားသောကြောင့် အမှတ်ရလွယ် ပေသည်။

**ပြန်ပေါင်းအင်း**

ပြည့်ပန်းညို ချိုချင်ပါလျက် ဆားက ဖျက်၍ အခက်ကြီးကြုံရသကဲ့သို့ ဇနီး မောင်နှံ သံယောဇဉ် ချစ်မေတ္တာတို့ မပြယ်ပါသော်လည်း အခြားအခြား သော အကြောင်းကိစ္စ အမျိုးမျိုးကြောင့် ဝေးကွာနေကြသည့် မောင်နှံနှစ်ဦး ပြန်လည်ဆုံတွေ့ ပေါင်းဖက်စေနိုင် သည့်အင်း ဖြစ်သည်။

(က) လေပြေဆော်သွေး အေးရင်ကတုန်။

(ခ) သဥ္စာဘုံလွှေ တွေ့ကြုံရအောင်။

(က)သည် မိမိအတွက်အင်း ဖြစ် သည်။ လက်ဘွားပါ နံများအတိုင်း


အင်းပညာသုတေသီတစ်ဦး

(၉)ကွက်အင်းတွင် (*)ခရေပွင့်ပြ ရာနေရာမှ လက်ယာရစ်လှည့်၍ အင်းဆန် သွင်းရသည်။

ကျ။ လေပြေဆော်သွေး

အေးရင် ကတုန်

* * *



စတင်ရန်

| | | |
|---|---|---|
| လေ | ပြေ | ဆော် |
| တုန် | (နံ) | သွေး |
| က | ရင် | အေး |

ဆုံး→

| | | |
|---|---|---|
| ၄ | ၅ | ၃ |
| ၇ | (နံ) | ၆ |
| ၂ | ၄ | ၁ |

(အင်းသင်္ချာဖြင့် ရေးသွင်းလိုပါက = ၁၂၃၄၅၆၇ ၁၂၃၄၅၆၇ ဟူ၍ အစားထိုး ရေးသွင်းနိုင်သည်။ မြန်မာ ဂဏန်းခြေသည်လည်းတူသောအကျိုး ပေးနိုင်သည်ဟု ဆရာတော် အရှင် ဓမ္မပီယက မိန့်မြွက်တော်မူပါသည်။)

မိမိအတွက်ဖြစ်၍ (နံ) နေရာတွင် မိမိ၏မွေးနံကို ရေးသွင်းရန်ဖြစ်သည်။

ခ။ သဥ္စာဘုံလွှေ

တွေ့ကြုံရအောင်

ဤတွင် **"လွှေ"**သည် **"များသော ပြည့်ဝသော"**ဟူသည့် ရှေးမြန်မာ စကားဖြစ်သည်။ **"သဥ္စာ"**ကား **"ခုတင်ညောင်စောင်းအိပ်ရာ"**ဖြစ် သည်။ ကြင်စဦးဇနီးမောင်နှံ၏ အတွေ့ အကြုံကို ဖော်ညွှန်း၏။ (နံ) နေရာတွင် အိမ်ထောင်ဖက်၏နေ့နံကို ရေးသွင်း ရ၏။

**စီရင်ပုံ**

အိမ်ထောင်ဖက် နေ့နံအင်းကို အောက်၊ မိမိ၏နေ့နံအင်းကို အထက် ကပ်၍ ဆီမီးခွက်တွင် ထည့်ပါ။ **(အင်း ကို မိုင်းကိုင်စက္ကူတွင် ရေးသွင်းရန် ဖြစ်သည်။)** ဆီဖြည့်ပါ။ မီးစာကျီးခြေ ထည့်၍ ဆီမီးထွန်းရန် အသင့်ပြင် ထားရပါမည်။

**နေ့ရက်အချိန်ခါ**

ပြုလုပ်ရမည့်နေ့မှာ **(သူ့ကိုနိုင်ငံ ဆ,ကိုရှိ)**အဆိုနှင့်အညီ မိမိ အိမ်ထောင်ဖက်၏ နေ့နံမှ(၆)ခုမြောက်

www.burmeseclassic.com

ဆပွတ်ကျသောနေ့ကို ရွေးပါ။

**ဥပမာ။ ။** သင်သည် တနင်္လာသား/သမီးဖြစ်ပါက...

(က)အင်းတွင် အလယ်၌ ၂ သို့ မဟုတ် ✓ ကိုသွင်းပါ။ အိမ်ထောင်ဖက်မှာ ကြာသပတေးနေ့ဖွားဖြစ်လျှင် ကြာသပတေးနေ့၏ (၆)ခုမြောက် ဆပွတ်၊ အင်္ဂါနေ့တွင် ပြုလုပ်ရပါမည်။ **(အခြားနေ့ဖွားဖြစ်လျှင် ဤအတိုင်း ရေတွက်ယူပါ။)**

(ခ)အင်းတွင် အိမ်ထောင်ဖက်၏ နေ့နံ (၅)ကို ဖြည့်သွင်းရန်ဖြစ်၏။

အင်္ဂါနေ့ နံနက် (၉)နာရီမှ ၁၀း၃၀ နာရီအတွင်း ထိုဆီမီးခွက်ကို ဘုရားရှေ့တွင် ဆီးမီးထွန်းကာ လိုရာဆန္ဒကို လျှောက်ထားပါ။ ဤအချိန်ကာလသည် ထိုနေ့၏ စတုရန်းဂြိုဟ်ပိုင်ဆိုင်သောအချိန်ဖြစ်သည်။ **ဥပမာ အင်္ဂါနေ့တွင်...**

▲ **နံနက် ၆း၀၀နာရီမှ ၇း၃၀ နာရီအတွင်း** → အင်္ဂါဂြိုဟ်ပိုင်၏။

▲ **နံနက် ၇း၃၀နာရီမှ ၉း၀၀ နာရီအတွင်း** → တနင်္ဂနွေဂြိုဟ်ပိုင်၏။

▲ **နံနက် ၉း၀၀နာရီမှ၁၀း၃၀ နာရီအတွင်း** → သောကြာဂြိုဟ်ပိုင်၏။

သောကြာဂြိုဟ်သည် အင်္ဂါဂြိုဟ်၏ စတုရန်း (လေးခုမြောက်)ဂြိုဟ် ဖြစ်သည်။ **"အောင်လံတေဇသကျမို အုံး(ဦး)နန္ဒီသေနထုံး"**ကို အားပြုလျက် အောင်ဓာတ်ဆောင်ထားခြင်း ဖြစ်သည်။

---

ခ။ သဗ္ဗာဘုံလွှ တွေ့ကြုံရအောင်

---

* * * ⟶

ထိပ်အလယ်ကွက်မှစတင်ကာ မြင်းသွားရေးသွင်းရသည်။ ပိုမိုနားလည်စေရန် အင်းအပြင်မှ အစီအစဉ်များ ရေးပြထားပါသည်။

ထိုဆီမီးခွက်ကို နေ့ ညဉ့်နှစ်ကြိမ် ထွန်းညှိပူဇော်ရသည်။

ဝေဒစွမ်းအောင်

* * *



ဒုံ့ဂ ဒွံ့ဒွ (အပေါ်)၊ ဒန်းလှ (ဘယ်)၊ ဦးသာ (ညာ)၊ ကိုရှာ (အောက်)

| | | |
|---|---|---|
| ၄ | ၅ | ၃ |
| ၇ | (က) အင်း | ၆ |
| ၂ | ၈ | ၁ |

ကိုရှာ

ထစဝ (အပေါ်)၊ ဂဇေ (ဘယ်)၊ ဓဓဓ (ညာ)၊ အဇွော (အောက်)

| | | |
|---|---|---|
| ၂ | ၆ | ၄ |
| ၅ | (ခ) အင်း | ၈ |
| ၁ | ၇ | ၃ |

အဇွော

**(က)အင်းတွင် "ဦးသာ၊ စိန်ပန်း၊ ဒန်းလှကိုရှာ" အတွင်းမိတ်ခေါ် အိမ်ထောင်မိတ်ဂြိုဟ်တွဲဖြင့်** အင်းဆန်သွင်းထားခြင်း ဖြစ်သည်။

စည်းလုံးညီညွတ်ခြင်း၊ လိုက်ဖက်ညီချင်း၊ ရေကိုသားသော်လည်း အခြားမထင်သကဲ့သို့ တစ်ဆက်တစ်စပ် တစ်စိတ်တစ်ဝမ်းတည်းရှိခြင်းကို ပေးစွမ်း၏။

**(ခ)အင်းတွင်ကား "အဇွော၊ ဂဇွေ၊ စရေ၊ ဝံသေ" ဓာတ်မိတ်ဂြိုဟ်တွဲဆင်ကာ** အင်းဆန်သွင်းထား၏။

အဖွဲ့အစည်းအတွင်း ဒြပ်ထုအတွင်း လူ၏အတွင်းသန္တာန်တို့ရှိ ရန်များကို ပျောက်ပြယ်စေသည်။

ဤသို့သော စွမ်းအင်များကြောင့် အစွမ်းထက်မြတ်ရခြင်း ဖြစ်သည်ဟု သိမှတ်ခဲ့ရပေသည်။

ဇနီးမောင်နှံတို့ တစ်ဦး၏ အားနည်းချက်ကို တစ်ဦးက ဖေးမကူညီကာ ရွှေလက်တွဲမြဲမြဲနိုင်ကြပါစေ...။

*[ဆရာတော် အရှင်ဓမ္မဝီယအာ ဦးရိုက်လျက်...]*

**အင်းပညာသုတေသီတစ်ဦး**

ပထမ ↓ (အပေါ်)၊ ဆဋ္ဌမ → / တတိယ → / အဋ္ဌမ → (ဘယ်)၊ ← စတုတ္ထ / ← သတ္တမ / ← ဒုတိယ (ညာ)၊ ↑ ပဉ္စမ (အောက်)

| | | |
|---|---|---|
| ကြို ⑥ | ⓪ သ ① | လွေ့ ④ |
| ဘုံ ③ | (နံ) | ရ ⑦ |
| (ဆုံး) အောင် ⑧ | တွေ့ ⑤ | ဗွာ ② |

| | | |
|---|---|---|
| ၂ | ၆ | ၄ |
| ၅ | (နံ) | ၈ |
| ၁ | ၇ | ၃ |



www.burmeseclassic.com

www.burmeseclassic.com

# ဂတ်ချက်ကောင်း

ဟောကွက်




ကြည့်ပါ။

○ **အဂ်ါအဖိုကြိုဟ်ခုံက စတင်ထား တဲ့ ဉာဏ်လမ်းကြောင်းကို တွေ့ ရတယ်။ ဒါကတော့...**

- ယှဉ်ပြိုင်လိုစိတ်ရှိမယ်။
- စိတ်ဆိုးလွယ်၊ ဒေါသဖြစ်လွယ်မယ်။
- ရန်လိုမယ်။
- ထိုးကြိတ်ရိုက်နှက် တိုက်ခိုက်လိုစိတ်ရှိမယ်။
- ဒေါသဖြစ်ရင် ကိုယ်ထိလက်ရောက်ဖြစ်မယ်။
- စိတ်ရှည်သည်းခံနိုင်မှု နည်းမယ်။
- ယှဉ်ပြိုင်တိုက်ခိုက်ရတာမျိုး ဝါသနာပါမယ်။
- လက်ရုံးကို အားကိုးမယ်။
- ပြဿနာကို ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းနိုင်စွမ်းမရှိဘူး။
- စိတ်ကောက်မယ်။
- ဇီဇာကြောင်မယ်။
- ကြေးများမယ်။
- အိမ်ထောင်ရေး ကံမကောင်းတတ်ဘူး။
- အိမ်ထောင်ရေး ပြိုကွဲတတ်တယ်။
- တကျက်ကျက် ပူညံဆူညံတဲ့ အိမ်ထောင်ရေး ဖြစ်မယ်။
- အိမ်တွင်းရေး ပဋိပက္ခရှိမယ်။

စသည်ဖြင့် ဟောပြောလို့ရပါတယ်။ လက္ခဏာရှင်ရဲ့ အမေးကို ကြည့်ပြီး ဖြေပေးလိုက်ရုံပါပဲ။ ဗဟုသုတ အလို့ငှာ တင်ပြပေးလိုက်ပါတယ်။


**ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ။**


**ဦးသော်ခင် (ဟသ်ာတ)**

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွက်
ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ





ဆိုင်တည်ရှိရာ ဌာနဗလစွမ်းအင် အကူအညီရယူလိုပါက...

မြစ်ချောင်းကမ်းနံဘေး၊ လေ့သင်္ဘောဆိပ်၊ ရေဆိပ်၊ ရေစက်ရေစင်၊ ရေကန်၊ ရေပေးဝေရာ၊ ရေသိုလှောင်ရာဌာန၊ အဖျော်ယမကာများ ရောင်းချသော သောက်သုံးဖွယ် ပစ္စည်းများ အရောင်းဆိုင် စသည်တို့အနီးတွင် ဖွင့်လှစ်ရောင်းချသော ထီလက်မှတ်အရောင်းဆိုင်များ၌ ကံစမ်းသင့်သည်။ မြစ်ကူးချောင်းခြား ခရီးသွားစဉ်၌လည်း ကံစမ်းနိုင်သည်။

မော်တော်ယာဉ် လက်တွန်းလှည်းများဖြင့် လှည့်လည်ရောင်းချသော ဆိုင်များတွင်လည်း ကံစမ်းနိုင်ပါသည်။

သို့သော် အသံဗလံ ကျယ်လောင်စွာ ဖွင့်လှစ်အော်ဟစ် ရောင်းချသော ဆိုင်များ ဖြစ်ပါက သောက မကင်းသော ငွေကြေးများ ဖြစ်လာနိုင်သဖြင့် ရှောင်ရှားသင့်သည်။

ကျယ်လောင်သော အသံများသည် ရေဓာတ်၏ နှစ်သက်ဖွယ် အေးချမ်းဆိတ်ငြိမ်မှုကို ဖျက်ဆီးပစ်သောကြောင့် ရေးအတိတ်ကံ အကြောင်းပြု၍ ငွေကြေးအစုအပုံလိုက် ရရှိသော်မှ သောကမကင်းဘဲ ပူလောင်ပြင်းပြသောဖြစ်ရပ်များ ကြုံဆုံရတတ်ခြင်း ဖြစ်ပေသည်။

**ထီကံမြှင့်ယတြာ ပြုလိုပါက...**

စနေနေ့တွင် မိခင်အရွယ် အမျိုးသမီးတစ်ဦးအား ဖျော်ရည်တစ်ခွက် (တစ်ဘူး၊ တစ်ပုလင်း) လှူဒါန်းကာ အတိတ်ကံ ပိတ်ပင်မှု အဆိုးများ လျော့ပါးစေရန် ဆုတောင်းပါ။ ရရန်ရှိသော ကုသိုလ်အကျိုးဆက်များ ပွင့်လင်းသွက်လက်၍ ဆုကြီးများ ပိုင်ဆိုင်ရတတ်ပါသည်။

ဤလတွင် အောင်ဘာလေ ထီဆုငွေများနှင့် နီးစပ် အဆင်ပြေနိုင်ကြစေရန် ၂၊ ၃၊ ၆၊ ၉ ဂဏန်းခြေများကို အဓိက အားပြုရွေးချယ်ပါ။ တွဲဖက်သင့်သော အက္ခရာများမှာ ခ၊ ဍ၊ ဇ၊ ဋ တို့ ဖြစ်ကြသည်။

ဂဏန်းတူ၊ ဂဏန်းထပ်များကို နှစ်သက်ပါက ၂၊ ၃၊ ၆၊ ၉ဂဏန်းများ နှစ်လုံးထက် ပို၍ ပါဝင်သော ထီလက်မှတ်များကို ရွေးပါ။

မိမိတို့မွေးနှစ်အရ ကံအခွင့်အလမ်းများကို အသုံးပြု ကံစမ်းလိုပါက ဇယားရှုကြည့်ပါ။

* * *

| မွေးနှစ် | အရောင် | ဂဏန်း | အရပ် | စပ်တူထိုးလျှင် | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | အနီ | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နွား ကျား | ရွှေဝါ | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ယုန် | မြေဝါ | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| နဂါး မြွေ | အစိမ်းနု | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| မြင်း | အညို | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ဆိတ်၊ မျောက် | အပြာ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ကြက် | အဖြူ | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ခွေး ဝက် | အစိမ်းရင့် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |

**ဥပမာ ။ ။ ကြွက်နှစ်ဖွား**တို့သည် အဖြူရောင်ကို အဆောင်ပြုပါ။ ဘတ်စ်ကားလိုင်းနံပါတ်၊ ထီစောင်ရေ လမ်းနံပါတ်၊ အဆောက်အအုံနံပါတ်၊ နေ့ရက် စသည်တို့၌ (၆)ဂဏန်း ပါဝင် ပတ်သက်နေလျှင် ပို၍ ကံကောင်းစေလိမ့်မည်။

မိမိ၏ နေအိမ်၊ အလုပ်ခန်းမှ အနောက်မြောက်ထောင့် အရပ်ရှိ ထီလက်မှတ်အရောင်းဆိုင်တွင် ကံစမ်းသင့်သည်။ စပ်တူထိုးလိုပါက ကြာသပတေးသားသမီးနှင့် ကံစပ်ပါ။ တနင်္ဂနွေနေ့တွင် ကံစမ်းနိုင်လေသည်။

*ဓာတ်ကြီးငါးပါး အကူအညီဖြင့် ဆုကြီးများ ပေါက်ကြပါစေ။*

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ




ကြည့်ပါ။

❍ **ဉာဏ်လမ်းကြောင်း တို ပါတယ်။ (က)**

ဒါကတော့...

တရုန်းထိုး ဆောင်ရွက်တတ်ခြင်း ပါပဲ။

❍ **အခက်အလက်ဖြင့် စတဲ့ နှလုံးလမ်းကြောင်းပါတယ်။ (ခ)**

ဒါကတော့...

စိတ်ကောင်းနှလုံးကောင်း ရှိကြောင်းပါပဲ။

❍ **စတုဂံလွင်ပြင် ကျယ်လွန်း ပါတယ်။ (ဂ)**

ဒါကတော့...

သဘော အကောင်းလွန်ခြင်းပါပဲ။

ကဲ... ဒါဆိုရင်... သူ ဘယ်လိုလူစားလဲဆိုတာ သိနိုင်လောက်ပါပြီ။


***အေးပါစေ၊ အောင်ပါစေ။***

သန်းပညာ



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်စည်ကန်မှ တီ အားဆေးရည် ခံယူထားစဉ်

တင်သိုက်အေး
(နဂါးမြို့တော်)

# သီးပင်များ သန်စွမ်းစေရန်

## တီကောင် အားဆေး သုံးစွဲပေး


ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီး၊ အောင်ပန်း၊ ညောင်ရွှေနှင့် ဖယ်ခုံရှိ တောင်သူဦးကြီးများ၏ ဟင်းသီးဟင်းရွက်ပင်များမှာ အထူးပင် သန်စွမ်း၍ သီးနှံများမှာလည်း ပုံမှန်ထက်ကြီးထွားကာ အထွက်နှုန်းမှာလည်း ပိုမိုသည်ကို တွေ့ရှိရပါသဖြင့် ထိုတောင်သူဦးကြီးများ လက်တွေ့ အသုံးပြု အောင်မြင်နေသည့် တီကောင်အားဆေး ထုတ်လုပ်ခြင်းကို ရေးသားတင်ပြလိုက်ရပါသည်။

### ပြုလုပ်ပုံ

အချင်းအကျယ်(၂)ပေ၊ အမြင့်(၁.၅)ပေရှိ သစ်သားပုံး(သို့မဟုတ်)ကျောက်စည်ခွေဖြစ်စေ၊ ပလတ်စတစ်ပုံးဖြစ်စေ တစ်ခုခုကို အောက်ခြေတွင် (၁)လက်မ အပေါက်ဖောက်ပြီး အရှည်(၄)လက်မခန့် ပိုက်တပ်ပေးပါ။ ထိုသို့ပြုလုပ်ရခြင်းမှာ တီကောင်စွန့်ပစ်အားဆေးရည် ထုတ်ယူရန်အတွက် ဖြစ်ပါသည်။


ပုံး၏အောက်ခြေတွင် အုတ်ခဲကျိုးကို ခပ်ကျဲကျဲ ထည့်ပေးပါ။ ထိုအုတ်ခဲကျိုးအပေါ်မှ နီးစပ်ရာ သစ်ရွက်ခြောက် ပဲရိုးများ၊ ပြောင်းရိုးများ (၂၀)ကျပ်သား ခန့်ခင်း၍ ငှက်ပျောအူ (၄)ပိဿာ စင်းထည့်ပါ။ ယင်းအပေါ်မှ နွားချေး ခြောက်... ဆွေး(၆)ပိဿာခန့် ထပ်ထည့်ပါ။

မိမိအနီးနား ပတ်ဝန်းကျင်မှ ... ကောင် အကောင်ရေ (၁၀၀)ခန့်...



▲ တီပုံးထဲမှ "တီ" တောင်သူများ၏မိတ်ဆွေ

▼ တီကောင် အားဆေးရည်



(၃၀၀)ခန့် စုဆောင်းထည့်ပေးပါ။ တစ်ကြိမ်တည်းနှင့် မရပါက အကြိမ်ကြိမ် ခွဲထည့်နိုင်ပါသည်။ **မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဖြန့်ဖြူးသော အိန္ဒိယနှင့် ပြင်သစ် တီကောင်မျိုးများ ပေါင်းစပ် ထည့်ပေးပါက ပိုမိုကောင်းမွန်ပါသည်။)**

ထိုတီကောင်များပေါ်မှ စင်းထားသော ငှက်ပျောအူ(၂)ပိဿာခန့် ထပ်အုပ်ပေးပါ။ ထိုငှက်ပျောအူပေါ်မှ ပဲရိုး၊ ပြောင်းရိုး၊ သစ်ရွက်ခြောက် (၁၅)ကျပ်သားခန့် ထပ်မံအုပ်ပေးပါ။ အပေါ်ဆုံးတွင် ဂုန်နီအိတ်အဟောင်း အပိုင်းအစများ ဖုံးပေးပြီး နေ့စဉ် ရေအနည်းငယ်စီ အစိုဓာတ် မပြတ်ရုံ လောင်းလောင်းပေးပါ။

တစ်ပတ်လျှင် တစ်ကြိမ်ခန့် သစ်ရွက်၊ ပေါင်းပင်များ၊ စက္ကူစုတ်၊ လွှစာမှုန့်နှင့် ကောက်ရိုးများ ထည့်ပေးရန် လိုပါသည်။

**တီကောင်တို့၏ အကြိုက်ဆုံး အစာအစာမှာ ငှက်ပျောအူနှင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် အစိုက်များသော ဖရဲသီးအခွံများ ဖြစ်ပါသည်။**

## အထွက်နှုန်း

(၃)လကြာလျှင် လစဉ် တီကောင်စွန့်ပစ်ရည်(၂)ဂါလန်ခန့်နှင့် တီကောင်မြေဩဇာ(၇၅)မှ (၁၀၀)ပိဿာခန့် ရရှိနိုင်ပါသည်။

## အသုံးပြုနည်း

တောင်သူဦးကြီးများ စိုက်ပျိုးထားသည့် စပါးခင်းများအတွက် တစ်ဧကလျှင် တီကောင်စွန့်ပစ် မြေဩဇာပိဿာ (၆၀၀)ခန့် လုည်းတစ်စီးခွဲတိုက်ခန့် သုံးစွဲပေးရပြီး ဟင်းသီးဟင်းရွက် သစ်သီးဝလံအပင်များအပေါ်သို့ ရေတစ်ဂါလန်တွင် တီကောင်အားဆေးရည် (၂၀)စီစီမှ (၅၀)စီစီအထိ ဖျော်စပ် ပက်ဖျန်း၍ သုံးစွဲပေးနိုင်ပါသည်။

တန်ဖိုးကြီးမားသော ဓာတ်မြေဩဇာ ကုန်ကျစရိတ်များ သက်သာသည့်အပြင် သီးနှံများ အံ့မခန်း ကြီးထွားသည်ကို လက်တွေ့မြင်တွေ့ရမည် ဖြစ်ကြောင်းကို စိုက်ပျိုးရေးရောင်ခြည် အခန်းကဏ္ဍမှ ဖော်ထုတ် တင်ပြလိုက်ပါသည်။


**တင်ညိုအေး(နဂါးမြို့တော်)**

www.burmeseclassic.com

# အဂ္ဂိရတ်ပညာနှင့်

## ကျွန်တော့်ဘဝ အတွေ့အကြုံများ

အောင်သန့်
(ပုသိမ်ကြီး)



ကျွန်တော် စိုက်ပျိုးရေးတက္ကသိုလ် (မန္တလေး)က ၁၉၇၀ ပြည့်နှစ်မှာ ဘွဲ့ရသည်။ ၁၉၇၁ ခုနှစ်တွင် စိုက်ပျိုးရေးဌာနမှာ အလုပ်ဝင်နေပြီ။ ၁၉၇၃ ခုနှစ်မှာ ပဲလှောင်ချောင်ဦးသန်းမောင် (ရွှေပန်းထိမ်ဆရာကြီး)နှင့် တွေ့၍ အဂ္ဂိရတ်ပညာကို စတင် လေ့လာခွင့်ရခဲ့သည်။

ဆရာ ဦးသန်းမောင်(လေးသန်း) ထံမှ ဖိုဆွဲပုံ၊ ဖိုခွင်ပြုပြင်ပုံနှင့် မီးနေမီးထား၊ ညုပ်ကိုင်၊ လုံကိုင်၊ ခံရည်လောင်း စသည့် အဂ္ဂိရတ်အခြေခံပညာများကို လေ့လာသည်။

လေးသန်း ပြောပြ၍ လက်ဝဲ၊ လက်ယာ၊ အဂ္ဂိရတ်ရွှေလုပ်နည်းမျိုးစုံအကြောင်း ကြားသိရသည်။ ဟင်းရိုင်း၊ ပြဒါး၊ သွပ်၊ သံနှင့် ဘော်ဝါဆိုးနည်းများ။ သွပ်၊ ဒုတ္တာ၊ နာ၊ ပြဒါးထိုးနည်း။ ဘော်၊ ဒန်၊ သံ၊ ရွှေနည်း။ သွပ်၊ သံ၊ ပြဒါးနည်း။ သွပ်၊ သံ၊ ဆေးဒန်းနည်းများ။ နာ၊ ဂျုတ်၊ သွပ်၊ ပြဒါးနည်း။ ဟင်းရိုင်းဖမ်း၍ ရွှေလုပ်နည်း စသည့် လောကီလုပ်ရတ်ပညာများကို ဆည်းပူးခဲ့ရသည်။

လေးသန်းက လက်တွေ့ ဓာတ်ဖမ်းပြသည်။ ရွှေနှင့်တွဲပြသည်။ မှတ်ငရဲမီးခံမခံ စမ်းပြသည်။ လေးသန်းနှင့်တွဲ၍ ၁၉၇၃ ခုနှစ်မှ ၁၉၇၆ ခုနှစ်အချိန်ကာလများထိ အဂ္ဂိရတ်ပညာကို လေ့လာဆည်းပူးခွင့် ရရှိခဲ့ပါသည်။

လေးသန်းက လုပ်ရတ်ပညာမှာ နာမည်ကြီးသည်။ အဂ္ဂိရတ်ပညာမျိုးစုံ ဓာတ်ကျွမ်းသည်။ စကားပြော မာဆတ်သည်။ မထင်လျှင် မထင်သလို ဘုပြောတတ်သည်။ စိတ်ရင်းကတော့ အလွန်ကောင်းသည်။

ကျွန်တော့်ကို ညီငယ်လေးတစ်ယောက်၊ တူသားတစ်ယောက်ကဲ့သို့ ချင်ခင်ဆက်ဆံ၍ ကျွန်တော် ကံကောင်းခဲ့ပါသည်။

လေးသန်းနှင့်မတွေ့မီ ၁၉၇၂ ခုနှစ်က ကျွန်တော် ဗေဒင်ပညာအခြေခံနှင့် အဆင့်မြင့်ပညာကို ဆရာဦးမြကြီး (အာကာသိပ္ပံ)ထံမှ လေ့လာသင်ယူခွင့်ရခဲ့သည်။

ဆရာဦးမြကြီးထံမှာ အခြေခံ ဗေဒင်ပညာသင်တန်း (၂)ကြိမ်နှင့် အဆင့်မြင့်သင်တန်း (၃)ကြိမ် တက်ရောက်သင်ကြားခဲ့သည်။ ဆရာဦးမြကြီး မန္တလေးက ရန်ကုန်သို့ ပြောင်းသွားသည်အထိ ကျွန်တော် လေ့လာခွင့်ရခဲ့သည်။

ဗေဒင် အခြေခံပညာလေးရှိတော့ ကျွန်တော်က ဗေဒင်ကျမ်းတွေသာမက အဂ္ဂိရတ်ပညာကျမ်းတွေကိုပါ ဆက်လက် လေ့လာမိသည်။ ခေတ်အဆက်ဆက်က ရေးသားထုတ်ဝေခဲ့သော အဂ္ဂိရတ်ပညာကျမ်းများကို လေ့လာသည်။

ကျွန်တော် ဖတ်၍ နားမရှင်းသည်များကို အဂ္ဂိရတ်ပညာရှင်များအား မေးမြန်းဆည်းပူးရသည်။ အဂ္ဂိရတ်ကျမ်းများမှာ သွယ်ဝိုက်ကွယ်ဝှက်၍ လင်္ကာများ၊ အရုပ်များ၊ တိရစ္ဆာန်မျ စသဖြင့် ပညာရှင်ပီပီ လက်စွမ်း ရေးထားသည်က များပါသည်။

အဂ္ဂိရတ်ပညာ၏ လျှို့ဝှက်ချက် ကျွန်တော် သေသေချာချာ နားမလည် ခဲ့ပါ။ ဉာဏ်ချင်းတူရင် ယူတော့ ဆိုသော်လည်း ကျွန်တော် ဉာဏ် ခဲ့ပါ။

အဂ္ဂိရတ်ဆိုင်ရာ အဆိုအချို တော့ ကျွန်တော် နားယဉ်နေပါသည် မိမိကိုယ်ကို ပြန်သုံးသပ်တော့ အား အားမရ ဖြစ်နေပါသည်။ ကျွန်တော် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးမျာ လေးစားသည်။

ကျမ်းပြုပုဂ္ဂိုလ်ကြီးများမှာ ဆ တော်ကြီးများ၊ နာမည်ကြီးဆရာ များ ဖြစ်နေ၍ သီလလုံခြုံသူမျ ဝိနည်းလေးစားလိုက်နာသူများ ဖြစ် မည်ကို ကျွန်တော် အလေးအ ယုံကြည်ခံယူထားပါသည်။

သို့သော် ဆရာတော်ကြီး အဆက်ဆက် ထွက်ရပ်စခန်းသို့ မြန်းသွားပြီး သူတို့ ရေးသားခဲ့သ ကျမ်းအဆူဆူကို လေ့လာကြည့် ဘာမှ နားမလည်နိုင်ခြင်းသ ဉာဏ်ရည်ကို ကျွန်တော် မီအေ မလိုက်နိုင်၍ ဖြစ်မည်ဟု ယုံကြည် သည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိကိုယ်ကို ''ငါ လိုနေသေးလို့ပဲ'' ဟု သတိမှတ်ထားရင်း အဂ္ဂိရတ်ပညာ ပိုင်းဆိုင်ရာ ကျမ်းများအား လက်တွေ့ လိုက်နာလိုက်စားနေသူ ပညာရှင်များ ကို အချိန်နှင့်အမျှ ချဉ်းကပ်၍ အဂ္ဂိရတ် ပညာကို ဆက်လက် ဆည်းပူးနေခဲ့ပါ သည်။

အဂ္ဂိရတ်ပညာသည် ရွှေစင်ကိုယ် လေး ထိုက်သည့်ပညာဖြစ်ကြောင်း လူအန္ဓ၊ လူ့ဗာလများနှင့် မထိုက်တန် ကြောင်းကိုလည်း ပညာရှင်များက ထုတ်ဖော် ရေးသားခဲ့ကြပါသည်။ သာမန်အတွေးအခေါ်နှင့် လိုက်၍မမိ အောင် ကျွန်တော် တဖြည်းဖြည်း သဘောပေါက်လာခဲ့ပါသည်။

ကျွန်တော့်အနေနှင့် ဝန်ထမ်းတစ်ဦး ဖြစ်သည့်အတွက် မြို့နယ် တော်တော် များများ နေရာအနှံ့အပြားသို့ ပြောင်း ရွှေ့ တာဝန်ထမ်းဆောင်ရပါသည်။ ရောက်သည့် မြို့နယ်တိုင်းမှာ အဂ္ဂိရတ် ပညာရှင်များကို လေ့လာစုံစမ်းပြီး မိတ်ဖွဲ့သည်။

မိတ်ဆွေများ ဖြစ်လာကြတော့ အပြန်အလှန်ဆွေးနွေးသည်။ မိမိ မသိ သေးသည်များကို မေးမြန်း လေ့လာ၍ မိမိသိသမျှကိုလည်း မျှဝေပေးသည်။ နိုင်ငံအနှံ့မှာ လူလတ်၊ လူကြီး၊ ပညာရှင် များကို တွေ့ရပါသည်။

များသောအားဖြင့်တော့ လုပ်ရတ် ဘက်ကို အားသန်ကြသူများ ဖြစ်ကြ၍ ထွက်ရပ်သို့ ဦးတည် လိုက်စားနေသူ များ အလွန် နည်းပါးသေးကြောင်း တွေ့ရှိရကာ ကျွန်တော့်အနေနှင့် အားမလိုအားမရ ဖြစ်ခဲ့ရသည်။

ဘာကြောင့် ဒီပညာကို နက်နက် နဲနဲ မဆောင်ရွက်နိုင်ကြသည်ကိုလည်း လေ့လာမိသည်။ ထွက်ရပ်(ဓာတ်ကြီး) ဓာတ်လုံးထိုးဖို့ မလွယ်ကြောင်း



တဖြည်းဖြည်း သိလာသည်။

ကျွန်တော့် အသိဉာဏ်ထဲတွင် ထွက်ရပ်ဓာတ်လုံး ထိုးတော့မည်ဟု ဆုံးဖြတ်လျှင် ကျန်းမာရေးကောင်းနေဖို့ လိုသည်။ ထိုက်သင့်သည့် ငွေကြေးဓန ပြည့်စုံနေဖို့လိုသည်။ အဂ္ဂိရတ်နှင့် ပတ်သက်သည့် မီးနေမီးထား၊ လုံကိုင်၊ ညှပ်ကိုင်နှင့် လက်တွေ့ဗဟုသုတ အတွေ့အကြုံများ ရှိဖို့လိုသည်။

အဂ္ဂိရတ်ပညာနှင့် သက်ဆိုင်သော ကျမ်းများကို နားလည်အောင် လေ့လာ ထားဖို့ လိုသည်။ ထွက်ရပ်ပေါက်ဓာတ် ကြီးတက်စဉ်များကို သေသေချာချာ ရှင်းရှင်းလင်းလင်း သဘောပေါက် နားလည်ထားဖို့၊ နည်းပညာဆိုင်ရာ များကို စုံလင်စွာ လေ့လာထားဖို့ လိုသည်။

မိမိမှ အဂ္ဂိရတ်ပညာကို အပတ် တကုတ် ကြိုးစားလုပ်ကိုင်နိုင်ဖို့ အချိန် ပေးရန်လိုသည်။ သီလ၊ သမာဓိ၊ ပညာ ရှိဖို့ အရေးကြီးသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယ ရှိဖို့လိုသည်။ လမ်းညွှန်ပြသ ဆုံးမ သင်ကြားပေးနိုင်သော အတွေ့အကြုံ ပညာ၊ အကြားအမြင်များသော ပညာ ရှင် ဆရာကောင်းများနှင့် တွေ့ဆုံရန် သာမက ထိုကဲ့သို့သော ဆရာကြီးများ ၏ ဩဝါဒအတိုင်း လိုက်နာကြိုးစား လုပ်ကိုင်ဖို့ အရေးကြီးသည်။

အဂ္ဂိရတ်ဆိုင်ရာ ဓာတ်ကြီး(ထွက် ရပ်) ဓာတ်လုံးတစ်မျိုးတည်းကိုသာ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ဖို့ လိုသည်ဟု သဘောပေါက်လာပါ သည်။

သို့ဖြစ်၍ လူတိုင်း ဆောင်ရွက်ရန် မဖြစ်နိုင်ပါ။ အဘက်ဘက်က ပြည့်စုံ စေဖို့ များစွာ ခက်ခဲလှပါသည်။ ကျွန်တော့်အနေနှင့် ဝါသနာ၊ ပညာရှင် များ၏ အတွေ့အကြုံများ၊ နည်းလမ်း များကို အခါအားလျော်စွာ ဆည်းပူး လေ့လာခွင့်ရ၍ များစွာ ကျေးဇူးတင်မိ ပါသည်။

မိမိ မသိသေးသော မိမိ မလုပ်နိုင် သေးသော နည်းလမ်းမျိုးနှင့် လုပ်ပုံ လုပ်နည်းသဘောတရားများ၊ လမ်းစဉ် များကိုလည်း လေ့လာမှတ်သား ပညာ ယူမိပါသည်။

ပညာဆိုသည်မှာ ပြည့်စုံသည် မရှိ ပါ။ ရှာဖွေလေ တွေ့ရှိလေ ဖြစ်ပါသည်။ နယ်ပေါင်းစုံ၊ နေရာပေါင်းစုံမှ ပညာရှင် များ၊ ဝါသနာရှင်များ၊ လေ့လာသူများ ၏ အတွေ့အကြုံ အသိအမြင်များကို နည်းပေးလမ်းညွှန်မှုများကို လစဉ် ထည့်သွင်းဖော်ပြပေးသည့် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းကိုလည်း ကျွန်တော် အထူး ကျေးဇူးတင်ပါသည်။

ဟိုတစ်စ ဒီတစ်စနှင့် စုဆောင်း ထားရှိသည့် မှတ်တမ်းများကို အားလပ် ချိန်တိုင်းမှာ ပြန်လည် လေ့လာတိုင်း မိမိမှာ အတွေ့အမြင်ဗဟုသုတများ တိုးပွားလာပါသည်။ သို့သော် ဘာ ဖြစ်မြောက်အောင် မစွမ်းဆောင်နိုင် သေး၍ အားမလို အားမရ ဖြစ်မိပါ

www.burmeseclassic.com

သည်။

ကံကောင်းချင်တော့ **ဆရာကြီး ဦးအုန်းခိုင် (မောဝိကုန်း–မန္တလေး)** နှင့် တွေ့ဆုံရန် မိတ်ဆွေ အစ်ကိုကြီး ဦးချစ်သန်း(ဖိုးပေကုန်း)၏ မိတ်ဆက်ပေးမှုကြောင့် တွေ့ဆုံရင်းနှီးခွင့် ရခဲ့သည်။

ဆရာကြီးထံသို့ ရုံးအားရက်များမှာ သွားရောက်ပြီး ဆရာကြီး၏ အင်္ဂရတ်ပညာဆိုင်ရာ အတွေ့အကြုံများကို ဆည်းပူးလေ့လာသည်။ ဆရာကြီး ဦးအုန်းခိုင်ကလည်း စိတ်ရင်းစေတနာ အမှန်နှင့် ရောက်တတ်ရာရာ အင်္ဂရတ်ပညာဆိုင်ရာ အတွေးအမြင် အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေး သင်ကြားပေးပါသည်။

ဆရာကြီးက သံကောင်းကောင်း ရှာခိုင်းသည်။ **လုံပူရွှော(လျှော)သံ၊ ခြသံ**ကို ရှာခိုင်းသည်။ ကျွန်တော် ဓာတ်လုံးထိုးဖို့အတွက် ခြသံ နေရာအနှံ့ စုံစမ်းရှာဖွေခဲ့သည်။

ရသမျှသော ခြသံများကို ယူဆောင်ပြီး ဆရာကြီးထံသို့ နမူနာပြသပေးသည်။ ဆရာကြီးက ခြသံနမူနာကို မီးဖြင့်ထိုး၍ စမ်းသပ်ကြည့်သည်။ သူလိုချင်သော လုံပူလျှော ခြသံမရခဲ့ပါ။ ကျွန်တော်က...


'ဆရာကြီး လုံပူလျှောခြသံရရင် ဘယ်လို ဆက်လုပ်မရလဲ'

ဟု မေးမြန်းကြည့်ရာ ဆရာကြီးက...

'လုံပူလျှောခြသံရရင် ငါ့မှာ ရက္ခမူအား (၉၉)မျိုးချက်ပြီး စုဆောင်းထားတာနဲ့ ထိုးရမယ်။ အဲဒီအားတွေနဲ့ ထိုးသွားရင် သိပ်မကြာပါဘူး။ ဓာတ်လုံး ပြီးနိုင်ပါတယ်'

ဟု ပြောခဲ့သည်ကို ယနေ့အထိ ကျွန်တော် အမှတ်ရနေပါသည်။

ကျွန်တော် ခြသံရဖို့ ကြိုးစားရှာဖွေ



နေရင်း ဆရာကြီး ကွယ်လွန်သွားခဲ့ပါသည်။ ဆရာကြီးနှင့် ကျွန်တော် (၆)လခန့်သာ တွေ့ဆုံ ပညာယူခွင့် ရလိုက်ပါသည်။

ကျွန်တော့်အနေနှင့် **သံ,ဥ္ဇတ်, ပြဒါး**လုံးလေးထိုးလိုက်၊ ခြသံလေးထိုးလိုက်၊ အဖြောဓာတ်လုံးလေး ထိုးလိုက် ဟင်းရိုင်းပြဒါးလေး ဖမ်းလိုက်နှင့် ယောင်လည်လည် ဘဝတွင်သာ ကျင်လည်နေခဲ့သည်။

ကျွန်တော်က လုပ်ရတ်ဓာတ်လုံးကို အားမသန်ပါ။ ဓာတ်ကြီးကိုသာ အားသန်ပါသည်။ စိတ်ထဲမှာ ထွက်ရပ်ဓာတ်လုံးကို ပိုင်ပိုင်နိုင်နိုင် နားလည်သဘောပေါက်ပြီး အောင်မြင်အောင် ဆောင်ရွက်ရန် ရည်မှန်းချက် အပြည့်ထား၍ လိုအပ်သည်များကို ထပ်မံဖြည့်ဆည်းချင်သည့် ဆန္ဒများသာ ကိန်းအောင်းနေပါသည်။

၁၉၇၉ ခုနှစ်သို့ ရောက်ပါပြီ။ ကျွန်တော် အင်္ဂရတ်ပညာ၏ အနှစ်သာရအပိုင်းကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် မရရှိသေးပါ။ ကြိုးစားနေဆဲကာလ ဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်တော့်နေအိမ်သို့ တပည့်တစ်ယောက် ရောက်လာ၍ စကားလက်ဆုံကျရင်း အင်္ဂရတ်ပညာရှင်ကြီးတစ်ဦး **ကံကောက်ကျေးရွာမှာ ရှိကြောင်းနှင့်** မြန်မာဆေးဆရာကြီး ဖြစ်ကြောင်း၊ ဓာတ်ယတြာပညာလည်း ကျွမ်းကျင်ကြောင်း သတင်းကို ကျွန်တော် ကြားသိရပါသည်။

ကျွန်တော် များစွာစိတ်ဝင်စားသွား၍ ဆရာကြီးနှင့် ဆက်သွယ်ပေးရန် တောင်းဆိုခဲ့ရာ တပည့်က ဆရာကြီးကို ပြောပြပေးပါမည်ဟုပြော၍ မကြာမီကာလအတွင်း တွေ့ဆုံမိတ်ဆက်ပေးမှုကြောင့် ဆရာကြီးနှင့် တွေ့ဆုံခွင့်ရရှိခဲ့ပါသည်။

ဆရာကြီး၏ အမည်မှာ "**ဦးစံမြင့်**" ဖြစ်ပါသည်။ "**ပညတ္တသိင်္ဂီကျမ်း**"နှင့် "**စာတစ်လုံးငွေကာ**" **(လက်ရေးမူ) ကျမ်းပြုဆရာကြီးဖြစ်၍ မန္တလေးမြို့ အာလကပ္ပကျောင်းတိုက် ဆရာတော်ကြီး၏ တပည့်ဖြစ်ကြောင်း** ကျွန်တော် လေ့လာသိရှိရပါသည်။

ဆရာကြီးက...

'မောင်အောင်သန့်ရေ ငါ့အနေနဲ့ တပည့်များများ မထားဘူး။ မြန်မာနိုင်ငံအောက်ပိုင်းမှာ တစ်ယောက် သင်ပေးခဲ့ဖူးတယ်။ အခုအညာမှာတော့ မင်းကို သင်ပေးဖို့ ငါသဘောတူတယ်။

မင်း ရုံးဆင်းချိန် ညနေတိုင်း (၅)နာရီလောက်ကစပြီး နေ့စဉ် လာခဲ့ကွာ၊ ငါ ကပ္ပလက်ာရကျမ်းကြီးကို ဖွင့်ပြပေးမယ်'

ဟု ဆိုပါသည်။

သို့နှင့် ကျွန်တော် နေ့စဉ် ညနေ (၅–နာရီ မှ ၇–နာရီခန့်အထိ) ဆရာဦးစံမြင့်ထံ တပည့်ခံ၍ ကပ္ပလက်ာရကျမ်းကို လေ့လာဆည်းပူးခွင့် ရရှိခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သင်တန်းကာလ (၄)လကျော် ကာလအတွင်း သင်ယူ ပြီးဆုံးခဲ့ပါသည်။


ဆရာက ကပ္ပလက်ာရကျမ်းကို တစ်ပိုဒ်ချင်း လက်ာရွတ်ပြ၊ အဓိပ္ပာယ်ရှင်းပြ၊ အင်းဆန် သွင်းပြပေးခဲ့ပါသည်။ **မူလကိန်း၊ အာဒိကိန်း၊ မဇ္ဈိုကိန်း၊ အဝသာန်ကိန်းများ** ဆင်ပုံဆင်နည်းကို သင်ပေးသည်။ နောက်ဆုံးမှာ ဓာတ်ကောက်ပုံ ကောက်နည်းကို သင်သည်။

ကျွန်တော် ကံကောင်းပါသည်။ ယခင်က နားမလည်ခဲ့သော ဓာတ်ကြီး (ထွက်ရပ်ဓာတ်လုံး) တည်ပုံတည်နည်း၊ ဓာတ်ကောက်ပုံ အယူအဆနှင့် မီးတက်ပုံ အယူအဆများကို နားလည်သဘောပေါက်လာခဲ့ပါသည်။ ရေနံချောင်း(စံပယ်ရုံချောင်း) ဆရာတော်၏ **"စတုဓာတု"**အင်္ဂရတ်ကျမ်းကို ကျွန်တော် လေ့လာနိုင်ပါသည်။

ထွက်ရပ်ပေါက်ဓာတ်လုံးကို အဓိကအားဖြင့် **ဓာတ်မ(၉)ပါး** အသုံးပြု၍ ဆိုးရသည်။ **"ခဲ(နာ)၊ ငွေ၊ သံ၊ ဘင်၊ ကြေး(ဒန်)၊ ပြဒါး၊ ဘော်၊ သွပ်၊ ရွှေ"**ဟူ၍ ဓာတ်မ(၉)ပါး ရှိသည်။

ဤနေရာ၌ အယူအဆတစ်ခုကို ရှင်းပြရန် လိုပါမည်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ ဟူ၍ ဓာတ်(၅)ပါး ရှိပါသည်။ အဓိကမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်တို့ ဖြစ်သည်။ အာကာသဓာတ်မှာ တစ်ခုနှင့်တစ်ခု ပေါင်းစပ်သည့်အခါ ဖြစ်ပေါ်လာသည့် အကြားအလပ်ဟု သဘောပေါက်ပါသည်။

ထို အဓိကဓာတ်(၄)ပါး သဘောတရားများကို နားလည်သဘောပေါက်ရန် လွန်စွာ အရေးကြီးသည်။ ကမ္ဘာ



ပျက်ပုံကိန်းစဉ်အရ ပထမမှာ **တေဇောဓာတ်(မီးဓာတ်)** စကင် လောင်ကျွမ်းသည်။ ပြီးက **ဝါယောဓာတ်(လေဓာတ်)** လာသည်။ ဝါယောဓာတ်ပြီးမှ **အာပေါဓာတ်(ရေဓာတ်)** လွှမ်းမိုးသည်။ နောက်ဆုံးမှာ **ပထဝီဓာတ်(မြေဓာတ်)** ဖြစ်ပေါ်လာပြီး ကမ္ဘာကြီး ဖြစ်တည်လာကြောင်း လေ့လာသိရှိရပါသည်။

ထိုဓာတ်ကြီးများ အစဉ်အတိုင်း ဓာတ်လုံးကြီးအတွက် ဓာတ်မများကို စီစဉ်ထည့်သွင်း ပူးပေါင်းတတ်ရန် အရေးကြီးကြောင်း လေ့လာသိရှိရပါသည်။ ယင်းသို့ ကမ္ဘာပျက်ပုံ ဖြစ်တည်ပုံ အစီအစဉ်အတိုင်း ထွက်ရပ်ဓာတ်လုံးကို ဓာတ်မများ အစဉ်အလိုက် ပေါင်းစပ်ပေးရန်သာမက မီးတက်စဉ်မှာလည်း အခြောက်(၇)လုံး၊ ချော်(၁)လုံးနှင့် (၆၄)လုံး ပြည့်ပါက ခံရည်တစ်ကြိမ်(လေ)တစ်ကြိမ် လောင်းရန်ကိုလည်း ဆရာကြီးများ၏ ဩဝါဒလမ်းညွှန်ချက်များအရ သဘောပေါက်လာခဲ့ရပါသည်။

ဤတွင် ကျွန်တော် နားလည် လေ့လာထားသော ထွက်ရပ်ဓာတ်ကြီးလုံး၏ အစအဆုံး တည်ပုံကို စေတနာအပြည့်ဖြင့် ဖော်ပြပါမည်။ ပထမဆုံး **ခြသေ့်ထီးဆောင်းကိန်း**ကို ဆင်ရသည်။ ဤအဆင့်ကို **မူလကိန်း** ဆင်သည်ဟု ဆိုပါသည်။ **မူလကိန်း**ပြီးက **အာဒိကိန်း** ဆင်ရသည်။ **အာဒိကိန်း**မှာ **အ-ပေါင်း-ဝင်-ရာ**ဖြစ်သည်။ **အာဒိကိန်း**ပြီးတော့ **မဇ္ဈိုကိန်း** ဆင်ရသည်။ **မဇ္ဈိုကိန်း**မှာ **ဦး-သာ-စိန်-ပန်း**ဟု ကောက်ယူရသည်။ **မဇ္ဈိုကိန်း**ပြီးက **အဝသာန်ကိန်း ဒန်း-လှ-ကို-ရှာ**ကို ကောက်ယူ၍ ဓာတ်လုံးတည်ပုံ ပြီးဆုံးခြင်းသို့ ရောက်ပါသည်။

**မူလကိန်း**မှာ ဓာတ်လုံးဖြစ်၍ ယင်းဓာတ်လုံးကို **အာဒိကိန်း** ဓာတ်ပေါင်းအား **အခံတစ်ကျပ် အသတ်တစ်မူး** နှုန်းဖြင့် ကျွေး၍ အဆင့်ဆင့် တက်ရသည်။

ပြီးက မဇ္ဈိုကိန်း ဆင်ထားသည့် ဓာတ်ပေါင်းကို တစ်မူး၊ တစ်မတ်နှုန်းဖြင့်ကျွေး၍ နောက်ဆုံးတွင် **အဝသာန်ကိန်း** ဆင်ထားသည့် ဓာတ်ပေါင်းကို ကျွေးရမည် ဖြစ်ပါသည်။

ယခု တင်ပြခဲ့သည့် ဓာတ်ဆင်အတိုင်း အဆင့်ဆင့်ကျွေး၍ တက်သွားပါက ထွက်ရပ်လမ်းသို့ မလွဲမသွေ ရောက်နိုင်ကြောင်း ဆရာကြီး ဦးစံမြင့်က လမ်းညွှန်ပေးခဲ့ပါသည်။

လမ်းကြီးဖြစ်၍ လွယ်လွယ်နှင့်တော့ မပြီးမြောက်နိုင်ပါ။ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာဖြင့် စဉ်ဆက်မပြတ် လျှောက်လှမ်းဖို့ အရေးကြီးပါသည်။

ဓာတ်ကြီးအနေနှင့် (၄)ဆင့်မှ စတင်၍ ထူးခြားမှုများ တွေ့ရပါသည်။ အင်္ဂရတ်ပညာရှင်များအနက်မှ စိတ်ဝင်စားသူများ လက်တွေ့ ဆောင်ရွက်နိုင်ကြပါစေရန် စေတနာအမှန်ဖြင့် ရေးသားဖော်ပြလိုက်ပါသည်။

**(ဤဆောင်းပါးဖြင့် ကျေးဇူးရှင်ဆရာကြီးများအားလုံးကို ဦးညွှတ်ဂါရဝ ပြုပါ၏။)**

**အောင်သန့်(ပုသိမ်ကြီး)**

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ

# ကျန်းမာရေး အတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရသာ | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | နှလုံး | အနီ | ၉ | ပြောင်း | အခါး | တောင် | မြင်း၊ ခွေး၊ ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နွား | အူမ | ရွှေဝါ | ၇ | ဆန် | အစပ် | အနောက် | ကြက်၊ နွား၊ မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ |
| ကျား | အူမ | ရွှေဝါ | ၇ | ဆန် | အစပ် | အနောက် | ကြက်၊ နွား၊ မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ |
| ယုန် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | ဆိတ်၊ ဝက်၊ ယုန် | စနေသားသမီး | တနင်္လာနေ့ |
| နဂါး | အသည်း | အစိမ်းနု | ၃ | ဂျုံ | အချဉ် | အရှေ့ | ယုန်၊ ဆိတ်၊ ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| မြွေ | အသည်း | အစိမ်းနု | ၃ | ဂျုံ | အချဉ် | အရှေ့ | ယုန်၊ ဆိတ်၊ ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| မြင်း | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အချို | အရှေ့မြောက် | ကျား၊ မြင်း၊ ခွေး | တနင်္လာသားသမီး | စနေနေ့ |
| ဆိတ် | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်၊ နဂါး၊ မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မျောက် | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်၊ နဂါး၊ မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ကြက် | အဆုတ် | အဖြူ | ၆ | ဆန် | အစပ် | အနောက်မြောက် | ဝက်၊ ယုန်၊ ဆိတ် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ခွေး | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | နဂါး၊ ကြွက်၊ မျောက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ဝက် | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | မြွေ၊ ကြက်၊ နွား | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |

* * *

**၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် ယုန်နှစ်ဖွား၊ မြင်းနှစ်ဖွားနှင့် ဆိတ်နှစ်ဖွားတို့မှာ** ကျန်းမာရေး ညှိဖျင်းတတ်ပါသည်။ ဤလအတွင်း **ယုန်နှစ်ဖွားအတွက်ဖယားကို** ရှင်းပြပါမည်။

ယုန်နှစ်ဖွားတို့မှာ သရက်ရွက်နှင့် ပတ်သက်သော ရောဂါဝေဒနာများ ဂရုစိုက်၍ ကာကွယ်ကုသပါ။ မြေဝါရောင်၊ (၂)ဂဏန်းတို့ ကံလာဘ်ပွင့်လင်းစေပါမည်။ ချိုသောအရသာ၊ ကောက်ညှင်းနှင့် ပြုလုပ်ထားသော စားဖွယ်များနှင့် သင့်လျော်ပါသည်။

အနောက်တောင်ထောင့် အရပ်



ကံပွင့်ကံကောင်းစေ၍ ဆိတ်၊ ဝက်၊ ယုန်နှစ်ဖွားတို့မှာ ကောင်းကျိုးပေးမည့် မိတ်ဖက်များ ဖြစ်ကြသည်။

**အရေးကိစ္စ တစ်စုံတစ်ရာ ကြုံဆုံရပါက** စနေသားသမီးတစ်ဦးက ကူညီပေးနိုင်ပါလိမ့်မည်။ တနင်္လာနေ့ နေ့ကောင်းနေ့မြတ်ဖြစ်သည်။ ကျန်းနှစ်ဖွားများ ဤအတိုင်း ကောက်ချက်ချစေလိုပါသည်။

***အာရောဂျ ဆုလာဘ်နှင့် ပြည့်ဝကြ စေ၊***

**ဟူကျင်းဇီ** (*Hu Jin Zhi*)



www.burmeseclassic.com

www.burmeseclassic.com

ဓါတ်ပင်မစားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။

* * *



ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **ကချင်ပြည်နယ်၊ ဗန်းမော်ဒေသက အသက်လေးဆယ်ကျော် အမျိုးသမီးတစ်ဦး** ဖြစ်ပါတယ်။


အိမ်ထောင်ရေး ကံမကောင်းဘူးတဲ့၊ သူ့ခင်ပွန်းက တခြားမိန်းမတွေနဲ့ ခဏခဏ ရှုပ်ထွေးတယ်တဲ့။

**"ကြည်ကြည်စန်း"**ဆိုတဲ့ သူမရဲ့ နာမည် အပြည့်အစုံကို အင်္ဂလိပ်အက္ခရာနဲ့ လက်မှတ်ထိုးတာ ဖြစ်ကြောင်း သိရတယ်။

ထိုးမြဲလက်မှတ်သင်္ကေတ အဓိပ္ပာယ်အရဆိုရင် လက်မှတ်အောက်မှာ **အပြိုင်သင်္ကေတတွေ များနေတာ မကောင်းပါဘူး။** လက်မှတ်အပေါ်မှာ အင်္ဂလိပ် အက္ခရာ"2"တင်ထားတာလဲ မကောင်းပါဘူး။

**၁၃၃၀ ပြည့်နှစ်၊ တနင်္လာနေ့ဖွား** ဖြစ်လို့ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရာတိုင် ချကြည့်ရင်...

* * *[နံပါတ်–၁] ——→



တနင်္လာသိုက်ဖွားကို **တနင်္လာအစ၊ အင်္ဂါအဆုံး** မွေးနံကို အညွှန်းအုပ် နာမည်ပေးနည်းမှန်ပေမယ့် **သိုက်+မရဏ=ကဋ္ဌ+အနိဋ္ဌ** နာမည်ဖြစ်လို့ နာမည်ညံ့ပါတယ်။ နာမက္ခရာတိုင်စဉ်မှန်တယ်။

ဒီနာမည်ကို လက်မှတ်အပြည့်ထိုးဖို့ မကောင်းဘူး။ သိုက်ဌာနမှာရှိတဲ့ တနင်္လာနံ အက္ခရာစာလုံး"**ကြည်**" တစ်လုံးသာ လက်မှတ်ထိုးသင့်တယ်။

* * *




❖ ကြိုက်ပုံ ငွေအိတ်သင်္ကေတ ထည့်ပါ။

❖ ပွင့်ဖတ်(၄)ခုဖြစ်စေ၊(၅)ခုဖြစ်စေ၊(၈)ခုဖြစ်စေပါတဲ့ ပန်းပွင့်သင်္ကေတထည့်ပါ။ လက်မှတ်အောက်က မျဉ်းမသားသင့်ဘူး။

❖ ပွင့်ဖတ်(၈)ခုကတော့ အကောင်းဆုံး ဖြစ်ပါတယ်။


၂။

* * *



ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **ရေနံမြို့ဇာတိ အသက်သုံးဆယ်ကျော် အမျိုးသား တစ်ဦး ဖြစ်ပါတယ်။**

ပြည်ပနိုင်ငံခြား သွားရောက် လုပ်ကိုင်ဖို့ ဖြေဆိုရတဲ့စာမေးပွဲ ခဏခဏ ကျရှုံးနေလို့ ကျွန်ုပ်ရဲ့ လက္ခဏာ ဗေဒင်ဟောခန်းကို လာရောက် တွေ့ဆုံသူ



www.burmeseclassic.com

ဖြစ်ပါတယ်။

လက်မှတ်သင်္ကေတမှာ ကြည့်ရင် အပြိုင်သင်္ကေတတွေ လက်ဝဲဘက် စောင်းနေတာတွေ အောက်မှာ မျဉ်းတို ပိတ်၊ အစက်ချထားတွေဟာ မကောင်းပါဘူး။

ကြိုးစားသလောက် ခရီးမရောက်၊ အယှဉ်အပြိုင်တွေ ရှုံးနိမ့်တတ်တဲ့ သင်္ကေတမျိုးတွေ ဖြစ်ပါတယ်။

**"ဝင်းဇော်သန်း"**ဆိုတဲ့ နာမည် စာလုံး သုံးလုံးထဲက နောက်ဆုံးစာလုံး ဖြစ်တဲ့ **"သန်း"**ကို အင်္ဂလိပ်အက္ခရာ စာလုံးနဲ့ လက်မှတ်ထိုးထားကြောင်း ပြောပြတယ်။

**၁၃၄၀ ပြည့်နှစ်၊** တပေါင်းလ၊ ဗုဒ္ဓဟူးနေ့မွေးသူဖြစ်လို့ မူလမဟာ ဘုတ်ခွင်၊ နာမက္ခရတိုင်ချကြည့်ရင်...

* * ***[နံပါတ်–၂]**



❖ လက်မှတ်ရဲ့အညွန့်နေရာမှာ မြားဦးသင်္ကေတ ထည့်ရမယ်။


❖ လက်မှတ်အောက်က မျဉ်းမတားရဘူး။

၃။

* * *



ယခုလဲအတွက် နံပါတ်(၃)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ် ပိုင်ရှင်ကတော့ **အသက်နှစ်ဆယ်**




ဗုဒ္ဓဟူးပုတိဖွားကို **ပုတိ+ဘင်္ဂ+မရဏ= အနိဋ္ဌ** နာမည်ပေးထားတယ်။ နာမည် အလွန်ညံ့တယ်။ နာမက္ခရတိုင်စဉ် မှန်တယ်။ ထိုးမြဲလက်မှတ်က...

မရဏဌာနရှိ သောကြာနံအက္ခရာ စာလုံးဖြစ်လို့ မကောင်းဘူး။ ပုတိဌာနက ဗုဒ္ဓဟူးနံအက္ခရာစာလုံး တစ်လုံးတည်း လက်မှတ်ရွေးထိုးသင့်တယ်။

* * *

**ကျော် မိန်းမပျိုလေးတစ်ဦး** ဖြစ်ပါတယ်။


**"မြတ်ဇူလိုင်"**ဆိုတဲ့ နာမည်သုံးလုံးကို အင်္ဂလိပ်အက္ခရာစာလုံးတွေနဲ့ လက်မှတ်ထိုးထားကြောင်း သိရတယ်။

လက်ဝဲဘက် စောင်းနေခြင်းဟာ ကြိုးစားသလောက် ခရီးမရောက် ဖြစ်တတ်ပြီး အောက်မှာ အပြိုင်သင်္ကေတရှိခြင်းက အချစ်ရေး၊ အိမ်ထောင်ရေးမှာ အပြိုင်တွေ ပေါ်ပေါက်တတ်တယ်။

ယခုလဲ ပြည်ပနိုင်ငံခြား ပညာသွားသင်ဖို့ကိစ္စနဲ့ အချစ်ရေးကိစ္စတွေ အဆင်မပြေ စိတ်ဆင်းရဲပြီး ကျွန်ုပ်ရဲ့ လက္ခဏာဗေဒင်ဟောခန်းကို ရောက်လာခြင်း ဖြစ်ပါတယ်။

**၁၃၅၂ ခုနှစ်၊ ဝါဆိုလ ကြာသပတေးနေ့** မွေးသူဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်နဲ့ ဝုဒ္ဓိဆွဲကြည့်ရင်...

* * ***[နံပါတ်–၃]**




www.burmeseclassic.com

ကြာသပတေး အဓိပတိဖွားကို **ကြာသပတေးအစ၊ ဗုဒ္ဓဟူးအဆုံး** မွေးနံကို အမြစ်အုပ် နာမည်ပေးမှားနေတယ်။ **အဓိပတိ+မရဏ**ဖြစ်လို့ အတော်ညံ့တယ်။ ပက္ခမိနေတဲ့ နာမည်ပါပဲ။ နာမက္ခရတိုင်စဉ်ရော ဝုဒ္ဓိပါ မှားတယ်။

ဒီနာမည်အတိုင်းဆိုရင်တော့ သိုက်ဌာနမှာရှိတဲ့ အင်္ဂါနံအက္ခရာစာလုံး "ဇ"တစ်လုံးတည်းကိုသာ လက်မှတ်ရွေးထိုးသင့်တယ်။


* * *



"Z"ဆိုတဲ့ အက္ခရာကို အောက်ခြေပြားငွေအိတ်ပုံနဲ့ ပွင့်ဖတ်(၅)ခုပါတဲ့ ပန်းပွင့်သင်္ကေတပါအောင် လက်မှတ်ထိုးရမယ်။ လက်မှတ်အောက်ကတော့ မျဉ်းမသားရဘူး။

၄။


* * *



ယခုလအတွက် နံပါတ်(၄)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မန္တလေးမြို့က အသက်သုံးဆယ်ကျော် အမျိုးသားတစ်ဦး** ဖြစ်ပါတယ်။

**"တင်မောင်"**ဆိုတဲ့ နာမည်နှစ်လုံးတွဲကို မြန်မာအက္ခရာစာလုံးနဲ့ လက်မှတ်ရေးထိုးထားကြောင်း သိရတယ်။

လက်မှတ်သင်္ကေတကို ကြည့်ရင်



**အလုံးကြီးတစ်လုံးက လက်မှတ်ပေါ်မှာ ဖိနေတယ်။** ဒါကြောင့် အလုပ်ဖိ၊ တာဝန်ဖိဖြစ်နိုင်တဲ့အပြင် အကြွေးတွေပါ ဖိနေနိုင်တယ်။

အခုလဲ လုပ်ငန်းက ငွေတွေကို ယူသုံးထားမိလို့ သိန်းရာချီ အကြွေးဖိနေတယ်။ အဲဒီငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စ ဘာပြဿနာမှ မပေါ်အောင်၊ အမြန်ဆုံး အဆင်ပြေသွားအောင် ယတြာအစီအရင် လာရောက် တောင်းခံသူ ဖြစ်ပါတယ်။


**မြန်မာသက္ကရာဇ် ၁၃၄၀ ပြည့်နှစ်၊ ကဆုန်လ၊ စနေနေ့**မွေးသူဖြစ်လို့ မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်၊ ဝုဒ္ဓိတို့ချကြည့်ရင်...

* * ***[နံပါတ်–၄]** ⟶

စနေသား အဓိပတိဖွားဖြစ်သူကို **စနေအစ၊ ကြာသပတေးအဆုံး အဓိပတိ+သိုက်** နာမည်ပေးထားတာ ဣဋ္ဌ+ဣဋ္ဌ ဖြစ်ပေမယ့် နာမက္ခရတိုင်များ၊ ဝုဒ္ဓိများဖြစ်နေတယ်။ အတွင်းရန် ဓာတ်လဲ ဖြစ်နေတယ်။ ဒါကြောင့် ဒီနာမည်ကို လက်မှတ်နှစ်လုံးထိုးဖို့ မသင့်ဘူး။

**"တင်"** တစ်လုံးတည်း ထိုးတာ ပိုကောင်းမယ်။


* * *



လက်ရှိ အလုပ်နေရာမှာ ခိုင်မြဲပြီး၊ အစွပ်အစွဲ၊ အတိုင်အတော၊ ဘေးဥပဒ်အမှုအခင်းတွေ မဖြစ်ပေါ်ရအောင်၊ တြိဂံပုံ ငွေအိတ်သင်္ကေတပါအောင် လက်မှတ်ထိုးပါ။ လက်မှတ်အောက်က မျဉ်းမသားရပါဘူး။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီးဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

# သင်္ကေတများ၏

ဘာသာစကား(၄၂)

ဟူကွင်းဇီ

## နေရောင်ကာ(Sun-Shade)

ပြတင်းပေါက်များနှင့် အဖီအဆွယ်၊ ကဲလားများတွင် နေရောင်ကို ကာကွယ်ပေးသော အမိုးစွန်းကလေးဖြစ်သည်။

လမ်းဘေးဈေးဆိုင်များတွင် အသုံးပြုလေ့ရှိသော မြေစိုက်ထီး၊ ဆွမ်းလောင်းတဲ (မွန်ပြည်နယ်ဒေသများတွင် လမ်းဆုံလမ်းခွများ၌ သံဃာတော်များအား ဆွမ်းလောင်းလှူနိုင်ရန် အခင်းအကာမဲ့ အမိုးဇရပ်များ ဆောက်လုပ်ထားလေ့ရှိရာ ယင်းတို့ကို "**ဆွမ်းလောင်းတဲ**" ဟု ခေါ်ကြသည်။


ဆွမ်းကိစ္စအပြင် ခရီးသွားများပါ နားနေနိုင်ရန် ရည်ရွယ်၍ **ခါးပြတ်အခင်း (လမ်းအပြည့်မဟုတ်ဘဲ နံဘေးနေရာ အနည်းငယ်ကို ကွပ်ပျစ်ခင်းထားခြင်း)များလည်း ပြုလုပ်ထားတတ်ကြသည်။**

**အဓိကရည်ရွယ်ချက်မှာ မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ဆွမ်းကို အဆင်ပြေစွာ လောင်းလှူနိုင်ရန် ဖြစ်သည်။)** လုံခြုံရေးအစောင့်တဲ စသည်တို့လည်း ဤသဘော သက်ရောက်သည်။ နေရောင်ကို (အတန်အသင့်)ကာကွယ်ထားသော ပစ္စည်းကို ဆိုလိုသည်။

ဤသင်္ကေတသည် ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ပမာ အားကိုးအားထားပြုနိုင်မည့် မျှော်လင့်ချက်ရောင်နီဟု အဓိပ္ပာယ် ဖွင့်ဆိုသကဲ့သို့ ဘေးရန်အန္တရာယ် အသွယ်သွယ်မှ ကာကွယ်ပေးခြင်းဟုလည်း အနက်ဆောင်သည်။

ဤသင်္ကေတ၏ မူလဇစ်မြစ်မှာ တရုတ်ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ **သာသနာ့ဘောင်မှ ရတနာရှစ်ပါး** Fó Mèn Bā Bǎo (ဖော့မဲန်ပါးပေါင်) အပါအဝင်ဖြစ်သော **ရတနာထီး** Bǎo Sǎn (ပေါင်းစန်)ကို အခြေပြုခြင်းဖြစ်သည်။

***



ပုံသဏ္ဍာန်မှာ မြန်မာ့ရေမြေ ထုံးဓလေ့တွင် မြင်တွေ့ရလေ့ရှိသော ထီး၏ အနားရေးပတ်လည်တွင် အမြိတ်ရှည်ချထားသည့်ပုံ ဖြစ်သည်။

တရုတ်နှင့် ကိုးရီးယား၊ ဂျပန်၊ ထိုင်း စသည့် နေရာဒေသများ၌ အသုံးပြုကြသော ရိုးရာဓလေ့သုံး ထီးဖြစ်သည်။ လေးထောင့်ပုံစံ (နံဘေးမြင်ကွင်း)က မြေခေတ်၏ပုံစံ မိခင်၊ မူလဟု အဓိပ္ပာယ်ရသည်။

မြေခေတ်သည် မိခင်၏ သားအိမ်ကိုလည်းကောင်း၊ သက်ရှိသက်မဲ့ အားလုံးတို့၏ ပြုပြင်ပြောင်းလဲနေခြင်း (အနိစ္စ) သဘောကို လည်းကောင်း သဘာဆောင်သည့် အားလျော်စွာ လူသားတို့သည် မြေ(မိခင်၏ ဝမ်းကြာတိုက်)မှ လာ၍ မြေ(အနိစ္စသဘောသို့ လိုက်နာသက်ရောက်ခြင်း)သို့ သွားသည်ဟု ဆိုကြ၏။

မြေခေတ်ကား (လူ့ဘဝ)ခဏတာ ကွန်းခိုရာ နေရာတစ်လျှောက်ကို ပိုင်စိုးသဖြင့် ဘေးကင်းလုံခြုံခြင်း၊ မျှော်လင့်ချက်ပြည့်ဝခြင်းသဘောကို ဆောင်ပေသည်။

ယင်းတွင် **ယောက်ျားအာဇာနည် (လောကသုံးပါးတွင် တုနှိုင်းမဲ့သူမြတ်စွာဘုရားရှင်ကို ရည်ညွှန်းခြင်းဖြစ်သည်။)**၏ မြင့်မြတ်သော အဆင်တန်ဆာဖြစ် ဂုဏ်ရည်ပေါင်းစပ်ကာ အဘယနိမိတ်ဆောင် သင်္ကေတ ဖြစ်လာရလေသည်။

## ငန်း(Swan)



နက်နဲရှုပ်ထွေးလှသည့် အဓိပ္ပာယ်များ သက်ဝင်နေသော သင်္ကေတဖြစ်သည်။ ရှေးအခါက အပိုလိုနတ်ဘုရားထံ ဆက်သွယ်ပေးသည့် စေတမန်ဟု ယူဆသုံးစွဲကြသည်။

ငန်းသည် ဂီတကို ပိုင်စိုးသော နတ်ဘုရား ဖြစ်သည်။ အလားတူပင် အခြားယုံကြည်မှုတစ်ရပ်မှ ၁ ငန်းသည် ချိုမြိန်သာယာသော တေးသွား ဂီတများကို ဖန်ဆင်းကာ တမလွန်သို့ လမ်းပြပေးသည်ဆို၏။

သေကောင်ပေါင်းလဲ ခံစားနေသော (ခက်ခဲကြီးမားသည့်ရာဂ ဝေဒနာ ဖိစီးနှိပ်စက်ခြင်း ခံစားနေသော) နာတာရှည်ဝေဒနာရှင်များအတွက် အဆိုပါ ပိဋကတ်ကြီးမှ ကင်း

www.burmeseclassic.com

လွတ်ငြိမ်းမြောက်ရာ တမလွန်ဘဝသို့ လမ်းညွှန် ပို့ဆောင်ပေးသည်ဟု ယုံကြည်ကြ၏။

အနီရောင်ငန်းသည် သူရိယနေမင်းကို ကိုယ်စားပြု၍ အဖြူရောင်ငန်းမှာ သောကြာဂြိုဟ်မင်း (အချစ်နတ်သမီး) ကို ရည်ညွှန်းသည်။

**"ငန်းတို့သံစဉ်"**ဟု ဆိုလျှင်ကား တစ်စုံတစ်ယောက်၏ နောက်ဆုံးဘဝခရီးကို လျှောက်လှမ်းအပြီးသတ်ခြင်း၊ ဘဝတစ်ပါးသို့ ကူးပြောင်းသွားခြင်းကို ဖော်ပြသည်။

အဂ္ဂိရတ်ပညာတွင်ကား "ငန်း" သည် "ပြဒါး"ကို ရည်ညွှန်းခြင်း ဖြစ်လေသည်။ "ဂဏိတဗေဒ"၊ အတွက်အချက်ဆိုင်ရာ သင်္ချာပညာရပ်တွင်မူ ကောင်းမွန်ပြည့်စုံသောအဖြေကို ထုတ်ဖော်နိုင်ခြင်း၊ အမေးပုစ္ဆာအား အကျယ်တဝင့် တွက်ချက်ဖြေရှင်း ပြီးစီးခြင်းအတွက် ကိုယ်စားပြုလေသည်။

ငန်းကို ယေဘုယျအားဖြင့် တမလွန်ဘဝ၊ ဇီဝအသက်ချုပ်ငြိမ်းခြင်းနှင့် ပတ်သက်၍ ကိုယ်စားသင်္ကေတအဖြစ် သုံးစွဲလေ့ရှိရာ မြွေ(သို့မဟုတ်) စောင်း(ဗျပ်စောင်း)နှင့် ငန်းကို ယှဉ်တွဲ ဖော်ပြပါက သေခြင်းတရားမှ ဖဲခွာလွတ်မြောက်ခြင်း၊ အာယုဒါယအသက်ကို စောင့်ရှောက် ဆက်စပ်ပေးခြင်း ဟူသော စိတ်ပိုင်းဆိုင်ရာ အခြေအနေတစ်ရပ်ကို ဖော်ညွှန်း၏။

ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အယူဓလေ့တွင်ကား ငန်းသည် ရေနှင့်မီးကို ဆက်သွယ်ပေးသည့် ဝင်ရိုးအလယ်မှတ်ဟု ဆို၏။ **ဗျပ်စောင်းနှင့် ဥဒေါင်းတို့မှာ မြေနှင့်လေတို့၏ ဆက်သွယ်ချက်ဖြစ်ကြ၏။**

နေနတ်မင်းကြီးသည် နေ့အခါတွင် အချိန်ယန္တရားကို မြင်းအား မောင်းနှင်စေ၍ ညအခါတွင် ငန်းအား မောင်းနှင်ရန် တာဝန်ပေးစေခိုင်းသည်ဟု ဆိုကြလေသည်။

## ဆွာစတိကာ(Swastika)



သင်္သကရိုက်ဘာသာမှ တည်မှီ ဖြစ်ပေါ်လာသော သင်္ကေတဖြစ်သည်။ ကမ္ဘာ့ နေရာအနှံ့အပြားတွင် ဤသင်္ကေတကို တွေ့ရလေ့ရှိသည်။ ဗြိတိန်၊ အိုင်ယာလန်၊ မိုင်ဆန်နေးနှင့် ဂစ်စကိုနီဒေသ ရှေးဟောင်းအဆောက်အအုံများ၌လည်း တွေ့ရတတ်သည်။

**အီတရုစကန်**(Etruscan) ဒေသ ဟိန္ဒူဘာသာဝင်များက အများဆုံး အသုံးပြုခဲ့ကြသည်။

ဆစ်လူမျိုး၊ ဂျာမန်လူမျိုးတို့နှင့် အာရှ အလယ်ပိုင်းဒေသ ကိုလံဘီယာ အမေရိကဒေသများ၌ လည်းကောင်း၊ ဂရိလူမျိုးများက လည်းကောင်း သုံးစွဲကြ၏။

ဂရိတို့က ယင်းသင်္ကေတကို ဆွာစတိက သို့မဟုတ် တက်ထရာစကေလီယန် Tetraskelionဟု ခေါ်ကြ၏။ ဂမ္မာဒီယမ်ဟုလည်းခေါ်၏။ 卍 ပုံသဏ္ဌာန်အရ ဂမ်မာ(Γ) နှစ်ခု ကြက်ခြေခတ်ထားသော ပုံစံရှိခြင်းကြောင့် ဖြစ်၏။

သံခေတ်ကာလက ဤသင်္ကေတသည် တန်ခိုးကြီးမားသော နတ်သမီးတစ်ပါးကို ကိုယ်စားပြုသည်ဟု ယုံကြည်ခဲ့ကြသည်။

ဝင်ရိုး၊ ဆုံမှတ်တွင် ရပ်တည်ကာ လည်ပတ်နိုင်သော သံလိုက်အိမ်မြှောင်နှင့် သဏ္ဌာန်တူနေသဖြင့် ဘဝလမ်းညွှန်သင်္ကေတအဖြစ် ဆွာစတိကကို ဖွင့်ဆိုကြ၏။

ဤတွင် ရေးဆွဲရသည့် ဦးတည်ချက်၊ ပုံသဏ္ဌာန်လားရာအရ 卍 လက်ယာရစ်နှင့် 卐 လက်ဝဲရစ် ဟူ၍ နှစ်မျိုး ခွဲခြားထားကြ၏။ **(မြန်မာမှုတွင် စကြာနှင့် လုံးဝတူညီသော သင်္ကေတ ဖြစ်ပေသည်။)**

လက်ဝဲရစ်စကြာကို မိမိအတွက်၊ ကျဉ်းမြောင်းသော နယ်ပယ်၊ လျှို့ဝှက်နက်နဲသောပညာရပ်၊ အထူးပြု ရည်ညွှန်းခြင်းဆိုင်ရာတို့အတွက် လည်းကောင်း၊ လက်ယာရစ်စကြာကို အများအကျိုး ပရဟိတဆိုင်ရာ၊ ကျယ်ပြန့်သော လူ့ဘောင်လောက၊ ယေဘုယျဆန်သော၊ လူသုံးများ၍ လူအများနှင့် ထိတွေ့ဆက်ဆံခြင်းတို့အတွက် လည်းကောင်း ရည်ညွှန်းသုံးစွဲခဲ့ကြ၏။

အလယ်ခေတ်ကာလတွင် (စကြာ) ဆွာစတိကသည် အလွန်ကျယ်ပြန့်စွာ သုံးစွဲသောသင်္ကေတတစ်ခု ဖြစ်လာသည်။ ရွေ့လျားဖြစ်မြောက်ခြင်းနှင့် ဘာဏုရာဇ်အနေမင်း၏ မဟာစွမ်းအင်အဖြစ် တင်စားခဲ့ကြ၏။

တစ်ချိန်တည်းမှာပင် မူလ၊ ဗဟိုအင်အားစုများကို လေးပြင်လေးရပ်သို့ ခွဲခြမ်းစိတ်ဖြာ ပျံ့နှံ့သွားခြင်း၏ သင်္ကေတအဖြစ်လည်း သုံးနှုန်းကြ၏။

**ဆွာစတိက**(စကြာ)သည် ခြေထောက် လေးချောင်းဆိုင်ကာ အရပ်လေးမျက်နှာသို့ ဦးတည်နေသည့်ပုံစံရှိသောကြောင့် ဖြစ်သည်။


နက္ခတ္တပညာရပ်တွင်မူ စကြဝဠာ၏ မူလ ဗဟိုချက်ဆုံရပ်အဖြစ် သင်္ကေတပြုကြ၏။ အလယ်ဗဟို(ကြက်ခြေ)ဆုံရပ်သည် မျိုးနွယ်ဆက်ဆောင် ပေါက်


စာမျက်နှာ (၂၀၀) သို့

www.burmeseclassic.com

သုံးထောက်ခြောက်ဘုမ္မိခေါ် ဂြိုဟ်စားသက်ရောက်တို့၏

# အညံ့ဆုံးနှစ် တွက်နည်း



ကောင်းခ (သခွတ်မြေ)
ဝက်လက်

လွန်ခဲ့သည့် နှစ်ပေါင်း လေး,ငါး ဆယ်ခန့်က ကျေးလက်ဘုန်းတော်ကြီးကျောင်းတို့တွင် ကျောင်းသား၊ ကိုရင်၊ တပည့်ပေါင်းများစွာ မွေးမြူကာ လောကီ နံနက်ခင်းနေခြည်နုနု၏ အောက်တွင်…

'နောင်… ဝေ… ဝေ… ဝေ… ဆွမ်းတော်ဗျို့'

ဟု ရွာလမ်းတစ်လျှောက် သာယာနာပျော်ဖွယ်အသံနှင့် ဆွမ်းခံလေ့ရှိသော မောင်ကျောင်းသားနှင့် ကိုရင်တို့၏ အသံသည်လည်း ယခုအခါ၌ ပျောက်ကွယ်လုနီးနီး ရှိခဲ့လေပြီ။

ခေတ်ကာလတွေ ရွေ့လျားလာသည်နှင့်အမျှ သိပ္ပံပညာတို့သည်လည်း အလွန် ထွန်းကားလာခဲ့ရာ ယခု မျက်မှောက်ခေတ်မှာတော့ ကလေးသူငယ်တို့သည်လည်း အတန်းပညာသင် ကျောင်းများမှာသာ ပညာသင်ကြားနေကြသဖြင့် ကျေးလက်ဘုန်းတော်ကြီးကျောင်းတို့တွင် ကျောင်းသား၊ ကိုရင် နည်းပါးလာတော့၏။

မိမိတို့၏ သားသမီးများအား ခေတ်ပညာတတ်ဘွဲ့ရလေးတွေ ဖြစ်စေချင်သော မိဖတို့၏ စေတနာကိုလည်း အပြစ်တော့ မဆိုချင် မဆိုသင့်။

သို့သော်လည်း ယဉ်ကျေးလိမ္မာ ဘာသာရေး ကိုင်းရှိုင်းသူလေးတွေ ဖြစ်လာအောင် နွေကျောင်းပိတ်ရက်တွေမှာတော့ ဘုန်းတော်ကြီးကျောင်းသို့ ပို့ဆောင်အပ်နှံကာ ဘုရားရှိခိုးမှ အစ ဘာသာရေးစာပေတို့ကို တတ်မြောက်အောင် သင်ကြားပေးသင့်ကြပါသည်။

စာရေးသူတို့ ငယ်စဉ်ကဆိုလျှင် ရှင်မပြုသေးမီ၌ ဘုန်းတော်ကြီးကျောင်းတွင်သာ နေစေ၍ ရှင်လူထွက်မှ အတန်းကျောင်းသို့ ပေးထားလေ့ရှိကြ၏။

ထို့ကြောင့် ဘာသာရေးစာတို့ကိုလည်း စာရေးသူအနေနှင့် သင်ယူခဲ့ရပါသည်။ စာရေးသူ နေခဲ့သော ကျောင်းသည် လောကီ လောကုတ် နှစ်ဖြာသော ပညာတို့ကို သင်ကြားပေးခဲ့၏။

လောကီပညာရပ်တစ်ခု ဖြစ်သည့် ဗေဒင်ပညာ အခြေခံဖြစ်သော မဟာဘုတ် သက်ရောက်ဂြိုဟ်စားတွက်နည်း အဟောတို့ကို လည်းကောင်း၊ ဂြိုဟ်… ၏ မိတ်ရန် ဥဒါသိန် စသဖြင့် လည်း… ကောင်း…

ဆောင်ရန်ရှောင်ရန် ပစ္စည်းနေ… လောကီရေးရာ အမျိုးမျိုးတို့ကို လ… များနှင့် သင်ယူခဲ့ကြရ၏။

ထို သင်ယူခဲ့သော နည်းတွေ… ယခု တင်ပြမည်ဖြစ်သော **ဂြိုဟ်စား… သက်ရောက်တို့၏ အညံ့ဆုံးန… တွက်နည်း**ကို ဝါသနာအရ လေ့… ဖတ်ရှုလိုသော သူတို့အတွက် ရေး… လိုက်ရပါသည်။

## သုံးထောက်ခြောက်ဘုမ္မိလင်္ကာ

'ဥလှူရှာ… ကြာတောသား… စမ္မာအေ… လေးရှာက… မြို့လှ… သူဇမော… ထောင်သာစွ'

အထက်ပါလင်္ကာ၏ အဓိပ္ပာယ်… မှာ…

| | | | | | |
|---|---|---|---|---|---|
| ၁နွေ၏ | ဘုမ္မိသည် | ၄ဟူး။ | ၄ဟူး၏ | ဘုမ္မိသည် | ရာဟု |
| ၂လာ၏ | ဘုမ္မိသည် | ၈နေ။ | ၈နေ၏ | ဘုမ္မိသည် | ၆ကြာ |
| ၃ဂါ၏ | ဘုမ္မိသည် | ၅တေး။ | ၅တေး၏ | ဘုမ္မိသည် | ၁နွေ |
| ၄ဟူး၏ | ဘုမ္မိသည် | ရာဟု။ | ရာဟု၏ | ဘုမ္မိသည် | ၂လာ |
| ၅တေး၏ | ဘုမ္မိသည် | ၁နွေ။ | ၁နွေ၏ | ဘုမ္မိသည် | ၄ဟူး |
| ၆ကြာ၏ | ဘုမ္မိသည် | ၃ဂါ။ | ၃ဂါ၏ | ဘုမ္မိသည် | ၅တေး |
| ၈နေ၏ | ဘုမ္မိသည် | ၆ကြာ။ | ၆ကြာ၏ | ဘုမ္မိသည် | ၃ဂါ |

ဟူ၍ဖြစ်ပါသည်။

မိမိမွေးနံ၏ ကျရောက်ရာ ဘုမ္မိ… အရပ်ကို သိလိုလျှင် အောက်…

www.burmeseclassic.com

ရေးပြထားသော အဌလက်အိမ်ကို ကြည့်ပါ။

* * *

| | | | | |
|---|---|---|---|---|
| ၁ | | ၂ | | ၃ |
| | ၆ | ၁၅ | ၈ | |
| ၆ | ၂၁ | | ၁၇ | ၄ |
| | ၁၂ | ၁၉ | ၁၀ | |
| ၈ | | ၅ | | ၀ |

ဂြိုဟ်-ဂြိုဟ်သက်နှင့် အဌလက်အိမ်

မိမိမွေးနံ့အိမ်မှ လက်ယာရစ် လှည့်၍ထောက်ပါ။ လေးတန့်ကျသော အိမ်ရှင်ဂြိုဟ်သည် မိမိ၏ ဘုမ္မိဂြိုဟ် ဖြစ်ပါသည်။

ထိုအဌလက်အိမ်မှ အပြင်ဂဏန်းတို့သည် အိမ်ရှင်ဂြိုဟ်တို့ဖြစ်၍ အတွင်းဂဏန်းတို့မှာ ထိုဂြိုဟ်တို့၏ ဂြိုဟ်သက်များ ဖြစ်ပါသည်။


အဌလက်ဂြိုဟ်အိမ်နှင့် ဂြိုဟ်သက်၊ ဘုမ္မိဂြိုဟ်တို့ကို သိပြီဆိုတော့ ယခု ဂြိုဟ်စားသက်ရောက် တွက်နည်းတို့ကို ဆက်လက် ရေးသားပါမည်။

ဂြိုဟ်စားတွက်နည်း

**တွက်လိုသူ၏ ရောက်သက်ကို ထည့်ပါ။ ထိုသူ၏ မွေးနံ့ဂြိုဟ်သက်မှ စတင်၍ လက်ယာရစ်လှည့်ပြီး နုတ်သွားပါ။** မနုတ်လောက်ရာအိမ်သည် မိမိ၏ ကျရောက်ရာ ဂြိုဟ်စားအိမ် ဖြစ်ပါသည်။

သက်ရောက်တွက်နည်း

တွက်လိုသူ၏ ရောက်သက်ကို ထည့်ပြီး(၈)နှင့်စားပါ။ အကြွင်းအတိုင်း မွေးနံ့အိမ်မှ စတင်၍ လက်ယာရစ် လှည့်ထောက်သွားပါ။ ကျရောက်ရာ အိမ်သည် မိမိ၏ သက်ရောက်ဂြိုဟ်



အိမ် ဖြစ်ပါသည်။

***(နောက်ပိုင်းတွင် ရှင်းလင်းစွာ သိစေရန် ဥပမာ တွက်ပြပါဦးမည်။)***

အထက်တွင် ပြဆိုခဲ့သည့် လက်ာ အတိုင်း ဂြိုဟ်စားသက်ရောက်တို့၏ အညံ့ဆုံးနှစ် အဟောတို့ကို ရေးပြပါမည်။

ဂြိုဟ်စားသက်ရောက်
အညံ့ဆုံးနှစ်အဟော

၁။ **(ဥလုရွာ) ၁နွေသားသည် ၄ဟူး ဂြိုဟ်စား၍ ရာဟုသက်ရောက် သောနှစ်နှင့် ကြုံမှု...**

၁နွေ မီးဓာတ်ကို ၄ဟူး ရေသတ်၍ လည်းကောင်း၊ ၄ဟူး ရေကို ရာဟု လေမုန်တိုင်း တိုက်ခတ်၍ လည်းကောင်း **ထိုနှစ်သည် ၁နွေသား အတွက် အညံ့ဆုံးနှစ်** ဖြစ်ပါသည်။

၂။ **၂လာ သားသမီးသည် စနေဂြိုဟ်စား၍ ၆ကြာ သက်ရောက်မှု...**

၂လာ မြေဓာတ်ကို စနေ မီးလောင်ကျွမ်းစေ၍ စနေ မီးဓာတ်ကို ၆ကြာ ရေက ဖျက်ဆီး၍ **ထိုနှစ်သည် ၂လာ သားအတွက် အညံ့ဆုံးနှစ်** ဖြစ်ပါသည်။

၃။ **၃ဂါ သားသမီးသည် ၅တေးသို့ ဂြိုဟ်စား၍ ၁နွေသို့ သက်ရောက်မှု...**

၃ဂါ လေဓာတ်သည် ၅တေး မြေဓာတ်ကို လွင့်အောင်မတိုက်နိုင်၊ ၅တေး မြေဓာတ်ကို ၁နွေ မီးဓာတ်သည် လောင်ကျွမ်း ဖျက်ဆီးနိုင်သောကြောင့် **ထိုနှစ်သည် ၃ဂါသားအတွက် အညံ့ဆုံးနှစ်** ဖြစ်ပါသည်။

၄။ **၄ဟူး သားသမီးတို့သည် ရာဟု ဂြိုဟ်စား၍ ၂လာ ဂြိုဟ်သက်ရောက်နှစ်နှင့် ကြုံမှု...**

၄ဟူး ရေဓာတ်သည် ရာဟု လေမုန်တိုင်းဒဏ်ကို မခံနိုင်၊ ၂လာ မြေဓာတ်ကို ရာဟုမုန်တိုင်းက လွင့်ရှားအောင် တိုက်ခတ်နိုင်ခြင်းကြောင့် **ထိုနှစ်အတွက် ၄ဟူးသားတို့ ညံ့၏။**

၅။ **၅တေး သားသမီးတို့သည် ၁နွေသို့ ဂြိုဟ်စား၍ ၄ဟူး သက်ရောက်သော နှစ်ဖြစ်မှု...**

၅တေး မြေဓာတ်ကို ၁နွေ မီးဓာတ်က လောင်ကျွမ်း၍ ၁နွေ မီးဓာတ်ကို ၄ဟူး ရေဓာတ်က ဖျက်ဆီးသတ်ဖြတ်သောကြောင့် ထိုနှစ်အတွက် အညံ့ဆုံးနှစ် ဖြစ်၏။

၆။ **၆ကြာ သားသမီးတို့သည် ၃ဂါသို့ ဂြိုဟ်စား၍ ၅တေးဂြိုဟ် သက်ရောက်မှု...**

၆ကြာ ရေဓာတ်သည် ၃ဂါ လေဓာတ်ကို မတွန်းလှန်နိုင်၊ ၃ဂါ လေဓာတ်သည် ၅တေး မြေဓာတ်ကို မလှုပ်ရှားနိုင်သောကြောင့် **ထိုနှစ်အတွက် ၆ကြာသားတို့ ညံ့၏။**

၇။ **စနေသားသမီးတို့သည် ၆ကြာ ဂြိုဟ်စား၍ ၃ဂါ သက်ရောက်ဖြစ်မှု...**

စနေ မီးဓာတ်ကို ၆ကြာ ရေဓာတ်မှ ငြိမ်းသတ်၍ ၆ကြာ ရေဓာတ်ကို ၃ဂါ လေဓာတ်မှ လှုပ်ရှားတိုက်ခတ်နိုင်သောကြောင့် **ထိုနှစ်တွင် စနေသားသမီးတို့သည် အညံ့ဆုံးနှစ်ဖြစ်၏။**

အထက်ပါ တွက်နည်းနှင့် အဟောတို့ကို ကြည့်၍ သဘာဝယုတ္တိအောင် ဟောပြောနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခု လေ့လာသူတို့အတွက် ရှင်းလင်းစွာ သိရှိစေရန် နမူနာအဖြစ် တွက်ပြပါမည်။

**ဥပမာ ။ ။ အသက် (၃၁)နှစ် ရှိ ၁နေ့သားကို တွက်ကြည့်မည် ဆိုပါစို့။**

* * * ——————→

အထက်တွင် ပြဆိုခဲ့သော တွက်နည်းတို့နှင့် အဌလက်အိမ်ဇယားတို့ အတိုင်း ထောက်ကြည့်ရာ **အသက် (၃၁)နှစ်ရှိ ၁နေ့သားသည် ထိုနှစ်တွင် သူ့အတွက် အညံ့ဆုံးနှစ်ပိုင်း** ဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ❂ ဂြိုဟ်စားတွက်ပုံ

| | |
|---|---|
| အသက် | ၃၁ |
| ၁နေ့ဂြိုဟ်သက် | – ၆ |
| | ၂၅ |
| ၂လ်ာဂြိုဟ်သက် | – ၁၅ |
| | ၁၀ |
| ၃ဂီါဂြိုဟ်သက် | – ၈ |
| | ၂ |
| ၄ဟူးဂြိုဟ်သက် | – ၁၇ မနုတ်လောက်သောကြောင့် ၄ဟူးဂြိုဟ်စား |

### ❂ သက်ရောက်တွက်ပုံ

၈ ÷ ၃၁ = ၃
၂၄
၇ အကြွင်းယူရန်

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | (၄) ဂြိုဟ်စား |
| (၈) သက်ရောက် | ၅ | ၀ |

***သုနက္ခတ္တံ ကောင်းသော နက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ။***

***ကောင်းခန့်(သခွတ်မြေ)***
***ဝက်လက်***

စာမျက်နှာ (၁၉၇)မှ အဆက်

ပွားခြင်းဖြစ်၍ ခြေထောက် သို့မဟုတ် လက်မောင်းလေးခုသည် ဖြစ်တည်လာသော မျိုးဆက်သစ်၏ ဘဝနေမှုအဖြစ် အဓိပ္ပာယ်ဖွင့်ကြ၏။

ထို့အပြင်လည်း မူလ ဖြစ်တည်လိုသော ရည်ရွယ်ချက်မူရင်းနှင့် ဖြစ်ပေါ်ရပ်တည်နေရသည့် ပစ္စုပ္ပန်ဘဝအခြေအနေကိုလည်း ရည်ညွှန်းသည်ဟု ဆိုကြ၏။

**ဆွာစတီကကို** (မြန်မာမှုတွင် စကြာဟု ခေါ်သကဲ့သို့) တရုတ်စာပေ ထုံးဓလေ့တွင် Wàn Zì(ဝမ့်ဇိ)ဟု ခေါ်၏။

သောင်းကိန်းအက္ခရာဟု အဓိပ္ပာယ်ရသကဲ့သို့ "မင်း၊ ဘုရင်" ဟုလည်း အနက်ဆောင်၏။ ဖွင့်ဆိုချက်ကား **"သုခအဖြာဖြာ ဖြစ်တည်စေခြင်း"** ဟူ၏။

သကျသာကီဝင် မင်းမျိုးမင်းနွယ်မှ ကျင့်ကြံအားထုတ်=ဗုဒ္ဓဖြစ်လာသော **သကျမုနိ** (Shí Jiā Mù Nī= ရှိကျားမုနီ=သကျမုနိ) ဂေါတမမြတ်စွာဘုရားကိုယ်စားရုပ်ပွားတော်၏ ရင်ညွန့်တွင် ထိုဆွာစတီကစာလုံးကို တန်ဆာဆင် ပူဇော်ထားတတ်ကြသည်။

ဖြည့်ဆည်းတော်မူခဲ့သည့် များပြားလှစွာသော ပါရမီအဟုန်ကြောင့် ဗုဒ္ဓအဖြစ်သို့ ရောက်ရှိ ပွင့်ထွန်းသည့်အခါ လောက (၃၁)ဘုံသားအားလုံးကို သုခဝတီ (နိဗ္ဗာန်ဘုံ)သို့ ပို့ဆောင်ပေးတော်မူသည်ဟု ရည်ညွှန်းခြင်း ဖြစ်သည်။

ထိုဆွာစတီကစာလုံးကို မိမိ၏ နေအိမ်၊ မိသားစု၊ မျိုးရိုးစဉ်ဆက် စည်းလုံး တည်တံ့စေရေးအတွက် တန်ဆာဆင် ပြုလုပ်ထားတတ်ကြသည်။

များသောအားဖြင့် သစ်သား(နီ၊ ဝါ၊ ကြိမ်အပါအဝင်)ဖြင့် ပြုလုပ်ကာ လည်ပတ် လှုပ်ရှားနေစေရန် စီစဉ်ထားရှိတတ်သည်။

သစ်သားခေတ်သည် သတ္တုခေတ်၏ အောင်နိုင်ခြင်း၊ ထိန်းကွပ်ခြင်း Xīng (ခဲ့ယှိုင်း)ဆက်သွယ်မှုခေတ် ဖြစ်သည်။ ငွေကြေးလာဘ်လာဘ အပုံလိုက် ဖြစ်တည်စေ၏။

တစ်နည်းအားဖြင့် သတ္တုခေတ်သည် ငွေကြေးကို သရုပ်မူသကဲ့သို့ စားနပ်ရိက္ခာကိုလည်း ကိုယ်စားပြုရာ နေအိမ်၊ မိသားစု၊ မျိုးနွယ်အတွက် ငွေကြေးလာဘ်လာဘ စားနပ်ရိက္ခာ ဖူလုံကြွယ်ဝစေရေး ရည်ညွှန်းကြခြင်း ဖြစ်သည်။

ပုံသဏ္ဌာန်မှာ 卐 လက်ယာ စကြာပုံစံဖြစ်၏။ အများအကျိုး ဟိတအကျိုး လောကုတ္တရာ ရည်ရွယ်ချက်များအတွက် ဖြစ်ပါက လက်ဝဲရစ်စကြာ 卍 ကို သုံးစွဲနိုင်သည်။

**ဟူဂျင်း**



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဗမ္မာ့အားတိုင်းရင်းဆေးကုခန်း

# ဆရာ ဦးနီတွတ်

(တဆ-၀၄၈၁၉) နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# အနာပဆုပ်ရောဂါ

သိကောင်းစရာများနှင့် ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ မောင်ယဉ်တင့်

ကင်ဆာ (ခေါ်) မြစ်ပွားနာလိုပဲ ကြောက်စရာကောင်းပြီး အသက် အန္တရာယ် ပေးနိုင်တဲ့ အနာတစ်မျိုးက အနာပဆုပ်ရောဂါ ဖြစ်ပါတယ်။ ဆေး ကုသမှု မကျွမ်းကျင်ရင် အသက် အန္တရာယ် ဆုံးရှုံးနိုင်တဲ့ရောဂါ ဖြစ်ပါ တယ်။

အဲဒီ အနာပဆုပ်ရောဂါသာမက အနာရောဂါမျိုးစုံကို ကုသမှု ကျွမ်းကျင် တဲ့ ဆရာကြီး ဦးနီတွတ်ကို သဃ်န်း ကျွန်းမြို့နယ်ရောက်တဲ့အခါ သွား ရောက် ဂါရဝပြု တွေ့ဆုံဆွေးနွေးခဲ့ပါ တယ်။

ဆေးကုသက် နှစ်(၄၀)ကျော် ရှိနေပြီ ဖြစ်တဲ့ ဆရာကြီးဦးနီတွတ်နဲ့ တွေ့ဆုံ ဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက်ပါတယ်။

■ **'ဆရာကြီးနဲ့ ဆွေးနွေးခြင်းဟာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဆွေးနွေးချင်တဲ့ ရောဂါကတော့ ဆရာကြီးရဲ့ ဆေးခန်းမှာ ဦးစားပေး ကုသနေတဲ့ အနာပေါက်ရောဂါတွေ ထဲက အနာပဆုပ်ရောဂါအကြောင်း ကို ဆွေးနွေးချင်ပါတယ်။ ခု ပထမ အနာပဆုပ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ပြောပြ ပေးပါဆရာ'**



ဆရာကြီး ဦးနီတွတ်(တဆ-၀၄၈၁၉)

❒ 'အနာပဆုပ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့...

၁။ အေး၊ ချို၊ ဆိမ့်သော အစားအစာ များ လွန်ကဲစွာ စားသောက်ခြင်း၊

၂။ ကြေကျက်ခဲသော အစာအာဟာရ များကို လွန်ကဲစွာ စားသောက်ခြင်း၊

၃။ အချင်းချင်း တွဲဖက်မစားကောင်း သော အစာများ စားသောက်မိခြင်း၊

၄။ အပူအအေး မျှတစွာ ကျင့်သုံး နေ ထိုင်မှု မရှိခြင်း၊

၅။ အနေအထိုင် မသန့်ရှင်းခြင်း၊

၆။ ဆီး,ဝမ်း,လေ အချုပ်ခံခြင်း၊

၇။ ဆီးချိုရောဂါရှိခြင်း

စတဲ့ အကြောင်းကြောင်းတွေ ကြောင့် အနာပဆုပ်ရောဂါ ဖြစ်ရခြင်း ဖြစ်ပါတယ်။

အထက်မှာ ပြောခဲ့တဲ့ အကြောင်း ရင်းတွေဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာ ရဆိုတဲ့ သမုဋ္ဌာန်တရား(၄)ပါးကို လွန် ယုတ်လွဲမှား ပြုဖန်များတဲ့အခါ လူရဲ့ ခန္ဓာကိုယ်အတွင်း အဖျတ္တိကတေဇော ဓာတ် အားကြီးခြင်းဟူသော အကြောင်း ကြောင့် ဝါယောဓာတ်များ လွန်ကဲ ပွားများလာပြီး အာပေါဓာတ်များ ခန်း ခြောက်ကာ၊ ပထဝီဓာတ် ဖျက်ဆီး လျက် အာကာသဓာတ် ယုတ်လျော့ ခြင်း (သို့မဟုတ်) ငုပ်လျှိုးခြင်း (သို့ မဟုတ်) မရရှိခြင်းကြောင့် အနာပဆုပ်





www.burmeseclassic.com

www.burmeseclassic.com

ရောဂါဖြစ်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်'

**■ 'အနာပဆုပ်ရောဂါရဲ့ ရှေ့ပြေး ပုဗ္ဗရုပ်လက္ခဏာများကို သိပါရစေ ဆရာ'**

❐ 'အနာပဆုပ်ရောဂါရဲ့ ရှေ့ပြေး ပုဗ္ဗရုပ်လက္ခဏာကတော့ အနာဖြစ်ပေါ်မယ့် နေရာနဲ့တကွ အနီးပတ်ဝန်းကျင်နေရာတွေမှာ ရော့ာ်ကောင်းဖျော့ပဲ ပုံ့သာစေ့ခန့် အဖုအကျိတ်ငယ် ပေါ်လာပါတယ်။

အဲဒီအဖုက အနည်းငယ် ယားယံမှု ရှိပါတယ်။ အပူရှိန်ရှိတယ်၊ အဖုပတ်လည် မာကျောတယ်၊ ရောင်ရမ်းမှု ရှိပြီး ပူနေမယ်။

အဲဒီလက္ခဏာတွေကို ရောဂါရှင်က မသိဘဲ ဝက်ခြံ၊ သွေးစုနာလို့ထင်ပြီး ကုတ်ခြစ်မိတဲ့အခါ အနာအဆင့်ရောက်လာပြီး ညှော်နံ့ရှူမိခြင်း၊ မသန့်ရှင်းခြင်းတို့ကြောင့် အနာအပြင်ကြီး ဖြစ်လာပါတယ်။

ဆေးမတွေ့ခဲ့ရင် ကုသမှု မကျွမ်းကျင်ရင် **"အနာပဆုပ်ကျောလုံးပုပ်"** ဆိုတဲ့အတိုင်း အသက်အန္တရာယ်ပါ ဆုံးရှုံးတတ်ပါတယ်'

**■ 'အနာပဆုပ်ပေါက်တတ်တဲ့ နေရာတွေကိုဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

❐ 'အနာပဆုပ်ပေါက်တဲ့နေရာ (၆) နေရာ ရှိပါတယ်။

၁။ ကုပ်ဆက်၊

၂။ ပခုံး၊

၃။ ကျောပြင်၊

၄။ ခါး၊

၅။ ကျောရိုးအပေါ်၊

၆။ တင်ပါးအောက်ပိုင်း

စတဲ့ နေရာ(၆)နေရာမှာ ပေါက်တတ်ပါတယ်။ အများအားဖြင့် အနာပဆုပ်ကျောလုံးပုပ်ဆိုတဲ့ စကားနဲ့အညီ ကျောပြင်မှာ ပေါက်တာများပါတယ်'

**■ 'အနာပဆုပ်ရဲ့ ဖြစ်ဆဲလက္ခဏာများကိုလဲ သိပါရစေ ဆရာ'**

❐ 'အနာပဆုပ်ရဲ့ ဖြစ်ဆဲလက္ခဏာတွေကတော့ ရောဂါရှင်ရဲ့ ပေါ့လျော့မှုတွေ၊ မသန့်ရှင်းတာတွေ၊ အနာပဆုပ်မှန်း မသိတာတွေကြောင့် ကုတ်ခြစ်မိပြီး အဖုကတစ်ဆင့် အနာစ ထောင်လာပြီး အလယ်ချိုင့်လာတယ်။ ဇာပေါက်များလိုဖြစ်ဖြစ်၊ ကွန်ရက်များလိုဖြစ်ဖြစ်၊ ပဆုပ်ပနီအုံလိုဖြစ်ဖြစ် သဏ္ဌာန် တူလာပါတယ်။

အနာပတ်လည် ညိုမည်းလာပြီး အတွင်းတွင်လိုက်ပြီး အသားစများ ဆွေ့မြည့်လာပါတယ်။ အပေါက်ကလေးများမှ မန်းရည်များ စီးယိုခြင်း၊ အပုပ်နံ့များ ထွက်လာခြင်းများ ဖြစ်တတ်ပါတယ်။ အဲဒီအကြောင်းအချက်တွေဟာ အနာပဆုပ်ရဲ့ ဖြစ်ဆဲလက္ခဏာတွေ ဖြစ်ပါတယ်'

**■ 'အနာပဆုပ်ရောဂါရဲ့ ကုထုံးအကျဉ်းကို ပြောပြပေးပါဦး ဆရာ'**

❐ 'အနာပဆုပ်ရောဂါကို မကုသမီ ရောဂါရှင်ကို အထက်ဖော်ပြခဲ့တဲ့ သဘောလက္ခဏာတွေကို စစ်ဆေးရပါတယ်။ ဥပမာ အနာ၊ အနူ၊ အရင့်၊ အပူကြောင့်လား၊ အအေးကြောင့်လား၊ ငန်း၊ မန်း ရှိ၊မရှိ ဆီးချိုရောဂါ ရှိ၊မရှိ စစ်ဆေးရပါတယ်။

ငန်း၊ မန်း ရှိရင် မန်းဆေးတွေနဲ့ ချရပါတယ်။ ဆီးချိုရောဂါရှိရင် ဆီးချိုကျဆေး တိုက်ကျွေးပြီး ကုသရပါတယ်။ အနာပဆုပ် အဖုငယ်တွေပေါ်မှာ အနုမြူမန်းဆေးကို ဇတီပို့ုလ်သီးဆန်နဲ့ ပျစ်ပျစ်သွေးပြီး အုံပေးရပါတယ်။

မန်းဆေးကို ရေကျဲနဲ့ဖျော်ပြီး အနာပတ်ဝန်းကျင် လိမ်းပေးရပါမယ်။ တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ်ထိ လိမ်းပေးရပါတယ်။

မနက်ပိုင်းမှာ ဆေးအမှတ်(၆) ဟာလိဒ္ဒစုဏ္ဏဆေးနဲ့ ဆေးအမှတ် (၁၆) အပူငြိမ်းဆေးကို ဆတူရောစပ်ပြီး လက်ဖက်ရည်တစ်ဇွန်းခန့် တိုက်ရပါတယ်။ နေ့လယ် (၁၂)နာရီခန့်မှာ အနုမြူမန်းဆေး လက်ဖက်ရည် တစ်ဇွန်းခန့် ရေနွေးနဲ့ တိုက်ရပါတယ်။

မန်းဆေးကို မှိုင်းရှူပေးခြင်းဟာ ငန်းမန်းကို ကျေစေပါတယ်။ ညအိပ်ရာဝင်ချိန်မှာ ရောဂါရှင် ဝမ်းချုပ်ရင် ဆေးအမှတ် (၁၀) ဆီးရွှင်ဝမ်းနုတ်ဆေးကို တိုက်ကျွေးရပါတယ်။

ဝမ်းနုတ်ဆေးပြင်းပြင်း မတိုက်ကျွေးရပါဘူး။ အဲဒီလို စားဆေး၊ လိမ်းဆေးများနဲ့ကုသရင် တဖြည်းဖြည်းသက်သာပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

**■ 'အနာပဆုပ်ရောဂါကို ကုသရင် ဘယ်နရက်အတွင်း သက်သာပျောက်ကင်းနိုင်ပါသလဲ ဆရာ'**

❐ 'ဒါကတော့ အတိအကျ ပြောလို့မရပါဘူး။ ဖြစ်ပေါ်လာတဲ့ အနာရဲ့ အနု၊ အရင့်၊ ရောဂါ အကြီးအသေး ခွဲခြားရပါတယ်။ နုရင်တော့ (၂၅) ရက်လောက်ဆိုရင် သက်သာပျောက်ကင်းနိုင်ပါတယ်။ ဖြစ်ကာစဆိုရင် (၇)ရက်လောက်နဲ့ ပျောက်ပါတယ်။


ရောဂါကြီးမားလာရင် လနဲ့ချီပြီး ကြာတတ်ပါတယ်။ လူနာက ဆရာ့ရဲ့ စကားကို ဂရုစိုက် လိုက်နာတဲ့အပေါ် မူတည်ပါတယ်။

အနာပဆုပ်ရောဂါရှင်ဟာ ငှက်ပျောသီး၊ ပြောင်းဖူး၊ ဝက်သား၊ သားငါးအစို၊ ပင်လယ်ငါး၊ စိမ်းစားငါးပိငါးပိရည်ကျို၊ မြေအောင်းသားစသော သတ္တဝါတွေရဲ့ အသားများ၊ ညှော်နံ့အပုပ်နံ့များကို ရှောင်ဖို့လိုပါတယ်။



စာမျက်နှာ (၂၀၆) သို့
www.burmeseclassic.com

www.burmeseclassic.com



◆ ဓာတ်ပေါင်းရွှေဂူစေတီတော်အား ဖူးမြော်ရပုံ



◆ ဓာတ်ပေါင်းရွှေဂူအနီးရှိ သိမ်ထဲတွင် ကိန်းဝပ်နေသော ဆင်းတုတော်အား ဖူးမြော်ရပုံ

စောထွီးဘျှင် (မြောက်ဦး)

အံ့ဖွယ်ထူးလှ

# လိုတရ ဂါထာတော်

၁၃၇၁ ခုနှစ်၊ ဝါခေါင်လဆန်း(၃) ရက် (၂၄-၇-၀၉) သောကြာနေ့။

ထိုနေ့တွင် ကျွန်တော်နှင့် ကျွန်တော်၏မြေး မောင်စန်းဝင်းကျော်တို့သည် နံနက်(၈)နာရီခန့်တွင် စက်ဘီးကိုယ်စီနှင့် ဓာတ်ပေါင်းရွှေဂူဘုရားသို့ လေ့လာရေးဘုရားဖူး ထွက်ခဲ့ကြ၏။

ထိုနေ့တစ်နေ့လုံး မိုးလေဝသသာယာလှပါသည်။ ကျွန်တော်တို့သည် ကျွန်တော့်နေအိမ် ဝါဈေးရပ်ကွက်စတင်၍ ထွက်ကြ၏။ ငါးခြောက်ဈေးရပ်ကွက်၊ ထို့နောက် ဘားပူတောင်ရပ်ကွက် စသည်တို့ကို ဖြတ်ကျော်ခဲ့ကြပါသည်။

ဘားပူတောင်ရပ်ကွက် ဆိုသည်မှာ ရှေးက ကျီတော်ဟောင်း ဖြစ်ခဲ့ဖူး၍ တစ်ရပ်ကွက်လုံးလိုလို သွင်ကျောက်(ကျောက်မာတစ်မျိုး)ဖြင့် ပြည့်နှက်နေ၏။

ထိုဘားပူတောင်ရပ်ကွက်ကို ကျော်လွန်ပြီး ဆည်ဝတံတား(မင်းထွက်ဆည်တံတား)ပေါ်သို့ ရောက်လာကြ၏။

ထိုဆည်ဝတံတားမှ တစ်ဖန် စန္ဒာမုနိဘုရားသို့ သွားလမ်းအတိုင်း မလိုက်ဘဲ စန္ဒာမုနိ(ဗန္ဓုလ)ရပ်ကွက်၏ ယာဘက်အတိုင်း သွားပါက မကြာမီ လမ်း၏ ဝဲဘက်၌ မောလိပ်ကန်(မောစလိပ်ကန်)သို့ ရောက်ကြပြန်သည်။

မောစလိပ်ကန် ဆိုသည်မှာ ရှေးက မီးသတ်ဌာန အကြီးအကဲမှ တူးဖော်ခဲ့သော ကန်ကို ခေါ်ပါသည်။ ရှေးခေတ်က ဤကန်မှ ရေများကို ဆင်များဖြင့် စုပ်ယူပြီး မီးသတ်ရာတွင် အသုံးပြုခဲ့သည်ဟု သိရပါသည်။

မောလိပ်ကန်လွန်လျှင် မြင်းဝန်တောင်ဘုရားကို ဖူးမြော်ခဲ့ရပါသည်။ ရှေးရခိုင်ဘုရင်များ လက်ထက်က မြင်းဝန်၊ ဆင်ဝန်ဟူ၍ မြင်းစားနယ်စားများ ခန့်ထားခဲ့သည်ဟု သိရပါသည်။

www.burmeseclassic.com






▲ သိမ်တော်ထဲရှိ မုနိတော်အား ဖူးမြော်ရပုံ

◀ မုနိတော် သီတင်းသုံးရာ သိမ်တော်ကြီးအား ဖူးမြော်ရပုံ

▼ လေးမြို့ဆော် သမ္မာသမ္ဗုဒ္ဓဘုရားအထင်တည်ခဲ့သော သမုတ်သိမ်တော်



မြင်းဝန်တောင်လွန်လျှင် အောင်မင်္ဂလာရပ်ကွက်သို့ ချင်းနင်းဝင်ရောက်ခဲ့ကြပါသည်။ အောင်မင်္ဂလာရပ်ကွက်အလယ်သို့ ရောက်သောအခါ လမ်း၏အရှေ့ဘက်၌ အောင်မင်္ဂလာခံတပ်တည်ရှိရာ တောင်ကို မြင်ကြရပါသည်။

အောင်မင်္ဂလာ ခံတပ်သည် မြောက်ဦးမြို့ရှိ အမြင့်တောင်ခံတပ်၊ ရဲလှခံတပ်၊ ကြောင်လည်ဒုံခံတပ်၊ ပုဏ္ဏားတောင်ခံတပ်၊ ငွေတောင်ခံတပ်၊ မြတောင်ခံတပ်၊ လီဘာတောင်ခံတပ်၊ ပိန္နဲချောင်းစားခံတပ်၊ ရွှံ့ပွခံတပ် စသည်အားဖြင့် ခံတပ်(၁၀)ကျော်ရှိသည့်အနက် တစ်ခုအပါအဝင် ဖြစ်လေသည်။

အောင်မင်္ဂလာခံတပ်ပြီး လမ်းအရှေ့ဘက်၌ ဓာတ်ပေါင်းရွှေဂူဘုရားဝင်းလမ်းသို့ ရောက်ကြလေသည်။

ထို ဓာတ်ပေါင်းရွှေဂူဘုရားလမ်းအတိုင်း ဝင်သွားပြီး ဝဲဘက်တွင် လေးတံခါးဘုရားနှင့် အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းကို မြင်ခဲ့ကြပါသည်။

လေးတံခါးဘုရားသည် မြောက်ဦးမြို့၏ **"အကာကြီးတစ်ရာ အကာငယ်တစ်ထောင်"** ရှိသည့်အနက် အကာငယ်တစ်ထောင်တွင် ပါဝင်သော ဘုရားတစ်ဆူ ဖြစ်ပါသည်။

ထိုမှ ဆက်၍သွားသော် မင်္ဂလာဓာတ်ပေါင်းရွှေဂူဘုရားရှိရာ တောင်ခြေရင်းသို့ ရောက်သည်။

တောင်ခြေရင်းမှ မတ်စောက်သော လမ်းအတိုင်း တက်သွားပါက တောင်ထိပ်သို့ ရောက်ရှိကြလေသည်။ တောင်ထိပ်အမြင့်မှာ ပေ(၁၀၀)ကျော်ခန့်မြင့်လေသည်။

ထို့နောက် **ဓာတ်ပေါင်းရွှေဂူဘုရား**ကို ပါလာသော အမွှေးနံ့သာတိုင်များဖြင့် ပူဇော်သက္ကာရပြုကြလေသည်။

ထိုဓာတ်ပေါင်းရွှေဂူဘုရား၏ သမိုင်း



www.burmeseclassic.com

www.burmeseclassic.com



◀ ဘဒ္ဒန္တအာဒိစ္စ သိတင်းသုံးရာကျောင်းဆောင်



ဘဒ္ဒန္တအာဒိစ္စဆရာတော်အား ဖူးမြော်ရပုံ ▶

ဖြစ်စဉ်မှာ ကောဇာသက္ကရာဇ် ၁၈ဝ ပြည့်နှစ်၊ ခရစ်နှစ် ၈၁၈ ခုနှစ်၊ လေးမြို့ဆေတ် ပဥ္စာမြို့တော်ရှင် ခေတ္တ သင်မင်းကြီးလက်ထက် သစ္စဗန္ဓဝ ရဟန္တာမထေရ် ပရိနိဗ္ဗာန်စံခဲ့လေသည်။

ထိုအရှင်မြတ်၏ ဓာတ်တော်များနှင့် အခြားဓာတ်တော်တို့ကို ဌာပနာပြီး သက္ကရာဇ် ၁၈ဝ ပြည့်နှစ်တွင် ကိုးနဝင်းစေတီနှင့် မင်္ဂလာဓာတ်ပေါင်းရွှေဂူကို တည်ထားခဲ့လေသည်။

တစ်ဖန် ဒုတိယအဆင့်တွင် သစ္စဗန္ဓဝရဟန္တာမထေရ် တည်ထားခဲ့သော သမုတ်သိမ်ကြီးတစ်ဆူ ရှိလေသည်။

ထိုသိမ်တော်ကို **ဘဒ္ဒန္တ ဉာဏစက္က** မြောက်ဦးမြို့၊ စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက် ယခု မင်္ဂလာသီရိ မဟာသတိပဋ္ဌာန်ကျောင်းတိုက် ရွှေနံ့သာချပ်စု၊ ပုလဲ မြို့သစ်၊ မင်္ဂလာဒုံမြို့နယ်) လက်ထက်တွင် ရှာဖွေတွေ့ရှိခဲ့သည်။

ထို့နောက် ပထမအဆင့်တွင် ဓမ္မာရုံကြီးတစ်ဆောင်နှင့် ဘဒ္ဒန္တအာဒိစ္စ သိတင်းသုံးရာကို ဝတ်ပြုကြလေသည်။

ဘဒ္ဒန္တအာဒိစ္စနှင့် ကျွန်တော်မှာ ယခင်ကပင် ရင်းနှီးပြီးသားဖြစ်၍ ကျွန်တော် စာရေးသည်ကို သိပြီးဖြစ်ရာ ဆရာတော်ထံမှ အောက်ပါ ဂါထာတော်အား ပေးကမ်းချီးမြှင့်လိုက်ပါသည်။

အံ့ဖွယ်ထူးလှ လိုတာရဂါထာတော်

ဗုဒ္ဓေ ပစ္စေက ဗုဒ္ဓေ အရဟန္တေ မဟိဒ္ဓိကေ။
ဉာဏစက္က မယုံနာထော။ သဗ္ဗသိဒ္ဓိ မနော သုခေါ

ဇာတေန သစ္စဝစ္ဆေန ဇယော သုခိ ဘဝန္တု မေ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဗုဒ္ဓေ** | = ဗုတ်ဓေ |
| **ပစ္စေက** | = ပစ်စေကာ |
| **အရဟန္တေ** | = အရဟန်တေ |
| **မဟိဒ္ဓိကေ** | = မဟိတ်ဓိကေ |
| **ဉာဏစက္က** | = ညာဏာစက်က |
| **မယုံနာထော** | = မယ်ရုံနာထော |
| **သဗ္ဗသိဒ္ဓိ** | = သပ်ဗသိတ်ဓိ |
| **သစ္စဝစ္ဆေန** | = သစ်စဝစ်ဆေန |
| **ဘဝန္တုမေ** | = ဘဝန်တုမေ |

**အနက်**

**မဟိဒ္ဓိကာ** – ကြီးမြတ်သော တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော၊ **ဗုဒ္ဓေ**–သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားရှင် အဆူဆူတို့အား လည်းကောင်း...

**ပစ္စေက ဗုဒ္ဓေစ** – သစ္စာလေးပါး သိမြင်ပါသော ပစ္စေကဗုဒ္ဓါမည်သာ ထင်ရှား မြတ်ဘုရားရှင် အဆူဆူတို့အားလည်းကောင်း၊ **အရဟန္တေစ**– အဂ္ဂမဟာပီဝင် ပကတိ ထင်ရှားရှိသော ရဟန္တာအရှင်မြတ်တို့အား လည်းကောင်း...

**ဉာဏစက္က** – တစ်ဆယ့်ခြောက်ချက် ဉာဏ်စဉ်စက်ကို ဆင်းလျက် ဆက်ကာ လည်ပတ်ကာဖြင့် အများဒါယကာပေါင်း သိသာတို့အား သိပါစေကြောင်း မေတ္တာလောင်း၍ ဝိပဿနာမြတ်ပညာကို လမ်းညွှန်ပြသတော်မူသော ဉာဏစက္ကနာမတွင်လတ် အရှင်မြတ်အား...

**မယုံ**–နှစ်ရပ်ရုပ်နာမ် ပေါင်းစပ်ယှဉ်သည့် ခန္ဓာငါးသမုတ် အကျုံးဝင်သည်၊ **နာထော**–နိဗ္ဗာန်ရည်မှန်း နေ့ရော ညပါ

www.burmeseclassic.com

ဆည်းကပ်ပါ၏။

**သုခေါ**–လောကုတ်လောကီ နှစ်လီ ချမ်းသာဖြစ်သော၊ **သဗ္ဗသိဒ္ဓိ**–အလုံးစုံ ကြံတိုင်းအောင် ဆောင်တိုင်းပြီးမြောက်သော သိဒ္ဓိအပေါင်းကို၊ **မနော**–စိတ်ရှိတိုင်းကိုယ်ပါ လိုရာပြီးမြောက် ခရီးရောက်အောင်၊ **ဒေတု**–ရတာလို လိုတာရ ပေးသနားတော်မူပါဘုရား။

**ဧတေနသစ္စဝဇ္ဇေန** – ဤသို့ ဟုတ်မှန်စွာဆိုရသော သစ္စာစကားကြောင့်၊ **မေ**– ဘုရားတပည့်တော်အား၊ **ဇယော**–အရာရာ အောင်မြင်လျက်၊ **သုခီ**– ကိုယ်စိတ်နှစ်ပါး ချမ်းသာအေးမြခြင်းသည်၊ **ဘဝန္တု**– မုချမျက်မှောက်ဖြစ်ပါစေကုန်သတည်း။

အကျိုးကျေးဇူး

ဤဂါထာတော်သည် ဘုရားအစရှိသော ရဟန္တာအပေါင်းတို့နှင့် သမ္မာဒေဝနတ်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တို့ကြောင့် မကောင်းဘေးအတန်တန် ရန်မာန်ခပ်သိမ်းတို့ကို ဖယ်ရှားစောင့်ရှောက်ကြပါရန် တိုင်တည်ဆုတောင်းသော ဂါထာတော်ဖြစ်သည်။

ဘုရားရဟန္တာ နတ်သိကြား ဗြဟ္မာတို့ လိုက်ပါကူညီစောင့်ရှောက်နေကြောင်း စိတ်ချယုံကြည်ထားပါ။

ဤဂါထာတော်သည် အံ့ဖွယ်ထူးလှ လိုတရဂါထာတော် ဖြစ်သည်နှင့်အညီ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကိစ္စဟူသမျှ အောင်မြင်ချင်သူတိုင်း ကိုးစားစွာ ရွတ်ဖတ်သင့်ပေသည်။ ထို့ပြင် စုန်း၊ ဖုတ်၊ တစ္ဆေ၊ မှင်စာ သရဲတို့ ဘေးရန်မှလည်း ကင်းဝေးနိုင် ပေသည်။

- ❖ ဗိမိကြုံစည်သမျှ တစ်မနေ့သုံးကြိမ် သစ္စာ ရွတ်ပါ။
- ❖ သက်စေ့ ပုတီးစိပ်ပါ။
- ❖ ထို့နောက် မိမိပြုသမျှ အမျှဝေပါ။

ထို့နောက် ကျွန်တော်တို့သည် နံနက်(၁၀း၃၀)နာရီတွင် အရှင်ဘုရား ကို နှုတ်ဆက်၍ မိမိနေအိမ်သို့ ပြန် ကြလေသတည်း။

**စောထွီးသျှင်(မြောက်ဦး)**

**စာမျက်နှာ (၂၀၂)မှ အဆက်**

ငန်း၊ မန်းကို နိုင်စေတဲ့ ကန်စွန်းရွက်၊ ကင်းပုံရွက်၊ ဟင်းနုနယ်ရွက်၊ မန်ကျည်းရွက်၊ ကင်ပွန်းချဉ်ရွက်၊ ရှောက်ရွက်၊ သံပရာရွက်၊ ကြက်ဟင်းခါးရွက်၊ လဲလူရွက်၊ ကြောင်ပန်းရွက်၊ ဥသျှစ်ရွက်၊ ခွေးတောက်ရွက်၊ ရဲယိုရွက် စတဲ့ အရွက်တွေကို သင့်လျော်သလို ကြော်၊ ချက်၊ ပြုတ် စားသောက်နိုင်ပါတယ်'

■ **'အနာသဆုပ်ရောဂါ မဖြစ်အောင် ကြိုတင် ကာကွယ်နည်းများကို သိပါရစေ ဆရာ'**

❐ 'ဟုတ်ကဲ့ ဒါဟာ အရေးကြီးတဲ့အချက်ပါ။ ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုခရီးရောက်ပါတယ်။ အဓိက,ကတော့ ကံ,စိတ်, ဥတု,အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား(၄)ပါးကို လွန်ယုတ် လွဲမှားအောင်မပြုဖို့ အရေးကြီးပါတယ်။

ဆေးလိပ်သောက်တာ၊ ကွမ်းစားတာ၊ အရက်သောက်တာတွေကို ရှောင်ကြဉ်ဖို့ လိုပါတယ်။ လောဘ၊ ဒေါသ၊ မောဟစိတ်တွေကို နည်းအောင်ကြိုးစားပြီး အေးချမ်းတဲ့စိတ် ဖြစ်အောင် ကြိုးစားရပါမယ်။ နွေ,မိုး, ဆောင်း ဥတု(၃)ပါးမှာ အပူအအေးမျှတအောင် နေထိုင်ရပါတယ်။ ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန်ဆိုတဲ့ အရသာ (၆)ပါးကို မျှတအောင် စားရပါမယ်။ အစပ်စာ အပူစာတွေကို လွန်ကဲစွာ စားသောက်ခြင်းကို ရှောင်ကြဉ်ရပါမယ်။ တစ်ကိုယ်ရေ သန့်ရှင်းရေးကို အထူးဂရုစိုက်ရပါမယ်။

မြွေ၊ ကြွက်၊ ဖား၊ လိပ်၊ ကဏန်း၊ ငါးရှဉ့်စတဲ့ တွင်းအောင်းသား သတ္တဝါတွေကို လုံးဝ ရှောင်ကြဉ်ရပါမယ်။ ဆိုး ပါတဲ့ အသီးအရွက်များ၊ အစားအစာများကိုလဲ မစားသင့် ဘူး။ အထက်မှာ ပြောခဲ့တဲ့အတိုင်း အနာပဆုပ်ရော ဖြစ်စေတဲ့ အကြောင်းရင်းများကို ဆင်ခြင်နေထိုင် သောက်ပြီး သွေးသား သန့်ရှင်းစင်ကြယ်အောင် နေ စားသောက်သွားမယ်ဆိုရင် အနာပဆုပ်ရောဂါသာ ရောဂါ အမျိုးမျိုးကို ကာကွယ်ပြီးသားဖြစ်မှာ ဖြစ်ပါတ

■ **'ကျေးဇူးတင်ပါတယ် ဆရာ'**

❐ 'ဆရာကြီး ဦးနီတွတ်နဲ့ ဆက်သွယ်နိုင်တဲ့ လိပ် ကတော့...

**ဆရာကြီး ဦးနီတွတ်**
**ဓမ္မဒေအး တိုင်းရင်းဆေးကုခန်း**
တိုက် (၁)၊ အခန်း (၂)၊ သံသုမာလမ်း
သုဝဏ္ဏလမ်းဆုံ၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၀၉ ၄၅၀၀၁၉၃၂၆

**မြောင်းမြ မောင်ယဉ်တင့်**

www.burmeseclassic.com

www.burmeseclassic.com

## တနင်္ဂနွေ

...ရေး။ ။ အလုပ်၊ လုပ်ငန်းများကို မိမိဒေသတွင်သာမက အခြား ...သများသို့ သွားရောက် လုပ်ကိုင်ရလိမ့်မည်။ ခရီးဝေးသွားရသော် ...ည်း အကျိုးအမြတ်များမည်။

ဆန်၊ ဆီ၊ ဆေး၊ ဆား ဆိုင်ရာလုပ်ငန်းများ အရောင်းအဝယ် ...ကောင်းမည်။

...ရေးရာ။ ။မိမိအထက်လူကြီးများ အပြောင်းအလဲ ရှိမည်။ မိမိ ...ည်း နေရာ သို့မဟုတ် ဌာနပြောင်းရလိမ့်မည်။

...ရေး။ ။ အိမ်တွင်းရေး အဆင်ပြေမည်။ ငွေရေးကြေးရေး ...ဆင်ပြေ၍ အစစအရာရာ သာယာချမ်းမြေ့မည်။ သားသမီးများ၏ ...မာရေး၊ ပညာရေး၊ စီးပွားရေးကောင်းမည်။

...ရေး။ ။ အချစ်ရေးကတော့ မရေရာ မသေချာဖြစ်နေသေးသည်။ ...သုဘာဝမှာပဲ စိတ်ချမ်းမြေ့စွာနေပါဦး။ မင်္ဂလာပွဲဆင်နွှဲရန် မစဉ်းစားပါ ...ဦး။

...ရေး။ ။ ပညာရေးတွင် အချစ်ရေးက ဝင်ရောက် ဖျက်ဆီးတတ် ...ည်။ ပညာရေးကိုတော့ အထိခိုက်မခံပါနှင့်။

...မာရေး။ ။ ဝမ်းနှုတ်စာများ မစားပါနှင့်၊ ဗိုက်နာဗိုက်အောင့် ဖြစ် ...တတ်သည်။ ဝမ်းရင်ကို အအေးမခံပါနှင့်။

...ရန်ရက်များ။ ။ ၃၊ ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈

...ရန်ရက်များ။ ။ ၄၊ ၇၊ ၁၁၊ ၁၃၊ ၁၆၊ ၂၀၊ ၂၂၊ ၂၅၊ ၂၉၊ ၃၀။

...ရန်ရက်များ။ ။ ၅၊ ၈၊ ၉၊ ၁၄၊ ၁၇၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈။

...ရန်ဂဏန်းများ။ ။ ၁၊ ၃၊- ၆၊ ၀ ဂဏန်းများများပါအောင် ...ချယ်ပါ။

...ဆောင်ယတြာ ။ ။ ဘုန်းတော်ကြီးတစ်ပါးပါးအား ရှေကြည်ဆွမ်းမကင်း(၆)တုံး ...

## တနင်္လာ

...ရေး။ ။ လုပ်ငန်းသစ်များ စတင်နိုင်သောကာလဖြစ်သည်။ ...ငန်းများ တိုးချဲ့လိုပါက တိုးချဲ့နိုင်သော ကာလဖြစ်ပါသည်။ ခရီး ...လုပ်ငန်းများ တိုးတက်အောင်မြင်မည်။

...ရေးရာ။ ။ခရီးထွက်စရာရှိလျှင် ထွက်လိုက်ပါ။ အောင်မြင်သော ... ငွေရသော ခရီးဖြစ်မည်။ သူတစ်ပါးအလုပ်များကိုပါ တွဲဖက် ...ကိုင်ပေးရလိမ့်မည်။

...ရေး။ ။ အိမ်တွင်းရေး သာယာမည်။ သားသမီးတို့ အစစအရာရာ ...င်မြင်တိုးတက်သောကာလဖြစ်သည်။ အကျိုးမဲ့အကြောင်းမဲ့ ငွေ ...သုံးပါနှင့်။

...ရေး။ ။ ခွင့်လွှတ်သည်းခံမှ အချစ်ရေး အဆင်ပြေမည်။ သံသယ ...ဖြင့်ရှင်းပစ်ရမည်။

...ရေး။ ။ပညာရေးကံကောင်းသော ကာလဖြစ်သည်။ နိုင်ငံခြားတွင် ...သွားရောက် သင်ယူခွင့်ရမည်။

...မာရေး။ ။ ခြေ၊ လက်တို့တွင် ထိခိုက်ဒဏ်ရာရတတ်သည်။ ...မီးပူလောင်တတ်သည်။

...ရန်ရက်များ။ ။ ၂၊ ၅၊ ၈၊ ၁၂၊ ၁၅၊ ၁၈၊ ၂၂၊ ၂၅၊ ၂၈၊ ၃၁။

...ရန်ရက်များ။ ။ ၃၊ ၆၊ ၉၊ ၁၃၊ ၁၆၊ ၁၉၊ ၂၃၊ ၂၆၊ ၂၉။

...ရန်ရက်များ။ ။ ၄၊ ၇၊ ၁၀၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၁၊ ၂၄၊ ၂၇၊

...ရန်ဂဏန်းများ။ ။ ၂၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ...ချယ်ပါ။

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်မှ (၃၁)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်မြင့်



**အဆောင်ယတြာ။** ။ အနည်းဆုံးလူကြီးလူငယ် (၅)ယောက်ကို မုန့်ဟင်းခါးအဝ ကျွေးပါ။

## အင်္ဂါ

**စီးပွားရေး။** ။ခရီးသွားလုပ်ငန်းများ ဖောက်သည်သစ်များ ရရှိမည်။ ငွေကြေးလဲလှယ်ရေး ရောင်းဝယ်ရေးလုပ်ငန်း၊ ငွေပန်းထိမ်လုပ်ငန်းများ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ။** ။ အလုပ်များ၊ တာဝန်များကို သတ်မှတ်ချိန်အတွင်း ပြီးအောင် ကြိုးစားလုပ်ကိုင်ပါ။ လုပ်ငန်းများတွင် အခက်အခဲများကြုံ တွေ့ရလိမ့်မည်။

**အိမ်တွင်းရေး။** ။ ငွေကြေးလိုအပ်ချက်နှင့် ပတ်သက်၍ အိမ်ထောင်ဖက်နှင့် စကားပြော အဆင်မပြေဖြစ်ရတတ်သည်။ စိတ်ရှည်သည်းခံပါ။ အသုံးနှင့်အဖြုန်းကို ခွဲခြားသိပါ။

**အချစ်ရေး။** ။ အချစ်ရေးတွင် ဆွေမျိုးမိဘများကြောင့် အဆင်မပြေဖြစ်ရတတ်သည်။ လက်ထပ်ရန်ကိစ္စကို မဆွေးနွေးပါနှင့်ဦး။

**ပညာရေး။** ။ ပညာရေးတွင် ဇွဲ လုံ့လအပြည့်ဖြင့် ကြိုးစားပါ။ အခက်အခဲ ပြဿနာကြုံရလျှင် စိတ်မပျက်ပါနှင့်။

**ကျန်းမာရေး။** ။ ခေါင်းကိုက်ခေါင်းခဲဖြစ်တတ်သည်မှအပ ရောဂါဝေဒနာကြီးများ မဖြစ်နိုင်ပါ။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၆၊ ၉၊ ၁၁၊ ၁၃၊ ၁၆၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၇၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၄၊ ၆၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ မြတ်စွာဘုရားအား လိမ္မော်သီး(၃)လုံး ကပ်လှူပါ။ လိုရာဆုတောင်းပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး။** ။ အမျိုးသမီးအသုံးအဆောင်များ၊ အလှကုန်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ ငွေကြေးလဲလှယ်ရေး ရောင်းဝယ်ရေး လုပ်ငန်းများ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ။** ။သက်ဆိုင်ရာဌာန အကြီးအကဲများ၏ ချီးကျူးခြင်းကို ခံရမည်။ မနာလိုသူများလိမ့်မည်။ ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ပါ။

**အိမ်တွင်းရေး။** ။ အိမ်တွင်းမှာ မိသားစုနှင့် စကားပြော အဆင်မပြေဖြစ်ရတတ်သည်။ ချိုချိုသာသာ ပြောဆိုဆက်ဆံပါ။ ဒေါသများလျှင်

www.burmeseclassic.com

အမှားများလိမ့်မည်။

**အချစ်ရေး** ။ ဘ၀တစ်သက်တာကိစ္စဖြစ်၍ သေသေချာချာ စဉ်းစား ဆုံးဖြတ်ပြီးမှ ချစ်သူရွေးချယ်ပါ။ နှလုံးသားတစ်ခုတည်းဖြင့် မဆုံးဖြတ်ပါနှင့်။

**ပညာရေး** ။ ပညာရေးကံဇာတာ ကောင်းနေပါသည်။ ခရီးပြုပ်ကလည်း နဝင်းစီးနေ၍ နိုင်ငံခြားပညာတော်သင်အတွက် ကြိုးစားလျှင် အောင်မြင်ကိန်းရှိသည်။

**ကျန်းမာရေး** ။ခြေ လက် အရိုးအဆစ်များ နာကျင် ကိုက်ခဲသော ဝေဒနာ သို့မဟုတ် လေးဖက်နာရောဂါ ဖြစ်တတ်၍ ကြိုတင်ကာကွယ် ကုသပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၇၊ ၁၁၊ ၁၃၊ ၁၆၊ ၂၀၊ ၂၂၊ ၂၅၊ ၂၉၊ ၃၁။

**ထီထိုးရန်ရက်များ** ။ ၅၊ ၈၊ ၉၊ ၁၄၊ ၁၇၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၃၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ မွေးနေ့ နံနက်(၉)နာရီ တိတိအချိန်မှစ၍ (၁၀၈)လုံးပုတီးကုံးဖြင့် "အရဟံဂုဏ်တော်"ကို ပုတီး(၄)ပတ် စိပ်ပေးပါ။ မွေးနေ့ (၄)ကြိမ်။

## ကြာသပတေး

**စီးပွားရေး** ။ စီးပွားရေးလုပ်ငန်းများ ကောင်းမည်။ လုပ်ငန်းများ တိုးချဲ့နိုင်၍ လုပ်ငန်းသစ်များ ထူထောင်နိုင်ပါလိမ့်မည်။ လျှပ်စစ်ပစ္စည်း အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်၊ ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်း၊ တာဝန်များ၊ သတ်မှတ်ချိန်မတိုင်မီ ပြီးစီးမည်။ လုပ်ငန်းများ အောင်မြင်၍ ချီးကျူးခံရမည်။

**အိမ်တွင်းရေး** ။သားသမီးများ နိုင်ငံခြား ပညာတော်သင်သွားရကိန်းရှိသည်။ အိမ်တွင်းရေး သာယာမည်။ ငွေရေးကြေးရေး အဆင်ပြေမည်။

**အချစ်ရေး** ။ အချစ်ရေးတွင် အဆင်မပြေစရာလေးများ ရှိနေသည်။ အိမ်ထောင်ပြုရန် မစဉ်းစားပါနှင့်။

**ပညာရေး** ။ ပညာရေး ကံဇာတာကောင်းနေပါသည်။ ကျောင်း, သင်တန်း, ကြိုက်ရာတက်ပါ။ စာမေးပွဲရှိလျှင် ရဲရဲဝံ့ဝံ့ ဖြေပါ။ ထူးထူးခြားခြား အောင်မြင်ပါလိမ့်မည်။

**ကျန်းမာရေး** ။ အအေးနာဖြစ်တတ်၍ ညဘက် ရေမချိုးပါနှင့်။ လေစိမ်းတိုက်မခံပါနှင့်။ ရေချိုးလျှင် ရေနွေးဖြင့် စပ်ချိုးပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၁၁၊ ၁၄၊ ၁၆၊ ၂၀၊ ၂၃၊ ၂၆၊ ၃၀၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၈၊ ၁၂၊ ၁၅၊ ၁၇၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၀၊ ၁၄၊ ၁၈၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၄၊ ၅၊ ၇၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ လုပ်ဆောင်ရန်ကိစ္စများရှိပါက ကုံကော်ညွန့် (၁၅)ညွန့်ကို အိုးတွင် ထည့်၍ ဘုရားတွင် ကပ်လှူပါ။ လိုရာ ဆုတောင်းပါ။

## သောကြာ

**စီးပွားရေး** ။ လုပ်ငန်းများ တိုးချဲ့လိုက တိုးချဲ့နိုင်သောကာလ ဖြစ်သည်။ လုပ်ငန်းသစ်များ ထူထောင်နိုင်ပါသည်။ စီးပွားရေးအခြေအနေကောင်းမည်။ ရဲရဲရင့်ရင့် ဆောင်ရွက်ပါ။

**ဝန်ထမ်းရေးရာ** ။ ငွေစာရင်းကြောင့် ပြဿနာပေါ်တတ်သည်။ ရိုးရိုးကျင့် မြင့်မြင့်ကြံ မှန်တာလုပ်လျှင် ပြဿနာ မပေါ်နိုင်ပါ။







**အိမ်တွင်းရေး** ။ သားသမီးများ၏ ပညာရေးကြောင့် ငွေကြေး ကုန်ကျမှုများမည်။ ဒီလ ဝင်ငွေထက် ထွက်ငွေများနေ၍ အိမ်မှူးရှိလူများ အပြစ်တင်ခံနေရမည်။ သတိဖြင့် သုံးစွဲပါ။

**အချစ်ရေး** ။ အချစ်ရေး အဆင်ပြေမှု လွန်ကဲ၍ ရုတ်တရက် လက်ထပ် မင်္ဂလာပြုလုပ်ရမည်။ ဘ၀တစ်သက်သာကိစ္စဖြစ်၍ ပညာသတိဖြင့် ဆင်ခြင်သုံးသပ် ဆုံးဖြတ်ပါ။

**ပညာရေး** ။ အသွားအလာ အပျော်အပါးလျှော့ပါ။ ပညာရေး တွင် အနှောင့်အယှက် ဖြစ်လိမ့်မည်။ အချစ်ရေးကြောင့်ပညာ ရေးကို လာရောက် ထိခိုက်တတ်သည်။

**ကျန်းမာရေး** ။ လေထိုးလေအောင့် အစာအိမ်ရောဂါ ဖြစ်တတ်၍မကြေလွယ်သော အစားအစာများကိုမစားသော ပါနှင့်။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂ ၂၃၊ ၂၆၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၈၊ ၁၀၊ ၁၃၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂ ၂၇၊ ၂၉၊ ၃၁။

**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၁၊ ၂၅၊ ၂၈၊ ၃

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအော ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ပိခင်နှင့် ဖခင်(သို့မဟုတ်) မိရွယ်ဖရွယ်နှစ်ဦးကို ကြက် ဟင်းနှင့် ထမင်းကျွေးပါ။

## စနေ

**စီးပွားရေး** ။ လုပ်ငန်းများ တိုးချဲ့ဖွင့်နိုင်လိမ့်မည်။ လုပ်ငန်းထူထော လိုက စတင် ထူထောင်နိုင်သောကာလဖြစ်သည်။ နိုင်ငံခြားကု သို့မဟုတ် နိုင်ငံခြားသားများနှင့် ပူးပေါင်းလုပ်ကိုင်ရလိမ့်မည်။

**ဝန်ထမ်းရေးရာ** ။ ကိုယ့်အားကိုယ်ကိုး၍ လုပ်ငန်းပြီးစီးအောင် လိမ့်မည်။ မည်သည့် အနှောင့်အယှက်၊ အတားအဆီးအခက်အ လုပ်ငန်းများ အောင်မြင်ပြီးစီးမည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး သာယာမည်။ သားသမီးတို့၏ ရေး၊ ကျန်းမာရေးကောင်းမည်။ အိမ်ထောင်ဖက်ကြောင့် ငွေဝင်

**အချစ်ရေး** ။ အချစ်ရေးအဆင်ပြေမည်။ အဆင်ပြေလွန်း၍ ရုတ်တ လက်ထပ်ကိန်းရှိသည်။

**ပညာရေး** ။ ပညာရေးကံကောင်းနေသည်။ သင်ယူချင်သည့် ပည သင်ယူပါ။ တက်ချင်သည့်သင်တန်းကို တက်ပါ။

**ကျန်းမာရေး** ။ အစာမှား ဆေးမှားတတ်သည်။ အစားအသော သတိထားစားပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၄၊ ၇၊ ၉၊ ၁၁၊ ၁၄၊ ၁၆၊ ၁၈၊ ၂၁ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၀၊ ၁၂၊ ၁၅၊ ၁၇၊ ၁၉၊ ၂၂ ၂၆၊ ၂၉၊ ၃၁။

**ထီထိုးရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၃၊ ၁၆၊ ၂၀၊ ၂၃၊ ၂၅၊ ၂၇

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၄၊ ၇၊ ၉ ဂဏန်းများများပါအေ ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဖိုး သို့မဟုတ် ဖွား ချစ်ခင်လေးစားသော မိရွ (၂)ဦးတို့ကို ကြက်သားဟင်းဖြင့် ထမင်းကျွေးပါ။ ကော်ဖီနှင့် ကိတ်မုန့် ထိ

*ကျန်းမာ ချမ်းသာပါစေ။*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com


မိုးသက်လေလေးနှင့်အတူ လွင့်ပျံ့လာသော မြေသင်းနံ့ကို ရှူရှိုက်၍ ဘဝအမောကိုပြေရင်း အေးချမ်းမှု ရသလို ခံစားနေမိပါသည်။ တောင်ခိုးနှင့် တိမ်ခိုးငွေမျှင်များကို ကြည့်ရင်း တောင်ခိုးနှင့်တိမ် ရောယှက်လိမ်၍ တိမ်နှင့်တောင်ခိုး တောင်ကို မိုးထားရာ နတ်ပြည်ကို ရောက်နေရော့သလား အတွေးပင် ဝင်မိပါသည်။

မိုးရွာပြီးစ ပြည်နယ်၏ ကျက်သရေဆောင် **"သီရိမင်္ဂလာတောင်ကွဲစေတီ"** ပေါ်သို့ ဘုရားဖူး ရောက်ရှိခဲ့ရာ နယ်ရှစ်ခွင် တစ်ပြင်လုံး မှိုင်းညို့ကာ သွမ်းမောဖွယ်အတိ ဖြစ်နေပါတော့သည်။

ဟိုအဝေးကို မျှော်ကြည့်လိုက်ရင်း သွမ်းရောင်သန်းသည့် ရှမ်းတောင်တန်းနှင့် အင်းလေးကန်ကို ဝိုးတဝါး မြင်နေရသလို နွေစပါး စိုက်ပျိုးထားသည့် လယ်ကွင်းပြင်များမှာလည်း မိုးစိုကာ မြသားကမ္ဗလာကို လွှမ်းခြုံထားသည့်နှယ် ပသာဒမြင်ကွင်းမှာ သာယာလှပ ကြည့်နူးဖွယ် ကောင်းလှပါသည်။

မြို့လယ်ကို ပတ်ခွေစီးဆင်းနေသည့် ဘီလူးချောင်းအလှမှာလည်း ညီသည့်အခါမျှ မရိုးနိုင်သည့် သဘာဝ ရှုမျှော်ခင်းရယ်ပါ။ တောင်ကွဲစေတီပေါ်မှစီး၍ ကြည့်ပါက မြို့င်ကော်တစ်မြို့လုံးကို သာမက တော်ဝန်းကျင်ကျေးရွာများကိုပါ သဲသဲကွဲကွဲ မြင်နိုင်ပါသည်။

အရှေ့ဘက် တန်ဆောင်းရှိ ဘုရားဆင်းတုတော်ကို ဖူးမြော်ကန်တော့ပြီး နောက် စေတီတော်တစ်ပတ် လက်အုပ်ချီ ဖူးမြော်ကာ ဆည်းလည်းသံလေး များ၏ သာယာမှုကို နားဆင်ရင်း ဘုရားအာရုံပြုကာ ဂုဏ်တော်(၉)ပါးဖြင့်



# နှစ်ကျိပ်ရှစ်ဆူ ဘုရားအကျူ

ပူဇော်ယတြာ ပြုကြပါ

အုံကြည်

ပုတီးစိပ်လိုက်ပါတော့သည်။

ပုတီး(၉)ပတ် ပြည့်ပြီးနောက် ရွတ်ပွား ပူဇော်နေကျဖြစ်သော **"နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်ကြီး"** အား အသံထွက် ရွတ်ဆိုခဲ့ပါသည်။

**အတ္ထဒဿီ** = အတ်ထဒတ်သီ
**ဓမ္မဒဿီ** = ဓမ်မဒတ်သီ
**သိဒ္ဓတ္ထော** = သိတ်ဓတ်ထော
**တိဿော** = တိတ်သော
**ဖုဿော** = ဖုတ်သော

တဏှင်္ကရော၊ မေဓင်္ကရော၊ သရဏင်္ကရော၊ ဒီပင်္ကရော၊ ကောဏ္ဍညော၊
မင်္ဂလော၊ သုမနော၊ ရေဝတော၊ သောဘိတော၊ အနောမဒဿီ၊
ပဒုမော၊ နာရဒေါ၊ ပဒုမုတ္တရော၊ သုမေဓော၊ သုဇာတော၊
ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ သိဒ္ဓတ္ထော၊ တိဿော၊
ဖုဿော၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓော၊
ကောဏာဂမနော၊ ကဿပေါ၊ အမှာကံ(ဂေါတမော) ဘဂဝါ၊
ဣမေ သွာဟံ ဘိဝန္ဒါမိ၊ နိစ္စံ တိဋ္ဌန္တု မေ သိရေ၊
အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ၊ ဣဒ္ဓိန္တော ဇုတိန္ဓရာ၊
ဣဒ္ဓိယာ ဇုတိယာ တေသံ၊ အနုဘာဝေန သဗ္ဗဒါ၊
သဗ္ဗေ ဒုရေ ပလာယန္တု၊ ပိသာစာ ယက္ခရက္ခသာ။

ခက်ခဲသော ပါဠိအသံထွက်

**တဏှင်္ကရော** = တနှင်ကရော
**မေဓင်္ကရော** = မေဓင်ကရော
**သရဏင်္ကရော** = သရနင်ကရော
**ဒီပင်္ကရော** = ဒီပင်ကရော
**ကောဏ္ဍညော** = ကွန်ဒင်ညော
**မင်္ဂလော** = မင်ဂလော
**အနောမဒဿီ** = အနောမဒတ်သီ
**ပဒုမုတ္တရော** = ပဒုမုတ်တရော
**ပိယဒဿီ** = ပိယဒတ်သီ
**ဝိပဿီ** = ဝိပတ်သီ
**ဝေဿဘူ** = ဝေ်သဘူ
**ကကုသန္ဓော** = ကကုသန်ဓော
**ကဿပေါ** = ကတ်သပေါ
**အမှာကံ** = အန်မှာကံ
**ဣမေ** = အိမေ
**ဘိဝန္ဒါမိ** = ဘိဝန်ဒါမိ
**နိစ္စံ** = နိတ်စံ
**တိဋ္ဌန္တု** = တိတ်ထန်တု
**အဋ္ဌဝီသတိ** = အတ်ထဝီသတိ



www.burmeseclassic.com

www.burmeseclassic.com

**သမ္ဗုဒ္ဓါ** =သမ်ဗုတ်ဓာ
**ဣန္ဒိမဇ္ဈော** =အိတ်ဓိမန်ဇော
**ဇုတိန္ဓရာ** =ဇုတိန်ဓရာ
**ဣဒ္ဓိယာ** =အိတ်ဓိယာ
**အန္တရာယာ** =အန်တရာယာ
**သမေန္တုမေ** =သမင်တုမေ
**သဗ္ဗေ** =သပ်ဗေ
**ပလာယန္တု** =ပလာယန်တု
**ယက္ခရက္ခသာ** =ယက်ခရက်ခသာ

**အနက်**

၁။ **တဏှင်္ကရော** – တဏှင်္ကရာ မြတ်စွာဘုရားသည် လည်းကောင်း။
၂။ **မေဓင်္ကရော**–မေဓင်္ကရာ မြတ်စွာ ဘုရားသည် လည်းကောင်း၊
၃။ **သရဏင်္ကရော** – သရဏံကရာ မြတ်စွာဘုရားသည် လည်းကောင်း။
၄။ **ဒီပင်္ကရော**–ဒီပင်္ကရာ မြတ်စွာ ဘုရားသည် လည်းကောင်း၊
၅။ **ကောဏ္ဍညော** – ကောဏ္ဍည မြတ်စွာဘုရားသည် လည်းကောင်း။
၆။ **မင်္ဂလော**–မင်္ဂလ မြတ်စွာဘုရား သည် လည်းကောင်း၊
၇။ **သုမနော**–သုမန မြတ်စွာဘုရား သည် လည်းကောင်း၊
၈။ **ရေဝတော** – ရေဝတ မြတ်စွာ ဘုရားသည် လည်းကောင်း၊
၉။ **သောဘိတော** – သောဘိတ မြတ်စွာဘုရားသည် လည်းကောင်း။
၁၀။ **အနောမဒဿီ** – မနောမဒဿီ မြတ်စွာဘုရားသည် လည်းကောင်း။
၁၁။ **ပဒုမော** – ပဒုမ မြတ်စွာဘုရား သည် လည်းကောင်း၊
၁၂။ **နာရဒေါ** – နာရဒ မြတ်စွာဘုရား သည် လည်းကောင်း။
၁၃။ **ပဒုမုတ္တရော** – ပဒုမုတ္တရ မြတ်စွာ ဘုရားသည် လည်းကောင်း၊
၁၄။ **သုမေဓော** – သုမေဓ မြတ်စွာ ဘုရားသည် လည်းကောင်း၊
၁၅။ **သုဇာတော** – သုဇာတ မြတ်စွာ ဘုရားသည် လည်းကောင်း၊
၁၆။ **ပိယဒဿီ**–ပိယဒဿီ မြတ်စွာ ဘုရားသည် လည်းကောင်း၊
၁၇။ **အတ္ထဒဿီ**–အတ္ထဒဿီ မြတ်စွာ ဘုရားသည် လည်းကောင်း၊
၁၈။ **ဓမ္မဒဿီ** – ဓမ္မဒဿီ မြတ်စွာ ဘုရားသည် လည်းကောင်း၊
၁၉။ **သိဒ္ဓတ္ထော**–သိဒ္ဓတ္ထ မြတ်စွာဘုရား သည် လည်းကောင်း၊
၂၀။ **တိဿော**–တိဿ မြတ်စွာဘုရား သည် လည်းကောင်း၊
၂၁။ **ဖုဿော** – ဖုဿ မြတ်စွာဘုရား သည် လည်းကောင်း၊
၂၂။ **ဝိပဿီ** – ဝိပဿီ မြတ်စွာဘုရား သည် လည်းကောင်း၊
၂၃။ **သိခီ**– သိခီ မြတ်စွာဘုရားသည် လည်းကောင်း၊
၂၄။ **ဝေဿဘူ**–ဝေဿဘူ မြတ်စွာ ဘုရားသည် လည်းကောင်း၊
၂၅။ **ကကုသန္ဓော**–ကကုသန် မြတ်စွာ ဘုရေးသည် လည်းကောင်း၊
၂၆။ **ကောဏာဂမနော**– ကောဏာဂုံ မြတ်စွာဘုရားသည် လည်းကောင်း။
၂၇။ **ကဿပေါ**–ကဿပ မြတ်စွာ ဘုရားသည် လည်းကောင်း၊
၂၈။ **ဂေါတမော** – ဂေါတမ မည်တော် မူသော...

**အမှာက်ဘဂဝါ** – ငါတို့ မြတ်စွာ ဘုရား လည်းကောင်း၊ **ဣမေ**–ဤ နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့ ကို၊ **သောဟံ**–ထိုအကျွန်ုပ်သည်၊ **အဘိဝန္ဒာမိ**–အလွန်ရှိသေစွာ ရှိခိုးပါ ၏။ **တေ**–ထိုဘုရားရှင်တို့သည်၊ **နိစ္စံ**– အမြဲ၊ **မေသီသေ**–အကျွန်ုပ်ဦးခေါင်း ထက်၌၊ **တိဋ္ဌန္တု**–တည်တော်မူပါစေ ကုန်သတည်း။

**အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ** – နှစ်ကျိပ် ရှစ်ဆူကုန်သော ဘုရားရှင်တို့သည်၊ **ဣန္ဒိမဇ္ဈော**– တန်ခိုးတော် ကြီးမားကြ ကုန်၏။ **ဇုတိန္ဓရာ**–ကြီးမားသော အရောင်အဝါ ရှိတော်မူကြကုန်၏။ **တေသံ** – ထိုနှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏။ **ဣဒ္ဓိယာ ဇုတိယာ**– တန်ခိုးတော် အရောင်အဝါတော် အစွမ်းကြောင့်၊ **မေ**–အကျွန်ုပ်အား။ **အန္တရာယာ** – အန္တရာယ်အပေါင်းတို့ သည်၊ **သမေန္တု**–မကိန်းမရောက် ငြိမ်းပျောက်စေကုန်သတည်း။

**သဗ္ဗေ**–အလုံးစုံသော၊ **ပိသာစာ**– မြေဘုတ်ဘီလူးတို့သည် လည်းကောင်း **ယက္ခရက္ခသာ**–ဘီလူး ရက္ခိုက်တို့ သည်လည်းကောင်း။ **ဒူရေ**–မနီးမကပ် အဝေးရပ်သို့ **ပလာယန္တု**–ပြေးစေကုန် သတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်း အောင်ရွှေ့ ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေး ပါသည်။]*

စက်ပရိတ်တော်အား အသံထွက် ရွတ်ဆိုပူဇော်ပြီး မေတ္တာပို့ အမျှ ဆုတောင်းလျက် ရှိခိုးပူဇော်မှုကို အ... သတ်၍ ခါးဆန့်ကာ ပတ်ဝန်းကျင်... ကြည့်မိပါသည်။

သဲသဲမဲမဲ ရွာနေသော မိုးမှာ တိ... မည့်အရိပ်အယောင် မမြင်ရသေး... တန်ဆောင်း၏ လက်ယာဘက်... တွင် ထိုင်ကာ သီတင်းသုံးနေ... သံဃာတော်တစ်ပါးကို တွေ့ရ... ထိုင်နေရာမှထကာ အနီးက... ရောက်ဖူးမြော်ခဲ့ပါသည်။

'လာ...လာ ဒကာကြီး ဒီနေ... ထိုင်ပါ။ ဘုရားရှိခိုး ပုတီးစိပ်ခဲ့...



www.burmeseclassic.com

www.burmeseclassic.com

ညှောင်းလာရော့ပေါ့။ သပ္ပာယမျှအောင် လွတ်လွတ်လပ်လပ်နေပါ။ ဘုန်းကြီးက ခွင့်ပြုပါတယ်'

သူရှေ့ဘက်တွင် နေရာပေးကာ ကြည်လင်ပြတ်သား အသံသြဇာကောင်းလှသဖြင့် မော့၍ ဖူးမြော်မိရာ သက်တော် (၇၀)ကျော်ခန့်ရှိပြီး အေးချမ်းတည်ကြည်သော ရုပ်လက္ခဏာတော်ဖြင့် ကြည်ညိုဖွယ်ကောင်းလှသော ရဟန်းတစ်ပါးကို ဖူးမြင်လိုက်ရပါသည်။

'တင်ပါ့ဘုရား... ဆရာတော်က ဘယ်ကျောင်းကပါလဲ ဘုရား၊ မိုးကသည်းနေတော့ ကျောင်းကို ပြန်ကြွဖို့ အခက်အခဲ ရှိနိုင်လို့ မေးလျှောက်ရတာဘုရား'

'ဘုန်းကြီးက အာဂန္တုပါ၊ ရက္ခမှ ခုတင်ဆောင်ပြီး တောတောင်များကို လှည့်လည် ကေစာကျင့်သုံးနေတဲ့ ကိုယ်တော်ပါ။ အခုလဲ အင်းလေး ဖောင်တော်ဦးဘုရားကို ဖူးပြီး တောင်ကွဲစေတီကို ဖူးချင်လွန်းလို့ မနေ့က ရောက်တာပါ။

ဒီဘုရားနဲ့ နီးတဲ့ ပုဗ္ဗါရုံ စာသင်တိုက်ကြီးမှာပဲ ခေတ္တ သီတင်းသုံးနေတာမို့ သွားလာရေး အခက်အခဲ မရှိပါဘူး။

ဒီနှစ် ဝါတွင်းကာလကိုတော့ ချိုကယ်တောင်သုံးလုံးမှာပဲ ဝါဆိုဖို့ စီစဉ်ထားပါတယ်။ ဝါဝင်ဖို့ကလဲ နှစ်ရက်သာ ကျန်တော့တာကြောင့် အခုလို ဆုံးဖြတ်ရတာပါ။ ခုနက ဒကာ ရွတ်ဆိုပူဇော်သွားတာ **"နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး"**ဂါထာနော်'

'မှန်ပါဘုရား နှစ်ကျိပ်ရှစ်ဆူ ပရိတ်တော်လို့ ဆိုပါတယ်ဘုရား ရှိခိုးဂါထာတော်ဆိုလဲ မှန်ပါတယ်ဘုရား'

'အေး...အေး ရှေးသူတော်စင်



သူတော်မြတ်များ စီကုံးပူဇော်ခဲ့တဲ့ ရှိခိုးဂါထာမို့ အတိုင်းမသိ တန်ဖိုးကြီးလှတယ်။ တန်ခိုးကလဲ ထက်မြက်လှသပေါ့။ အခုအခါမှာ ရွတ်ဆို ပူဇော်သူ အတော်ရှားနေပါပြီ။

ဒကာတို့လို လူပုဂ္ဂိုလ်တွေက ရွတ်ပွားတာ တွေ့ရတော့ ဘုန်းကြီး အလွန်ပဲ ဝမ်းမြောက်လှတယ်။

စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ သားသမီးရေးတွေကြောင့် ဒီဂါထာတော်မြတ်ကြီးကို မရွတ်ဆိုနိုင်ဘူးဆိုရင် **"နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး အချုပ်ဂါထာ"**ဆိုတာလဲ ရှိသေးတယ်ကွယ့်'

'မှန်ပါ့ အမိန့်ရှိပါဘုရား'

'ဒီဂါထာကတော့ အလွန်မတန်ထင်ရှားတန်ခိုးကြီးလှတဲ့ ဖလွန်မြို့က **"ပြည်တော်ပြန် မာရ်အောင်မြင်မုနိ ရုပ်ရှင်တော်မြတ်ကြီး"**ရဲ့ လက်ဝဲလက်ရုံးတော်မှာ ရေးထိုးထားတဲ့ ဂါထာတော်ပေါ့ကွယ်။

ပြည်တော်ပြန် ဘုရားကြီးရဲ့ "စမ္ဗုဒ္ဓေ"ဂါထာကတော့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် အတော်များများက သိပြီးသားပါ။ အဲဒီဘုရားကြီးမှာ စမ္ဗုဒ္ဓေဂါထာသာမကဘဲ **"သင်းကျစ်တော်မှာ ရေးထိုးထားတဲ့ ဂါထာ၊ လက်ယာလက်ရုံးတော်မှာ ရေးထိုးထားတဲ့ဂါထာ၊ လက်ဝဲလက်ရုံးတော်မှာ ရေးထိုးထားတဲ့ဂါထာ"**ဆိုပြီး ဂါထာ(၃)ပုဒ်လဲ ရှိသေးတယ်။

ဒီဂါထာတွေကတော့ လူသိနည်းလှသကွယ့်။ အခု ဘုန်းကြီးရွတ်ဆိုပေးမယ့်ဂါထာက လက်ဝဲလက်ရုံးတော်မှာ ရေးထိုးထားတဲ့ ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူဘုရားများအား ဒကာကြီး ရွတ်ဆိုခဲ့သလို ဘွဲ့မည်ရည် အပြည့်အစုံ မဖော်ပြဘဲ အဖျားဆွတ် ဦးဆုံး ဘွဲ့အမည်ကိုသာ ရွတ်ဆိုပူဇော်တဲ့ နှစ်ကျိပ်ရှစ်ဆူအနှစ်ချုပ် ရှိခိုးဂါထာပါပဲ'

'တင်ပါ့ ဘုရား နာယူပူဇော်လိုပါတယ် ဘုရား'

'ကဲ...ကဲ လက်အုပ်ချီပြီး နာယူနိုင်သလို လိုက်ဆိုရင်းလဲ မှတ်သားနိုင်ပါတယ်'

ဟု အမိန့်ရှိရင်း ဖြည်းဖြည်းမှန်မှန် ရွတ်ဆိုပေးခဲ့ပါသည်။

ပြည်တော်ပြန်ဘုရား၏
လက်ဝဲလက်ရုံးတော်တွင်
ရေးထိုးထားသည့်
နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးဂါထာ

တံ မေ သ ဒီ ကော မံ သု ရေ
သော အ ပ နာ ပ သု သု ပိ၊
အ ဓံ သိ တိ ဖု ဝိ သိ ဝေ၊
က ကော က ဓါ နမောနမေ။

အနက်

**တံ၊** တဏှင်္ကရာဘုရား လည်းကောင်း။

**မေ၊** မေဓင်္ကရာဘုရားလည်းကောင်း။

**သ၊** သရဏင်္ကရာဘုရားလည်းကောင်း။

**ဒီ၊** ဒီပင်္ကရာဘုရားလည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com

**ကော၊** ကောဏ္ဍညဘုရားလည်းကောင်း။

**မံ၊** မင်္ဂလဘုရားလည်းကောင်း။

**သု၊** သုမနဘုရားလည်းကောင်း။

**ရေ၊** ရေဝတဘုရားလည်းကောင်း။

**သော၊** သောဘိတဘုရားလည်းကောင်း။

**အ၊** အနောမဒဿီဘုရားလည်းကောင်း။

**ပ၊** ပဒုမဘုရားလည်းကောင်း။

**နာ၊** နာရဒဘုရားလည်းကောင်း။

**ပ၊** ပဒုမုတ္တရဘုရားလည်းကောင်း။

**သု၊** သုမေဓဘုရားလည်းကောင်း။

**သု၊** သုဇာတဘုရားလည်းကောင်း။

**ပိ၊** ပိယဒဿီဘုရားလည်းကောင်း။

**အ၊** အတ္ထဒဿီဘုရားလည်းကောင်း။

**ဓံ၊** ဓမ္မဒဿီဘုရားလည်းကောင်း။

**သိ၊** သိဒ္ဓတ္ထဘုရားလည်းကောင်း။

**တိ၊** တိဿဘုရားလည်းကောင်း။

**ဖု၊** ဖုဿဘုရားလည်းကောင်း။

**ဝိ၊** ဝိပဿီဘုရားလည်းကောင်း။

**သိ၊** သိခီဘုရားလည်းကောင်း။

**ဝေ၊** ဝေဿဘူဘုရား လည်းကောင်း။

**က၊** ကကုသန်ဘုရားလည်းကောင်း။

**ကော၊** ကောဏာဂုံဘုရားလည်းကောင်း။

**က၊** ကဿပဘုရားလည်းကောင်း။

**ဂေါ၊** ဂေါတမဘုရားလည်းကောင်း။

**ဣတိ၊** ဤသို့။**အဋ္ဌဝီသတိသမ္ဗုဒ္ဓေ၊** နှစ်ကျိပ် ရှစ်ဆူကုန်သော ဘုရားရှင်တို့ကို။ **နမောနမေ၊** ရှိခိုးပါ၏။

***[ဤဂါထာတော် ပါဠိအနက်ကို နကွတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှေ့စရိယ(မဟာဝဂ္ဂါဒီမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေး ပါသည်။ ]***

'ဒီဂါထာကတော့ နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး အချုပ်ဂါထာပေါ့ကွယ်။ ခုနက ဒကာ ရွတ်ဆိုသလို ဆုတောင်း တွေ၊ ဘုရားရှင်တို့ရဲ့ တန်ခိုးရှိန်စော် အာနုဘော်နဲ့ ဟိတ်တွေတော့ မပါဘဲ ရှိခိုးဂါထာ သက်သက်ပေါ့လေ။

အချိန်မရလို့ မပြတ်နှလုံးသွင်း ရွတ်ဆိုချင်ရင်တော့ ဒီအကျဉ်းဂါထာ ကိုရွတ်၊ အချိန်ပေးနိုင်လို့ ဘုရားရှေ့ မှာ ရှိခိုးချင်ရင်တော့ ဒကာရွတ်ဆိုတဲ့ စက်ပရိတ်တော်ကို ရွတ်ပွားနိုင်ရင် တော့ အကောင်းဆုံးပေါ့။

ဒီဂါထာတွေကို ရွတ်ဆိုပူဇော်ရင် ဘေးအန္တရာယ် အသွယ်သွယ်က လွတ်မြောက်ပြီး ကောင်းကျိုးလိုရာဆန္ဒ တွေ ပြည့်စုံစေတယ်။ ပဋ္ဌာနန္တရိယကံ မထိုက်သူများအဖို့တော့ အပါယ် ဘေးက ကင်းစေတယ်လို့လဲ ဆိုပါ တယ်'

'မှန်ပါ့ဘုရား။ နှစ်ကျိပ်ရှစ်ဆူဘုရား တွေနဲ့ ပတ်သက်လို့ တပည့်တော် အသိ အမြင် မရှင်းတာများ မေးလျှောက်လို ပါတယ်ဘုရား။ တပည့်တော်တို့ရဲ့ ဂေါတမဗုဒ္ဓဘုရားရှင်ဟာ သုမေဓာ ရှင်ရသေ့ဘဝနဲ့ ဒီပင်္ကရာမြတ်စွာ ဘုရားထံပါး နိယတ ဗျာဒိတ်ခံပြီး လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလ ပါရမီ(၁၀)ပါးကို ဖြည့်ဆည်းတော်မူပြီး မှ ဘုရားအဖြစ်ကို ရောက်ရှိခဲ့ပါတယ် ဘုရား။

ဒီရှည်လျားလှတဲ့ ကာလများမှာ ဘုရားမြတ်စွာ နှစ်ကျိပ်ရှစ်ဆူသာ ပွင့်တော်မူခဲ့တယ်လို့ သိရပါတယ် ဘုရား။

ဒါကြောင့် ပွင့်တော်မူပြီးခဲ့သော နှစ်ကျိပ်ရှစ်ဆူသော ဘုရားများမှာ သုမေဓာရသေ့ဘဝတွင် နိယတဗျာ ဒိတ် ခံယူခဲ့တဲ့ ဒီပင်္ကရာဘုရားဟာ အဦးဆုံးသော ဘုရားရှင် ဖြစ်ပါသလား ဆိုတာ သိချင်ပါတယ်ဘုရား'

'အလွန်မတန် မေးသင့်တဲ့ မေးခွန်း ပေါ့။ ဒကာလိုပဲ လူတော်တော်များများ က နှစ်ကျိပ်ရှစ်ဆူဘုရားများဟာ ဂေါတမဘုရားရှင် ဗျာဒိတ်ခံယူပြီး ပွင့်တဲ့ဘုရားများလို့ ယူဆနေကြတယ်။ တချို့စာတွေထဲမှာဆိုရင် နှစ်ကျိပ်ရှစ်ဆူ ဘုရားများရဲ့ အဦးအစအဖြစ် **ဒီပင်္ကရာ ဘုရား**လို့ လွဲမှားဖော်ပြထားတာတွေ တောင် တွေ့ရတယ်။

ဘုန်းကြီးတို့ ဂေါတမဘုရားရှင် ဗျာဒိတ်ခံယူခဲ့တဲ့ တစ်ခုသော ကမ္ဘာ ထက်မှာ ဒီပင်္ကရာဘုရား မပွင့်ခင် **တဏှင်္ကရာမြတ်စွာဘုရား၊ မေဓင်္ကရာမြတ်စွာဘုရား၊ သရဏင်္ကရာ မြတ်စွာဘုရား**ဆိုပြီး ဘုရား(၃)ဆူ အစဉ်အတိုင်း ပွင့်တော်မူခဲ့ကြတယ်။

ဒီဘုရား(၃)ဆူပွင့်တဲ့ ကမ္ဘာမှာပဲ သုမေဓာရှင်ရသေ့အဖြစ် နိယတဗျာ ဒိတ် ခံယူခဲ့တဲ့ **ဒီပင်္ကရာမြတ်စွာ ဘုရား**လဲ စတုတ္ထမြောက်ဘုရားရှင် အဖြစ် ပွင့်ခဲ့တာလေ။

ဗျာဒိတ်ခံတဲ့ ကမ္ဘာမှာပဲ ဘုရားလေး ဆူ ပွင့်ခဲ့တာကြောင့် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပွင့်တော်မူပြီး နှစ်ကျိပ် ရှစ်ဆူဘုရားတွေထဲမှာ ဒီပင်္ကရာ မြတ်စွာဘုရား အရင် (၃)ဆူ ရှိနေသေး တယ်ဆိုတာ မှတ်ကြ သိကြဖို့ လိုတယ် ကွယ့်။

ဂေါတမဘုရားရှင် နိယတဗျာဒိတ် ခံယူတော်မူခဲ့တာကတော့ **ဒီပင်္ကရာ ဘုရားအစ ကဿပဘုရားအထိ** နှစ်ကျိပ်လေးဆူပဲ ရှိတာပေါ့။

ဒီနှစ်ကျိပ်လေးဆူသော ဘုရားများ ရယ်၊ ဒီပင်္ကရာဘုရားရဲ့ အရင်ပွင့်ခဲ့တဲ့ ဘုရား(၃)ဆူရယ် တို့များ ဂေါတ…



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရယ် ပေါင်းမှ နှစ်ကျိပ်ရှစ်ဆူလို့ သတ်မှတ်ခဲ့ကြတာ ဖြစ်ကြောင်း မှတ်သားထားပေါ့ကွယ်'

'အလွန်တရာ တန်ဖိုးကြီးလှပါတယ်ဘုရား၊ တပည့်တော် အမှတ်မှား အသိမှားတာတွေကို ယခုလို အမှန်သိရလို့ ဘုန်းဘုန်းရဲ့ကျေးဇူး ကြီးလှပါတယ်ဘုရား'

တန်ဆောင်း အပြင်ဘက်ကို လှေ့လာအကဲခတ်ကြည့်မိရာ ဝါဆိုမိုးကား အငြိုးကြီးစွာဖြင့် သဲသဲမဲမဲ ရွာသွန်းမစဲ ရှိနေဆဲပင်။ အသင့်ပါလာသည့် မဖွင့်ရသေးသော သောက်ရေသန့်ဘူးအား ဖွင့်ကာ ဘုန်းတော်ကြီးအား ကပ်လှူလိုက်ပါသည်။

ဘုန်းဘုန်းက သောက်ရေဘူးကို ဘုရားအား ရည်စူးကပ်လှူ၍ သရဏဂုံ သုံးပါး ရွက်ဆိုသောက်သုံးသည်ကို တွေ့ရပါသည်။

'နာရီဝက်လောက်ဆိုရင် မိုးက တိတ်တော့မှာပါ။ မပြန်ခင်မှာ ဒကာရဲ့ ဘာသာတရားအပေါ် စိတ်ဝင်တစား အလေးထားမှုကို တုံ့ပြန်တဲ့ အနေနဲ့ ဘုန်းကြီးက လက်ဆောင်ကောင်း တစ်ခု ချီးမြှင့်လိုက်ပါမယ်။

ဒါကတော့ ကုသိုလ်ကံဆက်ယတြာ လို့ ဆိုရမယ့် ကျင့်စဉ်လေးတစ်ခုပေါ့ ကွယ်။ ဒကာသာမကဘဲ ခုနစ်ရက် သားသမီးများအတွက် အခက်အခဲ အတားအဆီးများ၊ အန္တရာယ်များ ကင်းဝေးစေပြီး စီးပွားလာဘ်လာဘ တိုးတက်ခိုင်မြဲဖို့၊ စာမေးပွဲအောင်မြင် ဖို့နဲ့ ပညာရေးကောင်းမွန်ဖို့၊ ရာထူး အဆင့်အနေရာ တိုးတက်ခိုင်မြဲဖို့ စတဲ့ လောကီ ကိစ္စရပ်တွေ ပြည့်စုံမြင့်မားစေတဲ့ ကျင့်စဉ်ယတြာလေးပါပဲ။

ဒီကျင့်စဉ်လေးကို ဘုန်းကြီးရဲ့ ဆရာ ကြီး ထွက်ရပ်စခန်းမြန်းသွားပြီဖြစ်တဲ့ အမည်မဖော်လိုသူ ဆရာတော်တစ်ပါး က ခုနစ်ရက်သားသမီးများကို ကယ် တင်နိုင်ရန်ဆိုတဲ့ စိတ်စေတနာနဲ့ စီမံ ခဲ့တာပါပဲ။

ခုနက ဘုန်းကြီးနဲ့ ဒကာတို့ ရွတ်ပွားပူဇော်ပြောဆိုခဲ့တဲ့ ပွင့်တော်မူပြီးသော နှစ်ကျိပ်ရှစ်ဆူဘုရားများကို သက်ဆိုင်ရာ နေ့သားအလိုက် ဆန္ဒရှိရာ ဆုတောင်းမယ့် ဘုရားရှင်ဘွဲ့တော် အလိုက် ရွတ်ပွားပူဇော်မှုပြုရတဲ့ ကျင့်စဉ်ယတြာလေးပါပဲ'

'ဒီ နှစ်ကျိပ်ရှစ်ဆူဘုရားများမှာ တနင်္ဂနွေ၊ တနင်္လာ စသဖြင့် နေ့ အလိုက် ဖွားမြင်တော်မူတဲ့ ဘုရား (၄)ဆူစီ ရှိကြတယ်။ နေ့သားအလိုက် ဘုရား(၄)ဆူအနက်မှ မိမိဆန္ဒရှိရာ ဆုတောင်းနဲ့ဆိုင်တဲ့ ဘုရားရှင်ကို **နမောတဿ**ရှေ့ကတင်ပြီး ရွတ်ဆို ပူဇော်မှု ပြုရမှာဖြစ်ပါတယ်။

ဥပမာ မိမိက **တနင်္ဂနွေနေ့သား** ဖြစ်ပြီး အန္တရာယ်တွေ အခက်အခဲတွေ နဲ့ ကြုံနေရရင် **မေဓင်္ကရာမြတ်စွာဘုရား**ကို ရည်စူးပြီး "**နမောတဿ မေဓင်္ကရဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**"လို့ ရွတ်ဆို ပူဇော်ဖို့ပဲဖြစ်တယ်။ ဒကာ ပိုပြီး ရှင်းလင်းနားလည်သွားအောင် ဘုန်း ကြီးက ဇယားကွက်လေး ချပြီး ရှင်းပြပါမယ်'

ဟုဆိုကာ နေ့အလိုက် ဆောင်ရွက်ရမည့် နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုးယတြာနှင့် ရွတ်ပွားပူဇော်ပုံကို ရှင်းလင်းရေးပြခဲ့ပါသည်။

* * *

| မွေးနေ့ | ဘေးရန်ကင်းကွာ ကျန်းမာစေရန် | စီးပွားရေး/လုပ်ငန်း တိုးတက်ခိုင်မြဲစေရန် | စာမေးပွဲ/ပညာရေး အောင်မြင်စေရန် | ရာထူး/နေရာ ခိုင်မြဲစေရန် |
|---|---|---|---|---|
| တနင်္ဂနွေ | မေဓင်္ကရာ | သောဘိတ | ပိယဒဿီ | သိခီ |
| တနင်္လာ | သရဏင်္ကရာ | အနောမဒဿီ | အတ္ထဒဿီ | ဝေဿဘူ |
| အင်္ဂါ | ဒီပင်္ကရာ | ပဒုမ | ဓမ္မဒဿီ | ကကုသန် |
| ဗုဒ္ဓဟူး | ကောဏ္ဍည | နာရဒ | သိဒ္ဓတ္ထ | ကောဏာဂုံ |
| ကြာသပတေး | မင်္ဂလ | ပဒုမုတ္တရ | တိဿ | ကဿပ |
| သောကြာ | သုမန | သုမေဓာ | ဖုဿ | ဂေါတမ |
| စနေ | ရေဝတ | သုဇာတ | ဝိပဿီ | |

| တနင်္ဂနွေနေ့ဖွားများအတွက် |
|---|
| ၁။ နမောတဿ မေဓင်္ကရဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ |
| ၂။ နမောတဿ သောဘိတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ |
| ၃။ နမောတဿ ပိယဒဿီဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ |
| ၄။ နမောတဿ သိခီဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ |

| တနင်္လာနေ့ဖွားများအတွက် |
|---|
| ၁။ နမောတဿ သရဏင်္ကရဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ |
| ၂။ နမောတဿ အနောမဒဿီဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ |
| ၃။ နမောတဿ အတ္ထဒဿီဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ |
| ၄။ နမောတဿ ဝေဿဘုဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ |



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါနေ့ဖွားများအတွက်**

၁။ နမောတဿ ဒီပင်္ကရဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၂။ နမောတဿ ပဒုမဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၃။ နမောတဿ ဓမ္မဒဿီဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၄။ နမောတဿ ကကုသန္ဓဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ဗုဒ္ဓဟူးနေ့ဖွားများအတွက်**

၁။ နမောတဿ ကောဏ္ဍညဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၂။ နမောတဿ နာရဒဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၃။ နမောတဿ သိဒ္ဓတ္ထဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၄။ နမောတဿ ကောဏာဂမနဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ကြာသပတေးနေ့ဖွားများအတွက်**

၁။ နမောတဿ မင်္ဂလဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၂။ နမောတဿ ပဒုမုတ္တရဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၃။ နမောတဿ တိဿဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၄။ နမောတဿ ကဿပဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**သောကြာနေ့ဖွားများအတွက်**

၁။ နမောတဿ သုမနဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၂။ နမောတဿ သုမေဓဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၃။ နမောတဿ ဖုဿဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၄။ နမောတဿ ဂေါတမဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**စနေနေ့ဖွားများအတွက်**

၁။ နမောတဿ တဏှင်္ကရဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၂။ နမောတဿ ရေဝတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၃။ နမောတဿ သုဇာတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၄။ နမောတဿ ဝိပဿီဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

'ဘုန်းဘုန်းက သေချာကျန ရှင်းပြတဲ့အတွက် နေ့သားအလိုက် မိမိဆန္ဒရှိရာ ဘုရားရှင်ကို ရည်စူးပြီး ရွတ်ပွားပူဇော်ရန်ဆိုတဲ့ အချက်ကတော့ ရှင်းပါပြီ ဘုရား။ ဘယ်လို ရွတ်ဆိုဆုတောင်းရမလဲဆိုတာပဲ ရှင်းပြမိန့်ကြားပေးပါဦး ဘုရား'

'အေးကွယ့် ပူဇော်မှုကတော့ သက်ဆိုင်ရာ ဘုရားရှင်ကို ရည်စူးပြီး မိမိမွေးနေ့ အရုဏ်တက်ချိန်ကနေ မနက်(၉)နာရီအတွင်း စတင် အဓိဋ္ဌာန်ကာလ သတ်မှတ်လို့ သက်သတ်လွတ်ဆွမ်း(၁)ပွဲ၊ သစ်သီးဆွမ်း(၁)(၁)ပွဲ၊ သောက်တော်ရေ(၁)ခွက်၊ ဖယောင်းတိုင်(၉)တိုင်၊ အမွှေးတိုင်(၉)တိုင် ထွန်းညှိပူဇော်ရမယ်။ မိမိလိုအင်ဆန္ဒနဲ့ သက်ဆိုင်တဲ့ ဘုရားရှိခိုးဂါထာကို ခေါက်ရေ သက်စေ့ ဒါမှမဟုတ် ပုတီး (၁)ပတ်၊ (၉)ပတ် စသဖြင့် သတ်မှတ်ရှိခိုးရွတ်ပွားရတယ်။ ပြီးရင် မေတ္တာပို့အမျှဝေပြီး မိမိ လိုလားတဲ့ ဆန္ဒနဲ့ ညီတဲ့ဆုကို ဉာဏ်ရှိသလို အသုံးပြု ဆုတောင်းနိုင်တယ်။

တရားနည်းလမ်းတကျ မှန်ကန်တဲ့ ဆုတောင်းဆိုရင် တစ်လုံးတစ်ဝတည်း ပြည့်စုံစေပါတယ်လို့ ဘုန်းကြီး... ကိုယ်တွေ့နဲ့ယှဉ်ပြီး အာမခံပေးလို... ပါတယ်။ အိမ်က ဘုရားမှာဖြစ်ဖြစ် အခုလို တန်ခိုးကြီးဘုရားမှာပဲဖြစ်ဖြစ် လုပ်ဆောင်နိုင်ပါတယ်'

'တင်ပါ့ဘုရား ဘုန်းဘုန်းရဲ့လမ်း... ညွှန်မိန့်ကြားချက်များက ပြည့်စုံ... ရှင်းလင်းလှလို့ လျှောက်ထားမေး... ရန် မရှိတော့ဘူးဘုရား၊ မိုးလဲ တိတ်... မို့ တပည့်တော်ကို ပြန်ခွင့်ပြု... ဘုရား။ ဘုန်းဘုန်းမှာ လိုအပ်တာ... ရှိပါကလဲ အမိန့်ရှိပါရန် လျှောက်ထား... ပါတယ်ဘုရား'

'ဘုန်းကြီးက တောတွေ တောင်... လှည့်ပတ်နေတာမို့ သပိတ်တစ်... သင်္ကန်းသုံးစုံရှိရင် ပြည့်စုံတာမို့ ... အထူးအထွေ လိုအပ်တာ မရှိပါ... ဒကာသာ ဘာသာ သာသနာလုပ်... များကို ဆထက်ထမ်းပိုး ဆောင်ရွက်... တဲ့ပုဂ္ဂိုလ် ဖြစ်ပါစေလို့ ဆန္ဒပြုလို... တယ်ကွယ်'

ဆရာတော်အား ရှိသေစွာ ... ၍ ဝါဆိုဦး မိုးစက်မိုးမွှားလေး... အတူ စိတ်နှလုံး အေးမြကြည်... ဖြင့် သီရိမင်္ဂလာတောင်ကွဲ... တောင်တော်ပေါ်မှ ဆင်းသ... တော့သည်။

**[တခင် ဖူးတွေ့ခဲ့ရသော ... ရှုတင်ဆောင် အရှင်သူမြတ် ... ဩဘာသအား ဦးထိပ်ပန်...**

အုံကြွ...



www.burmeseclassic.com

www.burmeseclassic.com



# ရှင်မထီးနှင့်

ရှင်အဇ္ဇဂေါဏတို့အတွက် ရှင်းတမ်း သိသမျှ တင်ပြပါရစေ

ရန်ကုန် စနေသား

ဦးကျော်မိုးသိန်းခင်ဗျား…

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်စဉ်(၁၄၅)မှာ ပါရှိသည့် ရှင်မထီးနှင့် ရှင်အဇ္ဇဂေါဏ ဆရာတော်တို့သည် ပုဂ္ဂိုလ်တစ်ဦးတည်းပဲလား ဆိုသည်ကို ယခုခေတ် ပုဂ္ဂိုလ်တွေက မသိရှိကြတော့ဘဲ၊ ဝေခွဲမရတော့ပါ။ အမှန်စင်စစ် ယင်းတို့မှာ…

ဆရာတော် ရှင်အဇ္ဇဂေါဏမှာ သာသနာသက္ကရာဇ် ၆၉၅ ခုနှစ်၊ နတ်တော်လဆန်း(၅)ရက်၊ ကြာသပတေးနေ့မှာ ဓာတ်ကိစ္စအောင်မြင်ပြီး သက္ကရာဇ် ၆၉၆ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ တနင်္ဂနွေနေ့မှာ ပေါက်ကံ့ သမုဒ္ဒရာဇ်မင်းကြီးနှင့်အတူ ထွက်ရပ်စခန်း မြန်းခဲ့ကြပါသည်။


သမုဒ္ဒရာဇ်မင်းကြီးသည် ပေါက်ကံ့ သမုဒ္ဒရာဇ်မင်းကျမ်းကို "**ပေါက်ကံ့စိုးမှူး မိန့်ခွန်းကြူးပိမ့်၊ အထူးနိမိတ်၊ အောင်မြေထိပ်ဝယ်…**" အစချီရေးသားခဲ့ပါသည်။

ဆရာတော်ဘေသဇ္ဇမှာ…

'ဟိုင်းမှာစွယ်စုံ၊ ဂဠုန်နှင့်ကျား ခြသေ့်သားလေးပါးဓာတ်ကို သိလှစေ…'

အစချီ **သထုံပိဋကမိုရ်ကျမ်း**ကို ရေးသားခဲ့ပါသည်။ ဆရာတော်သည်

***



www.burmeseclassic.com

သာသနာသက္ကရာဇ် ၆၉၉ ခုနှစ်မှာ ဓာတ်အောင်မြင်ခဲ့ပါသည်။

ရေဝတိမ်ဆရာတော်လည်း…'

'ရေဝတိမ်ဆရာ၊ ပဏ္ဍိတလျှင်၊ သတ္တဝါအား မေတ္တာပွားရှ် နဂါးရေနတ် ခန္ဓာပြတ်အောင် လုပ်ရတ်ပညာ၊ ထားခဲ့ပါသည်…'

အစချီ ရေးသားခဲ့သည်။

သရဘင ရှင်ရသေ့သည်လည်း ဆရာတော်ဘေသဖ္စနှင့် တိုင်ပင်ကာ သဘော်လမ်းစနစ်ထွင်ပြီး…

'သရဘင်ယသည်ပြုမှု၊ လေးခုအက္ခရာ၊ လေးလုံးစာကို၊ သိသာခြားနား ရိုပ်ကာထားသည်၊ စား၍မကုန်၊ ဓာတ်အဟုန်ကား၊ ဂဠုန်ဂဠုန်ဆိုကြကုန်၏…'

အစချီ သဘော်လမ်းကျမ်းကို ရေးသားခဲ့ပါသည်။

ရှင်မထီးဆရာတော်သည် ပုဂံဖြူစေတီးမင်းကြီး ဆရာဖြစ်သည်။ ဖြူစေတီးမင်းမှာ ပင်းယသခင် ငါးစီးရှင် သမုဒ္ဒရာဇ်မင်းကြီး၏ သားဖြစ်ပြီး သာသနာသက္ကရာဇ် (ရ၁၁)ခုနှစ်၊ ခရစ်နှစ် ၁၆ရ ခုနှစ်မှာ နန်းတက်ခဲ့ပါသည်။

ဆရာတော်သည် ရှင်မထီးကျမ်းကို **"ပုဂံကျမ်းထွက် စာမဝှက်ဘူး၊ ဓာတ်ပေါင်းကူးက ဖြစ်ဖူးများစွာ၊ ပဒေသာ…"** အစချီရေးသားခဲ့ပါသည်။

အထက်ပါ ဆင်းသက်ပုံဇယားကို ကြည့်ခြင်းဖြင့် ရှင်မထီးနှင့် ရှင်အဖ္စဂေါဏ ဆရာတော်တို့မှာ ဆရာတော်နှင့် မြေးတပည့်သာဖြစ်ကြောင်း တွေ့ရမှာပါ။

တစ်ဖန် နောက်လူများကလဲ ရှင်က္ကန္ဒာစရိယနှင့် ရှင်မထီးဆရာတော်တို့ကို ရောထွေးပြန်ပါသည်။

ရှင်က္ကန္ဒာစရိယ ဆရာတော်သည် မြန်မာသက္ကရာဇ် ၁၀၃ ခုနှစ် ခရစ်နှစ် ၇၄၂ ခုနှစ်တွင် က္ကန္ဒာစရိယကျမ်းကို



အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

'အတ္တောအနက်ကို အက္ခရာ သညတော အက္ခရာတို့ဖြင့် ကောင်းစွာသိအပ် မှတ်အပ်သည် ဟောတိဖြစ်၏…'

အစချီ အဂ္ဂိရတ်ကျမ်းကို ရေးသားခဲ့ပါသည်။

စူဠာသမ္ဘ၀ ဝိဇ္ဇာပုဂ္ဂိုလ်ထူးလည်း မဟာပညာကျော် ပုဏ္ဏားတော် ဇာနက္က ကျမ်းကို **"ဝေဒတ္တလံ ကျမ်းဂန်ပြသည့် ဂေါဝိန္ဒအဂ္ဂမဟာ ဓမ္မရာဇာဂုရု ဆင်ဖြူသခင် နတ်ရှင်ပြန်မွေ၊ ယူတော့ပေးသည်…"** အစချီကျမ်းကိုလည်း ရေးသားခဲ့ပါသည်။

ရသေ့ ဆရာအောင်သည်လည်း **"ဝိဇ္ဇာသိပ္ပံ သိဃ်ဓေယတု၊ ကေက္ခရာ၊ ကောသလ္လာကြောင့်၊ ကေအက္ခရာ တလုံးစာကို…"** အစချီ ဓာတ်ကျမ်းအား လည်းကောင်း၊ **"ဟော့ ရှုဝံ ရှုဝံ နှင့် လှူဝံကိုဖမ်း၊ မြင်းမိုရ်တောင်ခါးပန်း ရှုကြည့်ကြစမ်း…"**အစချီ တွေ့ဆုံခန်းလည်း ရေးသားခဲ့ပါသည်။

မဟာ မင်းထင်ရာဇာဓမ္မသကြိန်၏ မြေး **ဦးဂုဏိန္ဒကလည်း ဓာတ်ကျမ်းတွင် "မြတ်ဆုံးထင်ထင်၊ မြင့်တက်မြင့်သား၊ ကြိုင်လွှင်လွှင်ဝေဝေ ပရမေ"** ဟု အစချီကျမ်းကို ရေးခဲ့ပါသည်။

သူရိယ စန္ဒ၊ ပမ ဗျာကရဏကျမ်းတွင်လည်း **"နမောမေ၊ ဗုဓသံ၊ မာဝိအာ၊ အက္ခရာနဝ…"**အစချီကျမ်းတွေလည်း ရှိပါသည်။

အထက်ဖော်ပြပါ ကျမ်းမြတ် အသီးသီးတို့သည် သံသေပြဒါးရှင်လုံး၏ လုပ်ရတ်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်မြတ် အသီးသီးတို့သည် မသူတော်လက်တွင်းသို့ လုပ်ရတ်နိသယများ ရောက်မသွားစေ ဖို့နှင့် နောင်လာနောက်သားများထဲမှ မိမိနှင့် ဉာဏ်ရည်တူသူများအား ပညာဉာဏ်ရရှိစေရန် မေတ္တာ ကရုဏာရှေ့ထား ပြုစုထားရစ်ခဲ့ခြင်း ဖြစ်ပါသည်။

ကျမ်းတစ်ကျမ်းကို ဖတ်ရှုရုံဖြင့် လုပ်ရတ်ကို နားလည်နိုင်မည် သိရှိနိုင်မည် မဟုတ်ဘဲ ကျမ်းမြတ်အသီးသီးကို သေချာစွာ လေ့လာကာ၊ ကျမ်းချင်းညှိပြုလုပ်ရန် အထူးလိုအပ်ပါသည်။

ကျမ်းမြတ်များတွင် အသုံးပြုရမည့် ဓာတ်ပစ္စည်း၊ အလေးချိန်၊ ပေါင်းစပ်မှု ရရှိမည့်ဆေးနှင့်တကွ အဖုံပေါင်း ဆယ်နှစ်ဖုံရှိကြောင်းနှင့်တကွ ထားရှိရမည့် မီးအနေအထား၊ အပျော့အပြင်းတို့ကို ပတ်ဝန်းကျင်ရှိ သဘာဝလေကို မြင် အောင်ရှုမြင်တတ်ဖို့နှင့် လုပ်ရတ်များ ဆောင်ရွက်ချိန် နာရီနှင့်တကွ လုပ် ဆောင်ရန် ရက်များကိုလည်း အသီးသီး မိန့်ဆိုခဲ့ကြပါသည်။

သတိမမူ ဂူမမြင်ဆိုသလို ကျမ်းမြတ်များကို သေချာလေ့လာဖတ်ရှုပြီး ရေးသားခဲ့သော ပုဂ္ဂိုလ်ရင်းအာဘော်ကို သာ သေချာနားလည်အောင် ရှုမြင်တတ်ဖို့ အထူးလိုအပ်ပါသည်။

ကျမ်းမြတ်တွေ တစ်ကျမ်းနှင့် တစ်ကျမ်း ချိန်ညှိသောခါဝယ် ကွဲလွဲမှု မရှိအောင် ကြံဆောင် တွေးခေါ် ကောက်ယူလျှင် ပေါက်မြောက်နိုင်စေကြောင်း ရည်ရွယ်ဆုတောင်းအပ်သည်။

*လေးစားလျက်…*


**ရန်ကုန် [?]နေသား**

www.burmeseclassic.com

# လမ်းပျောက်နေသူများအတွက်

## လမ်းဖြောင့်ပေးသော ယတြာနည်း

ဖိုးမင်း (မင်းလှ)



လောကတွင် လူအများ အကြောင်း အမျိုးမျိုးကိစ္စများကြောင့် စိတ်ပိုင်းဆိုင်ရာများ လွဲမှား၍ လမ်းမှန်မှနေ၍ လမ်းမှန် မဟုတ်သောနေရာသို့ ရောက်ရှိသွားကြသည်။

လမ်းမှန် မဟုတ်သော နေရာသို့ ရောက်ရှိသွားသူများကို လမ်းမှန် ပြန်ရောက်စေရန် ပြုလုပ်ဆောင်ရွက်ရာ၌ ခက်ခဲစွာ ကြိုးစားအားထုတ်ရသည်။

အမှန်တရားကို သိမြင်မှ လမ်းမှန်ကို ပြန်ရောက်နိုင်သည်။ အမှန်တရားကို သိမြင်နိုင်ရန် စဉ်းစားဆင်ခြင်ဉာဏ်လိုသည်။ စဉ်းစားဆင်ခြင်ဉာဏ်မရှိလျှင် အမှန်ဖြစ်ရန် ခက်ခဲပါသည်။

အမှန်တရားမရှိပါက မမှန်သောတရား အလိုလိုရောက်ရှိပါသည်။ လူတစ်ဦးဦးသည် မမှန်သောစိတ်တစ်ခု လွှမ်းမိုးခံရလျှင် အမှန် ပြန်ဖြစ်လာစေရန် နည်းလမ်းအမျိုးမျိုးနှင့် ဆောင်ရွက်ရပါသည်။

စာရေးသူအနေဖြင့် လမ်းမှားကို ရောက်ရှိသွားသောလူငယ်တစ်ယောက် လမ်းမှန်ပြန်ရောက်စေရန် ပြုလုပ်ပေးသော ယတြာနည်းတစ်ခုကို ဖော်ပြပါသည်။

၂၀၀၉/၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အောင်မြင်မှု ရရှိခဲ့သော မောင်ကျော်ကျော်သည် ဂုဏ်ထူး(၄)ဘာသာဖြင့် အောင်မြင်ခဲ့သော ကျောင်းသားတစ်ဦးဖြစ်ပါသည်။ သူသည် ၂၀၀၈/၀၉ ပညာသင်နှစ်တွင် တစ်နှစ်ကျရှုံးခဲ့သည်။

စာမေးပွဲ ကျရှုံးသောနှစ်တွင် စိတ်ဓာတ်ကျပြီး ကြံရာစား ကြံရာသွားဘဝ ဖြစ်နေသည်။ မိခင်ဖြစ်သူ ဒေါ်ချွေးချွေးဝင်းက အမျိုးမျိုး အားပေးနှစ်သိမ့်သော်လည်း ထူးခြား၍မလာ အိမ်ကို ပြန်မလာဘဲ တစ်လကျော် ရှိနေပြီဖြစ်သည်။

မိခင်ဖြစ်သူက...

'သားလေးရယ် အိမ်ကိုပြန်လာပါ။ လာမယ့်နှစ်အတွက် သားကြိုးစားပါ။ သားအောင်မြင်မှာပါ'

ဟု ပြောသော်လည်း မောင်ကျော်ကျော်က လုံးဝ ပြန်မလာ။

သည်လိုနှင့် ဒေါ်ချွေးချွေးဝင်းသည် **မင်းလှမြို့ တောင်ဘက် ဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဦးပညောဘာသ (သာသနာ့ဓဇ ဓမ္မာစရိယ)**ထံ သွားရောက်ပြီး...

'အရှင်ဘုရား တပည့်တော်မ၏ သား မောင်ကျော်ကျော်ကို ကယ်ပါဦး ဘုရား'

ဟု လျှောက်ထားရာ...

ဆရာတော်က...

'ဟေ့ ဒကာမကြီးသား ကျော်ကျော် ဘာဖြစ်လို့တုံး'

ဟု မေးရာ...

'ဒီလိုပါဘုရား ဆယ်တန်း စာမေးပွဲကျလို့ အိမ်ပြန်မလာဘဲ လျှောက်သွားနေတာ (၁)လကျော်နေပြီဘုရား။ ပြန်ဖြေဆိုဖို့ ပြောလို့လဲမရ။ အိမ်ကိုလဲ ပြန်မလာဖြစ် ဖြစ်နေပါတယ် ဘုရား'

ဟု အကြောင်းစုံကို လျှောက်ထားလိုက်ပါသည်။

ဆရာတော်က...

'ကဲ ဒကာမကြီး ဒီကိစ္စကို ဘုန်းကြီး ကူညီပေးမယ်'

'တင်ပါ့ဘုရား။ ကူညီပါဦး ဘုရား'

ဟု ဒေါ်ချွေးချွေးဝင်းက ဝမ်းသာစွာ လျှောက်ထားသည်။

သို့နှင့် ဆရာတော်ဘုရားသည် ခဲတံဖြင့် ဗလာစာရွက် (၅)ရွက်ခန့်တွင် စာများရေးပေးပြီး...

'ရော့ ဒကာမကြီး ဒီစာရွက်တွေကို



 စာမျက်နှာ (၂၁၉) သို့

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း
ပုံရိပ်ရှင်နှင့်

# ကံကြမ္မာ

ဟူကျင်းဇီ





✣ ကြွက်နှစ်ဖွား

ဤလတွင် ငွေကြေး မြောက်မြားစွာပိုင်ဆိုင်ရကိန်း ရှိသည်။ စည်းစိမ်တိုးပွား၍ အတွင်းပစ္စည်းများ တိုးတက်ဖြစ်ထွန်းနိုင်ကြသည်။

နေအိမ်ရှိ ခြံ၊ ကြွက်၊ ကြမ်းပိုး၊ ပိုးမွှားတိရစ္ဆာန် အဖျက်အဆီးများ လျော့နည်း ပပျောက်သွားလိမ့်မည်။ အရေပြားဆိုင်ရာ အနာရောဂါများ ဂရုစိုက်ပါ။



✣ နွားနှစ်ဖွား

ကြံစည်ဆောင်ရွက်မှုများ ဖြစ်ထွန်း အကောင်အထည်ပေါ်နိုင်သည့်ကာလဖြစ်သည်။ သင်ကြားတတ်မြောက်ထားသော ပညာရပ်များကြောင့် လူအများ၏ အရေးတယူ နေရာပေးခြင်း ခံရတတ်သည်။

မျက်စိနှင့် အမြင်အာရုံကြောဆိုင်ရာ ဝေဒနာများ ခံစားရဖွယ်ရှိသည်။ အထည်အလိပ်များနှင့် ပတ်သက်၍ အကျိုးအမြတ် ရရှိနိုင်ကြသည်။



✣ ကျားနှစ်ဖွား

တီထွင်ဖန်တီးမှုများ ဖြစ်ထွန်းနိုင်သည်။ စီးပွားလုပ်ငန်းခွင်အသစ်၊ ဈေးကွက်ဖောက်သည် အသစ်များ အသားပြုသင့်သောကာလ ဖြစ်သည်။

မရောက်ဘူးသော နေရာဒေသများသို့ သွားတတ်သည်။ ရေရှည်စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရဖွယ်ရှိသည်။



✣ ယုန်နှစ်ဖွား

အိမ်ခြံမြေနှင့် ပတ်သက်၍ ပူပန်သောက ရောက်ရကိန်းရှိသည်။ သူခိုး၊ ဓားပြများရန်မှ ကြိုတင်ကာကွယ်ပါ။

ဥပဒေနှင့် ငြိစွန်းသော လုပ်ငန်း၊ ငွေကြေးများနှင့် ပတ်သက်မိသဖြင့် အကျိုးယုတ်လျော့နိုင်သည်။ သွားနှင့် ခံတွင်းဆိုင်ရာ ရောဂါဝေဒနာများ သတိထားပါ။ အစားအသောက် မှားယွင်းမှုကြောင့်လည်း ဘေးဥပဒ်ကြုံတွေ့ရဖွယ် ရှိပါသည်။



✣ နဂါးနှစ်ဖွား

မျှော်လင့်ထားသော လုပ်ငန်းကိစ္စအချို့ အကောင်အထည်ပေါ်ပေါက်လာနိုင်သည်။ မျက်မှန်၊ ရုပ်သံစက်များ ဝင်ကိန်းရှိသည်။ သစ်တော၊ သစ်ဝါး ကြိမ်နှင့် သစ်တောထွက်ပစ္စည်းများကြောင့် ငွေကြေး အကျိုးအမြတ် ရရှိနိုင်ကြသည်။

မိခင်၏ ဆွေမျိုးသားချင်းတို့အတွင်း သာရေး နာရေးကိစ္စ ပေါ်ပေါက်၍ ငွေအား လူအား စိုက်ထုတ် ကူညီပေးရတတ်သည်။



✣ မြွေနှစ်ဖွား

ကြံဆောင်သမျှ အောင်မြင်ဖြစ်ထွန်း၍ ဆန္ဒပြည့်ဝနိုင်ကြသည်။ ငွေကြေးလာဘ်လာဘ မြောက်မြားစွာ မရရှိနိုင်သော်လည်း ကျေနပ်အားထားရသည့် ပမာဏကို ပိုင်ဆိုင်ရတတ်သည်။

လူအများစုနှင့် ပြောဆိုဆက်ဆံရာတွင် အဆင်ပြေ၍ အများစု၏ ထောက်ခံအားပေးမှုကို ခံစားရဖွယ်ရှိသည်။



✣ မြင်းနှစ်ဖွား

ပြောစကား ဆိုစကား မအောင်မမြင် လူအများနှင့် သဘောထား ကွဲလွဲနေတာ တစ်ဦးတည်း အထီးကျန် ဆန်နေတတ်သည်။

ဆွေမျိုးသားချင်းတို့အတွင်း ဒုမင်္ဂလာနာရေးကိစ္စများကြောင့် ကိုယ်စိတ်ပင်ပန်းနွမ်းနယ်နေရဖွယ် ရှိသည်။ ယာဉ်ရထား မတော်တဆ ဖြစ်မှုများကို ကြိုတင်ကာကွယ် သတိထားသင့်သည်။



✣ ဆိတ်နှစ်ဖွား

ဆင်ခြင်တုံတရား အားနည်းကာ အမှားအယွင်း ကျူးလွန်မိတတ်သည်။ သင်ခန်းစာရယူဖွယ် အဖြစ်အပျက်များ ကြုံတွေ့ရဖွယ်ရှိသည်။

သစ်ဝါး အချွန်အထက်များ စူးရှဒဏ်ရာရခြင်း သတိပြုကာကွယ်ပါ။ အေးချမ်းဆိတ်ငြိမ်သော ကျေးလက်ဒေသများသို့ သွားရောက် အနားယူခြင်းဖြင့် စိတ်ကို အနားပေးသင့်သည်။



✣ ကြက်နှစ်ဖွား

ရာထူးဌာနန္တရ တိုးတက်လာနိုင်သည်။ နေထိုင်မှုအဆင့်အတန်းမြင့်မား၍ ဇိမ်ခံပစ္စည်းများလည်း ဝင်ကိန်းရှိသည်။

ပတ်ဝန်းကျင်နှင့် ဆွေမျိုးအသိုင်းအဝန်းတွင် ဖြစ်ပျက်နေသော အမှုပြဿနာများအတွက် ခုံသမာဓိလူကြီးအဖြစ် ဖျန်ဖြေပေးရတတ်သည်။ အမျိုးသမီး ဓာတ်ရှင်တို့မှ မိုခိုအားထား

www.burmeseclassic.com

ဒွယ်ခင်ပွန်း ရရှိနိုင်ကြသည်။



✣ မျောက်နှစ်ဖွား

စိတ်ရှင်လန်း ဝမ်းမြောက်ဖွယ် ကဏ္ဍာရှိ ဖြစ်စဉ်များ၊ သတင်းကောင်းများ ကြုံဆုံကြားသိရတတ်သည်။

မြစ်ကူးချောင်းခြားခရီး သွားလာရကိန်းရှိသည်။ ဆီးနှင့် ကျောက်ကပ်ဆိုင်ရာရောဂါ ဝေဒနာများ သတိထားကာကွယ်ပါ။ ရေဒီယို၊ တယ်လီဖုန်းများ ချွတ်ယွင်း ပျက်စီးနိုင်သည်။



✣ ခွေးနှစ်ဖွား

စူးစမ်းရှာဖွေမှုများ သုတေသနလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်။ စီးပွားလုပ်ငန်းအသစ်များ စတင် အကောင်အထည်ဖော်ရန် သင့်လျော်သည်။

စက္ကူ၊ စာရွက် စာတမ်းများကြောင့် အကျိုးအမြတ် ရရှိနိုင်သည်။

ငွေကြေးနှင့် အခြားသော လူမှုရေးမျက်နှာစာရှိ အခက်အခဲလေးများအတွက် အကူအညီများ လွယ်လင့်တကူ ရရှိတတ်ကြသည်။



✣ ဝက်နှစ်ဖွား

ငွေကြေး အတန်အသင့် ဝင်နိုင်သည်။ လေ့လာဖတ်မှတ်ထားသော နှုတ်မှုလက်မှု အတတ်အသိ ပညာရပ်များကြောင့်လည်း ငွေကြေးအတို အထွာများ ဝေဝေဆာဆာ ဝင်နေတတ်သည်။

ငွေကြေး၊ သံ၊ စတီး၊ သတ္တုပစ္စည်းများနှင့် အကျိုးပေးထက်သန်သော ကာလဖြစ်သည်။ အမျိုးသားဇာတာရှင်တို့မှာ ဘဝအဖော် ဇနီးကောင်းများ လက်ဆက်ရကိန်းရှိသည်။

**ဤလတွင် ကံကြမ္မာမေးမှိန်နေသူတို့သည်** အနံ့အရသာနှင့် ပြည့်စုံသော သစ်သီး(၁၂)လုံးကို စနေနေ့ နံနက်တွင် ဘုရားကပ်လှူခြင်း၊ ဆွမ်းခံသံဃာတစ်ပါးအား လောင်းလှူခြင်း သို့မဟုတ် အသက်အရွယ် ကြီးရင့်အိုမင်းသော အမယ်အိုတစ်ဦးအား လှူဒါန်းခြင်းဖြင့် ပါပအာနိသင်များ လျော့နည်းကာ သက်သောင့်သက်သာ ရှိသော ဘဝနေမှုကို ကြုံဆုံရပါလိမ့်မည်။

***ကြိုးအောင်သမျှ အောင်မြင်ကြပါစေ။***

**ဟူဂျင်းဇီ**

စာမျက်နှာ (၂၁၇)မှ အဆက်

မောင်ကျော်ကျော်၏ အိပ်ရာမှာ (၁)ရွက်၊ အင်္ကျီအိတ်မှာ (၁)ရွက်၊ ကျောင်းတက်လွယ် အိတ်မှာ (၁)ရွက်၊ ဒါယကာမကြီးဆီမှာ (၁)ရွက်၊ အိမ်က လှေကားတက်မှာ (၁)ရွက် ထားပေးပါ။ ဒီစာရွက်မှာရေးထားတဲ့စာကို ရွတ်ဖတ်ပြီး (၇)ရက်တိတိ မေတ္တာပို့ပေးပါ။ မောင်ကျော်ကျော် ပြန်ရောက်လာပါလိမ့်မည်'

ဟု ပြောပြီး ပေးလိုက်ပါသည်။

ဒါယကာမကြီး ဒေါ်ဌေးဌေးဝင်းသည် ဆရာတော် မှာကြားသည့်အတိုင်း စီမံရွတ်ဖတ်ဆောင်ရွက်ရာ (၅)ရက်မြောက်နေ့တွင် မောင်ကျော်ကျော်ကို အိမ်သို့ ပြန်လည်ခေါ်ယူနိုင်ခဲ့၏။ ၂၀၀၉/၁၀ ပညာသင်နှစ်တွင် ဂုဏ်ထူး(၄)ဘာသာဖြင့် အောင်မြင်ခဲ့သည်။

ဗလာစာရွက်ထဲတွင် ဆရာတော် ရေးပေးလိုက်သော ယတြာနည်းမှာ...

'ပုင်္ဂဝေါ ဥဇုံ ဂစ္ဆတိ'

'မောင်ကျော်ကျော်လမ်းကောက် ကောက်နေရာမှ လမ်းမှန်လမ်းဖြောင့် အမြန်ရောက်စေ'

ဟူ၍ ဖြစ်ပါသည်။

စာရှုသူများလည်း မိမိတို့၏ သားသမီးများ စိတ်ခံစားမှုအမျိုးမျိုးကြောင့် လမ်းမှားတစ်ခုခုသို့ ရောက်ရှိခဲ့ပါက လမ်းမှန်သို့ ရောက်စေနိုင်သော ယတြာနည်းကောင်းတစ်ခုကို မော်ဘီမြို့၊ ထိပ်တန်းအမျိုးသမီး(သီးသန့်) ဘော်ဒါဆောင် ကြီးကြပ်ရေးမှူး ဒေါ်ဌေးဌေးဝင်း၏ ကိုယ်တွေ့အဖြစ်အပျက် ခံစားခဲ့ရခြင်းကို အခြေခံ၍ မိတ်များအားလုံး သိရှိနိုင်ကြစေရန် ရေးသားဖော်ပြအပ်ပေသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

ပါဠိဆရာကြီး၏ မှတ်ချက်

ဓမ္မပဒထဲမှာ **'ဥဇုံဂစ္ဆတိပုင်္ဂဝေါ'**ဟု ရှိ၏။ **'ရှေ့ဆောင်နွားလားသည် ဖြောင့်ဖြောင့်သွား၏'** ဟု အဓိပ္ပာယ်ရှိ၏။ ယခုပါဠိကလည်း ဤအဓိပ္ပာယ် ထွက်ရှိပါသည်။

**[ဤယတြာနည်းကို ပြောပြပေးသော ဒေါ်ဌေးဌေးဝင်းအား ကျေးဇူးတင်ပါသည်။]**

**ဗိုလ်မင်း (မင်းလှ)**

# ကျွမ်းအိပ်ထဲက ဆေးနှစ်ပါး

ပြဒါးမိအောင်ဖမ်း (၃)

ရွှေတောင် ခင်မောင်ကြည်



**ယခင်လမှ အဆက်**

မောင်ဖိုးဟန် မြတ်ဗုဒ္ဓ အထံတော်မှာ ရုပ်နဲ့နာမ် ခန္ဓာ(၅)ပါးကို လှူဒါန်း။ အဓိဋ္ဌာန်စခန်းကိုဝင်။

အရဟံဂုဏ်တော် သက်စေ့ ပုတီးပတ်။ စိတ်ထဲကမှတ် ရွတ်ဖတ်။ ဆက်တိုက်မပြတ် မှန်းမျှော်ရှု။ ဂုဏ်တော်ကို ပုံတော်သွင်းလို့ အာရုံပြု…

အဓိဋ္ဌာန်ပြု ကောင်းမှု တွေပြီး ပြန်တော့ မေတ္တာတွေပို့။ အမျှတွေဝေ။ သူတော်ကောင်းတို့ ပို့သမျှ မေတ္တာတွေကိုလဲ ခံယူ။ သာဓုသံ တွေလဲ ဟစ်ကြွေး။

မိုးကောင်းကင် ငွေကြယ်စင်တို့ နေရာပြောင်း။ လမင်းစန္ဒာလဲ အနောက်ဂေါရာ တောင်တန်းတွေဆီ မေးတင်လို့ စောင်းပါပေ့။ အချိန် ကတော့ နှောင်းခဲ့ပြီ။ ။ သန်းခေါင် ကျော်။ တစ်နာရီ။

အဓိဋ္ဌာန် အောင်မြေနေရာလေးက ထ။ ရွှေဆံတော်စေတီတော်ကို လက်ယာရစ်ပတ်။မကောင်းမှုတွေပယ်။ ကောင်းမှုတွေ ဆွယ်ရင်း မြတ်စွယ် တော်တိုက်ရှေ့အရောက်…

သူ့ရှေ့မှောက်မှာ ပထမံဘိုးတော် အောင် ကိုးကွယ်ခဲ့တဲ့ ဘုရား။ ဝပ်တွား လို့ ကြည်ညို။ လက်ဆယ်ဖြာထိပ်မှာမိုး ဦးချ။ (၃)ကြိမ်မျှ။

စနေ အနောက်တောင်ထောင့်ကို ကျော်။ အနောက်ဘက် စောင်းတန်း အတက်လမ်းကိုဖြတ်။ ဘယ်ဘက်ကို ကွေ့ပတ်ပြီးအလျှောက်။ တစ်ဆစ်ချိုး အုတ်လှေကားလေးကို ရောက်။ တောက်လျှောက် အောက်ကို ဆင်း။ မူလလာရင်း တန်ဆောင်းကလေးဆီ ကိုအပြန်…

ဆရာဟန်ကတော့ သူ့အိမ်ကို ပြန် သွားပြီ။ ဒေါ်ရှင်းနဲ့ ဒေါ်ကြည်အေးတို့ ကိုလဲ မတွေ့။ တည်းခိုရာမှာ အိပ်နေ ကြရှာပြီထင်ရဲ့။

ဆရာရသေ့ရှေ့မှာတော့ ဆရာပုဏ် (ပကုသလသိဒ္ဓိအောင်) တစ်ပါးတည်း။ စကားတွေ ပြောနေကြ။ ဖိုးဟန် အရောက်မှာ ဆရာပုဏ်နေရာက ထ။ အိပ်နေကျ ထီးရိပ်အောက်ကို မျက်နှာမူ။ ဖိုးဟန်နဲ့ နှစ်ယောက်အတူတူ။

နောက်နေ့ ဥပုသ်နေ့။ နေ့ထူးနေ့ မြတ် သီတင်းကျွတ်လပြည့်နေ့။ မနက် (၄) နာရီထိုးမှာ အိပ်ရာကထ အဓိဋ္ဌာန် ထပ်တင်ဖို့အတွက် အရေးကြီး။ နှောင့်နှေးကြန့်ကြာ မရှိရာ။

ရွှေဆံတော် စေတီတော်မြတ်ကြီး… တနင်္ဂနွေထောင့်မှာထိုင်။ အောင်… နေရာမှာ ပုတီးကိုင်။ အပိုင်ကြံရမ… အဓိဋ္ဌာန်ခရီး အသစ်ကိုစ။ ဩကာ… နဲ့… ,

အာစိဏ္ဏကံမပျက်။ ဝတ်တက်… (၁၀) အဓိဋ္ဌာန်ခရီး ပြီးမြောက် အော… မြင်ခဲ့လေပြီ။

ဆရာရသေ့ထံမှောက် ပြန်ရော… တော့ ဦးဟန်တိုးနဲ့ အပြိုင်ပဲ။ ပန်း… တာ နှစ်ယောက်အတူ။ သူ့လက်ထဲ… (၅)ဆင့်ချိုင့် တစ်လုံး။ ဘာတွေမှာ… လိမ့်…

မုန့်ဟင်းခါး။ အားပါးတရ စား… မုန့်ပဲသွားရည်စာ လက်ဖက်… အကြမ်းအချို။ လိုသလို သော… စားကြ ဗိုက်ကတော့ ဝပြီ…

မနက်(…)နာရီလောက်မှာ ဆ… ဟန် မုန့်အိမ်လေးကို မီးတင်။ ပုဏ်…



www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှာ ပြဒါးဝင်နေတဲ့ လုံကို ထား။ မနေ့က သိမ်းထားတဲ့ ကွမ်းရွက်နဲ့ ဆေးရွက်ကြီးရည်ကိုထုတ်၊ ကြေဖွန်းလေးကို သုတ်၊ သတ္တုရည်ကို ခပ်ပြီးယူ၊ လက်ငြိမ်ငြိမ်နဲ့ လောင်းလောင်းထည့်၊ မီးကိုမြှင့် လုံဖင်တိုက် တေဇောစံချိန်ကိုညှို၊ မီးကစားကြည့်။

လုပ်ကိုင်ဆောင်ရွက်သွားတာက မနေ့ကနဲ့မခြား တစ်သားတည်း ထပ်တူ။ မီးအပူပေးတာပဲ ချင့်ချိန်ရ။

မီးချိန်ညီမှ မမိမကမ်း မရှိစေရ။ ပလုံလေးတွေစီစီပြီး ပွက်နေမှ။ လွန်သွားလို့လဲ မရ၊ မှန်အိမ်လေးနား ကပ်နေမှ ခွာနေလို့ကတော့ မရ၊ လုံးဝ။

မနက်(၉)နာရီကျော်ကျော် ခတ်ပြုချိန်ကလဲ (၃)နာရီကျော်ကျော် ပြဒါးမီးတင်ထားတာက တော်တော်လေး ခရီးရောက်နေပြီ။ ဆရာဟန်က ပြောတယ်။

'အခုအချိန် ပြဒါး မထွက်နိုင်တော့ဘူး မပြေးတော့ဘူး၊ မီးနေစပြုပြီ ကြည့်'

ဖိုးဟန် ငုံ့ကြည့်လိုက်တော့ ပြဒါးက အရည်ပျော်နေတယ်။ သတ္တုရည် လုံးဝမရှိ၊ ပြဒါးလုံးလေး ထိပ်လင်းပြီး ဝင်းနေတယ်။

နောက်တစ်ခါ ပြဒါးက လုံးပြီး အဘက် ပြဒါးရောင်ဝင်းပြီး အထွက်မှာ ဆရာဟန်ညာလက်က မီးစာ ကလစ်ကို ကိုင်လှည့်ပြီး နှိမ့်လိုက်တယ်။ မီးအရှိန် နှိမ့်သွားပြီ မီးရှိတယ် ဆိုရုံလေး တေဇောအား။

ပြဒါးလုံးလေးက မျက်တောင်ခတ်တယ်။ တဖြည်းဖြည်း မျက်တောင်ခတ်တာ နှေးနှေးသွားတယ်။ အဲဒီအချိန်မှာ ဆရာပုဏ်က သတ္တုရည် ထည့်ထားတဲ့ ကြေရည်သုတ် သံဇလုံလေးကို ညှပ်ဆိုလေးနဲ့ ကိုင်ပြီး ဖယောင်းတိုင်မီးတောက်ပေါ် တင်နေတယ်။ အပူပေး



နေတာ။

ဆရာဟန်ကတော့ ဆရာပုဏ် အပူပေးထားတဲ့ သတ္တုရည်ကို ကြေဖွန်းကလေးနဲ့ခတ်ပြီး မှန်အိမ်ပြောင်းအပေါ်တင် ချိတ်ထားတဲ့ လုံထဲကို လက်ဆ ကောင်းကောင်းနဲ့ စိတ်ငြိမ်ငြိမ်ထားပြီး တစ်စက်စီ တစ်စက်စီ အစက်ချပြီး ထည့်နေတယ်၊ ဟောခနဲ လောင်းလိုက်တာ မဟုတ်ဘူး။

မီးတင်ထားတဲ့လုံထဲက ပြဒါး ငုတ်တုတ်ပေါ်ကို သတ္တုရည် တစ်စက်ချင်းကျတဲ့အခိုက် ပြဒါးက ငြိမ်။ လုံကငြိမ်။ သတ္တုရည်ကလဲ အရှိန်မပျက်။ တစက်စက်...

ရှဲခနဲ အသံမထွက် ပြဒါးလုံးကအပူတေဇောနဲ့ သတ္တုရည် အပူတေဇောကိုညှိချက်။ နှစ်ပါးအပူ ရောယှက်။ ပေါင်းလျက်၊ အတူ၊ အပူမကွာ။ ပြဒါးအတွက် စိတ်ချ။ အခဲဘဝ ရောက်ပြီ။

ပထဝီ နိုင်ဖို့အတွက် မီးဆက်တက်ရဦးမယ်။

ဆရာဟန်က မှန်အိမ်ကလစ်ကလေးကို လှည့်ပြီး မီးအရှိန် မြှင့်လိုက်တယ်။ သတ္တုရည်ခန်းအောင် စောင့်တယ်။ အပူပေးတယ်။ သတ္တုရည် ထပ်ဖြည့်တယ်။

ဆရာပုဏ်ကတော့ သတ္တုရည် အပူပေးတဲ့ အလုပ်ပဲ လုပ်တယ်။ ဘာတစ်ခွန်းမပြော။ ဘာသိဘာသာ၊ ဆိတ်ဆိတ်နေ၊ တိတ်တိတ်ကလေး၊ နှုတ်ပိတ်။

ခဏအကြာမှာ ဆရာရသေ့ ဦးအောင်နက် ဖိုးဟန်တို့ အနားကို ရောက်လာတယ်။ ငုံ့ကြည့်တယ်။ လုံထဲမှာတော့ သတ္တုရည်ခန်း။ ပြဒါးပျော်။

ဆရာရသေ့ ကြည့်နေလိုက်တာ မျက်စိကို ပြူးလို့၊ တော်တော်နဲ့ မခွာ အနားတောင် ကပ်ကြည့်တယ်။ ပြီးတော့ ပြောတယ်။

'ဖိုးဟန် သေသေချာချာ ကြည့်ထား အရေးကြီးဆုံး အချိန်ရောက်ပြီ။ မီးအပေးအယူမှားရင် ပြဒါးကုန်မယ်။ ဟန်တိုး လုပ်ကိုင်နေတာကို ကြည့်။ မသိရင်မေး မင်းတို့ကလဲ လိုလေသေး မရှိ ပြောပြ'

ပြောပြောဆိုဆို သူ့နေရာကို ဆရာရသေ့ ပြန်ကြွသွားတယ်။ ဖိုးဟန်ကတော့ ကြည့်ဆဲ။ ကြည့်မြဲ။ ပညာယူနေမြဲ။

ရသေ့ဆရာပုဏ် (ပကုသလ သိဒ္ဓိအောင်)က ဖိုးဟန်ကို ပညာပေးတယ်။

'မင်း တရုတ်မော်ကို ပြန်ရောက်လို့ ပြဒါးဖမ်းရင် ဦးဟန်တိုးလုပ်သလို ပြဒါးကို ထိပ်လင်းအောင် မစောင့်နဲ့ ဦးဟန်တိုးက ကျွမ်းနေပြီ။ မင်းက စ,လုံးရေတောင် မစရသေး။ နှောင့်နှေးကြန့်ကြာ ဖြစ်လာနိုင်တယ်။

မှန်အိမ်မီး တေဇောကြောင့် ပြဒါးထိပ်တင်းတာနဲ့ ထိပ်လင်းတာက စက္ကန့်ပိုင်းလေးပဲ အလွန် မြန်တယ်။

ထိပ်လင်းတာကြာရင် ပြဒါး အငွေ့ဖြစ်ပြီး ပျံကုန်မယ်။ ကြာကြာမဆိုင်းနဲ့ ပြဒါးထိပ်လင်းတာနဲ့ သတ္တုရည် ထည့်ပေတော့'

'ဆရာ စိတ်သာချ၊ ဖိုးဟန်အကုန်မှတ်မှာ'

'ပြဒါးထိပ်တင်းရုံနဲ့ သတ္တုရည် ထည့်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com

သတ္တုရည်ကို အပူပေးပြီးမှထည့်ဖို့ မမေ့နဲ့။ တေဇောနဲ့ အာပေါ တွေ့ရင် အငွေ့သဘော ဖြစ်စေတယ်။ ခုကိစ္စက အငွေ့ဖြစ်ပြီး ပျံမှာ မဟုတ်ဘူး။ ဖောင်းဒိုင်းနဲ့ အသံမြည်ပြီး ပြဒါးထွက်သွားမယ်။ ကြပ်ကြပ်သတိထား'

'အပူကြီးနဲ့ အအေးကြီး ထိပ်တိုက် ရင်ဆိုင်တွေ့ကြတာကိုး'

'ဒါပေါ့ကွာ ရင်ဆိုင်တွေ့တော့ နှစ်ဖက်ကန်မယ်။ ကန်ပြီဆိုကတည်းက ပေါက်ထွက်ပြီပဲ'

'ခဲလေသမျှ သဲရေကျပြီပေါ့နော်'

'မောင်ဖိုးဟန်ရေ မင်း ရင်ဆိုင် အတွေ့မှာ ဖင်ထိုင်မေ့သွားမယ်'

ဘာသာလဝါ ခပ်မဆိတ်နေတတ်တဲ့ ဆရာပုဏ် မပြော မပြော၊ ပြောမယ့် ပြောတော့ ကရားရေလွှတ် တတွတ်တွတ်။ သူတပည့် မောင်ဖိုးဟန်ကို ခံရမှာစိုးလို့နဲ့ တူပါရဲ့။ အာစရိယဝါဒ အတိအကျ အထပ်ထပ်သင်။ ဩော်... ဆရာသခင်...

အာစရိယသခင် အစစ်တွေက ချစ်တပည့်တွေအပေါ်မှာ ထားတဲ့ ရေစင်မေတ္တာ၊ စေတနာ၊ ဘယာဝေးစေ၊ ချမ်းသာစေ။ ဆရာစားမချန် ပညာဝေ။

ဆရာဟန် သတ္တုရည်တွေကို ပြဒါးလုံးပေါ်မှာ ခပ်ပါးပါးအုပ်တယ်။ ထူထူလေးအုပ်တယ်။ ဗလောင်းဗလဲ အပြောင်းအလဲတွေနဲ့ အပူသွင်းနေပုံက...

မှန်အိမ်မီးကိုလဲ အလျှော့အတင်း အလျှော့အပြင်းတွေနဲ့။ မီးစာကလစ်ကလေးကို လှည့်လှည့်ပြီး မီးကစားလို့။

သတ္တုရည်နဲ့ ပြဒါးဖမ်းထားတယ်ဆိုတာ ချော်အုပ်ပြီး ဖမ်းနေတာနဲ့ ဘာထူးလို့လဲ။ အတူတူပဲ။ ဓာတ်(၂)ပါး၊ ဓာတ်(၃)ပါး၊ ဓာတ်(၄)ပါးကို ပေါင်းထိုးထားတဲ့ ချော်နဲ့ ပြဒါးကို အုပ်ပြီးဖမ်းရင်



ချော်ပေါ်မှာ ဓာတ်ပြုမီး ရှိနေတယ်။ တေဇောကို အပေါ်မှာထားတယ်။ တေဇောအုပ်ပြီး ဖမ်းတယ်။ ပထဝီပြုဖို့ တေဇောအုပ်လို့။ ဖမ်း...

အခု သတ္တုရည်နဲ့ ပြဒါးဖမ်းနေတာကိုကြည့်ရင် တေဇောက လုံဖင်မှာ။ လုံထဲမှာက သတ္တုရည်။ သတ္တုရည် အောက်မှာ မြှုပ်ထားတာက ပြဒါး။ မှန်အိမ်လေးရဲ့မီးက ပြဒါးပေါ်က သတ္တုရည်ကို ဆူစေ၊ ပွက်စေ၊ တေဇောနေ။

ပြဒါးရဲ့အပေါ်နဲ့အောက်မှာ အပေါ်မီး အောက်မီး။ ပြဒါးကို...အပေါ်အောက် ညှပ်ထားတယ်။ ညှပ်ပူးညှပ်ပိတ် သတ်တာ။ ဒါပေမယ့်...

မီးပြင်းလို့တော့မရ။ သာယာဖြည်းညင်း တေဇောသွင်းပါမှ။ ချော့ပါမှ။ တစ်စတစ်စ တေဇောတက်ပါမှ။ အလျှင်လိုလို့မရ။ စောင့်ကြ အောင့်ကြ။ ဒါမှရ။ သုခချမ်းသာ။

အာပေါကဲတဲ့ ပြဒါးရည်ကို ဝေဇော ဆောင်ပြီး ပြဒါးခဲဖြစ်ဖို့ စိတ်ရှည်ရမယ်။ သည်းခံရမယ်။ လုံ့လဝီရိယ ကြီးကြီးနဲ့ ဖွဲ့တင်းထားမှ ဖြစ်မယ်။

မှန်အိမ်မီးတေဇောကြောင့် သတ္တုရည်က ပွက်ပွက်ဆူပြီး အငွေ့ပျံ။ ပြဒါးရည်ထဲက အရည်ကလဲ အငွေ့ပျံ။ ပြဒါးအငွေ့ပျံတဲ့အချိန် သတ္တုရည်အငွေ့ပျံက ပြဒါးရည်အငွေ့ပျံကို လက်ဆွဲ တွဲခေါ်သွား။ ဆွဲ...ဆွဲခေါ်သွား။

ပြဒါး အသားချည်းကျန်။ ပုံသောင်ခဲ ဖြစ်။ ပြဒါးခဲအဖြစ်သို့ ပြောင်း။

ကြက်အဖီရင်အုပ်သားကို ပြုတ် ကြော်ကြော်လိုက်သလို ပွရောင်းရောင်း အဖြစ်ကနေ အသားကျစ်၊ ပွပြီး အကျစ်ခံ။ စားချင်စဖွယ် ဖြစ်သကဲ့သို့

ပြဒါးအနှစ်ခဲလေး။ (၅)မူးသား လျော့လျော့။ ဂနကတော့ ခပ်တစ်တစ် မပေါ့။ နှစ်နေလျက်။ တပ်မက်ဖွယ် အဆင်း...ဝင်းနေတဲ့ ငွေရောင်အသား

လောကခံတရားနဲ့ ရှုလိုက် ဖြစ်နေတာကနေ ဖျက်၊ ပျက်။ ပျက် တာကနေဖြစ်...

ပျက်အောင် ဖျက် ဖျက်ပြီးမှ ဖြ အောင်လုပ်နေတာ။ နည်းပညာနဲ့ ပညာ။ ခက်ခဲနက်နဲတဲ့ အဂ္ဂိရတ် ရတ်။ မြန်မာ့ဝိဇ္ဇာအတတ်။

ည(၉)နာရီတိုင်ခဲ့ပြီ။ မှန်မီးအိမ် အေးသွားပြီ။ သွပ်နန်းကြိုးပုခက် ကလေးပေါ်မှာ ပြဒါးလုံးကလေး ငုတ်တုတ်ကလေးထိုင်။ အလိုချ ထား။

ဆရာဟန်ကစ... အားလုံးကို နေရာကထ။ ပုတီးလေးတွေ ကို ကိုင်။ တချို့ကလဲ လည်တိုင်မှာ ဆွဲကြိုးအသွင် လည်မှာဆင်။ အဓိ ဝင်ဖို့ တာရူ။ အားယူလို့ခြေလှမ်း

ရွှေဆံတော် ကုန်းတောင်ပေါ် သက်ဆိုင်ရာ ဂြိုဟ်ခွင်အသီးသီး မြန်းခဲ့ကြပြီ။

ဆရာရသေ့ ဦးအောင်နက်က ထိုင်နေကျနေရာလေးမှာ တ တည်း။ ကေစာရီ။ ဘယ်ကိုမှ မ ဆရာရသေ့ထံမှောက် ရောက်လ တဲ့ ဘုရားဖူးတွေကို ဟော လမ်းညွှန်ပြ တရားဓမ္မ သ ဝိပဿနာ နှစ်ဖြာရှု။

ဖိုးဟန်လဲ ကုန်းတော်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

တော့ ရွှေဆံတော်စေတီတော်ရဲ့ တနင်္ဂနွေထောင့်မှာ နေရာယူ။ ဝတ်ပြု။ အဓိဋ္ဌာန်ဝင်။

အဓိဋ္ဌာန်စခန်း ကျင့်စဉ်လမ်းအပြီးမှာတော့ ဆရာရသေ့ ဦးအောင်နက်ဆီပြန်။ ဆရာဟန်နဲ့ ဆရာပုဏ်တို့လဲ ရောက်နေကြပြီ။ ညှော်သည်တွေလဲ ရှင်းနေပြီ။ အချိန်ကလဲ ည(၁၁)နာရီ။

ဆရာဟန် မှန်အိမ်ထိပ်မှာ ချိတ်ထားတဲ့ သွပ်နန်းကြိုး ပခက်စင်ကလေးပေါ်က လုံကိုယူ။ ဆရာရသေ့ကိုအပ်တယ်။

လုံကို ဆရာရသေ့ထံ အပ်နှံပြီးတာနဲ့ ဆရာဟန် အိမ်ကိုပြန်ပြီ။ ဆရာပုဏ်နေရာကထ။ ဆရာရသေ့ကို ဦးချ။ မြန်းကြွလေပြီ။ အိပ်တော့မည်။

မောင်ဖိုးဟန်ကတော့ မလိုက်နိုင်သေး။ အိပ်ဖို့ဝေးစွ။ သိစရာလေးတွေကျန်နေသေး။ မေးရဦးမယ်၊ မေးဦးမယ်။

အတွယ်အတာ ငဲ့စရာ ဘယ်သူမှမရှိ။ ဆရာရသေ့နဲ့ မောင်ဖိုးဟန် နှစ်ယောက်တည်း။ ဆရာရသေ့ကလဲ ပြောချင်ပုံရပါတယ်။ မမေးသေးလို့တာ။ သူ့ခမျာ အပြောခက်နေတာ။

မေးရင်တော့ ပြောမယ့်ပုံကြီးသည်းကပ်လာတာ ကြာတော့ ဆရာရသေ့အကြောကို သိပေါ့ မောင်ဖိုးဟန်။ များကြသေးတာပေါ့။ ကြဲကြဲဖန်ဖန်မေးမယ်။ အပြန်ပြန် အလှန်လှန်မေးမယ်။ နှိုက်နှိုက်ချွတ်ချွတ်ကို မေးလိုက်ဦးမယ်။

ဆရာရသေ့က ဖိုးဟန်ကိုကြည့်တယ်။ ဖိုးဟန်ကလဲ သိတယ်။ သိလိုက်သမှ လုံကို ရေနွေးသောက်တဲ့ ကြမ်းပန်းကန်တစ်လုံးထဲ မှောက်လိုက်တယ်။ ဒေါက်ခနဲ အသံကြားရ။ ပြားခဲလေး ထွက်ကျ။ ဆရာရသေ့က မောင်ဖိုးဟန်ကို မေးငေါ့ပြ။



ဖိုးဟန် ဆတ်ခနဲ လှမ်းယူပြီး ကြည့်လိုက်တော့ ပြဒါးခဲလေးက အထက်ဖောင်း အောက်ပြား။

အထက်ဖောင်းနေတာက ခပ်ကြွားကြွား။ အောက်ခြေအပြားက (ဝ)လုံးပုံ မညီမညာအနေအထား။

ပြဒါးလုံးအပေါ်မှာ အထပ်ကလေးတစ်ထပ်။ ပြဒါးလုံးမှာ ကပ်နေတယ်။ ဖုံးလို့အုပ်လို့။ သတ္တုရည်အနှစ်။ ညိုညစ်ညစ်။ လက်နဲ့ဆကြည့်တော့ တစ်။

ပြဒါးရည်က ဖြစ်လာတဲ့ ပြဒါးခဲအမာသား။ တေဇောသွင်းသွားရဦးမယ်။ ရှေ့ခရီး ဘယ်လိုဆက်မလဲ။

'ဆရာတော် အဲဒါကို ဘာဆက်လုပ်မလဲ ဘုရား'

'ချော်နဲ့ ခေါ်ယူသွားမယ်'

'တေဇောရင့်အောင်လား၊ ဘာချော်နဲ့ခေါ်သွားမှာလဲဘုရား'

'ချော်သေ'

'ဓာတ်သေချော်လားဘုရား'

'ဟ ဖိုးဟန် ဓာတ်သေချော်ဆိုတာ ရခဲဘိတောင်း'

'ဒါနဲ့ ချော်သေဆိုဘုရား'

'ဓာတ်သေချော်မှ ချော်သေ မဟုတ်ဘူး။ လက်ချားကို ချော်သေအောင် ထိုးရင်လဲ ချော်သေရတာပဲ'

'လက်ချားချော် သေအောင် ဘယ်လို ထိုးမလဲ ဘုရား'

'တေဇောနဲ့ သတ်ရတယ်ကွ'

'ဘယ်လိုကြီးလဲ'

'တေဇောက **"ရှင်"**ကို ပြုပြင်တယ်မို့လား'

'ဟုတ်ပါတယ် ဘုရား'

'အေး ပြဒါးရုပ်ကို ချော်သေတေဇောနဲ့ ပြုပြင်သွားမှာကွ၊ သတ်မှာကွ'

မောင်ဖိုးဟန် သိချင်လိုက်တာ။ အငမ်းမရ၊ မအောင့်နိုင်။ မအည်းနိုင်။ မနေနိုင် မထိုင်နိုင်။ အမူအရာတွေ ပျက်လို့။

ဆရာရသေ့ကလဲ အကဲစမ်းလို့။ ဘာတစ်ခုမှ မပြော။ ဟိုတုန်းကတော့ ပြောခဲ့ဖူးတယ်။ **"မမေးမပြော မေးမှ ပြောမယ်"**ဆိုတဲ့ စကားတစ်ခွန်း။ အခုလဲ အမေးကို စောင့်နေတာ။ ပြုံးတုံ့တုံ့ကြီး။ အခုတောင် မျက်စိထဲ မြင်မိသေး။ တရေးရေးပေါ်...

မထိတထိအပြုံး။ တစ်ဖက်သားခံစားရတဲ့အပြုံး။ မခံချိ မခံသာ ဖြစ်လာအောင် ဆွနေတဲ့အပြုံး။ ဒီအပြုံးက ဖုံးထားတာကို ဖွင့်ပြမယ့်ပုံပါ။ ဖိုးဟန်သိပါတယ်။

'လက်ချားချော် သေအောင် ဘယ်လိုထိုးမလဲ ဘုရား'

'ပထမ ချော်ချက်ရမယ်ကွ၊ ဖားဖိုနဲ့ ချက်ချက်၊ လေဖိုနဲ့ချက်ချက် ချက်ချင်တာနဲ့ချက်။ ချော်ကျက်ဖို့ အရေးကြီးတယ်။ မင်း ချော်ချက်တတ်တယ်မို့လား။ လက်ချားမှ ချော်မချက်တတ်ရင် မင်း အလကားကောင် အဂ္ဂိရတ်အနွံ...'

'လက်ချားကို ချော်ချက်တတ်တာပေါ့ဘုရား။ ဘာခက်တာ မှတ်လို့။ လက်ချားကို အစိမ်းချက် ချက်မလား။ မီးဖောက်ပြီး ချက်မလား။ ချော်သေအောင်သာ မထိုးတတ်တာ'

**"ကြာမှ တားရချေ"**ဆိုတဲ့ အဂ္ဂိရတ်စကား မင်း ကြားဖူးမဟုတ်လား။ လက်

www.burmeseclassic.com

ချားချော်ကို ကြာကြာချက်၊ လုံကြီးကြီးနဲ့ချက်။ အနည်းလေး နံပါတ်(၁၀) ဇောက်လုံရှည်နဲ့ချက်။ လက်ချားချော်ကို ချက်တဲ့အခါ လုံနှုတ်ခမ်းအောက် လက်ညှိုးတစ်လုံး လောက်တော့ ပေါက်ပြီးထည့်။ ချက်။ ချော်ဖြစ်ပြီဆိုရင် ချော်ကျက်အောင်ထိုး'

'ချော်သေအောင်က...'

'ဖိုးဟန် မင်း တော်တော်လောတဲ့ကောင်ပဲ။ နားထောင်ပါဦးဟ'

'ဟာ ဆရာတော် မြန်မြန်သိရလေ ကောင်းလေ'

'ချော်သေတယ်ဆိုတာ လွယ်လွယ်ကူကူမှတ်လို့လား... မင်းက'

'မလွယ်လို့ မေးလျှောက်နေရတာ ပေါ့ဘုရား။ လွယ်သာ လွယ်လို့က တော့...'


စကားအဆုံးမှာတော့ ''ဟင်း''ဆိုတဲ့ စကား စိတ်ထဲမှာကြိတ်ထား။ ဖိုးဟန် အလိုမကျ ဖြစ်ပြီ။ ငြိမ်နေတဲ့ စိတ်ကလေး လှုပ်ရှားသွားပြီ။ မကောင်းလိုက်တဲ့ ဖိုးဟန်။

သည်းခံမှ သည်းခံပါမှ။ သည်းခံ နိဗ္ဗာန်ရောက်ဆိုပဲ။ လိုချင်တာကို ရချင်ရင် စိတ်ရှည်ရတယ်။ သည်းခံရတယ်။ ဖွဲသန်ရမယ်။

**''ဆရာထက် တပည့်ကို လက်စောင်းထက်စေချင်တဲ့''** ဆရာရသေ့ပါ။ ဘယ်နေမလဲ ပြောကို ပြောမှာ ကြည့်ပါလား၊ ပြောတော့မယ်... ဟော...

'လက်ချားချော်ကို ချက်...ချက်ချင်း လုံဖိုး တိုက်ထိုးပြီးတော့ချက်။ ချော်ရည်လည်ပြီး အပေါ်အောက်ညီပြီး ချော်မျက်နှာပြင်မှာ ခွက်ရာလေး ပေးပြီး လုံဖင်ကို ချော်ဖောက်ပြီး မြင်နေရပြီဆိုရင် အဲဒါ ချော်ကျက်ပြီ'

'မီးအား တင်းတင်းနဲ့ ထိုးရမှာလား ဘုရား'



'အေး ဟုတ်တယ်၊ **ဒါဟာမီး မီးပြင်း** လုံခိုင်ဖို့တော့ လိုမယ်။ ဇော်မမံနဲ့။ ဇော်မံရင် မီးမနာဘူး။ လုံမနော့မြောနဲ့။ အနည်းဆုံး လုံ(၅)လုံလောက် အဆင့်ဆင့် ပြောင်းပြောင်းပြီး ထိုးသွားရမှာ'

'ဇောက်လုံနံပါတ် (၁၀)ချည်းပဲလား ဘုရား'

'မဟုတ်ဘူးကွ မင်း ချော်ချက်နေရင်း ချော်လျော့မယ်။ လုံအပြောင်းအလဲမှာ ချော်အလေအလွင့် ရှိမယ်။ တစ်ခါတလေ ဇောက်လုံနံပါတ်(၂)လောက်ရောက်မှ ချော်က သေတယ်'

'ချော် ထပ်ထည့်ရမှာပေါ့'

'လုပ်ပြီ ဒီကောင် လက်ချားအသစ်တွေသာ ထပ်ထပ်ထည့်လို့ကတော့ ဘယ်တော့မှ ချော်သေရမှာ မဟုတ်ဘူး။ ထပ်မထည့်ရဘူး။ ထပ်ထည့်ရင် ချော်ပြန်နုသွားမယ်'

'လုံ ဘယ်နှလုံထိုးရင် သေမလဲ၊ ဘယ်အချိန် သေမလဲ'

'ဘယ်နှလုံမှာ သေမှာလဲ၊ ဘယ်အချိန် သေမှာလဲ၊ အတပ်မပြောနိုင်ဘူး သေတဲ့အချိန်အထိ ထိုးရမှာ'

မောင်ဖိုးဟန် အတွေးသန်ပြီ။ လုံကလဲ အကန့်အသတ်မရှိ၊ အချိန်ကလဲ အတိအကျမရှိ၊ အို အဂ္ဂိ ခက်ခဲလှပါဘိ။

ချော်သေတဲ့ အဂ္ဂိရတ် ဆရာရသေ့ တတ်မယ်။ တတ်လို့ ဖိုးဟန်ကို သင်ကြားနေတာ။ တတ်ရင် ထိုးမယ်။ ထိုး ရင် ချော်သေ ကျိန်းသေရှိမယ်။ သူ မှာ...

'ဆရာတော်မှာ ချော်သေရှိလား'

ဖိုးဟန်စကားကို ကြားတော့ ဆရာ တော်ရသေ့ တော်တော် အံ့ဩသွား ပေါ်တယ်။ ကြည့်နေလိုက်တာ။ ဖိုးဟ ကို ပါးစပ်ကြီးဟလို့၊ မျက်လုံးကြီးပြူး လို့ ဝိုင်းဝိုင်းစက်စက်ကြီး။ ပြီး နှုတ် ဟ ပြောချလိုက်ပြီ တစ်တစ်ခွခွကြီး အားမနာ လျှာမကျိုး တုတ်ထိုးအိုးပေါ် အင်း ဘာတဲ့...

'မင်း အချောင်သမားပဲ။ အမြ သား လိုချင်တဲ့ကောင်။ ရှိတယ်။ မပေ ဘူး။ ကိုယ့်ဟာကိုယ်ထိုး'

ဆရာရသေ့ နှုတ်တော်က ထွ လာတဲ့ မိန့်ကြားချက်က ဖိုးဟ အတွက်တော့ ဖြော့လက်သီးတစ်ခ ဗုန်းခနဲ မလဲရုံတမည်။

ကိုယ့်အားကိုယ်မကိုး သူတစ် အားကိုးတဲ့ ဖိုးဟန်။ ပိုက်ချက်ပြ တာတောင် ဟင်းစားတောင်းတဲ့ ဖိုး ခံ့ပေဦးရော့။ တစ်သက်တာ။ မှတ်စေ မသက်မသာ။ လက်ကြော မတင်း လို့ ပြောလိုက်တာ အဲဒါ။

ဂန္ဓာရီခရီးကို အားမာန်တ လျှောက်လှမ်းနေတဲ့ ဆရာရသေ့ တွေ့လိုက်ရတာက ပျော့ဖိုးဟန် လောက် နှံ့လိုက်တာ တော်ပါသေ လို့ ဖိုးဟန် တွေးကြည့်။ မြေလှ ဝိဇ္ဇာ ဆရာရသေ့ ဦးအောင်နက် ကြည့်...ကြည့်ရင်း...ကြည့်ရင်း။

ရွှေလ ဆက်ဖတ်ပါရန်

ရွှေတောင် ခင်မောင်ကြည်



www.burmeseclassic.com

www.burmeseclassic.com



◆ ကျောက်လက်ဝါး အရှေ့ဘက်မြင်ကွင်း

မျိုးတင့်
(ညောင်လေးပင်)

# ကျောက်လက်ဝါး နှင့်

စေတနာဆရာ

**ကျောက်လက်ဝါး**ဟု သဘာဝ ကျောက်သားမှ ကျောက်လက်ဝါး ပုံသဏ္ဌာန် ဖြစ်တည်နေ၍ ခေါ်ခြင်း ဖြစ်သည်။

ကျောက်လက်ဝါးကို စာရေးသူ ငယ်စဉ်ကတည်းက မြင်ခဲ့ဖူးသည်။ ကြာခဲ့ပါပြီ။

လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော်က စာရေးသူ မူလတန်းကျောင်းသားဘဝ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပုစွန်မြောင်းရွာ၊ အိုးဖိုပိုင်း ရပ်ကွက် မူလတန်းကျောင်းတွင် မြင်ခဲ့ဖူးခြင်းဖြစ်သည်။

ထိုစဉ်က စာရေးသူတို့၏ ကျောင်းအုပ်ဆရာကြီးမှာ ဦးလွန်းမောင် ဖြစ်သည်။ ကျောင်းနှင့် အိမ်မှာ တစ်ဆက်တည်းဖြစ်၍ ဆရာကြီး၏အိမ်တွင်ပင် စာသင်ကျောင်း ဖွင့်ထားခဲ့သည်။

တစ်နေ့သ၌ ဆရာကြီးထံသို့ ထူးဆန်းသော ရှမ်းဆရာကြီးတစ်ဦး ရောက်လာသည်။ ရှမ်းဆရာကြီးသည် အရပ်အမောင်းကောင်းသည်၊ နှုတ်ခမ်းမွေးကျင်စွယ်နှင့် ရှမ်းတိုက်ပုံအကျႌ ရှမ်းဘောင်းဘီအနက် ဝမ်းဆက်ဝတ်ထားသည်။

ဆရာကြီးထံတွင် သာမန်လူတစ်ယောက်၏ လက်ဝါးအရွယ်ထက် အနည်းငယ်ကြီးသော လက်ချောင်းများသဏ္ဌာန် ပီပီသသရှိသည့် ကျောက်လက်ဝါးကြီးတစ်ခု ပါလာသည်။

**ထိုကျောက်လက်ဝါးကို အောက်သို့ စိုက်ထောင်ထားပါက လူသွေးကဲ့သို့ အနီရောင်သွေးများ ခံထားသည့် ဖန်ခွက်ထဲသို့ တစ်စက်တစ်စက် ယိုစိမ့်ကျလာသည်။**

ရှမ်းဆရာကြီးသည် ကျောက်လက်ဝါးကို အမိန့်ပေး၍ လိုချင်တာကို ရအောင် ယူနိုင်စွမ်းသည်ဟု ဆိုသည်။ ပယောဂရှိသူများကို ကုသပျောက်ကင်းနိုင်စွမ်းသည်။ ရွာမှ ရောဂါရှိသူများ ရှမ်းဆရာကြီးထံတွင် ကုသကြသည်။

စာရေးသူ (၄)တန်းကျောင်းသားဘဝက ဆုံတွေ့ခဲ့ဖူးသော ရှမ်းဆရာကြီးနှင့် ကျောက်လက်ဝါးကြီးကို ယခုတိုင် မမေ့နိုင်ဘဲ ရှိနေသည်။

ထိုစဉ်က စာရေးသူသည် ရှမ်းဆရာကြီးနှင့် သူ၏ ကျောက်လက်ဝါးကြီးကို ထိတ်လန့်ဖွယ်တစ်ခုဟု ခံစားမှတ်သားခဲ့သည်။

အသက်အရွယ် ရလာ၍ လူ့ဘဝခရီးကို နှစ်ပေါင်း(၇၀)နီးပါး ဖြတ်သန်းလာမိသောအခါ ကျောက်လက်ဝါးအကြောင်းကို ဗဟုသုတ ကြားဖူးနားဝများ ရှိလာခဲ့သည်။

ကျောက်လက်ဝါးများကို ဂမ္ဘီရပညာရှင်များက အစီအမံများနှင့် စီရင်စေနိုင်းနိုင်ကြသည်။ တချို့က သားစိမ်း၊ ငါးစိမ်းများ ကျွေး၍ အသက်ဝင်အောင် စီမံထားကြသည်။

ရန်သူကို ကျောက်လက်ဝါးစောင့်က တိုက်ခိုက်နိုင်သည်။ ပယောဂကို နှိမ်နင်းပေးသည်။ သားစိမ်း ငါးစိမ်း မစားရပါက သခင်ဖြစ်သူကို ဒုက္ခပြန်ပေးတတ်သည်။

အချို့ ကျောက်လက်ဝါးမှာ ဆန်ကိုသာ ကျွေးပြီး ခိုင်းစေကြောင်း ဆိုကြပြန်သည်။ သားစိမ်းငါးစိမ်း စားရသော



www.burmeseclassic.com

www.burmeseclassic.com



● ကျောက်လက်ဝါး အရှေ့ဘက်မြင်ကွင်း



● ကျောက်လက်ဝါး(ဘေးတိုက်ပုံ)

ကျောက်လက်ဝါးလောက်တော့ မစွမ်းပါ။

ဆန်ကိုသာ စားသော ကျောက်လက်ဝါးသည် သာမန်ရောဂါ ကုသခြင်းကို ထိရောက်စေသည်ဟု ဆိုသည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် စာရေးသူသည် ထူးခြားသော ကျောက်လက်ဝါးတစ်ခုကို မြင်တွေ့ခဲ့ရသည်။

မြင်တွေ့ခဲ့ရသော ကျောက်လက်ဝါးမှာ သားစိမ်း ငါးစိမ်း မစားပါ။ ဆန်လည်း မစားပါ။ သို့သော် ထိုကျောက်လက်ဝါးမှာ ရေကိုတော့ သောက်ပါသည်။

စဉ့်အင်တုံကလေးထဲတွင် ကျောက်လက်ဝါးကို ရေစိမ်ထားရပါသည်။ ရေလျော့လျှင် ထပ်ဖြည့်ပေးရုံသာ ဖြစ်ပါသည်။

ကျောက်လက်ဝါးပိုင်ရှင်မှာ **ရွှေကျင်မြို့ ရှမ်းကျေးရပ်ကွက်တွင် နေထိုင်သော တိုင်းရင်းဆေးဆရာလေး ကိုအောင်မိုးဟာန်** ဖြစ်ပါသည်။

ကိုအောင်မိုးဟန်သည် အခစားနားနှင့် ဆေးကုပေးသူ မဟုတ်ပါ။ ဝါသနာအရ ကုသပေးသည့် စေတနာဆရာသာ ဖြစ်ပါသည်။

ပင့်သူရှိလျှင် လိုက်ပါကုသပေးပါသည်။ သူ၏ အမိက အသက်မွေးဝမ်းကျောင်းမှာ ရွှေကျင်ဈေးကြီးအတွင်း ဖနီးသည်နှင့်အတူ ကုန်စိမ်းရောင်းချခြင်းဖြစ်သည်။

ကိုအောင်မိုးဟန်သည် ယခင်က ရဟန်းတော်တစ်ပါး ဖြစ်သည်။ ပရိယတ္တိစာပေများကို သင်ယူခဲ့ဖူးသည်။

ဖခင်ဖြစ်သူမှာ မြန်မာတိုင်းရင်းဆေးကြီးဖြစ်၍ မျိုးရိုးလိုက်ကာ သတ္တဝါများ၏ အသက်ကို ကယ်ဆယ် ကုသပျောက်ကင်းစေလိုသော စေတနာဆန္ဒရှိခဲ့သူဖြစ်သည်။

ရဟန်းလူထွက် ဖြစ်၍လည်း ရတနာသုံးပါးကို ဦးထိပ်ထား၍ ဆေးကုသရာတွင် မိမိစေတနာကို သစ္စာဆို၍ ကုသသည်။

တစ်နေ့တွင် ဆရာကိုအောင်မိုးဟန် တစ်ယောက် စာရေးသူထံသို့ ရောက်လာခဲ့သည်။ သူနှင့်အတူ ပါလာသော ကျောက်လက်ဝါးကို ဓာတ်ပုံရိုက်ယူထားလိုက်သည်။

ကိုအောင်မိုးဟန် ကျောက်လက်ဝါး ရလာပုံမှာ ရိုးရိုးကလေးပင်ဖြစ်သည်။ တစ်နေ့တွင် လူနာတစ်ယောက်ကို ဆေးကုပြီး ပြန်လာစဉ် သူ စီးလာသော ဆိုက်ကားဆရာက သူ့တွင် ကျောက်လက်ဝါးတစ်ခုရှိသည်။ ငွေ တစ်သောင်းကျပ်ရလျှင် ရောင်းမည်ဟု ပြောသည်။

ဆေးကု၍ ကန်တော့လိုက်သော ငွေမှာ ၃၀၀၀(သုံးထောင်ကျပ်)သာ ဖြစ် ၍ ကွမ်းယာဖိုး (၂၀၀)ကျပ် နုတ်လို သော် (၂၈၀၀)ကျပ်သာ ကျန်သည်။

www.burmeseclassic.com

သူ့တွင်ရှိသော ငွေ(၂၈၀၀)ကျပ်နှင့် ရောင်းလျှင် ဝယ်မည်ဟု ပြောရာ ဈေးတည့်ပြီး ကျောက်လက်ဝါးကို ရလာခဲ့သည်။

ကျောက်လက်ဝါးမှာ လူတစ်ယောက်၏ လက်ဝါးအရွယ်ရှိသည်။ ကန့်လန့်ဖြတ်တိုင်းလျှင် (၂)လက်မခန့် ကျယ်သည်။ အရှည်မှာ (၅)လက်မခန့် ရှိသည်။ ဆေးကုသရာတွင် အသုံးပြုရန် ရည်ရွယ်၍ ဝယ်လိုက်ခြင်း ဖြစ်သည်။

**ဆိုက်ကားဆရာ၏ ပြောပြချက်အရ ရွှေကျင်မြို့တွင် ရွှေတွင်းတူးရာမှ ထိုကျောက်လက်ဝါးကို ကောက်ယူရရှိခဲ့သည်ဟု ဆိုပါသည်။**

အိမ်သို့ရောက်သော် ကျောက်လက်ဝါးကို ဘုရားစင်အောက်၌ အင်တုံတွင် ရေစိမ်၍ ထားခဲ့သည်။ ရေလျော့လျှင် ထပ်ဖြည့်ပေးရသည်။ ရေသောက်သော ကျောက်လက်ဝါးဟု ယူဆရသည်။

ရေထဲတွင်ရှိသော ကျောက်လက်ဝါးကလေး၏ လက်ဝါးပြင်ပေါ်တွင် လူတို့၏ လက္ခဏာကဲ့သို့ အကြောမျှင်ကလေးများ ထင်ထင်ရှားရှား ထွက်ပေါ်လာသည်။

လက်ချောင်း လက်ဆစ်ကလေးများမှာ မသိမသာ တိုး၍တိုး၍ ရှည်ထွက်လာသည်။ ရေတွင် ရှင်သန်နိုင်သော သဘာဝဟု ယူဆရကြောင်း ကိုအောင်မိုးဟန်က ရှင်းပြသည်။

ကျောက်လက်ဝါးကို ရပြီးနောက် အကြောပြင်ပေးခြင်း၊ အကြောကပ်ခြင်း၊ ဇက်ထိုး,ခေါင်းအုံခြင်း၊ ခေါင်းကိုက်, ခါးကိုက်, စက်တန့်, သွေးမှုင် လေမှင်ရောဂါများကို ကျောက်လက်ဝါးနှင့် ကုသပေးခဲ့ရာ ပျောက်ကင်းသက်သာမှုများ ရှိခဲ့သည်။

ကုသပုံမှာ ကျောက်လက်ဝါးကို လက်တွင်ကိုင်၍ ရတနာသုံးပါးကို အာရုံပြုပြီး သစ္စာစကား ဆိုပါသည်။

သစ္စာဆိုပုံမှာ...

'ကျွန်ုပ်သည် ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ဆည်းကပ်သူ အမှန်ဖြစ်ပါသည်။ ဝေဒနာရှင်ကို ပျောက်ကင်းချမ်းသာစေလိုသော ဆန္ဒအမှန်ပင် ရှိပါသည်။

ဤသစ္စာစကား မှန်ကန်ပါက ကျောက်လက်ဝါးနှင့် ထိတွေ့သော ရောဂါများ ပျောက်ကင်းချမ်းသာပါစေ'

ဟူ၍ ဖြစ်သည်။

ဆရာ ကိုအောင်မိုးဟန်နှင့် စကားပြောနေစဉ် စာရေးသူထံသို့ ညောင်လေးပင်မြို့မှ မိတ်ဆွေ ဦးသန့်စင် ရောက်နေခဲ့သည်။

ဦးသန့်စင်သည် လက်ဝဲဘက်လက် မမြှောက်နိုင်ဘဲ အကြောကပ်သည့် ဝေဒနာကို ခံစားနေရသည်မှာ လအတန်ကြာခဲ့ပါပြီ။ အလျဉ်းသင့်သဖြင့် ဦးသန့်စင်ကို ကိုအောင်မိုးဟန်က သစ္စာဆို၍ ကျောက်လက်ဝါးနှင့် နှိပ်နယ်ကုသပေးခဲ့သည်။

**[ကုသပြီး (၃)ရက်အကြာတွင် ညောင်လေးပင်မြို့က မိတ်ဆွေ ဦးသန့်စင်သည် စာရေးသူထံသို့ ကိုအောင်မိုးဟန်၏ ကျောက်လက်ဝါး ဆေးကုသချက်ကြောင့် သူ၏ အကြောကပ်ဝေဒနာ သက်သာပျောက်ကင်းခွင့် ရခဲ့ကြောင်း ဖုန်းဆက် ပြောကြားခဲ့ပါသည်။]**

**ရွှေကျင်မြို့၊ ရှမ်းကျေးရပ်ကွက်တွင် ကိုအောင်မိုးဟန်နှင့် မသန္တာဖနီးမောင်နှံတို့ နေထိုင်လျက် ရှိပါသည်။** စိတ်ပါဝင်စားသူများ သွားရောက် လေ့လာကုသနိုင်ပါသည်။


*မေတ္တာရည်လျက်...*

*မျိုးတင့်(ညောင်လေးပင်)*

စာမျက်နှာ (၂၂၉)မှ အဆက်

**"ဓ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ အသက်လမ်းကြောင်းအရင်း၌ ငါးကြင်းမြီး မင်္ဂလာအခြံအရံ ရရှိခြင်း ဖြစ်သည်။

* * *




ထိုသင်္ကေတကြောင့် မြို့ကြီးပြကြီးတွင်သာ အခြေချနေထိုင်ရခြင်း၊ လုပ်ငန်းကြီးများကို တည်ထောင်ဦးဆောင် လုပ်ကိုင်ရခြင်း၊ အိုဇာတာကောင်းခြင်း၊ ကျန်းမာနုပျို သန်စွမ်းအသက်ရှည်ခြင်းတို့ ဖြစ်စေမည်။

**မှတ်ချက်။ ။ အထက်ပါ လက္ခဏာရှင်မှာ ဆောက်လုပ်ရေးလုပ်ငန်းကြီးကို လုပ်ကိုင်အောင်မြင် တိုးတက်ကြီးပွား ချမ်းသာနေသူဖြစ်သည်။**

*စာဖတ်သူ*

*လက္ခဏာဝါသနာရှင်များအနေဖြင့်*

*ပညာသုတ တိုးပွားကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**

*(ဥပဒေသွဲ့)*

လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

လက္ခဏာက ပြောသော


# ဘဝကံကြမ္မာ အခြေအနေ


သရာကြီးဦးအောင်မြိုင် (ဥပဒေတွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ

အသက်လေးဆယ်ကျော် အမျိုးသားတစ်ဦး၏ ညာလက်ဖဝါးပြင်ပုံစံကို ကြည့်ပါ။

**"က" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ဖဝါးစောင်းက အပြင်ဘက်သို့ ဖောင်းထွက်နေခြင်း ဖြစ်သည်။

* * *




ထိုလက်ဖဝါးမျိုးမှာ လုံ့လဝီရိယ အလွန်ကြီးမားသူ ဖြစ်သည်။ ဘယ်ကိစ္စမဆို ကြိုးစားအားထုတ်မှု အလွန်ကောင်းမွန်မည်။

**"ခ" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ ဉာဏ်လမ်း (၂) ထပ်ရှိခြင်း ဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com

**"စ"အကွက်ရာနှင့်** ညွှန်ပြထားသည်မှာ ဉာဏ်လမ်းကြောင်းအဖျားသက်ညိုးအောက်တွင် သရဖူရှိခြင်းဖြစ်သည်။

* * *





ထိုသင်္ကေတမျိုးက ဉာဏ်လမ်းကြောင်းကို အားကောင်းစေပြီး ဉာဏဗလယုဂ်ရသည်။ **"ကံ၊ ဉာဏ်၊ ဝီရိယ"** ဆိုသော အကြောင်း(၃)ပါးတွင် ဉာဏ်နှင့်ဝီရိယ အကြောင်း(၂)ပါး ကောင်းမွန်ပြည့်စုံသူဖြစ်၍ ပညာရှာချိန်မှာ ပညာထူးချွန်ထက်မြက်အောင်မြင်ခဲ့ပေမည်။

အသက် (၃၅)နှစ်အောက်တွင် ကံလမ်းကြောင်း မရှိသဖြင့် ကံကို ယုံကြည်အားကိုးခြင်း မပြုခဲ့ဟု ယူရသည်။ ဉာဏ်နှင့် ဝီရိယကိုသာ အားကိုးခဲ့သူဖြစ်မည်။

**"င"အကွက်ရာနှင့်** ညွှန်ပြထားသည်မှာ ဉာဏ်လမ်းကြောင်းအပေါ်မှ စတက်သော ကံလမ်းကြောင်းက နှလုံးလမ်းကြောင်းကိုဖြတ်ပြီး စနေဂြိုဟ်ခုံ အောက်ပိုင်းသို့ အဖျက်လမ်းကင်းပြီး နက်ရှိုင်းအားကောင်းနေခြင်းဖြစ်သည်။

* * *





ထိုကံလမ်းကြောင်းကြောင့် အသက်(၃၅)နှစ်ကျော်မှ စတင်ပြီး ကံကို ယုံကြည်အားကိုးမှု စတင် ဖြစ်ပေါ်မည်။

ကံကောင်းစေမည့် အကျင့်ကောင်း၊ အဓိဋ္ဌာန်ကောင်းတွေ လုပ်ဖြစ်လာမည်။

ထို့ကြောင့် ကံကောင်းခြင်းတွေ၊ တိုးတက်ခြင်းတွေ ပိုမို ရရှိလာမည်။ ဒုတိယအရွယ် စီးပွားရှာချိန်တွင် "ကံ၊ ဉာဏ်၊ ဝီရိယ" ဆိုသော အကြောင်း(၃)ပါးစုံ ကောင်းမွန်သဖြင့် အလုပ်အကိုင်နှင့် စီးပွားရေး တိုးတက်ပါမည်။

**"ဂ"အကွက်ရာနှင့်** ညွှန်ပြထားသည်မှာ လက်သန်းရင်းနှင့် နှလုံးလမ်းကြောင်းရင်းတို့ကြား ဗဟိုနေရာလောက်မှာ **အိမ်ထောင်ရေးလမ်းတိုလေးတစ်ကြောင်း သေးသွယ် နက်ရှိုင်း အဖျက်လမ်းကင်းစွာ ရှိနေသည်။**


* * *




ထိုသင်္ကေတကြောင့် အသက်သုံးဆယ်ကျော်အရွယ် အလုပ်အကိုင်နှင့် စီးပွားရေးကောင်းမွန်ချိန်တွင်မှ အိမ်ထောင်ပြုရမည်။ အိမ်ထောင်ရေး သာယာပျော်ရွှင် ခိုင်မြဲမည်။ အိမ်ထောင်ရေးမှာ ဒုက္ခသောက နည်းပါးမည်။

**"ဃ"အကွက်ရာနှင့်** ညွှန်ပြထားသည်မှာ လက်သူကြွယ်အောက် နှလုံးလမ်းအထက် **တနင်္ဂနွေဂြိုဟ်ခုံမှာ အောင်မြင်ရေးလမ်းနှင့် အကူလမ်းများရှိပြီး** အဖျက်လမ်း ကင်းရှင်းနေခြင်း ဖြစ်သည်။


* * *




ထိုသင်္ကေတကြောင့် အသက်လေးဆယ်ကျော်မှ နောက်ပိုင်းတစ်လျှောက်လုံး အကူအညီကောင်းများရပြီး လုပ်ငန်းများ အထူးအောင်မြင် နာမည်ဂုဏ်သတင်း ထင်ရှားကျော်ကြား စီးပွားဥစ္စာ တိုးတက်ပြည့်စုံချမ်းသာပေလိမ့်မည်။

**"ဆ"အကွက်ရာနှင့်** ညွှန်ပြထားသည်မှာ အသက်လမ်းကြောင်း အတွင်းဘက်၌ **အရံအသက်လမ်းကြောင်း** ကာထားခြင်းဖြစ်သည်။

* * *




ထိုသင်္ကေတကြောင့် ကျန်းမာရေးကောင်းမွန် ဘေးရန်ကင်း အညံ့အပျက်များ ကာကွယ်ပေးလိမ့်မည်။

ကံ၊ ဉာဏ်၊ ဝီရိယ အကြောင်း(၃)ပါးနှင့် ပြည့်စုံ၍ ပညာဗဟုသုတကြွယ်ဝ အလုပ်အကိုင်ကောင်း၊ စီးပွားရေးကောင်း၊ အိမ်ထောင်ရေးကောင်း၊ ကျန်းမာဘေးကင်း ဆိုသဖြင့် ဘဝမှာ အများအားဖြင့် ကံကောင်းနေသူဟု သတ်မှတ်ရမည်။

 (စာမျက်နှာ (၂၅၇) သို့)

www.burmeseclassic.com

# နွယ်ပင်မြက်သစ်ပင်

## ဆေးဖက်ဝင် အပင်များ၏ လက်တွေ့ အသုံးပြုနည်းများ (အပိုင်း–၃)

### ပဥ္စကာနီသီး၏ ဆေးဖက်ဝင် အစွမ်းသတ္တိဖြင့် ရောဂါအမျိုးမျိုး ကုသနည်း

ပဥ္စကာနီသီးကို အာယုဗ္ဗေဒ ဆေးပညာတွင် **ဆိန္ဓုဖလ**ဟု ခေါ်ဆိုကြပါသည်။ ထိုအသီး၏ ထူးခြားချက်မှာ **အသီးတိုင်းတွင် အပေါက်ငယ်လေးများ** ပါနေတတ်သည်ကို အခြားဆေးဖက်ဝင် အသီးများထက် ထူးကဲစွာ တွေ့ရတတ်ပါသည်။

အကြောင်းရင်းမှာ ပဥ္စကာနီသီး သီးလာသည့် အချိန်မှာ ပျားကောင်လေးများနှင့်တူသော အညိုရောင် အင်းဆက်ပိုးကောင် တစ်မျိုးသည် မျိုးပွားသားပေါက်ရန်အတွက် သားလောင်းကောင်ငယ်လေးများကို ပဥ္စကာနီသီး၏ အတွင်းပိုင်းသို့ အပေါက်ဖောက်ပြီး အိမ်ဖွဲ့ အသိုက်အဖြစ် ပြုလုပ်နေထိုင်စေသည်။

သားပေါက်လေးများ အရွယ်ရောက်လာမှ ပဥ္စာနီသီး၏ အတွင်းမှ ပျံထွက်သွားတတ်သည့် အလေ့ကြောင့် ပဥ္စကာနီသီးတိုင်းလိုလိုတွင် ပိုးပေါက်လေးများကို ထူးခြားစွာ တွေ့ရခြင်းပင် ဖြစ်ပါသည်။

ထိုသို့ ပိုးပေါက်သဘောမျိုး ပါရှိနေသော်လည်း ပဥ္စကာနီသီး၏ ဆေးဖက်ဝင် စွမ်းရည်သတ္တိများသည် လျော့ပါးသွားသည်ဟု မရှိဘဲ အစွမ်းသတ္တိ ထက်မြက်စွာ ရှိလှပါသည်။

### ပဥ္စကာနီသီး၏ ဆေးဖက်ဝင် ဂုဏ်သတ္တိများ

ဆံပင်ကို နက်စေသည်။ လေရောဂါကို နိုင်စေသည်။ အရေပြားနှင့် သွေးကြောငယ်လေးများကို တွန့်ရှုံ့စေနိုင်သည့် သတ္တိကြောင့် သွေးယိုစီးမှုကို တားမြစ်ပေးနိုင်သည်။

သလိပ်ကို နိုင်စေသည်။ အဆိပ်ကို ပြေစေသည်။ ဝမ်းမီးတောက်စေသည်။ သွေးဖောက်ပြန်ခြင်း၊ သွေးယိုစီးခြင်းတို့ကို နိုင်သည်။

နားပြည်ယိုခြင်း၊ သွားများ သွားဖုံးမှ သွေးယိုခြင်း၊ ရေစီးကမ်းပြိုခြင်း၊ သွားများ ယိုင်နဲ့ခြင်းကို ကာကွယ်ပေးသည်။

လိင်ဥရောင်ရောဂါနှင့် အနာပေါက်ရောဂါအမျိုးမျိုးတို့တွင် ဉာဏ်ရှိသလို အသုံးပြုနိုင်သည့် ဆေးဖက်ဝင် အစွမ်းသတ္တိများ ကိန်းအောင်းနေပါသည်။




ပဥ္စကာနီသီး၏ အပင်ပုံသဏ္ဍာန်မှာ အပင်ကြီးမျိုးဖြစ်ပါသည်။ အရွက်၏ အနားပတ်လည်ကို ရွက်စွယ် အနားတွန့်ကျဲကျဲဖြင့် ဖွဲ့စည်းထားပါသည်။ အရွက်ထွက်ပုံမှာ ရွက်လွှဲထွက်ပြီး အရွက်၏ အရင်း အညှာတံနှင့် ပင်စည်ကိုင်း အစပ်မှနေ၍ အသီးသီးပါသည်။

အချို့ပညာရှင်များ၏ အဆိုအရ **"ကဏ္ဍရသခေ်ျ"**အသီးကဲ့သို့ ပိုးအိမ်ဖွဲ့ရာမှ ဖြစ်ပေါ်လာသည့် အသီးဟု ဆိုကြပါသည်။

### ပဥ္စကာနီသီးကို ရောဂါအလိုက် အသုံးပြုနည်းများ

၁။ ထိခိုက်ဒဏ်ရာ စသည့် သွေးယိုစီးခြင်းတို့တွင် ပဥ္စကာနီသီးကို ကျောက်ချဉ်နှင့် ရောသွေး၍ ဒဏ်ရာကို အနှစ်သိပ်ထည့်ပေးခြင်းဖြင့် သွေးယိုစီးမှု ရပ်တန့်၍ အနာကျက် မြန်စေပါသည်။
***(အရေးပေါ် သွေးတိတ်ဆေးအဖြစ် အသုံးပြုနိုင်ပါသည်။)***

၂။ နားအူခြင်း၊ နားလေထွက်ခြင်း ရောဂါတို့တွင် ပဥ္စကာနီသီး[illegible] အုန်းဆီနှင့် ခပ်ကျဲကျဲ သွေး[illegible] နားကြပ်ပေးနိုင်သည်။

၃။ သွားဖုံးသွေးယိုခြင်း၊ သွားခြေ[illegible] ရေစီးကမ်းပြိုဖြစ်ခြင်း၊ ခံတွင်း[illegible] ခြင်းတို့တွင် ပဥ္စကာနီသီးပြုတ်[illegible] တွင် ကျောက်ချဉ် သင့်ရုံ[illegible] ငုံဆေး ပလုတ်ကျင်းဆေး[illegible] လုပ်ပေးနိုင်သည်။

သွားဖုံး သွားခြေကို ပဥ္စကာ[illegible] နှင့် ကျောက်ချဉ် ရောသွေး၍ ဆေး[illegible] ပျစ်ပျစ်ကို သိပ်ထည့်ပေးနိုင်[illegible]

၄။ အနာစက်၊ အနာမီး၊ [illegible] ရောဂါများတွင် ပဥ္စကာနီ[illegible] အုန်းဆီနှင့် သွေး၍ ထည့်[illegible]

၅။ သွေးစိမ်းယို၍ သွေးကြော[illegible] များကို ထိခိုက်မှု များနေ[illegible] အနာအို အနာဟောင်း၊ [illegible] နိုင်သည့် အနာများကို [illegible] သီးနှင့် ဆံပင်ချည်[illegible] ဆတူ ပြာချပြီး အ[illegible] ပေါ်ကို ဖြူးပေးပါက အကျက်မြန်စေပါသည်။

www.burmeseclassic.com

၆။ ကလေးငယ်များ လိင်ဥရောင်ခြင်းကို ပဥ္စကာနီသီးနှင့် ကြက်ဥအကာကို ရောသွေး၍ လိမ်းပေးပါ။ အပေါ်သို့ ပင့်တင်၍ လိမ်းပေးပါ။

၇။ သွားခိုင် သွားသန့်ဆေးအဖြစ် ပဥ္စကာနီသီး(၁)ကျပ်သား၊ ရှားစေးကောင်းကောင်း (၁)ကျပ်သား၊ ကျောက်ချဉ်(၄)ပဲသားအားလုံး အမှုန့်ညက်စွာပြု၍ ပရုတ်(၂)ပဲ စပ်ပြီး နံနက်/ညသွားကို မှန်မှန်တိုက်ပေးပါက သွားခိုင်၍ သွား သန့်ရှင်းစေပါသည်။

၈။ သားသည်မိခင်များ နို့ချောင်းပိတ်၍ နို့အုံတစ်ခုလုံး နီရဲရောင်ကိုင်းနေခဲ့သော် ပဥ္စကာနီသီးကို ဆန်ဆေးရည်ဖြင့် သွေး၍ မကြာခဏ လိမ်းကျံပေးပါက သက်သာပျောက်ကင်းစေပါသည်။

၉။ ဝဲ၊ ယားနာ၊ ရေဝဲစားခြင်းတို့တွင် ပဥ္စကာနီသီးကို ကန့်နှင့်ရော၍ အမှုန့်ပြုပြီး အုန်းဆီနှင့် မီးနွေးနွေးနှင့် အပူပေး၍ ဖျော်ပြီး အနာထည့်ပေးပါက လျင်မြန်စွာ ပျောက်ကင်းပါသည်။

၁၀။ မီးလောင်နာ၊ ရေနွေးပူလောင်သော အနာများတွင် ပဥ္စကာနီသီးကို အုန်းဆီနှင့် သွေး၍ လိမ်းပေးပါ။

၁၁။ နှုတ်ခမ်းကွဲခြင်း၊ လျှာကွဲခြင်းစသော အပူမှုတ်၍ ဖြစ်သောရောဂါများကို ပဥ္စကာနီသီးအမှုန့်ကို ထောပတ်ဖြင့် ရောစပ်၍ လိမ်းပေးပါ။

၁၂။ လိပ်ခေါင်းအပြင်ထွက်၍ ရောင်ကိုင်းခြင်း၊ သွေးယိုခြင်းတို့တွင် ပဥ္စကာနီသီး၊ ကျောက်ချဉ် သင့်ရုံကို ဆေးပြုတ်ရည်လုပ်ပြီး ဆေးရည် အေးသွားသည့် အချိန်တွင် လိပ်ခေါင်းကို နာရီဝက်ခန့် ဖန်ရည်စိမ်ပေးခြင်းဖြင့် လည်းကောင်း...

ဖန်ရည်စိမ်ပြီးလျှင် ရေစင်အောင်သုတ်ပြီး ပဥ္စကာနီသီးကို အုန်းဆီနှင့် သွေး၍ လိပ်ခေါင်းတစ်ခုလုံးကို လိမ်းပေးထားပါက သက်သာပျောက်ကင်းစေပါသည်။

၁၃။ ကလေးသူငယ်များတွင် အဖြစ်များသော မှက္ခရုရောဂါကို ပဥ္စကာနီသီးသည် အထူးနိုင်ပါသည်။

မှက္ခရု စွဲနေသည့် ကလေးငယ်ကို ပဥ္စကာနီသီးကို ရေသန့်သန့်ဖြင့် ကျောက်ပျဉ်သန့်သန့်တွင် သွေးပြီး ယင်းဆေးသွေးရည်ကို လက် စင်ကြယ်စွာ ဆေးကြောထားသော လက်ညှိုးဖြင့် ဆေးကို ကော်ယူပြီး မှက္ခရုစွဲနေသော ကလေးငယ်၏ ပါးစပ်ကို အသာဟပြီး လျှာနှင့် ပါးစောင်တို့ကို ဆေးသွေးထားသော အရည်ဖြင့် ပါးစပ်အနှံ့ သုတ်လိမ်းပေးပါ။

ပြီးလျှင် (၁၅)မိနစ်ခန့် စောင့်ပြီး စွပ်ကျယ်ပိတ်စ သန့်သန့်တစ်ခုကို ရေစွတ်၍ ညှစ်လိုက်ပြီး လက်ညှိုးတွင် ယင်းစွပ်ကျယ်စကို ပတ်ပြီး ကလေးငယ်၏ လျှာနှင့် ပါးစောင်တို့ကို အသာအယာ ပွတ်ဆွဲပေးလိုက်လျှင် စွဲကပ်နေသော မှက္ခရုများ အဖတ်လိုက်ကွာကျ၍ စွပ်ကျယ်စမှာ ကပ်၍ ပါလာပါသည်။

ဤသို့ တစ်နေ့(၃)ကြိမ်ခန့် လုပ်ပေးလိုက်လျှင် ထို မှက္ခရုစွဲနေသော ကလေးငယ်သည် သက်သာပျောက်ကင်းသွားပါမည်။ စာရေးသူ၏ လက်တွေ့ ကိုယ်ပိုင်နည်းကောင်းတစ်ခုကို စေတနာဖြင့် ကုန်စင်အောင် ဖော်ပြလိုက်ပါသည်။

ထိုကလေးငယ်မှ မှက္ခရုရောဂါကဲ့သို့ ယခုခေတ်ပေါ် HIVရောဂါရှင်များတွင် ဖြစ်ပေါ်နေသည့် ပါးစပ်၊ ခံတွင်းမှ မှက္ခရုစွဲနေသည့် ရောဂါကိုလည်း ယင်းနည်းအတိုင်းပြုလုပ်ပေးနိုင်ပါသည်။

**[သို့သော် HIVရောဂါရှင်များကို ထိုသို့ ကုသပေးရာတွင် ရောဂါပိုး မကူးစက်စေရန် အထူးသတိပြု၍ ကုသပေးသူသည် ကျန်းမာရေး လုံခြုံမှုသတိ အထူးရှိရန် လိုအပ်ပါသည်။]**

---

### အထူးသတိပြုရန်မှာ

---

ပဥ္စကာနီသီးသည် သံသတ္တုဓာတ်နှင့် ဓာတ်မတည့်ပါသောကြောင့် **သံဓာတ်ပါသော ဖွန်း၊ ခွက်တို့တွင် ကြာကြာမထားရပါ။**

ထို့အတူ ဝမ်းတွင်းသို့ ဆေးအနေဖြင့် တိုက်ကျွေးလျှင်လည်း သံဓာတ်ပါသော၊ ကျောက်သွေး ပါဝင်သော ဆေးများ၊ သံပြာ ပါဝင်သော ဆေးများ၊ သံဓာတ်အားဆေးများနှင့် တစ်ပြိုင်တည်းတွဲ၍ မတိုက်ကျွေးမိစေရန် အထူး သတိပြုရမည် ဖြစ်သည်။

များသောအားဖြင့် ပဥ္စကာနီသီးကို အပြင်ဆေးအနေဖြင့်သာ အသုံးများကြပါသည်။ ဝမ်းတွင်းသို့ တိုက်သည့်ဆေးအနေဖြင့် အသုံးပြုခဲ့သော်လည်း **ဆေးသောက်ပြီး လက်တုန်ခြင်းကို** တွေ့ရသည် ဆိုသည်မှာ ပဥ္စကာနီသီးနှင့် ဓာတ်မတည့်သည့် ဆေး အစာ တစ်ခုခုနှင့် နီးကပ်စွာ သောက်သုံးမိခြင်းကြောင့် ဖြစ်နိုင်ပါသည်ဟု စေတနာတရားဖြင့် ပြည့်စုံအောင် ရေးသားတင်ပြလိုက်ပါသည်။

**လောကတွင် ဆေးဖက်မဝင်သော သစ်ပင်မရှိ ဟူသကဲ့သို့ တန်ဆေး လွန်ဘေး ဟူသော ဆေးပညာဥပဒေသကိုလည်း လူတိုင်း သတိပြု ဆင်ခြင်နိုင်ကြပါစေဟု ဆန္ဒပြုရင်း...**

**ဦးမင်းဖေ(ရွှေနဝင်း)**



www.burmeseclassic.com

www.burmeseclassic.com

# လေမဖြတ်နိုင်အောင်



## ကြိုတင်ကာကွယ်နည်း

အချိန်ကတော့ "တိပိဋကစရ စာမေးပွဲ" မဟာစည် သာသနာ့ရိပ်သာတွင် ကျင်းပချိန်ဖြစ်သည်။ ယခုတော့ ကမ္ဘာအေးလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

စာရေးသူသည် တိပိဋက စာမေးပွဲ၌ စာထောက်ဆရာအဖြစ် တာဝန်ကျသည်။ စာရေးသူတို့အဖွဲ့သည် နံနက် (၇)နာရီအရောက် ရိပ်သာသို့ လာရောက်ကြရသည်။ နှုတ်ဖြေစာမေးပွဲသည် နံနက်(၈)နာရီ စ,သည်။

စာမေးပွဲကျင်းပချိန် မရောက်သေးသဖြင့် စာရေးသူတို့အဖွဲ့သည် စကားလက်ဆုံကျနေကြသည်။ ဤအချိန် ကျွန်တော်တို့ပရိသတ်ထဲသို့ ယောဂီပုဂ္ဂိုလ်တစ်ဦး ဝင်လာသည်။

ထိုယောဂီသည် **ဆရာကြီးဦးတင်ယု** (ကျွန်တော်တို့အဖွဲ့၏) တစ်ရွာတည်းနေ မိတ်ဆွေဖြစ်သည်။ မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ မူ့ရစ်ကြီးရွာက ဖြစ်သည်။ အမည်မှာ **ဦးလှဘူး** ဖြစ်သည်။

ဦးလှဘူးက ဆရာကြီးဦးတင်ယုအား စကားစလိုက်သည်မှာ...

'ဦးတင်ယု ခင်ဗျား...ဗဟန်း သုဓမ္မဝတီ ပွဲစားကြီးကျောင်း ဆရာတော်ရဲ့ ကျန်းမာရေးအခြေအနေ ဘယ်လိုနေသလဲ'

လို့ မေးတော့...

'မိတ်ဆွေ ဆရာတော် လေဖြတ်သွားပါပြီ'

ဟု ဖြေလိုက်သည်။ ဦးလှဘူးက...

'ကျွန်တော် လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ဆရာတော်ထံ ရောက်သေးတယ်။ ဆရာတော်ရဲ့ အနေအထားကို ကြည့်လိုက်တော့ (၈၅)ရုပ် ဖြစ်နေတယ်၊ လေးလံနေတယ်'

ဟု ဆိုလိုသည်။

### လေ့ကျင့်ခန်းနည်း

'ဒါနဲ့ ကျွန်တော်ပြခဲ့တဲ့ လေ့ကျင့်ခန်းနည်းအတိုင်း လုပ်ဖြစ်အောင် လုပ်ပါဘုရား'

ဟု လျှောက်ထားခဲ့သည်။

ထိုနည်းကား သွေးတိုးနေလျှင် သွေးကျသည့်နည်း ဖြစ်သည်။ သို့သော် ဆရာတော်ကား မလုပ်ခဲ့ပေ။

**လေ့ကျင့်ခန်းနည်းမှာ...**

'ဝင်လေကို နှာခေါင်း နှာသီးဖျားမှ အားပါးတရကြီး ပြင်းပြင်း ရှုသွင်းလိုက်ပါ။ အတွင်း ချက်ထိအောင်ပေါ့။

တစ်ဖန် ထွက်လေကို ပါးစပ်မှ အပြင်းအားပါးတရ မှုတ်ထုတ်လိုက်ပါ။ ထိုသို့ ပြုလုပ်ခြင်းဖြင့် လေပုပ်တွေ စင်ကြယ်သွားပြီး ရင်ထဲမှာ ရှင်းသွားပါတယ်။

ဝင်လေထွက်လေကို တစ်ကြိမ်ယူပါ။ ဤနည်းအတိုင်း ဆယ်ကြိမ်ပြုလုပ်ပေးပါ။ နံနက်ဆယ်ကြိမ်၊ ညနေဘက် ဆယ်ကြိမ် ပေါင်း တစ်နေ့အကြိမ် နှစ်ဆယ် ပြုလုပ်ရန် ဖြစ်ပါတယ်'

အထူးသဖြင့် တစ်နေ့အတွက် အကြိမ်နှစ်ဆယ်ပြီးတိုင်း ဖီးကြမ်းငှက်ပျောသီးအမှည့်တစ်လုံး စားရန်ဖြစ်သည်။ ယင်း ငှက်ပျောဖီးကြမ်းသည်လည်း သွေးကျသည့်ဓာတ် ပါ[illegible]သည်။

**ဖီးကြမ်းငှက်ပျောသီးအခွံ အတွင်း[illegible] ဘက် အမျှင်များသည် မျက်လုံး[illegible] ကြည်လင်စေတတ်သည်။ လျှာနှင့်[illegible] ခြစ်ပြီး စားပေးပါရန်ဖြစ်သည်။**

ဆရာတော်များအတွက် နံနက်[illegible] ဆယ်ကြိမ်ပြီးသောအခါ ငှက်ပျောသီး[illegible] ကို ဘုဉ်းပေးလို့ ရပါသည်။ ငှက်ပျော[illegible] သီး လွန်ကဲသည့်အတွက် အန္တရာယ်[illegible] မရှိပါ။

ဟီနူပမာအားဖြင့် (အနိမ့်အယုတ်[illegible] ဥပမာအားဖြင့်) မြင်းများ၊ ခွေးများသည်[illegible] မိမိ ခရီးအဝေးသို့ အရှိန်ပြင်းစွာ ပြေး[illegible] အနားယူလိုက်ချိန်မှာ ပါးစပ်ဖြင့် [illegible] ထုတ်ကြသည်။

အပြေးသမားများ၊ ဘောလုံးကစား[illegible] သမားများသည်လည်း နှာခေါင်း[illegible] ထွက်လေထုတ်ခြင်းကို မလုံလောက်[illegible] အားမရ၍ ပါးစပ်ဖြင့် အားပါးတရ[illegible] မှုတ်ထုတ်လိုက်ကြသည်။ သို့မှသာ[illegible] အမောပြေကြသည်။

စာရေးသူ တင်ပြထားသည့်[illegible] လေ့ကျင့်ခန်းများဟာ လွယ်[illegible] သလောက် နေ့စဉ် ပြုကျင့်ဖို့ ကျ[illegible] မလွယ်ကူပါ။

ထို့ကြောင့် "ကြိုးစားပြီး [illegible] ကြပါ" ဟု တိုက်တွန်းလိုက်ပါသည်။

**ဓမ္မာစရိယ–ဦးအောင်းလှိုင်**
***(အငြိမ်းစား [illegible]ပြင်မှူးချုပ်)***



www.burmeseclassic.com

www.burmeseclassic.com

# ငွေဝင် လာဘ်ရွှင်

## ကံဆယ် ဂမ္ဘီရကျင့်စဉ်



ဗေဒ–ကြွင်း မဟာဘုတ်ပိုင်ရှင်များနဲ့
တနင်္လာသားသမီး
မရဏဖွားများအတွက်

ဤကျင့်စဉ်သည် အာစရိယဝါဒအရ ငွေဝင်လာဘ်ရွှင်စေတဲ့ ကံဆယ် ဂမ္ဘီရ ကျင့်စဉ်တစ်ခု ဖြစ်ပါတယ်။

အထူးသဖြင့်ကတော့…

**တနင်္လာသားသမီး မရဏဖွားများ အတွက်ပဲ** ဖြစ်ပါတယ်။ ထို့အတူ **ဗေဒ–ကြွင်း မဟာဘုတ်ပိုင်ရှင်များလဲ** ငွေကြေးအတွက် အခက်အခဲ ကြုံတဲ့ အခါမျိုးမှာ ကျင့်ကြံနိုင်ပါတယ်။

တနင်္လာသားသမီး မရဏဖွားများသည် ဗေဒ–ကြွင်းမဟာဘုတ်အရ တနင်္လာ(မရဏ)နဲ့ အင်္ဂါ(အဓိပတိ) ပက္ခမိတဲ့အတွက် ကံဆိုး(ကံမကောင်း) ကံညံ့ကိန်း မိနေပါတယ်။

ဒါကြောင့် ကံဆိုးကံညံ့များ ပြေပျောက်သွားရအောင် **ကံဆယ်ဂမ္ဘီရ ကျင့်စဉ်**ဖြင့် ကံကောင်းများဖြစ်အောင် ဖော်ဆောင်ခြင်းပါပဲ။ ဒါဆိုရင် ငွေကြေး ဆုံးရှုံးစေတတ်ခြင်းမှ ငွေကြေးစု ဆောင်းခြင်းဆိုတဲ့ နိမိတ်ပုံဆောင်သော အဓိဋ္ဌာန်ကျင့်စဉ်လဲ ဖြစ်ပါတယ်။

အထူးသဖြင့် ဆောင်ရွက်လိုသော သူများအတွက်ကတော့ **ဆယ်ထပ်ကြီး၊ ဆယ်တစ်ထပ်ကြီး၊ ဆယ်တော်မူ** စသည် ပညတ်ဘွဲ့ခံ ရုပ်ပွားတော် ဘုရားစေတီတစ်ဆူဆူတွင် ဆောင်ရွက်ကြရန်လဲ ဖြစ်ပါတယ်။

ကဝိသိရောမဏိ

အဓိဋ္ဌာန်ရက် သတ်မှတ်ပြီး ဆောင်ရွက်နိုင်သလို နေ့စဉ် ထာဝရ ကျင့်ကြံမယ်ဆိုလဲ ရပါတယ်။ မိမိတို့ရဲ့ အခြေအနေနဲ့ အဆင်ပြေသော အနေအထားဖြင့် ဆောင်ရွက်နိုင်ပါတယ်။

ကံဆယ်ဂမ္ဘီရကျင့်စဉ်

**သက်တော်ထင်ရှား ဘုရားရှင်ကိုလဲ ရည်မှန်းပြီး အဖြူရောင်မွှေးသော ပန်းကိုလှူပြီး(အရေအတွက်မလို). ကြည်ညိုသဒ္ဓါ ထက်သန်စွာဖြင့် ဘုရားရှိခိုးရပါမယ်။**

ရတနဂ္ဃေ ပသန္နာနံ၊
အဂ္ဂပုညံ ပဝဍ္ဎတိ၊
အဂ္ဂံ အာယု စ ဝဏ္ဏော စ။
ယသော ကိတ္တိ သုခံ ဗလံ၊
တံ သဗ္ဗံ ဝဍ္ဎတံ မယှံ၊
မဂ္ဃေ ယေန နမာမဟံ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ရတနဂ္ဃေ** | = | ရတနက်ဃေ |
| **ပသန္နာနံ** | = | ပသန်နာနံ |
| **အဂ္ဂပုညံ** | = | အက်ဂန်ပုန်ညံ |
| **ပဝဍ္ဎတိ** | = | ပဝတ်ဒတိ |
| **ဝဏ္ဏောစ** | = | ဝန်နောစ |
| **ကိတ္တိ** | = | ကိတ်တိ |
| **သဗ္ဗံ** | = | သပ်ဗံ |
| **ဝဍ္ဎတိ** | = | ဝတ်ဒတံ |
| **မယှ** | = | မယ်ရှ |
| **မဂ္ဃေ** | = | မက်ဃေ |

အနက်အဓိပ္ပာယ်

**အဂ္ဃေ** – ထွတ်မြတ်လှစွာသော၊ **ရတနေ** – ရတနာမြတ်သုံးပါး၌၊ **ပသန္နာနံ** – ကြည်ညိုကြသူတို့အား၊ **အဂ္ဂံပုညံ**–ထူးမြတ်သော ကောင်းမှုသည်၊ **ပဝဍ္ဎတိ**–တိုးပွားလေတော့သည်။

**အဂ္ဂံအာယုစ** – ထွတ်မြတ်သော အသက်ရှည်ခြင်းသည် လည်းကောင်း၊ **အဂ္ဂံဝဏ္ဏောစ** – ထူးမြတ်သော အဆင်းလှခြင်းသည် လည်းကောင်း၊ **အဂ္ဂံယသော** – ထူးမြတ်သော အခြွေအရံသည် လည်းကောင်း၊ **အဂ္ဂံကိတ္တိစ** –ထွတ်မြတ်သော ကျော်စောခြင်းသည် လည်းကောင်း၊ **အဂ္ဂံသုခဥ္စ**– ထွတ်မြတ်သော ချမ်းသာခြင်းသည် လည်းကောင်း၊ **အဂ္ဂဗလဥ္စ**–ထွတ်မြတ်သော ခွန်အားနှင့် ပြည့်စုံခြင်းသည် လည်းကောင်း၊ **ပဝဍ္ဎတိ**–တိုးပွားလေတော့၏။

**ယေန**–အကြင် အကြောင်းကြောင့်၊ **အဟံ**–ဘုရားတပည့်တော်သည်၊ **အဂ္ဃေ**–ရတနာသုံးပါး အမြတ် ရတနာတို့ကို၊ **နမာမိ**–ရှိခိုးပါန်တော့





www.burmeseclassic.com

www.burmeseclassic.com

ပါ၏။

**ဧတေန**–ထိုသို့ ရှိခိုးရခြင်းကြောင့်၊ **မယှံ** – ဘုရားတပည့်တော်အား၊ **တံသဗ္ဗံ**–အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချွေရုံပေါ်ခြင်း, ကျော်စောခြင်း, ချမ်းသာခြင်း, အားတိုးခြင်း စသည့် အလုံးစုံသော အကျိုးသည်၊ **ပဝဍ္ဎတံ ပဝဍ္ဎတု**– တိုးပွားပါစေသတည်း။

**လာဘ်ရဂါထာကို (၃၂၄)ခေါက် ရွတ်ပါ။**

အဂ္ဂေါ ဗုဒ္ဓေါ အဂ္ဂေါ ဓမ္မော၊
အဂ္ဂေါ သံဃော အနုတ္တရော၊
အဂ္ဂေါ ဝိပါကော မေ ဟောတု၊
ယံယံ ဣစ္ဆာသမိဇ္ဈတု။

ခက်ခဲသော ပါဠိအသံထွက်

**အဂ္ဂေါ** = အက်ဂေါ
**ဗုဒ္ဓေါ** = ဗုတ်ဓေါ
**ဓမ္မော** = ဓမ်မော
**အနုတ္တရော** = အနုတ်တရော
**ဣစ္ဆာ** = အိတ်ဆာ
**သမိဇ္ဈတု** = သမိတ်ဈတု

**အနက်**

**ဗုဒ္ဓေါ**၊ ဘုရားမြတ်စွာရတနာသည်။ **အဂ္ဂေါ**၊ အမြတ်ဆုံးဖြစ်ပါပေ၏။ **ဓမ္မော**၊ တရားမြတ်စွာရတနာသည်။ **အဂ္ဂေါ**၊ အမြတ်ဆုံးဖြစ်ပါပေ၏။ **အနုတ္တရော**၊ တပည့်အများစုတွင် အတုမရှိသော။ **သံဃော**၊ သံဃာတော်အပေါင်းသည်။ **အဂ္ဂေါ**၊ အမြတ်ဆုံးဖြစ်ပါပေ၏။

**ဧတေနသစ္စေန**၊ ဤမှန်သော သစ္စာစကားကြောင့်။ **မေ**၊ အကျွန်ုပ်အား။ **အဂ္ဂေါ**၊ အမြတ်ဆုံးဖြစ်သော။ **ဝိပါကော**၊ အကျိုးသည်။ **ဟောတု**၊ ဖြစ်ပါစေသတည်း။ **ယံယံ ဣစ္ဆာ သမိဇ္ဈတု**၊ လိုလိုရာရာ ဆန္ဒမှန်သမျှသည် ကောင်းစွာပြည့်စုံပါစေသတည်း။

အဂ္ဂေါ ဟမသ္မိ လောကဿ
ဇေဋ္ဌော ဟမသ္မိ လောကဿ
သေဋ္ဌော ဟမသ္မိ လောကဿ

*[ဟိတ်ခတ်ပါ။ ကိုးခေါက်ရွတ်ပါ။]*

ခက်ခဲသော ပါဠိအသံထွက်

**ဟမသ္မိ** = ဟမသမိ
**လောကဿ** = လောကတ်သ
**ဇေဋ္ဌော** = ဇစ်ဌော

**အဟံ** – ငါသည်၊ **လောကဿ**– လောက၏၊ **အဂ္ဂေါ**–အမြတ်ဆုံးသည်၊ **အသ္မိ** –ဖြစ်၏။

**အဟံ** – ငါသည်၊ **လောကဿ**– လောက၏၊ **ဇေဋ္ဌော**–အကြီးအမှူးသည်၊ **အသ္မိ** –ဖြစ်၏။

**အဟံ** – ငါသည်၊ **လောကဿ**– လောက၏၊ **သေဋ္ဌော** – အချီးမွမ်းအပ်ဆုံးသောသည်၊ **အသ္မိ** –ဖြစ်၏။

*[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မြေစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ဤကျင့်စဉ်အား နေ့စဉ် ရွတ်ပွားလိုက ရွတ်ပွားနိုင်သလို အဓိဋ္ဌာန်ရက် သတ်မှတ်ပြီးလဲ ရွတ်ပွားနိုင်ပါတယ်။ လာဘ်ရှား လာဘ်ပိတ်မှ ကင်းဝေးကာ လာဘ်ကြွယ် လာဘ်ပေါ်များလာခြင်းကို လက်တွေ့ကျင့်ရင် သိနိုင်မှာ ဖြစ်ပါတယ်။

*သင့်တင့်အောင် နှလုံးသွင်း အရှုံးကင်းပါစေ။*

**ကဝိသိရောမဏိ**

# သွားနာသော်

## မခက်လော

အရွယ်သုံးပါးတွင် သွားနာတတ်ပါသည်။ အချိုတွေ စားလွန်း၍ အချဉ်ပေါက်ကာ သွားနာတတ်သည်။ အငန်စားလွန်း၍လည်း ဖြစ်တတ်သည်။ အသက်အရွယ်ထောက်လာ၍ သွားနာသဖြင့် အခံရခက်သည်လည်း ကြုံကြိုက်ကြရပါသည်။

စာဖတ်ပရိသတ်ကို အလွယ်တကူ လက်ဆင့်ကမ်းပေးခဲ့သည့် မြန်မာ့တိုင်းရင်းဆေးနည်းကို ဖော်ပြပေးလိုပါသည်။

ဤဆေးနည်းကို နားနောင်ဆရာတော် ဦးကလျာဏ၏ မြန်မာ့ရိုးရာ တိုင်းရင်းဆေးစာအုပ်ထဲမှ ကူးယူ ဖော်ပြသွားမည် ဖြစ်ပါသည်။

ဆေးနည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။



(၁) ဖုံးယသိန်
(၂) လက်ချား
(၃) ရှားစေး
(၄) ပန်းနု
(၅) ရှိန်းခို
(၆) ပရုတ်
(၇) လေညှင်းပွင့်

အထက်ပါ ဆေးအမည်(၇)မျိုးကို **ဆတူအညီ အမှုန့်ပြုပါ။** ထို့နောက် ပုလင်းတွင် လေလုံအောင် ပိတ်ထားပါ။

သွားနာ၊ သွားကိုက်သည့်အခါ ဆေးမှုန့်ဖြင့် နာနေသည့်နေရာတွင် ပွတ်သိပ်ခြင်းပြုပါ။

အကယ်၍ သွားနာ၊ သွားကိုက်ခြင်းမရှိပါက တစ်ပတ်လျှင် နှစ်ကြိမ်မျှ ပွတ်တိုက်ခြင်းဖြင့် သွားနှင့်ပတ်သက်သည့်ဝေဒနာများကို ကြိုတင်ကာကွယ်သွားနိုင်မည် ဖြစ်ပါသည်။

စာရေးသူအဖို့ ပွဲတွေ့ဖြစ်သဖြင့် ဆေးဒါနအဖြစ် လက်ဆောင်ပါးလိုက်ပါသည်။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း (ဆင်းတော်)**

www.burmeseclassic.com



# သူ့အရပ် သူ့ဒေသနှင့်

## သူ့ဓလေ့ဆန်းများ

နေအောင်လင်း (စလေ)

**ထီးချိုင့်နတ်အင်းကြီးဒေသ**

**ဓလေ့ထုံးတမ်းစဉ်လာများ**

အရပ်ဒေသတိုင်း ကိုယ့်နေရာ ကိုယ်ဒေသ၏ အစဉ်အလာ ယုံကြည်မှု ဓလေ့ထုံးတမ်းတို့ ရှိကြစမြဲပင် ဖြစ်သည်။ မဖြစ်နိုင်ပါဘူး။ အယူသည်း အစွဲအလမ်းကြီးနေတာပါဟု တစ်ဖက်သတ် ပြောဆို၍ မရစကောင်းပေ။

သူ့ရွာ သူ့ဓလေ့ ထုံးတမ်းတို့အား လိုက်နာကြရသည်။ မြန်မာစကားပုံလည်း ရှိသည်။ ရောမရောက်လျှင် ရောမလိုကျင့်ရမည်။ နေထိုင်ရမည် ဆိုသည့် စကားပင်ဖြစ်သည်။

ကိုမောင်ထိုက် မွေးရပ်ဇာတိက မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် အတွင်းမှာ ဖြစ်သည်။ အိမ်ထောင်ကျ နဖူးစာရွာလည်း ဆိုတာလို ဖူးစာရှိရာမှာ ဆုံစည်းကြရသည့်အဖြစ်။ အိမ်ထောင်ဖက်က အထက်အညာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်က အမျိုးသမီးနှင့် အိမ်ထောင်ကျခဲ့သည်။

ကိုမောင်ထိုက် မိဘတို့ အစဉ်ဆက်ကလည်း ယာတောင်သူ ကိုင်းတောင်သူအလုပ်နှင့် အသက်မွေးဝမ်းကျောင်းကြသည်။ ကိုမောင်ထိုက် ယောက္ခမများဘက်ကလည်း ယာတောင်သူ၊ ကိုင်းတောင်သူ။ သူတို့ဒေသကတော့ ယာလည်းလုပ်၊ ကြံစိုက်ခင်းလည်းလုပ်၊ တောတက် သစ်ခုတ်ဝါးခုတ်သည့်အခါ ခုတ်ကြသည်။

မည်သည့်လုပ်ငန်းနှင့်ပင် အသက်မွေးဝမ်းကျောင်း ဝမ်းကျောင်း သူ့နေရာ သူ့ဒေသနှင့် သူ့ဓလေ့ထုံးတမ်းတို့ကတော့ ရှောင်လွှဲမရ လိုက်နာကြရသည်။

တစ်နေ့ ကိုမောင်ထိုက်နှင့် ယာထွန်နေချိန် ထွန်နားခိုက် စကားလက်ဆုံကြရင်း ကသာနယ်၊ ထီးချိုင့်နယ်ဒေသတို့အကြောင်း မေးမြန်းခဲ့မိသည်။

'မောင်ထိုက် မင်းတို့ အထက်က ထီးချိုင့်နတ်အင်းက တော်တော် နတ်ကြီးသလား၊ ဘာတွေ ထူးခြားသလဲ ပြောစမ်းပါဦး'

ဟု ကျွန်တော်က မေးလည်း မေးရင်း တစ်ဆက်တည်း...

'အဲဒီဒေသက ညအိပ်တဲ့အခါ ဦးခေါင်းက မြောက်အရပ်နဲ့ အရှေ့အရပ်ကိုပဲ ခေါင်းထားအိပ်ရတာဆိုတာ ဟုတ်ရဲ့လား'

ဟု မေးမြန်းရာ...

'ဟုတ်တယ်။ ကျွန်တော် အိမ်ထောင်ကျတဲ့ နတ်အင်းကြီးကလဲ အဲဒီလိုပဲ။ အခြားတောင်အရပ် ခေါင်းထားပြီး မအိပ်ရဘူး။ မြောက်အရပ်ကိုပဲ ဦးခေါင်းထား အိပ်ချင်ရင်အိပ်၊ ဒါမှမဟုတ်ရင် အရှေ့အရပ် ခေါင်းထား အိပ်ရတယ်'

'ထီးချိုင့်နတ်အင်း... ထီးချိုင့်နတ်အင်းနဲ့ နာမည်ကြီးတော့ နတ်အင်းက တကယ်ရှိသလား'

ဟု မေးတော့...

'အင်းကြီးရယ်လို့တော့ မရှိဘူး။ သူ့နယ် သူ့ဒေသအခေါ် နတ်အင်းကြီးအင်းနယ်လို့ အမှတ်သညာနဲ့ ခေါ်တွင်ခြင်းဖြစ်ကြောင်း၊ သူ့နယ် သူ့ဒေသ ဓလေ့ထုံးတမ်းအား လိုက်နာလုပ်ကိုင်ကြတယ်'

ဟု ဆိုသည်။

နတ်အင်းနယ်၏ ဓလေ့ထုံးတမ်း တစ်ခု လပြည့်လကွယ်ရက် ဆန်း(၉)ရက်(ဆန်း(၁)ရက်)ကဲ့သို့ မြန်မာလဆန်း(၁)ရက် မြန်မာလဆန်း(၉)ရက်ကဲ့သို့ နေ့များတွင် လုပ်ငန်းဆောင်တာများ လုပ်ဆောင်စရာရှိလျှင် ထိုနှစ်ရက်တို့အား အထူးရှောင်ကြသည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

မြေလတ်ဒေသ နေထိုင်ကြသည့် မြန်မာလူမျိုးတို့ ဓလေ့အရဆိုလျှင် ဝါဆိုဝါခေါင်လကဲ့သို့ လတို့တွင် ဝါဆိုဝါခေါင် တစ်ရက်ရှောင် ဆောင်ပုဒ်နှင့် အညီပင် လဆန်း(၁)ရက်နေ့အား ဝါဆိုလဆန်း ဝါခေါင်လဆန်း(၁)ရက်နေ့တို့အား ဝါရမိတ္တူရက်အဖြစ် ရှောင်လွှဲကြသည်။

ထိုနည်းတူ ထီးချိုင့်နတ်အင်းဒေသက ဒေသခံတို့ကလည်း လဆန်း(၁)ရက် လဆန်း(၉)ရက်နေ့တွင် မည်သည့်လမဆို ရှောင်ကြဉ်ကြသည်။ တောတက် သစ်ခုတ် ဝါးခုတ်ခြင်း၊ အိမ်သစ်တက် အိမ်ဆောက်ခြင်း၊ အခြား အလှူအတန်းပွဲများ မပြုလုပ်ကြဟုဆိုသည်။

လပြည့်လကွယ် နေ့ရက်များဆိုလျှင်လည်း နံနက်စောစောအချိန်တွင် သစ်ခုတ်ဝါးခုတ် ထင်းဖြတ် ထင်းပေါက်အလုပ်များကဲ့သို့ တောက်တိုမည်ရလုပ်ငန်းပင် ဖြစ်သော်လည်း နံနက်စောစောအချိန်တွင် ထုသံရိုက်သံ ခုတ်သံထစ်သံ စသည် အသံဗလံတို့ မပြုလုပ်ရ။ အေးအေးချမ်းချမ်း *တိတ်တိတ်ဆိတ်ဆိတ် နေကြရသည်* ဟု ဆိုရသည်။

ဈေးကတော့ အင်ဂျင်စက်သံကဲ့သို့ တဂျုံးဂျုံး တဝုန်းဝုန်း အော်မြည်သည့် စက်တို့လည်း ဘာစက်မှ မမောင်းရ၊ အသံဗလံ မကြားရဟုဆိုသည်။ လပြည့်လကွယ်ရက် မတိုင်မီ မီးမွှေးဖို့ ကျွန်းသားကဲ့သို့ သစ်သား သေးသေးမွှားမွှား အပိုင်းအစများပင် ခုတ်ထစ်သံ မကြားရ၊ မပြုလုပ်ရသည့်ဒေသ ဖြစ်သည်။

လုပ်ငန်းခွင်ဝင်လျှင်လည်း အနည်းဆုံး နံနက်(၈)နာရီ နောက်ပိုင်းမှသာ လုပ်ငန်းခွင် ဝင်ရသည်ဟုဆိုသည်။



မီးမွှေးဖို့ ထင်းစထင်းမွှားပင် အရင်နေ့က ကြိုတင်ခုတ်ထစ်ထားရသည့် ဒေသဖြစ်သည်။

တောတက်သည့်အခါနှင့် အိမ်မှာ နေသည့်အခါများမှာ အသားငါးတို့အား တံစို့ထိုးပြီး ဖုတ်ကင်ထားသည့် အသားငါးတို့အား မီးကင်ပြီး တံစို့ထိုးလျက် တန်းလန်း ကိုက်ဖဲ့ယူ၍ စားသောက်ခြင်းမျိုး မပြုလုပ်ရ။ ထမင်းမွှေသည့် ယောက်မအား မီးပေါ်ထောင်လျက် မထားရ။

'ထီးချိုင့်နယ်မှာကော ဒီဒေသလို ရွာတော်ရှင် နယ်တော်ရှင် နတ်နန်းတွေဘာတွေ တစ်ရွာချင်း ရှိတာပဲလား'

ဟု မေးတော့...

'ရှိတယ်။ ဘာနတ်ရယ်လို့တော့ *မသိဘူး။ သူတို့ဆီကတော့ ဘိုးတော်* ဘိုးတော်နဲ့ ခေါ်ကြတာပဲ။ သူ့နယ်နဲ့သူ ရှိတယ်။ ဒီနယ်ဘက်မှာ ပြောလို့မရတဲ့ စကား တခြားနယ်ဘက်ရောက်ရင် ပြောလို့တော့ရတယ်။ သူ့နယ်နဲ့သူ များတာရှိရင် တောင်းပန်ရတယ်။

တစ်ရွာချင်းမှာရှိတဲ့ နတ်နန်းတို့မှာကျတော့ မျိုးရိုးအစဉ်ဆက်အရ နတ်နန်းမှာ ပန်း,ရေတို့ကို လဲပေးရတယ်။ ကျွန်တော့်ယောက္ခမဆိုရင် သူတို့မျိုးရိုး အစဉ်ဆက်အရ ပန်းလဲပေးရတယ်။

လဲတဲ့ပန်းကလဲ တောင်သပြေနဲ့ပဲ ပန်းလဲပေးရတယ်။ သပြေက အမျိုးမျိုး ရှိတာ။ ဗမ္ဗူသပြေ၊ ရေသပြေ၊ မြစ်နားကမ်းနားပေါက်တဲ့သပြေ၊ အင်တိုင်းသပြေ၊ ကျောက်သပြေ၊ အောင်သပြေ အမျိုးမျိုးရှိတာ ဆိုပေမယ့် တောင်သပြေပန်းကို လဲပေးရတာ'

ဟု ပြောပါသည်။

ထီးချိုင့်နတ်အင်း... ထီးချိုင့်နတ်အင်း ဆိုသည်မှာလည်း အင်းကြီးမဟုတ် နတ်ကြီးတဲ့အင်းဟူသည့် အမည်သညာ ခေါ်ဝေါ်ခြင်းသာ ဖြစ်သည်။ စလင်းမြို့နယ်တွင်းက ရပ်ဝေးကျေးရွာဆိုလျှင်ပင် ယိုရွာက တခြားတစ်ဒေသ အိမ်ထောင်ရက်သားကျ ပြောင်းရွှေ့ တစ်နယ်တစ်ကျေး ရောက်နေသူတိုင်း တစ်နှစ်တစ်ခါ တပေါင်းလရောက်တိုင်း နတ်တောင် တက်ကြရသည်ဆိုသကဲ့သို့ပင် ဖြစ်သည်။

နတ်တောင်တက်သည်... နတ်တောင်တက်သည်ဟု မသိကြသူများကတော့ တကယ် နတ်တောင်တက်ကြသည် အထင်မှတ်များကြသည်။

အမှန်တကယ် နတ်တောင်တက်သည်ဟု ဆိုရာတွင် တပေါင်းလရောက်တိုင်း ရပ်ရွာသို့ လာရောက်ကာ ဆိုင်ရာနတ်နန်းတို့တွင် ထမင်း၊ မုန့်ဖြူမုန့်နီတို့နှင့်သော် လည်းကောင်း၊ ငှက်ပျောအုန်းပွဲတို့နှင့်သော် လည်းကောင်း နှစ်စဉ် ပူဇော်ပသရခြင်းပင် ဖြစ်သည်။

ထီးချိုင့်နတ်အင်းကလည်း ထိုသို့ပင် ဖြစ်သည်။ တစ်နှစ်တစ်ခါ ဝါဆိုလပြည့်ရက်တွင် နတ်အင်းအား ပွဲတက်ပွဲပေးရသည်။ ပွဲတက်ပွဲပေးသည့်အခါ ထမင်း၊ မုန့်ဖြူ၊ ငါးခြောက်တို့နှင့် ပွဲပြင်ကာ ပသရသည်။

ထီးချိုင့်နတ်အင်းနယ်ဘက် ဆိုင်သည့် ရွာအချို့ကတော့ နတ်အင်းပွဲတက်သည့်အခါ တောက်ကျားသားများ

(စာမျက်နှာ (၂၄၀) သို့)



www.burmeseclassic.com

www.burmeseclassic.com



ဝသုန်သက်လွင်

# ရဲမွန်စခန်းမှ

## ဖြစ်ရပ်ဆန်း (၃)

### ယခင်လမှ အဆက်

ဤသို့ ဗမာ့မျိုးချစ်တပ်မတော် အမှတ်(၅) ဗိုလ်အောင်ဘုန်းကျော်၏ ညီဝမ်းကွဲ ဗိုလ်မင်းညိုတွဲ့ခံ မင်းညိုသည် ရဲမွန်ရွာ၊ ရဲမွန်စခန်း၌ အသေအချာ ကျဆုံးခဲ့ရသည်။

ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား ဘာသာ သာသနာအတွက် အသက်စွန့်ကာ ပါရမီဖြည့် ပါဝင်ခဲ့သူ ချစ်သူ နန်းမွန်မွန် လည်း အတူလိုက်ပါ သေဆုံးခဲ့ရသည်။

ကြေကွဲဖွယ်ရာ၊ နာကြည်းဖွယ်ရာ၊ လွမ်းဆွတ်ဖွယ်ရာများနှင့် စာပန်းချီ ရေးဖွဲ့ရမည့်ဖြစ်ရပ်မှန် ဖက်ဆစ် ဂျပန်များ တပ်စွဲအခြေပြုခဲ့သော ရဲမွန် စခန်းသို့ ယခုအချိန်တွင် ပြည်သူ့ တပ်မတော် အမှတ်(...)ခြေလျင် တပ်ရင်းမှ ကျွန်ုပ်ဦးစီးသည့် တပ်ဖွဲ့ သည် ရောက်ရှိ တာဝန်ထမ်းဆောင် ခဲ့ရပြီ။

နှစ်အားဖြင့် ရေတွက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မင်းညိုတို့ ကျဆုံးပြီး ဖက်ဆစ်ဂျပန်များ လက်နက်ချ၍ မြန်မာနိုင်ငံမှ ဆုတ်ခွာခဲ့သည့် နှစ်ပေါင်း သုံးဆယ်ကျော် ၁၉၇၆ ခုနှစ်၌ ကျွန်ုပ် ဤနေရာသို့ ရောက်ခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင် ကျွန်ုပ်နှင့် ဗိုလ်မင်းညိုတို့ ဆုံခဲ့သည့် ၁၉၇၆ ခုနှစ်၊ နိုဝင်ဘာလ(၂၅)ရက် ည(၁)နာရီအချိန် လောင်းကွတ်အင်္ကျီ ဝတ်ထားသော လူတစ်ယောက်၏ နှလုံးသားတည့်တည့်ကို ကျွန်ုပ်၏ ကာဘိုင်သေနတ်ဖြင့် ပစ်ခဲ့မိသည်မှာလည်း အမှန်။

ထိုသူသည် တစ်ခါက ဗိုလ်မင်းညိုဟု အတိအကျ ပြောပြသူများမှာ ရဲမွန်ရွာဥက္ကဋ္ဌ နိုင်ထော်ရိုးနှင့် ရှေ့မီနောက်မီ သက်ကြီးရွယ်အိုရွာသားများ (တချို့ သက်ရှိထင်ရှားရှိနေဆဲ) သို့ဖြစ်ပါလျက် ကျွန်ုပ်၏ အံ့သြဖွယ်ကိုယ်တွေ့ကြုံခဲ့ပုံဖြစ်ရပ်ကို ယုံတမ်းစကား ပုံပြင် ဒဏ္ဍာရီ အိပ်မက်ဆန်းတစ်ခုဟု မှတ်ချက်ပြုလိုက ပြုပါ။

မည်သို့ဆိုစေ ကျွန်ုပ်၏ ကိုယ်တွေ့ ဂမ္ဘီရဆန်သော ရဲမွန်စခန်းမှ ဖြစ်ရပ်ဆန်းကို သည်တွင် နိဂုံးချုပ် အဆုံးသတ်ရန် ဖြစ်ပါသည်။

သို့သော် ဤသို့သော်၏ နောက် ဤဖြစ်ရပ်ဆန်းကို အချောကိုင် ရေးဖြစ်ခဲ့သည့်နေ့၌ နောက်ဆက်တွဲ ဆန်းကြယ်မှုတစ်ခုကလည်း မယုံနိုင်ဖွယ် ကြုံလာရပြန်သဖြင့် စာဖတ်သူ လက်ခံနိုင်သည်ဖြစ်စေ၊ လက်မခံနိုင်သည်ဖြစ်စေ စာရေးဆရာတို့၏ ကလောင်ဆွဲရာနောက်သို့ လိုက်ပါရင်း ဖော်ပြရင်းမှာ ကျွန်ုပ်၏ တာဝန်သာ ဖြစ်ပါသည်။

* * *

ဤဇာတ်လမ်းအစ ဒါနပါရမီ တောရကျောင်း၌ ကျွန်ုပ်ကျောင်းထိုင် ဘုန်းကြီး အရှင်သီလနန္ဒနှင့် ဗိုလ်မင်းညိုတို့ "တတိယ" အကြိမ် ဆုံခဲ့ပုံကို စာဖတ်သူ မှတ်မိလိမ့်မည် ထင်ပါသည်။

နန်းတွင်းဆီးဝမ်းသွေးလေ ညီညွတ်ဆေးဘူးပေါ်တွင် ကာဘိုင်ကျည်ဖူး တစ်တောင့်ကို ကျွန်ုပ် တအံ့တသြ မြင်ခဲ့ရပုံကို ဖော်ပြခဲ့ပြီး ပြီးဖြစ်သည်။

"ပထမ" အကြိမ်က ရဲမွန်စခန်းတွင် လောင်းကွတ် အင်္ကျီရှည်ကြီးနှင့်အတူ ကာဘိုင် ကျည်တစ်ဖူး တွေ့မြင်ခဲ့ရရင်က ကျွန်ုပ်သည် တပ်မတော်သား တစ်ဦး ရဲမွန်ရွာဥက္ကဋ္ဌနိုင်ထော်ရိုးနှင့် ရွာသားများ ကျွန်ုပ်နှင့်အတူ တာဝန် ထမ်းဆောင်နေသော စစ်သည်များ အားလုံး မျက်မြင်တွေ့ခဲ့ကြသဖြင့် သက်သေပြနိုင်ခဲ့ပါသည်။

"ဒုတိယ" အကြိမ် လူကိုယ်တိုင် မြင်တွေ့၍ ပန်းကမ္ဘာစားသောက်ဆိုင်တွင် အရက်အတူ သောက်ခဲ့ကြသည် စကားပြောခဲ့ကြသည်ကိုလည်း စား ထိုးကလေး အာနိုးကိုယ်တိုင် မြင်တွေ့ ရသဖြင့် သက်သေပြပါဆိုက ပြနိုင် သည်။

သွေးစက်ကျနေသော ကာဘိုင် ကျည်ဖူးတံဆိပ်နှင့် ဗိုလ်မင်းညို တန်းပါ ရမ်တစ်လုံးကလည်း စကား မပြောနိုင်သော သက်မဲ့သက်သေပါ

**(မှတ်ချက်။ ။ ထိုရမ်ပုလင်း ပြည်သူ့ရဲတစ်ဖွဲ့သို့ ဝင်ရောက် သူ့အာနိုးကို ကျွန်ုပ် သာသ ဘောင်သို့ ဝင်ရောက်မည့် ၁၉ ခုနှစ်၊ ဒီဇင်ဘာ(၁၉)ရက် သော နေ့တွင် အမှတ်တရ လက်ဆော အဖြစ်ပေးခဲ့ပါသည်။**

**ယခုအခါ အာနိုးသည် ဒုရဲ မင်းအောင်စိုးအမည်နှင့် အငြိမ်း ယူကာ သံဖြူဇရပ်မြို့ ဗိုလ်နေ လမ်းတွင် မင်းအောင်စိုးစားသော ဆိုင်ပိုင်ရှင်ဖြစ်နေပါပြီ။ သူ့ထံ၌ ရမ်ပုလင်း ရှိ,မရှိကိုမှ မယုံသူ လူကိုယ်တိုင်တွေ့ဆုံ မေးမြန်း သည်။)**

ဤနေရာ၌ ကျွန်ုပ်တပ်မှ အငြိမ်း ယူပြီး သာသ ဘောင်သို့ ဝင် ဒါနပါရမီတောရကျောင်း၌ ကျော ထိုင်ဘုန်းကြီးဖြစ်နေပြီ ၂၀၀၂ နိုဝင်ဘာလ (တန်ဆောင်မုန်း



www.burmeseclassic.com

www.burmeseclassic.com

ည)တွင် ကျွန်ုပ်ထံသို့ ဗိုလ်မင်းညို ရောက်ခဲ့ပုံကို ဖော်ပြခဲ့ရာ ဤသို့ ထူးဆန်းဖွယ်ကြုံတွေ့ခဲ့မှု ဖြစ်ရပ်ကို ဝါသနာအရ စာရေးလိုစိတ် ပြင်းပြသဖြင့် ဝတ္ထုသဖွယ် ရေးခဲ့မိသည်။

ထိုစာမူကြမ်းကို အချောကိုင်ရေးပြီး သင့်လျော်ရာ မဂ္ဂဇင်းတိုက်တစ်ခုသို့ ပို့ရန် ထိုစာမူကို စားပွဲပေါ်တင်၍ ခေတ္တလဲလျောင်းနေမိသည်။

အချိန်အားဖြင့် နံနက်(၉)နာရီကျော်မျှရှိချိန် ဆွမ်းမဘုဉ်းပေးရသေးမီ စပ်ကြား ဆိုင်ကယ်တစ်စီး ကျောင်းဝင်းထဲသို့ ဝင်လာသည်။ သန်မြန်သူ ဆိုင်ကယ်အသင်းဝင်အင်္ကျီဖြင့် ဒကာတစ်ဦးဆင်းလာပြီး ကျောင်းပေါ်သို့ တက်ကာ ဦးချသည်။

"စစ်ပြန်ကျောင်းထိုင် ဘုန်းကြီးကို ဖူးတွေ့လိုကြောင်း" လျှောက်ထားသည်။ ကျွန်ုပ်က ဦးပဥ္စင်းပါပဲဟု ခေါင်းညိတ်ပြလျှင် ထိုသူသည် ကျွန်ုပ်ကို ထပ်မံ ဦးချလျက် စာအိတ်ရှည်ကြီးတစ်လုံးနှင့် သက်န်းအိတ်ကို ရိုသေစွာ ကပ်လှူရင်း...

'တပည့်တော် မင်းသစ္စာပါဘုရား။ ရဲမွန်ရွာထိပ်က ဇနီးမောင်နှံလို့ ထင်ရတဲ့ လူနှစ်ဦးက ဒီစာအိတ်နဲ့ ဒီသင်္ကန်းကို ဒီနေ့မနက် (၁၀)နာရီ မထိုးမီ ဒါနပါရမီဆရာတော်ကို ရှာပြီး သူတို့ ကိုယ်စားကပ်လှူပေးပါ၊ ဒါနမြောက်အောင် ဆောင်ရွက်ပေးပါလို့ မှာလိုက်တဲ့အတွက် တပည့်တော် လာလှူတာပါဘုရား'

ဆိုင်ကယ်သမားဒကာက သူ့ကိုသူ မိတ်ဆက် လျှောက်ထား၍ ကပ်လှူသည့် စာအိတ်နှင့် သင်္ကန်းကို သဟာသီက ဒါနမြောက်အောင် ဆက်ခံလိုက်သည်။

'အကာကြီး မင်းသစ္စာက နာမည်နဲ့ လိုက်ပါပေ့ဗျာ၊ အလှူရှင်ကိုယ်စား မပျက်မကွက် လာလှူတော့ ပုညကိရိယာဆယ်ပါးထဲက ဝေယျာဝစ္စကုသိုလ်ကို ဆောင်ရွက်ပေးတဲ့အတွက် ကိုယ်ပါကုသိုလ်ရတာပေ့ါ။

ဒါထက် အလှူရှင်တွေကို အကာကြီး သိလို့လား (၁၀)မိုင်လောက်ဝေးတဲ့ နေရာကနေ ဒီကျောင်းကို လာရတာဆိုတော့ နာမည်ကော မေးမထားလိုက်ဘူးလား'

ကျွန်ုပ်က ရင်းနှီးစွာ မေးလိုက်သည့်အခါ ထိုသူက ပြုံးရွှင်သော မျက်နှာဖြင့်...

'တပည့်တော်နဲ့ မသိကျွမ်းပါဘူး။ ဗိုလ်မင်းညို ကပ်လှူလိုက်တာလို့ လျှောက်ခိုင်းလိုက်တယ်။ တပည့်တော်ကိုလဲ ဒီကနေ့ အရောက်သွားလှူပေးပါ။ စိတ်ချယုံကြည်လို့ လူရွေးပြီး လှူခိုင်းတာဖြစ်လို့ ဆိုင်ကယ်ခကိုလဲ တန်ရာထက် ပိုပြီး ကျပ်တစ်သောင်းတောင် ပေးလိုက်ပါတယ်'

**'ဘာ ဗိုလ်မင်းညိုတဲ့လား'**

ကျွန်ုပ်သည် ထိုသူ၏ စကားဆက်ကိုပင် မစောင့်နိုင်ဘဲ တအံ့တဩဖြစ်သွားမိသည်။ အရိပ်အကဲ သိတတ်သော ထိုသူက ကျွန်ုပ်၏ အံ့ဩမှုကို ကြည့်လျက်...



'ဆရာတော်ရဲ့ အကာတွေလား။ ဇနီးမောင်နှံနှစ်ယောက်စလုံးက ရွှေနဲ့မြလိုတင့်တယ်ပြီး အဖိုးတန်အဝတ်အစားတွေ ဝတ်ထားကြတယ်။ ယောကျ်ားက ခံ့ညားချောသလို မိန်းကလေးကလဲ လက်ဝတ်လက်စား အပြည့်အစုံနဲ့ နန်းဆန်အောင် ချောတယ်ဘုရား'

ကျွန်ုပ်နှင့် ဗိုလ်မင်းညို ဆုံစည်းခဲ့မှု အဖြစ်အပျက်ကို မသိရှာသည့် ထိုသူက အပြည့်အစုံလျှောက်ထားသည်။

ကျွန်ုပ်သည် ဗိုလ်မင်းညိုအကြောင်းကို ဆက်မတွေးတော့ဘဲ ကပ်လှူလိုက်သည့် ဝတ္ထုပစ္စည်းများအတွက် အနုမောဒနာပြုသောအခါ ရိုသေစွာ နာယူလျက် အလှူရှင်ကိုယ်စား သာဓု သုံးကြိမ် ခေါ်ဆိုပြီး ဦးချကာ ကျောင်းပေါ်မှ ဆင်းသွားပါသည်။

ကျွန်ုပ် သင်္ကန်းအိတ်ကို ကြည့်လိုက်ရာ သင်္ကန်းထည့် ကတ်ထူဖာပေါ်တွင် **"ရိုသေစွာ ဆက်ကပ် လှူဒါန်းပါသည် အရှင်ဘုရား... အလှူရှင် ဗိုလ်မင်းညိုနှင့် မနန်းမွန်မွန်–ရဲမွန်ရွာ စေတီအနီး"**ဟု သေသပ်လှပစွာ ရေးထားသော စာတန်းကို မြင်လိုက်ရသဖြင့် ထပ်မံ အံ့ဩခဲ့ရပြန်သည်။

သင်္ကန်းမှာလည်း (Three Rifle) တံဆိပ်ပါ အကောင်းစားဖြစ်သည်

ကနုတ်ပန်းခြယ်ထားသော စာအိတ်ရှည်ကြီးကို ဖွင့်ဖောက်လိုက်သော အခါ...

**'ဆရာတော် အရှင်သူမြတ်ဘုရား...**

တပည့်တော်မင်းညိုပါ။

တပည့်တော်ကို ဆရာတော် မှတ်မိနေမယ် ထင်ပါတယ်။ သတိတရဖြစ်နေလို့လဲ တပည့်တော်အကြောင်းကို ဆရာတော် ရေးခဲ့တာပေါ့။ ဆရာတော်ရေးတဲ့ "ရဲမွန်စခန်းမှ ဖြစ်ရပ်ဆန်း" စာမူကို ဖတ်ကြည့်ပြီးပါပြီ ဆရာတော်

www.burmeseclassic.com

မဂ္ဂဇင်းတိုက်ကို ပို့ရင် ရွေးချယ်ခံရမှ ထိုက်သင့်တဲ့ ညာဏ်ပူဇော်ခကို ရမှာပါ။

တပည့်တော်က ဦးဦးဖျားဖျား ဖတ်ခွင့်ကြုံခဲ့ပါပြီ။ ဒီစာမူနဲ့ပတ်သက်ပြီး ညာဏ်ပူဇော်လို စိတ်ဖြစ်နေပါ၍ ငွေကျပ်တစ်သိန်းကို နဝကမ္မကပ်လှူပါတယ်ဘုရား။

သင်္ကန်းတစ်စုံကိုလဲ လှူပါတယ် ဘုရား။ တပည့်တော်တို့ရဲ့ ဒါနကောင်းမှုအတွက် ဆရာတော်ကိုယ်တိုင် ရေစက်သွန်းချ အမျှဝေပေးပါ။ တပည့်တော်နဲ့အတူ နန်းမွန်မွန်တို့ သုဂတိဘုံသို့ မကြာမီ ကူးရတော့မှာဖြစ်လို့ သာဓု ခေါ်ခဲ့ပါရစေ။

ကောင်းရာသုဂတိဘုံဘစ်ခုမှာ ဆရာတော်နဲ့ ပြန်လည် ဆုံတွေ့ခွင့်ကို မျှော်လင့်ပါတယ်။

ရန်ငြိုးရန်ကြွေး အားလုံးကြေပါစေ။

လူအချင်းချင်း နှိပ်စက်ခြင်း ကင်းရှင်းပါစေ။

ဒီစာနဲ့ ရိုသေစွာ ဦးတင်လျက် နှုတ်ဆက်ခဲ့ပါတယ် ဘုရား။

**ဗိုလ်မင်းညို+နန်းမွန်မွန်**
**ခေတ္တ–ရဲမွန်ရွာ၊**
**ရွာဦးစေတီအနီး**

ဗိုလ်မင်းညို၏ ပေးစာကို ကျွန်ုပ်ဖတ်၍ ဆုံးခဲ့ပါပြီ။ မဖော်ပြနိုင်သော စိတ်ခံစားမှုတစ်ခုကြောင့် ရင်ထဲမှာ ဟာတာတာ ဖြစ်သွားမိသည်။ ဗိုလ်မင်းညို လိုလားတောင့်တသော ဆန္ဒကို ကျွန်ုပ် ဖြည့်ဆည်းပေးရပါမည်။

ကျွန်ုပ်၏ စိတ်ဆန္ဒ၊ လုပ်ဆောင်လိုစိတ်ကို သိနေသော တပည့်လိမ္မာ ကိုရင်ကလေး ရှင်သိလောကသည် ရေသန့်တစ်ခွက်ကို ဖန်ခွက်တွင် ထည့်၍ အောက်ခံပန်းကန်ပြား ရေဇလုံကို ကျွန်ုပ်အနီးတွင် ချထားလိုက်ပါသည်။

ထိုအချိန်တွင် တစ်ကြိမ်တစ်ခါမျှ ပျံသန်းလာခြင်းမရှိသော ဗျိုင်းဖြူနှစ်ကောင်သည် ကျွန်ုပ်တို့ မြင်သာအောင် ကျောင်းရှေ့မှ ပျံသန်းလာကြပြီး လင်းလွန်းပင်ပေါ်၌ ငြိမ်သက်စွာ နားခိုနေကြသည်။

ကျွန်ုပ် ဗျိုင်းနှစ်ကောင်ကို ရှင်သိလောကနှင့်အတူ ခေတ္တကြည့်လျက် ဗိုလ်မင်းညိုတို့၏ လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်း၍ အမျှပေးဝေလိုက်ပါသည်။

**'အမျှ...အမျှ...အမျှ'**

**'သာဓု...သာဓု...သာဓု'**

ဤတွင် ဗိုလ်မင်းညိုသည် ကျွန်ုပ်ရေးထားသည့်စာမူကို ဘယ်ပုံဘယ်နည်း လာရောက် ဖတ်ရှုခဲ့သည်ကို ခေါင်းရှုပ်ခံ မစဉ်းစားနိုင်တော့ပါ။ ကျွန်ုပ်၏ ဦးပြည်ပြောင်ပြောင်ကို ပွတ်လျက် ဖြေသိမ့်လိုက်ပါသည်။

ကျွန်ုပ်၏ ပေးဝေသော ကောင်းမှုအမျှကို သူတို့နှစ်ဦး ကြားသိနိုင်ကြပါစေ။ ထို့အတူ ဗိုလ်မင်းညိုနှင့် နန်းမွန်မွန်တို့၏ သာဓုခေါ်သံကို ကျွန်ုပ်ကြားချင်စမ်းပါဘိ။

ကြေးစည်သံနှင့်အတူ လင်းလွန်းပင်ပေါ်မှ အင်ကြင်းတောင်ဘက်သို့ ဦးတည် ပျံသန်းသွားကြသော ဗျိုင်းဖြူနှစ်ကောင်ကို ငေးမောကြည့်ရင်း...

**ဝသုန်သက်လွင်**

စာမျက်နှာ (၂၃၆)မှ အဆက်

သာ ပွဲတက်ရလေ့ရှိပြီး အမျိုးသမီး မိန်းမသားများ နတ်အင်းမတက်ရဟု သိရသည်။

ထီးချိုင့်နယ်ရှာ အချို့က နယ်သူ နယ်သားတို့က နတ်အင်းဘိုးတော်ဟုပင် ခေါ်ဝေါ်လျက် ရှိကြသည်။ ထီးချိုင့် နတ်အင်းနယ် တစ်ဖက်မှာတော့ ထီးချိုင့်နတ်အင်း ဘိုးတော်၏နမ ပိုင်ဆိုင်သည့် နယ်ဘက်မှာတော့ နယ်ပယ်ပိုင်ဆိုင်သူတို့အား ပွဲတင်ပွဲပေးသည့်အခါမှာ အမျိုးသားတို့ ပွဲတက် ပွဲပေးခြင်း မပြုရဘဲ အမျိုးသမီးများသာ ပွဲတက်ရသည်ဟု သိရသည်။

နတ်အင်းက နှစ်ရွာဖြစ်ပြီး ကုန်းနတ်အင်း၊ ရေနတ်အင်းဟူ၍ ရှိသည်။ ထီးချိုင့်နတ်အင်းသေကား သစ်တောဝါးတောတောတောင်တို့နှင့် နီးစပ်သည့်ဒေသ ဖြစ်သည့်အလျောက် အသွားအလာ အနေအထိုင်၊ ပြောဆိုသည့် စကားတို့ကအစ စည်းနှင့်ကမ်းနှင့် ပြောဆိုလုပ်ကိုင်ရသည့် ဒေသလည်းဖြစ်သည်။ တစ်နည်း အစောင့်အရှောက်ကြီးသည့် နေရာဒေသဟု ဆိုရမည်။

မြန်မာနိုင်ငံအတွင်း ထီးချိုင့်နတ် အင်းဒေသမှာ ထူးထူးခြားခြား မြောက်အရပ်နှင့် အရှေ့အရပ်ကိုသာ လူတို့ ဦးခေါင်းထား အိပ်စက်ကြသည့် ဓလေ့တို့ကား တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို အစဉ်အလာတစ်ခုသဖွယ် ယနေ့တိုင် ရှိနေပါတော့သည်။

**ထီးချိုင့်နတ်အင်းကြီးဒေသ အကြောင်းပြောပြသည့် ကိုဘိုထိုက်အား ကျေးဇူးတင်ပါသည်။**

နေအောင်လင်း(စလေ)




www.burmeseclassic.com

www.burmeseclassic.com

# ဝစီပိတ်ဆရာတော်ကြီး
## နှင့်
## လူသတ်သမား၏ နိဂုံး

ဦးစိန် (တိုးချောင်ကြီး)



ဤ ဝစီပိတ်ဆရာတော်ကြီး အကြောင်းကို မှတ်တမ်းတင် ရေးသားချင်တာ ကြာပါပြီ။ သို့သော် စာရေးသူမှာ ဖြစ်စဉ်နဲ့ပတ်သက်၍ စုံလင်စွာ မရရှိသေးပါ၍ မရေးဖြစ်ခြင်းပါ။ အထူးသဖြင့် ဇာတ်သိမ်းပိုင်းကို အထူး သိချင်ပါတယ်။

သို့သော် စုံစမ်း၍ မရပါ။ ယခုအခါ ထိုက်သင့်စွာ ရရှိခြင်းကြောင့် ကိုယ်တိုင်သိနဲ့ တစ်ဆင့်ကြား အကြောင်းအရာများကို ရေးသားလိုက်ရခြင်း ဖြစ်ပါတယ်။

အပိုင်း သုံးပိုင်းခွဲ၍ ရေးသားထားပါတယ်။ **ပထမပိုင်း**မှာ ကိုယ်တိုင်သိနဲ့ **ဒုတိယပိုင်း**နဲ့ **တတိယပိုင်း**တို့မှာ တစ်ဆင့်ကြား သတင်းများ ဖြစ်ပါတယ်။

[ ၁ ]

စာရေးသူမှာ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကစံဘုရားလမ်းရပ်ကွက် (ဆ/ကရပ်ကွက်) ရတနာသီရိလမ်းတွင် ငယ်စဉ်ကတည်းက နေထိုင်ခဲ့သူ ဖြစ်ပါတယ်။

စာရေးသူတို့အိမ်နဲ့ ကျိုက္ကစံဘုရားကြီးမှာ ယခင်က သင်္ဃန်းကျွန်း ဘောလုံး အားကစားကွင်း (ယခု ခုတင် သုံးရာဆံ့ စံပြဆေးရုံကြီး)သာ ခြားနေပါတယ်။

ငယ်စဉ်က ကျောင်းပိတ်ရက်များတွင် ကျိုက္ကဆံဘုရားကြီးပေါ် မကြာခဏ ရောက်ခဲ့ပါတယ်။ ဆရာတော်ကြီးအား အမြဲ မြင်တွေ့ရတတ်ပါတယ်။

ဝစီပိတ်ဆရာတော်ကြီးရဲ့ ဘွဲ့အမည်အား လုံးဝ မသိပါ။ ယခင်ကတည်းက **ကျိုက္ကစံဘုရားကြီးရဲ့ တောင်ဘက်မုခ်အဆင်းရှိ ဇရပ်ကြီးပေါ်တွင် တစ်ပါးတည်း သီတင်းသုံးနေပါတယ်။** အခန်းရယ်လို့ လုံးဝမရှိ။ သင့်နေရာတွင် အုတ်ခေါင်းအုံးလုပ်ပြီး ကျိန်းပါတယ်။

ဆရာတော်ရဲ့ ပုံပန်းသဏ္ဌာန်မှာ အရပ်အားဖြင့် (၆)ပေကျော်မြင့်ပါတယ်။ ပိန်ပိန်ပါးပါး အသားညိုပါတယ်။

ဦးခေါင်းတော်မှာ ဘဲဥသဏ္ဌာန် မျက်နှာသွယ်၍ နှာဖူးမောက်ကာ နောက်စေ့ထွက်နေပါတယ်။

ပိန်၍ နားထင်များ ချိုင့်ဝင်နေပါတယ်။ ဦးခေါင်းတော်ရှိ ဆံကေသာများမှာ ကျိုးတိုးကျဲတဲနဲ့ မုတ်ဆိတ်မှာလဲ ကျဲတိကျဲတောက် ရှိပါတယ်။

ဆရာတော်ကြီး လမ်းလျှောက်ရာတွင် မျက်စိမှာ ရှေ့တည့်တည့်သို့သာ ကြည့်တတ်၍ ခြေလှမ်းကျဲကျဲနဲ့ သွက်သွက်လက်လက် လျှောက်တတ်ပါတယ်။

မည်သူ့ကိုမှ ဂရုမထား။ တလောကလုံးတွင် သူတစ်ပါးတည်းသာ ရှိသလို သွားလာ နေထိုင်တတ်ပါတယ်။

မည်သူ့ကိုမှ ပြုံးခြင်းရယ်ခြင်း မပြု။ ရပ်ကွက်အတွင်း လှည့်လည်သွားလာခြင်း၊ ဆွမ်းခံထွက်ခြင်း လုံးဝ မရှိပါ။ မည်သည့် ဒကာ ဒကာမမှလဲ ကိုးကွယ်ဆည်းကပ်ခြင်း မရှိပါ။

သို့သော် မနက်(၅,၈)နာရီလောက်တွင် ကျိုက္ကစံဘုရားကြီးရဲ့ ဇရပ်ပေါ်မှဆင်း၍ ကျိုက္ကဆံဘုရားလမ်းအတိုင်း လျှောက်သွား၍ ညနေစောင်းမှ ပြန်လာတတ်ကြောင်း စာရေးသူ သတိပြုမိပါတယ်။

ဤကဲ့သို့ သတိပြုမိတာကလဲ မကြာခဏ မြင်ဖူးနေခြင်းကြောင့် ဖြစ်

www.burmeseclassic.com

ပါတယ်။

စာရေးသူ သတိပြုမိတာဟာ ဆရာတော်ကြီးထံတွင် သင်္ကန်းတစ်ထည်၊ သင်းပိုင်တစ်ထည်၊ သပိတ်တစ်လုံး၊ ထီးတစ်ချောင်းနဲ့ လွယ်အိတ်တစ်လုံး သာရှိတယ်လို့ ထင်ပါတယ်။

သင်္ကန်းမှာ စုတ်ပြတ်မနေပါ။ ဟောင်းနွမ်းရုံသာ ရှိပါတယ်။ ဆေးပြင်းလိပ်ကို အလွန်ကြိုက်ပုံ ရပါတယ်။ အမြဲတမ်း ပါးစပ်တွင် ဆေးပြင်းလိပ်တို တစ်ခု ခဲထားတတ်ပါတယ်။

လမ်းလျှောက်ရာတွင် ရဟန်းဆောင်းထီး (ခေါက်ထီးမဟုတ်ပါ)ကို ချိုင်းကြားတွင် ညှပ်ပြီး တစ်ခါတစ်ရံ သပိတ် လွယ်အိတ်တစ်လုံး လွယ်ထားတတ်ပါသည်။ ဖိနပ် လုံးဝ မစီးပါ။

ဆရာတော်ကြီးမှာ ဘယ်သူ့ကိုမှ ဂရုမထား။ စကား လုံးဝမပြော။ ကိုယ့်သဘောနဲ့ကိုယ်သာ သွားလာလှုပ်ရှားနေခြင်းကြောင့် မြင်ရသူများအဖို့ စိတ်ဝေဒနာရှင် ရဟန်းတစ်ပါးလို့ ထင်နေကြပါတယ်။

စာရေးသူကိုယ်တိုင်လဲ အထင်းမှားခဲ့မိပါတယ်။ ဝစီပိတ်ကျင့်ကြံနေခြင်းကိုလဲ လုံးဝ မသိကြပါ။

စာရေးသူ ကျောင်းသားဘဝမှ ဝန်ထမ်းဘဝကို ရောက်ရှိလာပါပြီ။ စာရေးသူမှာ ရန်ကုန်မြို့ ယခင် ကုန်သွယ်ရေးဦးစီးဌာန (ငွေစာရင်း)တွင် လည်းကောင်း၊ စား/ဖျော်ယမကာ လုပ်ငန်းရုံးချုပ်တွင် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။

ဤရုံးများမှာ ဆူးလေစေတီတော်ကြီးနဲ့ မလှမ်းမကမ်းတွင် ရှိပါတယ်။ သယ်န်းကျွန်းဘူတာမှ မီးရထားစီး၍ ရန်ကုန်ဘူတာကြီးကို လိုက်ပါရတယ်။ ဘူတာကြီးမှတစ်ဆင့် ရုံးကို ခြေကျင် လျှောက်ရပါတယ်။

သယ်န်းကျွန်းဘူတာတွင် ဝစီပိတ်ဆရာတော်ကြီးကို မကြာခဏ တွေ့ဆုံရပါတယ်။ စာရေးသူတို့စီးသော ရထားတွဲများတွင် အတူ လိုက်ပါလာတတ်ပါတယ်။

ရထားပေါ်တွင်လဲ ထိုင်ခုံနေရာ ရရှိရေးအတွက် လုံးဝ မကြိုးစားပါ။ ရထားအတက်အဆင်း နေရာတွင်သာ မတ်တတ်ရပ်လိုက်တတ်ပါတယ်။

ဘူတာကြီးတွင် ဆင်းပါတယ်။ မည်သည့်အရပ်သို့ သွားကြောင်းတော့ လုံးဝ မသိပါ။ ရွှေတိဂုံဘုရားကို သွားတာလို့ ထင်မြင်ယူဆပါတယ်။

ပတ္တမြားမှန်ရင် နွံမှာ မနစ်။ ရွှံ့နွံကို ထိုးဖောက်တက်လာတဲ့ ပဒုမ္မာရွှေကြာ ဟူသော မြန်မာစကားပုံကား မှန်လှပါတယ်။ တစ်ဆင့် ကြားသိရသော သတင်းမှာ သယ်န်းကျွန်းဈေးကြီးအတွင်း ဖွင့်လှစ်ရောင်းချနေသော ရွှေဆိုင်ပိုင်ရှင်တစ်ဦးမှာ ဘာသာရေး လိုက်စားရာ တစ်နေ့တွင် စောင့်ရှောက်သော ပုဂ္ဂိုလ်မှ အိပ်မက်ပေးကြောင်း...

'ကျိုက္ကစံဘုရားကြီးပေါ်တွင် ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးရှိတယ်။ အိမ်ကို ဖိတ်ကြားပင့်ဆောင်ပြီး ဆွမ်းဒါနပြုလိုက်'

လို့ မိန့်ကြားပါတယ်။

ဒါကြောင့် အိပ်မက်အရ ကျိုက္ကစံဘုရားပေါ် လိုက်ရှာရာ ထူးထူးခြားခြား ပုဂ္ဂိုလ်တစ်ဦး မတွေ့တာကြောင့် အိပ်မက် မက်တာ မဟုတ်လို့ ထင်မြင်ယူဆခဲ့ပါတယ်။

အဲဒီနောက် ဒုတိယအကြိမ် ယခင်အိပ်မက် ဆက်မက်ပြန်ပါတယ်။ ဒီလိုပဲ ရှာဖွေသော်လဲ မတွေ့။ ဒါကြောင့် ဆွမ်းမကပ်ဖြစ်ဘူးပေါ့။ တတိယအကြိမ် အိပ်မက် မက်ပြန်တယ်။ ဒီတော့ ဘုရားပေါ်မှာ ထူးထူးခြားခြား ပုဂ္ဂိုလ်ရယ်လို့ ဇရပ်ပေါ်တွင် တစ်ဦးတည်း နေတတ်သော စိတ်မနှံ့တဲ့ ရဟန်းဘုန်းကြီးပဲ ရှာတိုင်း မြင်တွေ့နေရတယ်။

မထူးတော့ဘူး ဒီပုဂ္ဂိုလ်ကိုပဲ အိမ်ကို ဆွမ်းဘုဉ်းပေးဖို့ ပင့်မယ်ဆိုပြီး သွားလျှောက်တော့မှ စကား လုံးဝ မပြောဘဲ ဝစီပိတ် ကျင့်ကြံအားထုတ်နေသော ရဟန်းဖြစ်ကြောင်း သိလိုက်ရသတဲ့။

ဆွမ်းဖိတ်ကြားခြင်းကို ဦးခေါင်းညိတ်ပြီး လက်ခံခဲ့တဲ့အတွက် အိမ်ကို ပင့်ဖိတ်ရတယ်တဲ့။

ဒီလို ဆွမ်းဖိတ်ကျွေးပြီး မကြာမီဘဲ ရွှေဆိုင်က အရောင်းအဝယ် တိုးတက်လာတယ်။ ဒါကြောင့် ဇရပ်ကြီးဘေးမှာ ဆရာတော် တစ်ဦးတည်း သီတင်းသုံးနေထိုင်ဖို့ တစ်ပါးကျောင်းငယ်လေးကို ပျဉ်ခင်း၊ ဝါးထရံကာ၊ ခနီမိုးကျောင်းလေး ဆောက်ပြီး ကျောင်းပေါ်မှာ သီတင်းသုံးဖို့ လှူသတဲ့။

ပထမ ဆရာတော်က လက်မခံဘူးတဲ့။ နောက်ဆုံးမှ အကျိုးသင့်အကြောင်းသင့် လျှောက်ဖန်များတော့မှ ကျောင်းအလှူကို လက်ခံလိုက်သတဲ့။

အဲဒီသတင်းဟာ တဖြည်းဖြည်း ပျံ့နှံ့ခဲ့ပါပြီ။ စာရေးသူလဲ အခုမှ အဖြေမှန်ကို ကြားသိခဲ့ရတယ်။

တဲကျောင်းလေးနဲ့ သီတင်းသုံးခဲ့တဲ့ အချိန်က တိုတောင်းပါတယ်။ မကြာခင်မှာပဲ ဘုရားဝင်းထဲက ရှင်ဥပဂုတ္တရေကန်ကြီးရဲ့ မြောက်ဘက်ကပ်လျက်မှာ (၁၀'× ၁၈')ခန့်အရွယ် အခင်းတစ်ထပ် အုတ်ကျောင်း ဆောက်လှူပြီး တဲကျောင်းမှ ပြောင်းရွှေ့စေပြီး သီတင်းသုံးစေခဲ့ပါတယ်။

အုတ်ကျောင်းထဲမှာ ညှိခန်း





www.burmeseclassic.com

www.burmeseclassic.com

အိပ်ခန်း၊ ရေချိုးခန်းနဲ့ ကုဋီပါ တွဲလျက် ဆောက်လုပ်ထားတယ်။ ကြည်ညိုသူ ကိုးကွယ်သူတွေလဲ တစ်စတစ်စ တိုးလာတယ်။

ဆရာတော်ကြီးက မည်သည့်ပစ္စည်းကိုမှ မစုံမက်ဘူး။ တစ်စုံတစ်ယောက်မှ မုန့်ပဲသရေစာ၊ သစ်သီး စတာတို့ လာရောက် ဆက်ကပ်လှူဒါန်းရင် လှူဖွယ်တို့ကို လက်နှစ်ဖက်နဲ့ ကိုင်မဟန်ပြုပြီး ဘုရားကျောင်းတော်ဘက်ကို ထပ်ဆင့် ကပ်လှူပုံပြုတယ်။ နောက်မှ ကြိုက်ရာကို ယူပြီး ဘုဉ်းပေးပါတယ်။ လုံးဝ တရားဟော ပြောဆိုခြင်း မပြုပါ။

စိတ်ဖြင့် ဆုပေးခြင်း၊ မေတ္တာပို့ခြင်းသာ ပြုပုံရပါတယ်။ စားပြီးသား အကျန်တွေကိုလဲ နေ့တွက် ညစာရယ်လို့ လုံးဝ မချန်ထားဘူး။ စားပွဲပေါ် ဒီအတိုင်း တင်ထားလိုက်တယ်။ နောက်ထပ် ဆက်မကိုင်တော့ဘူး။

ကြောင်စားစား၊ ကျီးစားစား၊ ကြွက်စားစားပဲ လိုချင်သူ ယူသွားပဲ။ သိမ်းဆည်းခြင်း လုံးဝ မပြုဘူး။ မျက်စိကို မှိတ်ပြီး ဘာဝနာပွားနေတာပဲ။ တစ်စုံတစ်ရာ ခြေသံကြားမှ မျက်စိကို ဖွင့်တယ်။ လျောင်းလျက် နေရာမှ ထထိုင်တယ်။

ဆရာတော်ကြီးက ဆေးပြင်းလိပ် ကြိုက်တတ်တော့ အလှူရှင်တွေက ဆေးပြင်းလိပ်တွေကို အထုပ်လိုက် လာလှူကြတယ်။ ဆေးလိပ်တွေဟာ စားပွဲပေါ်မှာ နေရာမရွှေ့ဘူး။ ကြာတော့ မှိုတွေတက်ကုန်တယ်။ စားသောက်ဖွယ်ရာတွေကိုလဲ ဒီအတိုင်းထားတယ်။

စာရေးသူဖခင် ဦးမောင်သင်က မနက်(၄း၀၀)နာရီလောက်မှာ နေ့စဉ် ကျိုက္ကစံဘုရားကြီး ရင်ပြင်တော်ပေါ်မှာ တံမြက်စည်းလှည်းလေ့ ရှိတယ်။



ပြီးရင် ဆရာတော်ကြီးထံဝင်ပြီး သန့်ရှင်းရေး ဗာဟီရ ဆောင်ရွက်ပေးတတ်တယ်။ ဆရာတော်ကြီးက မုန့်အချို့နဲ့ လက်ဖက်ရည်အချို့ ကြိုက်ကြောင်း ပြောတဲ့အတွက် စာရေးသူကိုယ်တိုင် မနက်(၆း၀၀)နာရီလောက်မှာ ပဲလမုန့်နဲ့ လက်ဖက်ရည် အချို့တို့ကို သွားရောက်လှူခဲ့ဖူးပါတယ်။

ဆရာတော်ကြီးက ယခုကဲ့သို့ ပစ္စည်းကို မစုံမက်တော့ အလိုက်သိတဲ့ ပုဂ္ဂိုလ်တွေက စားပွဲပေါ်က ကျန်နေတဲ့ အရာတွေကို ရှင်းလင်းပေးကြတယ်။

နေ့ခင်း ဆွမ်းစားချိန်တန်ဆွမ်း၊ သစ်သီးတန်သစ်သီး၊ ရေနွေးတန် ရေနွေး စသဖြင့် စီစဉ်ပေးတတ်ကြတယ်။ ဘေးနားမှာ ကပ္ပိယရယ်လို့ မရှိဘူး။ ဘုရားဝင်းထဲက ကြုံရာလူက ဝင်ပြီး ကုသိုလ်ပြု လုပ်အားပေးကြတယ်။

ကျောင်းတံခါးကို စေ့ရုံပဲ စေ့ထားတယ်။ အချိန်မရွေး ဝင်ရောက်ပူဇော်နိုင်ကြတယ်။ အလှူရှင်တွေလဲ များလာတယ်။ ဒါကြောင့် အပြင်သိပ် မထွက်တော့ဘူး။

စာရေးသူဟာ ၁၉၇၇ ခုနှစ်၊ ဇူလိုင်လမှာ မန္တလေးမြို့ရှိ စား/ဖျော်လုပ်ငန်း လုပ်ငန်း(၂)ကို တာဝန်အရ ပြောင်းရွှေ့သွားရတယ်။

တစ်နှစ်တော့ ရန်ကုန်ကို ခေတ္တပြန်အလာမှာ စာရေးသူရဲ့ညီငယ် **မောင်အောင်မြင့်** (မနောသုခမပညာရှင်.၃)ဟာ အကြားအမြင် ပေါက်လို့ ခုနစ်ရက်သားသမီးတွေကို ကူညီစောင်မနေချိန်ပေါ့။ မောင်အောင်မြင့် ပြောပြတာက…

'ကျွန်တော့်ကို စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်က လာရောက်ညွှန်ကြားတယ်။ ကျိုက္ကစံဘုရားဝင်းထဲက ပုဂ္ဂိုလ်ထူးကြီးကို ဆွမ်းကပ်ပါ။ လူနင်းပြီး မပင့်နဲ့လို့ မိန့်တယ်'

မောင်အောင်မြင့်က ပုဂ္ဂိုလ်ရဲ့ လူနင်းပြီး မပင့်နဲ့လို့ဆိုတဲ့ စကားကို ပထမ သဘောမပေါက်ဘူး။ နောက်မှ စဉ်းစားလို့ရတယ်။ ဒါကြောင့် နံနက်အရုဏ်ဆွမ်းကပ်ဖို့ စီစဉ်လိုက်တယ်။

အိမ်နဲ့ကျောင်းကလဲ ဘောလုံးကွင်းပဲခြားတယ်။ မနက် (၃း၃၀)နာရီလောက်မှာ ဝတ်ပိတ်ဆရာတော်ကြီးကို ဆိုက်ကားနဲ့ သွားပင့်ကြတယ်။ ဆိုက်ကားဆရာ ဦးသန်းမောင်ကလဲ မျက်နှာချင်းဆိုင်ဆိုတော့ အဆင်ပြေတာပေါ့။

တစ်ဦးတည်းသွားတာ မဟုတ်ဘူး။ အဖွဲ့သားတွေ ဖြစ်ကြတဲ့ ဦးစိုး၊ ဦးလှရွှေ၊ ဦးလှဦး၊ ဦးသန်းမောင်၊ မောင်တင်ဝင်းနဲ့ မောင်အောင်မြင့်တို့ (၆)ဦးပေါ့။

ကျောင်းရောက်တော့ ဆရာတော်ကို နှိုးလိုက်တယ်။ မောင်အောင်မြင့်က အိမ်ကို မနက်အရုဏ်ဆွမ်းစား ကြွရောက်ပါရန် လျှောက်ထားတော့ ဆရာတော်က ချက်ချင်း လိုက်မယ် မလိုက်

www.burmeseclassic.com

ဆုံးဖြတ်မပေးဘူး။ ဒါပေမယ့် ဆရာတော်က အထက်ကို မော့ပြီးကြည့်နေတယ်။

ဒါကြောင့် ဒုတိယအကြိမ်ပင့်တယ်။ ဆရာတော်က အထက်ကိုပဲ မော့ကြည့်နေတယ်။ တတိယအကြိမ် ပင့်တော့လဲ ဒီအတိုင်းပဲ။

ဒါကြောင့် ဆရာတော် အထက်ကို ဘာကြောင့် မော့ကြည့်ရသလဲ ဆိုတာကို အာရုံခံကြည့်တော့မှ မနက်(၄း၀၀) နာရီ မထိုးသေးလို့ဆိုတာ သိလိုက်တယ်။

ဒါကြောင့် (၄း၀၀)နာရီထိုးတဲ့အထိ ခေတ္တစောင့်တယ်။ (၄း၀၀)နာရီလဲ ထိုးပြီးရော မောင်အောင်မြင့်က ဆရာတော်တို့ (၄း၀၀)နာရီထိုးပြီးပါပြီ ဘုရား၊ အိမ်ကို နံနက်ဆွမ်းစားဖို့ ပင့်ဖိတ်ပါတယ်လို့ ထပ်လျှောက်တော့မှ ဆရာတော်က ဦးခေါင်း ညိတ်ပြလိုက်တယ်တဲ့။

ဒီတော့ ဆရာတော်ကို ဆိုက်ကားပေါ်တင်လိုက်တယ်။ ဆိုက်ကားဆရာ ဦးသန်းမောင်ကို ဆိုက်ကားပေါ်တက်ပြီး လုံး၀ မနင်းခိုင်းဘူး။ ပုဂ္ဂိုလ်က မိန့်ထားတယ် မဟုတ်လား။ လူနင်းပြီး မပင့်နဲ့လို့။

ဒီတော့ ဦးစိုး၊ ဦးသန်းမောင်၊ မောင်အောင်မြင့်တို့ သုံးဦးက ရှေ့ကနေ ဆိုက်ကားကိုဆွဲတယ်။ ဆိုက်ကား နောက်က ဦးလှရွှေ ဦးလှဦးနဲ့ မောင်တင်ဝင်းတို့က နောက်က တွန်းကြတယ်။

ဆိုက်ကားဘီးတွေ လိမ့်လာပြီး တဖြည်းဖြည်း အရှိန်ရလာတယ်။ သွက်သွက်လက်လက်ကြီးကို ဆိုက်ကားဘီးတွေက ပြေးနေတယ်။ ရှေ့က ဆိုက်ကားကို ဆွဲသူတွေ မောလာတယ်။ ဆွဲရတာကြောင့် မဟုတ်ဘူး။

နောက်ကလူတွေ တွန်းတာကြောင့် ရှေ့လူတွေ သုတ်ခြေလိုက်ပြီး ဆိုက်ကားကို ထိန်းနေရတယ်။ နောက်ကလူတွေလဲ မောလာတယ်၊ တွန်းရလို့ မဟုတ်ဘူး။ ရှေ့လူတွေ ဆွဲလွန်းလို့ အပြေးလိုက်နေရတာ။ ဒီလိုနဲ့ အိမ်ကို ရောက်လာကြတော့တယ်။

အိမ်ရောက်တော့ ဆွမ်းကပ်ရာ ပြုနေကျအတိုင်း ဆွမ်းစားပွဲကို လက်နဲ့ ကိုင်မဟန်ပြုပြီး ဘုရားကျောင်းဆောင်ဘက်ကိုမူ၍ ဘုရားကို အရင်ကပ်ပြီးမှ ဆွမ်းဘုဉ်းပေးတယ်။

ပြီးတော့ ခေတ္တမျှ ငြိမ်နေတယ်။ မေတ္တာပို့ ဆုပေး ရေစက်ချပေးနေပုံရတယ်။ အဲဒီနောက် ပြန်ရန်ဟန်ပြင်လိုက်တယ်။

ဆရာတော်ကို ဆိုက်ကားပေါ်တင်ပြီး ယခင်ပင့်လာစဉ်ကအတိုင်း ရှေ့အဖွဲ့ကဆွဲ၊ နောက်အဖွဲ့က တွန်းကြတယ်။

ဆိုက်ကားဘီးတွေက အရှိန်နဲ့ ပြေးနေလို့ ရှေ့အဖွဲ့ရော နောက်အဖွဲ့ပါ ကသောကမျော အပြေးလိုက်နေရတယ်။ တစ်ဖွဲ့နဲ့တစ်ဖွဲ့တော့ ဘာမှ မပြောကြ။ မျက်စောင်းထိုးရုံပဲ ရှိကြတယ်တဲ့။

ဆရာတော့်ကျောင်းကို အရောက်ပို့ပြီးမှ အပြန်တွင်တော့ အဖွဲ့နှစ်ဖွဲ့ အငြင်းအခုံ ဖြစ်ကြရပြီ။ ရှေ့အဖွဲ့က နောက်အဖွဲ့ကို "**မင်းတို့က အတင်းတွန်းလွန်းလို့ တို့မှာ ရှေ့ကထိန်းပြီး အပြေးလိုက်ရတာ အမောပဲ**"လို့ အပြစ်ဆိုတယ်။

နောက်အဖွဲ့ကလဲ ကျွန်တော်တို့က အရမ်းတွန်းတာ မဟုတ်ဘူး။ ဦးစိုးတို့က ရှေ့က အရမ်းဆွဲလို့ ကျွန်တော်တို့က အပြေးလိုက်ရတာလို့ တွန်းလွန်းလို့ ဆွဲလွန်းလို့ ဆိုပြီး ငြင်းခုံကြတယ်။

ပြီးတော့မှ နှစ်ဖွဲ့စလုံး သိလိုက်ကြပုံက ဆရာတော်ကြီးရဲ့ အစွမ်းကြောင့် ဆိုက်ကားကြီးက သူ့အလိုလို အရှိန်နဲ့ ပြေးနေပါလားဆိုတာ မှတ်ချက်ချလိုက်တော့တယ်။

* * *

စာရေးသူဟာ ၁၉၈၄ ခုနှစ်မှာ မန္တလေးက ညောင်လေးပင်မြို့ စား/ဖျော်လုပ်ငန်းကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရတယ်။

စာရေးသူတို့ မိသားစုဟာ ရန်ကုန်ကဖြစ်တော့ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တိုင်း ရန်ကုန်အိမ်ကို ပြန်နေတတ်ကြတယ်။ ၁၉၉၀ ပြည့်နှစ်ထဲ ကငရဲ့ တစ်ရက်မှာ စာရေးသူ တစ်ယောက်တည်း အိမ်မှာကျန်ရစ်ခဲ့တယ်။

ဇနီးနဲ့ သမီးငယ်နှစ်ယောက်ဟာ ရန်ကုန်ကို သောကြာနေ့ ညနေကားနဲ့ ပြန်ကြတယ်။ စနေနေ့ မနက်မှာတော့ စာရေးသူတစ်ယောက်တည်းဆိုတော့ မနက်စာ ထမင်းချက်မစားတော့ဘူး။

မနေ့ ညနေက ကျန်နေတဲ့ ထမင်းကြမ်းနဲ့ ဝက်သားဟင်းကျန်နဲ့ပဲ စားတော့မယ်ဆိုပြီး မနက်(၈း၀၀)နာရီလောက်မှာ အပြင်ထွက် လက်ဖက်ရည်သောက်ဖို့ အဝတ်အစားလဲနေတုန်း အိမ်ရှေ့မှာ ရဟန်းတစ်ပါး ဆွမ်းခံရပ်နေတာကို မြင်လိုက်ရတယ်။

စာရေးသူတို့ ဇနီးမောင်နှံနှစ်ဦးဟာ ဝန်ထမ်းတွေ ဖြစ်နေတာကတစ်ကြောင်း၊ အရွယ်မရောက်သေးတဲ့ သမီးငယ်နှစ်ဦး ကျောင်းချိန်အမီ ပို့ရန်ရှိနေတာတွေက တစ်ကြောင်းကြောင့် အိမ်မှာ ဘယ်ရှင်သာမဏေ၊ ဘယ်ရဟန်းမှ ဆွမ်းပင့်ဖိတ်ထားခြင်း မရှိပါဘူး။ ယခုလို ရဟန်းမျိုးပဲ တစ်ခါမှ မရပ်ဖူးဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် အိမ်ရှေ့ကို ထွက်ကြည့်လိုက်တော့ သင်္ဃန်းကျွန်းက ဝစီပိတ်ဆရာတော်ကြီးနဲ့ တယ်တူပါလားလို့ မြင်လိုက်ရတယ်။ ဟုတ်.မဟုတ်တော့ မသေချာဘူးလေ။

ဆွမ်းလောင်းဖို့ကလဲ ထမင်းကြမ်းပဲရှိတာ။ အဲဒီလို ချီတုံချတုံ ဖြစ်နေရင်းက မထူးပါဘူး။ ဝက်သားဟင်းကျန် လောင်းလိုက်မယ်လို့ ဆုံးဖြတ်ပြီး မီးဖိုချောင်ဝင် ဝက်သားပန်ကန်ကို ယူပြီး ပြန်ထွက်လာတော့ ရဟန်းကြီး လုံးဝ မရှိတော့ဘူး။ လမ်းမပေါ် ထွက်ကြည့်တော့လဲ လုံးပ မမြင်ရတော့ဘူး။

ဒါနဲ့ ဈေးဘက်ကို ထွက်လာပြီး အပေါင်းအသင်းတွေနဲ့ လက်ဖက်ရည်သောက်နေတုန်း လမ်းမပေါ်မှာ တစ်ခါ ထပ်မြင်လိုက်တယ်။ ဒါကြောင့် ခေတ္တ စကားဖြတ်ပြီး လမ်းမပေါ် ထွက်ကြည့်လိုက်တော့ ချက်ချင်းလို ပျောက်သွားတော့တယ်။

[၂]

ဒီလိုနဲ့ နောက်လထဲရောက်တော့ သင်္ဃန်းကျွန်းကို ခေတ္တ ပြန်လာတယ်။ အဲဒီကာလကလဲ ၁၉၈၈ ခုနှစ် အရေးခင်းပြီးတဲ့နောက် တက်လာတဲ့ စစ်အစိုးရက မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်အရပ်ရပ်က တန်ခိုးကြီးဘုရားတွေကို ဘက်စုံ ပြုပြင်နေတဲ့ အချိန်ပေါ့။

သင်္ဃန်းကျွန်း ကျိုက္ကစံဘုရားကြီးဝင်းထဲမှာလဲ ဝင်းကြီးထဲက ဘုန်းတော်ကြီးကျောင်းတွေနဲ့ သီလရှင်ကျောင်းတွေကို ဖျက်ပြီး ဘုရားကြီးရဲ့ အရှေ့ဘက်ခြမ်းမှာ ကျောင်းတိုက်တွေ အသစ်ဆောက်ပေးတယ်။ သီလရှင်တွေအတွက်လဲ ကျောင်းသစ်တွေ ဆောက်ပေးတယ်။

ဘုရားဝင်းထဲက ပန်းဆိုင်၊ စားသောက်ဆိုင်၊ နိဗ္ဗာန်ကုန်ဆိုင်၊ ဗေဒင်



ဟောခန်းတွေကိုလဲ သီးသန့် နေရာချပေးခဲ့တယ်။

မောင်အောင်မြင့်နဲ့ တွေ့ပြီး ထွေရာလေးပါး စကားပြောနေရင်း ညောင်လေးပင်မှာ မြင်လိုက်ရတဲ့ ဝစီပိတ်ဆရာတော်ကြီးအကြောင်း ပြောလိုက်တော့ မောင်အောင်မြင့်က...

'အစ်ကို ဆရာတော်ကြီး မရှိတော့ဘူး။ အသတ်ခံရလို့ ပျံလွန်တော်မူသွားပြီလေ'

လို့ ပြောလိုက်ရာ စာရေးသူမှာ မျက်စိအကြောင်သားဖြင့် အံ့သြသွားပါတော့တယ်။

ဆရာတော်ကြီး အသတ်ခံရလို့ ပျံလွန်တော်မူကြောင်း စာရေးသူ လုံးဝ မသိပါ။ စာရေးသူက သတင်းစာ မဖတ်မိခြင်းကြောင့် ဖြစ်ပါသည်။

'ငါက ရေဒီယိုသာ နားထောင်တာ သတင်းစာတော့ မဖတ်ဖြစ်ဘူး။ ဘာကြောင့် အသတ်ခံရတာလဲဆိုတာ ပြောစမ်းပါဦး'

မောင်အောင်မြင့်က အောက်ပါအတိုင်း ပြောပြပါတယ်။

ကျိုက္ကစံဘုရားကြီးကို ဘက်စုံမွမ်းမံတော့ ဘုရားဝင်းကြီးထဲက ဘုန်းတော်ကြီးကျောင်းတွေ၊ သီလရှင်ကျောင်းတွေကို နေရာပြောင်းပေးမယ့် ဝစီပိတ်ဆရာတော်ကြီးရဲ့ ကျောင်းကိုတော့ လုံးဝ ပြောင်းမပေးဘူး။ မူလအတိုင်း ရေကန်ကြီးဘေးမှာပဲ ထားတာပေါ့။

ဆရာတော်ကြီးကလဲ နာမည်ကျော်ကြားလာတော့ ကိုးကွယ်သူတွေကလဲ မပြတ် ကျောင်းကို ဝင်ထွက်နေကြတယ်။

ဆရာတော်ကြီးရဲ့ ဗာဟီရကိစ္စတွေ ဆောင်ရွက်ပေးဖို့ နေ့ဆိုင်း ညဆိုင်း တာဝန်ပေးထားတယ်။ အဲဒီမှာ လူသတ်သမားကလဲ မကြာခဏ လာလာပြီး ဆရာတော်ကြီးကို ကန်တော့တယ်။

ဘုရားကြီးကို ဘက်စုံမွမ်းမံပြီးတော့ ရွှေသင်္ကန်းကပ်ဖို့လဲ ဂေါပကအဖွဲ့နဲ့ တာဝန်ရှိသူတွေက စီစဉ်ကြတာပေါ့။ ဒီတော့ ဆရာတော်ကြီးကို ကိုးကွယ်နေကြတဲ့ တပည့်အပေါင်းက ဆရာတော်ကြီးကို အမှူးထားပြီး ရွှေသင်္ကန်းကပ်မယ်ဆိုပြီး ဆရာတော်ကြီးထံ ငွေတွေ လာရောက်လှူဒါန်းကြတယ်။

ဆရာတော်ကြီးက ပထမ လက်မခံဘူး။ ငွေမပြောနဲ့ စားဖွယ်သောက်ဖွယ်တောင်မှ မက်မောနေတာမှ မဟုတ်တာ။

နောက်ဆုံး တပည့်သားမြေးတွေ လျှောက်ဖန်များတော့မှ ကျောင်းခန်းထဲမှာ ငွေတွေကို ထားခွင့်ပြုလိုက်တယ်။ သူ့အတွက်မှ မဟုတ်တာ။ ဘုရားမှာ ရွှေသင်္ကန်း ကပ်ဖို့ပဲ။

ဒီလို ငွေတွေ လာလှူနေတာကို လူသတ်သမားက မြင်ဖန်များတော့ မကောင်းကြံစည်ပြီပေါ့။ သူက နေ့စဉ်လာပြီး ချောင်းနေတယ်။ အကြံသမားလေ တစ်ဆင့်ကြားတာက ဆေးသမားလို့လဲ ပြောကြတယ်။

တစ်နေ့တော့ တာဝန်ကျပုဂ္ဂိုလ်က ဆရာတော်ကြီးကို နေ့ဆွမ်းကပ်၊ အချိုပွဲတွေကပ်ပြီးတော့ သူလဲ ထမင်းစားဖို့ အိမ်ပြန်တယ်။ အချိန်က မနက်

www.burmeseclassic.com

(၁၁း၀၀)နာရီလောက်။ ကျောင်းတံခါးကိုလဲ သော့ပိတ်လိုက်တယ်။ အကြွေသမားက အကွက်ကောင်း စောင့်နေတာ။

အဲဒီလူ ထွက်သွားမှန်းလဲသိရော ကျောင်းရဲ့နောက်ကျော ကုဋီခန်းကမှန်ကို ရိုက်ခွဲပြီး အထဲဝင်တယ်။ ရိုက်ခွဲသံကို ဆရာတော်ကြီးက ကြားတော့ ကုဋီဘက်ဆင်းအကြည့်မှာ လူသတ်သမားနဲ့ ပက်ပင်းတိုးတော့တာပေါ့။

အဲဒီမှာတင် လူသတ်သမားက ဆရာတော်ကြီးကိုထိုးပြီး ဆရာတော်ကြီးရဲ့ ဦးခေါင်းကို ကျောင်းနံရံနဲ့ဆောင့်ရိုက်တာ။ ဆရာတော်ကြီးလဲ ပွဲချင်းပြီး ပျံလွန်တော်မူသွားတာပေါ့။

ရွှေသင်္ကန်းကပ်ဖို့ လှူထားတဲ့ ငွေတွေကိုယူပြီး လူသတ်သမား ထွက်ပြေးသွားတယ်။

အိမ်က ထမင်းစားပြီး ပြန်လာတဲ့ အလှည့်ကျပုဂ္ဂိုလ်က ကျောင်းတံခါးဖွင့်လိုက်တော့ ဆရာတော်ကြီးဟာ သွေးအိုင်ထဲမှာ ပျံလွန်တော်မူနေတာကို မြင်သွားမှ အော်ဟစ်အကူအညီတောင်းလို့ လူအများ လာကြည့်ကြတယ်။ ဒီသတင်းဟာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပြီး လာစစ်ချက်ယူတာပေါ့'

'လူသတ်သမားကိုရော မိလား'

'ချက်ချင်းတော့ မမိဘူး။ ဆက်နားထောင်ဦး။ မိပုံက ရဲတွေလဲ လူသတ်သမားကို ဆက်စုံစမ်းတာပေါ့။ သဲလွန်စလုံးဝ ရှာမရဘူး။

တစ်နေ့တော့ လူသတ်သမားက သူ သွားနေကျအိမ်ကို သွားလည်တယ်။ အိမ်ရှင်ညီအစ်မက...

''ဟဲ့... နင် တို့အိမ်ကို မလာတာကြာပြီ။ ဘယ်သွားနေလဲ''

လို့ မေးတော့ သူက အိတ်ထဲက စီးကရက်ကို ထုတ်လိုက်တာ ငွေစက္ကူ



အသစ်ချပ်ချွတ်တွေ အထပ်လိုက် ထွက်လာတာကို မြင်လိုက်ကြရတယ်။

လူသတ်သမား ပါးစပ်က လွှတ်ခနဲ ''ဝစီ''ဆိုပြီးမှ ''ဩော် ကျွန်တော် အလုပ်တစ်ခုသွားလုပ်နေလို့ မလာအားတာပါ''လို့ ဖြေလိုက်သတဲ့။ သူ့ပုံက မူမမှန်ဘူး။

ညီအစ်မနှစ်ယောက်က သူဟာ ဒီလောက်ငွေတွေကို တစ်ခါမှ ကိုင်တာ မမြင်ဖူးဘူး။ ဝစီဆိုပြီးမှ အလုပ်တစ်ခု သွားလုပ်တာလို့ ဖြေပုံရယ်၊ သူ့ရဲ့ မူမမှန်တဲ့ ဖြေပုံတွေကြောင့် သင်္ကာမကင်း ဖြစ်ကြတယ်။

ဒါကြောင့် ညီအစ်မနှစ်ယောက်က တိုင်ပင်ပြီးတော့ တစ်ယောက်က သူ့ကို ညှို့ခံထားတယ်။ ကျန်တစ်ယောက်က ရပ်ကွက်လူကြီးတွေဆီ လာပြီး မသင်္ကာတဲ့အကြောင်း သတင်းပေးတယ်တဲ့။

ဒါကြောင့် ရပ်ကွက်လူကြီးတွေ စုပြီး ညီအစ်မနှစ်ယောက် အိမ်ကို လိုက်ပြီး ဖမ်းလိုက်ကြတယ်။ ရပ်ကွက်ရုံးမှာ စစ်ဆေးတော့ အမှုမှန် ပေါ်လာလို့ သက်ဆိုင်ရာ ရဲလက်ကို အပ်လိုက်တယ်။ တရားရုံးရောက်သွားတာပေါ့'

## [ ၃ ]

စာရေးသူ သိသမျှ ကြားဖူးသမျှကတော့ ဒါလောက်ပါပဲ။ သို့သော် လူသတ်သမား ဘယ်လိုဖြစ်သွားသလဲ။ ထောင်ကျသလား၊ သေဒဏ်ချမှတ်ခြင်း ခံရသလားဆိုတာ လုံးဝ စုံစမ်းလို့ မရခဲ့ဘူး။

စာရေးသူကလဲ အဝေးတစ်နေရာ ဖြစ်သော ညောင်လေးပင်မြို့ ယင်း... တစ်ဆင့် မြိတ်မြို့သို့ နှစ်ပေါင်း(၂၅)နှ... မှ ပြောင်းရွှေ့နေရခြင်းတွေကြောင့်လ... ပါ.ပါတယ်။

ဒါပေမယ့် တွေ့ချင်တော့... **(၆.၈.၂၀၁၄)နေ့မှာ စာရေးဆရာ... ဂျော်လီထွန်းရဲ့ ရှစ်လေးလုံး ငွေရ... အထူးထုတ် ထောင်အတွင်း(၂၃)နှ... ပြည့်ရန် (၂)ရက်အလို** ကိုယ်တွေ့... မှတ်တမ်းများစာအုပ် လက်ဝယ်ရော... ရှိလာပါတယ်။

စာအုပ်ရဲ့ စာမျက်နှာ(၁၀၆) အခ... (၁၆)မှာ မမျှော်လင့်ဘဲ သိချင်နေ... လူသတ်သမားအကြောင်းကို ... လိုက်ရပါတယ်။ ဒါကြောင့် ... ဆောင်းပါးကို ရေးဖြစ်တော့တ... စာအုပ်ပါ မှတ်တမ်းပါ မူရင်းအတို... ပြန်လည်ရေးသားလိုက်ပါတယ်။

'၂၀၀၀ ပြည့်နှစ်ကျော်လောက်မှာ... သရက်ထောင်မှာ ဝစီပိတ်လို့ခေါ်... ကြီးလွတ်(လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ထော... က လွတ်ခဲ့သူ)တစ်ဦး ရှိပါတယ်။

ကံရဲ့ အကျိုးပေး ဘုရားဟောနဲ့အညီ... မှတ်မိလိုက်ပါတယ်။ ဝစီပိတ်(နာမည်အ... မဟုတ်ပါ) အမှုဖြစ်စဉ်က ၁၉၉၀ ပြ... လောက်မှာ ရန်ကုန်တိုင်းဒေသကြီး ... ကျွန်းဘက်က ဝစီပိတ်ကျင့်နေတဲ့ ဘုန်း... ကြီးကို လက်သီးနဲ့ထိုးပြီးတော့ လု... ကျူးလွန်ခဲ့တာမှာ ဘုန်းကြီးပျံလွန်တော်... ပါတယ်ဗျား။

အင်းစိန်ထောင်မှာ သေဒဏ်ကျ... ၁၉၉၃ ခုနှစ်မှာ လွတ်ငြိမ်း... ထောင်ဒဏ် အနှစ်(... ဖြစ်သွာ... နောက်တော့ သရက်ထောင်ကို အ... အရွှေ့ခံရပါတယ်။ တော်တော်ဆိုး...

www.burmeseclassic.com

www.burmeseclassic.com



သရက်တောင်မှာလဲ အာဏာပိုင် လစ်ရင် လစ်သလို အမြဲ လောင်းကစား လုပ်ပါတယ်။ ရန်လဲ ခဏခဏ ဖြစ်ပါတယ်။

တစ်နေ့ ကျွန်တော်က (၁)ဆောင်မှာ ညတက်အိပ်နေတုန်း မနက်(၁)နာရီလောက်မှာ အုန်းဆိုတဲ့ အသံကြီးကြားပြီး လန့်နိုးခဲ့ရပါတယ်။ များ နောက် လူအော်သံတွေ ဝီစီမှုတ်သံတွေ ကြားပါတယ်။ စုံစမ်းကြည့်လိုက်တော့ ဝစီပိတ်သေပြီတဲ့။

ကွန်ကရစ်တုံးကြီးနဲ့ ထုသတ်ဆိုတဲ့ သတင်းက ချက်ချင်းဝင်လာပါတယ်။

ညဉ့်ဦးပိုင်းက အလစ်မှာ ခိုးလုပ်တဲ့ ဖဲဝိုင်းမှာ မကျေနပ်လို့ ဝစီပိတ်အိပ်နေတုန်းမှာ အကျဉ်းသားတစ်ဦးက ခေါင်းကို အုံးသောတက်လို့ အဆင်ပြေအောင် လုပ်ထားတဲ့ ကွန်ကရစ်တုံးနဲ့ ယူထုလိုက်တာလို့ ကြားပါတယ်'

အဲ လူသတ်သမားရဲ့ နိဂုံးပိုင်းကတော့ အဲဒါပါပဲ။ ယခု အဖြစ်အပျက်လေးက ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ အများသိကြတဲ့ ဘုရားရှင်လက်ထက်က ရဟန္တာအရှင်သူမြတ်ကြီး အရှင်မောဂ္ဂလာန်ကို ခိုးသားငါးရာက ရိုက်နှက်သတ်ဖြတ်ပုံနဲ့ တူနေပါတယ်။

အရှင်မောဂ္ဂလာန် အရှင်သူမြတ်ကြီးက ဟိုးအတိတ်ဘဝက မလိမ္မာသော မယားမိုက်၏စကားကို နားယောင်မိလို့ မျက်မမြင် မိဘနှစ်ပါးကို ရိုက်နှက်ခဲ့တဲ့ အကုသိုလ်ကံတရားကြောင့် ယခု ရဟန္တာဘဝ ရောက်နေပေမယ့် ခိုးသားငါးရာရဲ့ ရိုက်နှက်သတ်ဖြတ်ခြင်းကို ခံခဲ့ရပါတယ်။

ယခု ဝစီပိတ်ဆရာတော်ကြီးက ဟိုးယခင် ရှေးဘဝက မည်ကဲ့သို့သော အကုသိုလ်ကံ ပါလာသည်ကို မသိပါ။ သို့သော် လူသတ်သမားရဲ့ လက်ချက်ကြောင့် ပျံလွန်တော်မူခဲ့ရပါတယ်။

လူသတ်သမားနဲ့ ခိုးသားငါးရာတို့ ဘဝကို ကြည့်ရှုလေ့လာရင် ရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးအား ရိုက်နှက်သတ်ဖြတ်လိုက်သော ခိုးသားငါးရာမှာ အနန္တရိယကံကြောင့် တောင်ကမ်းပါးရဲ့ကြားမှာ မြေမျို၍သေပြီး အဝီစိငရဲကို ကျရောက်ကြရတယ်။

ယခု ဝစီပိတ်ဆရာတော်ကြီးကို ထိုးနှက်သတ်ဖြတ်လိုက်တဲ့ လူသတ်သမားဟာ တရားရုံးရဲ့ သေဒဏ်ချမှတ်ခြင်း ခံရတယ်။

ဒါပေမယ့် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြောင့် သေဒဏ်ကလွတ်ပြီး ထောင်ဒဏ်အနှစ်(၂၀) ဖြစ်သွားပါတယ်။

ဒါပေမယ့် အနန္တရိယကံက အခွင့်အရေး လုံးဝ မပေးပါ။ တခြား အကျဉ်းသားတစ်ဦးရဲ့ လက်ချက်ဖြင့် ဝစီပိတ်ဆရာတော်ကြီးကဲ့သို့ ဦးခေါင်းကို ကွန်ကရစ်တုံးကြီးနဲ့ အထုခံရပြီး အသက်ပျောက်ခဲ့ရပါတယ်။

သူတော်ကောင်းတွေ၊ ရဟန္တာအရှင်သူမြတ်တွေကို သတ်ဖြတ်ကျူးလွန်တဲ့ လူမိုက်များဟာ ဘဝမခြား ယခု ပစ္စုပ္ပန်ဘဝမှာပင် ချက်ချင်း ပြန်လည်ခံစားရတတ်ပုံကို မြင်တွေ့နိုင်ပါတယ်။

ထိုနည်းလည်းကောင်းပဲ မြတ်ဗုဒ္ဓကို သတ်ဖြတ်ရန် ကြံစည်သော ဒေဝဒတ်ဟာလဲ ပထမ သွေးအန်လို့ သေဖွယ်ရောက်ချိန်မှ နောင်တတရားရကာ ဘုရားရှင်အား တောင်းပန်ရန်အလာ မဟာပထဝီမြေကြီးက လက်မခံတော့ဘဲ မြေနှစ်ခြမ်းကွဲပြီး မြေမျိုလိုက်တယ်။ အဝီစိငရဲသို့ ချက်ချင်းကျရောက်ကြောင်း မြန်မာလူမျိုးအပေါင်းတို့ ကြားဖူးကြပါတယ်။

သူတော်ကောင်း ရဟန္တာအရှင်သူမြတ်များအား ပြစ်မှုကျူးလွန်သူများဟာ ဘဝမကူးမီ ချက်ချင်းလက်ငင်း ဆိုသလို အပြစ်ဒဏ်ခံရကြောင်း၊ ယခု မျက်မြင် ဝစီပိတ်ဆရာတော်ကြီးအား သတ်ဖြတ်ခဲ့သော လူသတ်သမားက သက်သေပြနေပါကြောင်းနဲ့ ဆရာတော်ကြီးရဲ့ ဘဝမှတ်တမ်းအား သိသမျှ ကြားသမျှ ရေးသားလိုက်ရခြင်း ဖြစ်ပါတယ်။

**ဆရာတော်ကြီး အကြောင်းနဲ့ ပတ်သက်၍ ပြီးပြည့်စုံ ရှင်းလင်းခြင်း မရှိသေးပါလို့ ထင်မြင်ယူဆပါတယ်။ အခြားသိရှိထားသော ပုဂ္ဂိုလ်များမှ ဖြည့်စွက်ရေးသားကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ် ခင်ဗျား...။**

**[ဆရာတော်ကြီးအား ဤဆောင်းပါးဖြင့် မှတ်တမ်းတင် ပူဇော်ကန်တော့လိုက်ပါတယ်။]**

***ဦးစိန်(တိုးချောင်ကြီး)***



www.burmeseclassic.com

www.burmeseclassic.com

ပရိတ်ရေစင်နှင့်

# ပျားစွဲ ခြတောင်ပို့

ပြောင်းရွှေ့စေသောနည်း

မေတ္တာတန်ခိုး၊ ပရိတ်တော်တန်ခိုးကား ဘေးဆိုး၊ ရန်ဆိုး၊ ကပ်ဆိုးများကိုပင် ကျော်လွှားလွန်မြောက်နိုင်၏။ ထိုကဲ့သို့ မေတ္တာတန်ခိုး၊ ပရိတ်တော်တန်ခိုး အစွမ်းဖြင့် နေအိမ်ခြံဝင်းအတွင်း ပျားစွဲခြင်း၊ တောင်ပို့ပေါက်ခြင်းတို့အား မကောင်းသော အရပ်ဌာန နေရာများတွင် စွဲကပ်ပေါ်ပေါက်လာပါက မေတ္တာအစွမ်း ပရိတ်တော်တန်ခိုးတို့နှင့် ရွှေ့ပြောင်းစေသောနည်းအား ရေးသားလိုရင်းဖြစ်သည်။



လောကီမှတ်ရာအဖြာဖြာကျမ်း လောကီအိမ်ရာထူထောင် လူတို့ဘောင်၌ အတွေ့အကြုံ အယူအဆ ဆောင်စရာ ရှောင်စရာက ခပ်များများ။ ပျားစွဲ တောင်ပို့ပေါက်သည် ဆိုရာတွင် ဥပမာ လူနေအိမ်တို့တွင် အိမ်ခေါင် ပျား လာ၍စွဲလျှင် ထိုအိမ်ရှင် စီးပွားဥစ္စာ ပျက်စီးကာ မွဲတတ်သည်ဟု ယုံကြည် ယူဆကြသည်။

ပျားက ထင်းပုံတို့တွင် လာ၍စွဲက ထိုအိမ်ရှင်တို့ စီးပွားဥစ္စာ ရှာဖွေရသမျှ စုဆောင်းမိသမျှ အဖတ်တင်သည်ဟု ယုံကြည်ကြသည်။

ရှေးလူကြီးသူမ စကားပုံကပင် "**ထင်းမကြွယ် ရေမကြွယ်**"ဟုစကား ရှိခဲ့သည်။ **ပျားစွဲရာတွင်လည်း အရပ်အနေနေရာကိုလိုက်၍ အိမ်ရှင်အား နိုက်ခြင်း၊ ကောင်းကျိုးပေးခြင်း ကွာခြားတတ်သည်။**

**ခြတောင်ပို့ ဆိုလျှင်လည်း** နေအိမ်တွင် ခြံဝင်းအတွင်း အရပ်လေး မျက်နှာ ပေါက်တဲ့ နေရာတိုင်း မကောင်း တောင်ပို့နိမိတ်အရ...

"ဖရုံသီးအူ အကောင်းယူ ကြက်ဆူရိုးနီ မကောင်းပြီ"ဟု အလင်္ကာအရ ကောင်းသည့် အရပ်က လေးဌာန မကောင်းသည့်အရပ်က လေးဌာ ဖြစ်သည်။

ပျားစွဲတာ ပြောင်းရွှေ့လျှင် လူတို့အား မထိခိုက်တတ်သော်လည်း ခြတောင်ပို့တို့အား ပြောင်းရွှေ့စေလို၍ ဖျက်ဆီးသည့်အခါ အချို့တောင်ပို့တို့မှာ လူကိုပင် ထိခိုက်ပျက်စီးသည့်အခါ စာတွေ့လက်တွေ့ ကြုံရသည်များ ရှိခဲ့သည်။

ပျားစွဲ၊ တောင်ပို့ပေါက်ခြင်းတို့အား အရပ်အနေမသင့် ရွှေ့ပြောင်းစေလိုလျှင် ငွေရည်ရွှေရည် ထည့်ထားသည့် ရေတစ်ခွက်အား ဘုရားရှင်ရှေ့တော်မှောက်၌ မေတ္တာသုတ်(၇)ခေါက် ရွတ်ဖတ်ကာ ညဘက် လူခြေတိတ်ချိန်တွင် ထိုပရိတ်ရေစင်နှင့်...

'ကောင်းကျိုးပြုမှာဆိုလျှင် နေ၊ ကောင်းကျိုးမပြု အကျိုးမဲ့မှာဆိုလျှင် မနေနဲ့၊ အမြန် ပြောင်းရွှေ့ပေတော့'

ဟု ပြောဆိုကာ ပရိတ်ရေစင်နှင့် ပက်ဖျန်းပေးလိုက်ပါ။

ကောင်းကျိုးမပေး အကျိုးယုတ်မှာဆိုလျှင် မကြာမီ ရက်ပိုင်းအတွင်း ပြောင်းရွှေ့သွားပါလိမ့်မည်။ မေတ္တာ သင်္ဂ အနန္တောဟု ဘုရားဟော ရှိခဲ့ပါသည်။ မေတ္တာလက်နက်ကား အရာရာကို အောင်နိုင်ပါသည်။ မေတ္တာ တန်ခိုးကြီး ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေကုန်သတည်း။

ကိုသက်ရှည်



www.burmeseclassic.com

www.burmeseclassic.com



(K.ပံ)

# သမုဒယနှောင်ကြိုး၏

အခြားတစ်ဖက်

လောကီအရေးနှင့် လောကုတ္တရာ အရေးသည် ကျွန်တော်တို့ သိထား သည်ထက် ပို၍ ခက်ခဲရှုပ်ထွေးဟန် ရှိ၏။

ထိုစာပိုဒ်လေးအား ဖတ်ပြီးသော် ကျွန်တော်၏ ကလေးဘဝက "အဘိုး" ဖြစ်သူ ပြောပြခဲ့ဖူးသော တကယ့် အဖြစ်မှန် ဇာတ်လမ်းလေးကို ပြန်၍ စဉ်းစားရင်း...

* * *

ကျွန်တော်၏အဘိုး တကုပ်ကုပ်နှင့် အလုပ်ရှုပ်နေဟန်တူသည်။ သူ၏ နံဘေးတွင်လည်း တေဇရွှေသွေးရုပ်စုံ ဂျာနယ်များ ပြန့်ကြဲနေ၏။ ကျွန်တော် သူ့အနား ရောက်လာသည်ကို သတိ ထားမိဟန်မတူ...

'အဘိုး ဘာတွေ လုပ်နေတာလဲ'

အဘိုးက လှည့်ကြည့်ပြီး...

'ဘာလုပ်ရမှာလဲ ငါ့မြေးရဲ့ မင်းနဲ့ မင်းညီမလေးအတွက် ရွှေသွေးနဲ့တေဇ ဂျာနယ်လေးတွေ မပျောက်မပျက်စီး ရအောင် စုပြီး ချုပ်ပေးမလို့လေကွာ'

အဘိုးသည် ပြောရင်း ဂျာနယ်များ ကို စုစည်း၍ ကြိုးဖြင့် ချုပ်နေသည်။ ကျွန်တော်တို့အဘိုးသည် [illegible]

**"သိုက် (သို့မဟုတ်) သိုက်နန်း နှင့် ဥစ္စာစောင့်များအကြောင်း"**

ပထမစာမျက်နှာ၏ စကားလုံးကြောင့် ကျွန်တော် စိတ်ဝင်စားသွားသည်။ ဒုတိယစာမျက်နှာကို ဆက်၍ လှန် လိုက်၏။

ဘဝအဆက်ဆက်မှ သာသနာ အတွက် အများသူငါ လှူဒါန်းထားခဲ့ သော ဘုရားပစ္စည်းများ ရှိရာနေရာကို သိုက်နန်းဟုခေါ်၍ ယင်းပစ္စည်းများကို မပျောက်ပျက်ရလေအောင် စောင့်ကြပ် ရသော တာဝန်ရှိသူများကို သိုက်နန်း ရှင် (သို့မဟုတ်) ဥစ္စာစောင့်ဟု ခေါ်၏။

ထို့အတူ မိမိပိုင်ဆိုင်သော ပစ္စည်း ဥစ္စာများအား လှူတန်းနေစဉ် (သို့မ ဟုတ်) လှူတန်းရန် ရည်စူးထားစဉ် တိမ်းပါးသွားသောအခါ စွဲလမ်းစိတ်ဖြင့် မိမိပိုင်ပစ္စည်းများအား ပြန်လည်စောင့် ရသည့် ဥစ္စာစောင့်ဟူ၍လည်းရှိ၏။ ယင်းပုဂ္ဂိုလ်များသည် နောင်ပွင့်တော်မူ မည့် ဘုရားရှင်အား ဖူးမြော်ရန် စောင့် ရင်း ကျွတ်တမ်းဝင်ကြမည် ဖြစ်သည်။

ထိုကာလစပ်ကြားတွင် သက်ဆိုင် ရာ အုပ်ချုပ်သူထံတွင် သတ်မှတ်ချိန် ကတိစကားဖြင့် ခွင့်ပန်ပြီး လူ့ပြည် လူ့ရွာသို့ သွားလာခွင့်ပြုထား၏။

www.burmeseclassic.com

မှအဖေဖြစ်ပြီး အစိုးရပုံနှိပ်တိုက်တစ်ခုတွင် ကြီးကြပ်ရေးမှူးတာဝန်ထမ်းခဲ့ရင်း အဘွားဆုံးသောအခါ ပင်စင်ယူလိုက်၏။

အလုပ်မှ ပြန်လာတိုင်း ကျွန်တော်တို့မောင်နှမဖတ်ရန် ဉာဏ်ဂျာနယ်များကို ဝယ်လာတတ်သည်။ များလာသောအခါ အခုလိုစုပြီး ကြိုးချုပ် ချုပ်ပေးလေ့ရှိသည်။ ကျွန်တော်က အဘိုးစာအုပ်ချုပ်နေသည်ကို ထိုင်ကြည့်ရင်း...

'အဘိုး'

'ဟေ'

အဘိုးက ထူးရင်း ကျွန်တော့်ကို လှမ်းကြည့်၏။

'ဟိုလေ အဘိုး...သားကို တစ်ခါက ပြောဖူးတဲ့... အဘွားက ဥစ္စာစောင့်ဖြစ်တဲ့အကြောင်း ပြောပြပါလား'

အဘိုးက ပြုံး၍ စာအုပ်ချုပ်သည်ကို လက်စသပ်ကာ...

'ဘယ်ကလာ ငါ့မြေးရယ် အဘွားက ဥစ္စာစောင့်ဖြစ်တယ်ဆိုတာ အဲဒါက မင်းတို့အဘွား မဟုတ်ပါဘူး။ အဘိုးရဲ့ ပထမ အိမ်ထောင်ကပါ'

ကျွန်တော် အံ့သြသင့်စွာဖြင့်...

'ဟင်... ဒါဆို အဘိုးက မိန်းမနှစ်ယောက်တောင်ပေါ့'

အဘိုးက ပျာပျာသလဲ ခေါင်းခါကာ...

'အဲဒီလို မဟုတ်ပါဘူး ငါ့မြေးရယ်။ ပထမအိမ်ထောင်က ဆုံးပါးသွားတော့ ငါ့မြေးရဲ့အဘွားနဲ့ နောက်ထပ်အကြောင်းပါရတော့ အိမ်ထောင်နှစ်ဆက် ဖြစ်သွားတာပေါ့'

'ဩော် ဒီလိုကိုး၊ ဒါဆို ဥစ္စာစောင့်ဆိုတာ သားတို့အဘွားမဟုတ်ဘဲ ပထမအဘွားပေါ့'

အဘိုးက ခေါင်းညိတ်ပြကာ...

'ဟုတ်တာပေါ့။ အခု မင်းဘကြီးဦးမျိုးခင်ရဲ့ အမေပေါ့။ မင်းဘကြီးက အဘိုး ပထမအိမ်ထောင်ကမွေးတဲ့ သားပေါ့'

ကျွန်တော့်မိခင်တွင် မောင်နှမ(၆)ယောက်ရှိသည်။ အကြီးဆုံး ဘကြီးမှလွဲ၍ အမေအပါအဝင် ကျန်မောင်နှမများသည် တမိတည်းပေါက်ဖြစ်ပြီး ဘကြီးက ဖအေတူမောင်နှမ ဖြစ်သော်လည်း ကျွန်တော့်အဘွားအေကစပြီး သားအရင်းပမာနှင့် ကျွန်တော့်အမေနှင့် မောင်နှမများကလည်း တမိတည်းအစ်ကိုရင်းချာပမာ တစ်အိမ်တည်း အတူနေကြပါသည်။

ဖအေတူ မအေကွဲ ဘကြီးသည် ငယ်စဉ်ကပင် မိတဆိုးမို့ အလိုလိုက်ခံရသော်လည်း အနေအေး၏။ သန့်သန့်ရှင်းရှင်း သပ်ရပ်စွာ နေတတ်သည်။ ကျန်မောင်နှမများနှင့် မတူပါ...။

'ဒါဆို အဲဒီဥစ္စာစောင့်ဆိုတဲ့ အကြောင်း သားကို ပြောပြပါလား နားထောင်ချင်တယ်'

အဘိုးက ပြန့်ကျဲနေသော စာအုပ်များကို သပ်ရပ်စွာစီထပ်ရင်း ပြောပြရန် ပူဆာနေသော ကျွန်တော်၏ခေါင်းကို အသာအယာပွတ်ကာ...

'ငါ့မြေး သိချင်တော့လဲ ပြောပြရတော့မှာပေါ့'

* * *

ကျုပ်နာမည် ဇမောင်၊ အရပ်က ကိုဇမောင်ဟု ခေါ်ကြပါသည်။ ကျုပ်တို့က အင်းစိန်သားတွေဆိုပေမယ့် ပဲခူးကဆားကို အရောင်းအဝယ် လုပ်ကြသည့် ဆားကုန်သည်တွေပါ။ ခေတ်ကလည်း ဂျပန်ခေတ်ဆိုတော့ အင်းစိန် မီးရထားစက်ရုံမှာ တပ်စွဲထားသည့် ဂျပန်တွေဆီမှာ ဆားလာရောင်းကြတာပါ။

ဆားအသုံးကြမ်းသည့် ဂျပန်တွေဘာကြောင့် ဆားဝယ်သည်ဆိုတာတော့ ကျုပ်လည်း မသိဘူးဗျာ။ အဲဒီမှာပဲ ဘုရားကြီးသူ မခင်ဆွေနှင့် ဆုံတွေ့ပြီး အိမ်ထောင်ကျပါသည်။

မခင်ဆွေက အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် ရုပ်ရည်ကလည်း လား လား တောသူနှင့်မှမဆိုင်၊ တပ်စွဲထားသည့် ဂျပန်စစ်ဗိုလ်ကြီးက မခင်ဆွေကို အရမ်းသဘောကျပါသည်။ သို့ပေမယ့် ပညာတတ် ဂျပန်စစ်ဗိုလ်က အိမ်ထောင်ရှိမှန်း သိသောအခါ မည်သို့မျှ စိတ်မကူးပါ။ ကျုပ်တို့ကို မခင်ဆွေ ကျေးဇူးကြောင့် အထူးအရေးပေးပါသည်။

အိမ်ထောင်သက် (၂)နှစ်အကြာတွင် သားလေးမောင်မျိုးခင် ဖွားမြင်ပါသည်။ သားလေး မွေးဖွားပြီးသော် မခင်ဆွေတစ်ယောက် မိန်းမရောဂါဖြင့် အိပ်ရာထဲလဲ၏။ အိပ်ရာထဲမှာပင် သားလေးကိုလှဲ၍ နို့တိုက်နေရသည့်အဖြစ်လုံးဝ မထနိုင်ပါ။ လူကူ၍ ထူမှ ထနိုင်ပါသည်။

ရုံဖန်ရံခါ တွေတွေကြီး ငေးငိုင်နေတတ်ပြီး အိပ်ရာဝင်ပြီး ခဏအကြာ သန်းခေါင်ယံအချိန်များ၌ တစ်ယောက်တည်း စကားပြောနေတတ်သည်။ နောက်ပိုင်းတွင် ကျုပ်ကိုလည်း အ[illegible] အအိပ်မခံတော့၊ သားလေး အခါလည်[illegible] သားရောက်စတွင် မခင်ဆွေ[illegible] ယောက် မသက်သာတော့။ [illegible] ပိုတိုး၍ ဆိုးလာပါသည်။ တစ်နေ့ [illegible] ကို လှမ်းခေါ်ပြီး...

'ကိုဇရေ ခဏလာပါဦး၊ [illegible] ပြောစရာ မှာစရာလေးတွေ ရှိ[illegible]

-'ဘာများလဲ ခင်ဆွေရယ်'

ပြောရင်း ကျုပ် မခင်ဆွေအနား[illegible] တိုးသွား၏။ မခင်ဆွေက သားအား နို့တိုက်ရင်း...





www.burmeseclassic.com

www.burmeseclassic.com

'ကိုရေ ကျွန်မ တစ်စုံတစ်ခုများ ဖြစ်ခဲ့ရင် ဘာမှ စိတ်မကောင်းမဖြစ်ဘဲ သားလေးကိုသာ ဂရုစိုက်ပေးပါ။ နောက်ထပ် အိမ်ထောင်ပြုမယ်ဆိုရင်လဲ ကျွန်မ ခွင့်ပြုပါတယ်'

ကျုပ် တော်တော် စိတ်ထိခိုက်သွားသည်။ သူ ဘာကိုပြောချင်တာ ကျုပ်သိနေပေမယ့် မသိချင်ယောင်ဆောင်ပြီး...

'မခင်ဆွေရယ် မဦးမချွတ် မပြောမဆိုကောင်းကွယ်'

ခင်ဆွေက သားလေးကိုတစ်လှည့်၊ ကျုပ်ကို တစ်လှည့်ကြည့်ရင်း...

'မဟုတ်ဘူး ကိုရေ ကျွန်မ တကယ်ပြောနေတာပါ။ အကယ်၍ ဆိုတာထက် ပိုသေချာပါတယ်။ ကျွန်မ အသေဖြောင့်ချင်တာပါ'

ကျုပ်လည်း စကားလမ်းကြောင်းလွှဲပြီး မခင်ဆွေအနားက ထွက်လာခဲ့ပါသည်။ ညနေစောင်းပြီး (၆)နာရီကျော်ကျော်လောက်တွင် မခင်ဆွေ၏အခြေအနေမကောင်းတော့။ အမောဖောက်နေပြီ။ ကျုပ်လည်း မခင်ဆွေအနား ထိုင်ရင်း တတ်သမျှ မှတ်သမျှဘုရားစာများကို ရွတ်ဖတ်ပေးနေ၏။

မခင်ဆွေက လက်ကာပြကာ ကျုပ်ကို သူ့မျက်နှာနားသို့ တိုးကပ်ရန်အမူအရာဖြင့်ပြ၏။ ပြီးမှ တိုးညင်းသောလေသံဖြင့်...

'ကိုရေ ကျွန်မ သွားရတော့မယ်၊ ရှင့်ကို နှုတ်ဆက်ပါတယ်။ သားလေးကို ဂရုစိုက်ပါနော်၊ ဟောဟို နံရံပေါ်မှာ ချိတ်ထားတဲ့ ကျွန်မပါတဲ့ ဓာတ်ပုံလေးတွေ ဖြုတ်သိမ်းထားပေးပါလား။ ကျွန်မက ဟိုဘဝက မောင်နှမတွေနောက်ကို အပြေးလိုက်သွားရမှာ ဆိုတော့ အကုန်ပြုတ်ကျပြီး ကွဲကုန်လိမ့်မယ်'

မခင်ဆွေ၏ တည်တည်ငြိမ်ငြိမ် ပြောနေသော စကားများကို ကျေနပ်



အောင်သာ ခေါင်းညိတ်လိုက်ပေမယ့် ယုကျုံးမရသောစိတ်၊ မယုံကြည်နိုင်သောစိတ်များဖြင့် မလုပ်ဖြစ်၊ မခင်ဆွေအနားကသာ မခွာချင်။ နောက်ဆုံးထွက်သက်ကလေးနှင့်အတူ ကျုပ်ရှိနေချင်သည်။

'ဝုန်း...ခွမ်း...ဂလွမ်း'

နံရံတွင်ချိတ်ထားသော မခင်ဆွေပြောသည့် ဓာတ်ပုံများ တစ်ခုပြီးတစ်ခု ကျကွဲကုန်၏။ အိမ်သည် လှုပ်ခါသွားသည်။ ကျုပ် မခင်ဆွေကို လှည့်ကြည့်လိုက်သောအခါ အသက်မရှိတော့။

* * *

'မခင်ဆွေ...မခင်ဆွေ... မင်းရှိရင် ထွက်လာခဲ့ပါ။ ခင်ဆွေရေ... မင်းရဲ့ သားလေးလဲ ပါလာတယ်လေ'

ဒေးစွန်ပါတောနက်၏ တစ်နေရာတွင် ကိုမောင်တစ်ယောက် သားလေးကိုရင်ခွင်ပိုက်ရင်း စိုစိုနင့်နင့် အော်ခေါ်နေ၏။ ထိုအချိန်တွင် နန်းဆန်သော အဝတ်စားများ ဝတ်ဆင်လျက် မပြောင်းလဲသောမျက်နှာ သာမန်လူသားတွေထက် ထူးခြားသော အရောင်အဆင်းများဖြင့် တောထဲမှ ထွက်လာသည့် မခင်ဆွေတစ်ဖြစ်လဲ ဥစ္စာစောင့်မလေးကို ကိုမောင် တွေ့လိုက်ရသည်။

မခင်ဆွေ မျက်ဝန်းထဲတွင် သံယောဇဉ် မပြတ်သော မျက်ရည်တို့ဖြင့် ပြည့်၍နေ၏။ သားလေးကို လှမ်းယူပွေ့ချီရင်း တရှိုက်မက်မက် နမ်းရှုံ့နေ၏။ အတန်ကြာသော်...

'ခင်ဆွေရေ မင်း ငါတို့ သားအဖကို လာတွေ့တယ်နော်'

မခင်ဆွေက ခေါင်းညိတ်ပြ၏။ ကိုမောင်က ဆက်ပြီး...

'ကျုပ် မင်းဆီကိုလာတာ ခွင့်ပန်ချင်လို့ပါ။ မင်းနဲ့ သားလေးရဲ့ ချည်နှောင်ထားတဲ့ သံယောဇဉ်ကြိုးကို ဖြတ်ပေးပါကွယ်။ သားလေး ရှေ့ရေးအတွက်ပါ'

ကိုမောင်စကားကို မခင်ဆွေ နားစွင့်ရင်း ခေါင်းတွင်တွင်ခါနေ၏။ ကိုမောင် ထပ်မံတောင်းဆိုပြန်သည်။

'ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့ ဘဝမှာ သားလေးကို မင်းတို့ဘဝထဲမှာ ခေါ်ထားမလို့လား။ တစ်ဘဝတာ သံယောဇဉ်အတွက် မင်းရဲ့သံသရာတွေ လည်နေမှာပေါ့ ခွင့်ပြုပါကွာ'

အတော်ကြာကြာ နားချပြီးသော် မခင်ဆွေတစ်ယောက် ခွင့်ပြုပေးပါသည်။ ကိုမောင်လည်း ပါလာသော ချိန်ခွင်ကလေးကိုထုတ်ကာ ချိန်ခွင်တစ်ဖက်တစ်ချက်စီတွင် ကျောက်ခဲတစ်လုံးကို ဖခင်အဖြစ် ရည်ရွယ်ပြီး ထည့်၏။ အခြားတစ်ဖက်တွင် မိခင်အဖြစ်ရည်ရွယ်ပြီး ကျောက်ခဲကို ထည့်ကာ ချိန်လေသည်။

ကိုမောင်သည် ချိန်ခွင်ကို တဖြည်းဖြည်း ဆွဲမ,ယူသောအခါ မိခင်ဘက်သို့ သာနေ၏။ နောက်ထပ်တစ်ခါ မ,ယူ

www.burmeseclassic.com

ပြန်သောအခါ ဖခင်ဘက်သို့ သာသွားပြန်သည်။ ဤတစ်ကြိမ်သည် နောက်ဆုံး အဆုံးအဖြတ်ဖြစ်သည်။ ကိုမောင်စိတ်လှုပ်ရှားစွာဖြင့် ချိန်ခွင်ကို အသာမ,ယူလိုက်စဉ် မခင်ဆွေ မျက်နှာလွှဲသွား၏။ ချိန်ခွင်လျှာသည်ကား ကိုမောင် မျက်စိဖွင့်ကြည့်လိုက်သော် သူ့ဘက်တွင် ရှိနေသည်။

'ကဲ မခင်ဆွေရေ သားလေးကို ကျုပ်ပိုင်ပါပြီ။ ဒါကြောင့် ကျုပ်ကို ပြန်ပေးပါ။ ကျုပ်အသက်ရှင်နေသမျှကာလပတ်လုံး သားလေး စိတ်မဆင်းရဲရအောင် ကျုပ်စောင့်ရှောက်မယ်ဆိုတာ ကတိပေးပါတယ်'

ကိုမောင်သည် ပြောရင်း မခင်ဆွေလက်ထဲမှ ကလေးကို လှမ်းယူလိုက်သည်။ မခင်ဆွေတစ်ဖြစ်လဲ ဉစ္စာစောင့်မလေးသည် တွေတွေကြီးကြည့်နေရင်း မည်သည့်စကားမှ မဆိုတော့ဘဲ တောထဲသို့ ချာခနဲ လှည့်ထွက်သွားလေပြီ။

မခင်ဆွေတစ်ယောက် သူနှင့် သားလေးကို အပြီးတိုင် သံယောဇဉ်ဖြတ်သွားပြီကို သိလိုက်ရသည်။ ရောက်လေရာဘဝမှ ကျွတ်တမ်းဝင်သည်အထိ မခင်ဆွေအား ရည်စူး၍ အလှူတမ်းပြုကာ ကိုမောင် အမျှပေးဝေခဲ့ပါသည်။

* * *

အဘိုးသည် စကားဆုံးသောအခါ အဝေးတစ်နေရာသို့ ငေးနေ၏။ မည်မျှစိတ်ထိခိုက်နေသည်မှာ သိသာလှသည်။ ကျွန်တော်ပင်လျှင် ရင်ထဲတွင် ဆို့ဆို့နင့်နင့် ဖြစ်နေရင်း...

'ဒါနဲ့ အဘွား ဒေါ်ခင်ဆွေ အဲဒီဒေးစွန်ပါတောထဲမှာ ရှိနေမှန်း ဘယ်လိုသိတာလဲ'

အဘိုးသည် ငေးနေရာမှ သတိဝင်လာပြီး...



'ဩော် ဒါလား... သူဆုံးပြီး မကြာဘူး ခဏ...ခဏ အိပ်မက်ပေးတယ်လေ။ သူ အဲဒီမှာရှိကြောင်း၊ သားလေးကို တွေ့ချင်ကြောင်း၊ လာခဲ့ရင် တွေ့ရမယ်ဆိုတဲ့အကြောင်း အိပ်မက်ထဲမှာ လာ,လာပြောတယ်။ ဒါနဲ့ပဲ အဘိုးလဲ နားလည်တဲ့ လူကြီးသူမတွေနဲ့ တိုင်ပင်ပြီးတော့ သွားတွေ့ရင် ကလေးကို (ဘကြီး)အား သိုက်ကြိုးဖြတ်ခဲ့ဖို့ ဝိုင်းပြောကြတာနဲ့ ယုံတစ်ဝက်၊ မယုံတစ်ဝက်နဲ့ပဲ သွားခဲ့တယ် ဆိုပါတော့'

အဘိုးက မောသွားဟန်ဖြင့် စကားရပ်၏။ ကျွန်တော်က ဆက်၍...

'ဒေးစွန်ပါမှာ ဘာရှိလို့လဲ အဘိုးရဲ့'

'ဟာ ငါ့မြေးရဲ့ သိပ်ရှိသပေါ့။ အဲဒီ ဒေးစွန်ပါတောကြီးထဲမှာ မယူတော်တွေကြောင့် မမြင်မတွေ့အပ်တဲ့ သိုက်အချုပ်ဆိုတာ ရှိတယ်။ တွေ့ထိုက်မြင်ထိုက်တဲ့သူဆိုရင်တော့ ပဌာန်းဆက် အကြောင်းပါလာရင် တွေ့ရတာပေါ့'

အဘိုးက သက်ပြင်းရှည် တစ်ချက်ချရင်း...

'အင်း ဒီအဖြစ်တွေ ကြာခဲ့ပါပြီ မြေးရယ်။ အခုဆို မင်းအဘွားနဲ့ညားလို့ မြေးတွေဖြစ်တဲ့ မင်းတို့တောင် ရနေပြီ မဟုတ်လား။ မြေးတို့အဘွား ဆုံးသွားတာတောင် (၄)နှစ်လောက်ရှိပြီ။ နောင်ကြုံရင် ထပ်ပြောပြဦးမယ်။ ဆုံးသွားတဲ့ မြေးတို့ရဲ့အဘွားအကြောင်းပေါ့'

'ဘာဖြစ်လို့လဲဟင်'

ကျွန်တော်၏ ဇဝေဇဝါအမေးကို အဘိုးက...

'အဘိုးက စွံတယ်ကွ၊ ညားလိုက်ရင် လူဝင်စား ဉစ္စာစောင့်တွေနဲ့ချည်းပဲလေ၊ မြေးရဲ့အဘွားလဲ ထိုနည်းတူစွာပဲပေါ့'

'ဗျာ'

ကျွန်တော် မအံ့သြဘဲ မနေနိုင်တော့ပါ။ စိတ်ကူးယဉ် ဖန်တီးထားသော ဇာတ်လမ်းတစ်ပုဒ်မဟုတ်ဘဲ တကယ့်အဖြစ်မှန်အား ကိုယ်တိုင်ကြုံခဲ့ရသော ကွယ်လွန်သွားပြီဖြစ်သည့် ကျွန်တော်၏အဘိုးသည် ယခုဆိုလျှင် သူချစ်သောကျွန်တော်၏ အဘွားများနှင့်အတူ ပျော်ရွှင်စွာရှိနေမည် ထင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ထူးဆန်းသည်မှာ အဘိုး၏ ပထမအိမ်ထောင်အမည်မှာ မခင်ဆွေဖြစ်ပြီး ဒုတိယအိမ်ထောင်ဖြစ်သူ ကျွန်တော်တို့အဘွား၏အမည်မှာ မခင်မေ ဖြစ်နေပါသောသည်။

(K.ပံ)

www.burmeseclassic.com

www.burmeseclassic.com

# လက်ဖွဲ့ (၂)

ရွှေစံကင်း

ယခင်လမှ အဆက်



မောင်စံမြိုင်နှင့် မောင်စံခိုင်တို့ ညီအစ်ကိုသည် လုပ်ဆောင်ရမည့် အလုပ်များကို ဆက်လက် ဆောင်ရွက် လျက် ရှိသည်။ ထိုအချိန်တွင် သူတို့၏ ခေါင်းပေါ်မှ "ဂီး...ဂီး"ဆိုပြီး အော် မြည် ပျံသန်းသော ညဉ့်ငှက်တစ်ကောင် ၏ အသံကို ကြားရသည်။

ညဉ့်သည်လည်း တဖြည်းဖြည်းဖြင့် နက်သထက် နက်လာလေပြီ။ တစ်ခါ တစ်ရံတွင်လည်း အဝေးဆီမှ ခွေးများ ဆွဲဆွဲငင်ငင် အူသံကိုလည်း ကြားလိုက် ရသည်။

'အူး...ဝူး...ဝူး'

သိပ်မကြာသော အချိန်တွင် နှာ ခေါင်းထဲသို့ အပုပ်နံ့ ထောင်းခနဲ ဝင် ရောက် နှုတ်ဆက်လိုက်သည်ကို သူတို့ သတိထားမိခဲ့သည်။

'အင်း... အနှောင့်အယှက်တော့ စပြီနဲ့ တူတယ် သတိထားမှပဲ'

ဟု တွေးမိပြီး သူတို့ညီအစ်ကိုသည် ဖန်ခွက်များကို လက်ဝါးဖြင့် ပိ၍ ဖိအုပ် ပြီး ဂုဏ်တော်များကို ဆက်လက် ရွတ်ပွားကြပါတော့သည်။

သိပ်မကြာသောအချိန်တွင် သူတို့ မစင်နံ့ကို ခံစားရပြန်သည်။ မစင်နံ့ သည် တဖြည်းဖြည်း ပြင်းပြလာရာ အသက်ရှူပင် မှားလာခဲ့သည်။ သူတို့ သည် အနံ့မခံနိုင်သည့်အဆုံး မျက်လုံး ကို ဖွင့်ကြည့်လိုက်ရာ သူတို့၏ ပတ် လည်တွင် လတ်လတ်ဆတ်ဆတ် မစင်ပုံကြီးများကို တွေ့ရှိရသည်။

'အင်း... ငါတို့တော့ အဖျက်အဆီး၊ အနှောင့်အယှက်တွေတော့ လုပ်နေပြီ။ မကြောက်မရွံ့နဲ့ စိတ်ကို တင်းထားမှ ဖြစ်မယ်။ လူကို အန္တရာယ်မှ မပေးတာ ဘဲ။ ဘာကြောက်စရာရှိလဲ၊ အားတင်း ထားကြနော်'

ကိုယ့်ကိုယ်ကိုယ် စိတ်ထဲမှ အားပေး ရင်း ဆက်လက်ပြီး ရွတ်ပွားလျက်ရှိပါ တော့သည်။

အားတင်းကာ မျက်စိကိုမှိတ်ပြီး ဂုဏ်တော်များကို ဆက်လက်ရွတ်ပွား လာကြရာ နောက်နားဆီမှ "ဘုတ်... ဘုတ်" အသံကြားလိုက်ရသည်။ တစ် ချိန်တည်းမှာပဲ သူတို့(၂)ယောက်၏ ရှေ့နားဆီမှ ပြေးလွှားသွားသော ခြေ သံများကို ကြားရပြန်သည်။

သူတို့ မတိုင်ပင်ဘဲ မျက်စိကို ဖွင့် ကြည့်လိုက်ကြသည်။ ထိုအချိန်တွင် ဖြူဖြူကောင်များ၊ မည်းမည်းကောင် များ၊ လူလိုလို၊ တိရစ္ဆာန်လိုလို အရိပ် များ ပြေးလွှားနေသည်ကို တွေ့လိုက် ရသည်။

သူတို့(၂)ဦးသည် ဆက်လက်ပြီး အဖျက်အဆီးများကို ဂရုမထားဘဲ ကိုယ့်လုပ်ငန်း အောင်မြင်အောင် ဆက် လက် လုပ်ဆောင်နေကြသည်။ ထိုစဉ် နောက်ဘက်မှနေ၍ သူတို့အနားသို့ "ဘုတ်...ဘုတ်...ဘုတ်"ဆိုပြီး ခဲလုံး များ ကျရောက်လာခဲ့သည်။

တချို့ ခဲလုံးအစများကလည်း လူကို လာပြီး မှန်သည်။ မောင်စံခိုင် နည်း နည်း လန့်သွားသည်။ ကျောထဲတွင် လည်း စိမ့်ခနဲဖြစ်သွားပြီး ကြက်သီးမွေး ညင်းများ ထသွားသည်။ မောင်စံမြိုင်


www.burmeseclassic.com

www.burmeseclassic.com

ဘက်ကို လှည့်ကြည့်လိုက်သော်လည်း တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သက်၍နေ သည်။

မောင်စံခိုင်သည် ဇောချွေးများ ပြန် လာသည်။ ကြောက်စိတ်ကို အဝေးကို မောင်းထုတ်၍မရ၊ အချိန်ကလည်း သန်းခေါင်တိုင်တော့မည်။ ဒီနေ့ အတွက် ပြီးမြောက်တော့မည်ဖြစ်သော ကြောင့် အားတင်းကာ မျက်စိကို စုံ မှိတ်ပြီး ဆက်လက် ရွတ်ပွားနေတော့ပါ သည်။

ဒီညအတွက် ပြီးဖို့ရန်ကလည်း သိပ် မလိုတော့ပေ။ မောင်စံခိုင်၏ ကိုယ်တွင် လည်း ချွေးများဖြင့် နင့်ရွဲနေပြီ။ ငါ ဘယ်လို လုပ်ရပါ့မလဲ။ ထိုအချိန်တွင် သူ၏ နောက်ဘက်ဆီမှ အသံတစ်သံ ကြားရသည်။ နားခေါင်းထဲတွင်လည်း ညှီစို့စို့အနံ့ကို ရလိုက်သည်။ ငှက်ဆိုး တစ်ကောင် ''ဂစ်...ဂစ်''ဟု အော်ပြီး သူတို့ ခေါင်းပေါ်မှ ဖြတ်သွားသည်။ မောင်စံခိုင် ကြောက်စိတ်သည် သူ့ အတွက် ပိုမို စိုးမိုးလာခဲ့သည်။

သူသည် နောက်သို့ လှည့်ကြည့် လိုက်သည်။ လက်ဖြင့်အုပ်ထားသော ဖန်ခွက်ကိုလည်း ပိုပြီး ဖိထားလိုက် သည်။ သူ့နောက်တွင် အရိပ်မည်းမည်း ကြီးကိုလည်း မပီမိုးတဝါး တွေ့လိုက်ရ သည်။ နောက် ဘာတွေများ ကြုံတွေ့ ရလိမ့်ဦးမလဲဟု မောင်စံခိုင်တစ် ယောက် စဉ်းစားနေမိသည်။

ထိုသို့ မောင်စံခိုင်တစ်ယောက် တည်း စဉ်းစားနေစဉ် တစ်ဖက်မှ မောင်စံမြိုင်သည် သူ့လုပ်ငန်း အပြီး သတ်သွားပြီဖြစ်သည့်အတွက် တစ် ဖက်သို့ လှည့်ပြီး သူ့အစ်ကိုကြီးဖြစ်သူ အား လှည့်ကြည့်လိုက်ရာ မောင်စံခိုင် သည် ဂုဏ်တော်မရွတ်ဘဲ နောက် ဘက်သို့ လှည့်နေသည်ကို တွေ့လိုက် ရသည်။

'အစ်ကိုကြီး... အလုပ်မလုပ်ဘဲနဲ့ ဘာတွေကြည့်နေတာလဲ'

ဟု မေးလိုက်သည်။

မောင်စံခိုင်သည် ပါးစပ်မှ မည်သို့မျှ မပြောဘဲ လက်ညှိုးဖြင့် နောက်ဘက် သို့ ညွှန်ပြလိုက်သည်။

မောင်စံမြိုင် နောက်ဘက်သို့ လှည့် ကြည့်လိုက်ရာ မပီမိုးတဝါးအရိပ်များကို ကြောက်စရာ ကောင်းလောက်အောင် တွေ့လိုက်ရသည်။

'ဘာမှ မကြောက်ပါနဲ့ အစ်ကိုကြီး။ သူတို့ လဲ သူတို့ သွားကြမှာပါ။ ကိုင်း... မင်းတို့ကို မေတ္တာပို့ အမျှပေးပါတယ်ကွာ။ ငါတို့ကို မနှောင့်ယှက်ပါနဲ့။ မင်းတို့လဲ ကိုယ့်လမ်း ကိုယ် သွားကြတော့'

ဟု မောင်စံမြိုင်က ထိုသို့ ပြောလိုက် ရာ သူတို့တွေ့သော အရိပ်များသည် တဖြည်းဖြည်းဖြင့် ပျောက်ကွယ်သွား တော့သည်။

သူတို့သည် (၃)ညမျှ ဆက်ပြီး ကျင့်ကြံအားထုတ်ကြရာ ဒုတိယ အကြိမ် ပြီးမြောက် အောင်မြင်သွားကြ သည်။ အခက်အခဲများစွာကိုလည်း ကျော်လွှားနိုင်ကြသည်။ သို့သော် မောင်စံခိုင်တစ်ယောက် စိတ်ဓာတ် အကြီးအကျယ်ကျနေပြီး ဆက်လက် ဆောင်ရွက်ဖို့ကိုလည်း စိတ်မပါတော့ ပေ။ ကြောက်စိတ်များသာ သူ့အား လွှမ်းမိုးနေတော့သည်။

'ညီလေးရေ... အစ်ကိုကြီးတော့ ဆက်မလုပ်ရဲတော့ဘူးကွာ။ မင်းပဲ ဆက်လုပ်လိုက်တော့၊ ဒီနေ့က သင်္ချိုင်း ကုန်းမှာ ပြောင်းပြီး ရွတ်ရမှာဆိုတော့ ဒီည ပိုဆိုးမယ်။ အဖျက်အဆီးလဲ ပို များမယ်။

ဒါကြောင့် အစ်ကိုကြီးတော့ လန့်နေ ပြီ၊ ညီလေးပဲ သွားပါတော့ကွာ။ အစ်ကို ကြီးတို့ သူငယ်ချင်းအုပ်စုတွေ ညီလေး ကို မလှမ်းမကမ်းကနေပြီး လိုက်စောင့် ရှောက်ပေးမယ် သိလား။ ညီလေးသာ အောင်မြင်အောင် ကြိုးစားပေတော့

တကယ်လို့ ညီလေး တစ်စုံတစ် အန္တရာယ်နဲ့ တွေ့ကြုံလဲ အစ်ကိုကြီး သူငယ်ချင်းအုပ်စုတွေက ကူညီနိုင်တ ပေါ့ကွာ။ ညီလေး စိတ်ချလက်ချ ဆက်လုပ်ပေတော့၊ အောင်မြင်အော လဲ ကြိုးစားပေါ့ကွာ။ ဖွဲမလျှော့နဲ့ သိ လား'

ဒီနေ့ညသည် တန်ဆောင်မုန်း လပြည့်နေ့ည ဖြစ်သည်။ မောင်စံမြိုင် တစ်ယောက် ဒီနေ့တွင် အောင်မြင် လျှင် ရည်မှန်းချက် ပြည့်မည်ဖြစ်သည် အတွက် စိတ်ကူးယဉ်ပြီး ပျော်နေ သည်။

အိမ်အလုပ်တွေကိုလည်း စောစေ ပြီးအောင် လုပ်ထားသည်။ ပြီးလျှင် ရေချိုး၊ အဝတ်အစားလဲပြီး ညစာ စားသောက်သည်။ ပြီးလျှင် ည လု ဆောင်ရမည့် အချိန်၊နာရီနှင့် ဂုဏ် တော်များကို ည(၁၂)နာရီ အပြီးဆော ရွက်ရန် စိတ်ထဲမှနေ၍ အစီအစဉ်များ ကို တစ်ခုပြီးတစ်ခု တွေးတောနေ သည်။

မကြာမီ အပြင်ဘက်မှ အလင်း ရောင် နည်းလာသည်ကို တွေ့ရသည် မကြာမီ မှောင်တော့မည်။ လပြည့်ည ဖြစ်ရာ ကိစ္စမရှိ၊ လက ထိန်ထိန်သာ နေမည်။ ''ဘာမှ ကြောက်စရာမလို ဘူး။ ငါအောင်မြင်မှ ဖြစ်မယ်''ဆိုပြီး အားတင်းကာ ယူဆောင်စရာ ပစ္စည်း များကို လက်တွင် ကိုင်ဆောင်က ထွက်ခဲ့ပါတော့သည်။

[၄]

မောင်စံမြိုင်သည် ပေမ်းဘေးဝဲ,ယာ ကို သတိမထားဘဲ ရွာထိပ်သင်္ချိုင်းသို့



www.burmeseclassic.com

www.burmeseclassic.com

လျှောက်လှမ်းလာခဲ့သည်။ သူ သင်္ချိုင်းသို့ ရောက်သောအခါ အမှောင်ထုက ကြီးစိုး၍ နေသည်။ ပုစဉ်းရင်ကွဲ အော်သံများ၊ ဖားအော်သံ၊ ပုရစ်အော်သံများမှအပ မည်သည့်အသံကိုမျှ မကြားရပေ။ ကောင်းကင်တွင် ကြယ်ကလေးများ အရောင် တဖျပ်ဖျပ်ဖြင့် တောက်ပလျက်ရှိသည်ကို သူ မြင်တွေ့ရသည်။

အပေါ်မှ သစ်ပင်ကြီး၏ ကြားမှ ဝင်ရောက်လာသော လ၏ အလင်းရောင် ကွက်တိကွက်ကျားသည် သူ၏ ပတ်ဝန်းကျင်နှင့် အနီးတစ်ဝိုက်တွင် အလင်းများ ကွက်တိကွက်ကျား ဖြာထွက်လျက် ရှိသည်။ အရှေ့ဘက်ကို လှမ်းမျှော်ကြည့်လိုက်လျှင် ပြည့်ဝန်းဝိုင်းစက်သော တန်ဆောင်မုန်းလပြည့် လဝန်းကြီးသည် အရှေ့ တောတန်း အပေါ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

သူသည် သင်္ချိုင်းကုန်းသို့ တစ်ပတ်လည် မျက်စိကစားလိုက်သည်။ အုတ်ဂူဖွေးဖွေးများ၊ ပျက်စီး ယိုယွင်းစပြုနေသော သုသာန်ဇရပ်ကြီးနှင့် ကွက်တိကွက်ကျား မြေပုံကလေးများကိုလည်း တွေ့ရသည်။

'အင်း...ငါ ဒီည အောင်မြင်မှ ဖြစ်မယ်။ ဒါ နောက်ဆုံးညပဲ သတ္တိကြီးကြီးလုပ် ဆောင်နိုင်မှ ငါ့လုပ်ငန်းကြီး ပြီးမြောက် အောင်မြင်နိုင်မှာ၊ ဒါကြောင့် ငါ့စိတ်ကို အရင်စုစည်းပြီးမှ စိတ်ငြိမ်အောင်ထားပြီးမှ ငါ့လုပ်ငန်းစမှ ဖြစ်မယ်'

မောင်စံမြိုင်သည် သင်္ချိုင်းမြေကွက်လပ်ကလေးတစ်ခုတွင် အရှေ့ဘက်သို့ မျက်နှာမူပြီး ထိုင်လိုက်သည်။ ပြီးလျှင် လက်ထဲမှ ဖန်ခွက်ကို မြေပေါ်တွင် ချလိုက်သည်။

ထို့နောက် ညာဘက်လက်ဝါးဖြင့် ဖန်ခွက်ကို လုံခြုံအောင် အုပ်လိုက်သည်။ ပြီးလျှင် ဘယ်ဘက်လက်ဝါး



အတွင်းသို့ စိပ်ပုတီးကို ထည့်ပြီး ပြင်ဆင်လိုက်သည်။ ပြီးလျှင် ကျန်ရှိနေသော ဂုဏ်တော်များကို မျက်စိစုံမှိတ်ကာ အပြီးသတ် ရွတ်ဆိုနေပါတော့သည်။

မောင်စံမြိုင်သည် အာရုံကို စုစည်းကာ ဂုဏ်တော်ထဲတွင် စိတ်ကို နှစ်ပြီး ရွတ်ဖတ်နေသည်။ ထိုအချိန်တွင် သစ်ပင်ထက်မှ လင်းဆွဲကြီး သုံး,လေးကောင်၏ အော်သံ၊ တစ်ကောင်နှင့်တစ်ကောင် အစာလုသံများ၊ အတောင်ရိုက်သံများ နားထဲသို့ ရောက်ရှိလာခဲ့သည်။ အဝေးဆီမှ ''ဂစ်...ဂစ်''ဟု အော်ပြီး သူထိုင်နေသော အပေါ်မှ သစ်ပင်ကြီးဆီသို့ လာနားပြီး အဆက်မပြတ် အော်နေတော့သည်။

ထိုအချိန်တွင် သူသည် ကြက်သီး ဖြန်းခနဲထသွားသည်။ ခေါင်းလည်း ကြီးသွားသည်။ စိတ်ထဲတွင် မလုံမလဲ ဖြစ်သွားသည်။ မျက်စိဖွင့်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ဘာမျှ မတွေ့။ ကိုယ်တွင် အအေးဓာတ်ရှိသော်လည်း ချွေးများစို့လာသည်ကို သတိပြုမိသည်။

ကောင်းကင် မော့ကြည့်လိုက်ရာ လသည် အတော်မြင့်နေပြီ။ သူ့စိတ်ထဲမှ နာရီကို တွက်လိုက်သည်။ လ၏ အမြင့်ကို ကြည့်ခြင်းအားဖြင့် ည ဆယ်နာရီလောက်တော့ ရှိမည် ထင်ပါရဲ့။ ငါလဲ သိပ်မလိုတော့ဘူး ဆက်ပြီး ရွတ်ဖတ်ရင်း အာရုံကိုပြန်ပြီး စုစည်းလိုက်သည်။

ထို့နောက် ဂုဏ်တော်များကို ဆက်လက် ရွတ်ပွားနေပါတော့သည်။ ထိုအချိန်တွင် သူမှာထားသော သူ့အစ်ကိုနှင့်အတူ သူငယ်ချင်းများ သူနှင့် မလှမ်းမကမ်းတွင် ရောက်ရှိနေပြီ ဖြစ်သည်။ သူညီကို နောက်ဆုံးည တစ်ခုခုဖြစ်မှာ စိုးရိမ်သည့်အတွက် အစ်ကိုဖြစ်သူမှ သူငယ်ချင်းများ ခေါ်ကာ လိုက်လာခြင်း ဖြစ်သည်။

မောင်စံမြိုင်သည် မျက်လုံးစုံမှိတ်ပြီး ဂုဏ်တော်များကို ဆက်လက် ရွတ်ပွားနေတော့ပါသည်။ အချိန်ကလည်း တဖြည်းဖြည်း ညဉ့်နက်၍ လာခဲ့ပါပြီ။

ထိုအချိန်တွင် ဘေးနားဆီမှ စကားပြောသံများ ကြားရသည်။

'ငါတို့ပစ္စည်း အပါမခံနိုင်ဘူး။ ရအောင် ပြန်ယူမှ ဖြစ်မယ်။ ဒီကောင့်ကို ပျက်စီးအောင် လုပ်ရမယ်။ မရရင်တော့ အတင်းလုကြမယ်ဟေ့'

ဆိုပြီး မသဲမကွဲ ဗလုံးဗထွေးနှင့် ပြောနေသော အသံများကို သူ ကြားနေရသည်။

တချို့ကလည်း သူ၏ရှေ့မှ ဖြတ်သွားလိုက်၊ ပြန်လာလိုက် ဘေးဘက်ဝဲ,ယာကလည်း သူ့ကို ပုံစံအမျိုးမျိုးနှင့် နှောင့်ယှက်နေသည်ကို တွေ့ရသည်။ မောင်စံမြိုင်လည်း ဇောချွေးများ ပြန်လာပြီဖြစ်သည်။ ကြက်သီးကလည်း တဖြန်းဖြန်း ထနေသည်။

သူ စိတ်ကို တည်ငြိမ်အောင် စုစည်းလိုက်သည်။ ဖန်ခွက်ကို လက်တစ်ဖက်ဖြင့် မြှောက်ပြီး အပေါ်က အုပ်ထားသောလက်ကို တအားဖိလျက် လရောင်အောက်တွင် ထောင်ကြည့်လိုက်သည်။

မောင်စံမြိုင် အားတက်သွားသည်။ ဖန်ခွက်ထဲတွင် ထည့်ထားသော ဝက်

www.burmeseclassic.com

ဖွဲ့(၇)ခုသည် ရေပေါ်သို့ မပေါ်တပေါ် ဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရသည်။

ဆရာကြီး မှာထားတာက "လက်ဖွဲ့တွေ အကုန် ရေပေါ်မှာ မျောနေရင် မင်းတို့လုပ်ငန်း အောင်မြင်ပြီသာ မှတ်ပေတော့" ဆိုသည့် စကားကို သူ ကြားယောင်မိသည်။

"သန်းခေါင်ယံ မတိုင်ခင် ဂုဏ်တော်ကို ရွတ်ပွားနိုင်ရင် ဒီညဟာ ဆေးပေါင်းခတဲ့ညလဲ ဖြစ်တဲ့အတွက် ဒီလက်ဖွဲ့က ပိုပြီးသိဒ္ဓိလဲပြီးမြောက်တယ်။ အစွမ်းလဲထက်သကွ"

ဟု ဆရာ၏ မှာကြားချက်တွေ နားထဲမှာ စွဲနေသည်။

မောင်စံမြိုင်သည် လွင့်မျောသွားသော စိတ်ကို စုစည်းပြီး ဂုဏ်တော်များကို ဆက်လက် ရွတ်ဖတ်လျက် ရှိသည်။

ထိုအချိန်တွင် နောက်ဘက်ဆီမှ သူ့ဖက်ပိုးအား ဖြန်းခနဲ ရိုက်ချသလို ခံစားရသည်။ တစ်ချိန်တည်းမှာပဲ ခွေးအူသံများ အဆက်မပြတ် ထွက်ပေါ်လာသံကိုလည်း သူ ကြားလိုက်သည်။ ကျောထဲတွင်လည်း စိမ့်ခနဲ ဖြစ်သွားသည်။ ဂုဏ်တော်ကိုလည်း ဆက်ပြီး ရွတ်ဖတ်လိုက်သည်။

'ငါတို့ဟာ ပြန်ပေး၊ မယူနဲ့၊ တို့ဟာကို ပြန်ပြီးရအောင် လုကြဟေ့၊ ဝိုင်းကြဟေ့၊ လုကြဟေ့'

ဆိုသည့် အသံများ ကြားလိုက်သလို ဖြစ်ကာ လူ လေး,ငါးယောက် သူ့နား ရောက်လာသလိုမျိုး ခံစားလိုက်ရသည်။ သူသည် သတိကြီးစွာဖြင့် လက်ဖြင့် ဖိပြီး အုပ်ထားသော လက်ကိုလည်း မြဲမြဲအောင် ပိုပြီး ဂရုစိုက်ကာ ဆက်လက် ရွတ်ပွားပါသည်။

ပြီးမြောက် အောင်မြင်အောင် ဆောင်ရွက်ရန် အနည်းငယ်သာ လိုတော့သည်။ လက်ဖွဲ့ကလေးများသည်လည်း ရေပေါ်သို့ အားလုံး ပေါ်နေလေပြီ။ သူ အားစိုက်ပြီး မျက်စိမှိတ်ကာ ဆက်လက် ရွတ်ပွားနေပါတော့သည်။

ထိုအချိန်တွင် သူ သတိထားနေသည့်ကြားမှ သူ့လက်တွင်းရှိ လက်ဖွဲ့ထည့်ထားသော ဖန်ခွက်ကို ဝိုင်းလုနေသလိုမျိုး ခံစားနေရသည်၊ သူကလည်း ပြန်လုနေသလို ဖြစ်နေသည်။ ဒီအချိန်အထိ လုပ်လာပြီးမှ ဒီပစ္စည်းကို အပါမခံနိုင်၊ အသက် သေချင်သေပလေ့စေ။ ငါ မပေးဘူး။ အတင်း ဆုပ်ထားသည်။

ထိုအချိန်တွင် ခပ်လှမ်းလှမ်းတွင် ရောက်ရှိနေသော အစ်ကိုဖြစ်သူ မောင်စံခိုင်နှင့် သူငယ်ချင်းများသည် သချိုင်းအတွင်းတွင် ဖုန်များဖြင့် လူးလိမ့်နေသော သူ့ညီ မောင်စံမြိုင်ကို တွေ့လိုက်ရာ အပြေးအလွှား ရောက်လာပြီး ဆွဲထူကာ ပွေ့ထားလိုက်သည်။'

'ညီ...ညီလေး သတိထား၊ အစ်ကိုကြီးတို့ ရှိတယ်။ ဘာမှမကြောက်နဲ့သိလား။ ဒီမှာ ရေသောက်လိုက်ဦး။ ညီလေး သတိရလား။ အစ်ကိုကြီးစံခိုင်လေ သတိထားပါကွာ။ မင်း ဘာမှမဖြစ်ဘူးမို့လား၊ သတိရလာပြီလား'

'အင်း... အစ်ကိုကြီး ပါသွားပြီ အစ်ကိုကြီး ဟီး...ဟီး...ဟီး'

'ညီလေး ဘာမှမပူပါနဲ့ကွာ။ ဒီမှာ ရေသောက်လိုက်ဦး။ မင်း ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့ကွာ။ ကိုယ်နဲ့မထိုက်လို့ပဲ သဘောထားလိုက်တော့ကွာ။ စိတ်မကောင်းလဲ ဖြစ်မနေနဲ့။ သူတို့က ဒီပစ္စည်းနဲ့က ဘယ်လို ပတ်သက်နေလဲမှ မသိတာ။ ညီလေး ဘာ[illegible] မဖြစ်တာပဲ တော်လှပြီ။ ကိုင်း... ည[illegible] လဲ နက်ပြီ။ အိမ်က အဖေတို့၊ အ[illegible] တို့လဲ မျှော်နေရော့မယ်။ ပြန်ကြ[illegible] ကွာ'

အချိန်ကာလတို့သည် တဖြည်း[illegible] ဖြည်း ကုန်ဆုံးသွားကြသည်။ မ[illegible] သောကာလတွင် သတ္တိရှိခြင်း၊ ရဲ[illegible] ခြင်း၊ ဩဇာအာဏာနှင့် ပြည့်စုံခြ[illegible] ရွာသူရွာသားများ ကြည်ညိုလေး[illegible] ခြင်းကို ခံရသော မောင်စံမြိုင်သ[illegible] ရပ်ရွာ သူကြီးတစ်ယောက် ဖြစ်လာ[illegible] တော့သည်။

သူသည် ထိုအချိန်တွင် ဘု[illegible] ကျောင်းကန်များ၊ ဘုန်းတော်[illegible] ကျောင်းများ၊ စာသင်ကျောင်းမျ[illegible] ကျေးရွာ စာကြည့်တိုက်၊ စာတိုက်[illegible] များကို ကျောက်ပြားခင်းခြင်း၊ ရွာ[illegible] တက်အောင် အဘက်ဘက်မှ ဆော[illegible] ရွက်သွားပြီး အသက်(၆၅)နှစ်အရွ[illegible] တွင် ဘဝတစ်ပါးသို့ ပြောင်းသွာ[illegible] သည်။

ဤ အဖြစ်အပျက်ကလေးသည် [illegible] သူကြီး ဦးစံမြိုင်ကိုယ်တိုင် မကွယ်[illegible] မီ စာရေးသူအား ပြောသွားသော[illegible] ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသ[illegible] စာရေးသူလည်း တတ်သရွေ့ [illegible] သရွေ့ စာဖတ်ပရိသတ် စိတ်ဝင်[illegible] အောင် တင်ပြလိုက်ပါသည်။

**ဘဘဦးစံခိုင်၊ ဦးစံမြိုင် ညီအစ်[illegible] (၂)ဦး ကောင်းရာ သုဂတိလာ[illegible] စေ။**

**(ပြောပြပေးသော ဘဘဦး[illegible] အား ဤဝတ္ထုလေးဖြင့် [illegible] အပ်ပါသည်။)**

**ရွှေစံကင်း**

www.burmeseclassic.com

www.burmeseclassic.com



မြောင်းမြ မြင့်ကြိုင်

## ပျော့ရှုးသာနီး

# ဂါထာဆရာနှင့်

### ကြုံဖူးမှ ယုံခဲ့ကြသူများ (၂)

'ဟာ... ကိုမြင့်လှိုင်တို့ကတော့ အေးရာအေးကြောင်းပဲနော်၊ အားကျတယ်ဗျာ။ တကယ်ပါပဲ'

တလောက အလုပ်အားရက်လေးမှာ ရေးလက်စ စာမူတစ်ပုဒ်ကို လက်စသတ်နေတုန်း အသံကြားလို့ လှမ်းကြည့်မိတော့...

'ဩော်...ဆရာမျိုး ဘယ်က လှည့်လာတာလဲ'

'ဘယ်ကမှ လှည့်လာတာ မဟုတ်ဘူးဗျို့။ ခင်ဗျားဆီက အကူအညီ တစ်ခုလောက် တောင်းချင်လို့ လာခဲ့တာ'

'အင်း... ပြောပါဦး ကျွန်တော် ဘာကူညီရမလဲ'

ဆရာမျိုးက ချက်ချင်း မပြောသေးဘဲ ကျွန်တော် ကမ်းပေးတဲ့ ရေနွေးကြမ်းကို တစ်ငုံသောက်လိုက် တယ်။ ပြီးတော့မှ...

'ကျုပ် ခြံထဲမှာ အခန်းတွဲတန်းလျားတစ်လုံး ဆောက်ချင်လို့'

'ဩော်... ဆရာမျိုးပြောတာ ကျွန်တော်သဘောပေါက်ပြီ။ ဒီအတွက် ကျွန်တော်က လက်သမား ရှာပေးရမယ် ဆိုပါတော့...'



www.burmeseclassic.com

www.burmeseclassic.com

ဆရာမျိုး စကားမဆုံးခင် ကျွန်တော် ထင်တာကို ဆွဲဖြတ်ပြောလိုက်တာပါ။

'မဟုတ်ဘူး ကိုမြင့်လှိုင်ရဲ့ ကျွန်တော့်မှာ လက်သမားရှိတယ်။ သစ်ပင်ခုတ်သမားပဲလိုတာ။ ကိုမြင့်လှိုင် သတိမထားမိလို့ နေလိမ့်မယ်။ ကျွန်တော့်ခြံအလယ်က ကုက္ကိုပင်ကြီးလေ အဲဒါကြီး ခုတ်ပစ်မှ တန်းလျားဆောက်လို့ရမှာ'

'ဆရာမျိုးတို့ ရပ်ကွက်ထဲမှာ အပင်ခုတ်သမား ရှားလို့လား'

ကျွန်တော့်အမေးကို ဆရာမျိုး ဆေးလိပ်ဖွာရင်း...

'ရှားလို့ မဟုတ်ဘူး ကိုမြင့်လှိုင်ရဲ့ ဘယ်လိုပြောရမလဲ ဒီလိုဗျာ။ ပထမ အပင်ခုတ်သမားတစ်ယောက် ခေါ်တယ်။ စရန်ယူပြီး နှစ်ကိုင်း၊သုံးကိုင်း ခုတ်ပြီး နေမကောင်းလို့ဆိုပြီး ရှောင်သွားတယ်။

သူတို့ ပြောစကားအရတော့ အပင်မှာ ဟိုဟာရှိတယ်၊ ဒီဟာ ရှိတယ်လို့ ပြောပြောပြီး ရှောင်ရှောင်သွားကြတယ်။ ကျွန်တော်ကတော့ ဒါတွေ အယုံအကြည်မရှိဘူး။ သူတို့ဟာသူတို့ လက်ကြောမတင်းတာကို ဖုံးကွယ်ချင်တာနဲ့ မဟုတ်တာတွေ လျှောက်ပြောတာပါဗျာ။

ဒါနဲ့ ကျွန်တော်လဲ တတ်သိသလောက် နည်းနည်းပါးပါး ပြောပြီး ရပ်ကွက်ထဲက ကိုရှိုင်ဆိုတဲ့ သစ်ပင်ခုတ်တဲ့လူကို ခေါ်ပေးလိုက်တယ်ပဲ ပြောပါတော့'

ဆရာမျိုးဆိုတာက တောင်ဒဂုံမှာ နေတဲ့ ကဗျာဆရာတစ်ယောက်ပါ။ ကျွန်တော်နဲ့ စာပေမိတ်ဆွေပဲ ဆိုပါတော့။ ဆရာမျိုးကတော့ အပင်ခုတ်တဲ့သူကို ခေါ်ပြီးပြန်သွားပြီ။ ကျွန်တော့်ဆီမှာ ကျန်ခဲ့တာက အခုလို အပင်ကြီးတွေ ခုတ်တာနဲ့ ပတ်သက်ပြီး ကြုံခဲ့ရတဲ့ ဆန်းကြယ်တဲ့ အတိတ်ပုံရိပ်တစ်ခုပါ။

ဒီပုံရိပ်ဟာ နှစ်‚နှစ်ဆယ်ကျော် ကြာပြီဖြစ်ပေမယ့် အခုလို တိုက်ဆိုင်မှုရှိလို့ ပြန်စဉ်းစားမိတိုင်း ရုပ်ရှင်အနေနဲ့ ပြကွက်ကို ကြည့်ရသလို ပြတ်ပြတ်သားသား မြင်နေရမြဲပါ။

* * *

ဒီလို ဆန်းကြယ်တဲ့ ဖြစ်ရပ်မျိုးတွေနဲ့ အဓိက ပတ်သက်ခဲ့တဲ့ လူကတော့ ကျွန်တော်တို့ရဲ့ 'ဇာတ်လိုက်ကျော်' ကိုဂျာအေးပါပဲ။

ကျွန်တော့်အနေနဲ့ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ(၂၃၃)မှာ ''လူထူးဆန်းဂျာအေးနှင့် ကြုံဖူးမှ ယုံခဲ့ကြသူများ(၁)''ကို ဖော်ပြခဲ့ပြီးပါပြီ။ အခု ကျွန်တော်ပြောမယ့် အကြောင်းအရာတွေကလဲ လူထူးဆန်း ကိုဂျာအေး အကြောင်းတွေချည်းပဲမို့ ''လူထူးဆန်းဂျာအေးနဲ့ ကြုံဖူးမှ ယုံခဲ့ကြသူများ(၂)''လို့ပဲ ခေါင်းစဉ်တပ်လိုက်ပါတယ်။

ပြောရမယ်ဆို... အဲဒီနေ့က ကောင်းကင်ဟာ ပြာစင်ကြည်လင်နေပါတယ်။ အနောက်တောင်လေဟာ ညင်သာစွာ တိုက်ခတ်နေလို့လဲ နေခြည်ဟာ နွေးထွေးတယ်ဆိုရုံ လောက်ဖြာကျနေတယ်။ ဖွန်လလယ် ရောက်နေပေမယ့် ကမ္ဘာမြေမိုးဟာ မိုးရေကို တစ်စက် တစ်ပေါက်တောင် သောက်ခွင့် မကြုံရသေးပါဘူး။

ဒီလိုသာယာတဲ့ ညနေခင်းတစ်ခုမှာ ကျွန်တော်ရယ်၊ ကျွန်တော့်အစ်ကို ဝမ်းကွဲ ကိုစိုးထွန်းရယ်၊ မြောင်းမြကမ်းနားလမ်းအတိုင်း လျှောက်လာပြီး စကြာနန္ဒစေတီတော်မြတ်ကြီးရဲ့ အရှေ့ဘက်မုခ်ကဝင်ပြီး စေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုလိုက်တယ်။

ကျွန်တော်တို့ ဘုရားဝတ်ပြုနေချိန်မှာ မြစ်ဘက်ကို မျက်နှာမူပြီး စကားတွေ တတွတ်တွတ် ပြောနေတဲ့ လူတစ်ယောက် ရှိနေပါတယ်။ တခြားလူတော့မဟုတ်ဘူး ကိုဂျာအေးပါပဲ။

ကျွန်တော်တို့ ဘုရားထဲ ဝင်လာကတည်းက သူ့ကို လှမ်းတွေ့နေပေမယ့် သူကတော့ ပတ်ဝန်းကျင်ကို ဥပေက္ခာပြုပြီး သူ့ရှေ့မှာ တသွင်သွင်စီးနေတဲ့ မြစ်ပြင်ကျယ်ကြီးကိုသာ စကားတွေ ဖောင်ဖွဲ့နေတာပါ။

ဒါနဲ့ ကျွန်တော်တို့လဲ ဘုရားဝတ်ပြုပြီးလို့ ဘုရားကို လက်ယာရစ် တစ်ပတ်ပူဇော်ပြီး အနောက်ဘက်မုခ်ထိပ် ရောက်တော့...

'အစ်ကိုလေးတို့ ဘယ်သွားကြမှာလဲ'

အသံကြားလို့ လှည့်ကြည့်တော့ ကိုဂျာအေး ဖြစ်နေတယ်။ ဘယ်အချိန်ကတည်းက ကျွန်တော်တို့အနောက် ရောက်လာတယ်တော့ မသိပါဘူး။ ဒါနဲ့ ကျွန်တော့်အစ်ကို စိုးထွန်းက...

'ဘုရားချောင်းထဲက တို့ဝယ်ထားတဲ့ ခြံထဲသွားမလို့ကွ ဂျာအေးရဲ့ မင်း လိုက်ဦးမလား'

ဆိုတော့ ကိုဂျာအေးက မဆိုင်းမတွဘဲ...


'ဟုတ်ကဲ့ လိုက်ခဲ့မယ်။ ဒါပေမယ့် အပြန်ကျရင် ကျွန်တော့်ကို မုန့်ဖိုးတစ်ဆယ်ပေး။ ကျွန်တော့်မှာ ကိုးဆယ်ရှိတယ်၊ တစ်ရာပြည့်ရင် ဘုရားမှာ တစ်ခါတည်း ဝင်လှူချင်လို့'

တဲ့။ ဒါကတော့ ကိုဂျာအေးရဲ့ ကိုယ်ကျိုးမပါတဲ့ တောင်းဆိုချက်ပါ။ ကျွန်တော့်အစ်ကို ကိုစိုးထွန်းကလဲ



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ် လိုက်ခဲ့ပေါ့။

ဒါနဲ့ ကျွန်တော်တို့ ဘုရားအနောက်မုခ်ဘောက ဘုရားချောင်းတံတားကို ဖြတ်ကျော်ပြီး ရွာထဲဝင်ခဲ့တယ်။ ကိုစိုးထွန်း ဝယ်ထားတဲ့ မြေကွက်က ရွာအစွန် နည်းနည်းကျတယ်။ ကျွန်တော်တို့ခြံထဲ ရောက်ချိန်ဟာ ရွာစကားနဲ့ပြောရင် နရိုင်းသွင်းချိန် (နွားရိုင်းသွင်းချိန်)ပေါ့။

'အစ်ကိုလေးတို့ခြံက အကျယ်ကြီးပဲနော်'

ကိုဂျာအေးက ပြောရင်း ခြံထဲကို လှည့်ပတ်ကြည့်နေတယ်။

'အဲဒီလောက် ကျယ်မှပဲ ဝက်မွေးဖို့ အဆင်ပြေမှာ ကိုဂျာအေးရ'

'ဒါဆို ဒီအပင်ကြီးတွေကို... အမယ်လေး လန့်လိုက်တာ'

ကိုဂျာအေး စကားကို ဆုံးအောင် မပြောလိုက်ရဘူး။ ခြံအလယ်လောက်မှာရှိတဲ့ ညောင်ပိန္နဲပင်ကြီးကို မော့ကြည့်ပြီး အမယ်လေး တ,လိုက်တာပါ။

ဒါကို ကိုစိုးထွန်းကြားတော့...

'ဘာ့ဖြစ်လို့ အမယ်လေး တ,လိုက်တာတုန်း ဂျာအေးရ'

လို့ လှမ်းမေးလိုက်တယ်။

'မဟုတ်ပါဘူး အစ်ကိုလေးတို့ ဝက်ခြံဆောက်ရင် ဒီအပင်ကြီး လွတ်လားလို့ မေးမလို့ပါ'

'ဘယ်လွတ်မှာတုန်း၊ မနက်ဖြန် ခြံစည်းရိုးခတ်ပြီး ဒီအပင်တွေ အကုန်ရှင်းရမှာကွ'

ဆိုတော့ ကိုဂျာအေးက နောက်သလို ပြောင်သလို လေသံမျိုးနဲ့...

'ဟီး...ဟီး...အစ်ကိုလေးတို့တော့ မသိဘူး။ ကျွန်တော်ကတော့ ဒီအပင်က ပုဂ္ဂိုလ်ကို ကြောက်တယ်။ ဟဲ...ဟဲ...အကြီးကြီးပဲဗျ'

ကိုဂျာအေးစကား ကြားတော့ ကျွန်တော်နဲ့ ကိုစိုးထွန်း နည်းနည်းတော့ လန့်သွားတယ်။ ကိုဂျာအေးဆိုတာ သိတယ်မဟုတ်လား၊ သူပြောရင် လွဲခဲ့တယ်လေ။

ဒါနဲ့ ကိုစိုးထွန်းက...

'ဂျာအေးရယ် ရှင်းအောင်ပြောစမ်းပါကွ၊ မနက်ဖြန်ဆို သစ်ခုတ်သမားတွေ လာတော့မှာ။ ဒီအပင်ကြီးကို ခုတ်လို့ဖြစ်တယ် မဟုတ်လား'

ကိုစိုးထွန်းရဲ့ အမေးကို ကိုဂျာအေး ပြန်မဖြေဘဲ ညောင်ပိန္နဲပင်ကြီးဆီကို ခပ်ထွေထွေ စိုက်ကြည့်ရင်း လျှောက်သွားတယ်။ ဒီအချိန်မှာ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုက သိပ်သည်းစပြုနေပြီ။

ညောင်ပိန္နဲပင်ကြီး အောက်မှာ ကိုဂျာအေး ရပ်နေတာ အတော်ကြာတယ်။ သူ့ပါးစပ်ကလဲ ပွစိပွစိနဲ့ ဘာတွေ ပြောလို့ပြောမှန်း မသိသလို ကြားလဲမကြားရပါဘူး။ ခဏနေတော့ ကိုဂျာအေးက ကျွန်တော်တို့နား ပြန်လျှောက်လာပြီး...

'အစ်ကိုလေး မုန့်ဖိုးတစ်ဆယ်ပေး ဘုရားသွားလှူတော့မလို့'

ကဲ... ကြည့် ကိုစိုးထွန်း မေးတာကို ဘာမှ ပြန်မဖြေဘဲ မုန့်ဖိုးအတင်းတောင်းပြီး သွားဖို့လုပ်နေတဲ့ ကိုဂျာအေးကို ကျွန်တော် ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူး။ ဒါပေမယ့် ကိုစိုးထွန်းက ငွေတစ်ဆယ် ထုတ်ပေးပြီး ကိုဂျာအေးနဲ့အတူ လျှောက်ပြန်လာတယ်။ လမ်းရောက်တော့မှ...

'ဟေ့ ဂျာအေး သစ်ပင်ခုတ်ဖို့ မင်းကို မေးထားတာ ပြန်မဖြေရဘူးနော်၊ ဘယ်လိုလဲ ခုတ်လို့ အဆင်ပြေတယ် မဟုတ်လား'

ကိုစိုးထွန်း မေးလိုက်တဲ့အသံက နည်းနည်းတော့ ဒေါသသံ စွက်သွားထင်ပါရဲ့။

ကိုဂျာအေး ခပ်သွက်သွက်လျှောက်နေရင်းက...

'ဒီနေ့ မခုတ်နဲ့၊ မနက်ဖြန်မခုတ်နဲ့၊ ဘယ်သူမှ ခုတ်နိုင်မှာလဲ မဟုတ်ဘူး။ သဘာဝအတိုင်း ပေါက်လာတဲ့ အပင် သဘာဝတရားက သူ့ဟာသူ လာခုတ်လိမ့်မယ်။ မိုးရွာအောင်စောင့်'

အဲဒါပါပဲ။ ကိုဂျာအေး အော်ပြောသွားတာ အဲဒါပါပဲ။ ကိုစိုးထွန်းက ကျွန်တော့်ကို ဘယ်လိုသဘောရလဲ ဆိုတဲ့ အကြည့်နဲ့ လှည့်ကြည့်လိုက်တယ်။ ကျွန်တော်ကလဲ...

'သူ ပြောသလို မိုးလေးနည်းနည်း ရွာအောင် စောင့်ကြည့်လိုက်မယ် အစ်ကိုရာ။ ကျွန်တော်တို့လဲ အနေ



www.burmeseclassic.com

www.burmeseclassic.com

တကြီး လုပ်စရာလဲ လိုမှ မလိုသေးတာ'

လို့ ကျွန်တော် ပြောလိုက်တော့ ကိုစိုးထွန်းက သိပ်တော့ လက်ခံချင်ပုံ မရဘူး။

သူ့အဖေ ကျွန်တော်တို့ဘကြီး ကျောင်းဆရာ ဦးမောင်မောင်စံဆိုလဲ ဒီလိုပဲ နာနာဘာဝ၊ ဝိနာဘာဝ၊ စုန်းတွေ၊ နတ်တွေ လာမပြောနဲ့ နားထားဆိုတဲ့ လူစားပဲ။

ဒါပေမယ့်လဲ အခု ပြောတဲ့လူက ကိုဂျာအေးဆိုတော့လဲ ကိုစိုးထွန်း အနေနဲ့ နည်းနည်းတော့ စဉ်းစားရပြီ။ ဒီတော့...

'အေးလေ မနက်ဖြန် ဟိုကောင်တွေလာရင် ခြံစည်းရိုးပဲ အရင်ခတ်ထားခိုင်းလိုက်ပေါ့။ အပင်ကိစ္စတော့ ခဏနေ ခိုင်းလိုက်ဦးမယ်'

ကိုစိုးထွန်းက အခုလို စကားကို မယုံမရဲစိတ်နဲ့ပြောပြီး ကြာလှမှ တစ်ပတ်၊ ဆယ်ရက်ပေါ့ မှတ်မှတ်ရရ ဖွန်လရဲ့ နောက်ဆုံးလပတ် တစ်နေ့မှာ ဖြစ်မယ်ထင်တယ်။ အဲဒီနေ့က တစ်မနက်လုံး နေက လွတ်လွတ်ကျွတ်ကျွတ် ပူနေရာက ကောက်ကာငင်ကာ မိုးရွာချလိုက်တယ်။

အဝင်နောက်ကျတဲ့ မုတ်သုံမိုးဟာ ညင်ညင်သာသာတော့ မရှိခဲ့ဘူး။ လျှပ်စီးတဝင်းဝင်း မိုးကြိုးကလဲ တဒိန်းဒိန်းနဲ့ ဘီလူးဆိုင်းတီးပြီး ဝင်လာခဲ့တယ်။

ဒီလို လေရော မိုးရော ကောင်းနေတဲ့အချိန်မှာ ဘုရားချောင်းက ဝယ်ထားတဲ့ခြံမှာ အစောင့်အဖြစ် ငှားထားတဲ့ ဦးဖိုးခင်ဆိုတဲ့ ဦးလေးကြီး၊ ကျွန်တော်တို့နေတဲ့ မြို့ထဲကအိမ်ကို လိုက်လာပြီး...

'မောင်စိုးထွန်းရေ ခြံထဲက ညောင်



ပိန္နဲပင်ကြီးတော့ မိုးကြိုးထိလို့ လဲသွားပြီကွ။ ဟိုတစ်နေ့ကမှ ကာထားတဲ့ ခြံစည်းရိုးတချို့လဲ အပင်ပိလို့ ကျိုးကုန်ပြီ။ မိုးနည်းနည်းစဲရင် တစ်ခေါက်လာကြည့်ပါဦး'

ဆိုတော့ ကိုစိုးထွန်းခမျာ ပါးစပ်အဟောင်းသားနဲ့ ဘာမှ ပြန်မပြောနိုင်ဘူး။ ဆိုင်ကယ်ဆွဲပြီး ဘုရားချောင်းခြံထဲသို့ သုတ်ခြေတင်တော့တာပဲ။

ခြံရောက်တော့ မြင်ရတဲ့ မြင်ကွင်းက ဘယ်လိုမှ ထင်မှတ်မထားတဲ့ မြင်ကွင်းပဲ။ လူကြီး နှစ်ဖက်စာလောက်ရှိတဲ့ ညောင်ပိန္နဲပင်ကြီး မြေမှာ ဘုန်းဘုန်းလဲနေပြီး ပင်စည်ငုတ်တိုကြီးက မြေပေါ်မှာ နှစ်ပေလောက်ပဲ ကျန်ခဲ့တယ်။

**"သဘာဝအတိုင်း ပေါက်လာတဲ့ အပင် သဘာဝတရားကပဲ လာခုတ်လိမ့်မယ်"** ဆိုတဲ့ ကိုဂျာအေးရဲ့စကားကို ကိုစိုးထွန်းတစ်ယောက် ပြန်ကြားယောင်နေမိပါတယ်။

တကယ်တော့ ကိုဂျာအေးဟာ ဗေဒင်ဆရာတစ်ယောက် မဟုတ်သလို ယတြာချေ ဓာတ်ရိုက်ဓာတ်ဆင်လဲ မလုပ်တတ်ပါဘူး။ ဒါပေမယ့် ကျွန်တော် ပြောပါကော သူ ပြောရင် လွဲခဲ့တယ်လို့။

'ဒါဟာ တိုက်ဆိုင်မှုတစ်ခု မဖြစ်နိုင်ဘူးလား'

လို့ စာဒက တက်ကောင်းတက်မယ့်လူ ရှိကောင်းရှိပါလိမ့်မယ်။ ထားပါ။ ဒါဆို နောက်ထပ် တိုက်ဆိုင်မှု တစ်ခုဆီကို ဆက်သွားကြည့်ရအောင်...

* * *

မျိုးမင်းဆိုတာ မြောင်းမြဦးဘချို လမ်းမှာနေတဲ့ ဦးတင်နွယ်ရဲ့သား အလတ်ကောင်ပါ။ စိတ်ရင်းသဘောထား မဆိုးပေမယ့် ထော်လော်ကန့်လန့်တော့ အတော်လုပ်တဲ့ကောင်ပါ။ မလုပ်နဲ့ဆို နည်းနည်းတော့ လုပ်ကြည့်ရမှ၊ မသွားနဲ့ဆို ခြေလှမ်း တစ်လှမ်းတော့ တိုးကြည့်ရမှ။ အဲဒီလို လုပ်လိုက်ရမှ စားဝင်အိပ်ပျော်တဲ့ညာဉ် ရှိတဲ့ကောင်။

အဲဒီနေ့ကလဲ မှတ်မှတ်ရရ သင်္ကြန်အတက်နေ့ နောက်ဆုံးနေ့ပေါ့။ လူငယ်တိုင်းလိုလို မျက်စိနှစ်လုံးပွင့်ကတည်းက **နောက်ဆုံးပိတ် အိတ်နဲ့လွှယ်** ကဲဖို့ကို တာဆူနေကြတယ်။ ဒီအထဲမှာ မျိုးမင်းတို့အုပ်စုလဲ ထိပ်ဆုံးကပေါ့။

မနက် ရှစ်နာရီလောက်ကတည်းက သူတို့ ငှားထားတဲ့ ဂျစ်ကားပေါ် တက်လိုက်ဆင်းလိုက်နဲ့ ရှုပ်ထိုးနေကြတယ်။

'သင်္ကြန်ရေတွေ အေးပါတယ်ဆို... သင်္ကြန်ရေက ချမ်းပါတယ်ကွယ်... အစ်ကိုလေးတို့ ဘယ်သွားကြမလို့လဲ'

သင်္ကြန်သီချင်း ရတဲ့အပိုဒ်လေးကို ထပ်ကာထပ်ကာဆိုရင်း မျိုးမင်းတို့ အနား ရောက်လာတာက ကိုဂျာအေး ပါပဲ။

တကယ်ဆို မျိုးမင်းတို့ အဖွဲ့လုံး ကိုဂျာအေးထက် တော်တော်ငယ်ကြပါတယ်။ ဒါပေမယ့် ကိုဂျာအေးက



www.burmeseclassic.com

www.burmeseclassic.com

မွေးကင်းစကလေးကလွဲရင် ကျန်တဲ့ အရွယ်အားလုံးကို အစ်ကိုလေးလို့ပဲ ခေါ်တာ သူ့အကျင့်ပဲ။

မျိုးမင်းက ကားထဲကို လိုမယ့် ပစ္စည်းတွေ ထည့်နေရင်းက ကိုဂျာအေးကို တစ်ချက်ကြည့်ရင်း အိတ်ထဲက ငါးကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်တယ်။

ကိုဂျာအေးက မျိုးမင်းပေးတဲ့ ပိုက်ဆံကိုမယူဘဲ ဂျစ်ကားကို လှည့်ပတ်ကြည့်တယ်။ ပြီးတော့…

'ကားခေါင်းက အတော့်ကို ပိန်ချိုင့်နေတာပဲ။ ကြည့်လို့မကောင်းဘူး'

ကိုဂျာအေးစကား ကြားတော့ မျိုးမင်း ကပျာကယာ ကားခေါင်းကို ပြေးကြည့်တယ်။ ပြီးတော့…

'ကိုဂျာအေးကလဲဗျာ… ကားခေါင်းက ဘယ်မှာ ပိန်ချိုင့်နေလို့လဲ၊ ခင်ဗျား မဟုတ်တာတွေ အတော်ပြောတာပဲ။ ခင်ဗျား ဒိုးလိုက်တော့'


'ဟုတ်တယ် အစ်ကိုလေးရဲ့၊ တကယ်ပြောတာ အစ်ကိုလေးတို့ ဒီကားမစီးဘဲ သဲပုံဆိပ်က ဒိန်းဒေါင်းလေးပဲ ငှားစီးတာမှ သက်သာဦးမယ်'

'ခင်ဗျားကလဲ ဒိန်းဒေါင်း မစီးချင်လို့ ဂျစ်ကားကို ဈေးကြီးပေးပြီး ငှားတာ၊ ရော့ ဒီမှာ ပိုက်ဆံယူပြီး မုန့်သွားစားလိုက်တော့'

နဂိုကလဲ မျိုးမင်းက ကိုဂျာအေးကို ကြုံရင်ကြုံသလို မုန့်ဖိုးပေးတတ်ပါတယ်။ တောင်းတောင်း မတောင်းတောင်း ပေးနေကျပါ။ ဒါပေမယ့် အခုတော့ ကိုဂျာအေးက မျိုးမင်းပေးတဲ့ ပိုက်ဆံကို မယူဘဲ…

'အစ်ကိုလေး ဒီကားစီးလို့ ကောင်းမှာ မဟုတ်ဘူး။ တခြားကား စီးပါလား'

'ကဲပါ ကိုဂျာအေးရယ်…ခင်ဗျားက ဘာတွေ လာပြောနေတာလဲ၊ ဒီနေ့



နောက်ဆုံးနေ့ဗျ၊ အပီကဲရမယ့်နေ့ဆိုတာ သိရဲ့သားနဲ့…'

'ဒီလောက်တောင် ပြောမရရင် အင့်ဟာ…'

ကိုဂျာအေးက ပြောပြောဆိုဆို မျိုးမင်းပါးနှစ်ဖက်ကို သူ့လက်ဖဝါးကြီးတွေနဲ့ ဆွဲယူလိုက်ပြီး နဖူးချင်း ခပ်ဆတ်ဆတ်လေး တိုက်လိုက်ပြီး လမ်းအတိုင်း မပြေးရုံတမည် ထွက်သွားတယ်။

မျိုးမင်းကတော့…

'ဒီလူကြီး ဒီနေ့ကျမှ ဘာလာ ကြောင်နေပါလိမ့်'

လို့ တွေးမိလိုက်တယ်။

ကိုဂျာအေး ထွက်သွားပြီး ဘာကြာလိမ့်မတုန်း၊ မျိုးမင်း တဝါးဝါးနဲ့ သမ်းတော့တယ်။ သူ့မျက်စိရှေ့ မြင်မြင်သမျှ အရာတွေ အကုန်ချာလပတ် လည်နေတယ်။ စိတ်ထဲလဲ သင်္ကြန်လည်ဖို့ကို မေ့သွားတယ်။ အိမ်ပြန်အိပ်ဖို့ကိုပဲ အာသာဆန္ဒ ပြင်းပြနေတယ်။

သူ့ဘော်ဒါတွေ ခေါ်တာလဲ မကြားတော့ဘူး။ မေးတာလဲ မဖြေနိုင်တော့ဘူး။ အိမ်ပြန်အခန်းထဲဝင်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။

သူ အိပ်ရာနိုးတော့ နေ့လယ်ပိုင်းရောက်နေပြီ။ ဒီတော့မှ သင်္ကြန်လည်ဖို့ သူငယ်ချင်းတွေနဲ့ ချိန်းထားတာကို သတိရတယ်။

'အမေတို့ကလဲဗျာ သင်္ကြန်လည်ဖို့ကို သူငယ်ချင်းတွေနဲ့ ချိန်းထားတာ သိရဲ့သားနဲ့ အိပ်ပျော်သွားတာ နည်းနည်းပါးပါးလေး မနှိုးလိုက်ဘူး။ ဒီအချိန်မှတော့ အကုန်လုံး လွဲကုန်ပါပြီ။

မျိုးမင်းက အိပ်ရာနိုးနိုးချင်း သူ့အမေ ဒေါ်ခင်မြကို အပြစ်တင်စကားဆိုနေတာပါ။

'အမယ်လေးတော်… သူကပဲ မိဘကို ရန်ပြန်လုပ်ရသေးတယ်။ မင်း သူငယ်ချင်းတွေ လာခေါ်တော့ မင်းကိုယ်တိုင်ပဲ မလိုက်တော့ဘူး အိပ်ချင်လို့ဆိုပြီး အခန်းထဲ ဝင်သွားတာများ…'

'ဗျာ…သား ဒီလိုပြောမိလို့လား'

'ပြောပါ့တော် ကိုတော်ချောရယ်၊ မင်း သူငယ်ချင်းတွေတောင် မင်းကို စိတ်ချုပြီး ထွက်သွားတယ်'

အမေလုပ်သူ ဒေါ်ခင်မြရဲ့ စကားကြားတော့ မျိုးမင်း အတော်အံ့သြသွားတယ်။ ကိုဂျာအေး သူ့ကို နဖူးနဲ့တိုက်လိုက်ပြီးကတည်းက နောက်ပိုင်း သူ ဘာမှ သိပ်မမှတ်မိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြန်အိပ်ဖို့ တစ်ခုပဲ စိတ်စွဲနေတယ်။

'အခုချိန် ဘာမှ လုပ်လို့မရတော့မယ့်အတူတူ လက်ဖက်ရည်ဆိုင်သွားထိုင်တာပဲကောင်းမယ်'

ဆိုတဲ့ အတွေးနဲ့ စက်ဘီးဆွဲပြီး (၄)လမ်းထိပ် လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့တယ်။

'ဟာ... မျိုးမင်း မနက်က ကျော်အောင်တို့ သင်္ကြန်ကားနဲ့ မင်း ပါသွားတာမဟုတ်လား၊ ဘယ်တုန်းက ပြန်ရောက်တာလဲ'

လက်ဖက်ရည်ဆိုင်ရှင် ဦးမြအေးက မျိုးမင်းကို သင်္ကြန်ကားနဲ့ လည်ဖြစ်တယ်အမှတ်နဲ့ လှမ်းပြောလိုက်တာပါ။

'ဟုတ်တယ် ဦးလေးရ၊ မနက်ကတော့ ကျော်အောင်တို့နဲ့ သွားဖို့ စီစဉ်ပြီးမှ ကျွန်တော် အိပ်ပျော်နေလို့ မလည်ဖြစ်လိုက်ဘူး'

'ဒါဆို မင်းက ကွက်ပြီးကံကောင်းသွားတာပေါ့'

'ဘယ့်နှယ် သင်္ကြန်မလည်လိုက်ရဘူးဆိုတာ ကံကောင်းတယ် ခေါ်မလား ဦးလေးရဲ့'

မျိုးမင်းက သူ့ သင်္ကြန်မလည်လိုက်ရတာကို ကံကောင်းတယ်ပြောတဲ့ ဆိုင်ရှင်ဦးမြအေးကို ဘုတောလိုက်တယ်။ ဒီတော့ ဆိုင်ရှင် ဦးမြအေးက...

'မင်း... ဒီလိုပြောပုံထောက်ရင် ကျော်အောင်တို့သတင်း မကြားသေးဘူးနဲ့တူတယ်'

'ဘယ်လို... ကျော်အောင်တို့သတင်း ဟုတ်လား၊ ဘာသတင်းလဲ'

'မင်း တကယ်မသိဘူး ဟုတ်လား'

'ကျွတ် ဦးလေးကလဲ မသိပါဘူးဆိုနေ'

'ကျော်အောင်တို့ သင်္ကြန်ကား ကုန်းသာဘက်မှာ ရေထွက်ပေါက်တဲ့ ကုလေးကို ရှောင်လိုက်တာ အရှိန်လွန်ပြီး လမ်းဘေးက အပင်ကို ဝင်တိုက်မိပြီး မှောက်သွားတယ်လေ။ အခု အကုန်လုံး ဆေးရုံပေါ်မှာ။ အကုန်လုံး အကျိုး အပဲ့ အကွဲ အပြဲတွေချည်းပဲ။

ကားကလဲ ခေါင်းတစ်ခုလုံး ပိန်လိန်သွားတာပဲ။ အသေအပျောက်မရှိလို့ တော်သေးတယ် ပြောရမှာပေါ့။ ဒါကြောင့် မင်း လိုက်မသွားဖြစ်တာ ကံကောင်းတယ်လို့ ငါပြောတာပေါ့ကွ'

'ဩော် ကျွန်တော် တကယ်ကို မသိတာ ဦးလေးရဲ့၊ အခုမှ အိပ်ရာနိုးလို့ လက်ဖက်ရည်လာသောက်တာ'

'အေးလေ ဘာပဲဖြစ်ဖြစ် အပေါင်းအသင်း အချင်းချင်း သတင်းလေး ဘာလေး သွားမေးလိုက်ဦးပေါ့'

ကြည့်စမ်း... မနက်ကသာ ကိုဂျာအေးနဲ့သာ မတွေ့ရင် ငါလဲ အခုလောက်ဆို ဆေးရုံမှာ ပတ်စီး အဖွေးသားနဲ့ ဖြစ်နေလောက်ပြီ၊ ငါ့နှယ် ကံကောင်းလိုက်တာ။ အဲ... ငါ ကံကောင်းလို့ မဟုတ်ဘူး။ ကိုဂျာအေး ကောင်းလို့ ဟုတ်တယ်။ ကိုဂျာအေး ကယ်လိုက်လို့ မဟုတ်ရင် ငါလဲ သေမယ် ရှင်မယ် ခန့်မှန်းလို့ ရတာ မဟုတ်ဘူးလို့ ဆေးရုံလာရင်း တွေးနေ မိတယ်။

ဒီနောက်ပိုင်းတော့ ကိုမျိုးမင်းတစ် ယောက် ကိုဂျာအေးက အစ်ကိုလေး ဒါဆိုရင် မျိုးမင်းက ဒါလိုက်တာပဲ။

ကျွန်တော်တို့ သိခဲ့တဲ့ ကိုဂျာအေး ဟာ အဲဒီလို ထူးခြားတဲ့ လူတစ်ယောက်ပါ။ သူ့မှာ သာမန်လူတွေထက် ထူးခြားတဲ့ အပြင်ပန်း သွင်ပြင် လက္ခဏာတွေ မရှိခဲ့ပေမယ့် သာမန်လူတွေ မသိမမြင် နိုင်တာတွေကိုတော့ သူသိ သူမြင် တယ်လို့ ပြောရမယ်ထင်ရဲ့။

တစ်ခါ... တစ်ခါကျတော့ ကိုဂျာအေးနဲ့ဆုံရတာ မျက်လှည့် ဆရာတစ်ယောက်၊ ပဋ္ဌလက်ဆ တစ်ယောက်နဲ့ ဆုံရသလို အ အဆန်းတွေနဲ့ ခေါင်းစားခဲ့ရပြန်တယ်

အဲဒီနေ့က ဆရာပေါက်တို့အိမ် ဝါဆိုသင်္ကန်းကပ်သလား၊ ဘု အနေကဇာတင်သလား မှတ် မမှတ်မိတော့ဘူး။ ဆရာပေါက်ဆို မြောင်းမြမြို့ပေါ်မှာတော့ အသင်၊ အ အတော်ကောင်းတဲ့ ကျူရှင်ဆရာ ယောက်ပါ။ တပည့်တွေအပေါ် စေတနာထားတဲ့ဆရာပါ။ ထ တော့... ဆရာပေါက်ရဲ့ ဖိတ်ကြား အရ ကျွန်တော်ရယ်၊ ကိုစိုးထွန်း အလှူကို ရောက်လာခဲ့ကြတယ်။

ကျွန်တော်တို့နဲ့ ရှေ့ဆင့်နောက် ရောက်လာခဲ့တာကတော့ ဘော ရောင်းတဲ့ ကိုမြင့်ကိုရယ်၊ ဈေးထဲ ထည်ရောင်းတဲ့ ကိုဝင်းမြင့် မုန့်မျိုးစုံရောင်းတဲ့ ကိုခေတ်ရွှ ဘဲဒိုင်ဖွင့်ထားတဲ့ အနဲရယ် ကျွန်တော်တို့ခြောက်ယောက် တ တည်း ထိုင်နေတုန်း ကိုဂျာအေ



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာတယ်။ ဆရာပေါက်က...

'ဂျာအေးရေ ဒီမှာ လွတ်တဲ့နေရာမှာ ဝင်ထိုင်ကွာ'

လို့ ပြောလိုက်တော့ ကိုဂျာအေးက ကိုစိုးထွန်းရှိတဲ့ ကျွန်တော်တို့ဝိုင်းကို ဝင်လာတယ်။ တစ်ဝိုင်းလုံး သူ့ပါတနာ တွေချည်းပဲကိုး။

ထမင်းပွဲတွေ လာချတော့ အထည် ရောင်းတဲ့ ကိုမြင့်ကိုက...

'ဆရာပေါက် တို့စရာ သခွားသီး လေး ဘာလေး ရှိသေးလား'

ဆိုတော့ ဆရာပေါက်က...

'နေဦး ကိုမြင့်ကိုရေ ကျန်တောင် ကျန်သေးရဲ့လား မသိဘူး။ ကျွန်တော် နောက်ဖေး ဝင်ရှာလိုက်ဦးမယ်'

'နေ...နေ အစ်ကိုလေး မရှာနဲ့ တော့၊ ကျွန်တော် ယူပေးမယ်'

အခုလို ပြောလိုက်တာ အခြားလူ မဟုတ်ပါဘူး ကိုဂျာအေးပါ။

'မင်းမှာ ပါလို့လား ဂျာအေးရ'

ကိုမြင့်ကို အမေးကို ဂျာအေးက...

'အစ်ကိုလေး စားချင်ရင် ခူးပေးမှာ ပေါ့'

လို့ ပြောရင်း သူ့ဘယ်ဘက်လက် ကို ပြတင်းပေါက်ဘက်ဆန့်ပြီး ပြန်ဆွဲ ယူလိုက်တော့ အံ့ဩစရာ... သူ့ လက်ထဲမှာ အရှည်ဆယ်လက်မ လောက်ရှိမယ့် သခွားသီးတစ်လုံး ပါလာတယ်။ တကယ့်ကို လတ်လတ် ဆတ်ဆတ်ပါ။ အညာမှာ အစေး တောင် မခြောက်သေးဘူး။

ဆရာပေါက်က လာတဲ့ ဧည့်သည် တွေနဲ့ အလုပ်ရှုပ်နေတာမို့ ဒီအကြောင်း ကို မသိလိုက်ပါဘူး။ တခြားစား သောက်နေတဲ့ ဝိုင်းတွေလဲ သတိ မထားမိလိုက်ပါဘူး။ ဒါက ကိုဂျာအေး လိုချင်တဲ့ အနေအထားပါပဲ။

ဟုတ်ပါတယ် ကိုဂျာအေး လူတွေ သူ့ကို အာရုံစိုက်ပြီဆို ဘာမှ ထူးထူး ခြားခြား ပြုမူပြောဆိုတာမျိုး လုပ်လေ့ မရှိပါဘူး။

**တကယ်တော့ ကိုဂျာအေးဟာ မျက်လှည့်ဆရာတစ်ယောက် မဟုတ် သလို လက်လှည့်ပဒ္ဒလက်ဆရာတစ် ယောက်လဲ မဟုတ်ခဲ့ပါဘူး။ ဒါပေမယ့် ကိုဂျာအေးရဲ့ ထူးခြားတဲ့ အမြူအမူ အပြောအဆိုနဲ့ သူ့လုပ်ရပ်တွေကို တော့ ကြုံဖူးတဲ့လူတိုင်း ယုံခဲ့ကြရတာ ချည်းပါပဲ။**

ကျွန်တော် ရန်ကုန် ပြောင်းလာပြီး နောက်ပိုင်း ကိုဂျာအေးနဲ့ မတွေ့ဖြစ် တော့ပါဘူး။

လူထူးဆန်း ဂျာအေးနှင့် ကြုံဖူးမှ ယုံခဲ့ကြသူများ(၃)ကို ဆက်ရေးနိုင်ဖို့ မြောင်းမြကို တစ်ခေါက်ပြန်ရပါဦးမယ်။ မြောင်းမြက ပြန်ရောက်မှပဲ ဆက် လက်ဖော်ပြပါဦးမယ်။

**မြောင်းမြ မြင့်လှိုင်**

---

စာရေးသူတို့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ မင်းတုန်း မြို့မှာ ၁၉၅၈ ခုနှစ်မှ သောင်းကျန်းသူတွေရဲ့ ရန်က ကင်း ပါတယ်။

သောင်းကျန်းသူတွေရဲ့ လက်အောက်မှာနေရစဉ်က အဖြစ်အပျက်တစ်ခုကို မျက်စိထဲမှာ မြင်ယောင်လို့သာနေ ပါတယ်။

ထိုအချိန်က ရဲဘော်ဖြူဗိုလ်တစ်ဦးက ဆန်ကို ဖုဋ္ဌသ ဂါထာနဲ့(၇)အုပ်မန်းပြီးကြက်တွေကိုအစာကျွေးလိုက်ပါတယ်။ ကြက်တွေ အစာစားသောက်နေ စဉ်မှာပဲ ကျန်(၁)ဦးက ခြောက်လုံးပြူးနဲ့ သူပစ်ချင်တဲ့ ကြက်ကို ရွေးပြီး ပစ်ပါတော့ တယ်။ တချောက်ချောက်နဲ့ ခြောက်ချက်သာ ကုန်သွားပါ တယ်။ သေနတ်သံက ထွက်မလာပါဘူး။

ဒါနဲ့ ကောင်းကင်ကို ထောင်ပြီး ပစ်ကြည့်ပြန်တော့ခြောက် တောင့်စလုံး အသံမြည်ပြီး ထွက်သွားပြန်ပါရော။ အဲဒီအချိန် ကစပြီး ဖုဋ္ဌသဂါထာဟာ သေနတ်ပီးပါကလားလို့ နှလုံး သားမှာ စွဲငြိထင်ဟပ်လို့သာ ရှိနေပါတော့တယ်။

ဖုဋ္ဌသဂါထာ

ဖုဋ္ဌသ လောကမမ္မေဟိ၊ စိတ္တံ ယသသ နကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ။

# ဖုဋ္ဌဿဂါထာ

စွမ်းရည်ထူးတစ်မျိုး

ခက်ခဲသော ပါဠိအသံထွက်



| | |
|---|---|
| **ဖုဋ္ဌဿ** | =ဖုတ်ထတ်သ |
| **လောကဓမ္မေဟိ** | =လောကဓမ်မေဟိ |
| **စိတ္တံယဿ** | =စိတ်တံယတ်သ |
| **နကမ္ပတိ** | =နကမ်ပတိ |

အနက်

**လောကဓမ္မေဟိ**–လောကဓံ တရားရှစ်ပါးတို့နှင့်၊ **ဖုဋ္ဌဿ**– တွေ့ထသော၊ **ယဿ**– အကြင်ရဟန္တာပုဂ္ဂိုလ်၏။ **စိတ္တံ**– စိတ်သည်၊ **နကမ္ပတိ**– မတုန်မလှုပ်၊ **အသောကံ**– စိုးရိမ် ခြင်းလည်း မရှိ၊ **ဝိရဇံ**–ရမ္မက်ဟူသော မြူလည်းမရှိ။ **ခေမံ**– ဘေးလည်း မရှိ။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

**ဘုမ္မဝတီကိုကိုလေး**



www.burmeseclassic.com

www.burmeseclassic.com

# မျှစ်ပြုတ်၏



လျှို့ဝှက်ချက်

'အစ်ကိုရေ ခြံထဲက မျှစ်စို့တွေတူးလာတယ်။ အခု ဟိုဘက်နားခဏ သွားစရာရှိလို့ ပြန်လာတော့ ပြုတ်ပေးမယ်'

'မျှစ်ပြုတ်လောက်တော့ ရပါတယ်။ ပြုတ်ထားလိုက်ပါ့မယ်'

မျှစ်စို့အား အခွံများ၊ အရင့်ပိုင်းများဖယ်ရှား၍ မထူမပါး လှီးကာ ရေထည့်ပြုတ်ထားလိုက်သည်။ အတန်ကြာ ဆူပွက်ပြီးနောက် ဖိုပေါ်ချသည်။

ဇနီးသည် ပြန်လာသောအခါ မျှစ်ပြုတ်က အဆင်သင့် ဖြစ်နေပါပြီ။

'ဟင် ခါးလိုက်တာ၊ ထပ်ပြုတ်ရဦးမယ်'

'တစ်ရေဆူရုံနဲ့ မရဘူးလား'

'ဘယ်ရမှာလဲ ကြာကြာလေးပြုတ်မှ အခါးရည် ထွက်တာ'

သို့ဖြင့် ခပ်ကြာကြာကလေး ထပ်ပြုတ်လိုက်သည်။ ကောင်းစွာ ဆူပွက်လာပြီးနောက် ရေများ သွန်ပစ်ကာ ရေအသစ်လဲသည်။ သုံးကြိမ်မျှ ပြုတ်သော်လည်း အခါးအရသာက မပျောက်ပါ။ ထိုအခါတွင်မှ ဇနီးက ပြုံး၍…

'ရေကို ဘယ်က ယူသလဲ'

'ကျောက်စည်ထဲကပေါ့'

'ဒါကြောင့် ခါးတာပေါ့။ အဲဒီ မိုးရေတွေ။ မျှစ်ကို မိုးရေနဲ့ပြုတ်ရင် ခါးတယ်။ တွင်းရေနဲ့ ပြုတ်ရတယ်'

ထိုအခါမှပင် တို့စရာ မျှစ်ပြုတ်ကလေး ထမင်းစားပွဲပေါ် ရောက်လေတော့သည်။ **(မျှစ်တိုင်း မခါးပါ။ ခါးတတ်သော မျှစ်ကို မိုးရေနှင့်ပြုတ်လျှင် တော်ရုံနှင့် အခါးမာတတ် မကျန်ဟု ဆိုလိုခြင်းဖြစ်သည်။)**

စောသိင်းလ

စာရှုသူ သုတေသီပညာရှင်များသို့…

ခါးတတ်သော မျှစ်အမျိုးအစားကို သိသူများမှ ဖော်ပြရေးသားပေးပို့ကြပါရန် ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်…*

ဦးကျော်မိုးသိန်း

*စာတည်းချုပ်*

# နွားမျက်စိ

ဒဏ်တိမ်စွဲနေသလား



မကွေးတိုင်း ဒေသကြီး၊ နတ်မောက်မြို့နယ်မှ တောင်သူကြီး ဦးလှိုင်သည် နွား၏ ဦးခေါင်းကို စိတ်တိုသဖြင့် နှင်တံနှင့် ရိုက်လိုက်ရာ မျက်လုံးကို ရိုက်မိသွားသည်။

သို့ဖြစ်၍ သူ့၏နွား ညာဘက်မျက်လုံးသာ ကောင်းတော့သည်။ ဘယ်ဘက် မျက်လုံးဒဏ် တိမ်စွဲသွားလေတော့သည်။

ထိုအခါ အတွေ့အကြုံရှိသော ဘကြီးတင်က တောင်သူကြီး ဦးလှိုင် အား နွားတိမ် လွင့်ပျောက်စေသော ဆေးနည်းကို ပေးလေ၏။

တောင်သူကြီးဦးလှိုင်သည် ဘကြီး တင် ပေးသည့် ဆေးနည်းကို ယုံကြည် စွာ လက်ခံခဲ့၏။ ထိုဆေးနည်းအတိုင်း လုပ်ဆောင်လိုက်ရာ (၃)ရက်ကျော် (၄)ရက်မျှ အကြာတွင် ဦးလှိုင်၏ နွား တွင် ဖြစ်ပေါ်နေသော ဘယ်ဘက် မျက်စိမှ ဒဏ်တိမ်သည် လွင့်ပြ ပျောက်ကင်းသွားပါတော့သည်။

စာရေးသူအား တောင်သူကြီးဦးလှိုင် က သူ လုပ်ဆောင်ခဲ့သော နွားတိ လွင့်ပြယ်စေသည့် ဆေးနည်း အောက်ပါအတိုင်း ပြောပြပါသည်။

'ကျောက်ပျဉ်ပေါ်မှာ ရှားမှိုကို ဆန်ဆေး နဲ့ သွေးရပါမယ်။ အဲဒီလို သွေးရာမှာ အနည်းငယ် ထည့်သွေးဖို့ လိုပါတယ်။

သွေးလို့ရတဲ့ ဆေးရည်ကို တစ်နေ့(၃) ဒဏ်တိမ်ရှိတဲ့ မျက်လုံးကို မျက်စဉ်း ရပါတယ်။ (၃)ရက်ဆက်တိုက် လုပ် ပေးရင် နွား ဒဏ်တိမ်လွင့်ပြယ်သွား ပဲ'

'ကျေးဇူးပါပဲ ဦးလှိုင်ခင်ဗျာ'

ကြည်မြိုင်



www.burmeseclassic.com

www.burmeseclassic.com



# တောတောဃာသ

အောင်ဘုန်းနိုင်
(ရွှေမြမြေ)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ရှိ သမိုင်းမတင် မှတ်တမ်းမရှိ၊ လူသိထင်ရှားနည်းပါးသော်လည်း ထူးခြားဖြစ်ရပ်များနှင့် ရပ်တည်သွားခဲ့ကြသော၊ ရပ်တည်လျက်ရှိကြသော ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီးများတို့၏ အကြောင်းကို ရေးသားဖော်ပြရန် စိတ်ကူးပေါ်လျက်ရှိပါ၏။

ထိုထူးခြားသော ဘုန်းတော်ကြီးများ ဖြစ်စဉ်ဖြစ်ရပ်များကို ကျွန်ုပ်ကိုယ်တိုင်သည်လည်း စိတ်ဝင်စားလျက်ရှိနေပါ၏။ မိမိနေထိုင်ရာဒေသနှင့် အနီးပတ်ဝန်းကျင်တို့တွင် လေ့လာ စုံစမ်းကြည့်မိသည်။ ထူးခြားမှုကို မတွေ့ရှိရသေးပါ။

တစ်ခုသော နေ့တစ်နေ့တွင် ရာသီဥတု ပွင့်လင်းမှုမရှိ၊ ရှစ်နယ်ပြော တစ်ခွင်လုံး မိုးမည်းကြီးများ ကြီးစိုးလျက်ရှိပါ၏။ မိုးမရွာသေးပါ။ ကောင်း

www.burmeseclassic.com

ကင်တစ်ခိုတွင် အုံ့မှိုင်းမည်းမှောင်နေသည်။

အချိန်အားဖြင့် နံနက်(၁၀)နာရီ(၄၀) မိနစ်မျှသာရှိသေး။ ကျွန်ုပ် ကိုးကွယ်သော ဘုန်းတော်ကြီးကျောင်းမှ ဦးပဥ္စင်း ဆွမ်းခံဝင်လာချိန်ဖြစ်ပါ၏။

ကျွန်ုပ်သည် ဦးပဥ္စင်းကို ဆွမ်းလောင်းရန် ဆွမ်းနှင့် ဖီးကြမ်းငှက်ပျောသီး အဆင်သင့် ပြင်ဆင်ထားပါသည်။ ဆွမ်းခံဦးပဥ္စင်း အိမ်ထဲသို့ ဝင်လာသည်နှင့် မိုးသီးမိုးပေါက်ကြီးများ ဖြောင်းဖြောင်းထ ရွာချလိုက်ပါတော့၏။ ဦးပဥ္စင်းသည် ကျွန်ုပ်၏ အိမ်တွင် ခေတ္တမိုးခိုရလေ၏။

ဦးပဥ္စင်း အနားယူဆဲ အချိန်ကာလမှာ ယနေ့မှ ထူးထူးခြားခြား စကားပြောချိန်ရလေ၏။ (ယမန်နေ့များက ဆွမ်းလောင်းပြီးသည်နှင့် အချိန်မီ ပြန်ကြွရလေ့ရှိ၏။ စကားပြောချိန် မရရှိခဲ့ပါ။) မိုးမင်းကြီးကို ကျေးဇူးတင်မိလေ၏။

ကျွန်ုပ်သည် ဆွမ်းနှင့် သစ်သီးဆွမ်းလောင်းပြီး ဦးသုံးကြိမ်ချ ကန်တော့လိုက်ပါ၏။ ကျွန်ုပ်သိချင်သည်များကို ဦးပဥ္စင်းအား ခွင့်ပန်လျှောက်ထားရသည်။

ဦးပဥ္စင်းက ကျွန်ုပ်အား ဆုမွန်ကောင်းများ ပေးသနား ချီးမြှင့်ပါသည်။

'ဦးပဥ္စင်းဘုရား... ဦးပဥ္စင်းတို့နဲ့ နီးစပ်တဲ့ ဘုန်းတော်ကြီးတွေထဲမှာ ထူးခြားတဲ့ဘုန်းကြီးမျိုး တွေ့ဖူးပါသလား။ ဒါမှမဟုတ် ကြားဖူးထားတာကော ရှိပါသလားဘုရား'

'တွေ့ဖူးတယ် ဒကာကြီးရဲ့၊ ကြားဖူးတာ မဟုတ်ဘူး။ ဦးပဥ္စင်း (၁၂)နှစ်သားလောက်က စတွေ့ဖူးတာ။ အခုလဲ ရှိပါတယ်။ ထူးခြားတယ် ဒကာကြီးရေ... ရွှေဘိုနယ်ဘက်မှာ ရှိတယ်။ ဒကာကြီး စိတ်ဝင်စားလို့လား'

ကျွန်ုပ်ကိုးကွယ်သော ကျောင်းမှ ဦးပဥ္စင်းသည် ရွှေဘိုနယ်ဘက်တွင် ထူးခြားသော ဘုန်းကြီးတစ်ပါးရှိကြောင်း ပြောလာ၍ ကျွန်ုပ် အတိုင်းမသိ ဝမ်းသာမိပါ၏။

သူ၏ဦးလေး ဆရာတော်ရှိရာ ကျောင်းတွင် လာရောက်၍ ပရိယတ္တိစာပေများ သင်ယူရန် အောက်ပြည်အောက်ရွာသို့ ရောက်ရှိ သီတင်းသုံးလျက်ရှိပါ၏။

'စိတ်ဝင်စားပါတယ်ဘုရား၊ အချိန်ရမယ်ဆိုရင် မိန့်တော်မူပါဘုရား'

'ပြောပြပါ့မယ် ဒကာ၊ **ရွှေဘိုနယ်ဘက်မှာပေါ့၊ ကော့ရွာရဲ့ မြောက်ဘက်တာလောက်မှာ တောနက်ကြီးရှိတယ်။** အခု ပြောမယ့် ဘုန်းကြီးဟာ တောကြီးမြက်မည်းထဲမှာ သီတင်းသုံးနေထိုင် တရားအားထုတ်နေပါတယ်။ တောထဲမှာလို့သာ သိတာနော်။ ဘယ်နေရာရယ်လို့ သွားတွေ့လို့မရနိုင်ဘူး။ ဘယ်နေရာမှာ သီတင်းသုံးသလဲ၊ ဘယ်သူမှ တိတိကျကျ မသိကြဘူး ဒကာကြီးရဲ့။

အဲဒီဘုန်းကြီး နေပုံထိုင်ပုံတွေဟာ သူရဲ့လှုပ်ရှားမှု ပုံရိပ်အားလုံးဟာ အထူးအဆန်းတွေချည်း ဖြစ်နေလို့ တစ်နယ်လုံးက အံ့သြကြရတယ်။

အနေအထိုင် ရိုးရှင်းလွန်းလို့ တစ်နယ်လုံးက ကြည်ညိုလို့ မဆုံးဘူး။ အခုပြောပြမယ့် ဘုန်းကြီးဟာ ဟိုရှေးရှေးတုန်းက မဟုတ်ဘူးနော် ဒကာကြီး။ ခေတ်ပေါ်အဖြစ်အပျက် ဖြစ်ရပ်မှန်တွေချည်းသာ ဖြစ်တယ်။ **အခုလဲ အဲဒီဘုန်းကြီး ရွှေဘိုနယ်ဘက်မှာ သက်ရှိ ထင်ရှားရှိလျက်ပါပဲ'**

ဦးပဥ္စင်းပြောပြသော ဘုန်းကြီး ဘွဲ့အမည်မှာ **ဦးကေလာသ** ဖြစ်ကြောင်း သိရှိရလေ၏။ ယခုသက်ရှိ ထင်ရှားရှိနေပါသဖြင့် ဖူးတွေ့လိုသူများလည်း အရောက်သွား ဖူးမြော်နိုင်ဖြစ်ပါသည်။ ***(အလွယ်တကူ တွေ့ရှိနိုင်သူ ပုဂ္ဂိုလ်မဟုတ်ကြောင်း ကြိုတင် အသိပေးလိုပါသည်။)***

ယခု ထိုဘုန်းကြီး၏အကြောင်းကို ဦးပဥ္စင်း ပြောပြချက်များအရ ရေးသားသီကုံး ဖွဲ့နွဲ့စီကုံးထားသည်များထဲမှ အကြောင်းအရာ အချက်အလက်အချို့ ချွတ်ချော်မှုရှိခဲ့ပါလျှင် စာရေးသူ၏ ချို့ယွင်းမှုသာ ဖြစ်ပါကြောင်း။

***စာရေးသူ***

* * *

အညာဒေသ ရွှေဘိုနယ်ဘက်၌ ဖြစ်ပါသည်။ ဦးကေလာသဟူသော ဘုန်းကြီးတစ်ပါးရှိလေ၏။ ထိုဘုန်းကြီးသည် အနေအထိုင်ရိုး၏။ အသုံးအဆောင်များဖြစ်သော သုံးထည်သော သင်္ကန်း၊ ထီးဖိနပ်တို့မှာ အမြဲတမ်းဟောင်းနွမ်းလျက်ရှိသည်၊ ကားတာယာဖိနပ်ကိုသာ စီးပါသည်။

မေတ္တာရှင်ဟူ၍လည်း ပြော၍ ရပါသည်။ ဘုန်းကြီး၏ ရုပ်ရည်သွင်ပြင်သည် အမြဲပြုံးနေပါ၏။ ရုပ်ရွာထဲတွင် အမြဲပြုံးနေသူကို တောကေလာသကြီး အတိုင်းပါပဲလားဟု ပြောစမှတ်ပြုကြရ၏။

ပြုံးရွှင်စွာနေနိုင်ခြင်းသည် လောဘ၊ ဒေါသ၊ မာန်မာန ကင်းရှင်းသူတို့၏ သွင်ပြင်လက္ခဏာတစ်ရပ်ပင် ဖြစ်၏။ ဦးကေလာသကို ရွှေဘိုတစ်နယ်လုံးက ကြည်ညိုကြလေသည်။

ရပ်ဝေးမှ ကြည်ညို၍ လာရောက်ဖူးမြော်ရန်မှာလည်း ထိုဘုန်းကြီးသည် နေရာအတည်တကျ မတွေ့ရှိနိုင်သော ပုဂ္ဂိုလ်ဖြစ်ပါ၏။ ဒေသခံများပင်လျှင် ကံသိုလ်ကံထိုက်မှ ဖူးမြော်ခွင့်ရကြလေ၏။ သည်းခံစောင့်ဆိုင်း၍ ဖူးမြော်လျှင် ဖြစ်နိုင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

မြို့ထဲရွာထဲမှာရှိသော ကျောင်းတွင် သီတင်းသုံးနေထိုင်ခြင်း မရှိချေ။ တောနက်ကြီးထဲတွင် သီတင်းသုံးနေသည်ဟုသာ မရေမရာပြောနိုင်ကြ၏။ **မည်သည့်နေရာတွင် သီတင်းသုံးနေထိုင်ပါသည်ဟု မည်သူမျှ တပ်အပ်မသိကြချေ။**

ဘုန်းကြီးဦးကေလာသ သီတင်းသုံးနေသော တောနက်ကြီးသည် သစ်ပင်ကြီးများ မှိုင်းညို့ကာ ရှုပ်ထွေးလျက်ရှိ၏။ လူသူအရောက်အပေါက်နည်းလေ၏။ တောသဘာဝ တောခြောက်ခြင်းများနှင့်လည်း ကြုံတတ်၏။

တောကြီးမာယာသည် တောပရိယာယ်ကြွယ်ဝလေရကား၊ ထိုတောထဲသို့ ဝင်ရောက်ဝံ့သူသည် အာဂသူရဲကောင်းအဖြစ် အုံ့သြချီးကျူးဖွယ်ရာ ဖြစ်နိုင်ချေရှိ၏။ ***(လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်ခန့်က အပင်ကြီးများရှိခဲ့ကြောင်း သိရှိရပြီး ယခုအခါ တောဟူ၍ မရှိသလောက် ခြောက်သယောင်းလျက်ရှိပါ၏။)***

ဦးကေလာသ မည်သည့်နေရာတွင် သီတင်းသုံးပါသည်ဟု လက်ညှိုးထိုးပြနိုင်လောက်အောင် သိလိုသူတို့အထဲတွင် ရွာသားတစ်ဦးဖြစ်သော မောင်ကျောက်ခဲလည်း ပါဝင်လေ၏။ မောင်ကျောက်ခဲသည် ဟီးရိုးဆန်ဆန် ဂုဏ်ယူဝင့်ကြွားလိုစိတ် ပြင်းပြနေ၏။

ဆွမ်းခံပြန်ချိန်ကို ရွေး၍ စောင့်ကြည့်လို၏။ ဆွမ်းခံရန် ယနေ့ဘယ်ရွာသို့ ကြွသွားသည်ကိုလည်း မသိကြရ။ ဘယ်အချိန် ဆွမ်းခံပြန်ဝင်သည်ကိုလည်း မသိနိုင်ကြပါ။

ဇွဲကောင်းကောင်းဖြင့် တောစပ်တစ်နေရာမှာ မောင်ကျောက်ခဲ စောင့်ကြည့်လေ့လာ၏။ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ ဆိုသည့်အတိုင်း



တစ်နေ့သောအခါဝယ် ဦးကေလာသ ဆွမ်းခံပြန်ဝင်လာသည်ကို တွေ့ရသည်။

နောက်နားမှကပ်၍ လိုက်ပါလာခဲ့၏။ မောင်ကျောက်ခဲသည် သူတကာတို့ သိလိုသည်ကို အဖြေထုတ်နိုင်တော့မည်။ သူသည် ဘုန်းကြီးနေထိုင်သည့်နေရာကို တပ်အပ်သေချာ တွေ့ရှိရလျှင် ရွာသားတို့ကို ပြန်လည်ကြွားဝါနိုင်မည်။ ဂုဏ်ယူဝံ့ကြွားလိုသူဖြစ်၏။

ဘုန်းကြီး ဦးကေလာသသည် ဦးခေါင်းစိုက်လျက် တရားရှုမှတ်ရင်း ခြေလှမ်းတိုင်း သတိကပ်ကာ မှန်မှန်လျှောက်လှမ်းနေသည်။ နောက်နားက ကပ်လိုက်လာသည့် မောင်ကျောက်ခဲ ခြေလှမ်းများက မမှန်မကန်ခြေလှမ်းများ...

ရုံခါသစ်ပင်ကြီးကွယ်၍ ချောင်း၏။ ရှေ့သို့ ပြေးတက်ကာ ချုံပုတ်ကွယ်မှ တစေ့တစောင်း အကဲခတ်၏။ ဦးကေလာသ၏ နေရာကို သိသူသည် သူတစ်ယောက်တည်းသာ ဖြစ်ရမည်ဟု ရင်ခုန်စိတ်လှုပ်ရှားလျက် ဘုန်းကြီးကို မျက်ခြေမပြတ် စောင့်ကြည့်တော့၏။

မနီးမဝေးမှ မယောင်မလည်လိုက်ပါလာခြင်းကြောင့် ဒီတစ်ခါတော့ သိရတော့မည်ဟု မောင်ကျောက်ခဲ ဝမ်းမြောက်နေ၏။

တောနက်ကြီးသည် တိတ်ဆိတ်ငြိမ်သက်နေပါ၏။ တောနက်ကြီး၏ အေးချမ်းမှုသာယာမှုကို မြင်တွေ့နေရ၍ မောင်ကျောက်ခဲ၏ စိတ်တွေသည်လည်း အေးချမ်းမှုအတိ ပြီး၏။

ဘုန်းကြီးသည် တောနက်ကြီးအစပ်သို့ ရောက်ရှိခဲ့သည်။ မောင်ကျောက်ခဲသည် ဘုန်းကြီးနှင့် နီးနိုင်သမျှ နီးအောင် ကပ်လိုက်လာပါသော်လည်း အမြင်ဝေးလာ၏။ မောင်ကျောက်ခဲသည် လျင်မြန်သော ခြေလှမ်းများဖြင့် တောစပ်သို့ ချဉ်းနင်းဝင်ရောက်လေ မောင်ကျောက်ခဲ ဘုန်းကြီးကို မတွေ့ရတော့ပါ။

မောင်ကျောက်ခဲသည် "မထူးဘူးကွာ၊ ဆက်လိုက်မယ်"ဟု စိတ်ကိုဆုံးဖြတ်လိုက်ပြီး အတန်ငယ် လှမ်းသည်အထိ ဆက်၍ လိုက်လာခဲ့မိ၏။ လမ်းဟူ၍ ပီပီပြင်ပြင်မရှိချေ။ မောင်ကျောက်ခဲ စိုးရွံ့ ထိတ်လန့်လာ၏။ စိတ်လှုပ်ရှားစ ပြုလာသည်။

မောင်ကျောက်ခဲ၏ နားထဲတွင် နားဝေတိမ်တောင်ဖြစ်လာကာ ဆူညံလာ၏။ ဆူညံသံများ ပြင်းထန်လာကာ နားအုံကွဲမတတ် ခံစားရပါ၏။ သစ်ကိုင်းကြီးများ လှုပ်ရှားမှုက မကောင်းဆိုးဝါးများ ခြောက်လှန့်နေသယောင် ထင်မြင်လာ၏။

မောင်ကျောက်ခဲ ကျောစိမ့်လာ၏။ ကြက်သီးမွေးညင်း ထလာသည်။ ကြောက်ရွံ့တုန်လှုပ်လာပြီဖြစ်၍ နောက်ကြောင်း ပြန်လှည့်လိုက်ပါတော့သည်။

လာလမ်းကို ပြန်လှည့် ဒရောသောပါး ပြေးထွက်ခဲ့၏။ ရင်ဆိုမောသောက်

www.burmeseclassic.com

ရှိသည်။ မိမိရွာသို့ အားကုန်ပြေးလွှားနေရ၏။ ကံကောင်းထောက်မစွာ ရွာသို့ ပြန်ရောက်ခဲ့သော မောင်ကျောက်ခဲ၏ သန္ဓေ မအောင်မြင်ခဲ့ပါတကား။

**(ဘုန်းကြီးဦးကေလာသ သီတင်းသုံးနေထိုင်သောနေရာကို တောနက်ကြီးအသွင်သဏ္ဍာန် မြင်တွေ့နေကြရဟန် ရှိလေသည်။)**

*　　*　　*

ဘုန်းကြီးဦးကေလာသသည် သက်ကြီးဝါကြီး သံဃာတော်များကို ရှိသေကိုင်းရှိုင်းမှုမှာ စံတင်လောက်၏။ ရွှေဘိုတစ်နယ်လုံးက ပြောစမှတ် ပြုလောက်ပါပေ၏။

ဘုန်းကြီးဦးကေလာသသည် ရပ်ထဲရွာထဲသို့ ကြွရောက်သည့်အခါ လမ်းတွင် သံဃာတော်များနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်၏။ ရှေ့မှ ကြွလာသော သံဃာတော်ကို လှမ်းမြင်လိုက်သည်နှင့် လမ်းဘေးသို့ ဖဲ့ဆင်းကာ လက်အုပ်ချီ ပုဆစ်ဒူးတုပ် ထိုင်လျက်စောင့်၏။

ထိုသံဃာ သူ၏အနီးအပါး ရောက်သည်နှင့် ရှိရှိသေသေ ဦးသုံးကြိမ်ချကန်တော့ပြီးမှ မိမိလိုရာခရီး ဆက်လေ၏။ တစ်ခါသော် ကော့ရွာနီးကို ဖြတ်၍ ဦးကေလာသ လျှောက်လှမ်းလာခိုက် အုံးပေါက်မှ ပြန်ကြွလာသော ဆရာတော်နှင့် ဖုန်တထောင်းထောင်း ထနေသော လှည်းလမ်းကြောင်းတွင် ဆုံမိကြလေ၏။

လမ်းဘေးမြေပြင်မရှိဘဲ ဆူးချုံများဖြင့် အတိပြီး၏။ ထိုင်ကန်တော့ရန် နေရာသည် ဖုတ်ထဲ၌သာ နေရာရှိလေ၏။ နေပူပူ ဖုန်ပူပူဖြင့် ဘုန်းကြီးဦးကေလာသသည် ဖုတ်ထဲ၌သာ ပိပိပြားပြား ထိုင်ချ၍ လက်အုပ်ချီနေ၏။ ဆရာတော် ဦးသံဝရအနီးသို့ ရောက်လာပြီး…

'ကေလာသ နေကပူသနဲ့ ဖုတ်ထဲမှာ မသင့်တော်ပါဘူး ထပါ'

'ဆရာတော်ဘုရား… တပည့်တော်ရဲ့ အဓိဋ္ဌာန်ကို မဖျက်ပါရစေနဲ့ဘုရား'

'မင်း ကန်တော့ပြီးပြီမို့လား မင်းရဲ့ ခရီး မင်းဆက်သွားတော့'

'မှန်ပါ့ဘုရား'

ဆရာတော်ကြီး၏ ခွင့်ပြုချက်ရသည်နှင့် ဦးကေလာသသည် ရှိရှိကျိုးကျိုးဖြင့် လက်အုပ်ချီမပျက် သူ၏ ခရီးကို ဆက်လက်ထွက်ခွာ၏။ ထိုအဖြစ်အပျက်ကို မြင်တွေ့သွားသော ကော့ရွာသားတစ်ဦး၏ သတင်းဖြန့်ဝေကောင်းမှုကြောင့် ရွှေဘိုနယ်တွင် လူသိများသွားလေ၏။

*　　*　　*

ဘုန်းကြီးဦးကေလာသ၏ အနေအထိုင် ရိုးသည်ဆိုသည်မှာ ပစ္စည်းအသုံးအဆောင်ကို မက်မောတွယ်တာခြင်းမရှိဘဲ ဥစ္စာပစ္စည်းသည် သူနှင့် မဆိုင်ဟု သဘောပိုက်ထားပုံရ၏။

ပစ္စည်းအသစ် သုံးစွဲခြင်း လုံးဝမရှိဘဲ သာမန်အနေအထားထက် ဟိတ်ဟန်ပိုမို ထောင်လွှားမှုမရှိ၊ အနေကုတ်၏။ ဘုရားစကား နားထောင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ပါးဖြစ်ပါ၏။

ဘုရားဟောအရ သားတစ် မပါသော ကျီးကန်းနှင့် သားတစ် ကိုက်ချီသယ်ဆောင်လာသော ကျီးကန်းဥပမာကဲ့သို့ ကျင့်ကြံနေထိုင်ခြင်းဖြစ်ပါ၏။

သားတစ်မပါသော ကျီးကန်းသည် သစ်ပင်ပေါ်၌ နားနေလျှင် သော်လည်းကောင်း၊ မိမိလိုရာခရီး ပျံသန်းသွားနေစဉ်သော်လည်းကောင်း၊ လွတ်လွတ်လပ်လပ်ဖြင့် အနှောင့်အယှက် ကင်းမဲ့စွာ သွားလာနိုင်ပါ၏။ သားတစ်ကိုက်ချီလာသော ကျီးကန်းသည် ဥစ္စာပစ္စည်းနှင့် ပြည့်စုံသူဟု ဆိုနိုင်ပါသည်။

ထိုကျီးကန်းသည် သူပိုင်ဆိုင်သော ဥစ္စာပစ္စည်းက သူ့ကို ဒုက္ခပေးတော့၏။ မိမိလိုရာခရီး လွတ်လွတ်လပ်လပ် သွားလာခွင့် မရရှိနိုင်ချေ။ သားတစ်ကို တပ်မက်ကြသော ရန်သူ ကျီးကန်းအုပ်ကြီးက လိုက်လံ ထိုးဆိတ် ရန်ပြုကြကုန်၏။

ထိုးဆိတ်ခံရသဖြင့် သွေးသံရဲရဲ ဒဏ်ရာများစွာ ရကာ ပျံသန်းပြေးလွှားရရှာလေ၏။ ဥစ္စာပစ္စည်းက ဒုက္ခပေးခြင်းအမှန် ဖြစ်ပါသည်။

ပန်း အပွင့်အသီးပြည့်စုံသော သရက်ပင်တစ်ပင်ကို ကြည့်လိုက်မည်ဆိုပါက သရက်ဖူးအပွင့်များကို ခူးယူခြင်း၊ သရက်သီးများ ဆွတ်ယူခြင်းကို ခံရရှာလေသည်။

ကိုင်းကျိုး အရွက်ကြွေဖြင့် သူ၏ဘဝ မလှမပ ဖြစ်ရရှာလေ၏။ အသီးအငုံကင်းမဲ့သော အပင်မှာကား အေးချမ်းစွာဖြင့် မကျိုးမပဲ့ လန်းလန်းဆန်းဆန်းနေရလေ၏။ အနှောင့်အယှက် အန္တရာယ် ကင်းရှင်းလေသည်။

ဘုန်းကြီး ဦးကေလာသသည် **တောင်တန်း သာသနာပြုဆရာတော်ကြီး ဟောကြားသော ရွှေဘို၊ ဒီပဲယင်းနယ်၊ ကျွန်းရင်းရွာ ဘုန်းကြီးဦးဝါယမ နေထိုင်ပုံနည်းနှင့် အလားသဏ္ဍာန်တူ၏။**

ဂျပန်ခေတ် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဖြစ်၏။ ကျောင်းထိုင်ဘုန်းကြီးဦးဝါယမသည် ရိုးလည်း ရိုးသားသည်။ ရပ်ရွာနယ်ပယ် ဒကာဒကာမ များကို ပြောဆို ဆုံးမနေထိုင်ရင်းသူ၏ ကျောင်းကန်သည် တစ်စတစ်စ တိုးတက်ဖွံ့ဖြိုးလာ၏။ ခေတ်ပျက်ခေတ်ဆိုးကြီးတွင် နိုးဆိုး ယှက်မှု များလေ၏။

လသာသာ ညဖက်ည၌ လူဆိုး

www.burmeseclassic.com

တစ်စုတို့သည် လက်နက်မျိုးစုံ ကိုင်ဆောင်လာကြပြီး ဘုန်းကြီးကျောင်းဝင်းထဲသို့ ဝင်ခဲ့ကြသည်။ ဘုန်းတော်ကြီးဦးဝါယမကို ကြိုးများဖြင့် တင်းကြပ်စွာ တုတ်နှောင်လိုက်ကြသည်။

ပြီးနောက် တောနက်ကြီးအတွင်းသို့ ခေါ်ဆောင်ခဲ့ကြ၏။ ကျင်းနက်ကြီးတူးထားသော တွင်းနှုတ်ခမ်းဝတွင် ရပ်နိုင်းလိုက်ကြသည်။ ဦးဝါယမသည် ကြောက်ရွံ့ထိတ်လန့်ခြင်း အလျဉ်းမရှိ၊ သူ့ကို လူဆိုးများက သတ်ကြတော့မည်ကို အတတ်သိလိုက်၏။

'မင်းတို့ ငါ့ကို သတ်ချင်သတ်ကြ ငါ့ဝဋ်ရှိရင် ခံရမှာပဲ၊ ခဏတော့ ဆိုင်းငံ့ကြဦး၊ ငါ့ကို ဘုရားဝတ်တက်ခွင့်ပေးကြ'

ဟု ရဲဝံ့စွာ တောင်းဆိုလိုက်၏။ လူဆိုးခေါင်းဆောင်က ခွင့်ပြုပေးလိုက်သည်။ ဘုန်းကြီးသည် သရဏဂုံ စွဲထုံသော ဘုန်းကြီးဖြစ်လေရာ ဘုရားအာရုံပြု၍ သူ့ကိုယ်သူ သရဏဂုံတင်လိုက်၏။

လူဆိုးများသည် လသာသာအလင်းရောင်အောက်မှာ ဘုရားအာရုံပြုနေသော ဦးဝါယမကို ကြည့်ညိုဖွယ်ရာတွေ့လိုက်ကြရ၏။ ဘုန်းတော်ကြီးဦးဝါယမ မြတ်စွာဘုရားရှင်ကို အာရုံပြုပြီးသည်နှင့် တစ်ပြိုင်နက် တောနက်ကြီးအတွင်း၌ မှောင်အတိကျသွား၏။ လူဆိုးများ ကြောက်ရွံ့ ထိတ်လန့်ကုန်ကြသည်။ ခြေဦးတည့်ရာ ပြေးကြလေတော့သည်။

ထပ်ဆင့် ထူးခြားချက်ဖြစ်ပေါ်လာ၏။ ဘုန်းတော်ကြီးကို တုတ်နှောင်ထားသော ကြိုးများ အလိုအလျောက် ပြေလျော့ကာ ခန္ဓာကိုယ်ပေါ်မှ လျောခနဲအောက်သို့ ပုံကျသွားလေသည်။ လူဆိုးများ ရန်မှ ဘေးကင်းချမ်းသာစွာဖြင့် ကျောင်းသို့ ပြန်ခဲ့လေ၏။



ဘုန်းကြီးကို ရန်ပြုလိုသူမရှိ၊ မသင့်မမြတ်ဖြစ်ခဲ့ဘူးလဲ မရှိပါ။ အဘယ်ကြောင့် မိမိကို သတ်လိုပါသနည်း၊ အပြန်ပြန်အလှန်လှန် စဉ်းစားလိုက်သည်။

သူ၏ကျောင်းမှာ ပစ္စည်းအသုံးအဆောင် ပေါများလှသည်။ ရှားပါးသော ယခုလို ခေတ်ပျက်ကြီးထဲမှာ ပစ္စည်း လိုချင်၍သာ သတ်မည် ကြံရွယ်ကြခြင်းဖြစ်၏။

'ငါ့ရန်သူဟာ လူဆိုးတွေ မဟုတ်ဘူး၊ ငါ့ရန်သူအစစ်ကတော့ ဒီပစ္စည်းတွေပဲ'

ဘုန်းတော်ကြီးဦးဝါယမ ကောင်းစွာသဘောပေါက်မိလေတော့၏။

အမှန်တရားကို ရှာဖွေတွေ့ရှိသွားသော ဘုန်းတော်ကြီးဦးဝါယမ လမ်းမှန်သို့ လျှောက်လှမ်းရန် မိမိပရိက္ခရာမှ တစ်ပါး ဘာပစ္စည်းမှ မယူဆောင်တော့ဘဲ ဒီပဲယင်းမြို့နယ်၊ ကျွန်းရင်းရွာမှ အပြီးအပိုင် တောထွက်သွားလေတော့သည်။

* * *

ဦးဝါယမထံုး နှလုံးမူထားသော ဘုန်းကြီးဦးကေလာသဟု ဆိုရမည်ဖြစ်လေသည်။ ဦးကေလာသတွင် သုံးထည်သော သင်္ကန်းမှလွဲ၍ အပိုမရှိချေ။ ရှေးသူတော်ကောင်းတို့၏ မူအတိုင်း တောတွင်း၌သာ တရားအားထုတ်လျက် ရှိပါ၏။

ရှေးသူတော်ကောင်း ပုဂ္ဂိုလ်ကြီးတို့သည် တောလက်ကျေးရွာ(သို့မဟုတ်) မြို့ပြအရပ်ဒေသဟူသော လူပေါင်းစုံစရိုက်စုံတို့အကြားတွင် နေထိုင်လာခဲ့ကြပြီး နေထိုင်လိုစိတ် မရှိကြတော့ပါ။

တရားဘာဝနာသည် အများအားဖြင့် လူတောထဲ၌ တရားအာရုံပြု၍ ရရန် လွန်စွာမှ ခက်ခဲလှ၏။ ရနိုင်ပါသည်ဟု ဆိုကြပါလိမ့်မည်။ ရှိတော့ရှိတယ်ရှားတယ်ဟုသာ မြင်ယောင်မိပါတော့သည်။

လူတို့နယ်ပယ်ဝန်းကျင်၌ ကိစ္စများမြောင် လူတို့၏ဘောင်ဝယ် ရှုပ်ထွေးပွေလီလှသော ဝေယျာဝစ္စတို့ရဲ့အကြား တရားရှာမည်ဆိုပါက အလွန်ပင် ခက်ခဲလွန်းပါသည်။

ရှေးသူတော်ကောင်း အပေါင်းတို့ သတိသံဝေဂ တရားရလာချိန်ဝယ် စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်ဟိမဝန္တာသို့ တောထွက်ကာ တရားရှာကြလေတော့၏။

ထိုနည်းတူစွာ ဦးကေလာသသည် ရပ်ထဲရွာထဲတွင် နေလိုစိတ်မရှိပါ။ လူသူကင်းရှင်းရာ တောနက်ကြီးထဲ၌သာ တရားရှာကြသော ပုဂ္ဂိုလ်ထူး ဖြစ်၏။ တောထဲ၌သာ အနေများသောကြောင့် ထိုပုဂ္ဂိုလ်ထူးကို **တောကေလာသ**ဟု ရွှေဘိုနယ်တစ်ဝိုက်မှာ ထင်ရှားလေ၏။

တောထဲ၌သာ အနေများပြီး ရပ်ရွာလူထုနှင့်လည်း အဆက်အဆံ နည်းပါး၏။ မြို့ထဲရွာထဲတွင် တွေ့ရခဲသည်ဆိုသော်လည်း ရွှေဘိုနယ်တစ်ဝိုက်မှ ကျောက်မြောင်း၊ အုန်းပေါက်၊ တအုံ့ကော့ရွာ၊ တယောတော၊ ဘိုးတော်



www.burmeseclassic.com

www.burmeseclassic.com

တော၊ ပေါက္ကံ၊ ပိတ္တောရွာများသို့ ရှံခါ ရောက်လေ့ရှိပါ၏။

ထိုရွာများတွင် အလှူပွဲရှိလျှင် ပင့်ဖိတ်ထားခြင်းမရှိဘဲ မည်ကဲ့သို့ သိရှိလေသည်မသိ၊ ရောက်လာလေ့ရှိသည်။ ထိုရွာများတွင် အလှူပွဲမရှိသော နေ့ရက်များတွင် ဦးကေလာသသည် သလုံးမြင်းခေါင်း အားကိုးကာ သပိတ်တစ်လုံးဖြင့် ဆွမ်းခံကြွသည်။ ကျေးရွာတစ်ရွာတည်းကိုသာ အမြဲကြွလေ့ မရှိပါ။ ဆွမ်းတစ်ပါးစာ ရသည်နှင့် ဆွမ်းခံပြန်ဝင်ပါသည်။

ရွာတွင် အလှူလုပ်ပါက ဦးကေလာသကို ပင့်လိုကြ၏။ ဘယ်ကို သွား၍ ပင့်ရမည်ကို မသိကြပါ။အလှူရှင်တိုင်း ဦးကေလာသကို မိမိတို့အလှူသို့ ကြွစေလိုသူချည်းသာ ဖြစ်ကြပါသည်။

ဦးကေလာသကလည်း အလှူရှင်များ မမျှော်လင့်ဘဲနှင့် ရောက်ရောက်လာတတ်ပါသည်။ အလှူရှင်များ ဝမ်းမြောက်ကြရလေသည်။ အခြား ပင့်ဖိတ်ထားသော ဘုန်းကြီးများနှင့် အတူ ဆွမ်းဘုဉ်းပေးခြင်းဖြင့် အလှူရှင်များကို ကျေနပ်စေပါသည်။

*အလှူရှင်သည် ဘုန်းကြီးများ ဆွမ်း*ဘုဉ်းပေးပြီးလျှင် လှူဖွယ်ပစ္စည်းတို့ကို အလှူပွဲသို့ ကြွလာကြသော သံဃာအားလုံးတို့အား ပျော်ပျော်ပါးပါး ဆက်ကပ်လိုက်ကြပါ၏။

ဦးကေလာသသည် အလှူပွဲမှ ပြန်လည်ကြွတော့မည်ဆိုလျှင် အလှူမဏ္ဍပ်ထဲမှ သံဃာများသို့ သူလက်ခံရရှိထားသော လှူဖွယ်ပစ္စည်းအားလုံး မျှဝေ၍ ပြန်လည်စွန့်ကြဲပေးပါသည်။

ဦးကေလာသပြန်လည် စွန့်ကြဲခြင်း မရှိသော အလှူပစ္စည်းတစ်ခု ရှိသည်။ ထိုအလှူပစ္စည်းကား ဦးကေလာသ အကြိုက် ဆေးလိပ်ဖြစ်ပါသည်။ ဦးကေလာသသည် ဆေးလိပ်ကို လွန်စွာ နှစ်ခြိုက်ပါသည်။

လှူဖွယ်ပစ္စည်းများထဲတွင် ဆေးလိပ် မပါလာခဲ့သည်ရှိသော်...

'အလှူရှင် ဒကာကြီးကို ခေါ်ပေးပါ'

ဦးကေလာသသည်အနီးရှိ ဒကာတစ်ဦးကို စေခိုင်းလိုက်၏။ အလှူဒါယကာကို သွက်လက်စွာ သွားရောက် ခေါ်ဆောင်ပေးရလေ၏။

အလှူရှင် ရောက်ရှိသောအခါ

'ဒကာကြီး ဆေးလိပ်ရှိရင် ဦးပဉ္စင်းကို ကပ်ပါ'

ဦးကေလာသ မိန့်ဆိုလိုက်သည်နှင့် ဆေးလိပ် အဆင်သင့်ရှိလျှင် ချက်ချင်းဆက်ကပ် လှူဒါန်းလိုက်၏။ အဆင်သင့်မရှိလျှင်ကား အမြန်ဆုံး သွားဝယ်၍ ဆေးလိပ်ကို မပျက်မကွက် ကပ်လှူပေးကြပါသည်။

ဆေးလိပ် အလွန်ကြိုက်သော ဘုန်းကြီးဦးကေလာသ ဖြစ်ပါသည်။ အကြောင်းသိလာသော အလှူရှင်များ မိမိတို့ အလှူပွဲတွင် ဆေးလိပ် အဆင်သင့် ဆောင်ထားကြတော့သည်။

* * *

*သူ့ထက် ဝါကြီးသော ဘုန်းကြီးများ*ကိုလည်း အလွန်ရိုသေ ကိုင်းရှိုင်းလေ၏။ ဦးကေလာသ အရိုသေဆုံး၊ အလေးစားဆုံး၊ အကြည်ညိုဆုံး ဆရာတော်ကြီးကား ကော့ရွာကျေးရွာမှ ကျောင်းထိုင်ဆရာတော်ကြီး ဦးသံဝရ ဖြစ်ပါ၏။

ချစ်ကြောက်ရိုသေ လေးစားလျက် ဆရာတော်ကြီး၏ မိန့်မှာချက်များကို ဆိုလျှင် တစ်သဝေမတိမ်း လိုက်နာကျင့်ကြံလုပ်ဆောင်ပါသည်။

တစ်ခါသော် ဦးကေလာသသည် ဆရာတော်ကြီး၏ ရွှေဘုံသာကျောင်းတွင် ဆွမ်းဘုဉ်းပေးလျက်ရှိ၏။ ဆရာတော်ကြီး ဆွမ်းဝိုင်းတွင် တစ်ဝိုင်းတည်း အတူယှဉ်တွဲ ဆွမ်းမစားရဲပါ။ အခြား ဘုန်းကြီးဝိုင်းတွင် ဆွမ်းဘုဉ်းပေးနေစဉ်က ဖြစ်ပါသည်။

ထိုအလှူပွဲတွင် ပင့်သံဃာအပါး များလေရာ ဆွမ်းပွဲအခက်အခဲ အနည်းငယ်ရှိ၏။ ဆရာတော်ကြီးက...

'ဟဲ့...ကေလာသ၊ နောက် ကိုယ်တော်တွေ ရှိသေးတယ်'

ဟု မိန့်လိုက်သည်နှင့် ဘုန်းကြီး ဦးကေလာသသည် အလိုက်သိစွာ ဆွမ်းကို အလျင်အမြန် ...ပြီးစီးစေလိုက်၏။ မိမိ၏ ဆရာတော်ကြီး စိတ်အနှောင့်အယှက် မဖြစ်စေပါ။ ဆရာတော်ကြီး ခိုင်းစေသမျှ...လည်း ဆရာတော်ကြီး စိတ်ကျေနပ်သည်အထိ တာဝန်ကျေ၏။

ဦးကေလာသ ချို့တဲ့စဉ်က ဦးကေလာသ၏ ဖိနပ်စုတ်နေလျှင် ဖိနပ်၊ သင်္ကန်းစုတ်နေလျှင် သင်္ကန်း စသည့် လိုအပ်သည်များ ဆရာတော်ကြီး၏ စောင့်ရှောက်မှုကိုလည်း ခံယူခဲ့ဖူးသည်။

ဆရာတော်ကြီး၏ ကျောင်းအမည်သည် ရွှေဘုံသာကျောင်းဟု သ...သော်ငြား မြောက်ကျောင်းဟုသာ အမည်တွင်၏။

* * *

ရွှေဘိုနယ်တစ်ဝိုက် **အုံးပေါက် တအုံ၊ ကော့ရွာ၊ တယောတော ဘိုးတော်တော၊ ပေါက္ကံ၊ ပိတ္တောရွာ**များအနက် **တအုံကျေးရွာသည်** သမိုင်းဝင်ကျေးရွာဖြစ်ကြောင်း အလျ...သင့်သဖြင့် အနည်းငယ် အကျဉ်း...တင်ပြလိုပါသည်။

မင်းတုန်းမင်းသားနှင့် ...နောင် မင်းသားတို့သည် ပုဂံမင်းအား ပုန်ကန်ခြားနားပြီး ထွက်ခွာလာခဲ့ရာ တအုံရွာ...



www.burmeseclassic.com

www.burmeseclassic.com

ောင်ပင်ကြီးစခန်းတွင် တပ်စခန်းချ
ကြလေ၏။

ို့ရပ်နားနေစဉ်အခိုက် နောက်မှ ၏ တပ်တော်တို့ ထက်ကြပ် လိုက်လာကြရာ၊ လက်နက်ချ ည့်လား။ သို့တည်းမဟုတ် ရွှေဘိုမြို့ကို ကြ၍ ရွှေဘိုကိုရလျှင် ရွှေဘိုမှ ပြန်ခုခံ ကြမည်လား တိုင်ပင် ဆွေးနွေးကြလေ ၏။

သမားတော်ငခဲနှင့်တကွ စစ်သည် အချို့သည် ရွှေဘိုမြို့ဝန်ကို လုပ်ကြံ အောင်မြင်လေ၏။ ထိုသို့ အောင်နိုင်ပြီး မှ ရွှေဘိုမြို့ကို ဝင်၍ ရွှေဘိုမြို့ဝန်အိမ် တော်ကို မင်းတုန်းမင်းသားအား စံနေ စေသည်။

ကနောင်မင်းသားနှင့် စစ်သည် အပေါင်းသည် ပုဂံမင်းအား လုပ်ကြံ အောင်မြင်လေ၏။ ပုဂံမင်းကို လုပ်ကြံ အောင်မြင်ပြီးသောအခါမှ မင်းတုန်းမင်း ကို ရွှေဘိုမှ အမရပူရသို့ ပြန်လည် င့်ဆောင်ကြလေ၏။

မင်းတုန်းမင်းသားနှင့် ကနောင် င်းသားတို့ တပ်စခန်းခဲ့ကြသော တအုံ ကျေးရွာဖြစ်ပါသည်။

ရွှေဘိုမြို့နှင့် ကျောက်မြောင်းကို ဆက်သွယ်ထားသော တံတားကြီးအား ာနာသိဃ်တံတားဟု အမည်သညာ ည့်ခေါ်ကြလေ၏။ ထိုအရပ်ဒေသခံ းက ကျောက်မြောင်းတံတားဟု ာ်ကျိုးနေကြလေ၏။

ထိုတံတား တည်ဆောက်နေစဉ်က ဆောက်လုပ်ဆဲတွင် ငလျင်ကြီးလှုပ် ၏။ ငလျင်ဒဏ်ကြောင့် တံတား ာ်စီးခဲ့သော်လည်း အစိုးရ၏ ပံ့ပိုးမှု၊ ရွာမိဘပြည်သူတို့၏ ညီညွတ်မှု င်အားဖြင့် ရတနာသိဃ်တံတားကြီး အောင်မြင်စွာ ပြီးစီးလေသည်။

ရွှေဘိုမြို့နှင့် အနီးတစ်ဝိုက် ကျေးရွာ



မှ ခရီးသွားလာသူအပေါင်းနှင့် ကုန်စည် တင်ပို့မှု လျင်မြန် ချောမွေ့လာသည် ဖြစ်၍ စိတ်ချမ်းမြေ့စွာဖြင့် သွားလာ နိုင်ကြလေပြီ။

*　　*　　*

တစ်နေ့သ၌ ဦးကေလာသသည် ဘိုးတော်တောမှ ပြန်လာခဲ့၏။ နေ့လည် ပိုင်း နေပူရှိန်ကြည်လောင်လောင်ထဲမှာ ချွေးသံရွှဲရွှဲ ဖွဲမာန်ခဲလျက် လျှောက်လှမ်း နေသည်။ တံလျှပ် အပူလှိုင်းများ တရိပ် ရိပ် တက်နေသည်။

ယနေ့ ကျောင်းမှ ထွက်လာခဲ့စဉ် ထီးမယူခဲ့ပါ။ ဦးကေလာသ ခန္ဓာကိုယ် တုတ်ဖြိုး၏။ လက်မောင်းကြွက်သား လက်ဖျံတို့ ကျစ်လစ်သန်မာ၏။ နေပူ ထဲမှာ နေမင်းကို အန်တုလျက် လိုရာ ခရီးဆက်သည်။

ချွေးစိုစို သက်န်းညိုမှာ ဆားပွင့်လေ ၏။ တောလမ်းကလေးအတိုင်း လျှောက်လှမ်းလာရာမှ ကားလမ်းသို့ ရောက်ရှိလာ၏။

ကားလမ်းမကြီး၏ နံဘေးတွင် အရိပ်ကောင်းသော အရွက်အုပ်ဆိုင်း ဆိုင်းရှိသော ညောင်ပင်အိုကြီးအောက် ၌ ခေတ္တရပ်နား အပန်းဖြေလိုက်သည်။ အရိပ်ကောင်းတွင် နားခိုရသဖြင့် အမောပြေလေ၏။ အပင်ရှိမှ အရိပ် တန်ဖိုးကို သိနိုင်ပါသည်။

သတ္တဝါတိုင်း၊ သတ္တဝါတိုင်း အရိပ် ကောင်းမှာ နားခိုကြရပါစေဟု ဦးကေလာသ ဆုတောင်းနေမိသည်။ ညောင်ပင်ကြီး၏ အရိပ်အာဝါသ ကြောင့် အမောပြေသွားသဖြင့် ထို ညောင်ပင်ကြီးသည် တဒင်္ဂကျေးဇူးရှင် ဖြစ်သွားလေတော့သည်။

အမောပြေသွား၍ ရှေ့သို့ ခရီးဆက် ရဦးမည် ဖြစ်၏။ ထိုကားလမ်းမသည် လိုင်းကားများပြေးဆွဲသော လမ်း ကြောင်း ဖြစ်၏။ သူ၏ ခရီးစဉ်ကို ထို လိုင်းကားဖြင့် ဆက်လက် ခရီးနှင်ရန် စိတ်အကြံဖြစ်မိလေ၏။ နေရိပ်ထဲတွင် လိုင်းကားစောင့်တော့မည်ဟု ဆုံးဖြတ် လိုက်ပါသည်။

တစ်နာရီခန့်အရိပ်ထဲမှာ စောင့်နေ စဉ် ဖုန်တထောင်းထောင်းဖြင့် လိုင်း ကားတစ်စီး တလိမ့်လိမ့်လာနေ၏။ အညာနေပူပြင်းလေရကား ဖုန်လုံးကြီး များကြား၌ ကားတစ်စီးလုံး ပျောက်နေ ပါသည်။ ဖုန်လုံးကြီး လိမ့်လာသည်နှင့် တူလေ၏။

လိုင်းကား နီးလာသည်နှင့် ညစ်နွမ်း နွမ်း သင်္ကန်းဝတ်ရုံထားသော ဘုန်းကြီး ဦးကေလာသသည် နေပူပူ လမ်းကြီး ပေါ်သို့ လှမ်းတက်လိုက်ပါ၏။ ကားကို

www.burmeseclassic.com

လက်ပြ တားလိုက်သည်။

ညစ်နွမ်းနွမ်း ဘုန်းကြီးကို လိုင်းကားသည် ရပ်မပေးပါ။ ကားကို သူ၏ ခရီးစဉ်မပျက် ဆက်လက် မောင်းနှင်ထွက်ခွာသွားလေသည်။

လိုင်းကားသည် ဖုန်လုံးကြီးများ သိုင်းခြုံလျက် တလိမ့်လိမ့်နှင့် လမ်းမကြီးတစ်လျှောက် တစ်ကိုယ်တော် ခရီးနှင်နေသည်။ ထိုကားကို ကျော်တက်သည့်ကား၊ အမြန်ယာဉ်၊ ဆိုင်ကယ် တစ်စီးမျှ မရှိပါ။ တစ်စီးတည်း ဗိုလ်စွဲလျက်ရှိပါ၏။

တစ်နာရီခွဲခန့် မောင်းနှင်အပြီး အုံးပေါက်ကျေးရွာသို့ ရောက်ရှိသည်။ အုံးပေါက်ကျေးရွာသည် ကားဂိတ်ထားသည်ဖြစ်၍ ဂိတ်ထိုးရပ်နားလိုက်ကြ၏။ ဒရိုင်ဘာနှင့် စပယ်ယာတို့လည်း ခေတ္တနားရန် ကားပေါ်မှ ဆင်းလေ၏။

ထိုကားဂိတ်တွင် သူတို့ကားကို ရပ်ပေးရန် လမ်းတွင် တားသော ဘုန်းကြီးသည် ထိုကားဂိတ် ကြံရည်ဆိုင်၌ ဆေးဆေးတည်ငြိမ်စွာ ကြံရည် ဘုဉ်းပေးနေသည်ကို တွေ့လိုက်ကြရ၏။

သူတို့၏ မျက်လုံးများ ပြူးကျယ်သွားကြလေ၏။ သူတို့မှားပြီဖြစ်ကြောင်း သည်းခံခွင့်လွှတ်ပေးပါရန် ဝန်ချတောင်းပန်မှဖြစ်တော့မည်ဟု ပြိုင်တူ တွေးလိုက်မိကြ၏။

နှစ်ဦးသား တိုင်ပင်မထားဘဲနှင့် ဘုန်းကြီးရှေ့တွင် ဒူးထောက်မိလျက်သား ဖြစ်သွားကြလေ၏။ လက်အုပ်ချီမိုးလျက် ရှိကြလေသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်ဘာသာနှင့် ယဉ်ကျေးမှုတို့ သွင်ပြင်လက္ခဏာများကို ဖော်ပြနေကြသည်။

ဒရိုင်ဘာနှင့် စပယ်ယာတို့သည် ဘုန်းကြီးဦးကေလာသကို လေးစားကြည်ညိုလျက်ရှိကြသည်။



အပြုံးမပျက်သော ဘုန်းကြီး၏ မျက်နှာအသွင်အပြင်ကို ဖူးတွေ့လိုက်ရသည်နှင့် သူတို့နှစ်ဦး အေးချမ်းမှုရသလို ခံစားကြရသည်။ လက်အုပ်ချီမိုး၍ ပြိုင်တူ ဦးသုံးကြိမ်ချ ကန်တော့လိုက်ကြတော့သည်။

သူတို့၏ နှုတ်မှလည်း…

'တပည့်…တပည့်တော်တို့ရဲ့ အမှားကို သည်းခံ ခွင့်လွှတ်ပေးတော်မူပါ ဘုရား'

ချွေးတလုံးလုံးဖြင့် တောင်းပန်တိုးလျှိုးနေကြသူ ဒကာနှစ်ဦးကို ဦးကေလာသ ခွင့်လွှတ်သောအပြုံးဖြင့်…

'ခွင့်လွှတ်ပါတယ် ဒကာတို့ရယ်… ဒကာတို့ကို နောက်ထပ် မမှားစေချင်လို့ ဒကာတို့ကို သုံးမလိုက်တယ်ဆိုတာ သဘောပေါက်ကြပါ။ ကဲ…ကဲ… ထကြ ထကြ မင်းတို့ ခရီးဆက်ကြရဦးမယ် မဟုတ်လား။ ခရီးလမ်းပန်း ချောမွေ့ကြပါစေကွယ်'

ဘုန်းကြီး ဦးကေလာသသည် မည်သူ့ကိုမျှ အပြစ်မယူပါ။ (၃၁)ဘုံတွင် ကျင်လည်ကြကုန်သော သတ္တဝါတို့ကို အမြဲမပြတ် မေတ္တာပို့နေသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ နားမလည်၍ အပြစ်လုပ်သူနှစ်ဦးကို သဘောပေါက်စေရန် သုံးမလိုက်နိုင်ခဲ့သည်။

ထိုဒကာနှစ်ဦးထံသို့ မေတ္တာဓာတ် စေလွှတ်ကာ နှစ်သိမ့်စေလိုက်သည်။

* * *

ဘုန်းကြီးဦးကေလာသ၏ မူသေ… ဟန်မှာ အမြဲပြုံးနေခြင်းပင်။ ဟန်လုပ် အပြုံးမျိုး မဟုတ်ဘဲ ပြုံးရွှင်နေသူတို့၏ သွင်ပြင်မျက်နှာ လက္ခဏာသည် အ… တမ်း ကြည်လင် လန်းဆန်းနေပါ၏။

ဒေါသ၊ မောဟ၊ ရာဂ၊ မာန်မာနတို့ ကင်းစင်ပပျောက်လျက် အေးချမ်း… မေတ္တာကရုဏာ အပြည့်အဝ… သတ္တဝါများအပေါ် ကြင်နာမှု ဖုံးလွှမ်း… နေပါ၏။ ဘုန်းကြီးဦးကေလာသ… မေတ္တာကရုဏာရှင်ဟု ဆိုရမည် ဖြ… လေ၏။

တောရပ်ဒေသတွင်သာ တရား… အားထုတ် တရားကျင့်ကြံလျက်ရှိနေ… သည်။

'အဲဒီဘုန်းကြီး အခု ရှိသေးတာ… လား'

'ရှိတယ် ဒကာကြီးရဲ့ အခုလဲ ရှိနေပါတယ်'

'အခုဆို ဘယ်အရွယ်လောက် ရှိ… ပြီလဲ ဘုရား'

'ဦးပဉ္စင်းစိတ်ထင် ခုနစ်ဆယ်လောက်… ရှိပြီ ဒကာကြီး'

'အဲဒီဘုန်းကြီးဘွဲ့နဲ့ ရွာအမည်… ကို မှုရင်းအမည်တွေနဲ့ပဲ ရေးလို… မယ်နော်'

'ရေးပါ ဒကာကြီးရဲ့ အမှန်တွေ… ပဲမို့ ရေးပါ။ ကိုင်း…ဒကာကြီးရေ … စဲသွားပြီး ဆွမ်းစားနောက်ကျ… မယ်၊ ဦးပဉ္စင်းကြွမယ် ဒကာကြီး…'

'မှန်ပါ့ဘုရား'

အောင်ဘုန်းနိုင် (ရွှေမြဲမြဲ)

www.burmeseclassic.com

www.burmeseclassic.com



သီလေးငယ်
(လယ်တော်)

ကျွန်ုပ်နှင့်

# မှင်တကာလေးများ

စာရေးသူ ဤအကြောင်းအား ရေးသားရန် စိတ်ကူးမိသည်မှာ ကြာမြင့်ခဲ့လေပြီ။ သို့ပါသော်လည်း မရေးဖြစ်ဘဲ ရှိနေခဲ့ရာ ယခုမှပင် ရေးမိပါတော့သည်။

စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့ရသော ဖြစ်ရပ်ဆန်းဖြစ်၍ ယနေ့တိုင် မမေ့နိုင်ဘဲ ရှိနေဆဲပင်ဖြစ်ပါသည်။

ဖြစ်ရပ်မှာ လွန်ခဲ့သော (၁၀)နှစ်ကျော်ကာလ စာရေးသူ နေထိုင်သော လယ်တော်ရွာ၌ ရွာဦးဘုရားစေတီ စတင် တည်စက ဖြစ်ပါသည်။

စာရေးသူတို့ရွာမှာ ယခင်က အိမ်ခြေ (၃၀)ကျော်လောက်သာရှိပြီး သေးငယ်သောရွာဖြစ်၍ ကိုယ်ပိုင်ရွာဦး ဘုန်းတော်ကြီးကျောင်း မရှိခဲ့ပါ။

ထို့ကြောင့် လပြည့်လကွယ် အခါကြီး ရက်ကြီးများ၌ ဥပုသ်သီလ ဆောက်တည်ရန်အတွက်မူ ဘေးရွာမှ ဘုန်းတော်ကြီးကျောင်းများသို့ ပင်ပန်းကြီးစွာ သွားရောက် ကုသိုလ်ယူကြရပါသည်။

ယခုလက်ရှိ ရွာဦးကျောင်း ဘုရားစေတီအား လွန်ခဲ့သော (၁၀)နှစ်ကျော်လောက်မှ စတင် တည်ထားကိုးကွယ်ခဲ့ကြခြင်း ဖြစ်ပါသည်။

---

မနက်စောစောစီးစီး

---

ပြာသိုဆောင်းလ၏ အေးချမ်းသော နံနက်ခင်းတစ်ခု၏ ဝေလီဝေလင်း အချိန်၌ဖြစ်၏။

www.burmeseclassic.com

ထိုအချိန်၌ စာရေးသူတို့ရွာထဲမှ အသက်(၇၀)ကျော်အရွယ် အဘွားပုသည် စာရေးသူတို့ရွာ ဘုရား တည်နေဆဲဖြစ်သော ရွာဦးကျောင်းသို့ ဆွမ်းကပ်ရန် ဆွမ်းချိုင့်ဆွဲ၍ လာခဲ့လေ၏။

ရွာထဲမှ တချို့အိမ်များတွင် မီးရောင်များ လင်းလက်ကာ နံနက်စာ ထချက်နေကြပြီ ဖြစ်သော်လည်း တချို့အိမ်များတွင်မူ နှစ်ခြိုက်စွာ အိပ်မောနေကျဆဲဖြစ်ပါသည်။

ဤသို့လျှင် အဘွားပုသည် ပြာသိုဆောင်းလ၏ မြူနှင်းခွေများ ရစ်သိုင်းနေသော အအေးဓာတ်ကို အန်တုလျက် တောင်ဝှေးတစ်ချောင်းဖြင့် ရွာဦးကျောင်းသို့ အမြန်ရောက်ဖို့အရေး သုတ်ခြေတင်လာနေ၏။

အဘွားပု၏အိမ်မှာ ရွာ၏အနောက်ဘက်အစွန်ဆုံးတွင်ရှိပြီး ရွာဦးကျောင်းမှာ ရွာအရှေ့အစွန်ဆုံးတွင် တည်ရှိပါသည်။

အဘွားပုသည် ထိုသို့လာရင်း ရွာဦးကျောင်းအဝင်မုခ်ဦး၏ မလှမ်းမကမ်းတွင်ရှိသော ညောင်ပင်ကြီး နှစ်ပင်ဆီသို့ ရောက်ရှိလာခဲ့လေသည်။

အဘွားပုသည် ညောင်ပင်ကြီးနှစ်ပင်အောက်သို့ ရောက်သောအခါ ကလေးငယ်(၇)ယောက် ညောင်ပင်အောက်တွင် မီးများဖို၍ မီးလှုံနေကြသည်ကို တွေ့ရလေ၏။

ကလေးများမှာ (၇)နှစ်၊ (၈)နှစ်သားအရွယ်လောက်များသာ ရှိသည်ဟု ထင်ရသော်လည်း သာမန်ထက် အရွယ်အစား သေးငယ်နေသည်ဟု ထင်မိ၏။

အားလုံးမှာ လွယ်အိတ်ကလေးများကိုယ်စီလွယ်ထားကြပြီး လျှာထိုးဦးထုပ်လေးများလည်း ဆောင်းထားကြသေးလေ၏။

ဝေလီဝေလင်းအချိန် မှုန်ဝါးဝါးအလင်းရောင်အောက်တွင် ထိုကလေးများအား မည်းမည်းသဏ္ဍာန်များသာမြင်ရ၍ မျက်နှာများကိုမူ သဲကွဲစွာမြင်ရခြင်း မရှိပါချေ။

ထိုကလေးများအား မြင်ရသော အဘွားပုမှာ မည်သည့်အရာကိုမှ ဂရုမစိုက်မိခဲ့ပေ။ အဘွားပု အထင်ရှိသည်မှာ အနောက်ဘက်တွင်ရှိသော ရှမ်းကျေးရွာများမှ မြို့သို့ ဈေးရောင်းသွားကြမည့် မိခင်များထံ လိုက်လာကြသော ကလေးများဖြစ်မည်ဟု ထင်မိ၏။

အဘွားပု ထိုသို့ အထင်ရှိခြင်းမှာ စာရေးသူတို့ရွာ၏ အနောက်ဘက်တွင်ရှိသော ရှမ်းကျေးရွာများမှ အမျိုးသမီးကြီးများသည် စာရေးသူတို့ရွာ၏ အရှေ့ဘက် (၄)မိုင်ကျော် အကွာတွင်ရှိသော ရပ်စောက်မြို့သို့ ခြံထွက်ဟင်းသီးဟင်းရွက်များ သွားရောက်ရောင်းချတတ်ကြ၏။

ထိုရှမ်းကျေးရွာများမှ မြို့နှင့် (၆)မိုင်နီးပါးဝေးသောကြောင့် နံနက်အစောထသွားမှသာ ဈေးမကွဲမီ မြို့သို့ ရောက်တတ်ပါသည်။

ထိုသို့ သွားကြရာ၌ တစ်ခါတလေတွင်မူ နေအိမ်မှ မိမိတို့၏ ကလေးငယ်များအား အဖော်အဖြစ် ခေါ်သွားလေ့ရှိကြ၏။

ဤသို့လျှင် အဘွားပုသည်လည်း ထိုဈေးသည်မိခင်များထံ လိုက်သွားကြသော ကလေးများဖြစ်သည့် အထင်ဖြင့်...

'ကလေးတို့ မင်းတို့အမေတွေ ရှေ့မှာလား၊ နောက်မှာလား၊ ရှေ့မှာဆိုလဲ မပီဘဲနေဦးမယ်၊ မြန်မြန်လိုက်သွားကြနော်၊ နောက်မှာဆိုလဲ အမေတွေကို စောင့်ပြီးမှ သွားကြပေါ့၊ ဒီအချိန် ကလေးတွေချည်း မကောင်းဘူး'

ဟု လူကြီးပီပီ ဆုံးမစကားဆိုပြီး ဘုန်းတော်ကြီး ကျောင်းဝင်းထဲသို့ ဆွမ်းကပ်ရန် ဝင်လာခဲ့ပါတော့သည်။

ထိုကလေးများကတော့ စကားတပြောပြောဖြင့် ကျန်ရစ်ခဲ့ကြ၏။ သူတို့၏ စကားများကိုတော့ အဘွားပု တစ်လုံးမှ နားမလည်ခဲ့ပေ။

---

ဆွမ်းကပ်ရင်း အတွေးဝင်မိ

---

အဘွားပုသည် ဘုရားဆွမ်းတော်များ ဆက်ကပ်နေစဉ် မိမိလာစဉ် လမ်း၌တွေ့ခဲ့သော ညောင်ပင်အောက်မှ ကလေးများကို သတိထားမိလာခဲ့လေသည်။

ထိုကလေးငယ်များအား အချိန်မတော်တွေ့ရခြင်း၊ ထိုကလေးများမှာ ရွယ်တူလေးများ ဖြစ်ကြပြီး အားလုံးမှာ ပုံစံတူများ ဖြစ်နေခြင်း၊ ဈေးသွားသော မိခင်များနောက် လိုက်လာကြသည်ဆိုသော် ထိုကလေးများသည် မိခင်များနှင့်သာ ထက်ကြပ်မကွာ လိုက်လာနိုင်၏။

ထိုသို့ တွေးတောစဉ်းစားရင်းမှပင် အဘွားပုသည် ထိုကလေးများ၏ မပီပြင် ဝိုးတဝါး စကားသံများကိုလည်း ပြန်လည် ကြားယောင်လာမိခဲ့လေသည်။

ထိုသို့ အံ့သြဖွယ်ရာ ဖြစ်ရပ်များကို စဉ်းစားရင်း ထိုကလေးများအား တောသူ(မှင်စာ)လေးများ ဖြစ်နိုင်သည်ဟု အထင်ရှိလာမိခဲ့၏။ **(စာရေးသူတို့ ရှမ်း၊ ဓနု တိုင်းရင်းသားများသည် ပရလောကသား မှင်စာကို တောသူဟု ခေါ်ကြပါသည်။ စာရေးသူ)**


ထိုသို့တွေးရင်း အဘွားပုသည် အပြန်၌ အဖြေကို သိရန်အတွက်





www.burmeseclassic.com

www.burmeseclassic.com



ထိုကလေးများ မီးလှုံနေကြသော ညောင်ပင်အောက် အရောက်တွင် ပြာပုံ ရှိ,မရှိကို လိုက်ရှာကြည့်မိ၏။ အကယ်၍ အမှန်တကယ် မီးရှို့လှုံထားပါက ပြာပုံ လောက်တော့ ကျန်ရစ်ခဲ့မည်မှာ သေချာပါသည်။

သို့ပါသော်လည်း အဘွားပု ပြာပုံအား လိုက်ရှာကြည့်သောအခါ ညောင်ပင်ကြီးအောက်တွင် ပြောင်ရှင်းနေပြီး မည်သည့်ပြာပုံကိုမှ မတွေ့ရပေ။

ထိုအခါ အဘွားပုမှာ အတိုင်းမသိ အံ့သြသွားပြီး အဘွားပု တွေ့ခဲ့သော ကလေးငယ်များမှာ တောသူ(မှင်စာ)လေးများ ဖြစ်ကြောင်း သိခဲ့ရပါတော့သည်။

ထို အကြောင်းအရာများအား အဘွားပု ပြောပြသဖြင့် ထိုညောင်ပင်ကြီးအောက်တွင် မှင်စာများရှိကြောင်း တစ်ရွာလုံး သိခဲ့ရပါသည်။

ထို့ကြောင့် ကလေးငယ်များကိုလည်း ထိုအပင်အောက်တွင် မကစားကြဖို့ မိခင်များက တားမြစ်ခဲ့ကြပါသည်။

## နွေရာသီကျောင်းပိတ်ရက်

စာရေးသူ လေးတန်းကျောင်းသားအရွယ် လွန်ခဲ့သော (၁၀)နှစ်ကျော်ကာလ ထိုအချိန်က ဖြစ်ပါသည်။

စာရေးသူတို့ သူငယ်ချင်းတစ်စုမှာ နွေရာသီကျောင်းပိတ်ရက်တွင် နေပူကျဲထဲ နွေခင်းကြောင်တောင်အချိန်၌ အဘွားပု မှင်စာလေးများကို တွေ့ခဲ့သော ထိုညောင်ပင်ကြီးအောက်တွင် ကစားခဲ့ကြပါသည်။

စာရေးသူတို့ မိခင်များက ထို ညောင်ပင်ကြီးအောက်တွင် မကစားကြရန် ပြောကြသော်လည်း စာရေးသူတို့မှာ အရိပ်ကောင်းသော ညောင်ပင်ကြီးအောက်တွင် မိဘများ မသိအောင် ကစားခဲ့ကြပါသည်။

ကလေးတို့သဘာဝ ပြေးတမ်းလိုက်တမ်း ကစားရင်း အချိန်ကြာလာသောအခါ မောပန်း၍ ငိုက်မြည်းစပြုလာခဲ့ပါသည်။

ထို့ကြောင့် စာရေးသူတို့မှာ အပင်ကြီးအောက်တွင် ခဏထိုင်ကာ နားကြရင်း အိပ်ချင်လာ၍ အရိပ်ကောင်းသော ညောင်ပင်ကြီးအောက်မှ မြက်ခင်းပေါ်တွင် တုံးလုံးလုံကာ နှစ်မြိုက်စွာ အိပ်ပျော်သွားကြပါတော့သည်။

စာရေးသူမှာ အချိန်မည်မျှ ကြာသည်အထိ အိပ်ပျော်သွားသည်မသိ စာရေးသူ နိုးလာသောအချိန်၌ ညနေစောင်းအချိန်ပင် ရောက်ရှိ၍နေပြီဖြစ်၏။

ဘေးတွင် ကစားရင်း အိပ်ပျော်သွားကြသော ကစားဖော်သူငယ်ချင်းများပင် တစ်ယောက်မှ မရှိတော့ပါ။

ဤသို့ဖြင့် စာရေးသူမှာလည်း အိပ်ရာမှ နိုးလာချိန် ညနေစောင်းမှ လေးပင်သော ခြေလှမ်းများဖြင့် အိမ်သို့ ပြန်ခဲ့ပါတော့သည်။

## အမည်ဖော်မရသော ယားနာမှုစွဲကပ်

စာရေးသူ အိမ်သို့ပြန်ရောက်ပြီး ခဏအကြာ၌ စာရေးသူမှာ ခန္ဓာကိုယ်တစ်ခုလုံး ယားပါတော့သည်။ စာရေးသူ၏မိခင်က ခူယား ယားသည်အထင်ဖြင့် ဆေးများ လိမ်းကျံပေး၏။

သို့ပါသော်လည်း ယားနာခြင်းမှာ မပျောက်ကင်းသည့်အပြင် ပို၍ပင် ဆိုးလာခဲ့ပါသည်။ အသားဖုများမှာ ကွမ်းသီးလုံးလောက် အရွယ်များရှိပြီး ခန္ဓာကိုယ်တစ်ခုလုံး နေရာလပ်မရှိအောင် ပေါက်နေပါသည်။

ခြေမှ ခေါင်းအဆုံး ယားပြီး ခေါင်းထဲ၌လည်း အသားဖုများ အပြင်လိုက်ထ၍နေပါ၏။

နောက်တစ်နေ့ နံနက်လင်းသောအခါ စာရေးသူ၏ မိခင်သည် စာရေးသူ၏ ကိုယ်ပေါ်မှ မပျောက်ကင်းသော ယားဖုများကိုကြည့်ပြီး စိုးရိမ်ကြီးစွာဖြင့် မြို့သို့သွား၍ ဆေးခန်းပြကြည့်ပြန်သည်။

ဆရာဝန်က သွေးယားသည်ဟု ကောက်ချက်ချပြီး ဆေးထိုးပေး၏။ ထို့နောက် သွေးသန့်ဆေးများ ဝယ်သောက်ရန်ပါ ညွှန်ကြားပေးလာပါသည်။

သို့ပါသော်လည်း ယားနာမှု ဝေဒနာမှာ သက်သာပျောက်ကင်းမှု မရှိဘဲ ရှိနေပါ၏။ ဆေးခန်းသို့ ခဏခဏ သွားပြသည့်အပြင် တခြားဆေးဆရာတို့များနှင့်လည်း ကုသကြည့်ခဲ့သည်။

www.burmeseclassic.com

ထူးခြားသည်မှာ ထိုသို့ ယားနာမှုမှာ ညအခါ သက်သာ၍ ကောင်းစွာ အိပ်စက်၍ ရပါသည်။

နံနက်နှင့် ညနေပိုင်းတွင် အချိန်ပြည့် ကုတ်နေရသည်ထိအောင် ယားပြီး နေ့လယ်နှင့် ညပိုင်းတွင်တော့ အနည်းငယ် သက်သာမှု ရှိပါသည်။

ဤသို့လျှင် ထိုသို့ မပျောက်ကင်းဘဲ ရှိနေရာ (၅)ရက်မြောက်သောနေ့၌ စာရေးသူမှာ ထိုညောင်ပင်ကြီးအောက်တွင် အိပ်ပျော်ခဲ့ပြီးမှ ယားနာမှု စွဲကပ်ခဲ့ကြောင်းကို သတိပြုမိလာခဲ့ပါသည်။

သို့ပါသော်လည်း ထိုနေ့ စာရေးသူနှင့် အတူအိပ်ခဲ့ကြသော သူငယ်ချင်းများမှာ စာရေးသူကဲ့သို့ တစ်ယောက်မှ မယားဘဲ စာရေးသူ တစ်ယောက်သာ ယားနာမှု စွဲကပ်ခဲ့ခြင်း ဖြစ်ပါသည်။

သူငယ်ချင်းများ၏ ပြောပြချက်အရ ထိုနေ့က စာရေးသူမှာ ညနေစောင်းသည်အထိ နှစ်ခြိုက်စွာ အိပ်ပျော်နေပြီး နိုးမရသောကြောင့် တစ်ယောက်တည်း ထားခဲ့ကြောင်း သိခဲ့ရပါသည်။

ထို့နောက် စာရေးသူ၏ မိခင်အား ထိုအကြောင်းကို စာရေးသူမှ ပြောပြခဲ့ပါသည်။ စာရေးသူ၏စကား ကြားသောအခါ အမေမှာ လွန်စွာ စိုးရိမ်သွားပြီး ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားခဲ့၏။

ဆေးပေါင်းစုံဖြင့် ကုသကြည့်သော်လည်း မသက်သာသဖြင့် စာရေးသူ၏ ယားနာမှုစွဲကပ်ခြင်းအပေါ် တစ်အိမ်သားလုံး သံသယ ဖြစ်လာခဲ့ပါတော့သည်။

## မှင်စာလေးများ ပြုစားလေသလား

စာရေးသူ ထိုသို့ ယားနာမှု စွဲကပ်နေခြင်းအကြောင်းမှာ သေးငယ်လှ



သော စာရေးသူတို့ တစ်ရွာလုံးသို့ ခဏတွင်း ပျံ့နှံ့သွားခဲ့ပါသည်။

တချို့က စာရေးသူ ထိုညောင်ပင်အောက်တွင် အိပ်၍ မှင်စာ(ပရလောကသား) ပြုစားသည်ဟု တစ်ယောက်တစ်မျိုး ဝေဖန်ချက် ပေးကြပါသည်။

ထို့ကြောင့် စာရေးသူ၏ မိခင်နှင့်တကွ စာရေးသူတို့ တစ်အိမ်သားလုံး စာရေးသူအတွက် စိုးရိမ်ပူပန်လျက် ရှိနေကြပါ၏။

စာရေးသူ၏ ယားနာခြင်းမှာလည်း သက်သာလာခြင်း မရှိဘဲ ပို၍ပင် ဆိုးလာပါသေးသည်။

ယားဖုလေးများမှာ ရက်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်း ကြီးထွားလာ၏။ ဝချို့နေရာများတွင် ကုတ်လွန်းသောကြောင့် အနာများပင် ဖြစ်လာပါသည်။

ဤသို့လျှင် (၇)ရက်မြောက်သောနေ့၌ ရွာထဲမှ မှင်စာလေးများအား တွေ့ခဲ့သူ အဘွားပုမှာ စာရေးသူ၏အိမ်သို့ ရောက်ရှိလာခဲပါသည်။ ထို့နောက် အဘွားပုမှ စာရေးသူ၏ ယားဖုများအားကြည့်၍...

'အင်း...ကြည့်ရတာ သွေးရိုးသားရိုး ယားတာမဟုတ်လောက်ဘူး။ အဲဒီညောင်ပင်အောက်မှာ သွားအိပ်ရင်း ဖြစ်တာဆိုတော့ တောသူ ကူးတာပဲ ဖြစ်ရမယ်'

**(တောသူ ကူးသည် ဆိုသည်မှာ စာရေးသူတို့ ရှမ်း,ခနတိုင်းရင်းသားများ အခေါ်အဝေါ်ဖြစ်ပြီး မှင်စာများ စွဲကပ်ပြုစားခြင်းကို ဆိုလိုပါသည်။ *ဤကား စကားချပ်*)**

ထို့နောက် အဘွားပုမှပင် ဆက်၍...

'ဒီအတိုင်းနေလို့ မဖြစ်ဘူး။ ကြာလာရင် ဒုက္ခရောက်တတ်တယ်။ မိလှ ကလေးကို ရွာဦးကျောင်းဆရာတော်ဆီ ခေါ်သွား ကျောင်းမှာ ဘုန်းဘုန်းကြီးလဲ ရောက်နေတယ်'

'ဟုတ်...ဟုတ်ကဲ့ ဘွားပု ကျွန်မ ခေါ်သွားလိုက်ပါ့မယ်ရှင်'

စာရေးသူ၏မိခင်မှာ အဘွားပု၏ စကားကြောင့် ညနေစောင်းချိန် စာရေးသူတို့ လယ်တော်ရွာ ရွာဦးဘုရားအား တည်ပေးခဲ့သော **ကလောမြို့မှ သာသနာပြု မနောလှဆရာတော် အရှင်အစ္စရိတနန္ဒ ဆရာတော်ကြီးထံ** စာရေးသူအား ခေါ်သွားခဲ့ပါတော့သည်။

## မေတ္တာသုတ်စွမ်းအားနှင့်

## ဆရာတော်တန်ခိုး

ဆရာတော်ကျောင်းသို့ ရောက်သောအခါ ဆရာတော်ကြီးအား ဘုရားဆောင်ရှေ့တွင် အဆင်သင့် ဖူးတွေ့ရသောကြောင့် စာရေးသူ၏မိခင်မှ ဆရာတော်ကြီးအား ဖြစ်ကြောင်းကုန်စင် လျှောက်ထားလေသည်။

ထိုအခါ၌ ဆရာတော်ကြီးမှာ အနည်းငယ်မျှ ပြုံးပြတော်မူပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ကဲ…ငါ့သား ဘုန်းဘုန်းအနားကို လာ' ဟု စာရေးသူအား လက်ကမ်းခေါ်ပါသည်။

စာရေးသူမှာလည်း ဆရာတော်ထံသို့ ရှိရှိကျိုးကျိုးသွားပြီး အနားရောက်သော် ဆရာတော်အား ဦးချကန်တော့ လိုက်ပါသည်။

ထို့နောက် ဆရာတော်မှ စာရေးသူအား ထိုင်ခိုင်းပြီး စာရေးသူ၏ လက်နှစ်ဖက်ကိုကိုင်လျက် မျက်စိမှိတ်ကာ အချိန်အတော်ကြာ တရားစာများ စိတ်ထဲမှ ရွတ်ဖတ်ပေးနေပါသည်။

စာရေးသူမှာလည်း ဆရာတော်ရှေ့တွင် ထိုင်လျက် အချိန်အတော်ကြာ ငြိမ်သက်နေမိ၏။

ခဏကြာမှ ဆရာတော်သည် အနည်းငယ်ပြုံး၍...

'ကဲ ငါ့သား...သား ဘာမှ မဖြစ်တော့ဘူး။ ခဏနေရင် ပျောက်သွားမှာပါ။ ဘုန်းဘုန်း မေတ္တာသုတ်ရွတ်ပြီး မေတ္တာပို့ပေးပြီးပြီ သား ဘာမှ မကြောက်နဲ့တော့ ခဏနေ ကောင်းတော့မှာ'

'တင်ပါ့ ဘုရား'

ထို့နောက် စာရေးသူနှင့် မိခင်မှာ ဆရာတော်အား ကန်တော့၍ အိမ်သို့ ပြန်ခဲ့ကြပါသည်။

အိမ်သို့ရောက်ပြီး ခဏအကြာ၌ စာရေးသူ၏ အယားဖုများမှာ ပိုမိုကြီးထွားလာပြီး တစ်ကိုယ်လုံးလည်း မနေနိုင်အောင် ပူခြစ်လျက် ရှိနေပါသည်။

စာရေးသူမှာ နေရခက်လွန်း၍ လူးလိမ့်ကာ အော်ငိုခဲ့ရပါသည်။ စာရေးသူတို့ မိသားစုမှာလည်း စာရေးသူအတွက် စိုးရိမ်ကြီးကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ခဲ့ကြပါသည်။

စာရေးသူ ထိုသို့ ခံစားခဲ့ရပြီး (၅)မိနစ်လောက်အကြာတွင် သက်သာလာပြီး အပူများ ခြေဖဝါးနှစ်ဖက်မှ ထွက်သွားသည့်အလား ခံစားမိပါသည်။

ထို့နောက် အံ့သြစရာပင် ယားဖုများမှာလည်း ကြီးထွားရာမှ ပြုံ့သွားပြီး မူလ အသားအရေအတိုင်းဖြစ်လျက် လုံးဝ ပျောက်ကင်းသွားပြီး ချမ်းသာရာခဲ့ပါသည်။

ကျေးဇူးကြီးမားလှသော ဆရာတော်ကြီးအားလည်း စာရေးသူတို့ မိသားစုမှ ကျေးဇူးတင်မဆုံး ဖြစ်ခဲ့ရပါသည်။

ပြန်လည် သုံးသပ်ကြည့်သော် စာရေးသူမှာ မှင်စာ(ပရလောကသား) စွဲကပ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့ စွဲကပ်ရာ၌ စာရေးသူမှာ အဘယ်ကြောင့် ယားနာမှု ဖြစ်ခဲ့ကြောင်းကိုတော့ စာရေးသူ စဉ်းစား၍ မရခဲ့ပါ။

ဆရာတော်ကျောင်းမှ ပြန်လာပြီး စာရေးသူ ယားနာမှု ဝေဒနာဆိုးကြီးကို ခဏတာ ပြင်းထန်စွာ ခံစားရခြင်းမှာ ထိုမှင်စာ(ပရလောကသား) စာရေးသူ၏ ခန္ဓာကိုယ်မှ ရုန်းထွက်သွားခြင်းကြောင့်ဟု ထင်မိပါသည်။

ထိုပရလောကသား ခန္ဓာကိုယ်မှ ရုန်းထွက်နေစဉ် စာရေးသူမှာ ဝေဒနာကို ပြင်းထန်စွာ ခံစားရပြီး ထိုပရလောကသားမှာ စာရေးသူ၏ ခြေဖဝါး မှတစ်ဆင့် ထွက်သွားခြင်း ဖြစ်ပေသည်။

ဆရာတော်ကြီးမှ မေတ္တာသုတ် ရွတ်ဖတ်ကာ မေတ္တာပို့ပေးခဲ့ခြင်းကြောင့် စာရေးသူထံ ကပ်ငြိမှီတွယ်နေရာမှ ထွက်သွားခြင်း ဖြစ်ပေမည်။

စာရေးသူကိုယ်တိုင် ကြုံတွေ့ခဲ့သော ထိုအဖြစ်အပျက်မှာ ယနေ့ထိ စာရေးသူ တွေးမိတိုင်း အံ့သြလျက် ရှိနေပါတော့သည်။

**ဤဆောင်းပါးအား ဖတ်ရှုပြီး စာရေးသူကဲ့သို့ ကြုံဖူးသူများ ရှိပါက** နက္ခတ်ရောင်ခြည်မဂ္ဂဇင်းတွင် ရေးသားပေးကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

စာရေးသူ၏ ဝေဒနာအား ကုသပေးခဲ့သော **မနောလှဆရာတော်ကြီး အရှင်အစ္စုတနန္ဒမှာ ၂၀၀၉ ခုနှစ်၊ သက်တော်(၅၈)၊ ဝါတော်(၂၁)ဝါတွင် ပျံလွန်တော်မူသွားခဲ့ပါသည်။**


**(ဆရာတော်ကြီးအား ဤဆောင်းပါးဖြင့် ဦးခိုက်ကန်တော့ပါ၏။)**

*စာရှုသူများအား အစဉ်လေးစားလျက်...*

ညီလေးငယ်
(လယ်တော်)

www.burmeseclassic.com

www.burmeseclassic.com



# သူ့ရွာရပ် သူ့ရွာသေ နှင့် သူ့ဓလေ့ဆန်းများ

ဂကာ သင်းမြွှေ

### ညောင်ပင်ပေါ် နတ်စင်နှင့် ဓလေ့ဆန်းများ

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလထုတ် အမှတ်(၃၃၈)၊ စာမျက်နှာ(၁၈၅) နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာရေးသူ၏ ''ထူးခြားဆန်းပြား ဖြစ်ရပ်ဆန်းများ'' ဆောင်းပါးပါသဖြင့် ပြောပြသူ ဦးဝင်းနိုင်အား စာအုပ်လက်ဆောင်ပေးရန် ဝယ်သွားပါသည်။

ဦးဝင်းနိုင်သည်လည်း ယခုလက်ရှိ သူ့ရွာကလေးကို အကြောင်းပြု ရေးထားသည်ဖြစ်၍ ဝမ်းသာနေပါသည်။

တစ်နေ့တွင် သူ့တူများနှင့်အတူ စကားဝိုင်းဖွဲ့ပြောနေကြစဉ် နတ်ဝှက်ရွာအကြောင်း ရောက်သွားသည်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလထုတ် နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းတွင် ပါသည့် နတ်ဝှက်ခံရသော ကိုရင်လေးတစ်ပါး အကြောင်းနှင့် သိုက်နန်းရှင်တို့ ပြောင်းရွှေ့မှုအကြောင်း ဖတ်ပြီးသော ဦးဝင်းနိုင်ကပင် စကားစလာခြင်း ဖြစ်ပါသည်။

'နတ်ဝှက်ရွာဆိုလို့ မင်းနေတဲ့ နန်းခွဲ့ရွာနားက နွားတလှည့်ဘုရားရှိတဲ့ နေရာကလဲ နတ်ဝှက်တဲ့ရွာလို့ ပြောကြတယ်။ ဘာထူးခြားသလဲ'

ဟု ဦးဝင်းနိုင်က သူ့တူမနှင့် ရသော ကိုထွန်းသိန်းကို မေးလိုက်ပါသည်။

'ကျွန်တော်ကတော့ ဘာမှ မသိပါဘူး။ အဖေတို့ အမေတို့ ပြောဖူးတာက လပြည့်လကွယ် ညသန်းခေါင်ချိန် ရောက်ရင် မောင်းထုသံ ကြားရတယ်တဲ့၊ ခုနောက်ပိုင်းကျတော့ ဘာသံမှ မကြားရတော့ပါဘူး'

ဟု ကိုထွန်းသိန်း ပြန်လည် ပြောပြပါသည်။

'ကျွန်တော်လဲ နတ်ဝှက်ရွာလို့ ပြောတဲ့နေရာကို ရောက်ဖူးတယ်။ အင်းတော်မြို့နယ်၊ မော်လူးမြို့ အလယ်တန်းကျောင်း (ယခု အထက်တန်းကျောင်း)မှာ တာဝန်ကျတုန်းက ကျောင်းပိတ်ရက်တွေမှာ တပည့်တွေ ရှိတဲ့ရွာတွေကို ရောက်ဖူးအောင် အလည်သွားတယ်။

မော်လူးမြို့ရဲ့ အနောက်ဘက် လေးတန်ချောင်းနားမှာ ထုံးဖြူဖြူသုတ်ထားတဲ့ စေတီတစ်ဆူနဲ့ ဇရပ်တစ်ဆောင် ရှိတယ်။

အဲဒီ ဘုရားနားတစ်ဝိုက်မှာ သရက်ပင်၊ ပိန္နဲပင်တွေ ကျိုးတိုးကျဲတဲပေါက်နေတာ တွေ့ရတယ်။ တပည့်တွေက နတ်ဝှက်ရွာဟောင်း ဖြစ်တယ်လို့ ပြောတယ်။ ဒါထက်တော့ ထူးထူးခြားခြား မတွေ့ခဲ့ပါဘူး'

ဟု စာရေးသူက ဝင်ထောက်ပါသည်။

'နန်းခွဲ့ရွာနဲ့ ကင်မွန်းခြံရွာကြားရှိတဲ့ ညောင်ပင်ပေါ်နေရာကလဲ နတ်ဝှက်ရွာလို့ ပြောကြတယ်။ ခုချိန်ထိ ညောင်ပင်ပေါ် ဘိုးဘိုးကြီးရယ်လို့ နတ်စင်ရှိသေးတယ်'

ဟု ဦးဝင်းနိုင်က ပြောရာ စာရေးသူ၏ ခေါင်းထဲတွင် ပုဂံခေတ်ကတည်းက ရှမ်းတိုင်းရင်းသားနှင့် ဗမာတို့ ညီညွတ်ကြပြီး အပြန်အလှန် ဘုရားတည်ခဲ့ကြသည်ကို တွေးမိလိုက်ပါသည်။

ဤတွင် အလျဉ်းသင့်သဖြင့် ရှမ်းတိုင်းရင်းသားနှင့် ဗမာတို့ ညီညွတ်စွာ အပြန်အလှန် ဘုရားတည်ခဲ့ကြသည်ကို ဗဟုသုတဖြစ်ရေးပြလိုပါသည်။

ပုဂံခေတ် အနော်ရထာမင်း လက်ထက် ဖြစ်ပါလိမ့်မည်။ ထိုစဉ်က ရှမ်းစော်ဘွားများပိုင်သော မိုးမိတ်နယ်နှင့် ဗမာဘုရင်ပိုင်သော ဗမာနယ်ဟူ၍ ရှိခဲ့ပါသည်။

ရွှေလီမြစ်သည် ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေသည်ဖြစ်၍ ရွှေလီမြစ်ကို ပိုင်းခြားပြီး နယ်မြေသတ်မှတ်ကြရာ ရွှေလီမြစ်၏ တစ်ဖက်ကမ်း ငါးအိုးရွာနှင့်အနီး နန်းခွဲ့ရွာ၊ ရွှေကျောင်းကုန်းရွာသည် ရှမ်းတိုင်းရင်းသား ပိုင်သော နယ်မြေအဆုံးဖြစ်သည်။

ထို့အတူ ရွှေလီမြစ်၏ အခြား တစ်ဖက်ကမ်းရှိ အင်းကြီးရွာ၊ လှော် ရွာတို့အထက်တွင်ရှိ ကျောင်းတော်ဦး



www.burmeseclassic.com

www.burmeseclassic.com

အထက်ဘက်တစ်မိုင်ခန့်မှာ ဗမာပိုင်နယ်မြေဟု သတ်မှတ်ကြပါသည်။

လောင်းတော်ဦး၏အထက်နား ဗမာပိုင်နယ်မြေအဆုံးနေရာနှင့် တည့်တည့် ရွှေလီမြစ်၏ တစ်ဖက်ကမ်းတွင် ပွဲစမိတ်ရွာ ရှိပါသည်။

ထိုစဉ်က ရွာဟုတ်မည် မထင်ပါ။ ဗမာဘုရင်၏ သံတမန်များ၊ ရှမ်းစော်ဘွားများ တွေ့ဆုံပြီး သဘောတူဆုံးဖြတ်ကြ၊ မိတ်ဆုံစားကြသည်ကို အစွဲပြု၍ **"ပွဲစားမိတ်"** ဟု အမည်တွင်ရာမှ ထိုနေရာကို **"ပွဲစမိတ်"** ဖြစ်လာပြီး ရွာငယ်လေး ဖြစ်လာပါသည်။


ညီညွတ်စွာ သဘောတူ ဆုံးဖြတ်ကြသည်မှာ ဗမာဘုရင်ပိုင် နယ်အဆုံးဖြစ်သောနေရာနှင့် ရှမ်းစော်ဘွားတို့ ပိုင်သော နယ်အဆုံးဖြစ်သည့် နန်းနွဲ့ရွာတို့တွင် ဘုရားတည်ကြပါမည်။

ထိုသို့ အထိမ်းအမှတ် ဘုရားတည်ရန် ဗမာပိုင် နယ်မြေအဆုံး တစ်နေရာတွင် ရှမ်းစော်ဘွားတို့က ဘုရားတည်၍ ရှမ်းစော်ဘွားတို့အပိုင် အဆုံးတစ်နေရာတွင် ဗမာတို့က ဘုရားတည်ကြရပါမည်။

ဤသို့ သဘောတူကြသည့်အတိုင်း ရှမ်းစော်ဘွားတို့ နယ်အဆုံးဖြစ်သော နန်းနွဲ့ရွာအနီး ကုန်းမြင့်နေရာဖြစ်သည့် နွားတလှည့်တွင် ဗမာတို့က ဘုရားစေတီ တည်ကြသည်။ ယနေ့အချိန်ထိ **"နွားတလှည့်ဘုရား"** ဟူ၍ ပွဲတော်ရဘုရား ဖြစ်လာပါသည်။

ရှမ်းတိုင်းရင်းသားတို့က ဗမာပိုင်အဆုံးနေရာ၏ အောက်နားတွင် ရွှေလီမြစ်ထဲသို့ ထိုးထွက်နေသော ကျောက်ဆောင်ကြီးရှိရာတွင် ဘုရားတည်ကြပါသည်။ ထိုဘုရားသည်လည်း **"လောင်းတော်ဦးဘုရား"** ဟူ၍ အမည်တွင်လာပါသည်။

ရှေးခေတ်က ဘုရင်များ၊ စော်ဘွားများသည် ဘုရားတည်၊ ရွာတည်၊ တံတားဆောက်၊ ကန်ဆည်ကြရာတွင် အစောင့်အရှောက်များ ထားကြခြင်း၊



ဆန်းကြယ်သော ပညာရပ်များ အသုံးပြု၍ အစီအမံများ ပြုလုပ်ကြခြင်းတို့ ရှိခဲ့ကြသည်။

သို့ဖြစ်၍ နွားတလှည့်ဘုရားတွင် အစောင့်များ (ဥစ္စာစောင့်များ)ရှိ၍ လပြည့်လကွယ်ညများတွင် မောင်းသံများ ကြားခဲ့ကြရခြင်းဖြစ်သလို လောင်းတော်ဦးဘုရား တည်ထားသော ကျောက်ပြင်ကြီးရှိရာ တောသည် အစောင့်ဘီလူးကြီးရှိသည်ဟု ဒေသခံ(အင်းကြီး၊ လှေဘိုရွာမှ လူများ) များ ပြောသည်ကို မှတ်သားခဲ့ရပါသည်။

'ခင်ဗျားပြောတဲ့ နန်းနွဲ့ရွာ၊ နွားတလှည့်ဘုရားကိုတော့ ငါးအိုးသွားရင်း ရောက်ဖူးတယ်။ ရွှေကျောင်းကုန်း၊ ညောင်ပင်ပေါ်ဆိုတာကို မရောက်ဖူးဘူး'

ဟု စာရေးသူက ပြောရာ...

'ဆရာကြီးက ဘယ်လမ်းက သွားခဲ့လို့လဲ'

ဟု မေးပါသည်။

'ကျွန်တော်ငယ်ငယ်က ငါးအိုးက ကျောင်းလာနေတဲ့ သူငယ်ချင်းနဲ့ ငါးအိုးရောက်ဖူးအောင် ကသာမှ ပုလွေရွှေဘက်ကူး၊ ပုလွေရွှေမှ ငါးအိုးလမ်းအတိုင်း သွားခဲ့တယ်။ ပြီးတော့ ဘွက်ရွာ အလယ်တန်းကျောင်းအုပ်လုပ်နေတုန်းက ကျွန်တော့်တာဝန် ပညာရေးစစ်တမ်းကောက်ဖို့ ကသာမြို့နယ်အဆုံး အင်းကြီးလှေဘိုထိ သွားတော့ ဘွက်ကနေ ဝက်တူးထိသွား၊ ဝက်တူးကနေ ရွှေလီမြစ်အတိုင်း သွားရတယ်။

ကသာမြို့နယ် မဟုတ်ပေမယ့် ငါးအိုးကို ဖြတ်သွားရတယ်။ အင်းကြီးလှေဘိုလို့သာ ဆိုတယ်၊ အင်းကြီးရွာနဲ့ လှေဘိုရွာက နှစ်မိုင်လောက်ဝေးတယ်။ လှေဘိုနဲ့ လောင်းတော်ဦးဘုရားနဲ့ တစ်မိုင်လောက်ဝေးတယ်'

ဟု စာရေးသူမှ ရှင်းပြပါသည်။

'ကသာက မြစ်တစ်ဖက်ကမ်းကို ကူးပြီး ငါးအိုးရွာသွားတာတော့ ထားပါတော့၊ ဘွက်ကနေ ငါးအိုးသွားတာတော့ တစ်ကွေ့တစ်ပတ်ပဲ။ အမှန်က ဘွက်နဲ့ ငါးအိုးနဲ့ နီးနီးလေး မနက်စာစားအမီတောင် ပြန်လို့တယ်'

ဟု ဦးဝင်းနိုင်က ပြောရာ...

'ဘယ်လိုသွားသလဲ၊ ပြောစမ်းပါ'

ဟု စာရေးသူက မေးလိုက်ပါသည်။

'ဆရာကြီးက ဘွက်မှာနေခဲ့တာဆိုတော့ ကင်မွန်းခြံရွာကို ရောက်ဖူးမှာပေါ့'

'ဟုတ်ကဲ့ ရောက်ဖူးပါတယ်'

'ကင်မွန်းခြံရွာက ဘွက်ရဲ့ အရှေ့တောင်ထောင့်အရပ်ဘက် နှစ်မိုင်လောက်ရှိတယ်။ ကင်မွန်းခြံရွာကနေ အရှေ့ဘက်ထွက်လိုက်တာနဲ့ တစ်မိုင်လောက်မှာ ညောင်ပင်ပေါ် ဘိုးဘိုးကြီးနတ်စင်ရှိရာကို ရောက်မယ်။

ဆက်သွားရင် စောစောက ပြောတဲ့ ရွှေကျောင်းကုန်း နန်းနွဲ့ရွာရောက်မယ်၊ ကုန်းတန်းလေးပေါ်တက်လိုက်တာနဲ့ နွားတလှည့်ရောက်မယ်။ နွားတလှည့်ကနေ တစ်မိုင်လောက် လမ်းအတိုင်း ဆက်လျှောက်လိုက်ရင် ငါးအိုးရောက်တာပဲ။ အခုတော့ ငါးအိုးက စည်ကားနေပြီ'

ဟု ဦးဝင်းနိုင်က ရှင်းပြပါသည်။

ငါးအိုးရွာသည် ရွှေလီမြစ်ကို ဖြတ်ကူးသော တံတားကြီးရှိရာရွာ ဖြစ်၍ ဗန်းမော်-မန္တလေး ကားလမ်းမကြီးပေါ် တည်ရှိသည်။ လမ်းနှင့်တံတားကြီးကို အမှီပြု၍ ငါးအိုးရွာသည် စည်ကားလာပြီး မြေဈေးများဖြင့်တက်လာသည်။

'ခင်ဗျား ပြောခဲ့တဲ့ ညောင်ပင်ပေါ် ဘိုးဘိုးကြီးနတ်စင်ဆိုတာ ရွာရှေ့နဲ့လဲ မနီးဘဲ နတ်စင်က မပျက်မစီး ရှိနေတာ

www.burmeseclassic.com

ဆန်းတယ်နော်'

ဟု စာရေးသူ မှတ်ချက်ပေးလိုက်ပါသည်။

'ဖြတ်သန်းဖြတ်လာ သွားကြသူတွေ၊ အခင်းလုပ်တဲ့လူတွေက တရိတသေ အလေးထားကြလို့ ဖြစ်မှာပေါ့။ ခုချိန်ထိအောင် အမှားလုပ်လို့ မရဘူး'

'ဘယ်လိုအမှားမျိုးတွေလဲ၊ ညောင်ပင်ပေါ်နတ်ကြီးက ဘာတွေ လုပ်ရင်မကြိုက်ဘူးလဲ။ ပြောပြစမ်းပါ'

'ညောင်ပင်ပေါ် နတ်စင်နားရောက်ရင် ခဏရပ်နားကြရတယ်။ လှည်းနဲ့ဆိုရင် လှည်းကိုရပ်၊ နွားကို ဖြုတ်ပြီး နားကြရတယ်။ နွားကျောင်းတဲ့အခါ နွားနှစ်ကောင်ကို ကြိုးနဲ့ပူးတွဲချည်ပြီး မလွှတ်ရဘူး။ နတ်စင်ရှေ့ဖိနပ်မစီးရဘူး။ ဖိနပ်ချွတ်ပြီးမှ သွားရတယ်။

လပြည့်လကွယ်ညရောက်ရင် ညောင်ပင်ပေါ်ကို ဖြတ်မသွားရဘူး။ ဥပမာ- နန်းနွဲ့ဘက်လူက ကပ်ပွန်းခြံကို မသွားရ၊ ကပ်ပွန်းခြံကလူက နန်းနွဲ့ကို မသွားရ၊ နန်းနွဲ့ဘက်မှာရှိရင် နန်းနွဲ့မှာအိပ်၊ ကပ်ပွန်းခြံမှာ ရှိရင် ကပ်ပွန်းခြံမှာအိပ်။ မနက်ရောက်မှ ဖြတ်သွားတာကို ပြောတာ။ ကျွန်တော်တို့လဲ ကြုံခဲ့ဖူးတယ်'

ဟု ဦးဝင်းနိုင်က ပြောရာ စာရေးသူ၏ စိတ်ထဲတွင် ထူးခြားမှုတော့ ရှိလာပြီ၊ အကြောင်းအရာ ပေါ်လာသည့်အတွက် သိလိုလာသည့်အလျောက် မဆိုင်းမတွပင် **"လုပ်စမ်းပါဦး... ခင်ဗျား တွေ့ခဲ့တာလေး"**ဟု တောင်းဆိုလိုက်ပါသည်။

'ကျွန်တော် ဒီကိုလာပြီး ကြခင်း မလုပ်ခင် အသက်နှစ်ဆယ်လောက်က ဖြစ်မယ်။ ကျွန်တော်နဲ့ ယောက်ဖကြီးတို့ ရှဉ့်မတက်မြစ်တူးဖို့ ညောင်ပင်ပေါ်ကို ရောက်ခဲ့တယ်။

ကျွန်တော်တို့က ငါးတဲလေးမှာနေတာဆိုတော့ ငါးတဲလေးကနေ မြောက်ဘက်ကို တက်လိုက်ရင် နန်းနွဲ့ရွာကို ရောက်တယ်။ နန်းနွဲ့ရွာရဲ့အနောက်၊ အောက်နားဆင်းလိုက်ရင် ရွှေကျောင်းကုန်းရွာရောက်၊ ရွှေကျောင်းကုန်းကနေ ဆက်သွားလိုက်တော့ အခင်းတဲတစ်တဲ တွေ့တယ်။

အဲဒီထဲမှာ အသက်ကြီးကြီး လူကြီးတစ်ယောက်နဲ့တွေ့လို့ မေးတော့ ဒီအတိုင်း ဆက်သွားပြီး တောင်စောင်းခါးပန်းမှာ လမ်းတွေ့မယ်။ ရှေ့တည့်တည့် မျှော်ကြည့်လိုက်ရင် သရက်ပင်တစ်ပင်ကို တွေ့ရမယ်။ ဆက်လျှောက်သွားရင် မင်းတို့လိုချင်တဲ့ ရှဉ့်မတက်ပင်တွေ တွေ့လိမ့်မယ်။ ညောင်ပင်ပေါ်ဘိုးဘိုးကြီးနတ်စင်နဲ့လဲ မဝေးဘူးလို့ လမ်းညွှန်လိုက်တယ်။

ကျွန်တော်တို့လဲ သွားကြတာပေါ့။ ပြောတဲ့အတိုင်းပါပဲ၊ သရက်ပင်နားက ဖြတ်သွားပြီး တော်တော်လှမ်းတော့ ရှဉ့်မတက်ပင်တွေ တွေ့တယ်။ အမြစ်တူးယူပြီး ပြန်ခဲ့ကြတယ်။

သရက်ပင်နားရောက်တော့ သရက်ပင်ကို ကြည့်လိုက်တော့ အသီးတွေ ပွတ်ခဲနေတာ တွေ့ရတယ်။ အသွားတုန်းက သတိမထားမိလို့ ထင်ပါရဲ့။ အသီးရှိမှန်း မသိကြဘူး။

ဒါနဲ့ နှစ်ယောက်သား သရက်သီးစိမ်းတွေ ကောက်ကြတာပေါ့။ သရက်ပင်က တောင်စောင်းမှာ ပေါက်နေတာမို့ ကုန်းမြင့်ဘက်က ခူးရင် အပင်ပေါ်တောင် တက်စရာမလိုဘူး။ လက်ခုပ်တစ်ဖောင်လောက်မှာ လှမ်းခူးလိုက်ရုံပဲ။

ကျွန်တော်တို့လဲ ပုဆိုးခါးပုံစကြီးကြီးလုပ်ဝတ်ပြီး သရက်သီးလေး,ငါးလုံးလောက်စီရတော့ တော်ပြီ၊ ပြန်ကြစို့လို့ ပြောလဲပြီးရော မြင်မြင်ကရာမှာ အုတ်ကျိုးအုတ်ပွဲနဲ့ ဘုရားဆင်းတုတော်အကျိုးအပွဲတွေ ပုံထားတာ တွေ့ရတယ်။ သရက်ပင်ခြေရင်းမှာလဲ ဒီလိုပဲ တွေ့ရတယ်။

ကျွန်တော်တို့ သရက်သီး မကောက်ခင်က သရက်ပင်တစ်ဝိုက်မှာ မြက်ခင်းချုံနွယ်ပုလေးတွေသာ ရှိတာပေါ့။ ကျွန်တော်တို့က သတိထား အသိဝင်လာတာနဲ့ နှစ်ဦးသား ဒီသရက်သီးတွေကို ယူသွားလို့ မဖြစ်ဘူး။ ပြန်ထားခဲ့မှလို့ လက်ဟန်ပြပြီး သရက်ပင်ရင်းမှာ သရက်သီးတွေကို ပုံချပြီး မြန်မြန်ပြန်ခဲ့ကြတယ်'

ဟု ဦးဝင်းနိုင်က ပြောပြီးစကားကိုရပ်လိုက်ပါသည်။ စာရေးသူ၏ စိတ်ထဲတွင် "ပြီးသွားပြီလား... နောက်ဆက်တွဲ ဘာဖြစ်သေးလဲ" စသည့် အတွေးရောက်လာပြီး "နောက်တော့" ဟု စကားထောက်လိုက်ပါသည်။

'ဘာမှတော့ မဖြစ်ကြပါဘူး။ စောစောကတွေ့ခဲ့တဲ့ လူကြီးကို ကျွန်တော်တို့ သရက်သီးကောက်လို့ မြင်ခဲ့ရတာကြောင့် ကြောက်ပြီး သရက်သီးတွေ ပြန်ထားခဲ့ကြောင်း ပြောပြတယ်။

အဲဒီဘကြီးက ဘာပြောသလဲဆိုတော့ အေး...မင်းတို့ သတိဝင်ပြီး အသိစောလို့သာပေါ့၊ ကြောက်ကြောက်နဲ့ သရက်သီးတွေ ပြန်မထားဘဲသာ ယူခဲ့ရင် မင်းတို့ နောက်ကို ငန်းမြွေကြီးနှစ်ကောင်လိုက်မှာ သေချာတယ်။

ဒီလိုအဖြစ်မျိုး တွေ့ကြုံခဲ့ရလို့ တောင်းပန်ပြီး ပြန်လွှတ်ရတာ နှစ်ခါရှိပြီ၊ လူကိုတော့ အန္တရာယ်မပေးပါဘူး။ နောင်ကို မှတ်ထား... တောထဲ တောင်ထဲရောက်ရင် အသီးတွေ့လို့ ဆွတ်ခူး စားချင်ရင် တောစောင့်နတ် တောင်စောင့်နတ်တွေကို တိုင်တည်ပြီးမှ ခူးကြ၊ ပြီးတော့ အိမ်ကို ယူမသွားနဲ့။

တချို့နတ်တွေက အပင်အောက်မှာ ကြိုက်သလောက်စား၊ အိမ်ကို ယူတာ မကြိုက်ဘူး။ မှတ်ထားကြ၊ ခုမင်းတို့ကို ညောင်ပင်ပေါ်ဘိုးဘိုးကြီးက အစွမ်းပြလိုက်တာပဲလို့ ပြောတာပါပဲဗျာ'

ဟု ဦးဝင်းနိုင်က စကားကို အဆုံးသတ်လိုက်ပါသည်။

***သတ္တဝါခပ်သိမ်း တရားကိန်းအေးငြိမ်းကြပါစေ။***

**ကသာ သင်းမွှေး**

www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသော ဒဂုန်ပ

ဒွေးချမ်းအောင်
(ရမည်းသင်း)

သာမန်လူသားတွေထဲ၌ အများနှင့် မတူ ထူးကဲသော လူပုဂ္ဂိုလ်အချို့ တစ်ခါတစ်ရံ လူတွေထဲ မထင်မရှားနှင့် တွေ့ရတတ်လေသည်။ အခြားသူများနှင့်မတူဘဲ အပြောအဆို စရိုက်သဘာဝ ခြားနားနေခြင်းကြောင့် လူတွေက အလေးမထား၊ အဖက်မလုပ်ကြဘဲ စိတ်မနှံ့သူဟု ထင်ထားတတ်ကြသည်။

ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုး စာရေးသူတို့ဒေသတွင် **လွန်ခဲ့သော နှစ်(၅၀) ကျော်** ရှိခဲ့ဖူးပါသည်။ ထိုအချိန်က စာရေးသူသည် လူ့လောကထဲပင် မရောက်ရှိသေးပါ။ အဖေအမေတို့မှ ပြောပြခဲ့သော အကြောင်းများကို တင်ပြခြင်းဖြစ်ပါသည်။

သူ့နာမည်က **ဒဂုန်ပ**ဆိုသည့် နာမည်သာ လူတွေက သိထားကြသည်။ အသက်အားဖြင့် (၆၀)ကျော်ခန့် ရှိပြီဖြစ်သည်။ ဒဂုန်ပကြီးကို လူတွေက ဝေးဝေးက ရှောင်သွားကြသည်။ ဘယ်သူမှ ဆက်ဆံပြောဆိုခြင်း မပြုလိုကြ။

သူထမင်းဆာလျှင် ရွာထဲ ထမင်းဝင်တောင်းသည်။ အိမ်ရှင်က ကြည်ကြည်ဖြူဖြူ ထမင်းပေးလျှင် ဒဂုန်ပကြီးက...

- 'နင်တို့အိမ် ဘယ်နှစ်ရက်ရှိရင် ပိုက်ဆံတွေ ဝင်လိမ့်မယ်'


စသည်ဖြင့် ပြောလေ့ရှိသော်လည်း ထမင်းမပေးလျှင်လည်း ဘာမှ မပြောလေ့

www.burmeseclassic.com

မရှိပေ။ သူ့ကို တမင်တကာ နောက်ပြောင်သူတွေကိုတော့...

'နင်တို့ သောကပွေဦးတော့မှာ'

သူပြောခဲ့သလို ရက်ပိုင်းအတွင်းမှာ တွေ့ကြုံရသည်။ အစက လူတွေ သတိမထားမိကြ။



ဒဂုန်ပကြီးက ထမင်းဆာမှသာ ရွာထဲဝင် ထမင်းတောင်းလေ့ရှိပြီး ထမင်း ရပြီဆိုလျှင် ရွာထိပ်က ညောင်ပင်ကြီးအောက်မှာ ထမင်းစား၊ ညောင်ပင်ကြီး အောက်မှာပင် မိုးရွာရွာ၊ နေပူပူ၊ အမြဲ နေသော်လည်း ဘယ်ကိုမှ မသွား။ တစ်ခါတစ်ရံ လေး,ငါးရက် ထမင်း မတောင်းဘဲ နေလေ့ရှိသည်။

ညောင်ပင်ကြီးအောက်မှာ ထိုင်ရင်းပါးစပ်မှ သူ့တစ်ယောက်သာ ကြားနိုင်သောစကားများ အမြဲပြောနေလေ့ရှိသည်။ ဘယ်သူ့မှလည်း မနှောင့်ယှက်။

ညောင်ပင်ကြီးအောက်မှာ ဖြတ်သွားသောလမ်းရှိနေရာ လူတွေ ဘယ်လောက်ပဲ သွားလာနေနေ သူနှင့်မဆိုင်သလိုပင်။ သူ့ဘာသာသူ နေပေမယ့် ကလေးတွေလာလျှင်တော့...

'မောင်ဖြူ လာဦးကွယ့်'

ဟု ခေါ်လေ့ရှိပြီး သူ့အိတ်ထဲမှ ပိုက်ဆံအကြွေစေ့လေးများ ထုတ်ကာ မုန့်ဖိုးပေးတတ်သည်။

ကလေးတိုင်းကိုတော့ မပေး။ သူ စိတ်ထင်သည့်ကလေးကို မောင်ဖြူ၊ မဖြူ ထိုနာမည်ကိုပင်တပ်ကာ ခေါ်ဝေါ် မုန့်ဖိုးပေးတတ်လေသည်။ မုန့်ဖိုးပေးတတ်တော့ ကလေးတွေက မကြောက်ကြပေ။ ဒဂုန်ပကြီး ကလေးတွေကို မုန့်ဖိုးပေးတာ သိထားကြသော သူအချို့က...

'ဒဂုန်ပကြီး ကျုပ်ကိုလဲ မုန့်ဖိုးပေးဦးလေဗျာ'

ပြောဆို နောက်ပြောင်သူအချို့ကို ဒဂုန်ပကြီးက...

'နင့်ကို ဘာဖြစ်လို့ပေးရမှာလဲ၊ နင်က သူခိုး,ခိုးစားတဲ့အကောင်'

လက်ညှိုးထိုး ပြောလွှတ်တာလည်း ရှိသည်။ အပြောခံရသူမှာ အမှန်တကယ်ပဲ ခိုးတတ်သည့်အကျင့်ရှိနေသူလည်း ဖြစ်လေသည်။

ညောင်ပင်ကြီးအောက်မှ သွားလာသည့် မိန်းကလေးတစ်ဦးကို ဒဂုန်ပကြီးက...

'နင့်ခေါင်းမှာ ခရေပန်းနဲ့ စံပယ်ပန်းကို အမြဲပန်ထားဟဲ့ နင်ဟာ မင်းကတော် ဖြစ်လိမ့်မယ်'

ဟု ပြောလေသည်။ နောင်ပြောင်သလို ပြောသော မိန်းကလေးတစ်ဦးက...

'ဒဂုန်ပကြီး ကျွန်မလဲ မင်းကတော်ဖြစ်ချင်တာ ဘယ်လိုပန်း ပန်ရမလဲ'

မေးတော့...

'နင်က ခေါင်ရန်းပန်းနဲ့ပဲ တန်တယ်။ လူယုတ်မာ သူခိုးမယားပဲ ဖြစ်မယ်'

ဟု အော်လွှတ်လေသည်။

**(စကားချပ်)**။ ။ ခေါင်ရန်းပင်သည် အညာဒေသ,အောက်ဒေသ လယ်ကွက်(သို့မဟုတ်) ခြံစည်းရိုးတွေထဲ၌ ပေါက်ရောက်သည်။ နီညိုရောင် အပွင့်များ ဖြစ်ကြသည်။ သေဆုံးသူ အ,သုဘ ခေါင်းမှာ ပန်ပေးသောပန်းဟု လူတွေ သိထားကြပါသည်။

ဒဂုန်ပကြီးသည် နေပူပူ၊ မိုးရွာရွာ ညောင်ပင်ကြီး အောက်မှာပင် ဘယ်ကိုမှမသွားဘဲ အမြဲနေထိုင်လေသည်။ မည်သည့်အချိန်ဖြစ်ဖြစ် အိပ်နေသည်ကို မမြင်တွေ့ရဘဲ ငုတ်တုတ်ထိုင်ရင်း ပါးစပ်တလှုပ်လှုပ်နှင့် ရယ်မောကာ ပြောဆိုနေသည်ကိုလည်း တွေ့မြင်ကြရသည်။ ဘာတွေ ပြောဆို သရောကျ ရယ်မောသည်ကိုတော့ မည်သူ့မျှ မသိကြပေ။

ဒဂုန်ပကြီးကို အားလုံးက ယဉ်ယဉ်လေးနှင့် ရူးနေသူဟု ထင်ထားကြသည်။ တစ်ရက်တွင်တော့ ရွာထဲက ကိုချစ်ခိုင်တစ်ယောက်တည်း ထွက်လာတာကို မြင်သည့် ဒဂုန်ပကြီးက ညောင်ပင်ကြီးအောက်အရောက်မှာ...

'ဟေ့...ဟိုကောင်လေး၊ လာဦးကွ။ မင်းကို ငါပြောစရာရှိလို့'

ဟု ဒဂုန်ပကြီးက ခေါ်လိုက်တော့ သွားနေရာမှ ကိုချစ်ခိုင်မှာ တစ်ချက်တွေဝေသွားပြီး ဒဂုန်ပကြီးနား လျှောက်သွားသည်။ အမှန်မှာ ကိုချစ်ခိုင် မသွားလိုပါ။ စိတ်မမှန်သူဟု သိထားသော်လည်း အသက်အရွယ်ကြီးသူတိုင်းကို လေးစားသူဖြစ်သောကြောင့် သွားခြင်းဖြစ်သည်။

'ကောင်လေး မင်းတို့အိမ်က ငါ့ကို ထမင်းအမြဲပေးတယ်။ ဒါကြောင့် မင်းကို ရှေ့ဖြစ်မယ့်အကြောင်းတွေ ငါပြော



www.burmeseclassic.com

www.burmeseclassic.com



ပြမယ်ကွ'

'ဒီနှစ်ရဲ့ နောက်နှစ်ကစပြီး မင်းတို့ စီးပွားရေးတွေ ပြေလည်ပြီးတော့ တစ်နှစ်ထက် တစ်နှစ် ချမ်းသာလာမယ်။ ငါးနှစ်ရှိရင် အလှူပွဲကြီး ပေးရလိမ့်မယ်။ မင်း,သားရှင်ပြုပွဲပေါ့ကွာ။ မင်းအဖေက သက်နိုးစည်းပြီး ဒုလ္လဘ ဝတ်မကွ။ မင်းတစ်သက်လုံး မင်းမဆင်းရဲဘူး။ အသက်(၉၀)ကျော်အောင် နေရလိမ့်မယ်။

ဒီစကားပြောချင်လို့ ငါစောင့်နေတာ ငါ ခရီးဆက်စရာ ရှိနေတယ်။ မင်း အလှူနေ့ကျရင် ငါပြန်လာခဲ့မယ်။ ခုတော့ ခရီးဆက်ဦးမဟေ့'

ဟု သူပြောချင်ရာ ပြောပြီး ထိုနေရာမှ ထကာ ဘေးမှာချထားသည့် လွယ်အိတ်ကြီးအား ကောက်ယူ ထွက်သွားလေသည်။ ဒဂုန်ပကြီးထွက်သွားရာ ငေးကြောင်ကြည့်ရင်း ကိုချစ်ခိုင် တစ်ယောက် အတွေးတွေနှင့် ကျန်ရစ်ခဲ့လေသည်။

* * *

ဒဂုန်ပကြီးပြောခဲ့သော စကားအတိုင်းပင် ကိုချစ်ခိုင်တို့မိသားစုသည် တစ်နှစ်ထက် တစ်နှစ် စီးပွားရေးမှာ အံ့ဩဖွယ်ရာပင် တိုးတက်လာခဲ့သည်။

ဒီနေ့ဆိုလျှင် သားရှင်ပြုပွဲ မြိမ့်မြိမ့်သဲသဲ ကျင်းပနေသောနေ့ ဖြစ်သည်။ နာမည်ကြီးဇာတ်ပွဲကြီးပင် အလှူပွဲ၌ ငှားရမ်း၍ ထည့်လေသည်။ တစ်နယ်လုံး ပျော်တပြုံးပြုံးနှင့် အလှူပွဲကြီးကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလေသည်။

ကိုချစ်ခိုင်၏အဖေ ဦးသော်ကောင်းက မြေးရှင်ပြုအလှူပွဲတွင် ဒုလ္လဘ ရဟန်းဝတ်ကာ သာသနာ့ဘောင်သို့ တက်လေသည်။

တရားနာချိန်ရောက်တော့ ပရိသတ်အားလုံး တရားနာဖို့ ရောက်ရှိနေချိန်တွင် မထင်မှတ်ဘဲ လူတွေကြားထဲမှ ကိုချစ်ခိုင်တို့မိသားစုနား ဒဂုန်ပကြီး တိုးဝင်ရောက်လာသည်။ ကိုချစ်ခိုင် မြင်တော့ အံ့ဩနေစဉ်မှာပင် လူတွေက...

'ဟဲ့အရူး...တို့တရားနာမှာ ဘာလာရှုပ်တာလဲ သွား...သွား'

ဟု လူတွေက ပြောလည်းပြော ဆွဲလည်း ဆွဲထုတ်ကြသည်။

'ဟေ့...ဘိန်းစားချင်း နင်တို့ တစ်မူး ပိုမှူးချင်ကြနဲ့ ငါ့ကို နင်တို့က အရူးလို့ ပြောတယ်။ နင်တို့လဲ အရူးတွေပဲ။ ငါ့ထက် နင်တို့က ပိုရူးသဟဲ့။ လောဘရူး ဒေါသရူး မောဟရူး ဥစ္စာရူး လင်တ,မယားတရူးတွေ သူတို့က ပိုပဲ ပိုသေး'

ဟု အားလုံးကြားအောင် အော်ပြောရင်း သူ့ကို ဆွဲထုတ်ကြသော လူတွေ၏ လက်ထဲမှ ရုန်းကန်ပြီးကာ ကိုချစ်ခိုင်နား ပြန်ထိုင်လေသည်။

'ကောင်လေး မင်းအလှူပွဲမှာ ငါပြန်လာပြီ။ မောလိုက်တာကွာ၊ ငါက အဝေးကြီးကနေ လာခဲ့ရတာ။ မင်းနဲ့ငါ ပဋ္ဌာန်းဆက်တွေ ရှိသကွ။ သံသရာမှာ အတူလည်နိုင်အောင်လို့ သံယောဇဉ်နဲ့ ငါ တရားလာနာတာ'

ဒဂုန်ပကြီးက အားပါးတရ ပြောရင်း ဘုန်းတော်ကြီးတွေကို ဝတ်ပြုလေသည်။ လူတွေကြားထဲ ကွေ့ခြေရရ ဝင်ထိုင်စကားပြောနေသည့် ဒဂုန်ပကြီးကို ထပ်ဆွဲထုတ်လျှင် ရှုတ်ရှုတ်သဲသဲ ဖြစ်မှာမို့ ဒီအတိုင်းထားလိုက်ကြသည်။

တရားနာရန် အသင့်ဖြစ်နေပြီမို့ ဒဂုန်ပကြီးစကားကို ကိုချစ်ခိုင် အသိအမှတ်ပြုသည့်အနေဖြင့် ပြုံးနေလိုက်သည်။ ပြန်မပြောမိပေမယ့် တချိန်က ဒဂုန်ပကြီးပြောခဲ့သော စကားတွေ ပြန်သတိရသွားမိသည်။

ခပ်နွမ်းနွမ်း အဝတ်အစားများ ဒဂုန်ပကြီးဝတ်ထားသော်လည်း တစ်စုံတစ်ရာ ချွေးနံ့ ချေးနံ့တွေ နံစော်နေခြင်း မရှိဘဲ သူ့ကိုယ်မှ ထူးထူးခြားခြားပင် ဒေါနပန်းရနံ့ မွှေးပျံ့နေသည်ကို လူတွေ သတိပြုမိကြသည်။

တရားနာ၊ အမျှဝေပြီးနောက် ပရိသတ်တွေ စဲသွားတော့ ကိုချစ်ခိုင်က...

'ဒဂုန်ပကြီး... ခင်ဗျားပြောခဲ့သလို ကျွန်တော့်အလှူမှာ ခင်ဗျား ပြန်လာတယ်နော်။ ဝမ်းသာတယ်ဗျာ၊ ခင်ဗျား ပြောခဲ့တာတွေ ဒီနေ့အထိ ကျွန်တော် မမေ့သေးပါဘူး'

'ဟဲ...ဟဲ... ကောင်လေး၊ ငါပြောခဲ့တာတွေ အကုန်မှန်တယ် မဟုတ်လား။ အေး...ဒီရွာမှာလဲ မင်းဟာ သာသနာပြုရဦးမကွ'

'ဒဂုန်ပကြီး ခင်ဗျား ရောက်လာတာ တရားနာပဲ မီတယ်။ ထမင်းမစားရသေးဘူး။ လာ... ထမင်းသွားစားရအောင်။ ဘယ်ကိုမှလဲ သွားမနေနဲ့ ကျုပ်အိမ်မှာပဲနေ'

ဟု ကိုချစ်ခိုင်က ပြောတော့...

'ငါ ထမင်း မဆာသေးဘူးကွ၊ မင်းအိမ်မှာ မနေချင်ပါဘူး။ ထမင်းဆာမှ ငါ ... တောင်းမယ်။ ခုတော့ ညောင် ... နေတဲ့


www.burmeseclassic.com

www.burmeseclassic.com



ပို့မိတ်ဆွေ ရက္ခစိုးကြီးဆီမှာ အရင်လိုပဲ သွားနေမယ်လေကွာ'

'မဟုတ်တာပဲဗျာ'

'ဒါက ငါ့အပိုင်းလေကွာ။ မင်းကို ခင်လို့ ငါ တရားနာလာခဲ့တယ်။ မင်းထက် ရင်းနှီးခင်မင်တဲ့ ရက္ခစိုးကြီးက ရှိသေးလေကွာ'

ကိုချစ်ခိုင်နှင့် ဒဂုန်ပကြီး စကားပြောဆိုနေရာ လူအချို့က ခပ်လှမ်းလှမ်းမှ နားထောင်ရင်း ကြည့်နေကြသည့် လူတွေထဲမှ မိန်းကလေးနှစ်ယောက် သူ့တို့ဆီ လာနေတာကို မြင်သည့် ဒဂုန်ပကြီးက...

'မင်းကတော်နဲ့ သူခိုးမယားပါလား'

ဟု ပြောလိုက်တော့ ကြည့်နေသူအချို့ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားကြသည်။ ဒဂုန်ပကြီးနား ရောက်လာသည့် မိန်းကလေးနှစ်ယောက်က ဒူးတုပ် ထိုင်ချလိုက်ပြီး...

'ဒဂုန်ပကြီးကို ကျွန်မတို့ ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ ကန်တော့ပါရစေ'

ဟု ပြောရင်း ကန်တော့ကြလေသည်။

'ငါပြောတာ မှန်တယ်မဟုတ်လား။ နင်ကတော့ မင်းကတော် ဖြစ်နေပြီဆိုတော့ ကောင်းစားနေပြီ။ ရှေ့လျှောက်ဘာမှ ပူပင်စရာ မရှိတော့ပါဘူးဟယ်။ ဘုရား၊ တရားမမေ့နဲ့ဟဲ့'

'ဟိုကောင်မလေး... နင် လင်ရမှားတော့ ဒုက္ခရောက်တာပေါ့ဟယ်။ နင့်ယောက်ျား ခိုးမှုနဲ့ အခု ထောင်ကထွက်ရင် လူကောင်းဖြစ်ပြီးတော့ နင် ဒီရှေ့လျှောက် ဒုက္ခမရောက်တော့ပါဘူး။ အိမ်ထောင်ရေးလဲ ပြေလည်မှာပါ။ နင်လဲ ဘုရား၊ တရားလက်ကိုင်ထား ဘယ်တော့မှ ထမင်းမငတ်ဘူး။ အေး... အေး...သွားကြ၊ သွားကြ'

'ဟေ့ကောင်လေး၊ မိတ်ဆွေရက္ခစိုးကြီးဆီ ငါ သွားနှုတ်ဆက်လိုက်ဦးမယ်'

ဟု ပြောပြောဆိုဆို ထွက်သွားသည့် ဒဂုန်ပကြီးကို ကိုချစ်ခိုင် တားချိန်ပင်မရလိုက်။ လူတွေကတော့ အထူးအဆန်းဖြစ်ကာ ကျန်ရစ်ခဲ့ကြသည်။

ဒဂုန်ပကြီး မိန်းကလေးနှစ်ယောက်ကို ပြောလိုက်သော စကားတွေက ယင်းမိန်းကလေးနှစ်ဦးသည် အမှန်တကယ်ပင် ဒဂုန်ပကြီးပြောသလို ဖြစ်နေကြဆိုတော့ အံ့သြကြလေသည်။

* * *

'ဒဂုန်ပကြီး... ကျုပ်တို့မိသားစု ရှေ့ဖြစ်မယ့်အကြောင်းတွေ ဟောပေးပါ'

စသည်ဖြင့် ပြောဆိုနေကြသည့် လူအုပ်ကြီး ရွာထိပ်ညောင်ပင်ကြီးအောက်တွင် နေ့စဉ် မေးမြန်းသူအချို့ကို ရှေ့ဖြစ်မည့်အကြောင်းများ ပြောသော်လည်း အချို့ကိုတော့...

'နင့်ကို ပြောစရာမရှိဘူး'

ဟု ပြောသလို၊ တချို့ကတော့ အလေးထား ပြောပြနေပြန်သည်။ သူ့စိတ်ကို ခန့်မှန်းရခက်လေသည်။ ထိုအထဲတွင် ရှုံးရှုံးမှူးမှူးနှင့် ရောက်လာသော ကိုမြင့်ခင်က လူကြားထဲမှ တိုးထွက်လာပြီးကာ...

'ဒဂုန်ပကြီး ကျုပ်ကိုလဲ ဟောပေးဗျာ၊ ကျုပ်မှာပါတဲ့ ဟောဒီအရက်တိုက်မယ်'

ပုလင်းမြှောက်ပြပြီး ပြောတော့ ဒဂုန်ပကြီးက ကိုမြင့်ခင်မျက်နှာကို သေချာစွာ စူးစိုက်ကြည့်ရင်း...

'နင်ဟာ အလကားအကောင်၊ နင့်မိသားစုတင် မကဘူး တစ်ရွာလုံးကို ဒုက္ခပေးနေတဲ့ကောင်။ နင့်အဖေလဲ နင်နဲ့အတူတူပဲ ငါမဟောနိုင်ဘူး'

ဟု ဒဂုန်ပကြီးပြောလိုက်တော့ လူအုပ်ထဲမှ လူတစ်ယောက်က...

'ဟုတ်ပါ့ဗျာ... အရက်မူးတိုင်း သားအဖနှစ်ယောက်လုံး ရွာထဲ လှည့်ဆဲနေကြတာတွေ'

ဟု ပြောလိုက်သံကြောင့် အားလုံး မျက်နှာပြုံးစိစိနှင့် ကိုမြင့်ခင်ကို ကြည့်ကြသည်ကို မြင်သည့် ကိုမြင့်ခင် ရှက်ရှက်နှင့် ဒဂုန်ပကြီးကို လက်သီးနှင့် ဝင်ထိုးလေသည်။

ထိုအချိန်တွင် ဘယ်အချိန်က ရောက်နေမှန်းမသိသည့် ကိုမြင့်ခင်အဖေကလည်း သူ့သားနှင့်အတူ ဝင်ရောက်ပြီး လက်ထဲမှ ပါလာသောတုတ်နှင့် ဒဂုန်ပကြီးကို ရိုက်လေသည်။

အမှတ်မထင် အဖြစ်အပျက်ကြောင့် လူတွေ အံ့အားသင့်နေရာမှ သတိရလာပြီးကာ ရိုက်နှက်ထိုးကြိတ်နေကြသည့် သားအဖနှစ်ယောက်ကို ဝိုင်းဝန်းဖျန်ဖြေပေးလိုက်တော့ ပွဲကတော့ ပြီးသွားလေသည်။ သူ့မှာ ရရှိသည့် ဒဏ်ရာတွေကို ဒဂုန်ပကြီးမှာ လေသံနှင့် ဖိအုပ် ပွတ်သပ်ရင်းက...

'နင်တို့ရှေ့ဖြစ်တွေ မပြောလို့ ငါ့ကို နင် သားအဖနှစ်ယောက်လုံးက ရန်လုပ်

(တမျက်နှာ (၂၈၈) သို့)

www.burmeseclassic.com

အိပ်မက်နှင့် ဆက်နွှယ်သော

# ကိုယ်ပွားခန္ဓာလား

အောင်သိန်းလင်း
(ဘီ-အေ)



ဤကမ္ဘာလောကကြီး၌ လူတစ်ဦးသည် တစ်ချိန်တည်း၌ အရပ်ဒေသနှစ်ခုတွင် တစ်ပြိုင်နက် တည်ရှိနေကြသည်ဟု ဆိုလာငြားအံ့။ သင်သည် ထိုအဆိုကို မည်သည့်နည်းနှင့်မျှ လက်ခံနိုင်လိမ့်မည် မဟုတ်ပေ။

သို့ရာတွင် အထက်ပါ စကားကို လက်ခံကြသော လူတချို့သည် ဤကမ္ဘာလောက၌ရှိ၏။ ထိုသူတို့ကား ယင်းတို့၏ နူးညံ့သိမ်မွေ့သော အနုသုခုမရုပ် သို့မဟုတ် အနုသုခုမခန္ဓာ သို့မဟုတ် ဓာတ်ခန္ဓာကို မိမိခန္ဓာမှခွာ၍ အခြားတစ်ပါးသောနေရာဆီသို့ စေလွှတ်ခရီးသွားစေနိုင်သော လူထူးလူဆန်းတို့ဖြစ်၏။

ထိုအကြောင်းအရာကို လေ့လာ၍ ကျမ်းတစ်စောင်တစ်ဖွဲ့ပြုစုသူ ဆီးလ်ဗန်မိုဒွန်းနှင့် ဟာရီဝပ်ကဲရီတန်တို့ပြုစုသော **"ဓာတ်ခန္ဓာအလင်းရောင်ထွက်ခွာခြင်း"** ဟူသော စာအုပ်သည် သက်သေသက္ကာယ ခိုင်လုံသည်ဟု ဆိုသည်။

ဤနေရာတွင် ဓာတ်ခန္ဓာဟူသော အကြောင်းအရာကို ရှင်းလင်းပါမည်။ လူတွင် ခန္ဓာနှစ်မျိုးရှိ၏။ ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ မြင်တွေ့သိထိ ကိုင်တွယ်၍ရသောခန္ဓာဖြစ်ပြီး ကျန်တစ်မျိုးမှာ ခန္ဓာ၏အပြင်ဘက်တွင် ထိုခန္ဓာနှင့် ထပ်တူထပ်မျှ တစ်သားတည်းတူလှပြီး မျက်စိဖြင့်မြင်ရန် မဖြစ်နိုင်သော လွန်စွာသိမ်မွေ့သည့် ခန္ဓာတစ်ခုရှိသေးသည်ဟုဆို၏။

* * *

အထက်ပါ စာသားများသည် ဆရာကြီး ဓင်းသိခ်၏ ဝတ္ထုတိုပေါင်းချုပ် အမှတ်(၃)စာအုပ်ပါ ဝတ္ထုတိုတစ်ပုဒ်တွင် အစပိုင်း၌ ရေးသားပါရှိသော စာများ ဖြစ်ပါသည်။

နှစ်မြွာပူး,သုံးမြွာပူး မွေးဖွားသော အမြွာညီအစ်ကိုများ၊ ညီအစ်မများ ရုပ်ချင်း ခွဲခြားရခက်အောင် တူညီတတ်၏။ ရုပ်ရှင်ထဲတွင် နှစ်ကိုယ်ခွဲ သုံးကိုယ်ခွဲ မင်းသားမင်းသမီးတို့လည်း အလားတူ



www.burmeseclassic.com

www.burmeseclassic.com

ပင်ဖြစ်သည်။ လူအများ မြင်တွေ့ဖူးပြီး ဖြစ်၍ ထူးဆန်းမှု မရှိတော့ပေ။

ထိုသို့မဟုတ်ပါဘဲ လူခန္ဓာကိုယ် တစ်ခုတည်းမှ နောက်တစ်ခု ကိုယ်ပွား ရုပ်ပွား ထွက်လာခြင်းဆိုသည်ကတော့ ထူးခြားဆန်းကြယ်မှုဟု ဆိုရတော့မည် ဖြစ်ပေသည်။

သို့သော် ညတစ်ညသ၌ အိပ်ပျော်နေစဉ် ထိုလူသားသည် အခြားတစ်နေရာသို့ ရောက်ရှိ၍ အလုပ်လုပ်နေရသည်ဟု ဆိုရပါမူကား...။

*　*　*

လွန်ခဲ့သောနှစ်ပေါင်း (၆၅)ကျော် ကာလ...

စီခန်းကြီးရွာသည် ဖန်းမော်မြို့နှင့် (၄၅)မိုင်ခန့်အကွာတွင် ဖန်းမော်နှင့် မိုးမိတ်လမ်းပေါ်၌ တည်ရှိသည်။ **(နယ်မြေ ဖွံ့ဖြိုးတိုးတက်မှုမရှိ၍ ထိုလမ်းမကြီးသည် မြေသားလမ်းဘဝ ဒုံရင်းအတိုင်း ယခုတိုင် ဖြစ်နေသေးသည်။)**

မိုးရာသီကာလတွင် ရွှံ့ဗွက်များ ထူပြောပြီး ကားများသွားလာရခက်ခဲ၍ မြို့နှင့်ရွာများ နှစ်စဉ် အဆက်အသွယ် ပြတ်တောက်သွားလေ့ရှိခြင်းမှာ မထူးဆန်းပေ။

စီခန်းကြီးရွာမှ အဘထွန်းခင်သည် ဗိန္ဒောဆရာ ခေါ် မြန်မာတိုင်းရင်းဆေးဆရာတစ်ယောက်ဖြစ်သည်။ အဘထွန်းခင်မှအပ အခြားဆေးဆရာ မရှိသဖြင့် အရေးအကြောင်းရှိလျှင် လူနာမှန်သမျှ အားလုံးလိုလို၏ အားကိုးရာ ဖြစ်လေသည်။

ဤရွာနှင့် သုံး,လေးမိုင် အကွာ အဝေးတွင်းမှာ စီကော်၊ မုံစင့်၊ ခါချင် အစရှိသော ရွာများလည်း ရှိနေသေးရာ ထို ရွာများကလည်း ကျန်းမာရေးနှင့် ပတ်သက်၍ အဘထွန်းခင်ကိုသာ အားကိုးနေကြရမြဲဖြစ်သည်။

တစ်ခါတစ်ရံတွင် သာမန် ဖျားနာ ရောဂါမဟုတ်ဘဲ စုန်း၊ နတ်၊ ပယောဂ ဆန်သော ရောဂါများလည်း ဖြစ်နေ တတ်ပြန်ရာ မကုချင်၍မရ၊ မကုနိုင်၍ မရ၊ တတ်သမျှ ကြားဖူးနားဝဖြင့်လည်း ဒုက္ခရောက်လာသူ လူနာကို ကုသ ဖြေရှင်းပေးလိုက်ရတာလည်း ကြုံရ တတ်သည်။

ခရီးသွား အာဂန္တုဆေးဆရာ၊ ပယောဂဆရာ၊ နက္ခတ်ဗေဒင် လက္ခဏာဆရာမှအစ ရောက်လာသမျှ ဧည့်ဆရာတို့သည် အဘထွန်းခင်၏ နေအိမ်တွင် တည်းခိုမြဲဖြစ်သည်။ ထိုဆရာများနှင့် ပညာချင်းဖလှယ်လေ့ ရှိသည်။ အဘထွန်းခင်က မိမိ မတတ်သေးသော ပညာကိုယူတတ်သည်။

ဆေးဆရာကြီး အဘထွန်းခင်သည် ဇနီး သေဆုံးခဲ့ပြီးဖြစ်၍ မုဆိုးဖိုဖြစ်သည်။ မိမိအမွေရ လယ်(၅)ဧကကျော် ပိုင်ဆိုင်သည်။

တောကျော်နှင့် အောင်ဘု ဟူသော သားနှစ်ယောက်သည် အားကောင်းမောင်းသန် လူပျိုများ ဖြစ်ကြပြီး လယ်ယာအလုပ်ကို အားကိုးရသလို အိမ်မှာ ချက်ရေးပြုတ်ရေးတွင် အေးခင် ဟူသော အပျိုဖော်ဝင်စ သမီးငယ်က အားကိုးအားထားရသည်။

လူပိုမရှိ ကိုယ်စီတာဝန်နှင့် အဆင်ပြေချောမွေ့နေသော ဆေးဆရာကြီး အဘထွန်းခင်တို့၏ မိသားစုဘဝထဲကို ကံကြမ္မာမုန်တိုင်းသည် ယခုနှစ် မိုးဦးကျချိန်တွင် ဝင်မွှေသွားခဲ့သည်။

တောသူတောင်သားတို့ ဘဝတွင် တောတောင်နှင့် ကင်းကွာ၍ မရပေ။ နေ့တစ်ရှုဝ စားဝတ်နေရေးအတွက် နံနက်လင်းသည်နှင့် တောသို့ ဝင်ရောက် သွားလာရှာဖွေရသည်။

တောကျော်နှင့် အောင်ဘုတို့ ညီအစ်ကိုနှစ်ယောက်လည်း အများနည်းတူ ဝါးခုတ်ရန် မြောက်တောသို့ နံနက်လင်းကတည်းက ထမင်းထုပ် ကိုယ်စီနှင့် ထွက်ခွာသွားခဲ့ကြသည်။

ညနေစောင်းတွင် အနောက်တောင်ဆီက မိုးရိပ်တိမ်ရိပ်များ မည်းမှောင် ညိုမည်းလာပြီး ရုတ်တရက် မိုးကြီးရွာချလိုက်ရာ တောင်ကျချောင်းရေက သွန်ချလိုက်သလို ဒလဟော စီးဆင်းလာလေသည်။

အဘထွန်းခင်သည် ရောက်ချိန်တန်သော်လည်း ပြန်ရောက်မလာသေးသော သားနှစ်ယောက်အတွက် စိတ်ပူနေသည်။ နေ့ခင်းကတည်းက မျက်ခုံးတွေကလည်း လှုပ်နေသည်။ သဲသဲမဲမဲရွာနေသော မိုးမှောင်ထဲတွင် ဝင်းခြံတံခါးဝကိုသာ အဘထွန်းခင် မကြာမကြာကြည့်နေစဉ် အိမ်ဝင်းခြံဝတွင် လူရိပ်မြင်လိုက်၍ စိတ်ထဲမှာ အားရှိသွားသည်။

သို့သော် သားနှစ်ယောက် ပြန်လာက လူရိပ်နှစ်ခု ဖြစ်သင့်ပါလျက် တစ်ခုသာဖြစ်နေခြင်းက အဘထွန်းခင်အတွက် ထူးဆန်းနေသည်။ ပို၍ ထူးဆန်းသည်က တံခါးကို တွန်းဖွင့်ပြီး ဝင်မလာဘဲ တံခါးဝမှာရပ်၍...

'အဘ... အဘထွန်းခင် ရှိသလား ကျွန်တော် မောင်လွင်ပါ'

'ဟေ မောင်လွင် လာ ဝင်ခဲ့လေကွယ်'

အဘထွန်းခင်နှင့် သမီးငယ်အေးခင်သည် မောင်လွင် ပြောမည့်စကားကို ရင်ထိတ်လျက် ငံ့လင့်နေကြသည်။

'ကျွန်တော်ရယ်၊ အောင်ဘုရယ်၊ [illegible] ကျော်ရယ် သုံးယောက် စင်းရိုးချောင်း[illegible] ကြီးနေတာကို [illegible]ရေနည်းအောင် မဖောင့်နိုင်တော့လို့ သုံးယောက် တစ်ပြိုင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ချောင်းကို ဖြတ်ကူးလိုက်ကြပါတယ်။ ကျွန်တော်နဲ့တောကျော်က ကောင်းကောင်း ဖြတ်ကျော်နိုင်ပေမယ့် အောင်ဘုက ချောင်းလယ်မှာ ရေကူးနေရင်း ကြွက်တက်တာလို့ အစ်ကိုရေ ကယ်ပါဦး... ကျွန်တော့်မထားခဲ့နဲ့ဗျ အော်လို့ နောက်ပြန်လှည့်ကူးရင်း ညီအစ်ကိုနှစ်ယောက်လုံး စင်းခန်းချောင်းရေနဲ့ပါသွားပြီ။ ကျွန်တော် အတော်ကြာအောင် စောင့်နေသေးတယ်။ သူတို့နှစ်ယောက်လုံး ပေါ်မလာတော့ဘူး'

အားကိုးအားထား ပြုနေရသော သားနှစ်ယောက် ဆုံးရှုံးလိုက်ရသဖြင့် လေ့လှော်ရင်း တက်ကျိုးရသလို ဖြစ်သွားခဲ့ရသည်။

ကံကြမ္မာ အလှည့်အပြောင်းသည် အံ့ဩထိတ်လန့်စရာ ကောင်းလှသည်။ လယ်တွေ ထွန်ယက်ရမည့် ဆဲဆဲတွင် အသက်(၇၀)ကျော် ဆေးဆရာကြီး အဘထွန်းခင် မည်သို့မည်ပုံ စခန်းသွားမည်နည်း။ အဘထွန်းခင်က လယ်ထွန်ရန် နေနေသာသာ ကျွဲကိုပင် မကိုင်တတ်ပေ။ ***(မှတ်ချက်။ ။ ထိုဒေသတွင် နိုင်းကျွဲသာရှိသည်၊ နိုင်းနွား မရှိပေ။)***

*  *  *

မောင်လွင်သည် အဘထွန်းခင်၏ လယ်မြေတွင် မောင်လွင်၏ ကိုယ်ပိုင်ကျွဲတစ်ရှဉ်းဖြင့် လယ်ထွန်နေသည်။ ကိုယ့်လယ်ကို မထွန်ယက်ဘဲ သူ့လယ်ကို အဘယ်ကြောင့် ဝင်ရောက်ထွန်ယက်ပေးနေရသလဲ မိမိအဖြစ်ကို မိမိ မစဉ်းစားမိပေ။

ယနေ့ အဘထွန်းခင် လယ်မြေကို အပြီးထွန်ရမည်ဟူသောစိတ် ရှိနေလေသည်။ စင်စစ် မောင်လွင်၏ လယ်မြေပင်လျှင် ထွန်ရေးငင်၍ မပြီးသေးပေ။

မောင်လွင် တစ်ယောက်တည်းလားဆိုတော့ မဟုတ်ပေ။ နောက်ထပ် နှစ်ယောက်ပါသေးသည်။ တစ်ရွာတည်း



များသာဖြစ်သော ကျော်ခေါက်နှင့် ဘသိုက်တို့လည်း မောင်လွင်နည်းတူ အဘထွန်းခင်၏ လယ်မြေထဲမှာ သူတို့ကျွဲတွေကို သုံးစွဲပြီး ထွန်ပေးနေကြသည်။

လယ်ထွန်နေသူ သုံးယောက်သည် တစ်ခါတစ်ရံ နီးလာလိုက် တစ်ခါတစ်ရံ ဝေးသွားလိုက်နှင့် ရှိကြသည်။ နီးလာလျှင် တစ်ယောက်ကို တစ်ယောက် အော်ဟစ် နောက်ပြောင်စကားပင် ပြောလိုက်ကြသေးသည်။

နံဘေးတွင် ဖွင့်ထားသောတံခါးမှ အလင်းရောင်ကြောင့် အိပ်ပျော်နေရာမှ မောင်လွင် နိုးသွားသည်။ ထိုအခါမှ မောင်လွင်သည် အိပ်မက်ထဲမှ လယ်ထွန်နေသောအကြောင်းကို သတိရသည်။

ယနေ့ အိပ်ရာထ တစ်နာရီကျော်လောက်နောက်ကျရုံမက အိပ်ရာထစတွင် လန်းဆန်း အားအင်ပြည့်ဝနေမည့်အစား အလွန်တရာ ပင်ပန်းနွမ်းနယ်နေသည်။ ပိုမို ဆိုးဝါးသွားစေသည်ကား မောင်လွင် ခြေထောက်များသည် ယခုမှ လယ်မြေထဲကတက်ခဲ့ရသလို ရွံ့များ ပေကျံနေခြင်း ဖြစ်လေသည်။ မိမိအဖြစ်ကို ဘယ်လိုမှ အဖြေမထုတ်တတ်တော့ပေ။

အိမ်အပြင် ထွက်လိုက်သည်နှင့် မောင်လွင်၏ နိုင်းကျွဲကြီးနှစ်ကောင်သည် မောင်လွင်ကို စူးစိုက်ကြည့်နေကြခြင်းသည် အဓိပ္ပာယ်တစ်ခုကို ဆောင်နေကြကြောင်း သဘောပေါက်လိုက်သည်။

စကား မပြောတတ်တာသာရှိသည်။ သူ့ကဲ့သို့ အသိဉာဏ်ရှိသူများဟု မောင်လွင်က သတ်မှတ်ထားသော ကျွဲကြီးနှစ်ကောင်၏ ခြေထောက်များသည် ယမန်နေ့ညက ချောင်းအကူးမှာ ရေ စင်အောင်ဆေးခဲ့ပါလျက် ယခုနံနက်တွင် ရွံ့များ ပေကျံနေခြင်းက မောင်လွင်နှင့်အတူ ညတုန်းက လယ်ထွန်နေခဲ့ကြရတာများ ဖြစ်လေမလားမသိပါ။

ထို့ကြောင့် အလုပ်လုပ်ပြီး ပြန်လာလျှင် လုပ်ပေးလေ့ရှိသည့် ထုံးစံအတိုင်း ငှက်ပျောဖက်တွင် ဆားထည့်၍ထုပ်ပြီး ကျွေးပေးလိုက်သည်။

ရွံ့များ ပေကျံနေသော မိမိခြေထောက်ကို ရေဆေးမနေတော့ဘဲ တစ်ခါတည်း ရေချိုးရန် ရွာနှင့် နီးကပ်စွာစီးဆင်းနေသော လပ်ဖဲချောင်းကလေးသို့ ထွက်လာခဲ့လိုက်သည်။ အိမ်မှအထွက် ရွာလယ်လမ်းတွင် ကျော်ခေါက်နှင့် မျက်နှာချင်းဆိုင်တွေ့ရာ...

'မောင်လွင် ညတုန်းက အဘထွန်းခင်ရဲ့ လယ်ကိုသွားပြီး ထွန်ပေးခဲ့ရတာ အတော်မောသွားသလား'

ကျော်ခေါက်ထံမှ မျှော်လင့်မထားသော စကားကို ကြားရ၍ မောင်လွင် မျက်လုံးပြူးသွားသည်။

'အာ... ဟုတ်တယ် ဟုတ်တယ်၊ ကိုကျော်ခေါက်က ဘယ်လို သိ...သိ'

'ဘယ်လိုသိတာလဲ လုပ်မနေနဲ့ သေချာအောင်လို့ အဘထွန်းခင်ရဲ့ လယ်ကွက်ကို သွားကြည့်ပြီးမှ ငါပြန်လာခဲ့တာကွ မောင်လွင်ရေ။ နောက်တစ်ည တို့ ထွန်ပေးဖို့ မလိုတော့ဘူး။ သမန်းညက်လို့ ကောက်စိုက်ရုံ ရှိတော့တယ်ကွ။ ဟား ဟား ဟား'



www.burmeseclassic.com

www.burmeseclassic.com

'မင်းနဲ့ အောင်ဘုန့်က ရွယ်တူ သူငယ်ချင်း၊ ငါနဲ့ တောကျော်ကလဲ သူငယ်ချင်း။ ဘသိုက်က အဘထွန်းခင်ရဲ့ တူအရင်းလေ။ အဘထွန်းခင်က ဆေးဆရာဆိုတော့ တို့က မကင်းနိုင်ဘူး။ ကုသိုလ်လဲ ရပါတယ် ဟုတ်တယ်မဟုတ်လား မောင်လွင်'

'ကိုကျော်ခေါက်ပြောတာ ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ်။ မကျေနပ်တာမဟုတ်ပါဘူး။ ကျွန်တော်က ပြောမယုံ ကြုံဖူးမှ သိတယ်ဆိုတာလို အံ့သြနေတာပါ'

ကောက်စိုက်ရက်ကို ရောက်ပြီ...။

ရွာထဲမှ ကောက်စိုက်သမ မိန်းမ (၁၀)ယောက်ကျော်သည် အဘထွန်းခင်၏ လယ်ကွက်ထဲတွင် တညီတညွတ်တည်း ကောက်စိုက်ပေးကြရသည်ဟု အိပ်မက် မက်ကြပြီး နံနက်ခင်းအိပ်ရာထတွင် ခြေထောက်မှာ ရွှံ့ပေ၊ တစ်ကိုယ်လုံး ရွှံ့စင်ထား၍ ရေချောင်းတွင် ရေချိုးရင်း ဆုံမိကာ တဝါးဝါးနှင့် ပွဲကျနေကြသည်။

ထွေးခင်က မဖွားသောင်အား...

'ဟဲ့ ယောက်မ အဘထွန်းခင်ရဲ့ လယ်ကို ကောက်စိုက်ပေးလိုက်ရတာ နင်က သိပ်မပြောနဲ့ဟဲ့။ ဆောင်းရာသီဆိုရင် အေးလို့ ပန်းနာရင်ကျပ်ရှိတဲ့နင်က ဆေးကုဖို့ ခဏခဏ ပြေးနေရတာ။ ငါကလဲ ဝှက်ဖျားထ,တတ်လို့ အဘဆီ သွားသွားနေရတာမို့ ကောက်စိုက်ပေးရတဲ့စကား ဒီမှာ တိတ်'

စင်စစ် ကောက်စိုက်သမချင်းသာ ပြောဝံ့သည်။ အဘထွန်းခင်ဆီ သတင်းပြန်ပေါက်ကြားမည်စိုး၍ အခြားနေရာတွင် လုံးဝ မပြောဝံ့အောင် ကြောက်ကြသည်။

ထိုနောက်ပိုင်းတွင် လယ်ထွန်ပေးသူနှင့် ကောက်စိုက်ပေးသူတို့ နေမကောင်း၍ ဆေးကုရောက်ရှိလာလျှင် ဆေးဆရာ အဘထွန်းခင်သည် ဆေးကုခငွေကြေးမယူ၊ ဘာလက်ဆောင်မှလည်း ပေး၍ မရပေ။

'ဒီကနေ့ အစောဆုံး ရောက်လာတဲ့ လူနာကို ဆေးပညာနဲ့ ဒါနပြုပေးဖို့ ဆုံးဖြတ်ထားလို့ပါ'

'ဒီကနေ့ရောက်လာတဲ့ ကြာသပတေးသမီးကို အခမဲ့ ဆေးကုပေးတယ်'

ဟူ၍ အကြောင်းအမျိုးမျိုးပြကာ ငြင်းပယ်လေ့ရှိသည်။

သိပ္ပံနှင့်နည်းပညာဖြင့် စမ်းသပ်အဖြေရှာတွေ့နိုင်ရန် လက်လှမ်းမမီနိုင်သော လျှို့ဝှက်ဆန်းပြားသည့် ဂမ္ဘီရဖြစ်ရပ်ဆန်းနှင့် ပညာရပ်များသည် ကျွန်တော်တို့ နေထိုင်ရာဒေသတွင် အမှန်ရှိနေခဲ့ကြသည်။

**ယနေ့ခေတ်တွင် တိမ်မြုပ်ပျောက်ကွယ်သလောက် ရှိသော ရှေးဟောင်းအတတ်ပညာရပ် နာနာနယကျမ်းလာ ကိုယ်ပွားရုပ်ပွား အတတ်ပညာ တတ်မြောက်သူလည်း အမှန်ရှိခဲ့ပေသည်။**

**စာကြွင်း။ ။ စာရေးသူ နေထိုင်ရာ ရန်ကုန်မြို့နေအိမ်တွင် (သက်ရှိထင်ရှားရှိနေဆဲ) အတူနေထိုင်သူ ယောက္ခမကြီး ဒေါ်ဖွားသောင် အသက်(၉၀)နှစ် အပျိုဘဝက ကိုယ်တိုင်အိပ်မက်ဖြင့် ကောက်စိုက်ပေးခဲ့ရသူ၏ ကိုယ်တွေ့ဖြစ်ရပ်ဖြစ်ပါသည်။**

**ယောက္ခမကြီး၏ ပြန်လည်ပြောကြားချက်ကို သီကုံးရေးဖွဲ့ခဲ့ခြင်း ဖြစ်ပါသည်။ နာမည်အများစုကို လွှဲပြောင်းထားပါသည်။**

**အောင်ဆန်းလင်း(ဘီ-အေ)**

**စာမျက်နှာ (၂၈၄)မှ အဆက်**

ရိုက်နှက်တာ ငါ ဘယ်လိုမှ သဘောမတူပါဘူး။ ငါ နင်တို့ကို ဘာပြန်လုပ်ခဲ့သလဲ၊ နင်တို့သားအဖကို သနားလို့ ပေးဘမပေးဘူးပြောတာ ငါ ခု ယောခဲ့မယ် ဘုရား။ တရား အမြဲအောက်မေ့နေကြ။ နင်တို့သားအဖနှစ် ယောက်လုံးကို မကြာခင်မှာ မိုးကြိုးပစ်လို့ သေကြလိမ့်မယ်ကဲ...ကျေနပ်ပြီလား'

ဟု ပြောကာ သူ့ခေါးမှ လွယ်အိတ်ကြီးကို ကောက်ယူလွယ်လိုက်ပြီး ညောင်ပင်ကြီးအောက်မှ ထွက်ခွာသွားလေတော့သည်။

ကျန်ခဲ့သည့် လူများကတော့ ဒကုန်းပကြီးအတွက် စိတ်မကောင်းဖြစ်ကြသလို ကိုမြင့်ခင်တို့ သားအဖနှစ်ယောက်ကို ဒကုန်းပကြီးဟောခဲ့သလိုသာ ဖြစ်မည်ဆိုလျှင်တော့ အားလုံး စိတ်ထဲ မကောင်းကြပါ။

တစ်လခန့်အကြာ၌ မိုးဦးကျလာပါတော့သည်။ မိုးဦးစမှာပင် လျှပ်ရောင်တဝင်းဝင်းနှင့် မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံတွေနှင့်အတူ မိုးတွေ သဲသဲမဲမဲ ရွာလာပါတော့သည်။ ဒီနှစ် မိုးဦးမှာတော့ လေပြင်းတွေနှင့်အတူ မိုးသံတွေနှင့် မိုးခြိမ်းသံတွေပါ မြိုင်မြိုင်ကြားလာရတော့ ဒီနှစ် မိုးကောင်းမှာ သေချာပြီဟု တောင်သူတွေသိနေကြသည်။

မိုးဦးကျကာလမှာ လေပြင်းတွေနှင့် မိုးသံ၊ လေသံ၊ လျှပ်ရောင်နှင့် မိုးခြိမ်းသံ ကြားရပါက အညာမှာ မိုးကောင်း မည့်နှစ် ဖြစ်သည်။

မိုးလေငြိမ်ပြီး မကြာခင်မှာပဲမမျှော်လင့်သော သတင်းစကားက တစ်ရွာလုံးကို ပျံ့နှံ့သွားလေသည်။ ထိုသတင်းစကားသည်ကား...

ကိုမြင့်ခင်တို့သားအဖ ဟိုဘက်ရွာ လှည်းနှင့်အပြန် လယ်ကွင်းထဲ၌ မိုးကြိုး ပစ်၍ သေဆုံးသွားကြပြီဆိုသော စကားပင် ထူးဆန်းသည်က လှည်းမှ နွားတစ်ရှဉ်း တော့ ဘာမျှ မဖြစ်ပေ။

နှစ်ပေါင်း(၅၀)ကျော် ကြာမြင့်ခဲ့ပြီ သော်လည်း ယင်းအဖြစ်အပျက်ကို သိမြင် ကြသော သူတွေကတော့ မမေ့နိုင်ကြသေး ယနေ့အချိန်ထိတိုင် သတိရတိုင်း လူကြီး သူမတွေ ပါးစပ်ရာဇဝင်အဖြစ်နှင့် ပြောဆို ကြစဲပင်။

ထိုထူးဆန်းသော ဒကုန်းပကြီး စာရေးသူတို့ဒေသကို ပြန်လည်ရောက် လာခဲ့ခြင်း မရှိတော့ပေ။

**အေးချမ်းအောင်** *(ရမည်းသင်း)*

www.burmeseclassic.com

စောကိုကို

# ညှာတောင့်ချစ်သူ



လွန်ခဲ့သည့် အနှစ်(၇၀)ခန့်က ဟင်္သာတမြို့ ညောင်ပင်ဈေးရပ်ကွက်တွင် ကိုသိန်းနှင့် မမြမှင်တို့ ဇနီးမောင်နှံ နေထိုင်ကြပါသည်။ သူတို့တွင် (၄)နှစ်အရွယ်နှင့် (၁)နှစ်အရွယ် သားနှစ်ယောက်ရှိပါသည်။

နတ်မော်လမ်းမကြီးဘေး ခြံကျယ်ကြီးအတွင်း နှစ်ထပ် သစ်သားအိမ်ကြီးနှင့်အတူ လယ်(၁၀)ဧကကျော်ကို လုပ်ကိုင်စားသောက်ကြပါသည်။

ကိုသိန်းနှင့် မမြမှင်တို့၏ လယ်အများစုမှာ နောက်ဘက်ခြံနှင့် ကပ်လျက်ရှိကြသော်လည်း အချို့မှာ အတန်ငယ် ကွာလှမ်းပါသည်။

အဆိုပါ လယ်ထဲတွင်တင်းကုပ်တစ်လုံး ဆောက်ထားပြီး ထွန်ယက်စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် သူရင်းငှား (၂)ယောက်နှင့်အတူ ကိုသိန်းဝင်း နေထိုင်ပြီး ကျန်အချိန်များတွင် အိမ်သို့ ပြန်နေပါသည်။

ကိုသိန်း၏ တင်းကုပ်နှင့် မနီးမဝေးတွင် အနောက်ဘက်သို့ ပတ်ပြီးစီးဆင်းနေသည့် ရိုးချောင်းကလေးတစ်ခု ရှိပါသည်။ ရိုးချောင်းကလေး၏ နံဘေးတွင် တဲအိမ်ကလေး သုံး,လေးလုံးခန့် ခပ်ကျဲကျဲ ရှိနေပါသည်။

ကိုသိန်း၏ လယ်တဲရိုးချောင်းကလေးအနီးတွင် နှစ်တောင်ခန့်မြင့်သော တောင်ပို့တစ်လုံးရှိပြီး တောင်ပို့ခြေရင်းတွင် နို့ဆီဘူးအဝသာသာခန့်ရှိသော တွင်းပေါက်တစ်ခုလည်း ရှိပါသည်။

ကိုသိန်းတစ်ယောက် မိမိလယ်ထဲတွင် တင်းကုပ်ဆောက်ပြီး လယ်လုပ်

www.burmeseclassic.com

လာခဲ့ရာ (၂)နှစ်ခန့်ပင် ကြာလာပြီ ဖြစ်ပါသည်။



တစ်နေ့ ညနေစောင်း နေဝင်ဖျိုးဖျ အချိန်တွင် အသက်(၂၀)ခန့် အမျိုးသမီးတစ်ဦး ထဘီ တစ်ထည်ကို ချိုင်းကြား ညှပ်ကာ ရိုးချောင်းကလေး အတွင်း ရေချိုးဆင်းသွား သည်ကို တင်းကုပ်ရှေ့တွင် ရပ်နေသော ကိုသိန်းက လှမ်းမြင်လိုက် ပါသည်။

ရိုးချောင်းအနီးရှိ အိမ်ကလေး တစ်အိမ်က မိန်းကလေးတစ်ဦး ရေချိုး ဆင်းသည်ဟု ကိုသိန်းထင်ခဲ့ပါသည်။

နောက်ရက်များတွင်လည်း ရေချိုး ဆင်းလာသည့် ဤမိန်းကလေးကို မကြာခဏ ကိုသိန်း တွေ့ရပါသည်။ မိမိလယ်တဲတွင် တင်းကုပ်ဆောက်ပြီး နေလာခဲ့သည်မှာ (၂)နှစ်ခန့်ပင် ရှိပြီ ဖြစ်သော်လည်း ဤသို့ ရေချိုးဆင်း သော မိန်းကလေးကို တစ်ကြိမ်မျှ ကိုသိန်း မတွေ့ခဲ့ဘူးပါ။

ယခု မကြာမကြာ တွေ့နေရသဖြင့် ဘယ်အိမ်က မိန်းကလေး ဆိုသည်ကို ကိုသိန်း သိချင်လာသည်။

ရေချိုးဆင်းသည့် မိန်းကလေးက လည်း ကိုသိန်း သူ့ကို မြင်သည်ဟု သိပုံရသည်။ တစ်ခါတစ်ရံ ကိုသိန်း ရပ်နေသည့် တင်းကုပ်ဘက်သို့ လှည့် ကြည့်လိုက်သည်ကိုလည်း တွေ့ရပါ သည်။

နောက်ရက်များတွင် မိန်းကလေး ရေချိုးဆင်းလာသည်ကို မြင်လျှင် အလုပ်တစ်ခုခုလုပ်ဟန်ပြုပြီး မိန်း ကလေးနှင့် မနီးမဝေးမှ ကိုသိန်း အကဲ ခတ်သည်။

မိန်းကလေးမှာ အလွန်ချောမော လှပပြီး ကိုယ်ဟန်ကျော့ရှင်းကြောင်း ကို သိရသည်။ မိန်းကလေး ဘယ်ကို ပြန်သည်ကို သိလိုသဖြင့် မျက်ခြည် မပြတ်အောင် ကိုသိန်း စောင့်ကြည့် သည်။

ဤသို့စောင့်ကြည့်တိုင်း အခြား တစ်နေရာသို့ မျက်စိလွှဲကြည့်စေသည့် အကြောင်း တစ်ခုမဟုတ် တစ်ခု ပေါ်လာသည်ချည်း ဖြစ်ပါသည်။

မိန်းကလေးဘက်သို့ ပြန်လှည့် ကြည့်လိုက်တိုင်း မိန်းကလေးကို မတွေ့ ရတော့ပါ။ မြင်ကွင်းမှ ပျောက်ကွယ် သွားလေ့ ရှိပါသည်။ ရက်ကြာလာ သည့်အခါ မိန်းကလေးနှင့် ကိုသိန်းတို့ မျက်မှန်းတန်းမိလာကြသည်။

နှုတ်ဆက်လာကြရာမှ မိန်းကလေး ၏အနီးသို့ ကိုသိန်း ကပ်လာခဲ့နိုင် သည်။ တဖြည်းဖြည်း မိန်းကလေးနှင့် ကိုသိန်းတို့ ခင်မင်ရင်းနှီးလာကြသည်။ မိန်းကလေး ရေချိုးဆင်းလာမည့် အချိန်ကို ကိုသိန်း မျှော်နေမိသည်။

ရက်ကြာလာသည့်အခါ ကိုသိန်း နှင့် မိန်းကလေးတို့ ချစ်ကြိုက်သွားကြ ပါတော့သည်။ မကြာခဏ ချိန်းတွေ့ ကြသည်။ ချိန်းတွေ့ကြသည့် နေရာ မှာ ရိုးချောင်းနံဘေးရှိ တောင်ပို့အနီး နှင့် တစ်ခါတစ်ရံ ချုံတန်းများ နံဘေး နေရာများ ဖြစ်ကြပါသည်။

လယ်ထဲ တင်းကုပ်တွင် ကိုသိန်းနှင့် အတူနေကြသည့် သူရင်းငှားနှစ် ယောက်မှာ ရေချိုးဆင်းလာသည့် မိန်းကလေးကို ကိုသိန်းကဲ့သို့ တစ်ကြိမ် မျှ မတွေ့ခဲ့ဘူးကြပါ။ ထို့ကြောင့်လည်း ကိုသိန်းတစ်ယောက် အနေအထိုင် အမူအရာ ပျက်နေသည်ကို တော်တော် နှင့် သတိမမူမိခဲ့ကြပါ။

ကိုသိန်းနှင့် မိန်းကလေး ချစ်ကြိုက် နေသည့် ကာလတွင်း မိန်းကလေးက ကိုသိန်းကို သူနေသည့်နေရာသို့ မကြာခဏ ခေါ်သွားပါသည်။ မိန်းကလေးက ကိုသိန်းကို သူနေသည့် နေရာသို့ ခေါ်သွားရာ၌ ကိုသိန်းတို့ လယ်တဲရှိ တောင်ပို့အောက်ခြေ တွင်း ပေါက်နေရာမှ အောက်သို့ လှေကား ဖြင့် ဆင်းသွားခြင်း ဖြစ်ပါသည်။

ကျယ်ဝန်းထည်ဝါသည့် အဆောက် အအုံကြီး ဖြစ်ပါသည်။ အဆောက်အအုံ ကြီးထဲကိုဝင်တိုင်း ဆောင့်ကြောင့် ထိုင်နေသည့် အသားဖြူဖြူ အဘိုးကြီး တစ်ဦး၏ဘေးမှ ကိုသိန်းတို့ ဖြတ်သွား ကြရသည်။

အဘိုးကြီးမှာ ခေါင်းတုံးနှင့်ဖြစ်ပြီး ကျောကုန်းနှင့် နဖူးတို့တွင် ဆေးနီ မင်ကြောင်များ အပြည့်ထိုးထားသည်။ မည်သူ့ကိုမှ မကြည့်ဘဲ ဦးခေါင်းငုံ့ထား ပြီး လက်တစ်ဖက်ဖြင့် ဦးခေါင်းကို အဆက်မပြတ် ပွတ်သပ်နေပါသည်။ ကိုသိန်းတို့ ရောက်သည့်အခါတိုင်း အဘိုးကြီးမှာ ဤပုံစံအတိုင်း ဖြစ်ပါ သည်။

အမျိုးသမီးက ကိုသိန်းကို အဆောက်အအုံအတွင်းသို့ လိုက်ပြ ရင်း အခန်းကြီးနှစ်ခန်းကိုလည်း ဖွင့်ပြ ပါသည်။

ပထမအခန်းမှာ ရွှေချောင်းများနှင့် ပြည့်နေပြီး ဒုတိယအခန်းမှာ ခန်းလုံး ပြည့်နီးပါး ရွှေအိုးကြီးကို တွေ့ရပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မိန်းကလေးက အဆိုပါ ရွှေများကို ပေးမည်ဟု ကိုသိန်းကို အမြဲပြောပါသည်။ ကိုသိန်းကလည်း မိန်းကလေးက သူ့ကို တစ်နေ့နေ့တွင် ရွှေများ အမှန်တကယ်ပေးမည်ဟု ထင်မှတ်ယုံကြည်နေခဲ့ပါသည်။

ကိုသိန်းက အဆိုပါ အမျိုးသမီးနှင့် ချစ်ကြိုက်နေသည် ဆိုသော်လည်း စင်စစ်တွင် ဇနီးဖြစ်သူ မမြမှင်ကို မပြတ်သကဲ့သို့ သားနှစ်ယောက်ဖြစ်သည့် မောင်ဟန်အုန်းနှင့် မောင်သောင်းစိန်တို့ကို အလွန်ချစ်သည်။

အမျိုးသမီးငယ်ပေးမည့် ရွှေများကိုလည်း ဇနီးမမြမှင်ကို ပြန်ပေးမည်ဟု ဆုံးဖြတ်ထားပြီးလည်း ဖြစ်ပါသည်။

ထို့ကြောင့်လည်း အမျိုးသမီး ရွှေပေးမည့်နေ့ကိုပဲ ကိုသိန်း မျှော်လင့်စောင့်စားနေခဲ့မိပါသည်။

ရက်မှ လပြောင်းကာ အချိန်များ တဖြည်းဖြည်း ကုန်ဆုံးလာသည်နှင့် အမျှ ကိုသိန်း၏ အမူအရာ အနေအထိုင် ပျက်လာသည်ကို သူရင်းငှားများနှင့် ဇနီးဖြစ်သူ မမြမှင်တို့ သိလာကြသည်။

တင်းကုပ်တွင်းမှ ကိုသိန်း မယောင်မလည် ထွက်သွားသည်ကို သူရင်းငှားများက လိုက်လံချောင်းမြောင်း ကြည့်ကြသည်။ တောင်ပို့အနီးနှင့် ချောင်းရိုးစပ်ချုံတန်းများ၏နံဘေး နေရာများတွင် ကိုသိန်း တစ်ယောက်တည်း ထိုင်ပြီး စကားပြောနေသည်ကို တွေ့ရသည်။

ကိုသိန်း အိမ်သို့ပြန်နေသည့် ရက်များတွင်လည်း ညဘက် အိမ်အပေါ်ထပ်တွင် ကိုသိန်းတစ်ယောက်တည်း စကားပြောနေသည်ကို မမြမှင် သတိထားမိလာသည်။



ထို့ကြောင့်လည်း အမူအရာ ပျက်နေသည့် ကိုသိန်းကို မမြမှင်က မေးမြန်းသည်။ ပထမတော့ ကိုသိန်းက ဝေ့လည်ကြောင်ပတ်ဖြေသည်။ မမြမှင်က အမျိုးမျိုး ချော့မော့မေးမြန်းသည့်အတွက် ကိုသိန်းက ဖြစ်ကြောင်းကုန် စင်ကို ပြောပြသည်။

'အမျိုးသမီးက ရွှေတွေပေးမယ်ဆိုလို့ ငါကြိုက်တာပါ။ ပေးမယ့် ရွှေတွေကိုလဲ ငါ့ကို ပြထားတယ်။ မင်းတို့သားအမိတွေကို ငါပစ်မသွားပါဘူး။ ရွှေတွေရလာရင် တို့မိသားစုတွေ ပိုချမ်းသာသွားမှာ'

ဟု ကိုသိန်းက ပြောသည်။ မမြမှင်ကလည်း ကိုသိန်း ဥစ္စာစောင့်မနှင့် ချစ်ကြိုက်နေကြပြီကို သိသွားသည့်အလျောက် ရပ်တန်းက ရပ်ရန် သူ့ယောက်ျားကို အမျိုးမျိုး ဖျောင်းဖျခဲ့သော်လည်း ကိုသိန်းက နားမဝင်ခဲ့ပါ။

ဤသို့ အချိန်ကြာညောင်းလာသည်နှင့်အမျှ ကိုသိန်း၏ ကျန်းမာရေးမှာလည်း တဖြည်းဖြည်း ယိုယွင်းလာသည်။ အစားအသောက် အအိပ်ပျက်လာပြီ လူမှာလည်း တစ်နေ့တခြား ပိန်ချုံးလာသည်။ နောက် ချောင်းမှာ တဟွတ်ဟွတ် ဆိုးလာသည်။

ကိုသိန်း ကျန်းမာရေး စတင်ချို့ယွင်းလာချိန်ကစပြီး ဇနီးဖြစ်သူ မမြမှင်က ကိုသိန်းကို အိမ်သို့ ပြန်ခေါ်ထားပြီး ဆရာအမျိုးမျိုးနှင့် ဆေးကုသပေးသည်။

ကိုသိန်း၏ ကျန်းမာရေးမှာ ပြန်ကောင်းမလာသည့်အပြင် ပိုတိုးလာသည်။ ချောင်းဆိုးလျှင် သွေးပါလာပြီး တစ်ခါတစ်ရံ သွေးများပင် အန်လာသည်။

အသက်အန္တရာယ်ကို စိုးရိမ်ရသည့် အခြေအနေသို့ ဆိုက်လာခဲ့ပါသည်။ ရွာထဲက အိမ်သို့ ကိုသိန်း ပြန်နေသည့်အခါ ဥစ္စာစောင့် အမျိုးသမီးကလည်း အိမ်အထိ လိုက်လာပါသည်။ အထူးသဖြင့် ညဘက်တွင် ရောက်လာလေ့ရှိပါသည်။

ကျန်းမာရေး အခြေအနေကလည်း ဆိုးဝါးလာ၊ အမျိုးသမီးကလည်း ရွှေများကို နေ့ပေးမည်၊ ညပေးမည်နှင့် အချိန်ဆွဲ လိမ်ညာနေသည်ကို ကိုသိန်း ပြန်စဉ်းစားရင်း အမျိုးသမီးအပေါ် စိတ်ကုန်လာခဲ့သည်။

ဇနီးဖြစ်သူ မမြမှင်ကလည်း တတွတ်တွတ် နားချနေသည့် အတွက်လည်း အမျိုးသမီးငယ်ကို အဆက်အသွယ်ဖြတ်ရန် ကိုသိန်း ဆုံးဖြတ်ချက်ချခဲ့ပါသည်။

တစ်ည အမျိုးသမီးငယ် ရောက်လာသည့်အခါ ကိုသိန်းက မိမိနှင့် အဆက်မသွယ် မလုပ်တော့ရန်ပြောလိုက်သည်။ အမျိုးသမီးငယ်ကလည်း သူ့ကို အဆက်အသွယ်မဖြတ်ရန် ငိုယိုတောင်းပန်သည်။

ကိုသိန်းကလည်း မိမိ၏စိတ်ကို

www.burmeseclassic.com



နိုင်မာစွာ ဆုံးဖြတ်ထားပြီးသည့်အလျောက် အမျိုးသမီးကို မိမိထံ နောက်ထပ်မလာတော့ရန် အော်ဟစ်ကြိမ်းမောင်း ပြောဆိုလိုက်သည့်အတွက် အမျိုးသမီးလည်း ငိုပြီးပြန်သွားပါသည်။

ကိုသိန်း၏ ကျန်းမာရေးအခြေအနေကို ဟင်္သာတမြို့ပေါ်ရှိ ဆရာအမျိုးမျိုးနှင့် ပြောင်းရွှေ့ကုသခဲ့သော်လည်း မပျောက်သည့်အပြင် ရောဂါပိုတိုးလာကာ လမ်းပင် ကောင်းစွာမလျှောက်နိုင်သည့် အခြေအနေ ဖြစ်လာခဲ့ပါသည်။

ကိုသိန်း၏ မိသားစုတို့ လက်မှိုင်ချနေချိန်တွင် အသိမိတ်ဆွေအချို့က အမှောင့်ပယောဂများကို နိုင်နင်းသည့် ထန်းလေးပင် ဆရာတော်ထံ သွားရောက်ကုသရန် တိုက်တွန်းကြသည်။

ထန်လေးပင်ရွာမှာ ဟင်္သာတမြို့နှင့် (၁၀)မိုင်ခန့်ဝေးသော လှမ်းသည့်ခရီးဖြစ်ပါသည်။ မမြမှင်ကလည်း မိတ်ဆွေများ၏ အကြံပေးချက်ကို သဘောကျလက်ခံခဲ့ပြီး ကိုသိန်းကို ထန်းလေးပင်ဆရာတော်ထံ အမြန်ဆုံး သွားရောက်ကုသရန် စီစဉ်ပါတော့သည်။

ထူးခြားသည်မှာ ထန်းလေးပင်ဆရာတော်ထံ သွားရောက်ကုသမည်ဟု ဆုံးဖြတ်သည့် အချိန်မှစပြီး ကိုသိန်းတစ်ယောက် လုံးဝ ချောင်းဆိုးခြင်းမရှိတော့ပါ။

မနက်ဖြန်နံနက်စောစော ထန်းလေးပင်ဆရာတော်ထံ သွားကြမည်ဖြစ်သည့်အတွက် ကိုသိန်းတို့ တစ်အိမ်သားလုံး စောစောအိပ်ရာဝင်ခဲ့ကြသည်။

ထိုနေ့ည အိမ်သားများ နှစ်ခြိုက်စွာ အိပ်နေကြစဉ် ဥစ္စာစောင့်အမျိုးသမီးကို ကိုသိန်းထံ ရောက်လာပြန်သည်။ ထန်းလေးပင် ဆရာတော်ထံ မသွားရန် အမျိုးသမီးက ငိုပြီး တားပါသည်။

ကိုသိန်းကလည်း မိမိနှင့် မပတ်သက်တော့သဖြင့် အမျိုးသမီးကို ပြန်ရန်ပြောသည်။ အမျိုးသမီးကလည်း မပြန်ဘဲ ဆရာတော်ထံ မသွားရန်ကိုသာ ကိုသိန်းကို တွင်တွင်ပြောနေသည်။

ပြန်သွားရန် ပြောမရသည့်အဆုံး စိတ်မရှည်တော့ဘဲ "ကဲကွာ မပြန်ဦး" ဟုဆိုကာ ကိုသိန်းက အမျိုးသမီး၏ မျက်နှာကို လက်သီးဖြင့် အားကုန်း ထိုးချလိုက်ပါသည်။

"ဒုန်း" ဟူသော အသံကြီးကြောင့် တစ်အိမ်လုံး လန့်နိုးကုန်ကြပါသည်။ ကိုသိန်း ထိုးလိုက်သော အားပါသည့် လက်သီးချက်သည် ကိုသိန်း၏ နံဘေးတွင် ပက်လက်လှန်အိပ်ပျော်နေသော သားအကြီး မောင်ဟန်အုန်း၏ ရင်ဝကို ပွတ်ပြီး ကြမ်းပြင်အား အရှိန်ပြင်းစွာ ထိုးမိသွားပါသည်။ ကလေးရင်ဝကို ထိုးမိလျှင် သေနိုင်သည့် လက်သီးချက်ဖြစ်ပါသည်။

အုန်းမောင်းခေါက်ခန့်တွင် အိမ်မှ စ,ထွက်လာသော ကိုသိန်းတို့လှည်းသည် နံနက်(၇)နာရီခန့်တွင် ထန်းလေးပင်ကျောင်းသို့ ရောက်သည်။ ထန်းလေးပင်ဆရာတော်က ပြုဖွယ်ကိစ္စများကို အေးအေးဆေးဆေး ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ထန်းလေးပင်ကျောင်းမှ ဟင်္သာတသို့ ကိုသိန်းတို့ ပြန်လာခဲ့ကြပါသည်။ ထိုအချိန်မှစပြီး ဥစ္စာစောင့်အမျိုးသမီးလည်း ကိုသိန်းထံ မလာတော့ပါ။

ကိုသိန်း၏ ကျန်းမာရေးမှာလည်း တစ်နေ့တခြား ပြန်ကောင်းမွန်လာပြီး ရက်အနည်းငယ်အတွင်း မူလအတိုင်း လူကောင်းပကတိ ပြန်ဖြစ်သွားပါသည်။

စပါးများ ရိတ်သိမ်းပြီးနောက် ကိုသိန်း၏ဇနီး မမြမှင်က အဆိုပါလယ်ကို ရသည့်ဈေးဖြင့် ရောင်းပစ်ပါသည်။ လယ်ထဲတွင် ဆောက်ထားသည့် တင်းကုပ်ကိုပင် ဖျက်မယူတော့ပါ။ လယ်အစားအဖြစ် ကနောင်စုကွင်းတွင် (၁၀)ဧက ထပ်ဝယ်ပါသည်။

ဇနီး မမြမှင်နှင့် သားအကြီးမောင်ဟန်အုန်းတို့ ကွယ်လွန်သွားကြပြီးနောက် ကိုသိန်းနှင့် သားအငယ် မောင်သောင်းစိန်တို့သည် ကနောင်စုရွာမသို့ အပြီးပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။

ကိုသိန်းနှင့် ဥစ္စာစောင့်မတို့၏ အချစ်ဇာတ်လမ်းမှာလည်း ညောင်ပင်ဈေးကွင်းတွင် မှုန်ဝါးဝါး ကျန်ရစ်ခဲ့ပါတော့သည်။

**စောကိုဂျို**



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော

# မိုးကြိုးမီးလုံးကြီး

ရှေ့ဝန်းနီ

နှင့် ဖြစ်ရပ်ဆန်းများ

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ အမှတ်(၂၆၅)၊ စာ(၂၄၉) နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ **ဟင်္သာတ သန်းလှိုင်ကျော်(ရွှေပန်းချီ)၏ ''ပဟေဠိဆန်သော မိုးကြိုးမီးလုံးကြီးနှင့် ဖြစ်ရပ်ဆန်း''**ဆောင်းပါးကို ဖတ်လိုက်ရသည်။

ယင်းဆောင်းပါးနှင့် ပတ်သက်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းချုပ်မှလည်း ''ဤဆောင်းပါး မီးလုံးကြီးမျိုးနှင့် ပတ်သက်၍ ဖြစ်ရပ်ဆန်းများကို ကြုံတွေ့ဖူးသူများမှ ပြန်လည် ရေးသားပေးပို့ကြပါရန်နှင့် ဤမီးလုံးကြီး၏ ပဟေဠိကို သိရှိသူ ပညာရှင်များမှ ရေးသားပေးပို့ကြပါရန် ပန်ကြားအပ်ပါသည်'' ဆိုသော အမှာစာကိုလည်း ဖတ်ရှုလိုက်ရပါသည်။

ဟင်္သာတ သန်းလှိုင်ကျော်(ရွှေပန်းချီ)၏ ဆောင်းပါး၌ ဟင်္သာတမြို့ အလယ်ကောင် သောင်ထွန်းနေသော ကျွန်းကြီး တစ်ကျွန်းပေါ်၌ ရွာတည်ထားသည့် ရွှေဟင်္သာကျွန်းကြီးရွာနှင့် မနီးမဝေးရှိ သူ့အုပ်စုလေးများနှင့်သူ နွေ,မိုး, ဆောင်း ဥတုသုံးပါးလုံး၌ တောင်ယာလုပ်ကိုင်စားနေကြသော တဲစုလေးများမှ ကိုချစ်တီး၊ ဇနီးမဘာမ်း၊ သားဖိုးထောင်တို့အိမ်သို့ ရုတ်တရက် မိုးကြိုးမီးလုံးကြီး ကျလာပြီး သားဖြစ်သူ ဖိုးထောင်ကို မီးလုံးကြီးမှ ပွေ့ပိုက်ချီမသွားသည်။ ထိုအခါ အစ၌ ကိုချစ်တီးနှင့်မဘာမ်းတို့က ကြောင်ကြည့်နေကြပြီး သတိပြန်ရသည်နှင့် သားနောက် အော်ဟစ်ရင်း ပြေးလိုက်ခဲ့ကြသည်။

ကလေးကို ချီမသွားသော မီးလုံး

www.burmeseclassic.com

ကြီးသည် အိမ်နှင့် ကိုက်(၁၅၀)ခန့် အကွာတွင် ကလေးကို မြက်ခင်းပေါ် ညင်သာစွာချပြီး ကိုချစ်တီးတို့ တဲဆီသို့ ပြန်လာပြန်၏။ ကိုချစ်တီးနှင့် မဘမ်းလည်း ကြောက်လန့်တကြား တဲထဲ ပြန်ဝင်ပြေးလာကြပြီး နှစ်ယောက်သား ဝပ်နေကြသည်။



ထိုအခါ မီးလုံးကြီးက တဲဝါးတိုင်ကို ထိပြီး ပေါက်ကွဲသွားလေသည်။ တဲတိုင်လည်း ကွဲ၍ မည်းသွားပြီး ကိုချစ်တီးနှင့် မဘမ်းတို့ ဇနီးမောင်နှံ နှစ်ယောက်လည်း ထိုင်လျက် ငုတ်တုတ်မေ့နေကြသဖြင့် အခြားတဲမှ ဘဝတူများ ပြေးလာပြီး ဝိုင်းဝန်းပြုစုမှ ပြန်လည် သတိရသည်ဟု ဆိုပါသည်။

ကိုချစ်တီးနှင့် မဘမ်းတို့ကဲ့သို့ ဖြစ်စဉ်မျိုး စာရေးသူနေသော ရပ်ကျေးနှင့် ဇီးကုန်းမြို့၊ ကန်သာယာ(၃)လမ်း ဦးအောင်စိုး + ဒေါ်သန်းအေးတို့အိမ်နှင့် ကိုကျော်နိုင်ဦး+မဝင်းတို့အိမ်တွင် ကြုံခဲ့ကြသည်ကို စာရေးသူ ကိုယ်တွေ့လိုနီးပါးပင် တွေ့ရှိခဲ့ဖူးသည်။

သို့သော် ကိုချစ်တီးနှင့် မဘမ်းတို့ကဲ့သို့ မီးလုံးကြီး ချိမသွားတာမျိုးတော့ မဟုတ်ပါ။ ဦးစွာ ဦးအောင်နိုင်ဦး၊ ဒေါ်သန်းအေးတို့အိမ်မှ အဖြစ်ကို တင်ပြပါမည်။

လွန်ခဲ့သည့် **၂၀၁၁ ခုနှစ်၊ (၈)လပိုင်းလောက်**ကဖြစ်သည်။ ထိုနေ့က မိုးက နံနက်မိုးလင်းကတည်း တစိမ့်စိမ့်ရွာနေသည်။

တစ်နေကုန် နေကို လုံးဝမမြင်ရလောက်အောင် မိုးသားတိမ်လိပ်တို့ကလည်း အုံ့ပြုနေသည်။ ဒီကြားထဲ လေကလည်း တဝီဝီ တိုက်ခတ်လျက်ရှိသဖြင့် ဦးအောင်စိုးသည် သွားစရာရှိသည့် ခရီးကို မသွားသေးဘဲ အိမ်မှာပင် တစ်နေကုန် အနားယူနေလိုက်၏။

သူ၏လုပ်ငန်းက မုန့်တိုက်တစ်တိုက်မှ ထုတ်လုပ်သော မုန့်များကို နတ်တလင်း၊ ပေါင်းတည်၊ ကြို့ပင်ကောက်မြို့များသို့ ဆိုင်ကယ်တစ်စီးဖြင့် ပို့ရသော လုပ်ငန်းဖြစ်သည်။

ထိုနေ့ကတော့ မိုးတစိမ့်စိမ့်ကြောင့် မသွားဖြစ်တော့သည့်အတွက် မုန့်ထုပ်များ ထည့်ထားသော အိတ်များကို ဆိုင်ကယ်ပေါ်မှာပင် အနေအထားကောင်းအောင် တင်ထားပြီးဖြစ်၍ ပြန်မချတော့ဘဲ ဆိုင်ကယ်ကို အိမ်အောက်သို့ သွင်းထားလိုက်သည်။

ဦးအောင်စိုးတို့အိမ်မှာ ကျွန်းညှပ်တိုင်လေးများနှင့် ဆောက်ထားသော လူရင်ဆို့ခန့်ရှိ သွပ်မိုး ဝါးထရံကာ သုံးပင်နှစ်ခန်းအိမ်လေး ဖြစ်သည်။

အိမ်ရှေ့ဘက်စည်းရိုးကို ဝါးစိတ်များ ခွဲကာ၍ အိမ်နောက်ဘက်၊ အိမ်ခေါင်းရင်းဘက်နှင့် ခြေရင်းဘက်တို့ကို ခွေးတိုးမရနိုင်လောက်အောင် ဆူးပါသော ရှားစောင်းလက်ပပ်ရုံကြီးများ စိုက်ထားပြီး ဝန်းနှင့်ခြံနှင့် သားသားနားနား ဆောက်ထားသည့် အိမ်လေးဖြစ်သည်။

ဦးအောင်စိုး၊ ဒေါ်သန်းအေးတို့၌ သားသုံးယောက်၊ သမီးတစ်ယောက် ရှိပြီး အားလုံး လူမမယ်လေးများ ဖြစ်ကြ၏။ အကြီးဆုံးမှာ သားဖြစ်၍ (၁၂)နှစ်ခန့်သာ ရှိသေးသည်။ အားလုံး (၂)ကြိုး (၂)နှစ်ငယ် လေးများဖြစ်၍ ကြီးစဉ်ငယ်လိုက် ဘုစုခရုလေးများ ဖြစ်ကြသည်။

ထိုနေ့က ညနေလေးနာရီ လောက်မှ မိုးက ရပ်သွားပြီး နေလေး ပြန်သာလာသည်။ ဝင်လုလု နေမင်း၏ မိုးသား မိုးရိပ်တို့အကြားမှ ထွက်လာသော ဆည်းဆာနေဝန်းက အအေးချိန် ဖြစ်သော်လည်း မိုးရိပ် ကြောင့် အတော်အတန်ပူပြင်းပြီး တောက်ပလျက်ရှိ၏။

နေလေး လိုးလိုးလက်လက် သာလာသည်နှင့် ဦးအောင်စိုးနှင့် ဒေါ်သန်းအေး၏ ကလေးတို့သည်လည်း တစ်နေကုန် အိမ်ပေါ် ကုပ်နေကြရသဖြင့် နေအသာ၌ ဝမ်းသာအား အိမ်ရှေ့ မန်ကျည်းရိပ်၌ ထွက်ကစားနေကြသည်။

ထိုအချိန် သူတို့၏ လမ်းထိပ် (၅)လမ်းဘက်ဆီမှ ရုတ်တရက်ထွက် ပေါ်လာသော အော်သံဟစ်သံများတို့ ဆူဆူညံညံ ကြားလိုက်ရသည်။ ဒေါ်သန်းအေးလည်း ယင်းအသံများ ကြောင့် အလန့်တကြားဖြစ်ကာ ကလေးများကို...

'ဟဲ့ ကလေးတွေ အိမ်ပေါ်တက်ခဲ့ကြ ဟိုမှာ ဘာတွေဖြစ်နေတာလဲ မသိဘူး' ဟုပြော၍ ခေါ်လိုက်သည်။ ကလေး များလည်း ကြောက်အား အားဖြင့် အိမ်ပေါ် ပြေးတက်ခဲ့ကြလေသည်။

(၅)လမ်းဘက်မှ ဆူညံသံများ

www.burmeseclassic.com

www.burmeseclassic.com



အခြားမဟုတ်ဘဲ ရုပ်မြင်သံကြားထိုင်ကြည့်နေကြသည့် ကိုကျော်နိုင်ဦး (သစ်ထုတ်လုပ်ရေး)၊ မဝင်းတို့၏ အိမ်ထဲသို့ ရုတ်တရက် အိမ်ရှေ့ ပြတင်းပေါက်မှ ဝင်းဝင်းအလုံးကြီးတစ်လုံး ဝင်လာကာ အိမ်ထုပ်၏ အပေါ်ပိုင်း၌ လျှင်မြန်သော အဟုန်နှင့် ပျံနေ သဖြင့် ကိုကျော်နိုင်ဦး၊ မဝင်းတို့ လန့်အော်သည့်အသံများ ဖြစ်သည်။

သူတို့၏ အော်ဟစ်သံကြောင့် အနီးအနား ဝန်းကျင်အိမ်များရှိသူများ အားလုံးပြေးလာကြည့်ကြရာ ယင်းဝင်းဝင်းအလုံးကြီးကို မြင်သည့်အတွက် ဝိုင်းအော်ကြခြင်းဖြစ်သည်။

သို့သော် ထိုဝင်းဝင်းအလုံးကြီးမှာ ပြသဆဲဖြစ်သည့် တီဗွီဆီသို့ မသွားဘဲ ကိုကျော်နိုင်ဦး၊ မဝင်းတို့နှင့် လမ်းသူလမ်းသားများ ကြည့်နေကြသည့် အနိုက်တွင်ပင် အပြင်သို့ ပြန်ထွက်သွားလေ၏။

အားလုံးလည်း ထိုဝင်းဝင်းလုံးကြီး သွားရာသို့ အော်ရင်းဟစ်ရင်း ပြေးလိုက်ကြည့်ကြလေသည်။

ထိုဝင်းဝင်းအလုံးကြီးသည် လမ်းချိုးမှကွေ့ပြီး ဦးအောင်စိုး+ဒေါ်သန်းသန်းစိုးတို့ အိမ်ဘက်သို့ ဦးတည်ပြေးသွားပြန်လေသည်။

'ဟာ... သန်းအေးရေ ဘာလုံးကြီးလဲဟ၊ အကုန်ဝပ်နေကြ ဝပ်နေကြ အိမ်ထဲ ဝင်လာတယ်'

ဦးအောင်စိုးက စိုးရိမ်တကြီး သတိပေးလိုက်၏။ ဦးအောင်စိုး သတိပေးသံကြောင့် ဒေါ်သန်းအေးနှင့် ကလေးတို့လည်း ဦးအောင်စိုးဆီ ပြေးသွားကာ အိမ်ရှေ့ခန်း၌ တစ်ယောက်နှင့်တစ်ယောက် ဖက်ပြီး ငြိမ်၍ ဝပ်နေကြသည်။

ထိုဝင်းဝင်းလုံးကြီးလည်း ပထမ ဦးအောင်စိုး၏ အိမ်ကို နှစ်ပတ်လောက် ပတ်ဝဲပြီး အပေါ်သို့ ပျံတက်သွားသည်။ သို့သော် ခဏတွင်ပင် အောက်ပြန်ဆင်းလာကာ အိမ်ထဲသို့ ပြတင်းပေါက်မှတစ်ဆင့် ပြန်ဝင်လာပြီး သူတို့ဝပ်နေရာအပေါ် နှစ်တောင်လောက်မှ ဖြတ်သန်း၍ ခေါင်းရင်းဘက် ဥရုတိုင်ကို သွားထိပြီး လျှပ်စစ်ရောင်စဉ်တန်းများ ဖြာခနဲ ထွက်သွားကာ ဝုန်း ဂျိန်း ဒလိန်းလိန်းဟူသော နားကွဲလုမတတ် အသံကြီး မြည်ဟည်းပေါက်ကွဲ၍ ပျောက်သွားလေတော့သည်။

အသံပျောက်သွားမှ ဦးအောင်စိုးတို့လည်း ခေါင်းထောင်ကြည့်လိုက်ကြသည်။ ဝင်းဝင်းလုံးကြီးကို လုံးဝမမြင်ရတော့၊ သို့သော် ဦးအောင်စိုးအိမ်၏ ဥရုတိုင်နှင့် ခေါင်တိုင်စင် တစ်တန်းမှာ ကွဲအက်၍ အချို့နေရာများ၌ ပွဲထွက်ဖွာရာကြဲနေသည်ကို ထူးဆန်း စွာ တွေ့လိုက်ရလေ၏။

ဦးအောင်စိုးနှင့် ကိုကျော်နိုင်ဦး အပါအဝင် ကန်သာယာ(၃)လမ်းနှင့် (၅)လမ်း ရှိသူများ၏ ပြောပြချက်အရ ထိုဝင်းဝင်းအလုံးကြီးမှာ မီးရောင်ကဲ့သို့ နီနီရဲရဲ အလုံးကြီးမဟုတ်ဘဲ လျှပ်စစ်ရောင် ဝိုင်းဝိုင်းအလုံးကြီးဖြစ်ကြောင်း သိရပါသည်။

***ထူးဆန်းသည်မှာ ထိုအလုံးကြီး သည် ပထမဦးစွာ ကိုကျော်နိုင်ဦး၊ မဝင်းတို့အိမ်ထဲ ဝင်ရောက်ခဲ့သော်လည်း ဖွင့်ကြည့်နေသည့် တီဗွီမှာ မည်သည့် ချို့ယွင်းချက်မှ မဖြစ်ဘဲ ဦးအောင်စိုးအိမ်၌ ပေါက်ကွဲမှု ဖြစ်သွား မှ ပေါက်ကွဲသံ ထွက်ပေါ်လာသော အသံနှင့် တပြိုင်နက် တီဗွီမှန်သားပြင် ကြီးတစ်ခုလုံး မည်းမှောင်သွားပြီး အတွင်းပိုင်းရှိ ဓာတ်အားလုံး ပြန်လည် ပြုပြင် မရလောက်အောင် အရည်ပျော်ကျ သွားခြင်း ဖြစ်ပါသည်။**

**[ယခုတင်ပြသည့် ကိုကျော်နိုင်ဦး၊ မဝင်းတို့အိမ်မှ ဖြစ်စဉ်နှင့် ဦးအောင်စိုး၊ ဒေါ်သန်းအေးတို့အိမ်မှ ဖြစ်စဉ်မှာ တင်ပြမှုအရ အချိန် ကွာဟသည်ဟု ထင်ရသော်လည်း လျှပ်တစ်ပြက် အတွင်း ဖြစ်စဉ်ဖြစ်ပါသည်။]**

ဤအကြောင်းနှင့် ပတ်သက်၍ နောက်တစ်နေ့၌ ကိုသက်(ဖိုးကုန်း)၊ ဦးမောင်မောင်သိန်း (ဖိုးကုန်း)တို့ဖြင့် အတူ သတင်းယူရင်း ဖြစ်စဉ်တစ်ခုလုံးကို အစမှ အဆုံးတိုင် ပြောပြသိရှိခဲ့ရခြင်း ဖြစ်ပါသည်။

နောက်ဖြစ်စဉ်ကတော့ စာရေးသူ နေထိုင်ရာ ရပ်ကျေး၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်တစ်ခု ဖြစ်သည်။

၂၀၁၁ ခုနှစ်လောက်ကပင် ဖြစ်ပါသည်။ ထိုဖြစ်စဉ် ဦးအောင်စိုးတို့၊ မောင်ကျော်နိုင်ဦးတို့ အိမ်များ၌ ဖြစ်ပွားသလို မိုးကာလမဟုတ်ဘဲ နွေခေါင်ခေါင် တန်ခူးလတွင်ဖြစ်သည်။

ထိုနေ့က သင်္ကြန်အကျနေ့ဖြစ်၍ ရွာလယ်မဏ္ဍပ်၌ လူတွေ စည်နေသည်။ ညနေ သုံးနာရီလောက်၌ တပေါင်းတန်ခူး မိုးသားကျူး ဆိုသည့် အတိုင်း မိုးကောင်းကင်တစ်ခုလုံး ရုတ်တရက် မှိုင်းပြာလွှင့်လာကာ

မိုးသားတိမ်လိပ်တို့ တရိပ်ရိပ် တက်လာပြီး တအုန်းအုန်း တဒုန်းဒုန်းဖြင့် မိုးထစ်ချုန်းသံများနှင့်အတူ လျှပ်စစ်များ တဝင်းဝင်း တလက်လက်နှင့် လက်လာကြသည်။ ထိုခဏတွင်ပင် သကြံန်လက်ဆေးမိုးက ဖြုန်းဆို ရွာချလိုက်လေသည်။

မိုးကြောင့်ပင် မဏ္ဍပ်တွင်းရှိ လူငယ်လူငယ်များလည်း နီးစပ်ရာ ဦးလှိုင်ကြီး၏ အိမ်အောက်သို့ ပြေးဝင်မိုးခိုခဲ့ကြ၏။ နာရီဝက်လောက်အကြာ၌ မိုးက စဲသွားသည်။ မိုးစဲသည်နှင့် မိုးခိုသူလူငယ်များလည်း အပြင်သို့ ပြန်ထွက်ခဲ့ကြသည်။

ထိုအချိန် မိုးချုန်းသံတစ်ချက် ဂျုန်းခနဲ ကြားလိုက်ပြီး လျှပ်စစ်ရောင်တစ်ချက် လက်ခနဲ ဖြစ်သွားကာ သုံးပေခွဲ လေးပေနီးပါးခန့် မာကျူရီရောင်မီးလုံးကြီးတစ်လုံးသည် ဦးလှိုင်ကြီး၏ အိမ်ထဲသို့ ဒလဟော ပြေးဝင်လာလေသည်။

သကြံန်လူငယ်များနှင့် ဦးလှိုင်ကြီး၏အိမ်မှ မိသားစုများလည်း မီးလုံးကြီးကိုကြည့်ပြီး ကြောက်လန့်တကြား အော်ဟစ်ကြရင်း မြေကြီးပေါ်ဝပ်၍ မီးလုံးကြီးကို ကြည့်နေကြလေ၏။

မီးလုံးကြီးသည် ဦးလှိုင်ကြီး၏ အိမ်ထဲဝင်သွားရာမှ မကျယ်လှသော အိမ်ထဲတွင် ပန်ကာလို တဝီဝီဖြင့် စက္ကန့်(၄၀)ခန့်မျှ ချာချာလည်နေပြီး အပြင်သို့ ပြန်ထွက် ပျောက်ကွယ်သွားလေသည်။ ဤအဖြစ်အပျက်ကိုကြည့်၍ အားလုံးလည်း တုန်လှုပ်ကြောက်ရွံ့ကျန်ခဲ့ကြကုန်၏။

ဤဖြစ်စဉ်မှာ စာရေးသူတို့ ရပ်ကျေး၌ တကယ်ကြုံခဲ့သော ဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။

ဤဖြစ်စဉ်မျိုးကိုပင် **ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ ရန်ကုန်-ပြည်သွား ကားလမ်းဘေးရှိ အိမ်နံပါတ်(၂၀)၌ နေထိုင်လျက်ရှိသော ဆရာဦးအောင်သိန်း(အ.ထ.ပြ၊ငြိမ်း)၏ဇနီး ဆရာကြီးကတော် ဒေါ်ခင်အေးလည်း သပြေစိန်အုပ်ဖိုကျေးရွာ၌ သူကိုယ်တိုင် ကိုယ်တွေ့ကြုံခဲ့ရပုံကို** အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

'ခုနှစ်တွေကိုတော့ ကောင်းကောင်း မမှတ်မိတော့ပါဘူး။ ဒါပေမယ့် ခန့်မှန်းတစ်ဆယ့်ငါးနှစ်လောက်တော့ ရှိမယ်ထင်တာပဲ။ အဲဒီနေ့က မင်းတို့ဆရာကလဲ ကျောင်းပိတ်ရက်နဲ့ကြုံလို့ သပြေစိန် အုပ်ဖိုမှာရှိတဲ့ အစ်ကိုဖြစ်သူအိမ်ကို သွားလည်ကြဖို့ တိုင်ပင်ပြီး နှစ်ယောက်သား စက်ဘီးလေးတစ်ယောက်တစ်စီး နင်းပြီး ထွက်လာခဲ့ကြတယ်။

သပြေစိန်အုပ်ဖိုနဲ့ ဇီးကုန်းက အဲဒီတုန်းက ဖွံ့ဖြိုးရေးတာတွေ၊ မြို့နဲ့ ကျေးလက်ဆက်လမ်းတွေ လုပ်ခဲ့ကြတဲ့ အချိန်ဆိုတော့ ဆက်သွယ်ရေးတွေ ကောင်းလာတဲ့ အချိန်မို့ နှစ်နာရီလောက်ပဲ နင်းခဲ့ကြရတယ်။ မနက်(၈)နာရီလောက် မြို့က ထွက်လာကြတာ (၁၀)နာရီလောက်မှာ ရောက်ခဲ့ကြတယ်။

သပြေစိန်အုပ်ဖိုဆိုတာက အလယ်ရိုးမကြီးနဲ့ ကပ်နေပြီ။ ဒီတော့ တောရိပ်တောင်ရိပ်တွေနဲ့ မှိုင်းနေကြတယ်။ တကယ်တော့ သပြေစိန်နဲ့ အုပ်ဖိုက ပေါင်းခေါ်ထားတာပါ။ သပြေစိန်က တစ်ရွာ၊ အုပ်ဖိုက တစ်ရွာပေါ့။

အစ်ကိုနေတာက အုပ်ဖိုရွာမှာပါ။ သပြေစိန်နဲ့ မလှမ်းမကမ်းလေးပေါ့။ ရွာတွေက တောနဲ့နီးတော့ သစ်ကြီးဝါးကြီးတွေနဲ့ စိမ့်ကြီးမြိုင်ကြီးဆန်တယ်။ တောရိပ်တောင်ရိပ် ထူတယ်။ အစ်ကိုကလဲ တို့ရောက်တယ်ဆိုရင်ပဲ ဝမ်းသာအားရနဲ့ **"ဟာ ညီမလေးတို့ဟာ"** ဆိုပြီး အိမ်ပေါ်က ပြေးဆင်းလာတယ်။

အိမ်ရှေ့ မန်ကျည်းပင်ကြီးတွေ အောက်မှာ ဆုံကြတယ်။ အဲဒီအချိန်မှာပဲ မိုးက ရုတ်ခြည်းအုံ့သွားပြီး ဝင်းခနဲဆို ဝင်းဝင်းအလုံးကြီးတစ်လုံးဟာ ရွာထဲကို အမြန်ဆုံးနှုန်းနဲ့ ပြေးဝင်လာတယ်။

နောက် အိမ်ရှေ့ထဲ ဖျတ်ဆို ကွေ့ဝင်သွားတယ်။ အစ်မတို့လဲ ကြောင်ပြီး ကြက်သေ သေသွားကြတယ်။ ခြေမကိုင်မိ လက်မကိုင်မိပေါ့။ ဒါပေမယ့် ကြောင်တော့ကြည့်နေမိကြတယ်။

မကြာပါဘူး အိမ်ရှေ့က အိမ်ထဲ ဝင်သွားတဲ့ မီးလုံးကြီးဟာ အဲဒီအိမ်ရဲ့ခေါင်းရင်းဘက်ကို ပြန်ထွက်သွားတယ်။ အဲဒီအခိုက်မှာပဲ ဒိန်းဂျလိမ်းလိမ်းလိမ်းဆိုတဲ့ အသံကြီးကြားလိုက်ရပြီး ခေါင်းရင်းမှာရှိတဲ့ မန်ကျည်းကိုင်းကြီး ပဲ့ထွက်သွားတာ တွေ့လိုက်ရတယ်။ အဲဒီ အစ်မကိုယ်တိုင် မျက်စိနဲ့ တပ်အပ်မြင်ခဲ့တဲ့ အဖြစ်အပျက်ပါပဲ'

ဟူ၍ ဖြစ်ပါသည်။

ဤသည်တို့မှာ ဟင်္သာတသန်းလှိုင်ကျော်(ရွှေပန်းချီ)၏ မီးလုံးကြီးနှင့်ပတ်သက်၍ **စာတည်းချုပ်၏ ဖြစ်ရပ်ဆန်းများကို ကိုယ်တိုင်ကြုံတွေ့ဖူးသူများက ပြန်လည် ရေးသားပေးပို့ကြပါရန်ဟူသည့် အမှာစာအရ လေ့လာတွေ့ရှိသမျှထဲမှ ထုတ်နုတ်၍ ဗဟုသုတအလို့ငှာ တင်ပြခြင်းဖြစ်ပါသည်။**

*- ဗဟုသုတတိုးပွား အကျိုးများနိုင်ကြပါစေ။*

**နေဝင်းနီ**

www.burmeseclassic.com

စာရှုသူများသို့...

ဤစာမူမှာ ၂၀၀၈ ခုနှစ်၊ ဧပြီလထုတ် နဂွတ္တရောင်ခြည်မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြထားပြီး ဖြစ်ပါသည်။ သို့သော် အခန်းဆက်များကို မဖော်ပြနိုင်ခဲ့ပါ။ ယခုအခါ အခန်းဆက်များ ဆက်လက် ဖော်ပြနိုင်ရန်အတွက် အခန်း(၁) ဖေထ် လိုက်ရသူ စာဖတ်ပရိသတ်များအတွက် ထပ်မံဖော်ပြအပ်ပါသည်။

နဂွတ္တရောင်ခြည်မွေခင်း

နိဒါန်း

"တကယ့် အဖြစ်အပျက်များသည် စိတ်ကူးယဉ်ထက် ဆန်းကြယ်၏" ဟူသော စကားရပ်ကို လူအတော်များများက ပြောဆိုကြ၏။ စာပေစာစောင်၊ မဂ္ဂဇင်းများ၌လည်း မကြာခဏ ဖတ်ရှုရသည်။ ယခု စာဖတ်သူများလည်း တွေ့ဖူး၊ မြင်ဖူး၊ ဖတ်ရှုဖူး ကြပေလိမ့်မည်။

ဆန်းကြယ်သည့် အဖြစ်အပျက်များကို ကြုံတွေ့ဖူးသူက မိမိ ကြုံတွေ့ခဲ့သော



လျှို့လျှို့ဝှက်ဝှက် နက်နက်နဲနဲ
ထူးဆန်းထွေလာ အခန်းဆက်ဝတ္ထုကြီး

အကြောင်းအရာ အဖြစ်အပျက်များကို အခြားသူများအား ပြောပြခဲ့သော် အချို့ မယုံကြည်တတ်ကြပေ။ လုပ်ကြံပြောသည်ဟု ထင်မြင်ယူဆတတ်ကြသည်။

ဆန်းကြယ်သည့် ဖြစ်ရပ်ဖြစ်စဉ်တို့သည်ကား လူတစ်သန်းလျှင် တစ်ယောက်မျှပင် တွေ့ခဲကြုံခဲသော ကြောင့် ဖြစ်ပေသည်။

ကျွန်ုပ်သည် လွန်ခဲ့သည့်(၂၇)နှစ်ကျော်က ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) ရေးသားသည့် "တောင်တန်းကေရီ" လုံးချင်းဝတ္ထုကို ဖတ်ပြီး စွဲမက်ခဲ့သည်။ ဝတ္ထုပါ နေရာဒေသ ဇာတ်ကောင်တို့က တကယ်ပင် ရှိသလား၊ ဖန်တီးပြီး ရေးသလားဆိုသည်ကို သိချင်လာသည်။ တစ်နေ့တွင် ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)နှင့် တွေ့ဆုံပြီး မေးမြန်းမည်ဟု တေးမှတ်ထားသည်။

စရဏ ဦးအောင်

# သုဝဏ္ဏဘူမိပါ

လျှို့ဝှက်ချက်များ [၁]

ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)သည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ စာတိုက်မှတ်တိုင်အနီးတွင် နေထိုင်သည်။ တစ်ရက်တွင် ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)၏ တပည့်ရင်းဖြစ်သူ ဗိုလ်တာရာ တူအရင်းကဲ့သို့ ချစ်သူခင်သူ ဦးကြီးမောင်နှင့် ကျွန်ုပ် ဗိုလ်တာရာ အိမ်သို့ သွားကြသည်။

ဦးကြီးမောင်နှင့် ကျွန်ုပ်သည် တစ်ဌာနတည်း အတူတူ အလုပ်လုပ်သူ ဖြစ်သည်။ ဦးကြီးမောင်သည် ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်) နေအိမ်သို့





www.burmeseclassic.com

www.burmeseclassic.com



● တာမွဲကုန်းမြေ ကမ္ဘာ့လုံးစေတီတော်အနီး ရောပြဲ ကျွန်ုပ် အခိုခြာနေခဲ့သည်

မကြာခဏ ဝင်ထွက်သွားလာသူ ဖြစ်သည်။

ဗိုလ်တာရာသည် သူ့အချစ်တော် ဦးကြီးမောင်နှင့်အတူ ပါလာသူ ကျွန်ုပ်အား တွေ့သည်နှင့် တရင်းတနှီး နှုတ်ဆက်ပြီး နေရာထိုင်ခင်း ပေးသည်။ ကျွန်ုပ်နှင့် ဗိုလ်တာရာသည် မရင်းနှီးသော်လည်း ကျွန်ုပ်က စာရေးသည့် ကလောင်အမည်ကို ပြောပြသောအခါ သူ သိကြောင်း၊ ကျွန်ုပ်၏စာကို ဖတ်ဖူးကြောင်း၊ ရင်းနှီးခင်မင်စွာ စာအကြောင်း၊ ပေအကြောင်း ပြောဖြစ်သွားသည်။ ထို့နောက် သူ့တပည့်ကျော် ဦးကြီးမောင်ဘက်လှည့်ပြီး...

'မင်း ဖဲသိပ်ရိုက်တာပဲ။ ကိုယ့်မိန်းမ သိုဝှက် သိမ်းဆည်းထားတဲ့ ပိုက်ဆံကို တောင် မရအရ ရှာဖွေ ခိုးယူပြီး ဖဲရိုက် ပစ်တယ် ကောင်းသလား။ မင်းကိုယ် မင်း စဉ်းစားကြည့်စမ်း'

'ဟာ ဗိုလ်မှူး၊ မိန်းမပိုက်ဆံ ကျွန်တော် မခိုးပါဘူး'

ဟု ငြင်းလေသည်။

'ဒီမှာ ကြီးမောင်၊ မင်း ငါ့ကို မလိမ်နဲ့၊ မင်း လုပ်တာတွေကို ငါ အားလုံး သိတယ်၊ မြင်တယ်။ အဲဒီနေ့က မင်းမိန်းမကော မင်းပါ အလုပ်ထွက်သွားကြတယ်။

မင်း အလုပ်တိုက်ကိုရောက်မှ အလုပ် မဆင်းဘဲ အိမ်ပြန်လာတယ်။ အိမ်ရောက်တော့ မင်းမိန်းမ ဝှက်ထားတဲ့ ပိုက်ဆံကို မရအရ ရှာတယ်။ ပိုက်ဆံ ရှာတွေ့တော့ တစ်ဝက်ကိုယူပြီး မင်းတို့ တစ်လမ်းကျော် အိမ်မှာ ဖဲရိုက်ပစ်တယ် မဟုတ်လား။ ကဲ မင်း ဘာပြောချင်သေးလဲ'

ထိုအခါ ဦးကြီးမောင်က သူခိုးလူမိသည့်အလား စပ်ဖြဲဖြဲမျက်နှာဖြင့် ဗိုလ်တာရာကို ကြည့်နေလေသည်။

'မင်း ငါ့ကို ညာလို့ မရဘူး။ မင်းရဲ့ လှုပ်ရှားသွားလာ ပြုမူတာတွေ အားလုံးကို ငါ သိတယ်။ ရုပ်မြင်သံကြားမှာ မြင်တွေ့ရသလို ငါ မြင်တယ်ကွ'

ဗိုလ်တာရာသည် ပါရမီကြောင့်လား၊ သမထအားကောင်းသောကြောင့်လားတော့ ကျွန်ုပ် မသိ။ ထိုစဉ်က ဗိုလ်တာရာသည် သိဒ္ဓိရှင်လိုင်း လိုက်စားနေသူ ဖြစ်သည်။ သမထ အလုပ်ကို ကျားကုတ်ကျားခဲ လုပ်သည်။ အကြားအမြင် ရနေသည်ဟု လူပြောများကြသည်။

သူရေးသည့် နာမည်ကြီး လုံးချင်းစာအုပ်ဖြစ်သည့် ''တောင်တန်းကေရီ''၊ ''ကတိသစ္စာ''၊ ''ပါရမီစခန်း ထွက်ရပ်လမ်း'' စာအုပ်တို့သည် သိဒ္ဓိလမ်းနှင့်ဆိုင်သည့် အကြောင်းအရာ ဇာတ်လမ်းများချည်း ဖြစ်လေသည်။ သူရေးသည့် စာအုပ်များနှင့် ယခု သူပြောသောစကားတို့သည် ဆက်စပ်လျက် ရှိသည်။ ထို့နောက် ကျွန်ုပ်ဘက်သို့ လှည့်၍...

'မင်းပဲ စဉ်းစားကြည့်၊ လင်မယား နှစ်ယောက် ဆိုးတူကောင်းဖက် ပေါင်းသင်းပြီး စီးပွားရှာနေကြတာ။ မိန်းမ ပိုက်ဆံခိုးပြီး ဖဲရိုက်ပစ်တာ ကောင်းသလား။ မင်း စဉ်းစားကြည့်'

ကျွန်ုပ်က ဘာမျှ ဝေဖန်ချက်မပေးပါ။ သို့သော် ဤအချိန်အခါသည် ကျွန်ုပ်က သိလိုသော အကြောင်းအရာကို မေးရန် အကွက်ဆိုက်လာသဖြင့်...

'ဗိုလ်မှူး၊ ဗိုလ်မှူးကို ကျွန်တော် သိချင်တာလေးတစ်ခု မေးပါရစေ ဗိုလ်မှူး'

'မေး မေး၊ ဘာမေးမလဲ'

'ဗိုလ်မှူးရေးတဲ့ ''တောင်တန်းကေရီ''လုံးချင်းစာအုပ်ဟာ တကယ့်ဖြစ်ရပ်လား၊ စိတ်ကူးယဉ် ဖန်တီးထားတာလား ဗိုလ်မှူး'

'မောင်ရင် ဘယ်လိုထင်လဲ'

ဗိုလ်မှူးက ရယ်ရယ်မောမောဖြင့် ပြန်မေးသည်။

'မထင်တတ်လို့၊ မဝေခွဲတတ်လို့ မေးတာပါ ဗိုလ်မှူး'

'ကျွန်တော်ရေးတဲ့ ''တောင်တန်းကေရီ''၊ ''ကတိသစ္စာ''၊ ''ပါရမီစခန်း ထွက်ရပ်လမ်း'' လုံးချင်းစာအုပ်တွေဟာ အားလုံး တကယ့်ဖြစ်ရပ်တွေချည်းပဲ။ စိတ်ကူးယဉ် လုံးဝမပါဘူး။ အဲဖတ်ကောင်းအောင်တော့ တန်ဆာဆင် ရေးသားရတာပေါ့'

'''တောင်တန်းကေရီ'' လုံးချင်း စာအုပ်က ရာဇဝင်သမိုင်းထဲက အဖြစ်အပျက်လား ဗိုလ်မှူး'

'အဲဒါ ပြောရတာ ခက်တယ်။ လူတိုင်း လူတိုင်း မသိရှိနိုင်တဲ့ တွေ့သိရန် ခက်ခဲနက်နဲတဲ့ အကြောင်းအရာတွေဆိုတော့ ပြောရင် ယုံကြည်ကြမှာ





www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး။ ဒီလိုသိတာ၊ မြင်တာ၊ ကြားတာတွေဟာ ပါရမီနဲ့ ဆိုင်တယ်။ စရဏအကျင့်တရားနဲ့ ဆိုင်တယ်။ အဖြစ်အပျက်၊ တကယ့်အဖြစ်အပျက်ကိုပြောရင် အဖြစ်အပျက်က ဆန်းကြယ်အားကြီးတော့ မယုံချင်ကြဘူး။ သံသယစိတ်တွေ တစ်ပုံတခေါင်းကြီးနဲ့'

'ဗိုလ်မှူး၊ တောင်းတန်းကေရိက တကယ်ကောရှိလား'

'ရှိတာပေါ့ မြန်မာပြည်ထဲမှာကို ရှိတာ'

'ဘယ်ဒေသ၊ ဘယ်တော၊ ဘယ်တောင်တန်းတွေမှာရှိလဲ ဗိုလ်မှူး'

ဗိုလ်မှူးတာရာက ဟက်ဟက်ပက်ပက် ရယ်မောပြီး...

'အဲဒါကတော့ ပြောလို့မရဘူး။ ရှိတာကတော့ တကယ်ရှိတယ်။ ဘာလဲ မောင်ရင် အဲဒီနေရာကို သွားချင်လို့လား။ အဲဒီဒေသကို သွားချင်၊ ရောက်ချင်ရင် စရဏအကျင့်ကို ပြင်းပြင်းထန်ထန် ကျင့်ကြံအားထုတ်၊ ငါးပါးသီလမြဲပြီး သမာဓိအား၊ သမထအားကောင်းလာရင် အဲဒီဒေသကို မြင်နိုင်ကြားနိုင်တယ်။ အဲဒီဒေသမှာ နေထိုင်တဲ့ လူအားလုံးဟာ ငါးပါးသီလမြဲကြတယ်'

ကျွန်ုပ်စိတ်ထဲမှ ဒီလူတွေ တကယ်ရှိလျှင် သက်ရှိလူသားတွေနှင့် ဘာဖြစ်လို့ မဆက်ဆံကြတာလဲ။ သူတို့က ဥစ္စာစောင့် ဘုမ္မိသိုက်နန်းကမှ မဆက်ဆံဘာများလား။ ဒါမှမဟုတ် ...။ ကျွန်ုပ်တွေးနေစဉ် ဗိုလ်မှူးက...

'ဥစ္စာစောင့် သိုက်နန်း မဟုတ်ဘူးနော်။ လောကမှာ တကယ်ရှိတာ။ အဲဒီဒေသမှာ နေထိုင်ကြတဲ့လူတွေဟာ ငါးပါးသီလမြဲကြတယ်။ ဘယ်လောက်တောင် ငါးပါးသီလမြဲသလဲဆိုရင် ဥပမာ ငိုနေတဲ့ ကလေး။ ကလေး အငိုတိတ်အောင် ဆိုပြီး "ဟိုမှာ



လူကြီးတစ်ယောက် လာနေပြီ၊ ကြောက်စရာကြီး"လို့ လူကြီးတစ်ယောက် မလာဘဲ လိမ်ပြောတာတောင် မရဘူး။ လိမ်ပြောရင် မုသားကံ ထိုက်တာပဲ'

ကျွန်ုပ် သိလိုသည့် အချက်အလက်များကို သိရပြီဖြစ်၍ ကျွန်ုပ် ကျေနပ်သွားသည်။

အထက်ပါ အကြောင်းအရာတို့သည် ဗိုလ်မှူးတာရာ၊ စာရေးဆရာကလောင်အမည် ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်) မကွယ်လွန်မီ ၁၉၇၉ ခုနှစ် ဝန်းကျင်ကာလက ကျွန်ုပ် တွေ့ဆုံမေးမြန်းခဲ့ဖူးသော အကြောင်းအရာများ ဖြစ်ပါသည်။

ယခုကဲ့သို့ နိဒါန်းပျိုး ရေးသားနေရခြင်းမှာ အကြောင်းရှိပါသည်။ မွန်ပြည်နယ်၊ သထုံမြို့ သုဝဏ္ဏဘူမိ ဇင်းကျိုက်တောင် ဗားမဲ့ကျောင်းတော်ရာ ကုန်းမြေတွင် ကျွန်ုပ် သွားရောက် အဓိဋ္ဌာန်ဝင်ခဲ့စဉ်က ဆန်းကြယ်သည့် ဖြစ်ရပ်ထူး ဖြစ်ရပ်ဆန်းအကြောင်းအရာများကို ရေးသား တင်ပြလိုခြင်း ဖြစ်ပေသည်။

"သုဝဏ္ဏဘူမိ ဇင်းကျိုက်တောင် ဗားမဲ့ကျောင်းတော်ရာ ကုန်းမြေတွင် အဓိဋ္ဌာန်ဝင်ခဲ့စဉ်"က ခေါင်းစဉ်ဖြင့် ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ပါရမီမဂ္ဂဇင်းတွင် ဖော်ပြခဲ့ဖူးသည်။

ထိုဆောင်းပါးသည် ကျွန်ုပ်က စာဖတ်သူများအား သုတပေးသည့်အနေဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။ ယခုတင်ပြမည့် ဆောင်းပါးမှာ လူသူမသိရှိကြသေးသည့် "သုဝဏ္ဏဘူမိ၏ လျှို့ဝှက်ချက်"အကြောင်းအရာများ ဖြစ်ပါသည်။

ယခုတင်ပြမည့် "သုဝဏ္ဏဘူမိ လျှို့ဝှက်ချက်များ"သည် ဗိုလ်မှူးတာရာ ပြောသကဲ့သို့ ငါးပါးသီလမြဲပြီး သမာဓိအားကောင်းမှ မြင်နိုင်ကြားနိုင်သည့် သုဝဏ္ဏဘူမိ လျှို့ဝှက်ချက်များ ဖြစ်ပေသည်။ သုဝဏ္ဏဘူမိ လျှို့ဝှက်ချက် အစသည်ကား...

[၂]

**၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၈-၁၁-၂၀၀၃)နေ့က ဖြစ်၏။** မွန်ပြည်နယ်၊ သထုံ သုဝဏ္ဏဘူမိ နယ်မြေ ဇင်းကျိုက်တောင် ဗားမဲ့ကျောင်းတော်ရာကုန်း အောင်မြေသို့ ကျွန်ုပ်တစ်ယောက်တည်း သွားရောက်၍ အဓိဋ္ဌာန်ဝင်ခဲ့သည်။

ကျွန်ုပ်သည် ဇင်းကျိုက်တောင် တက်လမ်းတစ်လျှောက် မေတ္တသုတ်ပရိတ်တော်ကို အဆက်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်သွားသည်။ ကျွန်ုပ်သည် တောတောင်ဒေသ အနှံ့သို့ သွားတိုင်း ဤမေတ္တသုတ်ပရိတ်တော်ကို ရွတ်ဖတ်နေကျ ဖြစ်သည်။

ဤမေတ္တသုတ်ပရိတ်တော်၏ တန်ခိုးတော်ကြောင့် ကျွန်ုပ် သွားလေရာတိုင်း၌ အစောင့်အယှက်ကင်းခဲ့သည်။ ခရီးလမ်းပန်း သာခဲ့သည်။ မြင်ရ မမြင်ရ အဆင့်ဆင့်သော ပုဂ္ဂိုလ်တို့၏ နှောင့်ယှက်မှု ကင်းဝေးခဲ့သည်။

ဤမေတ္တသုတ် ပရိတ်တော် အား ကိုးဖြင့် ကျွန်ုပ်သည် မည်သူ့ကိုမျှ



www.burmeseclassic.com

www.burmeseclassic.com

မကြောက်သည့်ပြင် မမြင်ရ ပုဂ္ဂိုလ်တို့အား မြင်ရသည့် လူပုဂ္ဂိုလ် မိတ်ဆွေကောင်းများကဲ့သို့ ခင်မင်ရင်းနှီးသည်။

သိဒ္ဓိရှင် သူတော်စင် သူတော်မြတ်များ၊ တောစောင့်နတ်၊ တောင်စောင့်နတ် အဆင့်ဆင့်သော နတ်များနှင့် လူတို့ခေါ်ဝေါ် ပြောဆိုကြသည့် သရဲ၊ တစ္ဆေ၊ သဘက်၊ ပြိတ္တာ အမျိုးမျိုးရှိကြောင်းကို ကျွန်ုပ် ယုံကြည်သည်။ ယင်းတို့အား အမျှအတန်း ပေးဝေသည်။ မေတ္တာပို့သည်။

ယခုလည်း ကျွန်ုပ် ဇင်းကျိုက်တောင် ဗားမဲ့ကျောင်းတော်ရာ ကုန်းမြေကို ရောက်သည်။ ခေတ္တမျှ အမောအပန်း ဖြေပြီးနောက် မမြင်ရ ပုဂ္ဂိုလ်အသီးသီးတို့အား ပင့်ဖိတ် အကြောင်းကြား၍ အမျှအတန်း ပေးဝေသည်။ မေတ္တာပို့သည်။ ကျွန်ုပ်သည် ဤကုန်းမြေ၌ တစ်ည အဓိဋ္ဌာန်ဝင်မည်ဖြစ်ကြောင်း လျှောက်ထား အကြောင်းကြားသည်။

'ဤဇင်းကျိုက်တောင်ကို စောင့်ရှောက်နေကြသော တန်ခိုးအကြီးဆုံးသော ပုဂ္ဂိုလ်နှင့်တကွ အဆင့်ဆင့်သော တောစောင့်နတ်၊ တောင်စောင့်နတ်အပေါင်းတို့ခင်ဗျာ ကျွန်ုပ်သည် သူတော်စင် သိဒ္ဓိရှင် ရက်ကန်းစင်တောင် ဆရာတော် ဦးဩဘာသ၏သားတပည့်ဖြစ်ပါသည်။

ကျွန်ုပ်သည် ဤ ဗားမဲ့ကျောင်းတော်ရာကုန်းမြေ၌ တစ်ညအိပ် အဓိဋ္ဌာန်ဝင်ပါမည်။ အဓိဋ္ဌာန်ဝင်သည့် ရည်ရွယ်ချက်က ရောဂါဝေဒနာကြောင့် ဆင်းရဲဒုက္ခ အမျိုးမျိုး ရောက်နေကြသော ရောဂါဝေဒနာရှင်များအား စိတ်ချမ်းသာ ကိုယ်ကျန်းမာ ရှိအောင် ကူညီရန်အတွက် ဖြစ်ပါသည်။

အသင် တောစောင့်နတ်၊ တောင်စောင့်နတ် နတ်မင်းအဆင့်ဆင့်တို့မှ ကျွန်ုပ်အား ကူညီ



စောင့်ရှောက်ကြပါရန် အကူအညီတောင်း မေတ္တာရပ်ခံပါသည် နတ်မင်း အဆင့်ဆင့် အပေါင်းတို့။

ထို့ပြင်တစ်ဝ ကျွန်ုပ်တို့ထံသို့လည်း ကိုယ်တိုင်ကိုယ်ကျ ကြွရောက်၍ ကျွန်ုပ် သတ္တဝါကယ်၊ သာသနာပြုနိုင်ရေးအတွက် နည်းလမ်းကောင်းများအား လမ်းညွှန်ပေးပါရန် ကိုလဲ အနူးအညွတ် မေတ္တာရပ်ခံပါသည် နတ်မင်းအပေါင်းတို့'

BURMESE CLASSIC

ကျွန်ုပ်သည် အထက်ပါအတိုင်း တိုင်တည်သည်။ ကျွန်ုပ် အဓိဋ္ဌာန်ဝင်ရမည့် အချိန်က ညဉ့်(၁၁)နာရီမှ သန်းခေါင်ကျော်(၂)နာရီအထိ ဖြစ်သည်။ ယခုအခါ ညနေ(၄)နာရီခန့်သာ ရှိသေးသဖြင့် ဗားမဲ့ကုန်းမြေ၏ အထက်နားရှိ စေတီပုထိုးများကို ဖူးမြော်သည်။

တစ်ဖက် တောင်စောင်းတို့၌ ဘုန်းတော်ကြီးကျောင်းနှင့် ဇရပ် အဆောင်ဆောင် ရှိသည်။ ကျွန်ုပ်သည် ဘုရားအနီးရှိ သစ်ပင်အောက် ကွပ်ပျစ်၌ ဘုန်းတော်ကြီးတစ်ပါးကို တွေ့ရာ ကျွန်ုပ်အား ဇရပ်တစ်ခုခုတွင် တစ်ညတည်းခိုခွင့်ပြုရန် ခွင့်တောင်းသော်လည်း ကထိန်ရက်ဖြစ်၍ လူ ပြည့်ကျပ်နေကြောင်းပြောပြီး ကျွန်ုပ်အား ဗားမဲ့ကုန်းမြေဆိုင်းဘုတ်နှင့် ကပ်လျက်ရှိသည့် ဇရပ်သို့ ခေါ်လာပြီး "ဤဇရပ်မှာနေ"ဟု ပြောပြီးထွက်သွားသည်။

ဇရပ်ကြီးတွင် လူတစ်ယောက်မျှမနေသဖြင့် ကျွန်ုပ် အကြိုက်တွေ့သွားသည်။ ဇရပ်ကြီး၏ အလယ်တည့်တည့် ခေါင်းရင်းပိုင်းတွင် ရုပ်ပွားတော်တစ်ဆူရှိသည်။

ကျွန်ုပ်သည် ယင်းဇရပ်ကြီး၏ ရုပ်ပွားတော်ရှေ့တွင် နေရာထိုင်ခင်း ပြင်ဆင်ပြီး ညစာအဖြစ် ယူဆောင်ခဲ့သော ခေါက်ဆွဲခြောက်ထုပ်ကို ဖြေစားသည်။ စားပြီး ရေသောက်သည်။

နေဝင်မိုးချုပ်လာပြီ။ ဇရပ်တွင်း၌ မှောင်မည်းလာသည်။ ကျွန်ုပ်ဖယောင်းတိုင်မီးထွန်းသည်။ ဘုရားမီးလည်း ပူဇော်သည်။ လက်ပတ်နာရီကို ကြည့်လိုက်ရာ ည(၇)နာရီထိုးရန် (၅)မိနစ်သာ လိုတော့သည်။

ကျွန်ုပ်သည် ညဉ့် (၁၁)နာရီကို စောင့်ရင်း ဘုရားရှိခိုးသည်။ ငါးပါးသီလခံယူသည်။ ထို့နောက် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တောစောင့်နတ်၊ တောင်စောင့်နတ်များကို ဒုတိယအကြိမ် ပင့်ဖိတ် အသိပေး တိုင်တည်သည်။

ထို့နောက် ဂုဏ်တော်၊ ဂါထာတော်များကို ရွတ်ဆိုသည်။ ကျွန်ုပ်ရသည့် ဂုဏ်တော်၊ ဂါထာတော်တွေ ကုန်သွားသောအခါ မေတ္တသုတ် ပရိတ်တော်ကို ည(၁၁)နာရီထိုးသည်အထိ ရွတ်ဆိုနေလေတော့သည်။

ညဉ့်(၁၁)နာရီ ထိုးသောအခါ ကျွန်ုပ်၏ အဓိဋ္ဌာန်လုပ်ငန်း စ,သည်။ ညဉ့်နာရီပြန်(၂)ချက်တွင် ကျွန်ုပ်၏ အဓိဋ္ဌာန်ပြီးသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ အဓိဋ္ဌာန် ပြီးဆုံးအောင်မြင်သွားပြီဖြစ်၍ အဘခေါင်၏ အပတိန်းလက်ဂါထာကို (၄)ခေါက် ရွတ်ဆိုသည်။

ရှေ့လ ဆက်ဖတ်ပါရန်

စရေး ဦးအောင်

www.burmeseclassic.com

www.burmeseclassic.com

စာရှုသူများသို့...

ဤစာမူမှာ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလထုတ် နွေဦးရောင်ခြည်မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြထားပြီး ဖြစ်ပါသည်။ သို့သော် ဒုတိယပိုင်းကို အကြောင်းကြောင်းကြောင့် မဖော်ပြနိုင်ခဲ့ပါ။ ယခုအခါ ဒုတိယပိုင်းကို ဖော်ပြနိုင်ရန်အတွက် ပထမပိုင်း မဖတ်လိုက်ရသူ စာဖတ်ပရိသတ်များအတွက် ထပ်မံဖော်ပြအပ်ပါသည်။

နွေဦးရောင်ခြည်မဂ္ဂဇင်း



# သမာဓိစွမ်းအား (၁)

မောင်ဖြေအား(ကြ)
(စီးပွားရေး)

တစ်နေ့တွင် စာရေးသူသည် ညနေထမင်းစားပြီးနောက် လမ်းလျှောက်ထွက်လာခဲ့သည်။ ဆူးလေဘုရားအနီးရောက်သောအခါ မရောက်တာ၊ မတွေ့တာ ကြာပြီဖြစ်သော မိတ်ဆွေကိုမျိုးရှိရာ (၃၂)လမ်းသို့ ဝင်ခဲ့သည်။

ဘဲလ်တီးလိုက်၍ တံခါးလာဖွင့်သောအခါ ကိုမျိုးလက်ထဲတွင် စာအုပ်တစ်အုပ် ကိုင်ထားသည်ကို တွေ့ရသည်။ စာဖတ်နေရာမှ ထ,လာခြင်းဖြစ်ပုံရသည်။ စာရေးသူအား တွေ့လိုက်သည်နှင့် ကိုမျိုးက ပြုံး၍...

'ဟော ပေါ်တော်မူ ဘယ်က မျက်စိလည် လာတာလဲ'

ဟု နှုတ်ဆက်သည်။ စာရေးသူ အိမ်ထဲ လှမ်းဝင်လိုက်ရင်း...

'အေးဗျာ အိမ်ချင်းက ဝေးတော့ မရောက်ဖြစ်ဘူး။ နို့ ခင်ဗျားကရော ကျွန်တော့်ဆီ ရောက်လို့လား'

ဟု ပြန်မေးလိုက်ရာ...

'ဟား... ဟား... ဟား။ ကျုပ်တို့နှစ်ယောက်ကတော့ ဦးရာလူ အပြစ်တင်ကြေး ဆိုသလို ဖြစ်နေပြီ။ ရန်ကုန်ထုံးစံလို့ ပြောရမလို ဖြစ်နေပြီဗျ။ ဗိုလ်ဆွန်ပက်လမ်းနဲ့ (၃၂)လမ်း ဆိုပေမယ့် မလာချင်တော့လဲ ခရီးက ဝေးသားဗျ'

ဟု ကိုမျိုးက ပြောရင်း တဟားဟားဆက်ရယ်နေသေးသည်။ ပြီးမှ...

'ကဲ ဘယ်နှယ့်ကြောင့် ရပ်နေတာလဲ ထိုင်လေဗျာ။ သူစိမ်းတွေကျနေတာပဲ'

စာရေးသူ ကုလားထိုင်တွင် ထိုင်လိုက်သည်။ အိမ်တွင် ကိုမျိုးမှလွဲ၍ တစ်ယောက်မျှ ရှိပုံမပေါ်သဖြင့် မေးမိသည်။

'အိမ်သားတွေရောဗျ'

'ထုံးစံအတိုင်းပေါ့ဗျာ။ မိန်းမက (၃၈)လမ်းဈေးသွား၊ သမီးကြီးက ကျူရှင်တက်၊ သမီးငယ်က (၁၀)တန်း guide သွားပေါ့'

'ဩော် ဒါကြောင့် ခင်ဗျားက စာတစ်အုပ်နဲ့ ငြိမ့်နေတာပေါ့လေ'

'မငြိမ့်ရပါဘူးဗျာ။ စောစောလေးကတင် အဓိဋ္ဌာန်ကိစ္စပြီးလို့ အောက်ဆင်းလာပြီး စာဖတ်မယ် လုပ်နေတုန်း ခင်ဗျား ရောက်လာတာ။ နို့မို့ ခင်ဗျားကို တံခါးဖွင့်ပေးမယ့်လူတောင် ရှိမှာမဟုတ်ဘူး'

မှန်ပါသည်။ ကိုမျိုးသည် အလုပ်မအားသည့်ကြားမှပင် တစ်နေ့လျှင် (၃)နာရီမျှ အဓိဋ္ဌာန်ပုတီးစိပ်နေသည်ကို ကျွန်တော်သိသည်။ ပုတီးစိပ်လျှင်လည်း ထပ်ခိုးတွင် ပြုလုပ်မြဲ။

'အင်း ခင်ဗျား အဓိဋ္ဌာန်ဝင်တာ အတော်ကြာပြီနော်။ ဘာထူးခြားမှုတွေများ တွေ့ရသလဲ'

စာရေးသူက မေးလိုက်သည်။

'ထူးခြားတယ် ပြောမလား၊ တိုက်ဆိုင်တယ် ပြောရမလားတော့ မသိဘူး ကိုအေးကြူရေ ရှိတော့ရှိတယ် ရှားတယ်ပေါ့'

'ဘာဖြစ်ဖြစ်ဗျာ ပြောပြစမ်းပါဦး'

ကိုမျိုးက ကျွန်တော့်မျက်နှာကို ကြည့်ရင်း ပြုံးစိစိဖြင့်...

'ခင်ဗျားကတော့ ရေးကွက်ကို ရှာပြန်ပြီပေါ့။ ဟုတ်လား။ ခဏနေဦး အအေးလေး ဘာလေး သောက်ရအောင် သွားလုပ်လိုက်ဦးမယ်'

www.burmeseclassic.com

ပြောရင်းဖြင့် ထိုင်ရာမှ ထ၍ နောက်ဖေးခန်းသို့ ဝင်သွားရာ စာရေးသူမှာ ဆတ်တငံ့ငံ့ဖြစ်၍ ကျန်ခဲ့သည်။ ခဏအကြာတွင် လိမ္မော်ရည် ဖန်ခွက်နှစ်လုံးကို ကိုင်၍ ကိုမျိုး ပြန်ထွက်လာပြီး တစ်ခွက်ကို စာရေးသူရှေ့ရှိ စားပွဲပေါ် တင်ပေးလိုက်သည်။

'ကဲ... သောက်ဦး။ ကျွန်တော့်မိန်းမ လက်ရာတော့ မီချင်မှ မီမယ်'

မှန်ပါသည်။ ကိုမျိုးဇနီး မငွေးမှာ အအေးဖျော်ရာတွင် အလွန်တော်သူ ဖြစ်သည်။ သူတို့အိမ် ရောက်သည့်အခါတိုင်း အအေးတစ်မျိုးမျိုးဖြင့် ဧည့်ခံလေ့ရှိရာ မငွေး၏လက်ရာကို စာရေးသူတို့ တစ်အိမ်လုံးက ကြိုက်နှစ်သက်ပြီး ချီးမွမ်းမြဲ ဖြစ်သည်။

စာရေးသူက လိမ္မော်ရည်တစ်ကျိုက် သောက်လိုက်သည်။

'မဆိုးပါဘူး မမိတမီပါပဲ'

ဟု ပြောရာ ကိုမျိုးက သဘောကျစွာ ရယ်နေသည်။

'ကဲ... ခင်ဗျားရဲ့ အထူးအဆန်း လေးတွေ ကြားစမ်းပါရစေဦး'

ဟု စာရေးသူက ပြောလိုက်ရာ ကိုမျိုးက မျက်နှာပိုးသတ်လိုက်ပြီး...

'ဪ ဟုတ်သားပဲ။ ခင်ဗျား ချီးမွမ်းလိုက်တာနဲ့ ပြောမလို့ဟာကို မေ့သွားတယ်။

အထွေအထူးတော့ မဟုတ်ပါဘူး။ ခင်ဗျားသိတဲ့အတိုင်းပဲလေ။ သမီးငယ်က စာတော်တယ် မဟုတ်လား။ ခု (၁၀)တန်းဖြေပြီးတာ ဘာကြာသေးလို့လဲ။ Study guide လိုချင်တဲ့သူတွေက အိမ်ရောက်လာတယ်။

ကျွန်တော့်စီးပွားရေးလဲ အတော်လေး အဆင်ပြေသလို၊ တစ်နေ့ (၃)နာရီ အိပ်ခြင်းကိုလဲ မပျက်မကွက် ဆောင်ရွက်နိုင်တယ်။ တစ်အိမ်သားလုံး ပျော်ပျော်ရွှင်ရွှင် ကျန်းကျန်းမာမာနဲ့ နေနိုင်တော့ ဘာလိုသေးလဲဗျာ။

ဟော ပြောနေရင်းနဲ့ သတိရလာတယ်။ ခင်ဗျား စိတ်ဝင်စားမယ့် အကြောင်း ဖြစ်လောက်တယ်'

'ဆိုစမ်းပါဦး ဘာများလဲ'

'အရင် နှစ်လလောက်ကပေါ့ဗျာ။ ကျွန်တော် ရွှေတိဂုံဘုရားကို ညနေစောင်းလောက် ရောက်သွားတယ်။ မိုးရွာပြီးခါစ အေးချမ်းငြိမ်သက်နေသလို ဘုရားဖူးတွေလဲ အတော်ကျဲတယ်။

ဒါနဲ့ ကျွန်တော်လဲ ဘုရားကို လက်ယာရစ်လှည့် ကြည်ညိုရင်း မြောက်ဘက်မုခ်က ရာဇမုနိဘုရား ရောက်တော့ ထိုင်ပြီး ဘုရားရှိခိုးလိုက်တယ်။ ရှိခိုးဦးချပြီးလို့ မျက်စိ ဖွင့်ကြည့်လိုက်တော့ ကျွန်တော့် ညာဘက်ခြမ်း ရှေ့နား မကျတကျကနေ လူကြီးတစ်ယောက် တင်ပျဉ်ခွေ ထိုင်လျက်ကနေ ကျွန်တော့်ကို ကြည့်နေတာကို မျက်လုံးချင်း ဆုံမိလိုက်တယ်။

အပေါ်အောက် အညိုရောင် ဝတ်စုံ ဝတ်ထားတယ်။ လက်ထဲမှာ ပုတီးတစ်ကုံး ကိုင်ထားတယ်။ အသားက တော်တော်လေး ညိုတယ်။ ဆံပင်လဲ နည်းနည်းရှည်တယ်။ ဒါလောက်ပါပဲ။ တခြား ထူးခြားတာ မရှိပါဘူး။

ကျွန်တော် မျက်လုံးဖွင့်လိုက်တဲ့ အချိန်နဲ့ သူ ကျွန်တော့်ကို ကြည့်နေ ချိန်နဲ့ တိုက်ဆိုင်သွားတော့ ဘာရယ် မဟုတ် ကျွန်တော်က ပြုံးပြလိုက်မိ တယ်လေ'

ကိုမျိုးက လိမ္မော်ရည် ဖန်ခွက်ကို ကောက်ကိုင်ကာ နှစ်ကျိုက်မျှ သောက်လိုက်သည်။ ကျွန်တော်က သူ့စကား တွင် စိတ်ဝင်စားပြီး သူ ဆက်ပြောလာမည်ကို ငံ့လင့်နေမိသည်။

'အဲဒီမှာတင် ''လူလေး အဘနား လာပါဦး''

လို့ ကျွန်တော့်ကို ခေါ်တယ်ဗျ။ ဒါနဲ့ ကျွန်တော်လဲ အမှတ်မထင် ဆိုသလို ဘေး ဝဲ,ယာကို ကြည့်လိုက်တော့ ဘယ်သူမှ မရှိဘူးဗျ။

သူနဲ့ကျွန်တော် နှစ်ယောက်တည်းပဲ။ ဒါနဲ့ ကျွန်တော်လဲ သူ့အနား တိုးသွားတယ်။ သူ့အနားရောက်တော့ ကျွန်တော့် လက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်လိုက်ပြီး...

''လူလေး သာသနာပြုရမယ်''လို့ ပြောတယ်။ ပြီးတော့ ကျွန်တော့် လက်ဝါးနှစ်ဖက်ကို ဖြန့်ပြီး၊ သူ့ လက်ဝါးနှစ်ဖက်နဲ့ သုံးချက်စီ ရိုက်လိုက်တယ်။ ကျွန်တော့်တစ်ကိုယ်လုံး တုန်လှုပ်သွားသလို ဖျဉ်းခနဲ ဖျဉ်းခနဲ ဖြစ်သွားတယ်။ ပြီးတော့မှ ကျွန်တော့်ကို မေးတယ်'

''ထီတစ်စောင် ဘယ်လောက်လဲ'' တဲ့။

'ကျွန်တော်လဲ ''ခု တစ်စောင် (၁၅၀)ကျပ်လောက်ရှိမယ် ထင်တယ်''

လို့ ပြောတော့ သူ့အိတ်ထဲက ငွေကိုးရာကို ထုတ်ပေးပြီး ''တောင်ဘက်မုခ်က ထီဆိုင်မှာ ထီ (၅)စောင်ထိုး။ ကိုယ် မရွေးနဲ့။ သူပေးတာ ယူ''လို့ ပြောပြီး ထိုင်ရာက ထ,သွားတော့တာပဲဗျာ။ ကျွန်တော်လဲ မှင်တက်မိသလို ငေးကြည့်ရင်း ကျန်ခဲ့တော့တယ်။

'ဒါနဲ့ တိုတိုပြောရရင်တော့ဗျာ တောင်ဘက်မုခ်ကဆင်း၊ တွေ့တဲ့ ထီဆိုင်မှာ စာရေးမလေးပေးတဲ့ (၅)စောင် တွဲကို ထိုးလိုက်တော့တာပေါ့'

ကိုမျိုးက မောသွားဟန်နှင့် ခွက် ကျန် လိမ္မော်ရည်ကို အကုန် မော့ သောက်လိုက်သည်။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားလက်စအဆုံးကို သိချင်လာသဖြင့် မအောင့်နိုင်တော့ဘဲ မေးလိုက်မိသည်။

'နောက်တော့ ဘာဖြစ်လဲဗျ'

'နောက်တော့လား ထိဖွင့်ရော ဆိုပါတော့ဗျာ။ သိန်း (၅၀၀)ဆုမှာ ဂဏန်းအားလုံးတူပြီး ရှေ့က အက္ခရာ လွဲသွားတယ်ဗျာ'

'ဟာ'

စာရေးသူနှုတ်မှ အံ့သြတကြီးဖြင့် အာမေဍိတ်သံ ထွက်သွားသည်။ ပြီးမှ ဆက်ပြောလိုက်မိသည်။

'အံ့သြစရာကြီးနော်။ နမြောလိုက်တာဗျာ။ ခင်ဗျားတော့ ဘယ်လိုခံစားရမလဲ မသိဘူး'

'ကျွန်တော်လဲ အံ့သြတာပေါ့ဗျာ။ ဒီလောက် တိုက်ဆိုင်ဖို့ ဘယ်လွယ်မှာလဲ။. ဒါပေမယ့် နောက်တစ်ကြိမ် ထပ်ဖြစ်သေးတယ်ဗျ'

'ဟုတ်လား ဒီပုဂ္ဂိုလ်နဲ့ပဲ ထပ်တွေ့တာလား'

'ဟုတ်ပဲ့ဗျာ။ ဒုတိယအကြိမ်ကတော့ ကျွန်တော် ရွှေတိဂုံ တောင်ဘက်မုခ်က ဆင်းလာပြီး ဘတ်စ်ကားမှတ်တိုင်မှာ ကားစောင့်နေတုန်း ဘယ်ကဘယ်လို ရောက်လာလဲတော့ သတိမထားမိဘူး။ ကျွန်တော့်လက်ကို လာဆွဲလို့ ကြည့်လိုက်တော့ အဲဒီအဘဖြစ်နေတယ်။

**"လူလေး အဘနဲ့လိုက်ခဲ့"**ဆိုပြီး ခေါ်လို့ သူ့နောက် လိုက်သွားတာ စပါးရှား သချိုင်းဂူထဲ ခေါ်သွားတာဗျ။ ထိုင်လဲ ထိုင်မိရော မျက်နှာချင်းဆိုင် ဆိုပါတော့ဗျာ။

ကျွန်တော့်လက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်နဲ့ ကိုင်ထားပြီး အပေါ်ကို မော့ကြည့်တယ်။ ပြီးတော့ ပါးစပ်ကလဲ လှုပ်စိလှုပ်စိနဲ့ ဘာတွေ ရွတ်တယ်တော့



မသိဘူး။ ပြီးတော့ အရင်တစ်ခါလိုပဲ ငွေ ကိုးရာကျပ် ထုတ်ပေးပြီး ထွက်သွားတော့တာပဲ'

'ဒီတစ်ခါတော့ ပေါက်ပြီပေါ့'

ကျွန်တော်က အားတက်သရော ပြောလိုက်သည်။

'မပေါက်ဘူးဗျ'

ကိုမျိုးက ဖြေသည်။

'ဟင် ဟုတ်လား ဘယ်လိုဖြစ်သွားပြန်တာလဲ'

'ဒီတစ်ခါကျတော့ သိန်း (၅၀၀)ဆုမှာ အက္ခရာတူတယ်ဗျာ။ နောက်ဂဏန်းတွေလဲ တူတယ်ဗျာ။ တစ်လုံးမှ မလွဲဘူး။ ဒါပေမယ့် ဖြစ်ပုံက ရှေ့နောက် ပြောင်းပြန်တွေ ဖြစ်နေတာ'

'ဟောဗျာ အံ့သြစရာပဲနော်'

ကျွန်တော် အံ့သြစွာ ပြောမိပြန်သည်။

'အေးဗျာ ကိုယ်တွေ့နှစ်ခါ ကြုံလိုက်ရတော့ ကျွန်တော် ဘာတွေးမိလဲ သိလား'

'ပြောပါဦးဗျ'

'ထီပေါက်ဖို့ဆိုတာ တော်တော် မလွယ်ပါလားလို့ပေါ့။ ဒီလိုပုဂ္ဂိုလ်တွေ မ,တာတောင် မ,တယ်ပဲ ဆိုပါတော့ဗျာ။ ဟိုလွဲ, ဒီလွဲ ဖြစ်နေတာလေ။ ဒါကြောင့်လဲ ဆရာတော်ကြီးများက ထီပေါက်ချင်ရင် စာရေးတံမဲ များများ လှူရတယ်လို့ ဟောတော်မူကြတာပဲ'

'ဒါမှလဲ တူသောအကျိုးပေးမှာပေါ့ဗျာ။ ဟုတ်ဘူးလား'

စာရေးသူက သူ့စကားကို ဖြတ်ပြောလိုက်ရာ ကိုမျိုးက...

'ဟုတ်ပဲ့ဗျာ။ ကျွန်တော့်ကံကိုက ပါမလာတာဖြစ်မှာ။ ဒါတောင် ကျွန်တော် အဓိဋ္ဌာန်ရက်ရှည် ဝင်နေတာနော်'

'အဓိဋ္ဌာန်ဝင်နေလို့ ဒီလိုပုဂ္ဂိုလ်မျိုးတွေနဲ့ တွေ့မယ်။ ဘာဖြစ်မယ်၊ ညာ ဖြစ်မယ်လို့တော့ အတိအကျ မပြောနိုင်ဘူးထင်တယ် ကိုမျိုးရဲ့။ သို့သော် ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်။ "ဓမ္မော ဟဝေ၊ ရက္ခတိ ဓမ္မစာရိ"၊ တရားကို ကိုယ်က စောင့်ရင် တရားက ကိုယ့်ကို ပြန်စောင့်မယ်လို့တော့ မြတ်စွာဘုရားက အသေအချာ ဟောထားတာပဲလေ။

ပြီးတော့ ပဋ္ဌိစ္စသမုပ္ပာဒ်မှာလဲ အကြောင်းကြောင့် အကျိုးဖြစ်တယ် ဆိုတာရယ်၊ အကြောင်းမရှိဘဲ အကျိုးတရား မဖြစ်နိုင်ဘူးဆိုတာရယ် ပေါ်လွင်နေတယ် မဟုတ်လား။ ဒီတော့ ခင်ဗျား အဓိဋ္ဌာန်စင်တာကိုတော့ အပြစ်မမြင်ပါနဲ့ဗျာ။ ဆက်လုပ်ပါ'

ဟု စာရေးသူက ပြောရာ...

'ဟုတ်ပါတယ်ဗျာ။ အဓိဋ္ဌာန်ဝင်တာကို အပြစ်မြင်တာ မဟုတ်ပါဘူး။ ကုသိုလ်အထောက်အပံ့လဲ ရှိနေသားနဲ့ ဆိုတဲ့ သဘော ပြောတာပါ'

အေးဗျာ ပြောရင်းနဲ့ တစ်ခု သတိရမိပြန်တယ်ဗျ။ ဒီလိုပုဂ္ဂိုလ်မျိုးတွေနဲ့ တွေ့ဖို့ဆိုတာ ပဋ္ဌာန်းဆက် တော်တော် အရေးကြီးပုံရတယ်ဗျ။ ပဋ္ဌာန်းဆက်မရှိရင် ဘယ်လိုမှ မဆုံမိနိုင်သလို ပဋ္ဌာန်းဆက် ရှိတဲ့သူတွေကျတော့လဲ သူ့အလိုလို ဖြစ်လာပုံပဲဗျ နော်'

ကိုမျိုးက "စာရေးသူ ဘာပြောမလဲ"ဟု အကဲခတ်သလို ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com

သည်။ စာရေးသူက...

'ခင်ဗျားပြောတာ မှန်မယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော် ကြားဖူးတဲ့ ဇာတ်လမ်းတစ်ပုဒ် ရှိတယ်'

ဟု ပြောလိုက်ရာ...

'ကဲဒီတစ်ခါ ခင်ဗျားအလှည့်ပေါ့ဗျာ။ ပြောစမ်းပါဦး'

* * *

တောင်ဥက္ကလာပ (...)ရပ်ကွက်တွင် ဦးမြရွှေ၊ ဒေါ်သိန်းရှင်တို့ နေထိုင်ကြသည်။ သင်္ကန်းပရိက္ခရာရောင်းခြင်းဖြင့် အသက်မွေးသည်။ စီးပွားရေးမှာ မရှိမရှားဟု ဆိုရမည်။ တိုက်ခံ နှစ်ထပ်အိမ်တွင် အောက်ထပ်၌ ဆိုင်ဖွင့်ပြီး အပေါ်ထပ်တွင် လူနေခြင်း ဖြစ်သည်။


ဦးမြရွှေမှာ ဘာသာရေးကို ဟုတ်တိပတ်တိ လုပ်သူ မဟုတ်သော်လည်း ဇနီးသည် ဒေါ်သိန်းရှင်သည် မိုးကုတ်ယောဂီ ဖြစ်သည်။

ဆိုင်အရောင်းအဝယ်ကိစ္စကို ဦးမြရွှေနှင့် လွှဲထားကာ ရန်ကုန်မြို့အနှံ့ရှိ မိုးကုတ်ရိပ်သာများတွင် တရားစခန်းလိုက်ဝင်နေသူ ဖြစ်သည်။ တရားလည်း အတော် ပေါက်ရောက်နေပုံရသည်။

ဒေါ်သိန်းရှင်ကို ကြည့်လိုက်လျှင် အမြဲတမ်း ရွှင်ပျနေသည်။ မျက်နှာမှာလည်း ကြည်လင်နေမြဲ။ ဒေါ်သိန်းရှင် စိတ်ညစ်သည်ကို ဘယ်အခါမျှ မတွေ့ဖူးဘူးချေ။ ဒေါ်သိန်းရှင်၏ လက်သုံးစကားမှာ...

'အားလုံးက ဖြစ်ပျက်တွေချည်းပဲလေ။ ဖြစ်ရင် ပျက်မြဲ ဓမ္မတာပဲ မဟုတ်လား။ မြဲတာဆိုလို့ ဘာများရှိလို့တုံး။ ပကတိမျက်စိနဲ့ ကြည့်နေကြလို့သာ မြဲတယ် ထင်နေကြတာ။ ဉာဏ်မျက်စိနဲ့ ကြည့်တဲ့အခါကျတော့ ခဏမစဲ တသဲသဲနဲ့ ပျက်နေတာကို မြင်ရတာ'

တဲ့။



ဒေါ်သိန်းရှင်က ဆက်ပြောတတ်သေးသည်။

'စိတ်ဆင်းရဲတယ်၊ သောကမရှိအေး ဖြစ်တယ်။ ဝမ်းသာတယ် ဆိုတာတွေကလဲ စိတ်ခံစားမှုလေး သက်သက်ပါ။ ဖြစ်ပျက်အနေနဲ့ကြည့်ရင် ဘာမှ မဟုတ်တာကိုသာ တွေ့ရမှာ။ ဒီတော့ ဘာဖြစ်လို့ ပူပန်တာတွေ ဖြစ်နေဦးမှာလဲ။ ပေါ်လာသမျှကိုသာ သတိလေးနဲ့ အသိလေးကပ်သွားရင် နိဗ္ဗာန်ဆိုတာ အနီးလေးပါ'

တဲ့။

တစ်နေ့တွင်မူ ဒေါ်သိန်းရှင်နှင့် အတူနေသော ဒေါ်သိန်းရှင်၏ မိခင်ကြီးလေဖြတ်သည်။ အသက်က (၈၅)နှစ်။ ညာခြေ၊ ညာလက် လုံးဝ မလှုပ်နိုင်၊ ပါးစပ်လည်းရွဲ့၊ စကားလည်း မပီတော့။

ဒေါ်သိန်းရှင်ခမျာ မိခင်ကြီးကို ကိုယ်ဖိရင်ဖိ ပြုစုရရှာသည်။ နေ့ညရယ်လို့ပင် မသိတော့လောက်အောင် ဖြစ်သည်။ ရိပ်သာလည်း မဝင်နိုင်တော့ပြီ။

သို့ဖြင့် ရက်မှလ၊ လမှနှစ်သို့ ကူးပြောင်းလာခဲ့သည်။ မိခင်ကြီး၏ဝေဒနာကတော့ ရှေ့မတိုး နောက်မဆုတ် ဖြစ်နေသည်။ မြန်မာဆရာ၊ အနောက်တိုင်းဆရာလည်း စုံပြီ။

ထိုအခါ ဒေါ်သိန်းရှင်သည် ဘုရားရှိခိုးပြီးတိုင်း မိခင်ကြီး အမြန် ကျန်းမာလာရန် ဆုတောင်းခြင်းအပြင်၊ ပုဂ္ဂိုလ်တစ်ဦးဦး ပေါ်လာပြီး မိခင်ကြီးကို ဆေးကုနိုင်ပါစေဟု အဓိဋ္ဌာန်ဆုတောင်းမှုကို ပြုလာသည်။ နောက်ဆုံးတော့လည်း ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ ဆိုသကဲ့သို့ပင် ဖြစ်သည်။ ''အမေ့ရောဂါကို ကုနိုင်မယ့် ပုဂ္ဂိုလ်တွေများ မရှိတော့ဘူးလား''ဟု ညည်းမိရသည်မှာလည်း အခါခါ။

တစ်နေ့တွင် ဦးမြရွှေနှင့် ဒေါ်သိန်းရှင်တို့ ကိစ္စတစ်ခုဖြင့် တောင်ဥက္ကလာမှ မြို့ထဲသို့ ကားစီးလာကြသည်။ ကားကလည်း ထုံးစံအတိုင်း အတော်ပင် လူကျပ်သည်။ ထိုင်ခုံမရ။ အလယ်တွင် မတ်တတ်ရပ်နေရသည်။

ဦးမြရွှေက ရှေ့က၊ ဒေါ်သိန်းရှင်က နောက်က။ ဦးမြရွှေဘေးတွင်မူ လူကြီးတစ်ယောက် အသက်က (၇၀)ခန့်။ အစတွင် ဦးမြရွှေ သတိမထားမိ။ အတန်ကြာလာသောအခါတွင် ဦးမြရွှေ သတိပြုမိလာသည်။

ထိုလူကြီးမှာ ဂင်တိုတိုဆံပင်ရှည်ကို တဘက်ဖြင့် ပေါင်းထားသည်။ အပေါ်အောက် အညိုရောင်ဝတ်စုံ ဝတ်ထားသည်။ နွမ်းဖတ်နေသည်။ ကွမ်းတွေ စားထားလိုက်သည်မှာ အပေါ်အောက် နှုတ်ခမ်းအားလုံး ပေကျံနေသည်။ ဦးမြရွှေက မသတီဟန်ဖြင့် စိတ်ထဲက ရေရွတ်မိသည်။

''ကြည့်ပါဦး။ လူကလဲ ညစ်ပတ်၊ ကွမ်းတွေ စားထားလိုက်တာကလဲ ပေကျံလို့။ ဘယ်ကျမှဆင်းမလဲ မသိဘူး'

သူ့အတွေးကို ထိုလူကြီးက သိသွားလေရော့သလား မဆိုနိုင်။ ဦးမြရွှေကို ရုတ်ခြည်း လှည့်ကြည့်လိုက်သည်။ စူးရဲသော မျက်လုံးနှင့် ရုတ်တရက် အကြည့်ကြောင့် ဦးမြရွှေ တုန်လှုပ်သွားကာ နောက်သို့ ကိုယ်ကို ကျုံ့လိုက်ရာ ဒေါ်သိန်းရှင်အား တိုက်မိသွားသဖြင့် ဒေါ်သိန်းရှင်က...

ရှေ့လ ဆက်ဖတ်ပါရန်

မောင်အေးကြူ(စီးပွားရေး)



www.burmeseclassic.com